# ခေတ်မီ ဓမ္မပဒ ဝတ္ထုကြီး

ခေတ်မီ ဓမ္မပဒ ဝတ္ထုကြီး

ခေတ်မီ ဓမ္မပဒ ဝတ္ထုကြီး

..............................................................................

..............................................................................

တို့သို့

ဓမ္မဒါန အဖြစ်ပေးလှူပါသည်။

(မဂ်ဉာဏ်ဖိုလ်ဉာဏ် လျှင်မြန်ထိုးဖေါက်
သိမြင်ကျူးမြောက်ရပါလို၏။)

အလှူရှင်..................................

.................................... လက်မှတ်......................

.................................... နေ့စွဲ......................

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ခွင့်ပြုချက် အမှတ် (၁၆၀၆)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်(၂၅၂)

## ၁၉၇၀၊ နိုဝင်ဘာလ

| | |
|---|---|
| အကြိမ် | ပထမ |
| အုပ်ရေ | ၂၀၀၀ |
| တန်ဖိုး | ၁၀ိ |
| အဖုံးရိုက် | ဆန်းညွန့်ဦး |

ဦးထွန်းမြ (ခ) ဦးထွန်းဇော် (မြဲ–၀၁၀၅၃) ဇော်စာပေ
အမှတ် ၂၁၀၊ ၃၂ လမ်း၊ ရန်ကုန်မြို့မှ ထုတ်ဝေ၏–

ဦးလှခင် (၀၁၀၂၀-မြဲ) ဆန်းညွန့်ဦး ပုံနှိပ်တိုက်၊ အမှတ်
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့မှ ပုံနှိပ်ပါသည်။

ဦးလှခင် (ဆန်းညွန့်ဦး)

(အရှင်းဆုံးနှင့် ဖတ်ရမှတ်ရအလွယ်ဆုံး)

# ခေတ်မီ

# ဓမ္မပဒ

# ဝတ္ထုတော်ကြီး

## ပဉ္စမတွဲ

ဆန်းညွန့်ဦး

ဆန်းညွန့်ဦး စာအုပ်တိုက်
အမှတ် ၁၃၃၊ ဗိုလ်ချုပ်လမ်း။
ရန်ကုန်မြို့။

# ဝန္ဒနာ

## ပဥ္စဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ

ဘုရားတရား သံဃာ၊ ရတနာမြတ်သုံးပါး ဦးထိပ်ထားလျက် ကျေးဇူးတော်ရှင်များဖြစ်ကြသော ဘဒ္ဒန္တသီရိရာဇိန္ဒ အတုလာ ဓိပတိ ကာဝိဓဇမဟာ ဥါရနိကာယ စတုဿသံဃနာကဋ္ဌ မဟာနာယက သာသာနာပိုင် ဟသ်ာတမြို့ ဒုတိယလယ်တီဆရာတော်ဘုရားကြီးမှ တပည့်ဆက်ဆက်ဖြန့်ဝေပေးအပ် ပညာရပ်တို့ကို အဆင့်ဆင့်သော ဆရာအသျှင်တို့ထံမှ သင်ကြားနာယူခဲ့ရသော ကျေးဇူးတော်တို့ကို လည်းကောင်း ...

ဟသ်ာတမြို့ သပြေပင် ကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘနထေရ် အရှင်မဟာဥါရနိကာယ အဋ္ဌမသံဃနာကဋ္ဌ မဟာနာယကသာသနာပိုင် ဆရာတော်ဘုရားကြီးထံမှ ညွှန်ကြား ပြသ သြဝါဒအရပ်ရပ်တို့ကို နာခံမှတ်သားရသော ကျေးဇူးတော် တို့ကိုလည်းကောင်း....

လောကဓာတ်ကျောင်းသဘာဝပြောင်းသည့် အမက၊ အလက အထက၊ ကျောင်းအသီးသီးမှ ပေးဝေပဲညာငယ်ဆရာအပေါင်း တို့နှင့်တကွ၊ ဖတ်ရှုမှတ်သားသု ဘပွားခဲ့ရသော သင်ဆရာ မြင်ဆရာ ကြားဆရာအပေါင်းတို့ကိုလည်းကောင်း....

မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ ဤလူ့မြေတွင် ရပ်တည်နိုင်ရေး မွေးကျေးဇူးရှင်၊ ကျွေး ကျေးဇူး ရှင် မိဘများကိုလည်းကောင်း.... လေးမြတ်ဝန္ဒနာ ရှိခိုးကန် တော့ပါ၏။ ။

# ခေတ်မီဓမ္မပဒဝတ္ထုတော်ကြီး
## (ပဌမတွဲ)
## မာတိကာ

ဥယျောဇဉ်

### ၁၉။ ဓမ္မဋ္ဌဝဂ်


| | | |
|---|---|---|
| ၁။ | တရားသူကြီးဟူသည်ကား<br>တရားဆုံးဖြတ်အမတ်ကြီးဝတ္ထု | ၁၇ |
| ၂။ | ပညာရှိဟူသည်ကား<br>ဝါကြွားသောဆဗ္ဗဂ္ဂီတို့ဝတ္ထု | ၁၉ |
| ၃။ | တရားကိုဆောင်သူ<br>ဧကုဒါနမထေရ်ဝတ္ထု | ၂၁ |
| ၄။ | မထေရ်ကြီးဟူသည်ကား<br>သေးငယ်ပုက္ကုဘဒ္ဒိယဝတ္ထု | ၂၃ |
| ၅။ | စိတ်ကောင်းရှိသူဟူသည်<br>ကောက်ကျစ်သောရဟန်းတို့ဝတ္ထု | ၂၈ |
| ၆။ | သမဏဟူသည်ကား<br>ဟတ္ထကရဟန်းဝတ္ထု | ၃၀ |
| ၇။ | ဘိက္ခုဟူသည်ကား<br>မထင်ရှားသောပုဏ္ဏားဝတ္ထု | ၃၁ |
| ၈။ | မုနိဟူသည်ကား<br>ဟန်ဆောင်သောတိတ္ထိဝတ္ထု | ၃၄ |
| ၉။ | အရိယာဟူသည်ကား<br>ငါးမျှားသမားအရိယာဝတ္ထု | ၃၇ |
| ၁၀။ | ရဟန်းဟူသည်ကား<br>သီလရှိသောရဟန်းများဝတ္ထု | ၃၉ |

## မာတိကာ

### ၂၀။ မဂ္ဂဝဂ်


၁။ နိဗ္ဗာန်ရောက်ကြောင်းလမ်းကောင်းများ
ခရီးလမ်းအကြောင်းပြောသော ရဟန်းငါးရာဝတ္ထု ၄၂

၂။ အနိစ္စသဘောတရား
အနိစ္စလက္ခဏာဝတ္ထု ၄၅

၃။ ဒုက္ခသဘောတရား
ဒုက္ခလက္ခဏာဝတ္ထု ၄၇

၄။ အနတ္တသဘောတရား
အနတ္တလက္ခဏာဝတ္ထု ၄၈

၅။ လုံ့လမရှိ ပျင်းရိကိမှု
ပဓာနကမ္မိကတိဿမထေရ်ဝတ္ထု ၄၉

၆။ ကုန်းချောသည့်ဒဏ် ဘဝအဆက်ဆက်ခံ
ဝက်ပြိတ္တာဝတ္ထု ၅၄

၇။ တိုးပွားမှု ဆုတ်ယုတ်မှုလမ်းနှစ်သွယ်
ပေါဋ္ဌိလမထေရ်ဝတ္ထု ၆၂

၈။ ပြတ်အောင်သာဖြတ်လေလော့
အသက်ကြီးမှ ရဟန်းပြုသူတို့ဝတ္ထု ၆၇

၉။ ချစ်ခြင်းတဏှာကိုဖြတ်လော့
ရှင်သာရိပုတ္တရာ၏တပည့် ရဟန်းဝတ္ထု ၇၂

၁၀။ နေရမည့်ရက် ထည့်မတွက်နှင့်
မဟာဓနကုန်သည်ကြီးဝတ္ထု ၇၈

၁၁။ ကိသာဂေါတမီဝတ္ထု ၈၂

၁၂။ အားကိုးစရာဘယ်မှာနည်း
ပဋာစာရီဝတ္ထု ၈၄

## ၂၁။ ပကိဏ္ဏကဝဂ်

၁။ ရတနာ့သုတ်ဂုဏ်ရည်
သခ်ပုဏ္ဏားကြီးဝတ္ထု ဂ၆

၂။ ရန်သူကို မမွေးနှင့်
ကြက်ဥစားသော သတ္တိသမီးဝတ္ထု ၉၉

၃။ ဖိုနပ်ဆန်းနှင့်ရဟန်းများ
ဘဒ္ဒိယရဟန်းဝတ္ထု ၁၀၃

၄. မိဘတို့ကို သတ်ရာ၏
လကုဏ္ဍကဘဒ္ဒိယမထေရ်ဝတ္ထု ၁၀၅

၅။ ဘီလူးသရဲကို နိုင်သောဂါထာ
ထင်းလှည်းသမား သားငယ်ဝတ္ထု ၁၀ဂ

၆။ ဝဋ္ဋဆင်းရဲခရီးကို မရှည်စေနှင့်
ဆိုင်းသံကြားလျှင် ငိုသောရဟန်းဝတ္ထု ၁၁၃

၇။ စိတ္တသူကြွယ်ဝတ္ထု ၁၁၆

ဂ။ နီးသည်ဝေးသည်မဟူ
စူဠသုဘဒ္ဒါဝတ္ထု ၁၁၇

၉။ တပါးတည်းသာနေသင့်ရာ
ကေဝိဟာရိမထေရ်ဝတ္ထု စာမျက်နှာ(၃၉၀) တွင်
ရှုပါ။

# မာတိကာ

## ၂၂။ နိရယဝဂ်

၁။ မကောင်းမှုကို ဖုံးကွယ်၍မရ
သုန္ဒရီပုရိဗိုဇ်မဝတ္ထု ၁၂၄

၂။ သင်္ကန်းဝတ်နှင့်အကျင့်ယုတ်
ဒုစရိုက်အကျိုးဝတ္ထု ၁၂၈

၃။ သံတွေခဲကို မစားနှင့်
ဝဂ္ဂုမုဒါမြစ်ကမ်းမှ ရဟန်းတို့ဝတ္ထု ၁၃၀

၄။ သူတပါး သားမယားမစော်ကားနှင့်
ခေမသဌေးသားဝတ္ထု ၁၃၄

၅။ ဆိုးမခက်သောရဟန်း
ဒုဗ္ဗစရဟန်းဝတ္ထု ၁၃၆

၆။ မကောင်းမှုမှာ နောင်ခါ ပူရ၏
ငြူစူခြင်းနှိပ်စက်သောမိန်းမ ၁၃၈

၇။ ကိုယ့်ကိုယ်ကိုယ်သာ လုံခြုံစေရာ
များစွာသော ရဟန်းတို့ဝတ္ထု ၁၄၀

၈။ ရှက်စရာကို မရှက်တတ်သူများ
နိဂဏ္ဌဝတ္ထု ၁၄၂

၉။ အပြစ်ကို အပြစ်ဟု သိပါ
တိတ္ထိတို့၏တပည့်များဝတ္ထု ၁၄၄

## ၂၃။ နာဂဝင်

၁။ ယဉ်ကျေးခြင်း၏ရလာဘ်
အတ္တဒန္တဝတ္ထု ၁၄၆

၂။ မိမိစိတ်ကို ယဉ်ကျေးစေပါ
ဆင်ဆရာဟောင်းဝတ္ထု ၁၄၉

၃။ မိဘကိုလုပ်ကျွေးသော ဓနပါလဆင်မင်း
ပုဏ္ဏားအိုနှင့် သားလေးယောက်ဝတ္ထု ၁၅၁

၄။ အစားကြူးလျှင် တရားထူးနှင့်ဝေး
ပသေနဒီကောသလဝတ္ထု ၁၅၇

၅။ ချွန်းကိုင်သော ဆင်ထိန်း
သာနုသာမဏေဝတ္ထု ၁၅၈

၆။ နွံထဲမှ ရုန်းထွက်ကြလော့
ပါဝေယျကဆင် ဝတ္ထု ၁၆၃

၇။ အသွေခင်ပွန်းကောင်း
ရဟန်းများစွာတို့ဝတ္ထု ၁၆၅

၈။ သုခမျိုးစုံအဖုံဖုံ
မာရ်နတ်မင်းဝတ္ထု ၁၆၇

## ၂၄။ တဏှာဝဂ်


၁။ စိုးရိမ်ကင်းဝေးနေနိုင်ရေး
ကပိလငါးဝတ္ထု ၁၇၀

၂။ ရေသောက်မြစ်ကဖြတ်
ဝက်မငယ်ဝတ္ထု ၁၇၅

၃။ လွတ်ပြီးမှထွက်ပြေးသူ
လူထွက်ရဟန်းဝတ္ထု ၁၇၉

၄။ အနှောင်အဖွဲ့များ
ဗန္ဓနာဂါရဝတ္ထု ၁၈၁

၅။ တဏှာကွန်ရက်
ခေမာမိဖုရားကြီးဝတ္ထု ၁၈၄

၆။ တဏှာကိုစွန့်လော့
ဥဂ္ဂသေနဝတ္ထု ၁၈၇

၇။ သူခိုးဓားရိုးကမ်းသောမိန်းမ
စူဠဓနုဂ္ဂဟပဏ္ဍိတဝတ္ထု ၁၉၃

၈။ ယောက်ျားမြတ်
အရှင်ရာဟုလာနှင့်မာရ်နတ်ဝတ္ထု ၁၉၉

၉။ ဆရာမကူသယမ္ဘူ
ဥပကအာဇီဝကဝတ္ထု ၂၀၂

၁၀။ အမြတ်ဆုံးတရားလေးပါး
သိကြားမင်းမေးလျှောက်သောပဉှာဝတ္ထု ၂၀၄

၁၁။ ဥစ္စာကိုစွဲငရဲသို့လား
အပုတ္တကသဌေးဝတ္ထု ၂၀၇

၁၂။ အကျိုးကြီးသော ပေးလှူခြင်း
အင်္ကုရနတ်သားဝတ္ထု ၂၁၁

၂၅။ ဘိက္ခုဝဂ်

၁။ ငါးပါးအာရုံ ကာမဂုဏ်
ရဟန်းငါးပါးဝတ္ထု ၂၁၄
၂။ ရဟန်းအစစ်ဟူသည်ကား
ဟင်္သာကို သတ်သောရဟန်းဝတ္ထု (ဂရုဓမ္မဇာတ်တော်
အတိတ်ဝတ္ထု) ၂၂၃
၃။ နှုတ်ထွက်မကြမ်းနှင့်
ကောကာလိကရဟန်းဝတ္ထု ၂၂၆
၄။ ဘုရားကို ပူဇော်ရာအမှန်
ဓမ္မာရာမ မထေရ်ဝတ္ထု ၂၃၁
၅။ လာဘ်ကိုမျှော်သောရဟန်း
ဝိပက္ခသေဝကရဟန်းဝတ္ထု ၂၃၃
၆။ စွဲလမ်းမှုမရှိနှင့်
ငါးပါးအဦးကို လှူသော ပုဏ္ဏားဝတ္ထု ၂၃၆
၇။ နိဗ္ဗာန်သို့ရောက်ရာအကြောင်းများ
တရားစောင့် ခိုးသားများဝတ္ထု ၂၄၀
၈။ မုလေးပန်းပမာ ကျင့်ဆောင်ရာ၏
ရဟန်းငါးရာဝတ္ထု ၂၄၈
၉။ ငြိမ်သက်သောရဟန်း
သန္တကာယမထေရ်ဝတ္ထု ၂၄၉
၁၀။ ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်
နင်္ဂလမထေရ်ဝတ္ထု ၂၅၁
၁၁။ နိဗ္ဗာန်ရောက်ကြောင်းအမှန်
ဝက္ကလိမထေရ်ဝတ္ထု ၂၅၄
၁၂။ တန်ခိုးထက်သည့်ခုနစ်နှစ်သား
သုမနသာမဏေဝတ္ထု ၂

## ၂၆။ ဗြာဟ္မဏဝဂ်


၁။ ကြည်ညိုသလိုခေါ်ကြပါစေ
ကြည်ညိုလွန်းသောပုဏ္ဏားဝတ္ထု ၂၇၁

၂။ သမထနှင့် ဝိပဿနာ
ရဟန်းများဝတ္ထု ၂၇၃

၃။ ဤဘက်ကမ်း ထိုဘက်ကမ်း
မာရ်နတ်ဝတ္ထု ၂၇၅

၄။ မထင်ရှားသောပုဏ္ဏားဝတ္ထု ၂၇၆

၅။ နှိုင်းဆမရှိ တင့်တယ်ဘိ
အာနန္ဒာမထေရ်ကြည်ညိုခြင်း ၂၇၈

၆။ ပဗ္ဗဇိတ ဟူသမျှ
မထင်ရှားသောပုဏ္ဏားဝတ္ထု ၂၈၀

၇။ သည်းခံခြင်းအပြည့်အဝ
ရှင်သာရိပုတ္တရာဝတ္ထု ၂၈၁

၈။ မဟာပဇာပတိဂေါတမီဝတ္ထု ၂၈၄

၉။ ဆရာကို ကြည်ညိုရှိခိုးသူ
သာရိပုတ္တရာဝတ္ထု ၂၉၁

၁၀။ ထိုးထွင်းသိမှ ဗြာဟ္မဏ
ဇဋိလပုဏ္ဏားဝတ္ထု ၂၉၃

၁၁။ တွင်းပြင်နှစ်တန် စင်ကြယ်ရန်
စဉ်းလဲသောပုဏ္ဏားဝတ္ထု ၂၉၄

၁၂။ ပန့်သုကူသင်္ကန်းဆောင်ဘိက္ခုနီမ
ကိသာဂေါတမီဝတ္ထု ၂၉၈

၁၃။ ပုဏ္ဏားတယောက်ဝတ္ထု ၃၀၀

၁၄။ ဥဂ္ဂါသေနမထေရ်ဝတ္ထု ၃၀၁

၁၅။ ကြိုးတို့ကိုဖြတ်
ပုဏ္ဏားနှစ်ယောက်ဝတ္ထု ၃၀၂

၁၆။ သည်းခံခြင်းခွန်အား
ဘာရဒွါဇပုဏ္ဏားဝတ္ထု ၃၀၄

၁၇။ ရဟန္တာတို့သည် အမျက်မထွက်
သာရိပုတ္တရာဝတ္ထု ၃၀၈

၁၈။ ပိန်းကြာဖက်တွင် ရေမတင်
ဥပ္ပလဝဏ္ဏာထေရီမဝတ္ထု ၃၁၀

၁၉။ မထင်ရှားသောပုဏ္ဏားဝတ္ထု ၃၁၂

၂၀။ ခေမာဘိက္ခုနီမဝတ္ထု ၃၁၄

၂၁။ တောင်ဝှမ်း နေတိဿမထေရ်ဝတ္ထု ၃၁၅

၂၂။ ရဟန်းတပါးဝတ္ထု ၃၁၉

၂၃။ သာမဏေကျော်လေးပါးဝတ္ထု ၃၂၁

၂၄။ မဟာပန်မထေရ်ဝတ္ထု ၃၂၅

၂၅။ ပိလိန္ဒဝစ္ဆမထေရ်ဝတ္ထု ၃၂၆

၂၆။ မထင်ရှားသောမထေရ်ဝတ္ထု ၃၂၉

၂၇။ ရှင်သာရိပုတ္တရာမထေရ်ဝတ္ထု ၃၃၁

၂၈။ ရှင်မောဂ္ဂလာန်မထေရ်ဝတ္ထု ၃၃၂

၂၉။ ရေဝတမထေရ်ဝတ္ထု ၃၃၄

## မာတိကာ




၃၀။ စန္ဒာဘာမထေရ်ဝတ္ထု ၃၃၅

၃၁။ သီဝလိမထေရ်ဝတ္ထု ၃၄၀

၃၂။ သုန္ဒရသမုဒ္ဒမထေရ်ဝတ္ထု
ရသာတဏှာမက်မောစွာ ၃၄၃

၃၃။ ဇဋိလမထေရ်ဝတ္ထု ၃၅၁

၃၄။ ဇောတိကမထေရ်ဝတ္ထု ၃၇၁

၃၅။ နာဋပုတ္တကမထေရ်ဝတ္ထု ၃၇၅

၃၆။ နဋပုတ္တကမထေရ်ဝတ္ထု ၃၇၆

၃၇။ ဝင်္ဂီသမထေရ်ဝတ္ထု ၃၇၇

၃၈။ ဓမ္မဒိန္နာမထေရီဝတ္ထု ၃၈၀

၃၉။ အင်္ဂုလိမာလမထေရ်ဝတ္ထု ၃၈၅

၄၀။ ဒေဝဟိတပုဏ္ဏားဝတ္ထု ၃၈၇
ကျမ်းပြီးနိဂုံး ၃၉၂


(ပဉ္စမတွဲပြီး၏)

ဓမ္မပဒဝတ္ထုတော်ကြီး အစမှအဆုံး အောင်မြင်ပြီးစီး
ပါကြောင်း။

## ကျေးဇူးစကား

မှီငြမ်းပြုစုခဲ့ရသော ကျမ်းပြုပုဂ္ဂိုလ်ဆရာတော်ထေရ်အရှင်မြတ်များနှင့် ပညာရှင် ပုဂ္ဂိုလ်အသီးသီးတို့အားရင်း၊ မိမိ၏ ခလိတအရာ ချွတ်ချော်တိမ်းပါးမှုတို့ကို ညွှန်ပြပြင်ဆင်စေခဲ့သော ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီး၊ စာပေစိစစ်ရေးအဖွဲ့ဝင် ပုဂ္ဂိုလ်များအားရင်း၊ လက်နှိပ်စက်ဖြင့် အားကြိုးမာန်တက် ရိုက်နှိပ်ပေးသော ဦးဖေအောင်အားရင်း၊ နေ့ညမဟူ၊ မိမိနှင့်အတူရေးသားကူညီမှုပြုခဲ့သော မောင်သိန်းထိုက်အားရင်း၊ အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

# နိဒါန်း

လူသားတို့အတွက် လောကီရေးရာနှင့် လောကုတ္တရာအကျိုးနှစ်ပါးကို ပြီးစေနိုင်သော လမ်းညွှန်ချက်များဖြင့် မွမ်းထုံထားအပ်သည့် ဓမ္မပဒဝတ္ထုတော်ကြီးကို ခေတ်မီပုံစံ နည်းစနစ်ဖြင့် အလွယ်တကူဖတ်ရှုနိုင်ကြစေရန် ရည်ရွယ်ပြုစုခဲ့ပေရာ၊ဤပဥ္စမတွဲသည် ခေတ်မီဓမ္မပဒဝတ္ထုတော်ကြီး အပြီးသတ်အတွဲပင် ဖြစ်ပါသည်။

ခေတ်မီ ဓမ္မပဒဝတ္ထုတော်ကို ငါးတွဲမျှခွဲ၍ ထုတ်ဝေခဲ့ရာတွင် ဤပဥ္စမတွဲပြုစုချိန်၌ ပထမတွဲနှင့် ဒုတိယတွဲပုံနှိပ်လုပ်ဆောင်ပြီးစီးသည့်စာအုပ်များမှာ ကုန်နေပြီဖြစ်ပါ၍ မဖတ်ရှုကြရသေးသောပုဂ္ဂိုလ်များ၏တောင်းဆိုချက်အရ ထပ်မံရိုက်နှိပ်ရန် စီစဉ်နေရပါပြီ။

အထူးသဖြင့် မေတ္တာရပ်ခံ လိုသည်မှာ ဤခေတ်မီဓမ္မပဒဝတ္ထုတော်ကြီးကို ဖတ်ရှုကြရာတွင် မိမိတွေ့ရှိ ဖတ်ရှုရသောအတွဲတိုင်းပင် (အခန်းဆက်မဟုတ်၍) ဖတ်ရှု၍ကောင်းပါသည်။ ရရာအတွဲကို အလျှင်ဖတ်ရှုနှင့်ပြီး မရသေးသော အတွဲများကို ထပ်မံတဆင့် ရနိုင်သည့်အချိန်တွင် ဝယ်ယူဖတ်ရှုကြပါရန် တိုက်တွန်းအပ်ပါသည်။

# {၁၉} ဓမ္မဋ္ဌဝဂ်

## ၁။ တရားသူကြီးဟူသည်ကား၊

(တရားဆုံးဖြတ်အမတ်ကြီးဝတ္ထု)

ကိုယ့်ဆန္ဒအတိုင်း၊ ဆုံးဖြတ်ဖြန်းဖြန်း
တရားသူကြီး၊ မဖြစ်
နှစ်ဘက်စလုံးကို စိစစ်စေ့ဆေး၍
တရားသဖြင့် ဆုံးဖြတ်သူသာလျှင်
တရားစောင့်သူ (တရားသူကြီး) ဟု ဆိုအပ်၏။

(န တေန ဟောတိ) အစရှိသော ဒေသနာတော်ကို ဇေတဝန်ကျောင်း၌ တရားဆုံးဖြတ် အမတ်ကြီးတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

ဝတ္ထုကြောင်းကား ဤသို့တည်း

တနေ့သ၌ ရဟန်းတော်တို့သည် သာဝတ္ထိပြည် မြောက်တံခါးအနီး ရွာ၌ ဆွမ်းခံခဲ့၍ မြို့လယ်ခရီးဖြင့် ကျောင်းတော်သို့ လာစဉ် မိုးရွာချ၏။ ထိုရဟန်းတို့သည် ရှေ့တွင်ရှိသော တရား

ဆုံးဖြတ်ရာ ဇရပ်ရုံးသို့ဝင်၍ မိုးခိုကြယင်းမှ တန်စိုးလက်ဆောင် ယူကာ မမှန်တရား ဆုံးဖြတ်ကြသော အမတ်ကြီးတို့ကိုမြင်၍ "ဩော် အံ့သြဘွယ်ကောင်းလေစွ၊ ဤအမတ်တို့ကို ငါတို့သည် တရားသဖြင့် ဆုံးဖြတ်တတ်သော အမတ်ကြီးတို့ဟု မှတ်ထင်မိသည်" ဟု ကြံ၍ မိုးစဲသော် ကျောင်းတော်သို့ သွားရောက်ကာ မြတ်စွာဘုရားကို ရှိခိုး၍ ဤအကြောင်းကို လျှောက်ထားကြ၏။ မြတ်စွာဘုရားသခင်က-

"ရဟန်းတို့။ ။ဤကဲ့သို့ လိုက်စားကြ၍ မှဟုတ်မမှန် ချွတ်ယွင်းသောတရားကို ဆုံးဖြတ်သောသူတို့သည် တရား၌ တည်သောသူ (တရားသူကြီး) မည်ကုန်သည်မဖြစ်။

အပြစ်အားလျော်စွာ စိစစ်၍သာ ဟုတ်တိုင်းမှန်ရာ ဆုံးဖြတ်ခြင်းကို ပြုကုန်သော သူတို့သာလျှင် တရား၌ တည်သောသူ (တရားသူကြီး) မည်ကုန်သည်" ဟု မိန့်တော်မူပြီး-

(၂၅၆) န တေန ဟောတိ ဓမ္မဋ္ဌော၊
ယေ နတ္ထံ သာဟသာ နယေ။
ယော စ အတ္ထံ အနတ္ထဉ္စ၊
ဥဘော နိစ္ဆေယျ ပဏ္ဍိတော။ ။

(၂၅၇) အသာဟသေန ဓမ္မေန၊
သမေန နယတီ ပရေ။
ဓမ္မဿ ဂုတ္တော မေဓာဝီ၊
ဓမ္မဋ္ဌောတိ ပဝုစ္စတိ။ ။

(၂၅၆) အကြင်သို့သော အကြောင်းဖြင့် ဆုံးဖြတ်အပ်သောတရားကို ဆန္ဒ စသည်တို့၏အလို သို့လိုက်၍ မဟုတ်မမှန် ချွတ်ယွင်းသောအားဖြင့် ရောက်စေ၏။ ထိုသို့သော ဆုံးဖြတ်ခြင်းဖြင့် တရား၌ တည်သောသူ မည်သည်မဖြစ်။ အကြင် ပညာရှိသည် ဟုတ်မှန်သော အံ့ကြောင်းကို

လည်းကောင်း၊ မဟုတ်မမှန်သော အကြောင်းကိုလည်းကောင်း နှစ်ပါးစုံကို ဆုံးဖြတ်ရာ၏။

(၂၅၇) မချွတ်မယွင်း တရားနှင့်ညီစွာ တပါးသော သူတို့ကို အောင်နိုင်ခြင်းသို့ ရောက်စေ၏။ တရားတော်ကို စောင့်ရှောက်တတ်သောပညာနှင့်ပြည့်စုံသော ထိုပညာရှိကို တရား၌တည်သောသူသာ ဖြစ်၏ဟု ဆိုအပ်၏။

(ဓမ္မပဒ ဓမ္မဋ္ဌဝဂ် ရှေးဦးစွာသော တရားဆုံးဖြတ် အမတ်ကြီးတို့ ဝတ္ထုပြီး၏။)

## ၁၉။ ဓမ္မဋ္ဌဝဂ်

## ၂။ ပညာရှိဟူသည်ကား

### ဝါကြွားသောဆဗ္ဗဂ္ဂီတို့ဝတ္ထု

**စကားများများပြောခြင်းဖြင့်**
**ပညာရှိဟု မခေါ်နိုင်**
**ဘေးမရှိ ရန်မရှိ**
**ကြောက်လန့်ခြင်းမရှိသောသူကိုသာလျှင်**
**ပညာရှိဟု ဆိုအပ်၏။**

(န တေန ပဏ္ဍိတော ဟောတိ)အစရှိသော ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ဆဗ္ဗဂ္ဂီတို့သည် ကျောင်း၌လည်းကောင်း၊ရွာ၌လည်းကောင်း၊ ဆွမ်းစားဇရပ်ကို အနှောင့်အယှက်ပြုလျက် သွားလာတတ်ကုန်

၏။ တနေ့တွင် ဆွမ်းစား၍ ပြန်လာသော ပဉ္စင်းငယ် သာမဏေငယ်တို့ကို မေးမြန်းကြကုန်ရာ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ငါတို့သာလျှင် လိမ္မာကုန်၏။ ပညာရှိကုန်၏။ ဤရဟန်းငယ်တို့ကို ရိုက်နှက်၍ ဦးခေါင်း၌ အမှိုက်တို့ကိုကြဲ၍ နှင်ထုတ်အံ့ဟု ဆိုပြီး တပည့်တော်တို့ကို ကျောက်ကုန်းနှင့်ခါးကိုကိုင်ပြီး အမှိုက်တို့ကို ကြဲလျက် နှင်ထုတ်ပါသည်ဟု လျှောက်ကြကုန်၏။

ရဟန်းတို့သည် ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြားကုန်၏။ မြတ်စွာဘုရားက-

(၂၅၈) န တေန ပဏ္ဍိတော ဟောတိ၊
ယာဝတာ ဗဟု ဘာသတိ။
ခေမီ အဝေရီ အဘယော၊
ပဏ္ဍိတော တိ ပဝုစ္စတိ။

(၂၅၈) အကြင်သို့သောအကြောင်းဖြင့် သံဃာ့အလယ်၌များစွာ စကားပြော၏။ ထိုသို့သံဃာ့အလယ်၌ စကားများစွာပြောခြင်းကြောင့် ပညာရှိမည်သည်မဖြစ်။ အကြင်ပုဂ္ဂိုလ်သည် မိမိလည်းဘေးမရှိ-ရန်သူလည်းမရှိ၊ သူတပါးတို့အားလည်း ဘေးရှိအောင် မပြုသောထိုသူကို ပညာရှိဟု ဆိုအပ်၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။

(ဓမ္မပဒ ဓမ္မဋ္ဌဝဂ် နှစ်ခုမြောက် ဝါကြွားသော ဆဗ္ဗဂ္ဂီတို့ဝတ္ထု ပြီး၏)

ၜၞ ၜၞ ၜၞ

## ၁၉။ ဓမ္မဋ္ဌဝဂ်

## ၃။ တရားကိုဆောင်သူ

## (ဧကုဒါနမထေရ်ဝတ္ထု)

များစွာဟောပြောရုံဖြင့်
တရားကိုဆောင်သူမဖြစ်။
အနည်းငယ်မျှကြားနာရ၍
တရားကို ကိုယ်တိုင်မြင်၏။
လုံ့လပြုအားထုတ်၏။
ထိုသူသည်သာ တရားကို
ဆောင်သူမည်၏။

(နတာဝတာ) အစလာသော ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ ဧကုဒါနအမည်ရသော ခီဏာသဝရဟန္တာကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ထိုဧကုဒါနမထေရ်သည် တောအုပ်တခု၌ တပါးတည်းသာ နေတော်မူပေ၏။ ထိုမထေရ်သည် ဂါထာတပုဒ်တည်းသာ ဥဒါန်းစကားလေ့လာခြင်းရှိ၏။

၁၄၈၁၃

## ထိုဥဒါန်းဂါထာကား

အဓိစေတသော အပ္ပမဇ္ဇတော၊
မုနိနော မောနပထေသု သိက္ခတော။
သောကာ န ဘဝန္တိ တာဒိနော၊
ဥပသန္တဿ သဒါ သတီမတော။ ။

(အဓိပ္ပာယ်ကား) အလွန်မြတ်သော အရဟတ္တဖိုလ်စိတ် ရှိထသော၊ မမေ့မလျော့ထသော၊ အရဟတ္တဖိုလ်ကို သိခြင်း၏ အကြောင်းတို့၌ ကျင့်ပြီးထသော၊ တာဒိဂုဏ်နှင့်ပြည့်စုံထသော၊ ကိလေသာအပေါင်းမှ ကင်းငြိမ်းထသော အခါခပ်သိမ်းသတိရှိထသောရဟန်းအား စိုးရိမ်ကြောင့်ကြဗျာပါဒတို့သည် မဖြစ်ကုန်။ ။ဟူသတည်း။

ထိုမထေရ်သည် ဥပုသ်နေ့တိုင်း၌ ကိုယ်တိုင်ပင် တရားနာကြရန် ကြွေးကြော်၍ ဤဂါထာကိုသာလျှင် ရွတ်ဆို၏။ မြေပဟီးသောအသံကဲ့သို့ နတ်တို့၏သာဓုခေါ်သံသည် ဖြစ်၏။

## တရားတပုဒ် တကယ်ဟုတ်၏

ထို့နောက် တရက်သောဥပုသ်နေ့၌ ငါးရာငါးရာစီ တပည့်ရဟန်းများ ရှိကုန်သော ပိဋကတ်သုံးပုံကို ဆောင်ကုန်သော မထေရ်နှစ်ပါးတို့သည် ထိုအရပ်သို့ ရောက်လာကြ၏။ ကေုဒါန မထေရ်သည် အလွန်ရွှင်လန်း နှစ်သက်ဝမ်းမြောက်၍ "အရှင်ဘုရားတို့ ယနေ့ ဤအရပ်သို့ ရောက်လာခြင်းမှာ ကောင်းလှပါပေ၏။ အရှင်မြတ်တို့ ဟောကြားသောတရားတော်ကို တပည့်တော်တို့ နာကြားရပါတော့မည်" ဟု ပြော၏။ "ငါ့ရှင် ဤအရပ်၌ တရားတော်ကို နာလိုသောသူတို့ ရှိကြပါသလား" ဟု

မေး၏။ "ရှိပါ၏ဘုရား။ ဤတောအုပ်ငယ်သည် တရားနာသောနေ့၌ နတ်တို့၏ သာဓုခေါ်သံဖြင့် တခဲနက် ပဲ့တင်ထပ်သည်ဖြစ်ပါ၏" ဟု လျှောက်၏။

ထိုတိပိဋကဓရမထေရ် နှစ်ပါးအနက် တပါးသော တိပိဋကမထေရ်သည် ˙တရားတော်ကိုဟော၏။

တယောက်သောနတ်မျှပင် သာဓုခေါ်သံမကြားရ။

ထိုရဟန်းတို့က "ငါ့ရှင် ဤတောအုပ်၌ နတ်တို့သည် များစွာသောအသံဖြင့် သာဓုခေါ်ကုန်သည်ဆို၏။ အဘယ်မှာနည်း" ဟု မေးကြကုန်၏။ "အရှင်ဘုရားတို့ အခြားသောဥပုသ်နေ့များ၌ သာဓုခေါ်သံဖြင့် ပဲ့တင်ထပ်ပါ၏။ ယနေ့ အဘယ်သို့ ဖြစ်သည်မသိပါ" ဟု ဆို၏။ "သို့ဖြစ်လျှင် သင်သည် တရားတော်ကိုဟောကြားဦးလော့" ဟု တိုက်တွန်းကြ၏။

ကေဒါနမထေရ်သည် ယပ်ကိုကိုင်၍ တရားဟောသောနေရာ၌ထိုင်လျက် ထိုဂါထာကိုသာလျှင် ဟောကြား၏။ နတ်တို့သည် ကြီးကျယ်သောအသံဖြင့် သာဓုခေါ်ကြ၏။

ထိုအခါ နောက်ပါရဟန်းတို့သည် နတ်တို့အား ကဲ့ရဲ့ကြကုန်၏။ "ဤတောအုပ်မှ နတ်တို့သည် မျက်နှာလိုက်၍ သာဓုခေါ်ကြသည်။ တိပိဋကဓရ ရဟန်းတို့သည် ဤမျှလောက်သောတရားကို ဟောပါကုန်သော်လည်း ဇာစုံတခုသော ချီးမွမ်းသောစကားကိုမျှလည်း မပြောဆိုပဲ ဤမျှအသက်ကြီးမှရဟန်းပြုသော မထေရ်အိုကြီး၏ ဂါထာတပုဒ်ကို ကြီးကျယ်စွာ သာဓုခေါ်ကြသည်"ဟု ကဲ့ရဲ့ကြ၏။

ထိုရဟန်းတို့သည် ကျောင်းသို့ရောက်၍ မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ကြားကုန်၏။ မြတ်စွာဘုရားက-

ချစ်သားတို့။ ။

အကြင်သူသည် များစွာသောတရားတို့ကို သင်လည်းသင်၏၊ ဟောလည်း ဟောပြော၏။

ထိုတရားတော်ကို သင်ယူဟောပြောကာမျှနှင့် ထိုရဟန်းကို တရားဆောင်သောပုဂ္ဂိုလ် (ဓမ္မဓရ)ဟူ၍ ငါဘုရား ဟောတော်မမူ။

အကြင်ရဟန်းသည် တဂါထာကိုမျှသင်၍ သစ္စာတရားတို့ကို သိ၏။ ထိုရဟန်းသည် ဓမ္မဓရ (တရားကိုဆောင်သူ)မည်၏ဟုမိန့်တော်မူ၍-

(၂၅၉) န တာဝတာ ဓမ္မဓရော။
ယာဝတာ ဗဟု ဘာသတိ။
ယော စ အပ္ပမ္ပိ သုတွာန။
ဓမ္မံ ကာယေန ပဿတိ။
သ ဝေ ဓမ္မဓရော ဟောတိ။
ယော ဓမ္မံ နပ္ပမဇ္ဇတိ။

(၂၅၉) အကြင်မျှလောက် သင်ဆောင် ပို့ချခြင်း စသော အကြောင်းဖြင့် များစွာဟောပြော၏။ ထိုမျှလောက်ဖြင့် ဓမ္မဓရပုဂ္ဂိုလ် (တရားကိုဆောင်သူ) မည်သည်မဖြစ်။

အကြင်ပုဂ္ဂိုလ်သည်ကာယအနည်းငယ်မျှကြားနာရ၍ကျင့်၏၊ကိုယ်တိုင်မြင်၏။ ထိုသူသည် တရားကိုစောင့်သူအစစ် ဖြစ်၏။

အကြင်သူသည် လုံ့လရှိသည်ဖြစ်၍ ထိုးထွင်းသိမြင်ရန် တောင့်တလျက် တရားတော်ကို မမေ့မလျော့ အားထုတ်၏၊ ဤသူသည်လည်း တရားကိုစောင့်သော သူသာဖြစ်၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်သို့တည်၏။

(ဓမ္မပဒ ဓမ္မဋ္ဌဝဂ် သုံးခုမြောက် ဧကုဒါန မထေရ်ဝတ္ထုပြီး၏။)

ဝံ ဝံ ဝံ

၁၉။ ဓမ္မဋ္ဌဝဂ်

## ၄။ မထေရ်ကြီးဟူသည်ကား

(သေးငယ်ပုက္ခ ဘဒ္ဒိယဝတ္ထု)

ဦးခေါင်းဖွေးဖွေးဖြူရုံဖြင့်
ထေရမည်သော ရဟန်းကြီးမဖြစ်
အသက်ကြီးခြင်းကို အချည်းနှီးအိုခြင်းဟုဆိုသင့်၏။
အကြင်သူ၌ သစ္စာရှိ၏၊ မှန်ကန် ဖြောင့်မတ် ၏။
ညှဉ်းဆဲမှုမရှိ၊ သီလစောင့်၏၊ အိန္ဒြေကိုဆုံးမ၏။
ကိလေသာ ပျို့အံပြီးသော ထိုပညာရှိကို
ထေရမည်သော ရဟန်းကြီးဟု ဆိုအပ်၏။

(နတေန ထေရော သောဟောတိ) အစရှိသော ဒေသနာတော်ကို ဇေတဝန် ကျောင်းတော်၌ စံတော်မူစဉ် တေဒဂ်ရလကုဏ္ဍကဘဒ္ဒိယမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

## ဝိတ္ထုကြောင်းကား ဤသို့တည်း

တနေ့သောအခါ လကုဏ္ဍကဘဒ္ဒိယ မထေရ်သည် မြတ်စွာဘုရားထံ ခစားချဉ်းကပ်ပြီး အချိန်ကျ၍ပြန်သွားစဉ် တောနေ ရဟန်းသုံးကျိပ်မျှသည်ထိုလကုဏ္ဍကဘဒ္ဒိယမထေရ်ကိုကြည့်လျက် မြတ်စွာဘုရားကို ရှိခိုး၍ထိုင်နေကြကုန်၏။

မြတ်စွာဘုရားသည် ထိုတောနေရဟန်းတို့၏အရဟတ္တဖိုလ်သို့ ရောက်ကြောင်း ကောင်းစွာပြည့်ဝသည့် အကြောင်းခံကို မြင်တော်မူ၍၊ ဤနေရာမှ ထွက်ခွာသွားသော မထေရ်ကြီးတပါးကို တွေ့မြင်လိုက်ပါ၏လောဟု မေး၏။ ရဟန်းတို့က မမြင်လိုက်ကြပါဟု လျှောက်ထား၏။ သင်တို့မြင်ပါသည်ဟု ထပ်၍မေးတော်မူပြန်သဖြင့် သာမဏေငယ် တပါးကိုသာ တွေ့မြင်ပါသည်ဟု လျှောက် ထား သော အ ခါ၊ "ရဟန်းတို့။ ။ဤသူကား သာမဏေမဟုတ် မထေရ်ကြီးသာလျှင်ဖြစ်ပေသည်"ဟုမိန့်တော်မူ၏။ "အရှင်မြတ်ဘုရား၊ အလွန်ငယ်လှပါသေးသည်" ဟု လျှောက်ကြ၏။ ထိုအခါမြတ်စွာဘုရားက-

"ချစ်သားရဟန်းတို့။ ။ငါဘုရားသည် အရွယ်ကြီးသော အဖြစ်ဖြင့်လည်းကောင်း၊ မထေရ်၏နေရာတွင်ထိုင်နေကာမျှဖြင့် လည်းကောင်း၊ မထေရ်ဟူ၍ ငါဘုရားဟောတော်မမူ။

အကြင်ပုဂ္ဂိုလ်သည် သစ္စာလေးပါး တရားတို့ကို ထိုးထွင်း သိမြင်လျက် လူအပေါင်းအား ညှဉ်းဆဲခြင်းမရှိသော အဖြစ်၌ တည်၏။ ဤပုဂ္ဂိုလ်သည် ထေရမည်၏"ဟုမိန့်တော်မူပြီး-

(၂၆၀) နစေန ထေရော ေသာ ေဟာတိ၊
ယေနဿ ပလိတံ သိရော။
ပရိပက္ကော ဝယော တဿ၊
'မောဃဇိဏ္ဏော' တိ ဝုစ္စတိ။
(၂၆၁) ယမှိ သစ္စဉ္စ ဓမ္မော စ၊
အဟိံသာ သံယမော ဒမော။
သဝေ ဝန္တမလော ဓီရော၊
ထေရော ဣတိ ပဝုစ္စတိ။

(၂၆၀) အကြင်အရွယ်ကြီး၍ ထိုရဟန်း၏ဦးခေါင်းသည် ဖွေးဖွေးဖြူ၏။ ထိုဆံပင်ဖြူခြင်းမျှဖြင့် ထိုရဟန်းသည် ရဟန်းကြီး မည်သည် မဖြစ်။ ထိုရဟန်း၏ ကြီးသောအရွယ်ကို အချည်းနှီး အိုမင်းခြင်းဟူ၍ ဆိုအပ်၏။

(၂၆၁) အကြင်ပုဂ္ဂိုလ်၌ သစ္စာတရားကိုလည်းကောင်း၊ လောကုတ္တရာ ကိုးပါးကိုလည်းကောင်း၊ မနှိပ်စက်မညှဉ်းဆဲခြင်း သည်လည်းကောင်း၊ သီလစောင့်ခြင်း သည်လည်းကောင်း၊ ဣန္ဒြေကို ဆုံးမခြင်း သည်လည်းကောင်း ရှိ၏။ လေးပါးသော မဂ်ဉာဏ်ဖြင့် ပျို့အန်အပ်ပြီးသောပညာရှိသောထိုပုဂ္ဂိုလ်ကို မထေရ်အစစ်ဟူ၍ ဆိုအပ်၏။

ဒေသနာတော်၏အဆုံး၌ ထိုတောနေ ရဟန်းတို့သည် အရဟတ္တဖိုလ်၌တည်ကုန်၏။ (ထိုအရှင်လကုဏ္ဍကဘဒ္ဒိယမထေရ်သည်ကား "အဂ္ဂမဥ္ဇူသာရ" ဘွဲ့တံဆိပ် အသံကောင်းရာတွင် ဧတဒဂ်ဘွဲ့ရ ပုဂ္ဂိုလ်ဖြစ်၏။

(ဓမ္မပဒ ဓမ္မဋ္ဌဝဂ် လေးခုမြောက် လကုဏ္ဍကဘဒ္ဒိယမထေရ်ဝတ္ထုပြီး၏)

၀ှ် ၀ှ် ၀ှ်

# ၅။ စိတ်ကောင်းရှိသူဟူသည်

## (ကောက်ကျစ်သောရဟန်းတို့ဝတ္ထု)

စကားချိုသာ ပြောတတ်ကာမျှ လည်းကောင်း၊
ဥပမိရုပ်ရေ တင့်တယ်ကာမျှ လည်းကောင်း၊
သူတပါးစည်းစိမ်ကို ငြူစူမနာလိုတတ်သော၊
မိမိစည်းစိမ်ကို လျှို့ဝှက်တတ်သော၊
ပရိယာယ်မာယာ အဖြာဖြာကို၊
အသုံးပြုတတ်သော ထိုသူသည်၊
စိတ်ကောင်းရှိသူမဖြစ်နိုင်။
ထိုငြူစူ မနာလိုဝန်တို စဉ်းလဲခြင်းကို
အမြစ်ရင်းမှ နှုတ်ပယ်အပ်သော သူကို
စိတ်ကောင်းရှိသူဟု ဆိုအပ်၏။

(နဝါကြရဏာ မတ္တေန) စသည့်ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ ရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကားဤသို့တည်း

အခါတပါး၌ရဟန်းငယ်သာမဏေငယ်တို့သည်မိမိတို့၏ဓမ္မာစရိယ စာချဆရာတို့၏သင်္ကန်းကို ဆိုးခြင်း ချုပ်ခြင်း စသောဝေယျာဝစ္စအမှုကြီးငယ်တို့ပြုသည်ကိုမြင်၍ အချို့သောမထေရ်တို့ကငါတို့သည်လည်းပါဠိသဒ္ဒါသင်ကြားနိုင်ပါ၏။ ငါတို့အားအမှုကိစ္စ ပြုစုပေးမည့်သူ တစုံတယောက်မျှမရှိ။ ငါတို့သည် မြတ်စွာဘုရားထံသွားရောက်၍ တပည့်တော်တို့သည် ပါဠိသဒ္ဒါ

သင်ခြင်း၌ တတ်ကျွမ်းလိမ္မာကုန်ပါ၏။ တပါးသော ရဟန်းတို့ အထံ၌ တရားတော်ကိုသင်၍လည်း ဤသူတို့၏အထံ၌ မသုတ်သင်မူ၍ မသရဇ္ဈာယ်ပါစေနှင့်ဟူ၍ ရဟန်းသာမဏေငယ် တို့အား စေခိုင်းတော်မူပါဟု လျှောက်ထားကြမည်။ ဤသို့ လျှောက်ထားလျှင် ငါတို့ထံ ရဟန်းငယ်သာမဏေငယ်တို့ကို တရားတော် သင်ယူရန်စေခိုင်းတော်မူလတံ့။ ထိုအခါငါတို့သည် လာဘ်လာဘ ပေါများလတံ့ဟုကြံစည်၍ မြတ်စွာဘုရားထံသို့ ဤသို့ကြံစီ တိုင်းလျှောက်ထားကြ၏။

မြတ်စွာဘုရားသည် ထိုရဟန်းတို့ လျှောက်ထားသော စကား ကို ကြားတော်မူ၍ လာဘ်လာဘအတွက် ရည်ရွယ် လျှောက် ထားသည်ကို သိတော်မူသည်ဖြစ်၍-

(၂၆၂) န ဝါက္ကရဏမတ္တေန၊
ဝဏ္ဏပေါက္ခရတာယ ဝါ။
သာဓုရူပေါ နရော ဟောတိ၊
ဣဿုကီ မစ္ဆရီ သဌော။

(၂၆၃) ယဿ စေတံ သမုစ္ဆိန္နံ၊
မူလဃစ္စံ သမူဟတံ။
သ ဝန္တဒေါသော မေဓာဝီ၊
သာဓုရူပေါတိ ဝုစ္စတိ။

(၂၆၂) ချိုသာသော စကားကို ပြောကာမျှဖြင့် လည်းကောင်း၊ ကိုယ်အဆင်း၏ နှစ်သက်ဘွယ်ရှိခြင်းမျှဖြင့်လည်းကောင်း၊ သူ့တပါးစည်း စိမ်ကို ငြူစူတတ်သော မိမိစည်းစိမ်ကို လျှို့ဝှက်တတ်သော ပရိယာယ်

မာယာအဖြာဖြာဖြင့် စဉ်းလဲသောသူသည် ကောင်းသောသဘော ရှိသည်မဖြစ်။

(၂၆၃) အကြင်ပုဂ္ဂိုလ်အား ထိုငြူစူမနာလိုဝန်တို စဉ်းလဲခြင်းကို ကောင်းစွာပယ်အပ်၏။ အမြစ်နှင့်တကွ ဖြတ်၍နုတ်ပယ်အပ်၏။ ထွေးအပ်ပြီးသော ဒေါသရှိသော ပညာရှိသော ထိုသူကို ကောင်းသောသဘော ရှိ၏ဟူ၍ ဆိုအပ်၏။

**(ဓမ္မပဒဓမ္မဋ္ဌဝဂ် ငါးခုမြောက်ကောက်ကျစ်သောရဟန်းတို့ဝတ္ထုပြီး၏။)**

၃ ၃ ၃

## ၁၉။ ဓမ္မဋ္ဌဝဂ်

### ၆။ သမဏဟူသည်ကား

(မုသားစကားနှင့် ဟတ္ထကရဟန်းဝတ္ထု)

**ဦးခေါင်းရိတ်ကာမျှဖြင့်**

**ရဟန်းသမဏမဖြစ်နိုင်**

**အကျင့်မဲ့သော၊ ချွတ်ယွင်းသောစကားကိုဆိုသော**

**လောဘရမက်ရှိသောသူသည်**

**သမဏမဖြစ်နိုင်**

**ရဟန်းသမဏဟူသည်ကား-**

(န မုဏ္ဍကေန သမဏော) အစရှိသော ဒေသနာကို သာဝတ္ထိပြည်၌ ဟတ္ထကရဟန်းကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

**ဝတ္ထုကြောင်းကား ဤသို့တည်း**

ထိုဟတ္ထကရဟန်းသည် ဟုတ်မှန်သည်ကို မပြောနိုင်လိုသောသဘောဖြင့် မဟုတ်မမှန် ပြောကြားတတ်၏။ တိတ္ထိတို့ကို တွေ့လျှင်ဝါဒပြိုင်မည်ဟု ချိန်းပြီး မိမိက ထိုအရပ်သို့ အရင်သွား၍

ပရိသတ်တို့အားတိတ္ထိတို့ ငါ့ကိုကြောက်၍မလာကြ။ ထိုတိတ္ထိတို့ ရှုံးခြင်းပင်မဟုတ်လောဟု ဆိုတတ်၏။

အယူဝါဒစကားပြောကြားရာတွင်လည်း ဟုတ်သည်မဟုတ်သည်အပထား အနိုင်ရရေးကို ရှေ့ရှု၍ပြောပြီး အရေးနိမ့်မည်ထင်လျှင် မဟုတ်မလျှား ပြောကြားတတ်၏။

မြတ်စွာဘုရားသည် ဟတ္ထက၏အကြောင်းကို ကြားတော်မူ၍ ဤသို့ပြုသည် မှန်သလောဟု မေးတော်မူလျှင် ဟုတ်မှန်ပါသည်ဟု လျှောက်ကြား၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ဆုံးမတော်မူလိုသောကြောင့်–

(၂၆၄) န မုဏ္ဍကေန သမဏော၊
အဗ္ဗတော အလိကံ ဘဏံ။
ဣစ္ဆာ လောဘ သမာပန္နော၊
သမဏော ကိံ ဘဝိဿတိ။

(၂၆၅) ယော စ သမေတိ ပါပါနိ၊
အဏုံထူလာနိ သဗ္ဗသော။
သမိတတ္တာ ဟိ ပါပါနံ၊
သမဏောတိ ပဝုစ္စတိ။ ။

(၂၆၄) ဦးခေါင်းရိတ်ကာမျှဖြင့်ရဟန်းမည်သည်မဖြစ်နိုင်။သီလအကျင့် ဓုတင်အကျင့်မှကင်းသော မဟုတ်မမှန်စကားကိုဆိုသော အလိုဆိုးရမက်ရှိသောသူသည် ရဟန်းမည်သည် အဘယ်မှာ ဖြစ်နိုင်ပါအံ့နည်း။

(၂၆၅) အကြင် သူသည်ကား ငယ်ငယ်ကြီးကြီး ဖြစ်ကုန်သော မကောင်းမှုတို့ကို ခပ်သိမ်းအားဖြင့် ငြိမ်းပျောက်စေ၏။ ထိုသူကို မကောင်းမှုတို့ ငြိမ်းစေတတ်သည်၏အဖြစ်ကြောင့် ထိုသူကို သမဏဟူ၍ ဆိုအပ်၏။

(ဓမ္မပဒဓမ္မဋ္ဌဝဂ်ခြောက်ခုမြောက် ဟတ္ထကရဟန်းဝတ္ထုပြီး၏။)

## ၁၉။ ဓမ္မဋ္ဌဝဂ်

## ၇။ ဘိက္ခုဟူသည်ကား
(မထင်ရှားသောပုဏ္ဏားဝတ္ထု)

ဆွမ်းခံစားရုံမျှဖြင့်
ဘိက္ခုမည်သော ရဟန်းမဖြစ်
အဆိပ်နံ့ရှိသောတရားကိုဆောင်ကာမျှဖြင့်
ဘိက္ခုမည်သောရဟန်းမဖြစ်
ဘိက္ခုဟူသည်ကား

(နတေန ဘိက္ခု သော ဟောတိ) အစရှိသော ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ မထင်ရှားသော ပုဏ္ဏားတယောက်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

မထင်ရှားသော ပုဏ္ဏားတယောက်သည် သာသနာတော် အပြင်မှ ရဟန်းပြုပြီး အိမ်စဉ်လှည့်၍ ဆွမ်းခံယင်း စိတ်ကူး၏။ ရဟန်းဂေါတမသည် မိမိတပည့်တို့ကို အိမ်စဉ်လှည့်၍ ဆွမ်းခံသည့်အတွက် ဘိက္ခုဟူ၍ ပြောဆို၏။ ငါ့ကိုလည်း ဘိက္ခုဟု ခေါ်သင့်၏။ ထိုသို့ကြံပြီး ဘုရားသခင်အထံ ချဉ်းကပ် သွားရောက်၍ "အိုရှင်ဂေါတမ၊ ငါသည် ဆွမ်းခံ၍ အသက်မွေး၏။ ငါ့ကို ဘိက္ခုဟူ၍ ဆိုပါလော့"ဟု လျှောက်ကြား၏။ ထိုအခါ မြတ်စွာဘုရားက ထိုပုဏ္ဏားကို-

"အိုပုဏ္ဏား။ ။ဆွမ်းခံ လှည့်လည်ကာမျှဖြင့် ဘိက္ခု ဟူ၍ ငါဘုရား ဟောတော်မမူ။ မညီညွတ်သော အကျင့်ကို ဆောင်သောသူသည် ဘိက္ခုမဖြစ်နိုင်။

အကြင်သူသည် အလုံးစုံသော သင်္ခါရတရားတို့၌ ဆင်ခြင်၍ အစဉ်လှည့်လည်၏။ ထိုသူသည် ဘိက္ခုမည်၏" ဟု မိန့်တော်မူပြီး-

(၂၆၆) န တေန ဘိက္ခု သော ဟောတိ၊
ယာဝတာ ဘိက္ခတေ ပရေ။
ဝိဿံ ဓမ္မံ သမာဒါယ၊
ဘိက္ခုဟောတိ န တာဝတာ။

(၂၆၇) ယောဓ ပုညဉ္စ ပါပဉ္စ၊
ဗာဟေတွာ ဗြဟ္မစရိယဝါ။
သင်္ခါယ လောကေ စရတိ၊
သ ဝေ "ဘိက္ခူ"တိ ဝုစ္စတိ။

(၂၆၆) အကြင်ပုဂ္ဂိုလ်သည် အကြင်မျှလောက်သော အကြောင်းဖြင့် သူတပါးတို့ထံ လှည့်လည် တောင်းစားတတ်၏၊ ထိုမျှလောက်သော အကြောင်းဖြင့် ထိုသူသည် ဘိက္ခုမည်သည်မဖြစ်၊ မညီညွတ်သောအကျင့်ကို ဆောက်တည်၍ ကျင့်သောသူသည် ဘိက္ခုမည်သည်မဖြစ်။

(၂၆၇) အကြင်ပုဂ္ဂိုလ်သည် ဤသာသနာတော်၌ ကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကိုလည်းကောင်း၊ မြတ်သောအကျင့်ဖြင့် ပယ်နှုတ်လျက် ခန္ဓာငါးပါးဟူသော လောကကို ပညာဖြင့်ဆင်ခြင်၍ လှည့်လည်မှုကို ကျင့်သုံး၏။ ထိုပုဂ္ဂိုလ်ကို ဘိက္ခုအစစ်ဟူ၍ ဆိုအပ်၏။

(ဓမ္မပဒ ဓမ္မဋ္ဌဝဂ် ခုနစ်ခုမြောက် ပုဏ္ဏားတဦး၏ဝတ္ထုပြီး၏။)

3

## ၁၉။ ဓမ္မဋ္ဌဝဂ်

## ၈။ မုနိဟူသည့်ကား

(ဟန်ဆောင်သောတိတ္ထိတို့ဝတ္ထု)

ရဟန်းမုနိတို့ဆိတ်ဆိတ်နေ၏။
ဆိတ်ဆိတ်နေကာမျှ မုနိမဟုတ်
မသိ၍ဆိတ်ဆိတ်နေသူ
လူတောထဲမပြောရဲ၍
ဆိတ်ဆိတ်နေသူ
အဝိပ္ပါယ်သိပြီးဟန်ဖြင့်
ဆိတ်ဆိတ်နေသူတို့ကို
မုနိဟု မသတ်မှတ်။ ။

(န မောနေန မုနိ ဟောတိ) အစရှိသည့် ဒေသနာတော်ကို ဇေတဝန်ကျောင်း၌စံတော်မူစဉ်တိတ္ထိအပေါင်းတို့ကိုအကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

တိတ္ထိတို့သည် စားရာအရပ်၌(သူတို့ကို ပင့်ဖိတ် ကျွေးသူတို့အား) ဘေးမရှိစေကြောင်း၊ချမ်းသာစေကြောင်း၊ အသက်ရှည်စေကြောင်း ဆုပေး၍ ဤအရပ်၌ ရွှံ့ညွံရှိသည်၊ ဆူးငြောင့်

ရှိသည့် စသော နည်းဖြင့် မင်္ဂလာစကားကိုပြော၍ သွားတတ်ကြ၏။

ရဟန်းတို့သည်ကား မထမဗောဓိဖြစ်သော တဆယ့်ငါးဝါအထိ တရားဟောခြင်းတို့ကို ခွင့်ပြုတော် မမူသေးသောကာလဖြစ်၍ ဆွမ်းစားဇရပ်၌ လူတို့အား တရားဟောခြင်းကို မပြုကြ။

လူတို့သည် တိတ္ထိတို့ထံမှ မင်္ဂလာစကားတို့ကို ကြားရသေး၏။ ရဟန်းတော်တို့သည်ကား ဆိတ်ဆိတ်ဖြင့် ကြွတော်မူကြ၏ဟု ကဲ့ရဲ့ကြကုန်၏။

ထိုစကားကို မြတ်စွာဘုရား ကြားသိတော်မူလျှင် ဆွမ်းအနုမောဒနာ တရားဟောခြင်းကို ခွင့်ပြုတော်မူ၏။ လူတို့သည် တရားကို နာကြားကြရ၏။ အားထုတ်ကြ၏။ သို့ဖြင့် ရဟန်းတို့ကိုသာ ဖိတ်၍ ပူဇော်သက္ကာရကို ပြုကြ၏။

ထိုအခါ တိတ္ထိတို့သည် တရားဟောခြင်းမပြု၊ ဆိတ်ဆိတ်နေကြကုန်လျက် ငါတို့သည် မုနိမည်သောအကျင့်ကို ကျင့်လျက်နှုတ်ပိတ်နေကြ၏။ ရဟန်း ဂေါတမ၏ တပည့်တို့ သည်ကား ဆွမ်းစားဇရပ် စသည်တို့၌ များစွာသောစကားကို ပြောဆိုကြကုန်၏ဟု ကဲ့ရဲ့ကြပြန်၏။

မြတ်စွာဘုရားသည် ထိုအကြောင်းကိုကြား၍-

"ရဟန်းတို့ ဆိတ်ဆိတ်နေကာမျှဖြင့် မုနိဟူ၍ ငါဘုရားဟောတော်မမူ။

အချို့, သူတို့သည် မတတ်မသိသောကြောင့် စကားမပြောပဲ နေကုန်၏။

အချို့သူတို့သည် သိ၏။ ဟောပြောရန် ရဲဝန့်ခြင်းမရှိသောကြောင့် မဟောမပြောနေကုန်၏။

အချို့သူတို့သည် ဝန်ကိုသောကြောင့် အနက်အဓိပ္ပာယ်ကို သိမည်စိုး၍မဟောပြောပဲ နေကုန်၏။

ထို့ကြောင့် ဆိတ်ဆိတ်နေရုံဖြင့် မုနိမဟုတ်။

မကောင်းမှုကို ငြိမ်းစေခြင်းကြောင့်သာ မုနိမည်သည် ဖြစ်ပေ၏ ဟု ဟောတော်မူပြီး–

(၂၆၈) န မောနေန မုနီ ဟောတိ၊
မူဠှရူပေါ အဝိဒ္ဒသု။
ယော စ တုလံဝ ပဂ္ဂယှ၊
ဝရမာဒါယ ပဏ္ဍိတော။

(၂၆၉) ပါပါနိ ပရိဝဇ္ဇေတိ၊
သ မုနီ တေန သော မုနိ။
ယော မုနာတိ ဉဘောလောကေ၊
"မုနိ" တေန ပဝုစ္စတိ။

(၂၆၈) တွေဝေသော၊ အသိပညာမရှိသောသူသည် ဆိတ်ဆိတ်နေကာမျှဖြင့် မုနိမဖြစ်။ အကြင်ပညာရှိသည် ချိန်ခွင်ကိုမြှောက်၍ ချိန်စက်သကဲ့သို့ မြတ်သောဂုဏ်ကျေးဇူးကိုယူ၍ အကုသိုလ်ကံတို့ကို ကြဉ်ရှောင်၏။ ထို့ကြောင့် ထိုပညာရှိသည် မုနိမည်၏။

(၂၆၉) အဘယ်ကြောင့် မုနိမည်သနည်း။ ဆိုခဲ့ပြီးသော အကုသိုလ်အမှုတို့ကို ကြဉ်ရှောင်ခြင်းကြောင့် ထိုပညာရှိသည် မုနိမည်၏။ အကြင်ပုဂ္ဂိုလ်သည် လောက၌ အနက်အဓိပ္ပာယ်ကိုသိ၏။ ထိုသို့သိသောကြောင့် မုနိဟူ၍ဆိုအပ်၏။

(ဓမ္မပဒ ဓမ္မဋ္ဌဝဂ် ရှစ်ခုမြောက် တိတ္ထိယဝတ္ထု ပြီး၏။)

## ၁၉။ ဓမ္မဋ္ဌဝဂ်

## ၉။ အရိယာဟူသည်ကား

(ငါးမျှားသမားအရိယာဝတ္ထု)

သတ္တဝါတို့ကိုညှဥ်းဆဲသတ်ဖြတ်သူသည်
အရိယာ (သူမြတ်) မဟုတ်
မညှဥ်းဆဲမသတ်ဖြတ်သူကား
အရိယာ (သူမြတ်) မည်၏။

(န တေန အရိယော ဟောတိ) အစရှိသည့် ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ စံတော်မူစဉ် အရိယအမည်ရှိသော ငါးမျှားသမားကိုအကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

တနေ့၌ မြတ်စွာဘုရားသည် အရိယမည်သော ငါးမျှားသမားတယောက်၏ သောတာပတ္တိမဂ်သို့ တက်ရောက်နိုင်မည့်အကြောင်း ပြည့်ဝသည်ကို မြင်တော်မူသောကြောင့် သာဝတ္ထိမြို့ မြောက်မျက်နှာတံခါးတွင်ရှိသောရွာ၌ ရဟန်းအပေါင်းနှင့် ဆွမ်းခံကြွ၍အပြန်တွင် ထိုငါးမျှားသမားသည် ငါးမျှားတံကို ချ၍ ရပ်နေ၏။

မြတ်စွာဘုရားသည် ငါးမျှားသမားတို့၏အနီးသို့ ပြန်လည်ရပ်တော်မူလျက် အရှင်သာရိပုတ္တရာအား လည်းကောင်း၊ အရှင်မောဂ္ဂလာန်အား လည်းကောင်း၊ အခြားသော သာဝကနှင့် ရဟန်းတော်တို့အား လည်းကောင်း၊ သင်၏အမည် ဘယ်သို့ရှိသနည်းဟု မေးတော်မူ၍ တပည့်တော်သည် သာရိပုတ္တရာအမည်ရှိပါသည်၊ မောဂ္ဂလာန်အမည်ရှိပါသည်ဟု လျှောက်ထားကြ၏။ ထို့နောက် ငါးမျှားသမားအား မေးတော်မူ၏။ "တပည့်တော်သည် အရိယအမည်ရှိပါသည်" ဟု လျှောက်ထားသော်-

"ဥပါသကာ။ ။သူတပါးအသက်ကို သတ်လေ့ရှိကုန်သောသူတို့သည် အရိယာမဖြစ်နိုင်။

အရိယမည်သော သူတို့ကား သတ္တဝါ အပေါင်းအား မညှဉ်းဆဲကြ" ဟု မိန့်တော်မူပြီး။

(၂၇၀) န တေန အရိယော ဟောတိ၊
ယေန ပါဏာနိ ဟိံသတိ။
အဟိံသာ သဗ္ဗပါဏာနံ၊
"အရိယော"တိ ပဝုစ္စတိ။

(၂၇၀) အကြင်အကြောင်းဖြင့် သတ္တဝါတို့ကိုညှဉ်းဆဲ၏။ ထိုသို့ညှဉ်းဆဲသောကြောင့် အရိယာမဖြစ်။

အကြင်ပုဂ္ဂိုလ်သည် သတ္တဝါအားလုံးတို့ကိုမညှဉ်းဆဲ၊ ဤပုဂ္ဂိုလ်ကို အရိယာဟူ၍ ဆိုအပ်၏။

ဒေသနာတော်၏အဆုံး၌ ငါးမျှားသမားသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

(ဓမ္မပဒ ဓမ္မဋ္ဌဝဂ် ကိုးခုမြောက် အရိယာငါးမျှားသမားဝတ္ထု ပြီး၏)

## ၁၉။ ဓမ္မပဒဝဂ်

## ၁၀။ ရဟန်းဟူသည်ကား

(သီလရှိသောရဟန်းများဝတ္ထု)

အကျင့်သီလရှိရုံနှင့်
အကြားအမြင်များရုံနှင့်
သမာဓိကိုရရုံနှင့်
ဆိတ်ငြိမ်ရာတွင်နေခြင်းဖြင့်
အနာဂါမ်ချမ်းသာကိုရောက်ပြီဟု။
မတင်းတိမ်ဝဲ၊

နိဗ္ဗာန်သို့မရောက်သေးသမျှ
စိတ်ချ၍မနေရာ။

(န သီလဗ္ဗတ မတ္တေန) စသည့်ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ စံတော်မူစဉ် သီလနှင့်ပြည့်စုံသော ရဟန်းအပေါင်းတို့အား အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

သီလနှင့်ပြည့်စုံကုန်သောရဟန်းတို့သည် သီလကိုစောင့်ထိမ်းခြင်းဖြင့် ကျေနပ်နေကြ၏။ ငါတို့သည် ဓုတင်ကိုဆောင်၏။

ငါတို့သည် တရားတော်၌ အကြားအမြင်များ၏။ ငါတို့သည် တောကျောင်း၌နေ၏။ ငါတို့သည် ဈာန်ကိုရကုန်၏။ အရဟတ္တဖိုလ်သည် ခဲယဉ်းသည်မဟုတ် လိုချင်သောနေ့၌ ရနိုင်၏ဟူ၍ အကြံအစည်ဖြစ်၏။

တနေ့သောအခါ ရဟန်းအားလုံးတို့သည် မြတ်စွာဘုရားရှေ့တော်၌ ရှိခိုးနေကြစဉ်-

"သင်တို့သည် ရဟန်းကိစ္စပြီးကြပြီလော"ဟု မေးတော်မူ၏။ ရဟန်းတို့က "တပည့်တော် ဤသို့အားထုတ်ရရှိပါပြီ။ အရဟတ္တဖိုလ်သို့ အလွယ်ရတော့မည်ဟု စိတ်ကူးမိပါသည်" ဟု အသီးသီးလျှောက်ကြ၏။

မြတ်စွာဘုရားသည် ထိုရဟန်းတို့စကားကို ကြားတော်မူ၍-

"ချစ်သားရဟန်းတို့၊ ဤမျှ ရကာမျှဖြင့် စိတ်ချမနေနှင့်။ အရဟတ္တဖိုလ်သို့ မရောက်သေးပဲ ချမ်း သာ ရာ ရပေပြီ ဟု စိတ်ကိုမဖြစ်စေအပ်"ဟု မိန့်တော်မူပြီး-

(၂၇၁) **န သီလဗ္ဗတ မတ္တေန၊ ဗာဟုသစ္စေန ဝါ ပန။**
**အထ ဝါ သမာဓိလာဘေန၊ ဝိဝိတ္တသယနေန ဝါ။**

(၂၇၂) **ဖုသာမိ နေက္ခမ္မသုခံ၊**
**အပုထုဇ္ဇနသေဝိတံ။**
**ဘိက္ခု ဝိဿာသမာပါဒိ၊**
**အပ္ပတ္တော အာသဝက္ခယံ။**

(၂၇၁-၂၇၂) သီလစုတင်အကျင့်မျှဖြင့်လည်းကောင်း၊ ပိဋကတ်သုံးပုံ နှုတ်ငုံသင်ထား အကြားအမြင်များခြင်းဖြင့်လည်းကောင်း၊ သမာပတ်ကိုရသဖြင့်လည်းကောင်း၊ ဆိတ်ငြိမ်ရာသို့ နေခြင်းဖြင့်လည်းကောင်း၊

ပုထုဇဉ်တို့မမှီဝဲအပ်သော အနာဂါမ်ချမ်းသာကိုရောက်အံ့။ ဤမျှလောက်ဖြင့် ထိုရဟန်းသည် အာသဝေါတရားတို့ကုန်ရာဖြစ်သော အရဟတ္တဖိုလ်သို့ မရောက်သေးပဲ ရပ်နားခြင်းသို့ မရောက်ပါစေလင့်၊

ဒေသနာတော်၏အဆုံး၌ များစွာကုန်သောသူတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။

(ဓမ္မပဒ ဓမ္မဋ္ဌဝဂ် ဆယ်ခုမြောက် သီလရှိသောရဟန်းများဝတ္ထု ပြီး၏)

ဓမ္မဋ္ဌဝဂ်ပြီး၏။

# {၂၀} မဂ္ဂဝဂ်

## ၁။ နိဗ္ဗာန်ရောက်ကြောင်းလမ်းကောင်းများ

(ခရီးလမ်းအကြောင်းပြောသော ရဟန်းငါးရာဝတ္ထု)

မဂ်တို့တွင် အင်္ဂါရှစ်ပါးရှိသောမဂ်
သစ္စာတို့တွင်အရိယသစ္စာ
တရားတို့တွင် နိဗ္ဗာန်
အခြေနှစ်ချောင်းတွင်ဘုရားရှင်
တို့သည်အမြတ်ဆုံးဖြစ်ကြ၏။
ဘုရားရှင်တို့သည် တဆင့်ကြားမဟုတ်
ကိုယ်တိုင်သိဖြင့် ညွှန်ကြားသည်
အားထုတ်သူတို့သည်
အမှန်လွတ်မြောက်ကြ၏။
အားထုတ်ကြကုန်လော့။

(မဂ္ဂါနဋ္ဌင်္ဂိကော)အစရှိသော ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌သီတင်းသုံးတော်မူယင်းငါးရာသောရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

မြတ်စွာဘုရားသခင်သည် ကျေးရွာအသီးသီးသို့ ဒေသစာရီ ခရီးလှည့်လည်တော်မူပြီး သာဝတ္ထိပြည်သို့ပြန်လည်ရောက်ရှိရာ တရားသဘင်၌ ရဟန်းငါးရာတို့က တရွာမှတရွာ သွားခဲ့ရသော ခရီးလမ်းတို့ ကြမ်းတမ်းသည် ညီညွတ်သည် စသည်အကြောင်း များကို ပြန်လှန်ပြောဆိုနေကြ၏။

မြတ်စွာဘုရားသည် ထိုရဟန်းတို့၏အရဟတ္တဖိုလ်သို့ ရောက် ရန်အကြောင်း ပြည့်ဝစုံလင်သည်ကို မြင်တော်မူ၍ စည်းဝေးရာ အရပ်သို့ ကြွလာသီတင်းသုံးတော်မူပြီး-

"ချစ်သားရဟန်းတို့။

သင်တို့ ပြောကြားနေကြသော ခရီးလမ်းများကား အပြင်အပဗာဟိရခရီးများအကြောင်းဖြစ်သည်။

ရဟန်းမည်သည်ကား အရိယာတို့၏ သွားရာခရီးကို ပြုသင့်၏။"

ဟု မိန့်တော်မူပြီး-

(၂၇၃) မဂ္ဂါနဋ္ဌင်္ဂိကော သေဋ္ဌော၊
သစ္စာနံ စတုရော ပဒါ။
ဝိရာဂေါ သေဋ္ဌော ဓမ္မာနံ၊
ဒွိပဒါနဉ္စ စက္ခုမာ။

(၂၇၄) ဧသေဝ မဂ္ဂေါ နတ္ထညော၊
ဒဿနဿ ဝိသုဒ္ဓိယာ။
ဧတဉှိ တုမှေ ပဋိပဇ္ဇထ၊
မာရဿေတံ ပမောဟနံ။

**(၂၇၅) ဧတဉှိ တုမှေ ပဋိပန္နာ၊ ဒုက္ခဿန္တံ ကရိဿထ။ အက္ခာတော ဝေါ မယာ မဂ္ဂေါ၊ အညာယ သလ္လကန္တနံ။**

**(၂၇၆) တုမှေဟိ ကိစ္စမာတပ္ပံ၊ အက္ခာတာရော တထာဂတာ ပဋိပန္နာ ပမောက္ခန္တိ ဈာယိနော မာရဗန္ဓနာ။**

(၂၇၃) မဂ်ခရီးလမ်းကြောင်းတွင် အင်္ဂါရှစ်ပါးရှိသော မဂ်သည် မြတ်၏။ သစ္စာအပေါင်းတို့တွင် (ဒုက္ခ၊ သမုဒယ၊ နိရောဓနှင့် မဂ္ဂသစ္စာ) ဤလေးဖြာသည်မြတ်၏။ တရားအပေါင်းတို့၌ ရာဂကင်းရာ နိဗ္ဗာန်တရားသည်မြတ်၏။ အခြေနှစ်ချောင်းတို့တွင် စက္ခုငါးပါး ရှိသောဘုရားသည် မြတ်၏။

(၂၇၄) ဉာဏ်အမြင် စင်ကြယ်ခြင်းငှာ အင်္ဂါရှစ်ပါးရှိသော မဂ်သည်သာလျှင် နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းအမှန်ဖြစ်၏။ ဤမှတပါး အခြားသွားလမ်းသည် မရှိ။

ထိုမဂ္ဂင်ခရီးကိုသာလျှင် သင်ချစ်သားတို့သည် ကျင့်ဆောင် ပွားများ သွားကြကုန်လော့၊ မာရ်နတ်မင်း၏ တွေဝေရာပေတည်း။

(၂၇၅) ထိုမဂ္ဂင်ခရီးကိုသာလျှင် ကျင့်ဆောင်ကြိုးစား သွားကြသော သင်တို့သည် သံသရာ ဝဋ်ဆင်းရဲအဆုံးကို ပြုရကုန်လတံ့။ ရာဂစသော ငြောင့်တို့ကိုနှုတ်ပယ်သည့် ထိုမဂ္ဂင်ခရီးကို ကိုယ်တိုင်သိ၍ ဤမဂ္ဂင်ခရီးကို သင်တို့အား ငါဘုရားသည် ဟောဘော်မူအပ်ပြီ။

(၂၇၆) သင်တို့သည်လုံ့လပြုအပ်၏။ ငါဘုရားတို့သည် ဟောလည်း ဟောအပ်ကုန်ပြီ။ ကျင့်ကြံကုန်သော စျာန်တို့ဖြင့် ရှုလေ့ရှိကြကုန်သော သူတို့သည် ဘုံသုံးပါးဝဋ်တည်းဟုသော မာရ်နတ်မင်း၏ အနှောင်အဖွဲ့မှ လွတ်မြောက်ရကုန်၏။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော ရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။

(ဓမ္မပဒ မဂ္ဂဝဂ် ရှေးဦးစွာသော ငါးရာသော ရဟန်းတို့ဝတ္ထုပြီး၏။)

## ၂၀။ မဂ္ဂဝဂ်

### ၂။ အနိစ္စသဘောတရား

(အနိစ္စ လက္ခဏဝတ္ထု)

ခပ်သိမ်းသောရုပ် နာမ်တရားတို့သည်
မမြဲသော သဘောရှိကုန်၏ဟု
ဝိပဿနာတင်၍
အဖန်ဖန် ရှုဆင်ခြင်သောအခါ
ခန္ဓာဝန်၏ ဆင်းရဲခြင်းတို့၌ ငြီးငွေ့လာ၏။
ဤသို့ ငြီးငွေ့ခြင်းသည်ပင်
ကိလေသာစင်ကြယ်ခြင်း၏ မဂ်လမ်းဖြစ်၏။

(အဗ္ဗေသင်္ခါရအနိစ္စာတိ) အစရှိသော ဓမ္မ ဒေသနာကို ဇေတဝန်ကျောင်းတော်၌ ငါးရာကုန်သော ရဟန်း တစုတို့ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ဝတ္ထုကြောင်းကား ဤသို့တည်း

ငါးရာကုန်သောရဟန်းတို့သည် ကမ္မဋ္ဌာန်းကိုသင်ယူပြီးသော တောကျောင်းတောအုပ်၌ သွားရောက်အားထုတ်ကြ ပါသော်လည်း အရဟတ္တဖိုလ်သို့ မရောက်နိုင်ကြသောကြောင့် ကမ္မဋ္ဌာန်း ကို တဖန်သင်ပြန်ဦးမည်ဟု ဘုရားရှင် ထံတော်မှောက်သို့ လာ ရောက်ကြ၏။

မြတ်စွာဘုရားသည် ဤရဟန်းတို့ အဘယ်သို့သော ကမ္မဋ္ဌာန်းနှင့် သင့်လျော်မည်နည်းဟု စုံစမ်းတော်မူလေလျှင် ဤရဟန်းတို့သည် ကဿပဘုရားရှင် လက်ထက်၌ အနှစ် နှစ်သောင်းမျှ အနိစ္စလက္ခဏာ ဝိပဿနာ၌ အားထုတ်ခဲ့ဘူးကြောင်း သိတော်မူ၍ ရဟန်းတော်တို့အား အောက်ပါဂါထာကို ဟောကြားတော်မူ၏။

**(၂၇၇) “သဗ္ဗေ သင်္ခါရာ အနိစ္စာ”တိ၊ ယဒါ ပညာယ ပဿတိ။**
**အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။**

(၂၇၇) အလုံးစုံသော သင်္ခါရတရားတို့သည် ဖြစ်လျှင်ပျက်မြဲ မမြဲသော သဘောရှိကုန်၏။

ဤသို့ အကြင်အခါ၌ ဝိပဿနာဉာဏ်ပညာဖြင့် ရှုမြင်၏။

ဤသို့ ရှုမြင်သောအခါ၌ ခန္ဓာဝန်ကို ထမ်းဆောင်ရခြင်း ဆင်းရဲ၌ ငြီးငွေ့လာ၏။

ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာမှ စင်ကြယ်ခြင်း၏လမ်းကြောင်း ပေတည်း။

ဒေသနာတော်၏အဆုံး၌ ထိုရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကြကုန်၏။

(ဓမ္မပဒ မဂ္ဂဝဂ် နှစ်ခုမြောက် အနိစ္စလက္ခဏဝတ္ထု ပြီး၏)

# ၂၀။ မဂ္ဂဝဂ်

## ၃။ ဒုက္ခသဘောတရား

## (ဒုက္ခလက္ခဏာဝတ္ထု)

## (အထက်ပါအတိုင်း ဒုက္ခလက္ခဏာတင်၍ ရှုခြင်း)

(သဗ္ဗေသင်္ခါရာ ဒုက္ခာတိ) အစရှိသော ဒေသနာတော်ကို မြတ်စွာဘုရားသခင်သည် ဇေတဝန် ကျောင်းတော်၌ ရဟန်း အပေါင်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

ဝတ္ထုကြောင်းကား အထက် ဝတ္ထုကြောင်းအတိုင်း ဖြစ်၍ မြတ်စွာဘုရားသခင်သည်ဤရဟန်းတို့၏ဒုက္ခလက္ခဏာ၌ ကောင်း စွာစီးဖြန်းအားထုတ်ခဲ့သည်ကို သိတော်မူသောကြောင့်-

**(၂၇၈) သဗ္ဗေသင်္ခါရာ ဒုက္ခာတိ၊ ယဒါပညာယ ပဿတိ။**
**အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါဝိသုဒ္ဓိယာ။**

(၂၇၈) အလုံးစုံသောရုပ်နာမ်သင်္ခါရတို့သည် အမြဲမပြတ် နှိပ်စက် တတ်သောကြောင့် ဆင်းရဲထုအတိသာ ဖြစ်ကုန်၏။ဤသို့ ဝိပဿနာတင် ၍ရှု ဆင်ခြင်သောအခါ ခန္ဓာဝန်ကို ထမ်းဆောင်ရခြင်း၌ ဆင်းရဲခြင်းကို ငြီးငွေ့လာရ၏။

ဤသို့ငြီးငွေ့ခြင်းသည်ပင် ကိလေသာစင်ကြယ်ခြင်း၏လမ်းကြောင်း ဖြစ်ပေ၏။

(ဓမ္မပဒ မဂ္ဂဝဂ်သုံးခုမြောက် ဒုက္ခလက္ခဏာဝတ္ထုပြီး၏။)

# ၂၀။ မဂ္ဂဝဂ်

## ၄။ အနတ္တသဘောတရား
### (အနတ္တလက္ခဏဝတ္ထု)

(အထက်ပါအတိုင်း အနတ္တလက္ခဏာတင်၍ ရှုခြင်း)

(သဗ္ဗေဓမ္မာ အနတ္တာတိ) အစရှိသော ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ ရဟန်းအပေါင်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူသည်။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ဝတ္ထုကြောင်းကား အထက် ဝတ္ထုကြောင်းတိုင်း ဖြစ်၍ မြတ်စွာဘုရားသခင်သည် ထိုရဟန်းတို့၏ အနတ္တလက္ခဏာ၌ ကောင်းစွာစီးဖြန်းအားတုတ်ခဲ့သည်ကိုသိတော်မူသောကြောင့်-

(၂၇၉) "သဗ္ဗေဓမ္မာအနတ္တာ"တိ၊ ယဒါပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။

(၂၇၉) အလုံးစုံသော ရုပ်နာမ်၊ သင်္ခါရတို့သည် မိမိအလိုသို့မလိုက်တတ်သောကြောင့် အနတ္တတို့သာတည်းဟု ဤသို့ ဝိပဿနာဉာဏ်ဖြင့် ရှုဆင်ခြင်သောအခါ ခန္ဓာဝန်ကို ထမ်းဆောင်ရခြင်း၌ ဆင်းရဲခြင်းကို ငြီးငွေ့လာရ၏။

ဤသို့ငြီးငွေ့ခြင်းသည်ပင် ကိလေသာစင်ကြယ်ခြင်း၏လမ်းကြောင်း ဖြစ်ပေ၏။

(ဓမ္မပဒမဂ္ဂဝဂ်လေးခုမြောက် အနတ္တလက္ခဏဝတ္ထုပြီး၏)

## ၅။ လိုဠလမရှိပျင်းရိဘိမှု

(ပဓာနဓမ္မိကတိဿမထေရ်ဝတ္ထု)

ဋ္ဌန်အားပြည့်ဝ ပထမအရွယ်
လုံ့လမရှိ ပျင်းရိသွယ်သွယ်။
ဉာဏ်ပညာအား လျော့ပါးလေတယ်
အရိယာမဂ်၊ သိဖို့ခက်လှတယ်။

(ဥဌာန ကာလမှိ) အစရှိသော ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ ပဓာနဓမ္မိက တိဿမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူသည်။

### ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်မှ အမျိုးသားငါးရာတို့သည် ရဟန်းပြုကြပြီး ကမ္မဋ္ဌာန်းသင်ယူ၍ အားထုတ်ရန် တောသို့ သွားကြ၏။ ရဟန်းတပါးသည် ကျောင်းတော်တွင် ကျန်ခဲ့၏။

ရဟန်းတို့သည် တော၌အားထုတ်ပြီး အရဟတ္တဖိုလ်သို့ရောက်၍ ရအပ်သော ဂုဏ်ကျေးဇူးကို မြတ်စွာဘုရားအား လျှောက်ကြားရန် သာဝတ္ထိပြည်သို့ ပြန်လာကြ၏။ လမ်းတွင် သာဝတ္ထိပြည်မရောက်မီ တယူဇနာမျှဝေးသော ရွာငယ်တခုမှ ထိုရဟန်းတို့ကို ပင့်၍ ဆွမ်းလုပ်ကျွေး၏။ အနုမောဒနာတရား ကြားနာရသဖြင့် နောက်တနေ့နံနက် ပင့်ဖိတ်ပြန်၏။

ရဟန်းတို့သည် သာဝတ္ထိပြည်သို့ ရောက်၍ မြတ်စွာဘုရားထံ ဝင်ရောက်ရှိခိုးပြီး လျှောက်ပတ်သော နေရာ၌ ထိုင်နေကြ၏။ မြတ်စွာဘုရားသည် အားရကြည်ရွှင်စွာ ပဋိသန္ထာရ စကား ပြောကြားတော်မူ၏။

ကျန်ခဲ့သော ရဟန်းသည် မြတ်စွာဘုရား အားရရွှင်လန်းစွာ ရဟန်းတော်တို့နှင့် စကားပြောနေသည်ကို မြင်လျှင် ငါ့တွင် မဂ်ဖိုလ်၏ကျေးဇူးမရှိသောကြောင့် ဤသို့အပြောမခံရ။

တနေ့တည်းနှင့် အရဟတ္တဖိုလ်သို့ရောက်အောင် အားထုတ်အံ့ဟု ကြံ၍နေ၏။

ရဟန်းတို့သည် မြတ်စွာဘုရားထံ နက်ဖြန် ဆွမ်းအလို့ငှာ ဥပသကာတယောက် ပင့်ဖိတ်ထား၍ နံနက်စောစောသွားပါအံ့ ဟု ခွင့်တောင်းပန်ကြားကြ၏။

ထို့နောက် အဖော်ဖြစ်သောရဟန်းသည် တညလုံး စကြံ သွားလျက် အားထုတ်ယင်း ကျောက်ဖျာပြင်သို့ လိမ့်ကျကာ ပေါင်ရိုးကျိုးလေ၏။ ရဟန်းသည် ကျယ်လောင်စွာ အော်၏။ အဖော်ရဟန်းတို့ကြား၍ ပြေးလာကြ၏။ ဆီမီးကိုထွန်း၍ ပေါင် ရိုးကျိုးသောရဟန်းအား ပြုစုကုသပေးနေရသဖြင့် အရုဏ်တက် ၍ ဆွမ်းပင့်ရာရွာသို့ မကြွနိုင်ကြ။

ထိုရဟန်းတို့ကို မြတ်စွာဘုရားမြင်လေလျှင် ဆွမ်းခံရွာသို့ မသွားသည့်အကြောင်း မေးမြန်းတော်မူရာ ရဟန်းတို့က ဖြစ်သ မျှအလုံးစုံကို လျှောက်ကြား၏။ မြတ်စွာဘုရားက ထိုရဟန်း သည် ယခုမှသင်တို့ကို အနှောင့်အယှက်ပြုသည် မဟုတ်သေး၊ ရှေးကလည်း ပြုဘူးပြီဟု မိန့်တော်မူ၏။ ရဟန်းတို့တောင်းပန်ကြ ၍ အတိတ်ဇာတ်ကို ဟောကြားတော်မူ၏။

## အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ တက္ကသိုလ်ပြည်၌ ဘုရားအလောင်းတော်သည် ဒိသာပါမောက္ခဆရာကြီးဖြစ်၍ တပည့်ငါးရာရှိ၏။ တနေ့၌ ထိုတပည့်ငါးရာတို့သည် တောသို့ ထင်းခုတ်သွားကြ၏။ တယောက်သောတပည့်သည် ရေခတက်ပင်ကြီးကိုတွေ့၍ သစ်ခြောက် ပင်ကြီးဟု ထင်ပြီး အပင်ရင်းမှာ တရေးအိပ်မည် နောက်မှ အပင်ပေါ်တက်၍ ထင်းချိုးမည်ဟု အပျင်းစိတ်ကို ဦးစားပေးလျက် ပုဆိုးကိုခင်းပြီး ကျီးမည်သံကဲ့သို့ ဟောက်လျက် အိပ်ပျော်၏။

အခြားသောလုလင်တို့သည် ထင်းတို့ကိုယူလျက် အပြန်တွင် အိပ်ပျော်နေသော ထိုလုလင်ကို ကျောသို့ကန်၍နှိုးပြီး သွားကြ၏။ လူပျင်းသည် ကမန်းကတန်းထ၍ မျက်စိကိုပွတ်ပြီး အိပ်မှုံစုံမွှားနှင့် ရေခတက်ပင်ပေါ်တက်ပြီး ရှေ့ညွတ်နေသောအကိုင်းကို သစ်ခြောက်ကိုင်းအထင်ဖြင့် အောက်သို့ဆွဲ၍ ညွတ်လာသောအခက်ကို ဆွဲ၍ချိုးဖဲ့လိုက်ရာ ထောင်ကြွတက်လာသော သစ်ခက်စွန်းဖြင့် မျက်စိကိုရိုက်မိကဲ့ပေါက်လေ၏။ လက်တဘက်ဖြင့် မျက်စိကိုပိတ်ပြီး လက်တဘက်ဖြင့် သစ်ကိုင်းစိုတို့ကိုချိုး၍ ထင်းစည်းကိုချည်နှောင်ပြီး အလျင်အမြန်သွား၍ ထိုလုလင်တို့ပုံထားသောထင်းပုံ၏အပေါ်ဆုံးမှတင်ထားလေ၏။

ဆရာကြီးက ''တပည့်တို့။ နက်ဖြန်တွင်ရွာငယ်မှအိမ်တအိမ်က ရွတ်ဖတ်ပေးရန် ဖိတ်ကြားထားသည်၊ နံနက်စောစောယာဂုချက်၍ စားသောက်ပြီးမှ သွားကြပေတော့။ ရွာသို့ရောက်လျှင် ပူဇော်လက်ဆောင်တို့ကို သင်တို့အတွက် လည်းကောင်း၊ ငါ့အတွက်

လည်းကောင်း ယူဆောင်၍ပြန်ခဲ့ကြ” ဟု ပြောဆိုမှာထား၏။ အိမ်မှုကျွန်မသည် နံနက်စောစောထ၍ အပေါ်ဆုံးမှထင်းစီးကို ယူပြီးမီးမွှေးကာ ယာဂုကိုကျို၏။ ရေခတက်သား အစည်းကို မီးဆိုက်မိသဖြင့် ထင်းစို၍ မီးကိုမှုတ်ယင်းမှုတ်ယင်း ယာဂုမှာ မကျက်နိုင်ပဲ မိုးလင်းခဲ့၏။ လုလင်တို့လည်း သွားရန်အချိန်မမှီ တော့ဟု ဆရာ့ထံသွား၍ ပြော၏။ ဆရာသည် အကြောင်းစုံ သိလျှင်–

“သူကန်း သူမိုက်တို့ လုပ်သော အလုပ်ကြောင့် ဤသို့ အကျိုးဆုတ်ယုတ်ခြင်း ဖြစ်ရသည်။ ယခု လုပ်စရာရှိသည်ကို နောက်မှလုပ်လို၏။ ရေခတက်သားကိုချိုးသော ဤသူငယ် သည် အဖန်တလဲလဲပူပန်ရသကဲ့သို့ နောင်တွင်လည်း ပူပန်မြဲ ပူပန်ရတတ်၏”ဟု ပြောဆို၏။

မြတ်စွာဘုရားသည် ဇေနိပါတ်ဝရဏဇာတ်ကို အကျယ် ဟောတော်မူပြီး ရဟန်းငါးရာတို့သည် တပည့်လုလင်ငါးရာ ဖြစ် ဘူးပြီ။ ပျင်းရိသောလုလင်သည် ဤရဟန်းဖြစ်လာ၏။ ဆရာ သည်ကား ငါဘုရားဖြစ်လာ၏။ ဟု ဇာတ်တော်ကို ပေါင်းတော် မူ၏။ ထို့နောက်တဖန် တရားဒေသနာကိုဆောင်တော်မူ၍–

“ချစ်သားရဟန်းတို့။ ။အကြင်သူသည် ကြိုးစားသင့် သောအခါ၌ မကြိုးစားအကြံအစည်မပြည့်စုံပဲ ပျင်းရိ ပေါ့ ဟန်သောသူသည် စျာန်အစရှိသောတရားအထူးကို မရပေ” ဟု မိန့်ဆိုတော်မူပြီး–

(၂၈၀) ဥဋ္ဌာနကာလမှိ အနုဋ္ဌဟာနော၊
ယုဝါ ဗလီ အာလသိယံ ဥပေတော။
သံသန္နသင်္ကပ္ပမနော ကုသီတော၊
ပညာယ မဂ္ဂံ အလသော န ဝိန္ဒတိ။

(၂၈၀) ထကြွလုံ့လရှိသင့်သော ခွန်အားရှိသည့်ပထမအရွယ်၌ ဖြစ်ပါလျက်လည်း လုံ့လဥဿာဟမရှိသော ပျင်းရိသောအဖြစ်သို့ ကပ်ရောက်၏။ မပြည့်စုံသောစိတ်အကြံရှိ၏။ ပျင်း၏။ အပျင်းကြီးသောသူသည် ဉာဏ်ဖြင့်ရှုအပ်သောအရိယာမဂ်ကို မရနိုင်။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်သို့ တည်ကြ၏။

(ဓမ္မပဒ မဂ္ဂဝဂ် ငါးခုမြောက် ပဓာနကမ္မိကတိဿမထေရ်ဝတ္ထုပြီး၏)

## ၂၀။ မဂ္ဂဝဂ်

## ၆။ ဂုဏ်ချောသည့်ဒဏ် ဘဝအဆက်ဆက်ခံ

## (ဝက်ပြိတ္တာဝတ္ထု)

နှုတ်ကိုအမြဲစောင့်စည်း၊
စိတ်ကိုကောင်းစွာထိန်းသိမ်း၊
ကိုယ်ဖြင့်မကောင်းမှုကိုမပြုရာ၊
ဤတရားသုံးပါးကို စင်ကြယ်စေပြီး
ဘုရားရှင်တို့ ဟောကြားအပ်သော
မဂ်ကို ပြီးစေရာ၏။

(ဝါစာနုရက္ခီ) အစရှိသော ဒေသနာတော်ကို ဘုရင်ဗိမ္ဗိသာရ ဆောက်လုပ်အပ်သော ဝေဠုဝန်မင်းကျောင်း၌ စံပယ်တော်မူစဉ် ဝက်ပြိတ္တာတဦးကိုရည်စူး၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

တနေ့တွင် ရှင်မောဂ္ဂလာန်နှင့် ရှင်လက္ခဏတို့ ဂိဇ္ဈကုဋ်တောင်မှ ဆင်းလာစဉ် ရှင်မောဂ္ဂလာန်သည် ပြုံးရယ်ခြင်းပြု၏။ မေးသည့်အခါ ဘုရားအထံတော်ရောက်မှ ငါ့ကိုမေးပါဟု ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံလှည့်၍ ဝေဠုဝန်ကျောင်းရှိ မြတ်စွာဘုရားထံ ဝင်ရောက်ရှိခိုးကြ၏။ ထိုအခါ အရှင်လက္ခဏက ပြုံးရယ်ခြင်းကို မေး၏၊ အရှင်မောဂ္ဂလာန်က ပြုံးရယ်ခြင်းအကြောင်းကိုပြော၏။

## ဝက်ပြိတ္တာ

တကောင်သောပြိတ္တာကိုမြင်၏။ ကိုယ်သည် သုံးဂါဝုတ်ရှည်၏။ လူ၏ကိုယ်နှင့် ဝက်၏ခေါင်းရှိ၏။ ခံတွင်း၌ အမြီးပေါက်၏။ ထိုခံတွင်းမှ ပိုးလောက်တို့ ယိုစီးထွက်၏။ ဤမမြင်ဘူးသော သတ္တဝါကိုမြင်သောကြောင့် ပြုံးရယ်ခြင်းပြုပေသည်ဟု ပြောဆို၏။

မြတ်စွာဘုရားက ငါဘုရား၏တပည့်တို့သည် မျက်စိအမြင်ရှိကြကုန်၏ဟု မိန့်တော်မူပြီး ငါဘုရားသည်လည်း ဤသတ္တဝါကို ဗောဓိမဏ္ဍိုင်၌ သီတင်းသုံးစဉ်ကာလကပင် မြင်တော်မူပြီ။ ထိုအချိန်က ငါဘုရားပြောဆိုလျှင် မယုံကြည်ကြကုန်သော သူတို့ အစီးအပွားမဲ့သည် ဖြစ်ပေရာ၏ဟု အစဉ်သံနားသဖြင့် ပြောကြားတော်မမူခဲ့။ ယခုအခါ မောဂ္ဂလာန်ကို သက်သေပြု၍ ငါဟောအံ့ဟု မိန့်တော်မူ၏၊ ရဟန်းတို့က ထိုဝက်ပြိတ္တာ၏ ရှေးမကောင်းမှုကံအကြောင်းကို ဟောကြားတော် မူပါဟု လျှောက်ထားကြသဖြင့် အတိတ်ကိုဆောင်၍ ဟောကြားတော်မူ၏။

## ဝက်ပြိတ္တာ၏ အတိတ်ဝတ္ထု

ကဿပမြတ်စွာဘုရား လက်ထက်တွင် ရွာတရွာ၌ မထေရ်နှစ်ပါးတို့နေကြ၏။ တပါးသောမထေရ်သည် ဝါတော်ခြောက်ဆယ်၊ တပါးသောမထေရ်သည် ငါးဆယ့်ကိုးဝါရရှိ၏။ တစ်ဝါငယ်သောမထေရ်က တစ်ဝါကြီးသောမထေရ်၏ သပိတ်သင်္ကန်းတို့ကို သယ်ဆောင်၍ပေး၏။ သာမဏေကဲ့သို့ အလုံးစုံသော

ဝတ်ကြီးဝတ်ငယ်ကိုပြု၏။ တမိဝမ်းတွင်း ညီအစ်ကိုကဲ့သို့ နေကြ၏။

တနေ့တွင် ဓမ္မကထိကမထေရ်တပါး ရောက်လာ၏။ ဥပုသ်နေ့ဖြစ်၍ တရားဟောကြားပါရန် ပြောဆိုကြ၏။ တရားစကားကို ဟောကြား၏။ ငါတို့အား တရားဟောတတ်သောပုဂ္ဂိုလ်ရပြီဟု ဝမ်းမြောက်ကြ၏။ နောက်နေ့တွင် ရွာတရွာသို့ဆွမ်းခံကြွ၏။ ရွာ၌ဆွမ်းစားပြီး တရားဟောပါဟု တိုက်တွန်း၍ လူတို့သည် တရားတော်ကိုနာကြားရ၍ နောက်နေ့ဆွမ်းအတွက် ပင့်ကြ၏။ ဤသို့ဖြင့် မထေရ်နှစ်ပါးတို့၏ ထက်ဝန်းကျင်သော ဆွမ်းခံရွာများ၌ ရက်ရှည်လများ ဓမ္မကထိကရဟန်းကိုပါ ခေါ်၍သွားကြ၏။

## ဂုံးချောစကား

ဓမ္မကထိကရဟန်းသည် အလွန်ရိုးသား၍ နူးညံ့သိမ်မွေ့ကြသော ဤမထေရ်နှစ်ပါးကို ဤကျောင်းမှ ထွက်ပြေးစေပြီး ကျောင်းကို အပိုင်စီးအံ့ဟုကြံ၏။ မထေရ်ငယ်ကို အရှင်ဘုရားအား လျှောက်ထားရန် အနည်းငယ် ရှိပါသည်ဟု ပြော၏။ မထေရ်ငယ်က ဘာအကြောင်းများနည်းဟု မေး၏။ မပြောအပ်၍ မပြောတော့ပါဟု ဆိုပြန်၏။ မထေရ်ကြီးထံသို့လည်း ဤသို့ပင်ပြောပြန်၏။ နှစ်ရက်သုံးရက်ကြာလျှင် ထပ်၍ပြောပြန်၏။ မထေရ်နှစ်ပါးလုံး၏စိတ်တွင် စနောင့်စနင်းဖြစ်လာ၏။ ထိုအခါမှ မထေရ်ကြီးသို့ပြောစရာရှိပါသည်။ သို့သော် မပြောဝံ့ပါဟု ဆိုပြန်၏။ မထေရ်ကြီးက ပြောသာပြောဟု အတန်တန်တိုက်တွန်းသောကြောင့်-

"အရှင်ဘုရား။ မထေရ်ငယ်သည် အရှင်ဘုရားနှင့် အတူနေခြင်းသည် မည်သို့နည်း"ဟု မေး၏။ မထေရ်ကြီးက

"သူတော်ကောင်း။ ။ငါတို့နှစ်ပါးသည် တပါးရသော ပစ္စည်းဝတ္ထုကို နှစ်ပါးစလုံးအတွက်သာဖြစ်၏။ ဤမျှကြာသည့်အထိ မထေရ်ငယ်၏ကျေးဇူးမဲ့ကို မမြင်ဘူးပါ။ တမိဝမ်းတွင်းညီရင်းအစ်ကိုကဲ့သို့ဖြစ်ပေ၏"

"အရှင်ဘုရား။ ဤအတိုင်းမှန်ပါသလား"

"ငါ့ရှင်။ အမှန်အတိုင်းပင်ဖြစ်၏"

"အရှင်ဘုရား။ ထိုမထေရ်ငယ်က တပည့်တော်အား အသင်သည် အမျိုးကောင်းသားဖြစ်သည်။ ဤမထေရ်ကြီးသည် မကောင်းမှု၌ ရှက်တတ်သည်။ သီလကိုမြတ်နိုးလှသည်ဟုထင်ပြီး စိတ်ချနေခြင်းကိုသတိနှင့်သာပြုပေတော့ဟု တပည့်တော်ရောက်သောနေ့မှစ၍ ပြောပါသည်"ဟု လျှောက်၏။ မထေရ်ကြီးသည် ထိုစကားကိုကြား၍ အမျက်ထွက်ပြီး မထေရ်ကြီး၏ ကြည်လင်သောစိတ်သည် ဒုတ်ဖြင့်ရိုက်ခတ်မိသော အိုးခွက်ကဲ့သို့ကွဲလေ၏။ မထေရ်ငယ်ကိုလည်း ဤသို့ပင်ပြောဆိုပြန်သဖြင့် မထေရ်ငယ်သည်လည်း မထေရ်ကြီးကဲ့သို့ပင် စိတ်ဝမ်းကွဲလေ၏။

## ရဟန်းနှစ်ပါး ကွဲသွားကြခြင်း

နောက်တနေ့တွင်ကား တသက်လုံး မထေရ်နှစ်ပါး တသီးတခြားစီဆွမ်းခံခဲ့ဘူးသည်မရှိရာမှ ထိုနေ့တွင် မထေရ်ငယ်သည် စောစောထွက်၍ ဆွမ်းစားဇရပ်သို့ရောက်၏။ မထေရ်ကြီးသည် နောက်မှရောက်၏။ မထေရ်ငယ်က ရှေးကကဲ့သို့ သပိတ်သကန်း

ကိုလှမ်းယူရကောင်း၊ မကောင်းစဉ်းစားယင်း တသက်လုံးယူလာခဲ့ပြီးမှ ယနေ့ကျမှမယူဘူးဆိုလျှင် မသင့်ဟု စိတ်ကိုနှုးညှံ့အောင်ပြုပြီး ပြုမြဲဝတ်အတိုင်း မထေရ်ကြီးထံမှသပိတ်သက်န်းကို လှမ်းယူ၏။ မထေရ်ကြီးက ငါ့သပိတ်ကိုမကိုင်နှင့်၊ ငါ့သပိတ်သက်န်းနှင့် သင်နှင့်မတန်ဟု ဆို၏။ မထေရ်ငယ်ကလည်း "ဩော်-ဟုတ်ပါပြီ တပည့်တော်သည်လည်း မကိုင်တော့ဟု ကြံစည်မိပါသည်"ဟု ပြန်လည်ပြောဆို၏။ ထိုအခါ မထေရ်ကြီးက "ဩော်-သင်ဘယ်လိုကြံသနည်း၊ ငါက ဤကျောင်းကို မက်မောသည်ထင်သလား"ဟု ဆို၏။ မထေရ်ငယ်ကလည်း "အရှင်ဘုရားကကော တပည့်တော် ဤကျောင်းကို မက်မောနေသည် ထင်သလား။ ဤကျောင်းကို အရှင်ဘုရားတပါးတည်းစိုးစံပါလော့"ဟု ပြောဆို၍ သပိတ်သက်န်းကိုယူ၍ထွက်သွား၏။ မထေရ်ကြီးကလည်း ဤသို့ပင်ပြောဆို၍ထွက်သွား၏။ မထေရ်နှစ်ပါးသည် အရှေ့တလမ်း အနောက်တလမ်း ကျောခိုင်း၍ ထွက်ကြ၏။ ဓမ္မကထိကရဟန်းက "အရှင်ဘုရားတို့ ဤသို့မပြုကြပါလင့်၊ မပြုကြပါလင့်" ဟု ပြောဆိုသော်လည်း မထေရ်နှစ်ပါးသည် ပြန်လှည့်၍မှမကြည့်ပဲ ကြွသွားကြ၏။

## စဉ်းစားတတ်သူတို့က

နောက်တနေ့ ဆွမ်းခံကြွလျှင် ဒါယကာတို့က တပည့်တော်တို့၏ အရှင်ကောင်းနှစ်ပါး အဘယ်မှာနည်းဟု မေးကြ၏။ ဓမ္မကထိကရဟန်းက "အချင်းချင်းစိတ်ဆိုး၍ထွက်သွားကြပြီ၊ ငါတောင်းပန်သော်လည်းမရ" ဟု ပြောကြား၏။ စဉ်းစားတတ်သူတို့က ဤမျှလောက်သော ကာလပတ်လုံး ထိုမထေရ်နှစ်ပါး

တို့သည် ချစ်ခင်ညီညွတ်ကြ၏။ ယခုမှစိတ်ဆိုး၍ ထွက်ခွာသွားကြခြင်းသည် ဤမမွကထိက ရဟန်းကြောင့်သာ ဖြစ်ရမည်ဟု စဉ်းစားပြီး စိတ်မသက်မသာဖြစ်ကြ၏။

## အနှစ်တရာကြာမှ ဆုံ၍ရှင်းကြ

မထေရ်နှစ်ပါးတို့သည် စိတ်ဝမ်းကွဲပြား၍ထွက်သွားကြသော်လည်း စိတ်ချမ်းသာခြင်းကိုမရကြ။ အကျိုးအကြောင်းပြန်လည်စဉ်းစားမိပြီး တရားအားထုတ်ခြင်းကိုပင် မပြုနိုင်ကြ။ အနှစ်တရာကြာမှ ထိုမထေရ်နှစ်ပါးတို့သည် အနောက်မျက်နှာအရပ်၌ ကျောင်းတခုတွင် သွားရောက်ဆုံမိကြ၏။ (ကဿပဘုရားရှင်လက်ထက်တွင် အနှစ်နှစ်သောင်း အသက်တမ်းရှိသည်ကို သတိပြုပါ)

ကျောင်းနေရာ ခွဲဝေချထားရာ ထိုမထေရ်နှစ်ပါးသည် တကျောင်းတည်း၌ကျရောက်၏။ မထေရ်ကြီးသည် ကျောင်းသို့ဝင်၍ ညောင်စောင်း၌အိပ်နေလျှင် မထေရ်ငယ်သည် ကျောင်းသို့ဝင်လာ၏။ မထေရ်နှစ်ပါးတို့ဆုံမိကြလျှင် မျက်ရည်မဆည်နိုင်ဖြစ်ကြပြီး (စကားပြောရကောင်းမလား) ဟု နှစ်ပါးစလုံး စိတ်ကူးမိကြ၏။ မထေရ်ငယ်က မထေရ်ကြီးကို ရှိခိုး၍-

"အရှင်ဘုရား တပည့်တော်သည် အရှင်ဘုရားနှင့်အတူနေခဲ့သမျှ ကာလပတ်လုံး ကာယကံမှု ပြုစု လုပ်ကျွေး ရာ၌ အနည်းငယ်မျှ မသင့်လျော်သည်ကို မြင်ဘူးပါသလော" ဟု မေးလျှောက်၏။

"ငါ့ရှင် မမြင်ဘူးပါ"

"ထိုသို့မမြင်ဘူးပါလျက် အဘယ်ကြောင့် ခဏမျှတွေ့ရသော ဓမ္မကထိကကို မထေရ်ငယ်နှင့် ပူးပေါင်းသုံးဆောင်ခြင်းကို မပြုလင့်ဟု ဆိုရပါသနည်း" ဟု မေး၏။

"ငါ့ရှင် ငါဤသို့မပြော၊ သင်သည်သာ ငါ၏အကြား၌ ဤသို့ဆိုသည်မဟုတ်လော"

"အရှင်ဘုရား တပည့်တော်လည်း မပြောမိပါ"

ထိုခဏ၌ပင် မထေရ်နှစ်ပါးတို့သည် ဓမ္မကထိက ရဟန်း၏ ဂုံးချောမှုကိုသိ၍ အချင်းချင်းအပြစ်ကို ဖော်ပြပြောကြားကုန်၏။ အနှစ်တရာပတ်လုံး စိတ်မချမ်းသာကြပဲ ထိုနေ့၌ညီညွတ်ကြသည်ဖြစ်၍ ထိုဓမ္မကထိကရဟန်းကို ကျောင်းမှနှင်ထုတ်ကြကုန်အံ့ဟု အစဉ်အတိုင်းသောခရီးဖြင့် ကျောင်းသို့ရောက်သွားကြ၏။

## အလိမ်လည်းပေါ် အပယ်သို့ကျ ဒုက္ခခံရခြင်း

ဓမ္မကထိကရဟန်းသည် မထေရ်တို့ကိုမြင်၍ သပိတ်သင်္ကန်းကို လှမ်းယူမည်ပြု၏။ မထေရ်နှစ်ပါးက သင်သည် ဤကျောင်း၌ နေရန်မသင့်ဟု လက်ဖျစ်ကိုတီးခတ်ကုန်၏။ ထိုဓမ္မကထိကသည် မနေဝံ့ပဲ ချက်ခြင်းပင် ထွက်၍ပြေး၏။

ထိုဓမ္မကထိကသည် အနှစ် နှစ်သောင်းတို့ပတ်လုံး ရဟန်းတရားကျင့်သော်လည်း မရနိုင်ပဲ ထိုဘဝမှ စုတေ၍ အဝီစိငရဲသို့ကျ၏။ ထိုဆူသောဘုရားရှင်တို့၏အကြားကာလပတ်လုံး အဝီစိ၌ ခံရပြီး ယခုအခါ ဂိဇ္ဈကုတ်တောင်၌ ဆိုခဲ့ပြီးသော ခန္ဓာကိုယ်ဖြင့် ဆင်းရဲကို ခံစားရ၏။

မြတ်စွာဘုရားသည် ထိုဝက်ပြိတ္တာ၏ ရှေးမကောင်းမှုကံကို ဆောင်တော်မူပြီး "ချစ်သားတို့။ ။ရဟန်း မည်သည် ကား ကိုယ်အမူအရာ စသည်တို့ဖြင့် ငြိမ်သက်သော သဘောရှိသည် ဖြစ်အပ်၏"ဟု မိန့်တော်မူပြီး-

**(၂၈၁) ဝါစာနုရက္ခီ မနသာ သုသံဝုတော၊**
**ကာယေန စ နာကုသလံ ကယိရာ။**
**ဧတေ တယော ကမ္မပထေ ဝိသောဓယေ၊**
**အာရာဓယေ မဂ္ဂမိသိပ္ပဝေဒိတံ။**

(၂၈၁) နှုတ်ကို အစဉ်စောင့်ရှောက်ရာ၏၊ စိတ်ဖြင့် အဘိဇ္ဈာကို မဖြစ်အောင် ကောင်းစွာ စောင့်ရာ၏၊ ကိုယ်ဖြင့်လည်း အကုသိုလ်ကိုမပြုရာ၊ ကိုယ်စိတ်နှုတ်လုံး ဤသုံးပါးသော အကုသလကမ္မပထတို့ကို သန့်ရှင်းဖြူစင်အောင် သုတ်သင်ရာလျှင် ဘုရားရှင်တို့ ဟောကြားအပ်သောအင်္ဂါရှစ်ပါးရှိသောမဂ်ကို ပြီးစေရာ၏။

(ဓမ္မပဒမဂ္ဂဝဂ်ခြောက်ခုမြောက်ဝက် ပြိတ္တာဝတ္ထုပြီး၏)

# ၇။ တိုးပွားမှုဆုတ်ယုတ်မှုလမ်းနှစ်သွယ်

## (ပေါဋ္ဌိလမထေရ်ဝတ္ထု)

**ဘာဝနာကိုအားထုတ်မှ ပညာသည်ဖြစ်ပေါ်၏။**
**အားမထုတ်လျှင် ပညာသည်ပျောက်ကွယ်၏။**
**ဤတိုးပွားမှု ဆုတ်ယုတ်မှု လမ်းနှစ်သွယ်ကိုသိ၍**
**ပညာ၏တိုးပွားရာသို့ မိမိကိုယ်ကိုသွင်းရာ၏။**

(ယောဂါဝေ ဇာယတီဘူရိ) အစရှိသော ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ ပေါဋ္ဌိလမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကားဤသို့တည်း။

ပေါဋ္ဌိလမထေရ်သည် ဘုရားခုနှစ်ဆူတိုင်တိုင် ပိဋကတ်သုံးပုံကို အာဂုံဆောင်လျက် ငါးရာသောရဟန်းတို့အား တရားတော်ကို ပို့ချလေ၏။

ပေါဋ္ဌိလသည် ပိဋကတ်သုံးပုံအာဂုံဆောင်၍ တပည့်တပန်းပေါများသည့်အတွက် မိမိ၏ဝဋ္ဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းကို လုံ့လပြုလိုသောစိတ်မျှမရှိ။

မြတ်စွာဘုရားသည် ထိုပေါဋ္ဌိလကို ထိတ်လန့်စေအံ့ဟု ကြံတော်မူ၍ ပေါဋ္ဌိလကိုမြင်တိုင်းမြင်တိုင်း "အချီးနှီးပေါဋ္ဌိလ" "အချီးနှီးပေါဋ္ဌိလ"၊ "အချီးနှီးပေါဋ္ဌိလ" ဟူ၍သာ စကားချီ

၍ မိန့်တော်မူလေ့ရှိ၏။ ထိုသို့ကြားရပါများသော် ပေါဋ္ဌိလသည် စိတ်ကူး၏။

ငါသည် အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံကိုဆောင်၏။ ငါးရာစီမျှရှိသော ရဟန်းတို့၏ တဆယ့်ရှစ်ရပ်သော ဂိုဏ်းကြီးတို့ကိုပို့ချပေးနေ၏။

သို့ဖြစ်ပါလျက် မြတ်စွာဘုရားက အစဉ်မပြတ် "အချီးနှီးပေါဋ္ဌိလ"ဟု မိန့်ဆိုတော်မူ၏။

စင်စစ် ဈာန်အစရှိသည်တို့မရှိသောအဖြစ်ကြောင့် ဤသို့မိန့်ဆိုခြင်းသာဖြစ်မည်။

ဟု စဉ်းစားမိပြီး ထိတ်လန့်လာ၍ ယခုပင်တောသို့ဝင်၍ ရဟန်းတရားကို အားထုတ်တော့မည်ဟု မိမိကိုယ်တိုင်သာ သပိတ်သင်္ကန်းကိုစိမံ၍ နောက်တနေ့တွင် စာသင်ပြီး၍ ထွက်ကြသော နောက်ဆုံးရဟန်းနှင့်အတူ ထွက်၏။ ပရိဝုဏ်အတွင်း၌ နေကြသောရဟန်းတို့သည် မိမိတို့ဆရာဟူ၍ မမှတ်မိကြကုန်။ ။

## မာနကိုနှုတ်ပယ်ကြခြင်း

ပေါဋ္ဌိလမထေရ်သည် ယူဇနာတရာ့နှစ်ဆယ်ရှိသော ခရီးကိုသွား၍ တောကျောင်း၌နေသော သုံးကျိပ်မျှသော ရဟန်းတို့၏ သံဃာ့မထေရ်ကြီးထံ "အရှင်ဘုရား တပည့်တော်၏မှီခိုရာဖြစ်ပါလော့"ဟု လျှောက်၏။ သံဃာ့မထေရ်က "ငါ့ရှင်၊ သင်သည် ဓမ္မကထိကပေတည်း၊ ငါတို့သည် သင့်ကိုမှီ၍ အနည်းငယ်မျှ သိအပ်သည်ဖြစ်ပေရာ၏။ အဘယ်ကြောင့် သင်ဤသို့လျှောက်ထားသနည်း"ဆိုလျှင် "အရှင်ဘုရားဤသို့မပြုပါလင့်၊ တပည့်တော်၏ကိုးကွယ်ရာဖြစ်ပါလော့"ဟု ထပ်မံလျှောက်ထားပြန်၏။

မထေရ်ကြီးသည် မိမိအောက်ငယ်သောမထေရ်ထံသွားရန် ညွှန်၏၊ ဤသို့ဖြင့် တဆင့်တဆင့် မိမိအောက်ငယ်သော ရဟန်းတို့ထံသို့သာစေလွှတ်၏။

ထိုသုံးကျိပ်သော ရဟန်းအားလုံးတို့သည် အာသဝေါကုန်ခမ်းသော ရဟန္တာတို့ချည်းသာတည်း။ ပေါဋ္ဌိလမထေရ်သည် သင်ထားခဲ့သောပရိယတ်ကိုမှီ၍ ငါစာတတ်ပုဂ္ဂိုလ် ငါသိပြီးသားဟူသည့် မာန်မာနကို ပယ်နှုတ်တော်မူလိုကြ၍ ပေါဋ္ဌိလကို မိမိအောက်ငယ်သောမထေရ်၏အထံသို့စေလွှတ်၏။

ဤသို့အဆင့်ဆင့်စေလွှတ်ယင်းဖြင့် နိမ့်ရာအရပ်၌ အုပ်ချုပ်နေသော အငယ်ဆုံးခုနှစ်ဝါမျှသာရှိသည့် သာမဏေငယ်၏အထံသို့ စေလွှတ်ကြ၏။ ဤသို့ဖြင့် ပေါဋ္ဌိလ၏မာနကိုနှုတ်ပယ်ကြ၏။

## ခုနစ်နှစ်ရွယ်သာမဏေထံ၌ ကမ္မဋ္ဌာန်းယူခြင်း

မာန်ကို နှုတ်ပယ်ပြီးသော ပေါဋ္ဌိလသည် သာမဏေထံ၌ လက်အုပ်ချီ၍ ''အိုသူတော်ကောင်း ကျွန်ုပ်၏ကိုးကွယ်ရာသည် ဖြစ်ပါလော့''ဟု တောင်းပန်ပြောဆို၏။ သာမဏေက

''ဆရာမြတ်၊ အံ့ဘွယ်ကောင်းလှပေ၏။ အဘယ်ကြောင့် ဤစကားကိုပြောဆိုဘိသနည်း၊ အရှင်ဘုရားသည် တပည့်တော်ထက် အသက်အရွယ် အားဖြင့်လည်း ကြီးမား၏။ ဗဟုသုတလည်းပွားများ၏။ အရှင်ဘုရားထံ၌သာ တပည့်တော်သည် တစုံတခု သိသင့်သိထိုက်သော အကြောင်းရှိသည်သာ ဖြစ်ပေရာ၏''ဟု ပြောဆို၏။

''အိုသူတော်ကောင်း၊ ဤသို့မဆိုပါလင့်၊ ငါ၏ကိုးကွယ်ရာသာဖြစ်ပါလော့''ဟု ပြောဆိုပြန်၏။

သာမဏေက "အရှင်ဘုရားသည် အကယ်၍ အဆုံးအမကို နာခံပါအံ့၊ တပည့်တော်သည် အရှင်ဘုရား၏ကိုးကွယ်ရာဖြစ်ပါတော့အံ့"ဟု ဆိုလတ်သော်-

"အိုသူတော်ကောင်း၊ ဆုံးမသည်ကိုနာခံပါမည်၊ မီးပုံထဲသို့ ဝင်ခိုင်းလျှင် ဝင်ပါမည်"ဟု ဆို၏။

ထိုအခါ မနီးမဝေး၌ရှိသော အိုင်တခုကိုညွှန်ပြ၍

"အရှင်ဘုရား၊ ဝတ်ရုံမြဲအတိုင်းသင်္ကန်းဖြင့် ဤရေအိုင်သို့ ဆင်းပါလော့"ဟု ဆို၏။ သာမဏေသည် ပေါဋ္ဌိလရဟန်းမှာ အဖိုးများစွာထိုက်တန်သည့် နှစ်ထပ်သင်္ကန်းကိုဝတ်ရုံလျှက်ရှိသည်ကိုသိ၍ ဆုံးမခြင်းကိုခံနိုင်၏လော"ဟု စုံစမ်းလို၍ ဤသို့ဆိုခြင်းဖြစ်၏။

ပေါဋ္ဌိလမထေရ်သည် တခွန်းတည်းဖြင့်ပင် ရေအိုင်သို့သက်ဆင်း၏။ သင်္ကန်းအနားစွန်းတို့ကိုရေစိုသောအခါ"အရှင်ဘုရား ပြန်လည်ကြွခဲ့ပါ" ဟု ဆိုပြီး ပြန်လာ၍ ရပ်နေသော မထေရ်ကို သာမဏေက-

"အရှင်ဘုရား၊ တောင်ပို့တခု၌ အပေါက် ခြောက်ပေါက်ရှိပါ၏၊ တခုသောအပေါက်ဖြင့် ဖွတ်သည်ဝင်သွား၏၊ ထိုဖွတ်ကိုဖမ်းလိုသောသူသည် ဝင်ပေါက်မှတပါး ကျန်အပေါက် ငါးခုတို့ကို ပိတ်ဆို့၍ ဝင်ပေါက် ဖြစ်သော ခြောက်ခုမြောက် အပေါက်ကိုဖွင့်၍ ဝင်သွားသော ထိုအပေါက်မှသာလျှင် ဖမ်းယူ၏၊ ထိုနည်းတူစွာ အရှင်ဘုရားသည် ခြောက်ပါးသောဒွါရတို့၌ ဖြစ်ကုန်သောအာရုံတို့တွင် (မနောဒွါရမှအပ) စက္ခုသောတ၊ ဃာန၊ ဇိဝှာ၊ ကာယ

စသည့်ငါးဒွါရတို့ကိုပိတ်၍ မနောဒွါရ၌ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းအမှုကိုဖြစ်စေကုန်လော့"

ဟု ပြောဆို၏။ အကြားအမြင်များပြီးသောရဟန်းအား ဤမျှနှင့်ပင် ဆီမီးထွန်းညှိ၍ပြလိုက်သော အလင်းရောင်ကဲ့သို့ ဖြစ်၏။

ပေါဋ္ဌိလမထေရ်သည် "ဤမျှသာလျှင်ဖြစ်ပါစေတော့"ဟု ဆိုပြီး ကရဇကာယ၌ ဉာဏ်ကိုသက်စေ၍ ရဟန်းတရားကို အားထုတ်၏။

## မြတ်စွာဘုရားအကူအညီ

မြတ်စွာဘုရားသည် ယူဇနာတရာ့နှစ်ဆယ်ထက်၌ သီတင်းသုံးတော်မူလျက် ပေါဋ္ဌိလမထေရ်ကို ကြည့်ရှုတော်မူပြီး ဤရဟန်းသည် မြေကြီးအထုနှင့်တူသော ပညာရှိဘိသကဲ့သို့သာလျှင် ပညာရှိ၏။ဤနည်းဖြင့်သာလျှင် ဤရဟန်းသည် မိမိကိုယ်ကို တည်စေခြင်းငှာအပ်၏ဟု နှလုံးသွင်းတော်မူလျက် ထိုရဟန်းနှင့်အတူ စကားပြောဆိုသကဲ့သို့ ကိုယ်ရောင်တော်ကို နှံ့စေ၍ ဤဂါထာကိုဟောတော်မူ၏။

(၂၈၂) ယောဂါ ဝေ ဇာယတီ ဘူရိ၊
အယောဂါ ဘူရိသင်္ခယော။
ဧတံ ဒွေဓာပထံ ဉတွာ၊
ဘဝါယ ဝိဘဝါယ စ။
တထာတ္တာနံ နိဝေသေယျ၊
ယထာ ဘူရိ ပဝဍ္ဎတိ။

(၂၈၂) ဘာဝနာ၌အားထုတ်ခြင်းကြောင့် မြေကြီးပမာ ကျယ်ပြန့်စွာသောပညာသည်ဖြစ်၏။

အားမထုတ်ခြင်းကြောင့် ပညာ၏ ကုန်ခမ်းပျက်စီးခြင်းသည်ဖြစ်၏။ တိုးပွားခြင်းမတိုးပွားခြင်းတို့ နှစ်ဖြာသောလမ်းခရီးကိုသိ၍ ဤသို့ ကျင့်လျှင် ပညာတိုးပွား၏။ ထိုကဲ့သို့ပင် မိမိကိုယ်ကိုသိမ်းသွင်းရာ၏။

ဂါထာတော်၏အဆုံး၌ ပေါဋ္ဌိလမထေရ်သည် အရဟတ္တဖိုလ်၌ တည်၏။

(ဓမ္မပဒ မဂ္ဂဝဂ် ခုနစ်ခုမြောက် ပေါဋ္ဌိလမထေရ်ဝတ္ထု ပြီး၏)

ဝ ဝ ဝ

## ၂၀။ မဂ္ဂဝဂ်

## ၈။ ဖြတ်အောင်သာဖြတ်လေလော့

(အသက်ကြီးမှ ရဟန်းပြုသူတို့ဝတ္ထု)

တဏှာရာဂစသည်ဖြင့်
ရှုပ်ထွေးနေသောတောကိုခုတ်ပါ
သစ်ပင်ကြီးကိုသာခုတ်ရန်မဟုတ်။
တောနှင့်ချုံတို့ကိုသာခုတ်ပါ။
မိမိဇနီးကို အနည်းငယ်မျှမပြတ်လျှင်
နို့ဆာသော နွားငယ်သည် အမေ့ထံကပ်သကဲ့သို့
ထိုယောက်ျားသည် ကပ်ငြိစိတ်ရှိမည်သာဖြစ်၏။

(ဝနံ ဆိန္ဒထ) စသည့်ဂါထာတော်ကို ဇေတဝန်ကျောင်းတော်၌ စံတော်မူစဉ် သက်ကြီးရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်မှ လူချမ်းသာတို့သည် စုပေါင်း၍ကောင်းမှုပြုယင်း ဘုရား၏တရားတော်ကိုနာကြားရ၍ ငါတို့သည်အသက်အရွယ်ကြီးကြပြီ၊ လူ့ဘောင်၌နေ၍ အဘယ်အကျိုးရှိအံ့နည်းဟု တိုင်ပင်ကြပြီး ဘုရားသခင်ထံ ရဟန်းပြုကြလေ၏။

အရွယ်ကြီးမှရဟန်းဖြစ်ကြ၍ ပိဋကတ်တော်ကို သင်ယူခြင်းငှာ မစွမ်းနိုင်သောကြောင့် ကျောင်း၏ အစွန်အဖျား နေရာ၌ သစ်ရွက်မိုးသော ဇရပ်ကျောင်းကို ဆောက်လုပ်ပြီး နေကြ၏၊ ဆွမ်းခံကြွလျှင်လည်း များသောအားဖြင့် သားမယားတို့အိမ်သို့ သာသွား၍စားကြ၏။

တပါးသော ရဟန်းကြီး၏ မယားဟောင်းသည် အချက်အပြုတ်ကောင်းသောကြောင့် "မဓုရပါစိကာ" အမည်ရှိ၏။ ရဟန်းကြီးတို့အား ကျွေးဇူးပြုတတ်၍ အားလုံးသော ရဟန်းကြီးတို့သည် ရသောဆွမ်းခဲဖွယ်တို့ကို မဓုရပါစိကာ၏အိမ်၌သာလျှင် စုပေါင်းစားသောက်ကြ၏။ ထိုမဓုရပါစိကာသည် မမျှော်လင့်ပဲ ရုတ်တရက်သေဆုံးသွား၏။ ထိုသက်ကြီးရွယ်အိုရဟန်းတို့သည် ကျောင်း၌ အချင်းချင်းလည်ပင်းဖက်လျက်ငိုကြွေးကြ၏။ ရဟန်းတို့ လာရောက်မေးမြန်းသောအခါ အလွန်ကျွေးဇူးများသော အစားထိုးမရနိုင်သည့် မဓုရပါစိကာ ဒါယိကာမသေဆုံး၍ ငိုကြွေးကြကြောင်း ပြောဆို၏။

ရဟန်းတို့သည် တရားသဘင်၌ ထိုအကြောင်းကိုပြောကြားကြ၏၊ မြတ်စွာဘုရား ကြွလာတော်မူ၍ မေးမြန်း လေလျှင် အကြောင်းစုံပြန်ကြားလျှောက်ထားကြ၍ မြတ်စွာဘုရားက

"ချစ်သားတို့ ဤရဟန်းကြီးတို့သည် ယခုသာမဟုတ်သေး၊ ရှေးကလည်း ပင်ပန်းခဲ့ကြဖူးပြီ" ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

**သမုဒ္ဒရာရေကို နှုတ်သီးဖြင့်သယ်သော ကျီးများဝတ္ထု**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း၊ မင်းပြုသည်ရှိသော် ဘုရားအလောင်းတော်သည် သမုဒ္ဒရာ၌ နတ်ဖြစ်လေ၏။

ကျီးတကောင်သည် မယားကျီးမနှင့် အစာရှာရန် သမုဒ္ဒရာ ကမ်းသို့သွား၏၊ ထိုအခါ၌ လူတို့သည် နဂါးမင်းကို ထမင်း သားငါးအမဲ သေအရက်တို့ဖြင့် ပူဇော်၍ပြန်သွားကြ၏၊ ကျီးဖို ကျီးမတို့သည် စားစရာတို့ကိုစား၍ သေအရက်တို့ကိုသောက်၏၊ ယစ်မူးကြသောကြောင့် သမုဒ္ဒရာထဲသို့ ပါသွားလေ၏၊ ငါး တကောင်က ကျီးမကိုမျို၏။

ကျီးဖိုသည် ငါ့မယားသေပါပြီဟု ငိုကြွေးမြည်တမ်း၏၊ ထို အသံကိုကြား၍ ကျီးတို့ဝိုင်းအုံလာကြပြီး အားလုံးပင် တပြိုင် နက် ငိုကြွေးကြ၏။

ထိုနောက် ကျီးတို့က ဤသမုဒ္ဒရာရေသည် ပြောပလောက် သည်မဟုတ်၊ ကျီးအင်အားလည်းများလှသည်၊ ရေကိုနှုတ်သီး ဖြင့်သယ်၍ ကုန်အောင်ပြုပြီး ကျီးမကိုကယ်ကြစို့ဟု ရေကို နှုတ်သီးဖြင့်သယ်၍ အခြား၌စွန့်ကြ၏၊ ဆားငံရည်ကြောင့် အာ ခြောက်လျှင် အပင်ပန်းဖြေကုန်၏၊ ဤသို့နားယင်း သယ်ယင်း ပင်ပန်းလွန်းလှ၍ အချင်းချင်းခေါ်၍ ဤသမုဒ္ဒရာရေသည် ငါတို့သယ်ယူတိုင်းသယ်ယူတိုင်း ပြန်၍ပြည့်၏၊ ဤသမုဒ္ဒရာရေ ကို ခမ်းအောင် မစွမ်းနိုင်ဟုတိုင်ပင်ပြီး လက်လျှော့ကြကုန်၏။

ထိုနောက် ကျီးမ၏ အချောအလှ ဂုဏ်ပုဒ်တို့ကို ဖော်ပြီး ငိုကြွေးကြ၏။ ထိုကျီးတို့ကို သမုဒ္ဒရာနတ်သည် ပြေးစေသော အခါ ထိုကျီးတို့သည် ချမ်းသာခြင်းကို ရတော့၏။

မြတ်စွာဘုရားသည် ဤ ကေကနိပါတ် ကာကဇာတ်ကို အကျယ်ဟောတော်မူပြီး ထိုအခါ ကျီးမသည် ယခုသေလွန်သော မယားဟောင်း ဖြစ်ခဲ့သည်။ ကျီးဖိုသည် အသက်ကြီး မထေရ်ဖြစ်ပြီး အခြားကျီးတို့သည် အသက်ကြီးမထေရ် တို့ဖြစ်ကုန်၏။ သမုဒ္ဒရာနတ်ကား ငါဘုရားသာလျှင် ဖြစ်သည်ဟု ဇာတ်ကို ပေါင်းတော်မူပြီးနောက် ထိုရဟန်းတို့ကို ခေါ်တော်မူပြီး-

"ချစ်သား ရဟန်းတို့ ရာဂ ဒေါသ မောဟကို မှီ၍ အသင်တို့သည် ဤသို့ ဆင်းရဲခြင်းကို ရောက်ကြရ၏။ ထိုတဏှာရာဂ စသော တောကိုဖြတ်ခြင်းငှာ သင့်၏။ ဤသို့ဖြတ်မှ ဆင်းရဲကင်းမည် ဖြစ်၏"

ဟု မိန့်တော်မူ၍-

(၂၈၃) ဝနံ ဆိန္ဒထ မာ ရုက္ခံ၊
ဝနတော ဇာယတေ ဘယံ။
ဆေတွာ ဝနဉ္စ ဝနထဉ္စ၊
နိဗ္ဗနာ ဟောထ ဘိက္ခဝေါ။

(၂၈၄) ယာဝ ဟိ ဝနထော န ဆိဇ္ဇတိ၊
အဏုမတ္တောပိ နရဿ နာရိသု။
ပဋိဗဒ္ဓမနောဝ တာဝ သော၊
ဝစ္ဆော ခီရပကောဝ မာတရိ။

(၂၀၃) တဏှာရာဂ စသည် ထွေးရှုပ် ထိုတောအုပ်ကို ခုတ်ဖြတ်ကြကုန်လော့၊ သစ်ပင်ကို မဖြတ်ကြပါကုန်လင့်၊ တောကြောင့် ဘေးဖြစ်၏။ ကိလေသာထူပြောသော တောကြောင့် ဆင်းရဲတမျှ ဇာတိစသော ဘေးသည် ဖြစ်၏။

သစ်ပင်ကြီးပမာရှေးကရှိသော ကိလေသာကိုလည်းကောင်း၊ သစ်ပင်ငယ်ပမာရှုပ်ထွေးလှသည့် ကိလေသာတောကိုလည်းကောင်း၊အံ့ရဟတ္တမဂ်ဉာဏ် သံလျက်ဖြင့် ဖြတ်၍ သင်ရဟန်းတို့သည် ကိလေသာတောကြီးကို ရှင်းကြကုန်လော့။

(၂၀၄) ထိုစကား မှန်၏။ (အကြင်မျှလောက်) ယောကျ်ားမိန်းမတို့၌ အနုမြူမျှဖြစ်သော ကိလေသာ တည်းဟူသော တောကို အပြတ်မဖြတ်နိုင်သေး၊ (ထိုမျှလောက်) နို့မဖြတ်သေးသော နွားငယ်သည် အမိနွားမ၌ ကပ်၍ နေသကဲ့သို့ ထိုသူသည် မိန်းမ၌ ကပ်ငြိသောစိတ်ရှိသည် သာလျှင် ဖြစ်၏။

ဒေသနာတော်၏အဆုံး၌ ထိုရဟန်းကြီးတို့သည် သောတာပတ္တိဖိုလ်၌ တည်၏။

(ဓမ္မပဒမဂ္ဂဝဂ် ရှစ်ခုမြောက် သမ္ဗဟုလမဟလ္လကမထေရ်တို့ဝတ္ထု ပြီး၏။)

## ၂၀။ မဂ္ဂဝဂ်

## ၉။ ချစ်ခြင်းတဏှာကို ဖြတ်လော့

### (ရှင်သာရိပုတ္တရာ၏တပည့်ရဟန်းဝတ္ထု)

ချစ်ခြင်းတဏှာကို အရဟတ္တမဂ်ဉာဏ်
သံလျက်ဖြင့် ဖြတ်အောင်သာ ဖြတ်လေလော့။

(ဥစ္ဆိန္ဒ သိနေဟ မတ္တနော) အစရှိသော ဒေသနာတော်ကို ရှင်သာရိပုတ္တရာ၏ တပည့် ရဟန်းတပါးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

အလွန်အဆင်းလှသော ရွှေပန်းတိမ်သည်၏ သားတယောက်သည် ရှင်သာရိပုတ္တရာမထေရ်ထံ၌ ရဟန်းပြု၏။ ရှင်သာရိပုတ္တရာသည် ငယ်ရွယ်သောသူတို့တွင် ရာဂထူပြောတတ်သည်ဟု ကြံ၍ အသုဘကမ္မဋ္ဌာန်းကို ပေး၏။ အသုဘကမ္မဋ္ဌာန်းမှာ ထိုရဟန်းငယ်နှင့်မသင့်။ ထို့ကြောင့် တောသို့ဝင်၍ သုံးလတိုင်တိုင် ကြိုးစားသော်လည်း သမာဓိကိုမျှ မရသောကြောင့် ရှင်သာရိပုတ္တရာထံသွားရောက် လျှောက်ထားရာ ထိုကမ္မဋ္ဌာန်းကိုပင် ထပ်မံ ရှင်းလင်း သင်ကြားပေးပြီး ကျင့်စေပြန်၏။

## စရိုက်နှင့်မလျော်လျှင် တရားထူးမရ

ထိုရဟန်းငယ်သည် နှစ်ကြိမ်မြောက် ကြိုးစားသော်လည်း တရားထူးမရသောကြောင့် မထေရ်အား လျှောက်ကြားပြန်၏။ သာရိပုတ္တရာမထေရ်လည်း အကြောင်းအရာ စုံလင်စွာဥပမာနှင့် တကွ ထိုအသုဘကမ္မဋ္ဌာန်းကိုသာ ပေးပြန်၏။ ရဟန်းငယ်လည်း တောသို့တဖန် ဝင်ပြီးကြိုးစားအားထုတ်ပြန် သော်လည်း တရား ထူးမရ၍ ပြန်လည်လျှောက်ထားပြန်၏။

ထို့ကြောင့် မြတ်စွာဘုရားထံ ရဟန်းငယ်ကို ခေါ်၍ အကြောင်းစုံလျှောက်ထား၏။

## စရိုက်ကိုကြည့်၍ ပေးသနားတော်မူခြင်း

ထိုအခါ သာရိပုတ္တရာမထေရ်ကို မြတ်စွာဘုရားက "ဤအာသယာနုသယဉာဏ်မည်သည် ပါရမီတို့ကို ဖြည့်၍ သဗ္ဗညုအဖြစ်သို့ရောက်သော ဘုရားရှင်တို့၏အရာသာ ဖြစ်ပေသည်"ဟု မိန့်တော်မူ၍ သဗ္ဗညုတဉာဏ်တော်ဖြင့် ကြည့်တော်မူလျှင် ဤရဟန်းငယ်သည် ဘဝငါးရာပတ်လုံး ရွှေပန်းတိမ်သည်၏ အမျိုး၌သာ ဖြစ်ခဲ့သည်၏အဖြစ်ကို မြင်တော်မူ၏။ ဤရဟန်းငယ်သည် မဟာလှေကားပန်း၊ ပဒုမ္မာပန်းပွင့်တို့ကို ပြုလုပ်ရန်ကြံ၍ နီမြန်းသောရွှေကိုသာလျှင် အပြန်ပြန်အလှန်လှန် ခတ်၏။ အနုပညာ အာရုံသာရှိ၏။ ထို့ကြောင့် ဤရဟန်းငယ်အား အသုဘကမ္မဋ္ဌာန်းဖြင့် မလျော်ပတ် နှစ်သက်ဖွယ်သော ကမ္မဋ္ဌာန်းသာလျှင် သင့်၏ဟု ကြံတော်မူ၍-

“ချစ်သား သာရိပုတ္တရာ။ သင်သည်ကမ္မဋ္ဌာန်းပေး၍ လေးလပတ်လုံး ပင်ပန်းခဲ့သော ရဟန်းကို ယနေ့ ဆွမ်းစားပြီးချိန်၌ အရဟတ္တဖိုလ်သို့ ရောက်သည် မြင်ရလတံ့၊ အသင် သွားလေလော့”ဟု ရှင်သာရိပုတ္တရာမထေရ်ကို လွှတ်လိုက်၏။

ထို့နောက် တန်ခိုးတော်ဖြင့် လှည်းဘီး ပမာဏ ရှိသော ရွှေကြာပဒုမ္မာကိုဖန်ဆင်းတော်မူပြီး ပွင့်ချပ်တို့ဖြင့်လည်းကောင်း ကြာရိုးတို့ဖြင့်လည်းကောင်း ရေပေါက်တို့ကို လွှတ်သကဲ့သို့ပြု၍-

“ချစ်သားရဟန်း ဤကြာပန်းကိုယူ၍ ကျောင်းစွန်ရှိ သဲပုံ၌ ထားပြီး ရှေ့တည့်တည့်မှ တင်ပလ္လင်ခွေထိုင်၍ (လောဟိတကံ) နီစွ၊နီစွဟု ကသိုဏ်းပရိကံကိုပြုလော့”ဟု မှာထား၍ ပေးသနားတော်မူ၏။

ထိုရဟန်းငယ်သည် မြတ်စွာဘုရားလက်တော်မှ ကြာပန်းကို ရလျှင်ပင် စိတ်ကြည်လင်၏။ ကျောင်း၏အစွန်၌ သဲကို စုပုံ၍ ကြာရိုးကို စိုက်၍ ရှေ့မှ တင်ပလ္လင်ခွေထိုင်၍နေလျက် (လောဟိတကံ) နီစွ၊ နီစွဟု အားထုတ်၏။

ထိုခဏ၌သာလျှင် ရဟန်းငယ်အား နီဝရဏတို့သည် ကွာကုန်၏။

နီဝရဏတို့ ကွာထွက်ကုန်သည်နှင့် ဥပစာရစျာန်သည်ဖြစ်၏။ ဥပစာရစျာန် ဖြစ်သည်၏ နောက်၌ ပထမစျာန်ကို ဖြစ်စေ၍ ငါးပါးသောအခြင်းအရာတို့ဖြင့် ဝသီဘော်သို့ရောက်စေပြီးလျှင် ထိုင်နေမြဲထိုင်နေလျက်သာ ဒုတိယစျာန် စသည်တို့သို့ ရောက်၍ လေ့လာလျက် စတုတ္ထစျာန်ဖြင့် စျာန်၏ကစားခြင်းကို ကစားစံပယ်လျက် ထိုင်နေ၏။

မြတ်စွာဘုရားသည် ထိုရဟန်းငယ်၏ စျာန်ရရှိသောအဖြစ်ကို သိတော်မူ၍ ဤရဟန်းငယ်သည် မိမိအလိုအလျောက် အထက်စျာန်မဂ်ဖိုလ်ထူးကို ဖြစ်စေခြင်းငှာ တတ်နိုင်အံ့လောဟု ကြည့်ရှုတော်မူသည်ရှိသော် မတတ်နိုင်သည့်အဖြစ်ကို သိတော်မူသောကြောင့် ထိုပဒုမ္မာကြာပန်းသည်ညှိုးနွမ်းစေသတည်းဟုအဓိဋ္ဌာန်တော်မူ၏။ လက်တို့ဖြင့် ဆုတ်နယ်အပ်သော ကြာပန်းကိုညှိုးနွမ်းမဲနက်သောအဆင်း ဖြစ်ပေါ်စေ၏။

## ကမ္မဋ္ဌာန်းနိမိတ်ထင်ခြင်း

ရဟန်းငယ်သည် ဝင်စားသောစျာန်မှ ထ၍ ညှိုးနွမ်းသောကြာပန်းကို ကြည့်ပြီး အသို့နည်း ဤကြာပန်းသည် ဆွေးမြေ့ခြင်းဖြင့် ဇရာ၏နှိပ်စက်ခြင်းငှာ ဖြစ်သည်ထင်၏။ အနုပါဒိန္နကရုပ်သည်လည်း ဤသို့ပင် ဇရာနှိပ်စက် ဖျက်ဆီးခဲ့သည် ရှိသော် ဥပါဒိန္နက သစိဉာဏကဖြစ်သော ဤငါ၏ကိုယ်၌ အဘယ်ဆိုဘွယ်ရာရှိတော့မည်နည်း ငါ၏ကိုယ်ကိုလည်း အိုခြင်း သေခြင်းသည် နှိပ်စက်လတံ့ဟု ဆင်ခြင်၍ အနိစ္စလက္ခဏာကို ရှု၏။

အနိစ္စလက္ခဏာထင်လေလျှင် ဒုက္ခလက္ခဏာကိုလည်းကောင်း၊ အနတ္တ လက္ခဏာကို¦လည်းကောင်း ထင် အပ် သည် သာ လျှင်ဖြစ်၏။

ဤသို့ ထိုရဟန်းအား သုံးပါးသော ဘဝတို့သည် အလျှံပြောင်ပြောင် တောက်လောင်သောမီးကဲ့သို့ လည်ပင်း၌ ဆွဲထားအပ်သော အကောင်ပုပ်ကဲ့သို့ ထင်ကုန်၏။

ထိုခဏ၌ ရဟန်းငယ်၏နေရာအနီး၌ သူငယ်တို့သည် ရေကန်တခုသို့ဆင်းသက်၍ ကြာပန်းတို့ကိုချိုးယူပြီး ကုန်း ပေါ်၌ ပုံထား၏။

ထိုရဟန်းသည် ရေ၌ရှိသောကြာပန်း၊ကုန်း၌ရှိသောကြာပန်းတို့ကိုကြည့်ရှု၏၊ ထိုအခါ ရေ၌ရှိသော ကြာတို့သည် အလွန်အဆင်းလှကုန်၏၊ ရေဖြင့်ယိုစီးသကဲ့သို့ ထင်ကုန်၏။

ကုန်း၌စုပုံထားသောကြာတို့သည် အဖျားတို့၌ ညှိုးနွမ်းသော အခြင်းအရာကိုမြင်၏။

ထိုရဟန်းသည် အသက်ဝိညာဉ်မရှိသော အနုပါဒိန္နကဝတ္ထုကို ဇရာတရားသည် ဤသို့ဖျက်ဆီး၏၊ အသက်ဝိညာဉ်ထင်ရှားသော ဥပါဒိန္နကကို အဘယ်ကြောင့်မဖျက်ဆီးပဲ ရှိနေမည်နည်းဟု ဆင်ခြင်၍ အတိုင်းထက်အလွန် အနိစ္စလက္ခဏာ အစရှိသည်တို့ကို ထင်မြင်လာ၏။

မြတ်စွာဘုရားသည် ဂန္ဓကုဋိတိုက်၌ ထိုင်နေတော်မူလျက်ပင် ယခုအခါ ဤရဟန်းအား ကမ္မဋ္ဌာန်းထင်ရှားဖြစ်ပြီဟုသိတော်မူ၍ ရောင်ခြည်တော်ကိုလွှတ်တော်မူ၏။

ထိုအရောင်သည် ကမ္မဋ္ဌာန်းစီးဖြန်းသောရဟန်း၏မျက်နှာကို ထိခတ်၏၊ ထိုအခါ ဤအရောင်သည်ကား မည်သို့နည်းဟု ကြံစည်၍ကြည့်ရှုစဉ်ပင် မြတ်စွာဘုရားသည် ကြွတော်မူ၍ မျက်မှောက်၌ ရပ်သကဲ့သို့မြင်၏၊ ထိုရဟန်းသည် ထ၍လက်အုပ်ကိုချီ၏၊ထိုအခါ မြတ်စွာဘုရားသည် ဤဂါထာကိုဟောတော်မူ၏။

(၂၇၅) ဥစ္ဆိန္ဒ သိနေဟမတ္တနော၊
ကုမုဒံ သာရဒိကံဝ ပါဏိနာ။
သန္တိမဂ္ဂမေဝ ဗြူဟယ၊
နိဗ္ဗာနံ သုဂတေန ဒေသိတံ။

(၂၇၅) တန်ဆောင်မုန်းလ၌ဖြစ်သောကြာပန်းကို လက်ဖြင့် ဖြတ်သကဲ့သို့ မိမိ၏ချစ်ခြင်းပြင်းလှသောတဏှာကို ဥာဏ်သံလျက်ဖြင့် ဖြတ်လေ့။

မြတ်စွာဘုရားသည် နိဗ္ဗာန်ကိုဟောတော်မူအပ်၏။
နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော မဂ်ကိုသာလျှင် ပွားလေ့။

ဒေသနာတော်၏အဆုံး၌ ထိုရဟန်းသည် အရဟတ္တဖိုလ်၌ တည်၏။

(ဓမ္မပဒ မဂ္ဂဝဂ် ကိုးခုမြောက် သာရိပုတ္တရာမထေရ်၏ပဉ္စဝတ္ထုပြီး၏)

## ၂၀။ မဂ္ဂဝဂ်

# ၁၀။ နေရမည့်ရက် ထည့်မတွက်နှင့်

## (မဟာဓနကုန်သည်ဝတ္ထု)

ဘယ်နေရာမှာ
ဘယ်လောက်ကြာကြာနေမည်ဟု
ရက်ချိန်းသတ်မှတ်ထားသူသည်
မိမိပျက်စီးမည့်အန္တရာယ်ကိုမသိရှာပေ။

(ဣဓဝဿံ ဝသိဿာမိ) အစရှိသောဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ မဟာဓနကုန်သည်ကြီးကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

မဟာဓနကုန်သည်ကြီးသည် ဗာရာဏသီပြည်မှ ပုဆိုးတို့ကို တင်ကာ လှည်းငါးရာဖြင့် သာဝတ္ထိပြည် တခုသောမြစ်ကမ်းသို့ရောက်လျှင် နက်ဖြန်ခါ မြစ်ကိုကူးမည်ဟု တဖက်ကမ်း၌ ရပ်နားအိပ်နေစဉ် မိုးကြီးရွာ၍ မြစ်သည် ခုနစ်ရက်ပတ်လုံး ရေပြည့်လျက်နေ၏။

သာဝတ္ထိမြို့သားတို့သည် ခုနစ်ရက်ပတ်လုံး နက္ခတ်ပွဲသဘင်ဖြင့် ကစားပျော်ပါးကြ၏၊ မဟာဓနကုန်သည်ကြီးသည် ပွဲတော်ကိုမမှီလိုက်၍ ငါသည် ခရီးဝေးမှလာရသည်၊ တခေါက်ပြန်လာ

ရန်မှာမလွယ်၊ ဤသာဝတ္ထိမြို့မှာသာ မိုး၊ ဆောင်း၊ နွေ ဥတု သုံးပါးလုံးရောင်းချ၍ နေတော့အံ့ဟု ကြံ၏။

## မြတ်စွာဘုရား ပြုံးတော်မူခြင်း

ဘုရားသခင်သည် မြို့ဦးဆွမ်းခံယင်း ထိုကုန်သည်ကြီး၏ စိတ်အကြံကိုသိ၍ ပြုံးတော်မူ၏၊ အာနန္ဒာမထေရ်က အကြောင်းထူးရှိမည်ဟု မေးလျှောက်သည်ဖြစ်၍

"ဤကုန်သည်ကြီးကိုမြင်၏လော၊မိမိ၏အသက်အန္တရာယ်ကို မသိပဲ တနှစ်လုံး ဤမှာပင်နေ၍ ပုဆိုးတို့ကို ရောင်းချမည်ဟု ကြံစည်နေ၏"ဟု မိန့်တော်မူ၏။

"အရှင်ဘုရား။ ထိုကုန်သည်တွင် အသက် အန္တ ရာယ် ဖြစ် လိမ့်မည်လော"ဟု မေးလျှောက်၏။

"ဩော်-ဟုတ်ပေ၏။ ခုနစ်ရက် သာ လျှင် အသက်ရှည်၍ သေမင်းခံတွင်း၌ ကျရောက်လတံ့"ဟု မိန့်တော်မူ၍

"ယနေ့လုပ်စရာကို ယနေ့ပင်လုပ်ရာ၏။
နက်ဖြန်၌သေခြင်းကို အဘယ်သူသိမည်နည်း။
ငါတို့သည် သေမင်းနှင့် အချိန်းအချက်မရှိ။
နေ့ရောညဉ့်ပါ ပျင်းရိခြင်းမရှိသော၊ ကိလေသာကို
ပူပန်စေတတ်သော၊ လုံ့လရှိသော ထိုပုဂ္ဂိုလ်ကို
တညဉ့်မျှ အသက် ရှည်သော် လည်း၊ ကောင်းသော
အသက်ရှည်ခြင်း"ဟု
သူတော်ကောင်းဖြစ်တော်မူသော မြတ်စွာဘုရားသည်
ဟောကြားတော်မူ၏။

အာနန္ဒာမထေရ်က-

"အရှင်ဘုရား။ တပည့်တော်သွားရောက် ပြောပါအံ့" ဟု လျှောက်ကြား၏။

"အာနန္ဒာ ရဲရဲဝံ့ဝံ့ သာသွား၍ပြောချေလော့"ဟု မိန့်တော်မူ၏။

အာနန္ဒာမထေရ်သည် လှည်းစခန်းချရာ၌ ဆွမ်းအလို့ငှာ လှည့်လေ၏၊ ကုန်သည်ကြီးက ဆွမ်းအာဟာရဖြင့်ဖိတ်၏၊ အရှင်အာနန္ဒာက ကုန်သည်ကြီးအား "အဘယ်မျှ သာဝတ္ထိပြည်၌ နေမည်နည်း"ဟု မေး၏။

"တပည့်တော်သည် တနှစ်ပတ်လုံးနေ၍ ပစ္စည်းများကို ရောင်းချသွားပါမည်"

"ဥပါသကာ၊ အသက်၏အန္တရာယ်ကို သိနိုင်ခဲ၏၊ မမေ့မလျော့နေလေလော့"

"အရှင်ဘုရား တပည့်တော်တွင် အသက်အန္တရာယ်ဖြစ်မည်ဟု မြင်ပါသလော"

"မှန်ပေ၏၊ ဥပါသကာ အသင်၏အသက်သည် ခုနစ်ရက်သာလျှင် ရှည်တော့မည်"

ထိုကုန်သည်ကြီးသည် ထိတ်လန့်တုန်လှုပ်၍ ဘုရားအမှူးရှိသော ရဟန်းအပေါင်းတို့ကိုပင့်ပြီး ခုနစ်ရက်လုံး ကြီးစွာသော အလှူကိုလှူ၍ အနုမောဒနာပြု၍ သပိတ်တော်ကိုယူ၏၊ ထိုအခါ မြတ်စွာဘုရားသည် အနုမောဒနာ ပြုတော်မူလိုသောကြောင့် အောက်ပါဂါထာကို ဟောတော်မူ၏။

(၂၈၆) ဣဓ ဝဿံ ဝသိဿာမိ၊ ဣဓ ဟေမန္တဂိမှိသု။
ဣတိ ဗာလော ဝိစိန္တေတိ၊ အန္တရာယံ န ဗုဇ္ဈတိ။

(၂၈၆) ဤအရပ်၌ မိုးလေးလပတ်လုံးနေအံ့၊ ဤအရပ်၌ ဆောင်းလေးလ၊ နွေလေးလနေအံ့၊ ဤသို့ပညာမျက်စိမရှိသူသည် ကြံစည်၏။ မိမိ၏အန္တရာယ်ကိုမူကား မသိရှာပေ။

ဒေသနာတော်၏အဆုံး၌ ထိုမဟာဓန ကုန်သည် ကြီးသည် သောတာပတ္တိဖိုလ်၌တည်၏။ ပရိသတ်တို့အား အကျိုးရှိသော ဒေသနာသည်ဖြစ်၏။

ကုန်သည်ကြီးသည် မြတ်စွာဘုရားကို လိုက်ပါပို့ဆောင်ပြီး ပြန်လာခဲ့၍ ခေါင်းကိုက်သည်ဟု အိပ်ရာ၌အိပ်၏၊ အိပ်လျက်သာလျှင်သေလွန်ခြင်းကိုပြု၍ တုသိတာနတ်ပြည်၌ ဖြစ်လေ၏။

(ဓမ္မပဒ မဂ္ဂဝဂ် ဆယ်ခုမြောက် မဟာဓနကုန်သည်ကြီးဝတ္ထု ပြီး၏။)

## ၂၀။ မဂ္ဂဝဂ်

## ၁၁။ ကိသာဂေါတမီဝတ္ထု

အသက်တရာနေရသော်လည်း
နိဗ္ဗာန်ကိုမမြင်သောသူသည် မမြတ်၊
နိဗ္ဗာန်ကိုမြင်ရသူ၏
တရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

(တံ ပုတ္တ ပသု သမ္မတ္တံ) အစခ်သောဒေသနာကို ဇေတဝန်ကျောင်းတော်၌ ကိသာဂေါတမီကိုအကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ဤဝတ္ထုကို သဟဿဝဂ်၌ ဖော်ပြပြီးဖြစ်၏။

"သေခြင်းကင်းသော နိဗ္ဗာန်ကိုမမြင်သော အကြင်သူသည် အနှစ်တရာပတ်လုံး အသက်ရှည်အံ့၊ထိုသူသည်မမြတ်၊သေခြင်းကင်းသောနိဗ္ဗာန်ကိုမြင်သောသူ၏ တရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏"ဟူ၍ ဟောတော်မူခဲ့၏။

ဤဂါထာအဖွင့်၌ ခွဲ၍ဟောခဲ့ပြီ၊ ထိုအခါ၌ မြတ်စွာဘုရားသည်ကိသာဂေါတမီကို'မုန်ညင်းဆန်တလက်ဆွမ်းမျှရခဲ့ပြီလော' ဟု မေးတော်မူလျှင် "မရခဲ့ပါ၊ ရွာတိုင်း အိမ်တိုင်း၌ အသက်ရှည်သူတို့ထက် သေသောသူတို့သည်သာ များပါသည်" ဟု လျှောက်၏။

ထိုအခါ၌ မြတ်စွာဘုရားက "သင်သည် ငါ၏သားသာလျှင် သေ၏ဟု မှတ်၏။ ဤသေတတ်သော သဘောတရားသည် ခပ်သိမ်းသောသတ္တဝါတို့အား မြဲသောသဘောတည်း၊ အလိုမပြည့်သောသတ္တဝါအားလုံးတို့ကို သေမင်းသည် အိပ်ပျော်နေသော ရွာသားအပေါင်းကို ကြီးစွာသောရေအလျှင်သည် ဆွဲဆောင်ယူငင်ပြီး သမုဒ္ဒရာ၌ထည့်သကဲ့သို့ အပါယ်ဟူသော သမုဒ္ဒရာ၌ ထည့်၏" ဤသို့မိန့်တော်မူ၍ တရားကိုဟောတော်မူလိုသော မြတ်စွာဘုရားသည် ဤဂါထာကိုဟောတော်မူ၏။

(၂၈၇) တံ ပုတ္တပသုသမ္မတ္တံ၊ ဗျာသတ္တမနသံ နရံ။
သုတ္တံ ဂါမံ မဟောဃောဝ၊ မစ္စု အာဒါယ ဂစ္ဆတိ။

(၂၈၇) သားသမီး၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား စသည်တို့နှင့်စပ်သော အတွင်းရုပ်၊ အပြင်ရုပ်၌ ကပ်ငြိသော စိတ်ရှိသောထိုလူကို အိပ်ပျော်နေသော ရွာသူရွာသားအပေါင်းအား ကြီးစွာသောရေအယဉ်သည် ယူ၍သွားသကဲ့သို့ သေမင်းသည် ယူ၍သွား၏။

ဒေသနာတော်၏အဆုံး၌ ကိသာဂေါတမီသည် သောတာပတ္တိဖိုလ်၌ တည်၏။ ရောက်လာသော ပရိသတ်တို့အားလည်း ဓမ္မဒေသနာသည် ဖြစ်၏။

(ဓမ္မပဒမဂ္ဂဝဂ် တဆယ့်တခုမြောက် ကိသာဂေါတမီဝတ္ထု ပြီး၏။)

## ၂၀။ မဂ္ဂဝဂ်

## ၁၂။ အားကိုးစရာ ဘယ်မှာနည်း

### (ပဋာစာရီဝတ္ထု)

အမိအဖ သားသမီးဆွေမျိုး မိတ်ဆွေတို့သည်
သေမင်းနှိပ်စက်သည်ကို အားကိုးစရာမဟုတ်ဟုသိလျှင်
သင်သည် သီလကိုစောင့်၍၊
မဂ်လမ်းကိုလျှောက်ရာ၏။

(န သန္တိ ပုတ္တာ)ဤဓမ္မဒေသနာကို ဇေတဝန်ကျောင်းတော်၌ ပဋာစာရီကိုအကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ဤပဋာစာရီဝတ္ထုကို သဟဿဝဂ်၌ အကျယ်ဖော်ပြခဲ့ပေပြီ။ ထိုအခါ၌ကား မြတ်စွာဘုရားသည် ပဋာစာရီကိုစိုးရိမ်ပူပန်မှုများသောအဖြစ်ကိုသိ၍-

"ပဋာစာရီ။ ။အမိအဖ၊ သားသမီး၊မိတ်ဆွေသင်္ဂဟတို့သည် တမလွန်သို့ကူးပြောင်းသူအတွက် စောင့်ရှောက်ရာ၊ ပုန်းအောင်းရာ၊ ကိုးကွယ်ရာမဖြစ်နိုင်၊

ထို့ကြောင့် ထိုသား အစရှိသောသူတို့သည် မရှိသည် မည်ကုန်သည်သာတည်း။ ပညာသတိရှိသူတို့ကား သီလကို

စင်ကြယ်စေ၍ မိမိ၏နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော လမ်းကို လျှင်မြန်စွာရှင်းလင်းသင့်၏”

ဤသို့မိန့်တော်မူ၍ တရားတော်ကိုဟောတော်မူလို၍-

(၂၈၈) န သန္တိ ပုတ္တာ တာဏာယ၊ န ပိတာ နာပိ ဗန္ဓဝါ။
အန္တကေနာ’ ဓိပန္နဿ၊ နတ္ထိ ဉာတီသု တာဏတာ။

(၂၈၉) ဧတမတ္ထဝသံ ဉတွာ၊ ပဏ္ဍိတော သီလသံဝုတော။
နိဗ္ဗာနဂမနံ မဂ္ဂံ၊ ခိပ္ပမေဝ ဝိသောဓယေ။

(၂၈၈) မိမိအားစောင့်ရှောက်ရန် သားတို့သည်မရှိကုန်၊ မိဘတို့သည် မရှိကုန်၊ အဆွေခင်ပွန်းတို့သည်လည်းမရှိကုန်၊ သေမင်းနှိပ်စက်ခံရသူအား အဆွေအမျိုးတို့တွင် တယောက်မျှ စောင့်ရှောက်နိုင်ခြင်းသည် မရှိ။

(၂၈၉) ထိုသို့မည်သူမျှသေမင်း၏အလိုကို ကာကွယ်စောင့်ရှောက်ပေးနိုင်ခြင်းမရှိသည့်အဖြစ်ကိုသိ၍ ဉာဏ်ပညာရှိသောသူသည် သီလကို စောင့်ရှောက်၍ နိဗ္ဗာန်ရောက်ကြောင်းဖြစ်သောခရီးကို လျှင်မြန်စွာပင် ရှင်းလင်းရာ၏။

ဒေသနာတော်၏အဆုံး၌ ပဋာစာရီသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

(ဓမ္မပဒ မဂ္ဂဝဂ် တဆယ့်နှစ်ခုမြောက် ပဋာစာရီဝတ္ထုပြီး၏)

မဂ္ဂဝဂ်ပြီး၏။

## ၂၁။ ပကိဏ္ဏကဝဂ်

# ၁။ ရတနာ့သုတ်ဂုဏ်ရည်

## (သခ်ပုဏ္ဏားကြီးဝတ္ထု)

အနည်းငယ်မျှသော
ချမ်းသာကိုစွန့်၍
မြားမြောင်သောချမ်းသာကို
မြင်သောပညာရှိသည်
အနည်းငယ်သောချမ်းသာကို စွန့်ရာ၏။

(မတ္တာ သုခ ပရိစ္စာဂါ) အစလာသော ဒေသနာတော်ကို ဝေဠုဝန်ကျောင်း၌ စံတော်မူစဉ် ဘုရားရှင်၏ရှေးကောင်းမှုကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

တချိန်သောအခါက ဝေသာလီပြည်သည် စည်ကားဝပြော သောတိုင်းပြည်ဖြစ်၏။ အလှည့်ကျ မင်းပြုကုန်သော မင်းတို့သည် ခုနစ်ထောင့် ခုနစ် ရာ ခုနစ် ယောက် ရှိ၏။ ထိုမင်းတို့အတွက် အဆောင်ပြာသာဒ်ဥယျာဉ်တို့သည် ထိုမျှလောက်ရှိ၏။

တချိန်၌ကား မိုးခေါင်ရေရှား ဆန်စပါး မဖြစ်ထွန်းသဖြင့် ပထမဆုံး ဆင်းရဲသားတို့ အစာငတ်၍ သေကြ၏၊ သူသေတို့ကို စွန့်ပစ်သော အပုပ်နံ့ ကြောင့် ဘီလူးတို့သည် မြို့သို့ဝင်ကုန် ၏

ဘီလူးတို့၏ဘေးကြောင့် လူများစွာသေကြရ၏၊ ထိုသေသူတို့၏ အပုပ်နံ့ကြောင့် ထပ်မံ၍ ရောဂါ ဖြစ်ကြပြန်၏၊ ဤသို့ဖြင့် ငတ်မွတ်ခြင်းဘေး၊ ဘီလူးဘေး၊ ရောဂါဘေးဟူ၍ သုံးပါးသော ဘေးကြီးတို့သည်ဖြစ်၏။

## အဖြေမှန်ကိုရှာကြခြင်း

လူအပေါင်းတို့သည် စည်းဝေး၍ ဤမင်းလက်ထက်ရောက်မှ ဤသို့ဖြစ်ရသည်ဟု ပြောဆိုကြ၏၊မင်းကြီးသည် အစည်းအဝေး ပြု၍ ငါ၏ မတရားမှုကို ရှာဖွေပြကြကုန်လော့ဟု ခွင့်ပေး၏၊ မင်းကြီးအပေါ် အပြစ်ရှာကြသော်လည်း တစုံတရာငြိစွန်းချက် မတွေ့ကြရ။

ဤဘေးကြီး ငြိမ်းချမ်းရန် တိုင်ပင်ကြ၏၊ အချို့က ဗာလိ နတ်စာကျွေးရန်ကိုလည်းကောင်း အချို့က နတ်ကိုတောင်းပန် ခြင်းပြုရန်လည်းကောင်း၊အကြံပေး၍ ဤသို့ပြုကြ၏၊ ဘေးကြီး သည် မငြိမ်းပေ။

တဖန် အချို့က ခြောက်ဦးကုန်သော တိတ္ထိဆရာကြီးတို့ သည် တန်ခိုးကြီးကြ၏၊ ထိုဆရာကြီးတို့ ဤအရပ်သို့ရောက်လာ လျှင် ဘေးကြီးငြိမ်းပျောက်ရာ၏ဟု ပြောဆိုကြ၏။

အချို့က လောက၌ ဗုဒ္ဓဘုရားပေါ်ထွန်းလာ၏၊ ကြီးသော တန်ခိုးရှိတော်မူ၏၊ ကြီးသော အာနုဘော်ရှိတော်မူ၏၊ မြတ်စွာ ဘုရား ကြွလာလျှင် ဤဘေးကြီးတို့သည် ငြိမ်းပျောက် ကုန်ရာ၏ ဟု ပြောဆိုကြ၏၊ဤစကားကို အားလုံးက နှစ်သက်လက်ခံ၏။

## မြတ်စွာဘုရားကို ပင့်ကြခြင်း

ဤအစည်းအဝေးတွင် ဗိမ္ဗိသာရမင်းကြီးနှင့်အတူ မြတ်စွာဘုရားတရားတော်ကို နာကြားရ၍ သောတာပတ္တိဖိုလ်သို့ရောက်သော မဟာလိအမည်ရှိသည့် လိစ္ဆဝီမင်းသည် ပရိသတ်ထဲ၌ ထိုင်နေ၏၊ ဝေသာလီပြည်သူတို့သည် များစွာသောလက်ဆောင်တို့ကို စီရင်ပြီး ဗိမ္ဗိသာရမင်းကြီးထံ ခွင့်ပန်၍ မြတ်စွာဘုရားကို ပင့်ဆောင်ရန် မဟာလိစ္ဆဝီမင်းနှင့် ပုရောဟိတ်ပုဏ္ဏား၏ သားကို စေလွှတ်ကြ၏။

ထိုသူတို့သည် ဗိမ္ဗိသာရမင်းကြီးထံ လက်ဆောင်များ ဆက်ပြီး ဖြစ်သမျှအကြောင်းစုံလျှောက်ထား၏။မင်းကြီးက သင်တို့ပင် သွား၍ ပင့်ကြကုန်လော့ဟု ခွင့်ပြု၏၊ထိုသူတို့သည် မြတ်စွာဘုရားထံ သွားရောက်ပင့်ကြ၏။

### ဗိမ္ဗိသာရမင်းကြီး၏ပူဇော်ပွဲ

ဘုရားသခင်သည် ဆင်ခြင်တော်မူသည်ရှိသော် ဝေသာလီပြည်၌ ရတနသုတ်ကို ဟောတော်မူလျှင် စကြဝဠာ ကုဋေတသိန်းကို အစောင့်အရှောက်နှင့်တကွ နှံ့လတံ့၊ ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့သည် သစ္စာလေးပါးကို ထိုးထွင်း၍ သိကြလတံ့၊ ဘေးရန်တို့သည်လည်း ငြိမ်းပျောက်လတံ့ဟု မြင်တော်မူသောကြောင့် ပင့်လျှောက်ခြင်းကို ဝန်ခံတော်မူ၏။

ဗိမ္ဗိသာရမင်းကြီးသည် ဘုရားသခင် ဝေသာလီပြည်သို့ ကြွမည်ဟု သိရလျှင် မြတ်စွာဘုရားထံ သွားရောက်၍ လမ်းခရီးကို ပြင်ဆင်ပြီးချိန် အထိ ဆိုင်းငံ့တော်မူပါဟု လျှောက်ကြားပြီး

မြို့၌ ကြေငြာလျက် ရာဇဂြိုဟ်ပြည်နှင့် ဂင်္ဂါမြစ်၏အကြား ငါးယူဇနာရှိသော မြေကို သန့်ရှင်း ညီညွတ်စေ၍ တယူဇနာ၌ ကျောင်းတဆောင်စီ တည်စေပြီးမှ မြတ်စွာဘုရားကို လျှောက်ထား၏။

မြတ်စွာဘုရားသည် နောက်ပါ ရဟန်းငါးရာနှင့် ကြွတော်မူ၏။ တယူဇနာအတွင်း ဒူးဆစ်အထိမြုပ်အောင် ပန်းတို့ကို ကြဲဖြန့်စေ၍ ငါးယူဇနာအတွင်း ငါးပါးသောအဆင်းရှိကုန်သော ပန်းတို့ကို ကြဲဖြန့်ပူဇော်၏။ တံခွန်လုံး တံခွန်ပြား ငှက်ပျောပင်တို့ကို စိုက်ထူ၏။ အဆင့်ဆင့်နှင့် အလွန်ကြီးမားသော ထီးဖြူနှစ်လက်ကို ဖြန့်ကြက်အုပ်မိုး၍ ရဟန်းတပါးကို ထီးဖြူတစင်းစီ အုပ်မိုးစေပြီး တယူဇနာလျှင် တရက် သီတင်းသုံးတော်မူစေ၍ ငါးရက်တို့ဖြင့် ဂင်္ဂါမြစ်ကမ်းသို့ ရောက်စေ၏။

## ဝေသာလီပြည်မှ ကြိုဆိုပူဇော်ခြင်း

ဂင်္ဂါမြစ်ကမ်း၌ လှေကိုတန်ဆာဆင်လျက် စီစဉ်ထားကြ၏။

ဝေသာလီပြည်သူတို့က နှစ်ဆတက်၍ ပူဇော်ကြမည်ဟု ဝေသာလီပြည်နှင့် ဂင်္ဂါမြစ်၏အကြား၌ သုံးယူဇနာရှိသောမြေကို ညီညွတ်ပြေပြစ်စေ၍ မြတ်စွာဘုရားအား လေးစင်းသော ထီးဖြူတို့ဖြင့် ရဟန်းတော်တပါးအား နှစ်စင်းစီသော ထီးဖြူတို့ဖြင့် အထက်တွင် ထူးချွန် အလွန်ကောင်းသော ထီးဖြူတို့ကို စီရင်ပြီးသော် ဂင်္ဂါမြစ်တဘက်ကမ်း၌ စောင့်နေကြကုန်၏။

## ဗိမ္ဗိသာရမင်းကြီး လှေဖေါင်

ဗိမ္ဗိသာရမင်းကြီးသည် လှေကြီး နှစ်စင်းကိုတွဲ၍ မဏ္ဍပ်ကို ပန်းဆိုင်းတို့ဖြင့် တန်ဆာဆင်၍ များစွာသော ရတနာတို့ဖြင့်

ဘုရားရှင်နေရာကို ခင်းစေ၏၊ မြတ်စွာဘုရားသည် ခင်းအပ်သော နေရာ၌ သီတင်းသုံးတော်မူ၏။ ရဟန်းတို့သည် လှေထက်သို့တက် ရောက်၍ မြတ်စွာဘုရားကို ခြံရံလျက် ထိုင်နေကုန်၏။

ဗိမ္ဗိသာရမင်းကြီးသည် လည်ပင်းထိအောင် ရေသို့ဆင်း၍ ဘုရားသခင် ကြွလာတော်မူသည်အထိ ဂင်္ဂါမြစ်ကမ်း၌ဆိုင်းငံ့၍ နေပါအံ့ဟု လျှောက်ထားပြီး လှေကိုလွှတ်လိုက်၏။

## ပေါက္ခရ မိုးကြီးရွာခြင်း

လိစ္ဆဝီမင်းတို့သည် လည်ပင်းနစ်မျှရေသို့ဆင်းသက်ပြီး လှေကို ဆွဲ၍ ကမ်းသို့ပင့်လေ၏၊ မြတ်စွာဘုရား လှေမှ ဆင်းတော်မူ၍ ကမ်း၌ ခြေတော်နင်းကာမျှပင် ပေါက္ခရမည်သည့်ကောင်းသော မိုးကြီးသည်းစွာရွာ၏၊ မိုးရေတို့သည် အလုံးစုံသော သူကောင် ပုပ်တို့ကို ဂင်္ဂါမြစ်တွင်းသို့ မျှောကုန်၏၊ မြေတို့သည် သန့်ရှင်း ကြ၏။

လိစ္ဆဝီမင်းတို့သည် တယူဇနာ တယူဇနာ၌ ကြီးစွာသော ပူဇော်သက္ကာရပြု၍ နှစ်ဆတက်ပူဇော်ခြင်းကို ပြုကြ၏၊သုံးရက် ဖြင့် ဝေသာလီပြည်သို့ ရောက်၏၊ သိကြားမင်းနှင့် တန်ခိုးကြီး သော နတ်တို့ရောက်လာခြင်းကြောင့် ဘီလူးတို့သည် များစွာသော အားဖြင့် ထွက်ပြေးကြ၏။

## အရှင်အာနန္ဒာ ရတနသုတ်ကို ဟောတော်မူခြင်း

မြတ်စွာဘုရားသည် ညနေချမ်းတွင် မြို့တံခါး၌ ရပ်တော်မူ၍ အရှင်အာနန္ဒာအား ရတနသုတ်ကိုသင်ယူပြီးလိစ္ဆဝီမင်းသား တို့နှင့်အတူ ဝေသာလီပြည် တန်တိုင်းသုံးထပ်အကြား၌ လှည့်၍ အရံအတားပြုလေဟု မိန့်တော်မူ၏။

အာနန္ဒာ မထေရ်သည် မြတ်စွာဘုရား ပေးသနားတော်မူသော ရတနာသုတ်ကိုသင်ယူ၍ မြတ်စွာဘုရား၏ကျောက်သပိတ်တော်တွင် ရေကိုပြည့်စေ၍ မြို့တံခါး၌ရပ်လျက် ဗုဒ္ဓ၏ဂုဏ်တော်တို့ကိုဆင်ခြင်၏။

မြတ်စွာ ဘုရားရှင်သည် ဒီပင်္ကရာ ဘုရား လက်ထက်တော်ဘုရားဆုကို တောင်းသည်မှစ၍ ဆယ်ပါးသောပါရမီ၊ ဆယ်ပါးသော ဥပပါရမီ၊ ဆယ်ပါးသော ပရမတ္တပါရမီဟု ဆိုအပ်သောပါရမီတော်သုံးဆယ်၊ ငါးပါးသော စွန့်ခြင်းကြီးတို့ကို လောကတ္တစရိယ၊ ဉာတတ္တစရိယ၊ ဗုဒ္ဓတ္တစရိယ၊ သုံးပါးသောစရိယတို့ကို ဖြည့်ဆည်းပူးတော်မူခဲ့၍ နောက်ဆုံးဘဝ၌ မယ်တော်၏ဝမ်းတိုက်သို့ ဆင်းသက်တော်မူခြင်း၊ ပဋိသန္ဓေတည်နေဖွားမြင်တော်မူခြင်း၊ မြတ်သော တောထွက်တော်မူခြင်း၊ ပွားများကျင့်ကြံခြင်း၊ဗောဓိပလ္လင်၌မာရ်နတ်မင်းကိုအောင်တော်မူခြင်း၊ သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍သိခြင်း၊ ဓမ္မစကြာဒေသနာကိုကောင်းစွာ နားလည် စေတော်မူခြင်းနှင့် ကိုးပါးသော လောကုတ္တရာတရား စသည့် ဤသို့ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်အလုံးစုံကို ဆင်ခြင်၍ မြို့သို့ဝင်ပြီး ညဉ့်သုံးယံပတ်လုံး မြို့တံတိုင်းသုံးထပ်အကြားတို့၌ အရံအတားပြုလျက် လှည့်လည်တော်မူ၏။

## ရတနာသုတ်၏ ဂုဏ်ကျေးဇူးတော်

အရှင်အာနန္ဒာမထေရ်သည် "ယံကိဉ္စိ"ဟုအစချီ၍ရွတ်ကာမျှလျှင် အထက်သို့လွင့်တက်ကြသောရေသည် ဘီလူးတို့၏ အထက်၌ကျ၏။

"ရာနိစဘူဒါနိ"ဟူသော ဂါထာကို ရွတ်သောအခါမှစ၍ ရေပေါက်တို့သည် ကောင်းကင်သို့ တက်သွား၍ မကျန်းမမာသူနာတို့၏ အထက်၌ကျကုန်၏။ ထိုခဏ၌ ငြိမ်းပျောက်သောအနာရောဂါရှိကုန်သောသူတို့သည် လျှင်စွာထ၍ထ၍အာနန္ဒာမထေရ်ကို ခြံရံကြကုန်၏။

"ရံကိဉ္စိ"ဟု ရွတ်၍ ရေပေါက်တို့ဖြင့် ထိသော ဘီလူးတို့သည် ထွက်ပြေးကြ၏။ အမှိုက်ပုံနှင့် နံရံတို့တွင် မှီကပ်၍ နေကြသော ဘီလူးတို့သည် တံခါးပေါက်များဆီသို့ ထွက်ပြေးကြ၏။ ထိုတံခါးတို့မှ ထွက်ပြေးခွင့်မရနိုင်သဖြင့် တန်တိုင်းကို ခွဲဖျက်၍ ပြေးကြကုန်၏။

## မြတ်စွာဘုရား ဟောကြားတော်မူခြင်း

လူအပေါင်းတို့သည် မြို့လည်မင်းကွန်း၌ နံ့သာများ လိမ်းကျံ၍ အထက်၌ရွှေကြယ်တို့ဖြင့် ဆန်းကြယ်သော ဗိမာန်ကိုဖွဲ့ချည်၍ ဘုရားရှင်နေရာကို ခင်းထားပြီး ပင့်ဆောင်ကြ၏။

မြတ်စွာဘုရားသည် ခင်းထားအပ်သောနေရာ၌ သီတင်းသုံးတော်မူ၏။

ရဟန်းတော် အပေါင်းနှင့် လိစ္ဆဝီမင်း အပေါင်း တို့သည် မြတ်စွာဘုရားတို့ကို ခြံရံ၍ ထိုင်နေကြ၏။

သိကြားမင်းသည် နတ်အပေါင်းခြံရံလျက် သင့်တင့်လျောက်ပတ်သော အရပ်၌ တည်နေ၏။

အရှင်အာနန္ဒာ မထေရ်သည် မြို့ကိုလှည့်လည်ပြီး၍ ရောဂါပျောက်သော လူအပေါင်းနှင့်တကွ မြတ်စွာဘုရားကို ရှိခိုး၍ ထိုင်နေ၏။

မြတ်စွာဘုရားသည် ထိုရတနာ့သုတ်ကိုပင် ဟောကြားတော်မူ၏၊ ဤသို့လျှင် ခုနစ်ရက်ပတ်လုံး ရတနာ့သုတ်ကို သာလျှင် ဟောကြားတော်မူ၍ အလုံးစုံသောဘေးတို့သည် ငြိမ်းအေးချမ်းသာကြကုန်၏၊ ရှစ်သောင်း လေးထောင် ကုန်သော သတ္တဝါတို့သည် သစ္စာလေးပါးကို သိမြင်ကြ၏။

## နဂါးမင်းတို့နှင့် နတ်ဗြဟ္မာတို့ ပူဇော်ကြခြင်း

ခုနစ်ရက်မျှနှင့် ဝေသာလီပြည်၏ ဘေးကြီး ကင်းငြိမ်းလေသော် လိစ္ဆဝီမင်းအပေါင်းတို့ကိုမိန့်ခေါ် ပြောကြား တော်မူ၍ ဝေသာလီပြည်မှ ထွက်ကြွတော်မူ၏၊ နှစ်ဆဘက်သော ပူဇော်သက္ကာရကို ပြုလျက် သုံးရက်ဖြင့် ဂင်္ဂါမြစ်ကမ်းသို့ ပင့်ဆောင်ကုန်၏။

ဂင်္ဂါမြစ်တွင်းမှ နဂါးမင်းတို့သည် မြတ်စွာဘုရားအား ပူဇော်ရန် ရွှေငွေ ပတ္တမြားလှေတို့ကိုဖန်ဆင်း၍ ရွှေငွေပတ္တမြား ပလ္လင်တို့ကို ခင်းပြီး ရေအပြင်ကိုငါးပါးသော ပဒုမ္မာကြာပန်းတို့ဖြင့် ဖုံးလွှမ်း၍ ကျွန်ုပ်တို့အားလည်း ချီးမြှောက်တော်မူပါဟု လျှောက်ထား၍ မိမိတို့လှေပေါ်သို့ ပင့်ကြကုန်၏။ ဘုမ္မဋ္ဌကနတ်တို့မှအစပြု၍ အကနိဋ္ဌဗြဟ္မာပြည်တိုင်အောင် အလုံးစုံသောနတ်ဗြဟ္မာတို့သည် ပူဇော်သက္ကာရကို ပြုကြ၏။

ဤသို့လျှင် မြေအပြင် အောက်မှ နဂါးတို့သည် လည်းကောင်း၊ သစ်ပင် တောချုံ တောင်စသည်တို့၌ ဘုမ္မဋ္ဌကနတ်တို့သည်လည်းကောင်း၊ ကောင်းကင်၌ အာကာသဋ္ဌကနတ်တို့သည် လည်းကောင်း၊ ဤသို့နဂါးပြည်မှ စကြဝဠာအဆုံး ဗြဟ္မာပြည်တိုင်အောင် အဆင့်ဆင့်သော ထီးဖြူတို့စိုက်ထောင် အပ်ကုန်၏။

ထီး၏အကြားတို့၌ တံခွန်လုံး တံခွန်ပြားတို့ ဖြစ်ကုန်၏။ ထို အကြားအကြားမှ ပန်းဆိုင်းနံ့သာတို့ဖြင့် ပူဇော်သက္ကာရပြုကြ၏၊ နတ်အပေါင်းတို့သည် တန်ဆာကို ဆင်လျက် သဘင်သည် အသွင်ကိုယူလျက် ကောင်းကင်မှ သီဆိုလှည့်လည်ကြ၏။

(လူနတ်ဗြဟ္မာတို့ ကြီးကျယ်စွာ ပေါင်းဆုံ ဆည်းခြင်းကား သုံးကြိမ်ဖြစ်ခဲ့၏၊ ရေမီး အစုံအစုံသော ယမိုက်ပြာဋိဟာကို ပြတော်မူသောအခါ တာဝတိံသာမှ သက်ဆင်းတော်မူသောအခါ ဤဂင်္ဂါမြစ်သို့ သက်ဆင်းတော် မူသောအခါ ဤသုံးကြိမ်တွင် လူနတ်ဗြဟ္မာတို့၏ ကြီးစွာသော ပေါင်းဆုံဆည်းခြင်းဖြစ်သတည်း။)

## နိမ္မိတ ရုပ်ပွားတော်များ ဖန်ဆင်းတော်မူခြင်း

မြတ်စွာဘုရားသည် နဂါးတို့၏ အလိုကို လည်း သိတော် မူသောကြောင့် တစင်း တစင်းသော လှေ၌ ငါးရာ ငါးရာသော ရဟန်းအခြံအရံရှိသော တဆူတဆူသောနိမ္မိတဘုရားကို ဖန်ဆင်းတော်မူ၏။

ဘုမ္မဋ္ဌက နတ်တို့တွင်လည်း တခု တခုသော အရပ်တို့၌ တဆူတဆူသော နိမ္မိတဘုရားကို ဖန်ဆင်းတော်မူ၏။

ဤသို့ အလုံးစုံသော စကြာဝဠာတိုက်၌ တပြိုင်နက်တည်း တန်ဆာဆင်အပ်သော တပြိုင်နက် တည်းသော ပွဲလမ်း သဘင်သည် ဖြစ်၏။

မြတ်စွာဘုရားသည် နဂါးတို့အား ချီး မြှောက် ခြင်း ကို ပြုတော်မူလိုသောကြောင့် ရတနာဖြင့်ပြီးသော တစင်းသောလှေထက်သို့ တက်စီးတော်မူ၏၊ တပါးသော ရဟန်းသည် တစီးစီသောလှေကိုသာ တက်စီးတော်မူ၏။

နဂါးတို့သည် ဘုရားနှင့် သံဃာတော်တို့ကို နဂါးပြည်သို့ပင့်ဆောင်၍ အလုံးစုံသောညဥ့်ပတ်လုံး တရားစကားကိုနာကြားပြီး နှစ်ရက်မြောက်သောနေ့၌ နတ်၌ဖြစ်သော ခဲဖွယ်ဘောဇဉ်ဖြင့် လုပ်ကျွေးကုန်၏။ မြတ်စွာဘုရားသည် အနုမောဒနာကိုပြုတော်မူ၍ နဂါးပြည်မှ ထွက်ကြွတော်မူပြီး ငါးရာသော လှေတို့ဖြင့် ဂင်္ဂါမြစ်ကို လွန်မြောက်တော်မူ၏။

## ရာဇဂြိုဟ်သို့ ပင့်ဆောင်ခြင်း

ဗိမ္ဗိသာရ မင်းကြီးသည် ဂင်္ဂါ မြစ်ကမ်းမှ စောင့်၍ လိစ္ဆဝီမင်းတို့ထက် နှစ်ဆတက်သော ပူဇော်သက္ကာရကိုပြု၍ ငါးရက်တို့ဖြင့် ရာဇဂြိုဟ်ပြည်သို့ ပင့်ဆောင်လေ၏။

ရာဇဂြိုဟ် ပြည်သို့ အရောက် နှစ်ရက် မြောက်သော နေ့တွင် ညနေချမ်းတရား သဘင်၌ ရဟန်းတို့က မြတ်စွာဘုရားသခင်၏ ရာဇဂြိုဟ်ပြည်မှ ဝေသာလီပြည်သို့ အသွားအပြန်ခရီးတွင် နတ်လူနဂါး သိကြား ဗြဟ္မာတို့၏ ကြီးကျယ်ခန်းနားသော ပူဇော်သက္ကာရအဖုံဖုံကို ပြော၍မကုန်နိုင် ရှိနေကြစဉ် မြတ်စွာဘုရားသည် ကြွလာ၍ အဘယ်အကြောင်းကို ပြောဆို ကြသနည်းဟု မေးတော်မူပြီးနောက်-

"ချစ်သားရဟန်းတို့ ဤပူဇော် သက္ကာရသည် ငါဘုရား၏ အာနုဘော်ကြောင့်လည်းမဟုတ်၊ နဂါး နတ် ဗြဟ္မာတို့၏အာနုဘော်ကြောင့်လည်း မဟုတ် စင်စစ် လွန်လေသော အခါက အနည်းငယ်မျှသော အလှူဝတ္ထုကို လှူဒါန်းစွန့်ကြဲခဲ့သည် အာနုဘော်ကြောင့် ဖြစ်ပေသည်"ဟု မိန့်ဆိုတော်မူပြီး ရဟန်းတို့ တောင်းပန် အပ်သောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

## သင်္ပုဏ္ဏားကြီး အတိတ်ဇာတ်

ရှေး လွန်လေပြီးသော အခါ တက္ကသိုလ်ပြည်၌ သင်္ပုဏ္ဏားကြီးသည် ရှိ၏၊ သားဖြစ်သူ "သုသီမ" မှာ ၁၆ နှစ်ရွယ်ရောက်၍ ဗာရာဏသီပြည်မှ သင်္ပုဏ္ဏားကြီး၏မိတ်ဆွေ ပုဏ္ဏားကြီးထံ ဗေဒင်တို့ကို သင်ကြား၏၊မကြာမီပင် ဗေဒင်ပညာ တဖက်ကမ်းခတ်သင်ပြီးသော် မိမိအတတ်၏ အစနှင့် အလယ်ကိုသာ မြင်၍ အဆုံးကိုမမြင်သောကြောင့် ဆရာ့ထံမေးမြန်း၏။ ဆရာကလည်း ငါသည်ပင် ဤအတတ်၏အဆုံးကို မမြင်ပေဟုပြော၏၊ အဘယ်သူသည် အဆုံးကို သိပါမည်နည်းဟု မေး၏၊ အမောင် ဣသိပတ္တနတောအုပ်၌ နေကြသောအရှင်ပစ္စေက ဗုဒ္ဓါတို့သည်သိကုန်ရာ၏၊ ထိုအရှင်တို့ထံ ချဉ်းကပ်၍ မေးလျှောက်လော့ဟု ဆို၏။

## သုသီမလုလင် ရဟန်းပြုခြင်း

သုသီမ လုလင်သည် ပစ္စေက ဗုဒ္ဓါထံ ချဉ်းကပ်၍ အရှင်တို့သည် အဆုံးကိုသိပါသလောဟု မေးလျှောက်၏။ "ငါတို့သိ၏" ဖြေလျှင် အကျွန်ုပ်အား ပြောကြားပါလော့ ဟု တောင်းပန်၏။

"ငါတို့သည် ရဟန်းမပြုသောသူတို့အား မပြောကြားကုန်၊ သိလိုလျှင် ရဟန်းပြုလော့" ဟု မိန့်၏၊ သုသီမ လုလင်သည် "ကောင်းပါပြီ" ဟု ဝန်ခံ၍ ရဟန်းပြု၏။ ပစ္စေက ဗုဒ္ဓါ တို့က "ဤအကျင့်ကို ရှေးဦးစွာကျင့်လော့" ဟု ပြောဆို၍ ညွှန်ကြား၏၊ ဤသို့ကျင့်လျှက် အကြောင်းဥပနိဿယ ပြည့်ဝသည့်အဖြစ်ကြောင့် မကြာမီပင် သစ္စာလေးပါးတရားကို သိမြင်ပြီး ပစ္စေက ဗောဓိဉာဏ်ကိုထိုးထွင်းသိ၍ဗာရာဏသီမြို့၌ကောင်းကင်မှလဝန်းကဲ့သို့ ထင်ရှားကျော်စောသော အဖြစ်သို့ ရောက်လေ၏။

## သင်္ပုဏ္ဏား သားအရှာထွက်ခြင်း

ထိုသုသိမ ပစ္စေကဗုဒ္ဓါသည် အသက်တိုတတ်သောကံကိုပြုခဲ့ဖူး၍ မကြာမြင့်မီပင် ပရိနိဗ္ဗာန် စံတော်မူ၏။

ပစ္စေကဗုဒ္ဓါတို့နှင့် လူအပေါင်းသည် အလောင်းတော်ကို သင်္ဂြိုဟ်ပြီး ဓာတ်တော်တို့ကို မြို့တံခါး၌ စေတီတော်တည်ထားကြကုန်၏။

သင်္ပုဏ္ဏားကြီးသည် သားဖြစ်သူ ကြာမြင့်၍ သားကို ရှာရန် တက္ကသိုလ်ပြည်မှ ဗာရာဏသီပြည်သို့ လာခဲ့၏။ လူစုလူဝေးကိုတွေ့၍ ဤလူများအနက်တယောက်ယောက်သည် ငါ၏သားသုသိမအကြောင်းကို ကောင်းစွာသိပေလိမ့်မည်ဟု လူအုပ် အတွင်းသို့ချဉ်းကပ်ပြီး သားဖြစ်သူ သုသိမအကြောင်းကို မေး၏။

ဤအမည်ရှိသော ပုဏ္ဏားကြီးထံ၌ ဗေဒင်သုံးပုံကိုသင်ယူပြီး ရဟန်းပြု၍ ပစ္စေက ဗောဓိဉာဏ်ကို မျက်မှောက်ပြုပြီးနောက် ပရိနိဗ္ဗာန်ပြုခဲ့ပါ၏။ ဤစေတီကား သုသိမ ပစ္စေက ဗုဒ္ဓါ၏ ဓာတ်တော်တို့ကို ဌာပနာသော စေတီပေတည်းဟု ပြောကြားကြကုန်၏။

## အလောင်းတော် သင်္ပုဏ္ဏားကြီး၏-ကုသိုလ်တော်

သင်္ပုဏ္ဏားကြီးသည် မြေကြီးကို လက်ဖြင့် ပုတ်ခတ်လျှက်ငိုကြွေးပြီး စေတီ ရင်ပြင်သို့သွား၍ ပေါင်းမြက်တို့ကို နှုတ်ယူသုတ်သင်ပြီး အပေါ်ရုံပုဆိုးဖြင့် သဲကိုသယ်၍ စေတီရင်ပြင်၌ ကြဲဖြန့်ခင်းထားကာ ကရားမှ ရေဖြင့်ဆွတ်ဖျန်း၍ တောမှ ပန်းတို့ကို ခူးပြီးပူဇော်၏။ ပုဆိုးဖြင့် တံခွန်များကို တင်လှူလျှက်

စေတီ၏ အထက်၌ မိမိ၏ထီးကိုစိုက်ထူ ချည်နှောင် ပူဇော်လေ၏။

မြတ်စွာဘုရားသခင်သည် ဘုရားလောင်း သခ်ပုဏ္ဏားကြီးဘဝက ဤသို့လှူဒါန်းခဲ့၍ ကောင်းမှု၏ အာနိသင်ကြောင့် ယခု ဤသို့ဖြစ်လေသည်ဟု မိန့်တော်မူပြီး တရားတော်ကိုဟောကြားလိုသောကြောင့်

**(၂၉၀) မတ္တာ သုခ ပရိစ္စာဂါ၊ ပဿေစေ ဝိပုလံ သုခံ။**
**စဇေ မတ္တာသုခံ ဓီရော၊ သမ္ပဿံ ဝိပုလံ သုခံ။**

(၂၉၀)အနည်းငယ်မျှသော ချမ်းသာကိုစွန့်လွှတ်ခြင်းကြောင့် များမြောင်သော ချမ်းသာကိုမြင်ခဲ့လျှင် ဤသို့မြင်ခဲ့သည် ရှိသော်ကြီးကျယ်သော ချမ်းသာကို ကောင်းစွာမြင်သော ပညာရှိသည် အနည်းငယ်သော ချမ်းသာကို စွန့်ရာ၏။

(တနည်း) အနည်းငယ်သော ချမ်းသာကို စွန့်ခြင်း ကြောင့် မြတ်သော နိဗ္ဗာန်ချမ်းသာကို အကယ်၍ မြင်ငြားအံ့။ (တနပ်သော ထမင်းကိုစွန့်၍ ဥပုသ်ဆောက်တည်သူသည် မြတ်သော နိဗ္ဗာန်သို့ ရှေ့ရှုသည်ဖြစ်၏) ထိုသို့မြင်သည်ရှိသော် ထိုမြတ်သောနိဗ္ဗာန်ချမ်းသာကို ကောင်းစွာမြင်သောပညာရှိသည် အနည်းငယ်သော သုခကိုစွန့်ရာ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်သို့ ရောက်ကုန်၏။

(ဓမ္မပဒ ပကိဏ္ဏကဝဂ်ရှေးဦးစွာသော မြတ်စွာဘုရား၏ရှေးကောင်းမှု အလောင်းတော် သခ်ပုဏ္ဏားကြီးဝတ္ထု ပြီး၏)

၃၉　　ဝ　　ဝ

## ၂၁။ ပကိဏ္ဏကဝဂ်

## ၂။ ရန်သူကို မမွေးနှင့်

(ကြက်ဥစားသော သတို့သမီး ဝတ္ထု)

သူတပါးကို ဆင်းရဲစေပြီးမှ
မိမိကိုယ်ကို ချမ်းသာလိုသောသူသည်
ရန်သူမွေးသည်နှင့် တူ၏။

(ပရဒုက္ခူ ပဓာနေန) ဤဓမ္မဒေသနာကိုဇေတဝန်ကျောင်းတော်၌ ကြက်ဥကို စားသော သတို့သမီးကို အကြောင်း ပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကားဤသို့တည်း

သာဝတ္ထိပြည် အနီး ပဏ္ဍုရရွာ၌ နေသော တငါသည် တယောက်သည် သာဝတ္ထိပြည်သို့ အလာတွင် အစိရဝတီ မြစ်ကမ်း၌ လိပ်ဥတို့ကိုမြင်၍ ကောက်ယူပြီး အိမ်တအိမ်၌ လိပ်ဥတို့ကို ပြုတ်စေပြီး မိမိလည်းစား၏၊ ထိုအိမ်မှ ကလေးမကိုလည်း လိပ်ဥတလုံးပေး၏။ ထိုကလေးမသည် လိပ်ဥကိုစားပြီး အခြားစားသောက်ဖွယ်ကို မစားတော့၊ ထိုကလေးမ၏ မိခင်သည်ကြက်မမှ ကြက်ဥတလုံးကို ယူ၍ပေး၏။ ထိုကလေးမသည် ကြက်ဥကို စားရပြီးနောက် အရသာ၌ တပ်မက်သောတဏှာသည် ဖြစ်လေ၏။ ထိုအခါမှစ၍ ကိုယ်တိုင်ပင် ကြက်မ၏ဥတို့ကို ယူ၍စား၏။

ကြက်မသည် ဥတိုင်းဥတိုင်း ယူ၍ စားသောက် သော ထိုကလေးမကို မြင်၍ ရန်ငြိုးဖွဲ့ပြီး ဤဘဝမှသေလွန်ခဲ့သော် ဘီလူးမဖြစ်ပြီး အသင်၏ မွေးဖွားတိုင်းသော သူငယ်တို့ကို စားနိုင်သည့်ကိုယ် ဖြစ်ရပါစေဟုဆုတောင်း၍ သေလွန်ပြီး ထိုအိမ်၌ပင် ကြောင်မ အဖြစ် ဖြစ်လေ၏။

သူငယ်မသည် သေလွန်၍ ထိုအိမ်၌ ကြက်မဖြစ်လာ၏။ ဥတို့ကို ဥ၏၊ ကြောင်မသည်လာ၍စား၏။ အကြိမ်ကြိမ်စားလျှင် သုံးကြိမ်မြောက်၌ငါ့ဥတို့ကိုစားပြီး ယခုငါ့ကို စားရန်ကြံ၏။ ဤဘဝမှ စုတေလျှင် သားသမီးနှင့်တကွ ထိုကြောင်မကို စားရပါလို၏ ဟုဆုတောင်း၍ သေလွန်သော် သစ်မအဖြစ် ဖြစ်လေ၏။

ကြောင်မသည် သေလွန်သော် သမင်မ ဖြစ်လာ၏။ ထို သမင်မမှ မွေးဖွါးသော သမင်ငယ်တို့ကို သစ်မသည် လာ၍သားသမီးနှင့်တကွ သမင်မကိုစား၏။

ဤသို့ တပြန်တလှည့်စားကြ၍ တယောက်သည် တယောက်အား ဆင်းရဲကိုဖြစ်စေ၍ ဘဝငါးရာ လွန်ခဲ့၏။

အဆုံး၌ တယောက်မှာ ဘီလူးမဖြစ်၍ တယောက်မှာသာဝတ္ထိပြည်၌ အမျိုးသမီး အဖြစ် ဖြစ်လေ၏။ ထိုမိန်းမ အိမ်ထောင်ကျ၍ သားဖွားလျှင် ဘီလူးမသည် လူယောင်ဆောင်၍ သူငယ်ချင်းအသွင် အိမ်တွင်းသို့ဝင်ပြီး သတင်းမေးသကဲ့သို့မွေးစကလေးငယ်ကို ကိုက်စား၍သွား၏။ ဒုတိယအကြိမ် ဖွါးပြန်သောအခါ ထိုနည်းဖြင့်ပင် စားပြန်၏။

တတိယအကြိမ် သားဖွါး ကာနီးလျှင် ထိုအမျိုးသမီးသည် ခင်ပွန်းကို တိုင်ပင်၍ အမျိုးတို့ အိမ်သို့သွား၍ သားကိုဖွါးမြင်၏။

ထိုအချိန်၌ ဘီလူးမသည် ဝေဿဝဏ်မင်းကြီးထံ အနေ၁ဒတ်အိုင်မှရေကိုယူ၍ ပို့ရသောအလှည့်ရောက်၏၊ လေးလ ငါးလကြာ၍ အလှည့်မှလွတ်လျှင်လွတ်ခြင်း ထိုမိန်းမအိမ်သို့ ပြေး၍မေး၏၊ အမျိုးတို့အိမ်သို့သွား၍သားဖွားသည်ကို သိရလျှင် ငါ့လက်မှမလွတ်နိုင်ဟု မြို့သို့ရှေ့ရှုပြေးသွားလေ၏။

သားဖွားသောမိန်းမသည် ခင်ပွန်းလင်နှင့် ကလေးကိုချီ၍ အိမ်သို့ပြန်လာကြရာ ဘုရားကျောင်းတော်လမ်းမှ ဖြတ်သန်းသောခရီးတွင် ကလေးကို ခင်ပွန်းအားပေး၍ ကျောင်းရေကန်၌ ရေချိုးပြီး မိမိယောကျ်ားရေဆင်းချိုးနေစဉ် ကလေးကို နို့တိုက်နေ၏၊ ထိုအချိန် အဝေးမှလာသော ဘီလူးမကိုမြင်သည်နှင့် မှတ်မိ၍ "ငါ့သားငယ်တို့ကို ကိုက်စားသည့်ဘီလူးမ" ဟု အော်ဟစ်၍ ခင်ပွန်းလင်ကိုပင်မစောင့်၊ ကလေးကိုချီပြီး ဘုရားကျောင်းတော်ထဲသို့ ဝင်ပြေးလေ၏။

မြတ်စွာဘုရားသည် ပရိသတ်တို့၏အလယ်၌ တရားဟောတော်မူနေစဉ် ထိုမိန်းမသည် ဘုရားခြေတော်ရင်း၌ ဝပ်စင်း၍ ကလေးကိုချပြီး ကယ်တော်မူပါဟု လျှောက်ကြား၏။

တံခါးစောင့် သုမနနတ်သည် ဘီလူးမအား ဝင်ခွင့်မပေး၊ မြတ်စွာဘုရားသည် အာနန္ဒာအားခေါ်တော်မူ၍ "ဘီလူးမကိုခေါ်ချေလော့"ဟု မိန့်တော်မူပြီး ဘုရားအမိန့်ဖြင့်ခေါ်တော်မူ၍ ဘီလူးမသည်ရောက်လာ၏၊ မြတ်စွာဘုရားသခင်က အသင်တို့

သည် ကမ္ဘာပတ်လုံးမဆုံးမခြင်း ရန်ငြိုးဖွဲ့ခြင်းသာဖြစ်ကုန်ရာ၏ဟု တရားတော်ကိုဟောကြားတော်မူလိုသောကြောင့်-

(၂၉၁) **ပရဒုက္ခူပဓာနေန၊ အတ္တနော သုခမိစ္ဆတိ။**
**ဝေရသံသဂ္ဂသံသဋ္ဌော၊ ဝေရာ သော န ပရိမုစ္စတိ။**

(၂၉၁) သူတပါး၌ဆင်းရဲစေပြီး မိမိ၏ချမ်းသာခြင်းကိုအလိုရှိ၏။ တယောက်သည် တယောက်ကို ရန်နှင့်ရောယှက်ခြင်းဖြင့် ထိုသူသည် ရန်မှမလွတ်မြောက်နိုင်။

(တနည်း) ခိုက်ရန်တို့မည်သည်ကား ရန်တုံ့မမူသဖြင့် သာ လျှင် ငြိမ်းပျောက်ကုန်၏၊ ရန်တုံ့မူခြင်းဖြင့် ခိုက်ရန်အပေါင်းသည် မငြိမ်း မပျောက်သည်သာလျှင်တည်း။

ဒေသနာတော်၏အဆုံး၌ ဘီလူးမသည် သရဏဂုံ၌တည်၍ ငါးပါးသီလကို ဆောက်တည်လျက် ရန်မှငြိမ်းလေ၏၊ လူမိန်းမသည် သောတာပတ္တိဖိုလ်၌တည်လေ၏။

(ဓမ္မပဒ ပကိဏ္ဏကဝဂ် နှစ်ခုမြောက် ကြက်ဥစားသော သတို့သမီး ဝတ္ထုပြီး၏။)

## ၂၁။ ပကိဏ္ဏကဝဂ်

## ၃။ ဖိနပ်ဆန်းနှင့် ရဟန်းများ

### (ဘဒ္ဒိယရဟန်းတို့ဝတ္ထု)

အချို့ရဟန်းတို့သည် ရဟန်းတို့ပြုဖွယ်ကိစ္စကိုမလုပ်၊ မဟုတ်သောအလုပ်ကိုလုပ်၏။ မေ့လျော့သော ထိုရဟန်းတို့အား၊ အာသဝေါတရားတို့သည် တိုးပွားကုန်၏။

(ယံ ဟိ ကိစ္စံ) အစခံသော ဒေသနာတော်ကို ဘဒ္ဒိယမြို့အနီး မြတ်လေးတောအရပ်၌ ဘဒ္ဒိယမြို့မှရဟန်းတို့ကိုအကြောင်းပြု၍ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ဘဒ္ဒိယမြို့၌နေကြသော ရဟန်းတို့သည် ဖိနပ်ကို ဆန်းဆန်းကြယ်ကြယ်ပြုလုပ်၍စီးကြ၏၊ ကိုယ်တိုင်လည်း လုပ်ကြ၏၊ သူတပါးကိုလည်းပြုလုပ်စေ၏၊ ထိုရဟန်းတို့သည် ပိဋကတ်သင်ခြင်းကိုလည်း နှလုံးမသွင်း အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ ဤသုံးဖြာကိုလည်း တခါမျှနှလုံးမသွင်း။

အခြားရဟန်းတို့က ထိုဘဒ္ဒိယရဟန်းတို့ကို ကဲ့ရဲ့ကြပြီး မြတ်စွာဘုရားအား လျှောက်ကြ၏၊ မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို ကဲ့ရဲ့တော်မူ၍

"ရဟန်းတို့၊ သင်တို့သည် အရဟတ္တဖိုလ်သို့ ရောက်လိုသောကိစ္စဖြင့် သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ ရောက်လာပြီးမှ ဖိနပ် ခြေနင်း တန်ဆာဆင်ခြင်းကိစ္စ၌ ကြိုးစား အားထုတ်ကြသည်" ဟု မိန့်တော်မူ၍ တရားတော်ကို ဟောကြားတော်လိုသောကြောင့်-

(၂၉၂) ယံ ဟိ ကိစ္စံ အပဝိဒ္ဓံ၊ အကိစ္စံ ပန ကရီယတိ။
ဥန္နဠာနံ ပမတ္တာနံ၊ တေသံ ဝဍ္ဎန္တိ အာသဝါ။
(၂၉၃) ယေသဉ္စ သုသမာရဒ္ဓါ၊ နိစ္စံ ကာယ ဂတာ သတိ။
အကိစ္စ တေ န သေဝန္တိ၊ ကိစ္စေ သာတစ္စကာရိနော။
သတာနံ သမ္ပဇာနာနံ၊ အတ္ထံ ဂစ္ဆန္တိ အာသဝါ။

(၂၉၂) အကြင်ရဟန်းတို့အား ရဟန်းတို့ပြုဖွယ် အရဟတ္တဖိုလ်ကိစ္စသည် ရှိ၏။ ထိုပြုဖွယ်ကိစ္စတို့ကိုစွန့်ပစ်၍ ရဟန်းပြုဖွယ်ကိစ္စ မဟုတ်သော အလုပ်ကိုလုပ်၏။ မာန်တည်းဟူသောကြူကို(မာန်မာနကို)စိုက်ထူပလွှားလျက် မေ့လျော့ကုန်သောသူတို့အား အာသဝေါတရားတို့သည် တိုးပွားကုန်၏။

(၂၉၃) အကြင်ရဟန်းတို့အား အမြဲပင် ကိုယ့်ကိုယ်ကို အဖန်တလဲလဲရှု၍ (ကာယဂတာ) သတိကို လွှတ်ကင်းခြင်းမရှိပဲ ကောင်းစွာအားထုတ်၏။ ထိုရဟန်းတို့သည် ရဟန်းတို့ပြုဖွယ်မဟုတ်သော အလုပ်ကို မမှီဝဲကြကုန်။ အားထုတ်ဖွယ်ကိစ္စ၌ မပြတ်အားထုတ်လေ့ရှိကြ၏။ သတိရှိကုန်သောသမ္ပဇဉ်လေးပါး၌ အမြော်အမြင်ရှိကုန်သော ထိုရဟန်းတို့အား အာသဝေါတရားတို့သည် ချုပ်ခြင်းသို့ရောက်ကုန်၏။

ဒေသနာတော်၏အဆုံး၌ ဘဒ္ဒိယရဟန်းတို့သည် အရဟတ္တဖိုလ်သို့ တည်ကုန်၏။

(ဓမ္မပဒ ပကိဏ္ဏကဝဂ် သုံးခုမြောက် ဘဒ္ဒိယရဟန်းတို့ဝတ္ထုပြီး၏)

## ၂၁။ ပကိဏ္ဏကဝဂ်

## ၄။ မိဘတို့ကိုသတ်ရာ၏

(လကုဏ္ဍက ဘဒ္ဒိယမထေရ်ဝတ္ထု)

**အမိနှင့်တူသောတဏှာကိုလည်းကောင်း၊**
**အဖနှင့်တူသောမာနကိုလည်းကောင်း၊**
**မင်းနှစ်ပါးနှင့်တူသော သဿတ၊ ဥစ္ဆေဒတို့ကိုသတ်၍**
**နောက်လိုက်များနှင့်တူသော အာယတနတဆယ့်နှစ်ပါးတို့ကို**
**သတ်ပြီးလျှင် ဆင်းရဲခြင်းကို အမြစ်မှပယ်နှုတ်လေ၍။ ။**

(မာတရံ ပိတရံ ဟန္တွာ) အစလာသော ဒေသနာတော်ကို ဇေတဝန်ကျောင်း၌ လကုဏ္ဍကဘဒ္ဒိယမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

တနေ့သောအခါ များစွာသော အာဂန္တုကဆွမ်းသည်ရဟန်းတို့သည် နေ့သန့်ရာအရပ်၌ သီတင်းသုံးတော်မူသော မြတ်စွာဘုရားကို ရှိခိုးပြီးထိုင်နေကြ၏၊ ထိုခဏ၌ လကုဏ္ဍက ဘဒ္ဒိယမထေရ်သည် မြတ်စွာဘုရားအနီးမှဖြတ်သန်းကြွသွား၏၊ မြတ်စွာဘုရားသည် ထိုရဟန်းတို့၏စိတ်အကြံကိုသိ၍

''ချစ်သားရဟန်းတို့၊ ဤရဟန်းသည် အမိအဖတို့ကို သတ်ဖြတ်လျက် ဆင်းရဲခြင်းကင်းစွာ သွားပေသည်'' ဟု မိန့်တော်မူ၏။

ညွှေ့ရဟန်းတို့သည် မြတ်စွာဘုရား အဘယ်ကြောင့် ဤသို့ ပြောကြားပါလိမ့်သနည်းဟု တပါးမျက်နှာကိုတပါးကြည့်၍ သံသယစိတ်တို့ဖြစ်ကြ၏။

"အရှင်ဘုရား အဘယ်ကြောင့် ဤသို့မိန့်ဆိုတော်မူပါနည်း" ဟု လျှောက်ကြ၏။

ရဟန်းတို့အား တရားတော်ကို ဟောကြားတော်မူလိုသည် ဖြစ်၍

**(၂၉၄) မာတရံ ပိတရံ ဟန္တွာ၊ ရာဇာနော ဒွေ စ ခတ္တိယေ။**
**ရဋ္ဌံ သာနုစရံ ဟန္တွ၊ အနီဃော ယာတိ ဗြာဟ္မဏော။**

(၂၉၄) အမိနှင့်တူသော တဏှာကိုလည်းကောင်း၊ အဖနှင့်တူသောမာနကိုလည်းကောင်း၊ မင်းနှစ်ယောက်နှင့်တူကုန်သော သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတို့ကိုလည်းကောင်း သတ်ဖြတ်ပြီး၍ အခွန်ကောက်ခံတတ်သောအမတ်နှင့်တူသော နန္ဒီရာဂနှင့်တကွ တိုင်းပြည်နှင့်တူသော တဆယ့်နှစ်ပါးသော အာယတနကို သတ်ဖြတ်ပြီးခြင်းကြောင့် ဆင်းရဲခြင်းကင်းလျက် သွားရ၏။

ဒေသနာတော်၏အဆုံး၌ ထိုရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။

ဒုတိယဂါထာတော်ကိုလည်း ထိုဇေတဝန်ကျောင်းနေအာဂန္တုရဟန်းတို့အား လကုဏ္ဍကဘဒ္ဒိယမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူပြန်၏။

(၂၉၅) မာတရံ ပိတရံ ဟန္တွာ၊
ရာဇာနော ဒွေ စ သောတ္ထိယေ၊
ဝေယဂ္ဃပဉ္စမံ ဟန္တွာ၊
အနီဃော ယာတိ ဗြာဟ္မဏော။

(၂၉၅) အမိနှင့်တူသောတဏှာကိုလည်းကောင်း၊အဖနှင့်တူသော မာနကိုလည်းကောင်း၊ မင်းနှစ်ပါးနှင့်တူသော ဒိဋ္ဌိနှစ်ပါးတို့ကိုလည်း ကောင်း သတ်ပြီး၍၊ ကျားဆိုးရှိသော ဘေးရန်များသည့် ခရီးလမ်းနှင့် တူသော ငါးခုမြောက် နီဝရဏတရားဖြစ်သည့် ယုံမှားသံသယဖြစ်ခြင်း ကို ဉာဏ်သံလျက်ဖြင့်သတ်ပြီး ဆင်းရဲကင်းလျက် ဗြဟ္မဏမည်သောရဟန်း သည် သွား၏။

(ဓမ္မပဒ ပကိဏ္ဏကဝဂ် လေးခုမြောက် လကုဏ္ဍကဘဒ္ဒိယဝတ္ထု ပြီး၏)

## ၂၁။ ပကိဏ္ဏကဝဂ်

## ၅။ ဘီလူးသရဲကိုနိုင်သောဂါထာ

### (ထင်းလှည်းသမား သားငယ်ဝတ္ထု)

ဘုရား တရား သံဃာ၊
ကာယဂတာ၊ ကရုဏာနှင့်
မေတ္တာတရား ဘာဝနာပွားကာ
နိုးကြားထကြွ၊ ရှိလေကလျှင်
ဘေးရန်စင်၏။

(သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ) အစရှိသည့် ဒေသနာတော်ကို ဝေဠုဝန်ကျောင်း၌ ထင်းလှည်းသမား၏ သားငယ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ရာဇဂြိုဟ်မြို့ကြီး၌သမ္မာဒိဋ္ဌိ၏သားနှင့်မိစ္ဆာဒိဋ္ဌိ၏ သားသူငယ်ချင်းနှစ်ယောက်တို့သည် ခုံညင်းကစားကြရာသမာဒိဋ္ဌိသူငယ်က "နမောဗုဒ္ဓဿ"ဟု ဆို၍ ခုံညင်းပစ်၏၊ အမြဲတန်းနိုင်၏။ မိစ္ဆာဒိဋ္ဌိ သူငယ်က ဤသူသည် ဗုဒ္ဓါနုဿတိကို အောက်မေ့ပြီး ဤသို့ရွတ်ဆို၍ ကစားလျှင် အမြဲနိုင်၏ဟု မှတ်သားထားပြီး ဗုဒ္ဓါနုဿတိကို သင်ကြားထား၏။

တနေ့တွင် မိစ္ဆာဒိဋ္ဌိသူငယ်၏ ဖခင်သည် တောသို့ထင်းခုတ်သွားရာ သားငယ်ကိုပါခေါ်၍သွား၏။ ထင်းခုတ်ပြီး ပြန်လာကြရာ၊ မြို့အပြင် သုသာန်အနီးတွင် ရေမိုးကောင်း၍ လှည်းကို ဖြုတ်ပြီး ထမင်းစားခြင်း၊ အပန်းဖြေခြင်းကို ပြု၏၊ ဖြေလွှတ်ထားသောနွားတို့သည် ညနေတွင် မြို့တွင်းသို့ဝင်သောနွားတို့နှင့် အတူ လိုက်၍ ဝင်သွား၏။ ဖခင်သည် နွားပျောက်ကို ရှာယင်း မြို့တွင်းသို့ ပါသွားသည်ဟု သတင်းရ၍ မြို့တွင်း၌ နွားတို့ကို လိုက်ရှာတွေ့ရှိဆွဲယူပြီး ပြန်လာရာ မြို့တံခါးသည် ပိတ်နှင့်လေပြီ ဖြစ်၍ မြို့ပြင်သို့ထွက်၍ မရတော့ပဲ ရှိလေ၏။

## သားငယ်အား ဘီလူးဆွဲခြင်း

သားငယ်သည် တယောက်ထီးတည်း သုသာန်၏ အနီးဝယ် နေရ၍ ညဉ့်အမှောင်ရောက်လျှင် လှည်းအောက်သို့ ဝင်၍ အိပ်ပျော်၏။

ညဉ့်နက်လျှင် ဘီလူးနှစ်ယောက်တို့သည် အစာရှာယင်း အိပ်ပျော်နေသော သူငယ်ကို တွေ့၏၊ မိစ္ဆာဒိဋ္ဌိဘီလူးက သူငယ်ကို ဆွဲ၍ စားမည်ဟု ဆို၏။ သမ္မာဒိဋ္ဌိဘီလူးက တားမြစ်ပါသော်လည်း နားမထောင်ပဲ သူငယ်၏ခြေကိုကိုင်၍ ဆွဲယူ၏။ ထိုအခါ သူငယ်သည် ဗုဒ္ဓါနုဿတိ၌ အလေ့အကျင့် ရပြီးဖြစ်၍ (နမော ဗုဒ္ဓဿ)ဟု ယောင်ယမ်း၍ရွတ်လိုက်၏၊ထိုအခါ မိစ္ဆာဒိဋ္ဌိဘီလူးကို သမ္မာဒိဋ္ဌိဘီလူးက "ငါရှိပါလျက် သင်သည် မပြုထိုက်သော အလုပ်ကိုပြုလုပ်၏၊သင်သည် သူငယ်အား ဒဏ်ကိုဆောင်ရမည်" ဟု ဆို၏၊ ဘီလူး နှစ်ယောက်စလုံးသည် တညလုံး သူငယ်ကို စောင့်ရှောက်လျက် နေကြရ၏။ သူငယ်ထမင်းမစားရသေးသည်

ကို သိ၍ မိစ္ဆာဒိဋ္ဌိဘီလူးသည် မြို့သို့ဝင်၍ ရှင်ဘုရင်စားသော ရွှေခွက်ကို ထမင်းအပြည့်နှင့်ယူ၍လာ၏၊ ဘီလူးနှစ်ယောက်သည် မိဘနှစ်ပါး အယောင်ဆောင်၍ သူငယ်ကို နှိုးပြီး ပွဲတော်အုပ်ကို ကျွေး၏၊ထို့နောက် ပွဲတော်အုပ်တွင် စာရေး၍ ထား၏။

နောက်တနေ့တွင် မင်းကြီး၏ရွှေခွက် ပျောက်၍ တမြို့လုံး အုတ်အုတ်ကျက်ကျက် ဖြစ်ကာ မြို့တံခါးကို ပိတ်၍ရှာ၏။ မြို့တွင်း၌ မတွေ့၍ မြို့ပြင်သို့ထွက်၍ရှာရာ ထင်းလှည်းပေါ်မှ ရွှေခွက်ကို တွေ့၏၊ သူငယ်ကို ဖမ်းဆီးပြီး မင်းကြီးထံအပ်၏။

စစ်မေးသောအခါ ကျွန်တော်မျိုးမသိပါ၊ ကျွန်တော်မျိုး၏ မိခင်ဖခင်တို့သည် ညအချိန်၌ လာရောက် ကျွေးမွေးကြပါသည်၊ မိခင်ဖခင်တို့ ရှိနေ၍ ကျွန်တော်မျိုးလည်း အိပ်ပျော်သွားပါ သည်ဟု လျှောက်၏။ မိခင်ဖခင်တို့ကို ခေါ်ယူ စစ်မေးသော အခါ မြို့တွင်း၌ ရှိကြောင်းသက်သေပြ၏၊ မင်းကြီးသည် သား အမိသားအဖ သုံးယောက်စလုံးကို ခေါ်ပြီး မြတ်စွာဘုရားထံ သွားကြ၏။

မင်းကြီးက မြတ်စွာဘုရားအား "ဗုဒ္ဓါနုဿတိ"သည် အကာ အကွယ်ဖြစ်နိုင်ပါသလောဟု မေးလျှောက်၏။ မြတ်စွာဘုရားက ဗိမ္ဗိသာရမင်းကြီးအား-

"ဗုဒ္ဓါနုဿတိသာလျှင် အစောင့်အရှောက် ဖြစ်နိုင် သည်မဟုတ်၊ ခြောက်ပါးသော ဌာနအားဖြင့် စိတ်ကို ကောင်းစွာ ပွားများအပ်သောသူတို့အား အခြားသော အကာအကွယ် မန္တန်ဆေးဝါးဆောင်စရာ မလိုတော့ပြီ" ဟု မိန့်ကြားတော်မူပြီး-

## ရန်အပေါင်းကို ပယ်ဖျောက်နိုင်သော ဂါထာတော်

(၂၉၆) သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ဗုဒ္ဓဂတာ သတိ။

(၂၉၇) သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ဓမ္မဂတာ သတိ။

(၂၉၈) သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ သံဃဂတာ သတိ။

(၂၉၉) သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ကာယဂတာ သတိ။

(၃၀၀) သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊
အဟိံသာယ ရတော မနော။

(၃၀၁) သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊
ဘာဝနာယ ရတော မနော။

(၂၉၆) အကြင် သူတို့အား နေ့၌ လည်းကောင်း၊ ညဉ့်၌လည်းကောင်း၊ အမြဲဘုရားဂုဏ်ကို အာရုံပြု၍ သတိအမြဲရှိ၏၊ ဂေါတမဘုရားရှင်၏တပည့် ဖြစ်ကုန်သော ထိုသူတို့သည် နေ့ရောညပါ အခါခပ်သိမ်း ကောင်းသောနိုးကြားခြင်းဖြင့် နိုးကြားသည်မည်၏။

(၂၉၇) အကြင် သူတို့အား နေ့၌ လည်းကောင်း၊ ညဉ့်၌လည်းကောင်း၊ တရားတော်ဂုဏ်ကို အမြဲအာရုံပြုသောသတိရှိ၏၊ ဂေါတမဘုရားရှင်၏တပည့် ဖြစ်ကုန်သော ထိုသူတို့သည် နေ့ရောညပါ အခါခပ်သိမ်း ကောင်းသောနိုးကြားခြင်းဖြင့် နိုးကြားသည်မည်၏။

(၂၉၈) အကြင် သူတို့အား နေ့၌လည်းကောင်း၊ ညဉ့်၌လည်းကောင်း၊သံဃာ့ဂုဏ်ကို အမြဲအာရုံပြုသော စိတ်ရှိ၏၊ဂေါတမဘုရားရှင်၏တပည့်ဖြစ်ကုန်သော ထိုသူတို့သည် အခါခပ်သိမ်း ကောင်းသောနိုးကြားခြင်းဖြင့် နိုးကြားသည်မည်၏။

(၂၉၉) အကြင် သူတို့အား နေ့၌လည်းကောင်း၊ ညဉ့်၌လည်းကောင်း ကာယဂတာသတိကို အမြဲစီးဖြန်း၏၊ဂေါတမဘုရားရှင်၏တပည့်ဖြစ်ကုန်သော ထိုသူတို့သည် အခါခပ်သိမ်း ကောင်းသော နိုးကြားခြင်းဖြင့် နိုးကြားသည် မည်၏။

(၃၀၀) အကြင်သူတို့အား နေ့၌ လည်းကောင်း၊ ညဉ့်၌ လည်းကောင်း ကရုဏာဘာဝနာဖြင့် သူတပါးအား မညှဉ်းဆဲသောစိတ်ဖြင့် မွေ့လျော်၏၊ ဂေါတမဘုရားရှင်၏တပည့်ဖြစ်ကုန်သော ထိုသူတို့သည် အခါခပ်သိမ်း ကောင်းသောနိုးကြားခြင်းဖြင့် နိုးကြားသည်မည်၏။

(၃၀၁) အကြင်သူတို့သည် နေ့၌ လည်းကောင်း၊ ညဉ့်၌ လည်းကောင်း မေတ္တာတရားပွားများခြင်းစိတ်၌ မွေ့လျော်၏၊ဂေါတမဘုရားရှင်၏ တပည့်ဖြစ်ကုန်သော ထိုသူတို့သည် အခါခပ်သိမ်း ကောင်းသောနိုးကြားခြင်းဖြင့် နိုးကြားသည်မည်၏။

(ဤဂါထာတို့ကို ရွတ်ဆိုခြင်းသည် ကောင်း၏။ ကျင့်ကြံအားထုတ်ခြင်းကား အတိုင်းထက် အလွန်တည်း။ ဤကား မှတ်ချက်)

ဒေသနာတော်၏ အဆုံး၌ မိခင်ဖခင်တို့နှင့် သားငယ်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ နောင်အခါ၌ သုံးယောက်စလုံး ရဟန်းပြုကြပြီး အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။

(ဓမ္မပဒ ပကိဏ္ဏကဝဂ် ငါးခုမြောက် ထင်းလှည်းသမားသားငယ် ဝတ္ထုပြီး၏။)

## ၆။ ဝဋ်ဆင်းရဲ ခရီးကို မရှည်စေနှင့်

(ဆိုင်းသံကြားလျှင် ငိုသောရဟန်းဝတ္ထု)

ရဟန်းအဖြစ်သည် ခဲယဉ်း၏။
ရဟန်းဘဝ၌ မွေ့လျော်နိုင်ခဲ၏။
အိမ်ယာထောင်ခြင်းသည် ဆင်းရဲ၏။
အသွင်မတူသောသူနှင့် နေရခြင်းသည်ဆင်းရဲ၏။
ခရီးရှည် ပြေးသွားရခြင်းသည်ဆင်းရဲ၏။
ထို့ကြောင့်သံသရာ ခရီးကို မရှည်စေနှင့်။

(ဒုပ္ပဗ္ဗဇ္ဇံ) အစခံသော သုတ္တံကို ဝေသာလီပြည် မဟာဝုန်တောဌ် ဝဇ္ဇီတိုင်းသား ရဟန်းတပါးကို အကြောင်းပြု၍ဟော ကြားတော်မူ၏။

### ဝတ္ထုကြောင်းကားဤသို့တည်း

ဝဇ္ဇီတိုင်းသား ရဟန်းတပါးသည် ဝေသာလီ ပြည်အနီး တောအုပ်တခု၌နေထိုင်၏။ တချိန်တွင် ဝေသာလီပြည်၌ပွဲလမ်း သဘင်ကြီးဖြစ်၍ တညလုံးပင် တူရိယာ အမျိုးမျိုး တီးမှုတ်သံ တို့ကို ကြားရလေလျှင် စိတ်မကောင်းခြင်း ဖြစ်စွာနှင့် ငိုကြွေး ယင်း-

"ငါသည် တောအုပ်ထဲ၌ စွန့်ပစ်ထားသော ထင်းတုံးကဲ့သို့တယောက်တည်းနေရ၏။ဤလိုညမျိုး၌ငါ့တို့လောက်အောက်ကျသော သူသည် မည်သူရှိမည်နည်း။"

ထိုရဟန်းသည် ဝဇ္ဇီတိုင်း၌ မင်းသားဖြစ်၍ အလှည့်ကျ အုပ်စိုးရသော မင်းအဖြစ်ကို စွန့်ပြီး ရဟန်းပြုခြင်းဖြစ်၏။ ဝေသာလီပြည်၌ စတုမဟာရာဇ် နတ်မင်းစည်းစိမ်နှင့် တူသော စည်းစိမ်မျိုးဖြင့် တမြို့လုံးပင် တန်ဆောင်မုန်း လပြည့်တညလုံး ဝေသာလီပြည်၌ ပျော်ပါးကြသည်ကို မြင်၍ ပကတိ သဘောဖြင့် တော၌နေရခြင်း၏ ဂုဏ်ကျေးဇူးကို သိမြင်ပါသော်လည်း ထိုခဏ၌ ဆိုင်းသံ ဗုံသံအကြား စိတ်ကစား၍ဤသို့ယောင်ယမ်း ငိုကြွေးမိခြင်း ဖြစ်၏။ထိုအခါ တောစောင့်နတ်သည် ထိုရဟန်းအား ဤဂါထာဖြင့် ရွတ်ဆို၏။

> တောအုပ်ကြီး၌ စွန့်ပစ်ထားသော ယူသူမသုံးသည့် ထင်းတုံးကဲ့သို့ အရှင်ရဟန်းသည် တပါးတည်း တော၌နေ၏။ငရဲသူ ငရဲသားတို့သည် နတ်သား နတ်သမီးတို့အား တောင့်တကြကုန် သကဲ့သို့များစွာသော နတ်တို့သည်အရှင့်အား တောင့်တ အားကိုးကြပါကုန်၏။

ထိုရဟန်းသည် တောစောင့်နတ်မင်း ရွတ်ဆိုသောဂါထာကို ကြား၍ နံနက် မိုးသောက်သော် မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး ရှိခိုးဦးချထိုင်နေ၏။

မြတ်စွာဘုရားသည် ထိုရဟန်းဖြစ်ပုံ အကြောင်းစုံကို သိ၍ လူ့ဘောင်၏ ဆင်းရဲခြင်းကို ပြတော်မူလိုသောကြောင့်-

(၃၀၂) ဒုပ္ပဗ္ဗဇ္ဇံ ဒုရဘိရမံ၊ ဒုရာဝါသာ ဃရာ ဒုခါ။
ဒုက္ခောသမာ နသံဝါသော၊ ဒုက္ခာ နုပတိတဒ္ဓဂူ။
တသ္မာ န စဒ္ဓဂူ သိယာ၊ န စ ဒုက္ခာနုပတိတော သိယာ။

(၃၀၂) ရဟန်းအဖြစ်ကို ပြုနိုင်ခဲ၏။ ရဟန်းအဖြစ်၌ မွေ့လျော်နိုင်ခဲ၏။ အိမ်၌နေရခြင်းသည် ဆင်းရဲလှ၏။

အသွင်မတူသော သူနှင့် အတူ နေရခြင်းသည် ဆင်းရဲ၏။ သံသရာခရီးကိုအရှည်သွားနေရခြင်းသည်ဆင်းရဲ၌ အစဉ်ကျရောက်သည်သာဖြစ်၏။ ထို့ကြောင့် ဝဋ်ဆင်းရဲ၌ ခရီးရှည် ပြေးသွားနေသူလည်း မဖြစ်ရာ။ ဝဋ်ဆင်းရဲ၌ အစဉ်ကျရောက်နေသူလည်း မဖြစ်ရာ။

ဒေသနာတော်၏အဆုံး၌ ထိုရဟန်းသည် ဆင်းရဲ၌ ငြီးငွေ့လျက် သံယောဇဉ်တို့ကို ဖေါက်ခွဲဖြတ်တောက်၍အရဟတ္တဖိုလ်၌တည်လေ၏။

('ဓမ္မပဒ ပကိဏ္ဏကဝဂ် ခြောက်ခုမြောက် ဝဇ္ဇီတိုင်းသား ရဟန်း၏ ဝတ္ထုပြီး၏။ )

# ၇။ စိတ္တသုကြွယ်ဝတ္ထု

ဤစိတ္တသူကြွယ် ဝတ္ထုကို ဗာလဝဂ်၌ ဖေါ်ပြခဲ့ပြီးဖြစ်၍ အကျယ် မဖေါ်ပြတော့ပြီ။

အရှင် အာနန္ဒာ မထေရ်သည် မြတ်စွာဘုရားအား ဤသို့ လျှောက်ထား၏။ "အရှင်ဘုရား ထိုစိတ္တ သူကြွယ်သည် အရှင်ဘုရားတို့ထံလာ၍ ဤလာဘ် ပူဇော်သက္ကာရသည် ဖြစ်သလော သို့မဟုတ် အခြားတပါးသို့ သွားသော်လည်း ဖြစ်ပါသလော" ဟုလျှောက်လေလျှင် မြတ်စွာဘုရားက

"အာနန္ဒာ။ ငါ့ထံသို့လာသည်ဖြစ်စေအခြားတပါးသို့သွားသည်ဖြစ်စေစိတ္တသူကြွယ်အားဤသို့သာလျှင်ဖြစ်မည်သာတည်း"

သဒ္ဓါတရားဖြင့်ပြည့်စုံသူ ရတနာသုံးပါး၌ကြည်ညိုသူ သီလနှင့်ပြည့်စုံသူ ဤသူတို့သည် သွားလေရာအရပ်၌သာလျှင်လာဘ်လာဘ ပေါများ ပူဇော်သက္ကာရ ပေါများသည်သာဖြစ်၏ ဟု မိန့်တော်မူပြီး

**(၃၀၃) သဒ္ဓေါ သီလေန သမ္ပန္နော၊ ယသော ဘောဂသမပ္ပိတော။**
**ယံ ယံ ပဒေသံ ဘဇတိ၊ တတ္ထ တတ္ထေဝ ပူဇိတော။**

(၃၀၃) သဒ္ဓါနှင့်ပြည့်စုံ၏၊ သီလနှင့်ပြည့်စုံ၏၊အခြံအရံ စည်းစိမ်နှင့်ပြည့်စုံ၏၊ အကြင်အရပ်သို့ ချဉ်းကပ်၏၊ထိုထိုအရပ်၌သာလျှင်အပူဇော်ခံရ၏။

ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည်သောတာပတ္တိဖိုလ်သို့ ရောက်ကုန်၏။

(ဓမ္မပဒ ပကိဏ္ဏကဝဂ် ခုနစ်ခုမြောက် စိတ္တသူကြွယ်ဝတ္ထုပြီး၏)

## ၂၁။ ပကိဏ္ဏကဝဂ်

### ဂ။ နီးသည်ဝေးသည်မဟုတ်

မြတ်စွာဘုရားကိုယ်တော်တိုင်ပြသာဒ်ငါးရာဖြင့်
ကောင်းကင်ခရီးမှကြွ၍ ချီးမြှောက်တော်မူသော

(စူဠသုဘဒ္ဒါဝတ္ထု)

ဟိမဝန္တာတောင်သည်
အဝေး၌နေသူတို့အား
နီးသည်ဟုထင်ရသကဲ့သို
သူတော်ကောင်းတို့သည်
အဝေး၌နေသော်လည်း
အနီး၌ထင်ရှားရှိသကဲ့သို့ဖြစ်၏။
မသူတော်တို့သည်
ဘုရားအနီး၌နေသော်လည်း
ဘုရားကိုမမြင်နိုင်ကြ။

(ဒူရေသန္တော) အစရှိသော ဒေသနာတော်ကို ဇေတဝန်ကျောင်း၌စံတော်မူစဉ် အနာထပိဏ် သဌေးကြီး၏သမီး စူဠသုဘဒ္ဒါကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

#### ဝတ္ထုကြောင်းကား ဤသို့တည်း

အနာထပိဏ် သဌေးကြီး ကျောင်းသားဘဝက ဥဂ္ဂမြို့သား သဌေးသားနှင့် အလွန်ချစ်သော သူငယ်ချင်းဖြစ်ကြ၏။ ငယ်စဉ်

ကပင် အိမ်ထောင်ရက်သားကျ၍ သားသမီးရကြလျှင် သား ပေး သမီးယူ ကတိထားကြ၏။ ထိုသူနှစ်ယောက်သည် အရွယ် ရောက်သော် သဌေးကြီးများဖြစ်လာကြ၏။

တချိန်တွင် ဥဂ္ဂသဌေးသည် လှည်းငါးရာဖြင့် ကုန်ရောင်းရန် သာဝတ္ထိပြည်သို့သွား၏။ အနာထပိဏ်သဌေးသည် သမီးစူဠသု ဘဒ္ဒါကိုသင်၏။ ဖခင်ဖြစ်သော ဥဂ္ဂသဌေးအား အစစ အရာရာ တာဝန်ယူလေလော့ဟုစေခိုင်း၏။ စူဠသုဘဒ္ဒါသည် ဥဂ္ဂသဌေး အတွက် မိမိလက်ဖြင့်သာလျှင် ထမင်းဟင်းလျာတို့ကိုချက်ပြုတ် ၏။ ပန်းနံ့သာတို့ကို ထိုသဌေးအတွက် ချိုးရေကိုစီစဉ်၍ ရေ ချိုးရာ၌လည်း ပြုဖွယ်ကိစ္စကို ကောင်းစွာပြုလုပ်၏။

ဥဂ္ဂသဌေးသည် စူဠသုဘဒ္ဒါအပေါ် ချစ်ခင်ကြည်ညို၍ငယ် စဉ်က ကတိအတိုင်း သားနှင့် စေ့စပ်၏။

## လက်ထပ်ခန်း

ဥဂ္ဂသဌေးသည်မိစ္ဆာအယူရှိ၏။ထို့ကြောင့်မြတ်စွာဘုရားကို ထိုအကြောင်းလျှောက်ကြား၏၊ဥဂ္ဂသဌေး၏ မင်္ဂလာပိုလ်ရကြောင်း အခြေခံပြည့်စုံသည်ကို ခွင့်ပြုတော် မူသောကြောင့် သဌေး ကတော်နှင့် တိုင်ပင်ပြီး နေ့ရက်ကိုချိန်းချက်၍ ဝိသာခါ၏မင်္ဂလာ ပွဲအတိုင်း ကြီးကျယ်စွာသော မင်္ဂလာပွဲနှင့် ချီးမြှောက် ဖွယ်ရာ အဖြာဖြာကိုကောင်းစွာစီစဉ်ပြီးစူဠသုဘဒ္ဒါကို ခေါ်၍ဝိသာခါ အားမှာကြားဆုံးမသော အတွင်းမီးကို အပြင်မထုတ်ရန် စသည့် ဩဝါဒစကားတို့ကိုပြောကြား၍ ဥဂ္ဂမြို့မှ သူကြွယ် ရှစ်ဦးတို့ကို အဖအရာစောင့်ရှောက်ရန် မှာထား၍ ဘုရားအမှူးရှိသောသံဃာ တော်တို့အား ကြီးစွာသော ပူဇော်သက္ကာရပြု၍ သမီးကိုထည့် လိုက်၏။

## လိမ်မာလှစွာ စူဠသုဘဒ္ဒါ

စူဠသုဘဒ္ဒါသည် ဝိသာခါ သဋ္ဌေးသမီးကဲ့သို့ပင် ရထားနှင့် ရပ်၍ မြို့သူမြို့သားတို့အား ထင်ရှားပြပြီး ရလာသောလက်ဆောင်တို့ကိုခံယူ၍ ထိုသူတို့ထံ အထိုက်အလျောက် လက်ဆောင်တို့ကို ပေးပို့စေ၏။

မင်္ဂလာပြုသောနေ့တွင် အစေလကတိတ္ထိတို့အားပင့်၍ ပူဇော်ကြ၏။ စူဠသုဘဒ္ဒါအား လာရောက်ရှိခိုးစေ၏။ အဝတ်မပါသော အစေလကတို့ကိုရှက်၍သွားရောက်ရှိမခိုးပဲနေ၏။

ဥဂ္ဂသဋ္ဌေးသည် အမျက်ထွက်၍ အိမ်မှနှင်ထုတ်၏၊ စူဠသုဘဒ္ဒါက သူကြွယ်ရှစ်ယောက်တို့ကိုခေါ်၍တိုင်ကြား၏၊ သူကြွယ်တို့က စူဠသုဘဒ္ဒါအပေါ် အပြစ်မရှိကြောင်းပြောကြ၍ နှင်မထုတ်သာပဲ ရှိ၏။

## သဋ္ဌေးကတော်ကြီးက မေးမြန်းခြင်း

ဥဂ္ဂသဋ္ဌေးကြီးက ဤစူဠသုဘဒ္ဒါသည် ကိုးကွယ်သောရဟန်းတို့ကို အရှက်မရှိဟုပြော၍ ရှိမခိုးပဲနေသည်ဟု သဋ္ဌေးကတော်အား ပြော၏၊ သဋ္ဌေးကတော်က ချွေးမသုဘဒ္ဒါသည် သူတို့ ကိုးကွယ်သောရဟန်းတို့၏ဂုဏ်ကျေးဇူးကို အလွန်ချီးမွမ်း ပြောဆိုသည်ဟု ချွေးမသုဘဒ္ဒါကိုခေါ်စေ၍

"ချစ်သမီး၏ရဟန်းတို့သည် အဘယ်သို့ သဘောရှိသနည်း၊ ချစ်သမီးသည် ထိုရဟန်းတို့ကို အလွန်လျှင်ချီးမွမ်း၏၊ အဘယ်သို့ သီလရှိကြသနည်း၊ အဘယ်သို့ ကျင့်ကြံအားထုတ်ကြသနည်း ငါ့ကိုပြောကြားပါ"ဆို၏။

"ကျေးဇူးရှင်မိခင်၊ သမီးတို့၏ရဟန်းတို့သည် ငြိမ်သက်သောအိန္ဒြေရှိကြ၏၊ သိမ်မွေ့နူးညံ့ကြပါကုန်၏၊ သိမ်မွေ့သော

စိတ်ရှိကြပါကုန်၏၊ ကျွန်တော်မတို့ကိုးကွယ်သောရဟန်းမြတ်တို့သည် ကြွသွားသောအခါ၊ ရပ်တည်သောအခါ သိမ်မွေ့ငြိမ်သက်ပါ၏၊ မျက်လွှာကိုချ၍ကြွသွားကြပါ၏၊ အကျိုးနှစ်ပါးပြီးအောင် နိုင်းယှဉ်ကိုးကွယ်သောရဟန်းများဖြစ်ပါ၏။

သမီးတို့ကိုးကွယ်သော ရဟန်းမြတ်တို့၏ ကိုယ်ဖြင့်ပြုအပ်သောအမှုသည် မြင်သူတိုင်း ကြည်ညိုစဖွယ် စင်ကြယ်လှပါ၏။ ပြောကြားအပ်သော စကားတို့သည် သူတပါးအား အနှောင့်အယှက်မရှိစင်ကြယ်လှပါ၏၊ စိတ်ဖြင့်ပြုအပ်သောအမှုသည် စင်ကြယ်လှပါ၏၊ ထိုသို့သဘောရှိသော ရဟန်းတို့သည် သမီးတို့ကိုးကွယ်သောရဟန်းများဖြစ်ပါ၏။

အညစ်အကြေး ကင်းပါ၏၊ ခရုသင်းကဲ့သို့ ဖြူစင်သောအရောင်ရှိပါ၏၊ အတွင်းအပြင်စင်ကြယ်ကြပါ၏၊ သန့်ရှင်း စင်ကြယ်သောကျေးဇူးတရားတို့နှင့် ပြည့်စုံကြပါ၏၊ သမီးတို့ကိုးကွယ်သောရဟန်းတို့သည် ထိုသို့သဘောရှိကြပါသည်။

လူတို့သည် လာဘ်ပေါများ၍ တက်ကြွတတ်ပါသည်။ လာဘ်မရသောကြောင့် အောက်ကျတတ်ပါသည်၊ သမီးတို့၏ရဟန်းများသည် လာဘ်ရခြင်း မရခြင်းဖြင့် တည်ကြည်သောနှလုံး ရှိကြပါကုန်၏။

လူတို့သည် အခြံအရံများလျှင် မာန်တက်ကြပါသည်၊ အခြံအရံနည်းလျှင် မာန်ကျကြပါသည်၊ သမီးတို့ ကိုးကွယ်သောရဟန်းများသည် အခြံအရံရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တည်ကြည်သောနှလုံးရှိကြပါသည်။

လူအပေါင်းတို့သည် ချီးမွမ်းခြင်းကြောင့် မာန်တက်ကြ၏၊ ကဲ့ရဲ့ခြင်းကြောင့် မာန်ကျကြသည်၊ သမီးတို့ကိုးကွယ်သော ရဟန်းတို့သည် ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းတို့၌ တူမျှကုန်ပါသည်။

လူအပေါင်းတို့သည် ချမ်းသာသဖြင့် မာန်တက်၏၊ ဆင်းရဲခြင်းကြောင့် မာန်ကျ၏၊ သမီးတို့ကိုးကွယ်သော ရဟန်းတို့သည် ချမ်းသာခြင်း ဆင်းရဲခြင်းကြောင့် တုန်လှုပ်ခြင်းမရှိကြပါ''

စူဠသုဘဒ္ဒါသည် ဤသို့သောစကားဖြင့် ယောက္ခမကို နှစ်သက်စေ၏၊ သင်္ဘေးကတော်က သင်တို့ကိုးကွယ်သော ရဟန်းတို့ကို ငါတို့ဖူးတွေ့ရန်စီစဉ်ပေးနိုင်ပါမည်လောဟု မေး၏၊တတ်နိုင်ကောင်းပါ၏ဟု ပြောဆိုပြီး ဘုရားသခင်နှင့် ရဟန်းသံဃာတို့အား လှူဒါန်းဖွယ်ရာတို့ကိုစီစဉ်၍ တိုက်အပေါ်ထပ် ပြာသာဒ်ထက်၌ရပ်ပြီးသော် ဇေတဝန်ကျောင်းတော်ရှိရာအရပ်သို့ မျက်နှာမူ၍ ငါးဖြာသောထိခြင်းဖြင့် ရှိခိုးပြီး ဘုရားရှင်ဂုဏ်ကျေးဇူးကို အထူးဆင်ခြင်ပြီးလျှင် ပန်း‌နံ့သာတို့ကိုပူဇော်၍ ယူဇနာတရာ့နှစ်ဆယ်ကွာဝေးသောအရပ်မှ လျှောက်ထားပင့်ဖိတ်ကာ မြတ်လေးပန်းရှစ်ဆုပ်ကို အဓိဋ္ဌာန်ပြု၍ ကောင်းကင်၌ပစ်၍လွှင့်တင်လိုက်၏၊ ပန်းတို့သည် ကောင်းကင်ခရီးဖြင့် တဟုန်တည်းတက်သွား၍ ဇေတဝန်ကျောင်းတော်မြတ်ဘုရား တရားဟောတော်မူရာ အထက်၌ပန်းမျက်နှာကျက်ဖြစ်၍တည်ကုန်၏။

ထိုခဏ၌ အနာထပိဏ်သဋ္ဌေးသည် တရားတော်ကိုနာကြားပြီးဆုံး၍ မြတ်စွာဘုရားအားနက်ဖြန်အတွက်ဆွမ်းပင့်၏၊မြတ်စွာဘုရားက ''နက်ဖြန်အတွက်ဆွမ်းကိုလက်ခံ၍ပြီးလေပြီ'' ဟု မိန့်ကြားလျှင် အနာထပိဏ်သဋ္ဌေးကြီးက တအံ့တဩပင် ''တပည့်

တော်ထက်ဦးစွာ လာရောက်သူမရှိပါ၊ အဘယ်သူ၏ဆွမ်းကို လက်ခံပါသနည်း''ဟု လျှောက်ထား၏။

''စူဠသုဘဒ္ဒါကပင့်ဖိတ်အပ်သည်''ဟုမိန့်တော်မူလျှင်''အရှင်ဘုရား စူဠသုဘဒ္ဒါသည် သာဝတ္ထိပြည်မှ ဝေးကွာလှစွာ ယူဇနာတရာ့နှစ်ဆယ်အထက်၌ နေသည်မဟုတ်ပါလော'' ဟု မေးလျှောက်လျှင် မြတ်စွာဘုရားက-

ဩဝ်-ဟုတ်မှန်ပေ၏။ သူတော်ကောင်းတို့သည် ဝေးသောအရပ်၌နေသော်လည်း မျက်မှောက်၌တည်သကဲ့သို့ ထင်ရှားရှိကုန်၏ဟု မိန့်တော်မူပြီး၍-

(၃၀၄) ဒူရေ သန္တော ပကာသေန္တိ၊ ဟိမဝန္တောဝ ပဗ္ဗတော။
အသန္တေတ္ထ န ဒိဿန္တိ၊ ရတ္တိံ ခိတ္တာ ယထာ သရာ။

(၃၀၄) ဟိမဝန္တာ တောင်သည် အဝေး၌ရှိသော်လည်း မျက်မှောက်၌ထင်ရှားရှိသကဲ့သို့ ထို့အတူ သူတော်ကောင်းတို့သည် အဝေး၌တည်နေကုန်လျက် မျက်မှောက်၌တည်နေသည့်အလား တင်ရှားကြကုန်၏။ ညအခါ၌ ပစ်လွှတ်အပ်သော မြားတို့သည် မထင်မြင်ကုန်သကဲ့သို့ သူတော်မဟုတ် သူယုတ်မာတို့သည် မြတ်စွာဘုရားအနီး၌ ထိုင်နေကုန်လျက်လည်း မထင်မြင်ကြကုန်၏။

## သိကြားမင်းလည်းမနေနိုင်

ဤသို့ ဟောကြားတော်မူပြီးနောက် သိကြားနတ်မင်းသည် မြတ်စွာဘုရားရှင် သုဘဒ္ဒါပင့်သောဆွမ်းကိုလက်ခံပြီဟုသိ၍ ငါးရာကုန်သောပြာသာဒ်ကျောင်းဆောင်တို့ကိုဖန်ဆင်း၍နက်ဖြန်ခါ ဘုရားအမှူးရှိသော သံဃာတော်တို့ကို ဥဂ္ဂမြို့သို့ ပင့်ဆောင်လေလော့ဟု ဝိဿကြုံနတ်သားကိုစေခိုင်း၏၊နောက်တနေ့နံနက်၌

မြတ်စွာဘုရားသည် အထူးသဖြင့် စင်ကြယ်ကုန်သော ရဟန္တာ ငါးရာတို့ကို ရွေးကောက်တော်မူပြီး ဝိသကြုံနတ်မင်း ပြာသာဒ် ငါးရာနှင့် ဇေတဝန်ကျောင်းတော်သို့ ရောက်လာသည်နှင့် ထို ပြာသာဒ်၌ သီတင်းသုံးတော်မူပြီး ဥဂ္ဂမြို့သို့ကြွတော်မူ၏။

ဥဂ္ဂသဌေးနှင့် သဌေးကတော်တို့သည် စူဠသုဘဒ္ဒါညွှန်ကြား သည့်အတိုင်း မြတ်စွာဘုရားကြွလာသည့်ခရီးကို မျှော်မှန်းလျက် နေ၏။

ကြီးကျယ်မြင့်မြတ် ပြာသာဒ်ငါးရာဖြင့် ကောင်းကင်ခရီး ဖြင့်ကြွလာသော မြတ်စွာဘုရားနှင့် ရဟန္တာအရှင်မြတ်များကို မြင်သည်ရှိသော် ဥဂ္ဂသဌေးသည်များစွာကြည်ညို၍ကြီးစွာသော ပူဇော်သက္ကာရဖြင့် ခုနစ်ရက်ပတ်လုံး အလှူကြီးကိုပေး၏။

မြတ်စွာဘုရားသည် ဥဂ္ဂသဌေးအား သင့်လျော်သောတရား တော်တို့ကို ဟောတော်မူ၏၊ ရှစ်သောင်း လေးထောင်ကုန်သော သူတို့သည် အကျွတ်တရားကိုရကြ၏။

မြတ်စွာဘုရားသည် စူဠသုဘဒ္ဒါအား ချီးမြှောက်တော်မူလို သဖြင့် အရှင်အနုရုဒ္ဓါမထေရ်အား ဥဂ္ဂမြို့၌နေရစ်ခဲ့ပြီး သာ ဝတ္ထိပြည်သို့ ပြန်လည်ကြွသွား၏၊ ထိုဥဂ္ဂမြို့သည် သဒ္ဓါတရားရှိ သော ဒါယကာ ဒါယိကာမတို့နှင့်ပြည့်စုံသောမြို့ဖြစ်လာလေ၏။

(ဓမ္မပဒ ပကိဏ္ဏကဝဂ် ရှစ်ခုမြောက် စူဠသုဘဒ္ဒါဝတ္ထု ပြီး၏)

✿ ✿ ✿

# {၂၂} နိရယဝဂ်

## ၁။ မကောင်းမှုကို ဖုံးကွယ်၍မရ

(သုန္ဒရီပရိဗိုဇ်မဝတ္ထု)

မဟုတ်မမှန်ပြောသူ၊
မိမိပြုလုပ်လျက် မပြုလုပ်ပြောသူ။
ထိုနှစ်ယောက် တို့သည်
ယုတ်မာသော အမှုရှိသည်ချည်းဖြစ်၏။

(အဘူတဝါဒီ) အစရှိသည့် ဒေသနာတော်ကို ဇေတဝန်ကျောင်း၌ ကိန်းအောင်းတော်မူခိုက် သုန္ဒရီပရိဗိုဇ်မကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့၏။

ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်ဝယ် သာသနာတော်အရောင် ထွန်းပြောင်သဖြင့် တိတ္ထိတို့မှေးမှိန် လာဘ်လာဘ မရကြတော့ပဲ ရှိကြ၏။

အချင်းချင်း တိုင်ပင်ပြီး သုန္ဒရီပရိဗိုဇ်မအား ခေါ်၍သွန်သင်စေခိုင်း၏။ သုန္ဒရီပရိဗိုဇ်မသည် တိတ္ထိအကြီးအကဲတို့၏ အကြံအတိုင်းလိုက်၍ ဆောင်ရွက်၏။

ညချမ်းအခါ ဘုရားကျောင်းတော်မှ တရားတော်ကိုနာ၍ ပြန်လာကြသောသူများနှင့် ဇေတဝန်ကျောင်းဝတွင် ဆုံအောင် တမင်ပြုပြီး ပန်းနံ့သာလိမ်းကျံလျက် ရယ်ပြုံးရွှင်ပြ နှုတ်ဆက်၏။ အချို့ကမေးသည့်အခါ ရဟန်းဂေါတမနှင့် အတူအိပ်ရန် လာခဲ့သည်ဟုပြောဆိုပြီး အနီးရှိတိတ္ထိတို့ကျောင်းတခုသို့ ဝင်၍ အိပ်၏။

နံနက်စောစောတွင် ဇေတဝန်ကျောင်းမှ ထွက်လာဟန်ပြု၍ မြို့သို့ပြန်လာ၏။ အချို့ကမေးလျှင် ရဟန်းဂေါတမနှင့် တခုတည်းသော ဂန္ဓကုဋိ၌ ကိလေသာဖြင့်မွေ့လျော်စေပြီး ပြန်လာခဲ့သည်ဟုပြော၏။ ထိုသို့ပင်နှစ်ရက်သုံးရက်မျှ လူများမြင်အောင် သုန္ဒရီအား ပြုလုပ်ပြောဆိုစေ၏။

နှစ်ရက်သုံးရက်ကြာလျှင်တိတ္ထိတို့သည် အရက်သမားတို့အား ငွေပေး၍ သုန္ဒရီကိုသတ်ခိုင်းပြီး ဘုရားရှင်၏ ဂန္ဓကုဋိအနီးမှ အမှိုက်ပုံကြားတွင် မြှုပ်နှံ၍ထားခဲ့ရန် စေခိုင်း၏။

ထိုနောက် တိတ္ထိတို့သည် သုန္ဒရီပရိဗိုဇ်မ ပျောက်နေသည်ဟု ပြောဆိုပြီး ဟိုမှသည်မှရှာဖွေဟန် ပြုကြ၏။ ထိုနောက် ပသေနဒီကောသလမင်းကြီးထံ သွား၍လျှောက်ကြ၏။ ရဟန်းဂေါတမကျောင်းသို့ နှစ်ရက်သုံးရက် သွားပြီးနောက် ပျောက်သည်ဟု တိုင်ကြသည်။ မင်းကြီးက ဤသို့ဆိုလျှင် ဇေတဝန်ကျောင်းတွင် ရှာဖွေကြဟု အခွင့်ပြု၏။ တိတ္ထိတို့သည် ပန်းပုံကြားမှ သုန္ဒရီ၏

အလောင်းကိုတွေ့ရသည်ဟုဆိုပြီး အလောင်းကို ညောင်စောင်းတွင်တင်၍မြို့တွင်းသို့ယူသွားပြီး–

"ရဟန်းဂေါတမ၏ တပည့်တို့သည် မိမိတို့ဆရာ၏ အပြစ်ကို ဖုံးကွယ်လိုသောကြောင့် ဤသို့သတ်ပြီး ပန်းပုံကြား၌ မြှုပ်ထားသည်"

ဟု ဟစ်အော်ပြောဆိုပြီး မင်းကြီးထံသွားကြသည်။ မင်းကြီးသည် ဤအတိုင်းမှန်လျှင် မြို့ကိုလှည့်၍ပြလေတော့ဟုခွင့်ပေး၏။ တိတ္ထိတို့သည် အလောင်းကိုထမ်း၍ မြို့ကိုလှည့်ပြီး ဟစ်အော်စွပ်စွဲကြ၏။ ထိုနောက်အလောင်းကို သုသာန်တွင်ငြမ်းစင်၌တင်ထားပြီး စောင့်ရှောက်စေ၏။

လူအပေါင်းတို့သည် ရဟန်းတို့အား ကဲ့ရဲ့ဆဲရေး အထင်လွဲကြ၏။ ရဟန်းတို့က မြတ်စွာဘုရားကို လျှောက်ထားလေလျှင် မြတ်စွာဘုရားက–

"အသင်တို့သည် ထိုကဲ့ရဲ့ဆဲရေးသူတို့အား ဤသို့ပြောဆိုကြကုန်လော့"ဟု ဂါထာကို ဟောကြားတော်မူ၏။

(၃၀၆) အဘူတဝါဒီ နိရယံ ဥပေတိ၊
ယော ဝါပိ ကတွာန ကရောမိ စာဟ၊
ဥဘောပိ တေ ပေစ္စ သမာ ဘဝန္တိ၊
နိဟီနကမ္မာ မနုဇာ ပရတ္ထ။

(၃၀၆) မဟုတ်မမှန် ပြောဆိုလေ့ ရှိသူသည်လည်း ကောင်း၊ မကောင်းမှုကိုပြုလုပ်ပြီး (မိမိ) မပြုလုပ်ဟုပြောဆိုသူသည်လည်းကောင်း၊ ငရဲသို့ရောက်ရ၏။ ထိုသူနှစ်ဦးတို့သည် ယုတ်မာသောအမှုရှိကုန်သည်ဖြစ်၍ တမလွန်၌ (ငရဲခံရခြင်း) တူညီကြကုန်၏။

(ဒေသနာတော်၏အဆုံး၌များစွာသောသူတို့သည် သောတာပတ္တိဖိုလ်သို့ ရောက်ကုန်၏။)

## မကောင်းမှုကို ဖုံးကွယ်၍မရ

ပသေနဒီကောသလမင်းသည် သုန္ဒရီပရိဗိုဇ်မကို သတ်သည့် တရားခံအစစ်ကို သူလျှိုများစေလွှတ်၍စုံစမ်းစေ၏။ အရက်ဆိုင် တဆိုင်တွင် အရက်သမားတို့ အရက်သောက်ယင်း တယောက် သောသူကို-

"သင်သည် သုန္ဒရီကို တချက်တည်းဖြင့် ရိုက်သတ်၍ရသော ငွေဖြင့် အရက်သောက်သည် မဟုတ်လော"ဟု မေး၏။ သူလျှိုတို့သည် အရက်သမားတို့ကိုဖမ်း၍ မင်းကြီးထံ ခေါ်သွား၏။ စစ်ဆေးသောအခါ သတ်မိသည်မှန်ပါသည်ဟု ဖြောင့်ချက်ပေး၏။ မည်သူသတ်ခိုင်းသနည်းဟု မေးလျှင် တိတ္ထိတို့ သတ်ခိုင်းကြောင်း ထုတ်ဖော်အစစ်ခံသည်။

မင်းကြီးသည် တိတ္ထိတို့ကိုခေါ်၍စစ်၏၊ ဖုံးကွယ်၍ မရသောကြောင့် ဝန်ခံကြရ၏။ မင်းကြီးသည် တိတ္ထိတို့ကိုဖမ်းဆီး၍ မြို့ကို လှည့်လည်ပြီး ဝန်ခံစေပြီးမှ အပြစ်ဒဏ်ပေး၏။

ထိုအခါမှစ၍ မြတ်စွာဘုရားအား ပူဇော်သက္ကာရသည် ပိုမို ကြီးကျယ် မြင့်မြတ်သည် ဖြစ်လေ၏။

(နိရယဝဂ် အဦးအစ သုန္ဒရီပရိဗိုဇ်မဝတ္ထုပြီး၏)

## ၂၂။ နိရယဝဂ်

## ၂။ သက်နီးဝတ်နှင့် အကျင့်ယုတ်

(ဒုစရိုက်အကျိုးခံစားရသူများ)

သက်နီးကို လည်မှာပတ်ကာ
ယုတ်မာသောအကျင့် ရှိသူတို့သည်
ငရဲသို့ရောက်ရ၏။

(ကာသာဝကဏ္ဍာ)အစလာသောဒေသနာတော်ကိုဝေဠုဝန်ကျောင်း၌ စံပယ်တော်မူစဉ် ဒုစရိုက်အကျိုး ခံစားရသူတို့ကို အကြောင်းပြု၍ ဟောကြားတော်မူသည်။

### ဝတ္ထုကြောင်းကား ဤသို့တည်း

အရှင်မောဂ္ဂလာန်နှင့် အရှင်လက္ခဏမထေရ်တို့သည် ဂိဇ္ဈကုဋ်တောင်မှကြွခဲ့၏။ အရှင်မောဂ္ဂလာန်ပြုံးတော်မူ၏၊ အရှင်လက္ခဏက ပြုံးခြင်းအကြောင်းကိုမေး၏၊ မြတ်စွာဘုရားရှေ့၌ မေးပါဟု ပြော၏။ ဆွမ်းခံကြွ၍ ဆွမ်းစားပြီးနောက် ဘုရားထံမောက်ရောက်ကြလျှင် အရှင်လက္ခဏကမေး၏၊ အရှင်မောဂ္ဂလာန်က ဂိဇ္ဈကုဋ်တောင်မှ အဆင်းတွင် ရဟန်းငါးပါးကို တွေ့မြင်ရ၏။ ထိုရဟန်းတို့၏ကိုယ်သည် အလျှံပြောင်ပြောင် မီးလောင်နေသည်ကို တွေ့မြင်ရပါသည်ဟုပြော၏။

မြတ်စွာဘုရားက ကဿပဘုရား လက်ထက်၌ ရဟန်းပြုကြသော ဤငါးဦးသည် ပဋိပတ်၊ ပရိယတ် ကို မဖြည့်စွမ်းနိုင်ပဲ ယုတ်မာသောအမှုကိုပြုကြ၍ အကုသိုလ်ကံ စီမံမှုကို ခံစားရသည်ဟု အောက်ပါဂါထာကို မိန့်ကြားတော်မူ၏။

(၃၀၇) ကာသာဝကဏ္ဌာ ဗဟဝေါ၊
ပါပဓမ္မာ အသညတာ။
ပါပါ ပါပေဟိ ကမ္မေဟိ၊
နိရယံ တေ ဥပပဇ္ဇရေ။

(၃၀၇) သင်္ကန်းကိုလည်ပင်း၌ပတ်ကြကုန်သော (ကိုယ်နှုတ်နှလုံးကို) မစောင့်စည်းကုန်သော များစွာသော ထိုသူယုတ်မာ တို့သည် မကောင်းမှုပြုလုပ်သောကြောင့် ငရဲသို့ရောက်ရကုန်၏။

(နိရယဝဂ် နှစ်ခုမြောက် ဒုစရိုက်အကျိုးခံစားရသော သတ္တဝါတို့ ဝတ္ထုပြီး၏။)

## ၂၂။ နိရယဝဂ်

### ၃။ သံတွေခဲကို မစားနှင့်

(ဝဂ္ဂုမုဒါမြစ်ကမ်းမှ ရဟန်းတို့ဝတ္ထု)

အကျင့်သီလမရှိသော ဒုဿီလသည်
ပြည်သူတို့လှူသောဆွမ်းကိုစားခဲ့လျှင်
ထိုလှူသောဆွမ်းကို စားရသည်ထက်
မီးလျှံပြောင်သည့် သံတွေခဲကို
စားရခြင်းက ပို၍မြတ်သေး၏။

(သေယျော အယောဂုဠော) အစရှိသော ဒေသနာတော်ကို ဝေသာလီပြည်မဟာဝုန်တော၌ သီတင်းသုံးစဉ်ဝဂ္ဂုမုဒါမြစ်ကမ်း၌နေသော လမ်းမှားသည့် ရဟန်းများအား အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

မြတ်စွာဘုရားသည် ဝေသာလီပြည်အနီး မဟာဝုန်တော၌ သီတင်းသုံးတော်မူစဉ် အချို့သောရဟန်းတို့မှာ ပေါင်းသင်းခင်မင်ရာစုစည်း၍ ဝဂ္ဂုမုဒါမြစ်ကမ်း၌ ဝါကပ်ဆိုတော်မူကြ၏။

ထိုအခါ ဝဇ္ဇီတိုင်းအလုံးသည် ငတ်မွတ်ခေါင်းပါး အစားအသောက်ဆင်းရဲသည်ဖြစ်၍ ရေရှားမိုးခေါင် ပိုးကောင်များဖျက်ဆီးသဖြင့် လူတို့သည်ငတ်မွတ်၍ပင် သေနေကြရ၏။ ရဟန်းတို့မှာဆွမ်းခံ၍မလွယ်ကူ။

ထိုအခါ မြစ်ကမ်းဘေးတွင် ဝါဆိုကြကုန်သော ရဟန်းတို့သည် တိုင်ပင်ကြ၏။ ဆွမ်းရရန်အလို့ ငှာ လူတို့၏အမှုကြီးငယ်ကို ဆောင်ရွက်ကြမည်ဆို၏။ အချို့ကလူတို့၏ စေတမန်အဖြစ်သွား လာ၍ ဆွမ်းရအောင်လုပ်မည်ဟုဆိုကြ၏။ အချို့က ငါတို့သည် အချင်းချင်း တယောက်ကိုတယောက် ဂုဏ်တင်၍ ဈာန်မဂ်ဖိုလ် ရသည်ဟု ပြောဆိုပြီး ဤရဟန်းသည် ပထမဈာန်ကို ရ၏။ ထိုရဟန်းသည် ဒုတိယဈာန်ကိုရ၏။ ဤအမည်ရှိသောရဟန်းသည် တတိယဈာန်၊ စတုတ္ထဈာန်ကိုရ၏။ သောတာပန်ရ၏။ သကဒါဂါမ်၊ အနာဂါမ်ဖြစ်၏၊ ရဟန္တာဖြစ်၏။ စ သည် စ သည် ဖြင့် ပြောဆိုကြမည်။ လူတို့ယုံကြည်၍ ပေးကမ်းလှူဒါန်းကြလိမ့်မည်၊ ငါတို့သည် ဝါတွင်းသုံးလပတ်လုံးဆွမ်းအတွက် မပင်မပန်းရှိကြ မည်ဟုပြောဆိုသောအခါ အားလုံးသဘောတူကြ၍ အချင်းချင်း တဦးကိုတဦးဂုဏ်တင်ပြောဆိုကြသောအခါ လူအပေါင်းတို့သည် အားရဝမ်းသာပင် မွန်မြတ်သောခဲဖွယ်ဘောဇဉ်ကိုလှူဒါန်းကြ၏ ထိုအခါ ဝဂ္ဂုမုဒါမြစ်ကမ်း၌နေသောရဟန်းတို့မှာ အစာရေစာ ကောင်းစွာစားရသဖြင့် ကြည်လင်သော ကိုယ်ရေအဆင်းရှိသည် ဖြစ်ကုန်၏။

မြတ်စွာဘုရားလက်ထက်တွင် ဝါမှထမြောက်သော ရဟန်း တို့သည် မြတ်စွာဘုရားထံ သွားရောက်ဖူးမြော်ကြသည်မှာ အစဉ် အလာပင်ဖြစ်၏။ အခြားမှ လာရောက်ကြသော ရဟန်းတို့သည် ကိုယ်သားကိုယ်ရေ ကြုံလှီခေါင်းပါး ဖျော့တော့ခြင်းရှိကြ၏။ ဝဂ္ဂုမုဒါမြစ်ကမ်း၌ဝါဆိုကြသောရဟန်းတို့ကားကျမ္မာပျော်ရွှင် ကြည်လင်လျက်ရှိကြ၏။

မြတ်စွာဘုရားသည် အာဂန္တုရဟန်းတို့နှင့်အတူ ဝမ်းမြောက်ဝမ်းသာ ပြောဆိုလေ့ရှိ၏။ ဝဂ္ဂုမုဒါမြစ်ကမ်းမှ ရဟန်းတော်တို့အား ကျန်းမာပါ၏လော၊ ညီညွတ်ပါ၏လော၊ ဆွမ်းကွမ်း မပင်မပန်းရှိပါ၏လောဟု မေးတော်မူ၏။ ထိုရဟန်းတို့က ကျန်းမာပါ၏၊ ညီညွတ်ပါ၏၊ ဆွမ်းကွမ်းလည်း မပင်မပန်း ချမ်းသာစွာ ရရှိကြပါ၏ဟုလျှောက်ကြ၏။

မြတ်စွာဘုရားတို့မှာ သိတော်မူလျက်လည်း မေးလေ့ရှိ၏။ သိတော်မူလျက်လည်း မေးတော်မမူ၊အခါကိုသိ၍မေးတော်မူ၏။ တရားကိုလည်းဟောအံ့၊ သိက္ခာပုဒ်ကိုသော်လည်း ပညတ်အံ့ဟု ဤအကြောင်းနှစ်ပါးကြောင့် မြတ်စွာဘုရားတို့သည် မေးတော်မူလေ့ရှိ၏။

ထိုအခါမြတ်စွာဘုရားက အဘယ်သို့သောအကြောင်းကိုပြု၍ ညီညွတ်ဝမ်းသာ ချမ်းသာစွာ ဝါလပတ်လုံး နေနိုင်သနည်း၊ ဆွမ်းကိုမပင်ပန်းပဲ အဘယ်သို့ ရသနည်းဟု မေးတော်မူ၏။ ရဟန်းတို့က မိမိတို့တိုင်ပင်ညီညွတ် လုပ်ကြံပြောဆိုမှုတို့ကို အကုန်ပြန်၍ လျှောက်ထားကြ၏။

ထိုအခါမြတ်စွာဘုရားက "အသင်တို့တွင် စျာန်မဂ်ဖိုလ်တရား ထင်ရှားရှိသလော" ဟု မေးတော်မူ၏။ "မရှိပါ" ဟု လျှောက်ကြ၏။

ချစ်သားတို့။ ။သင်တို့သည် တဝမ်းတခါးအတွက် ဤသို့ ပြုရသလောဟု များစွာကဲ့ရဲ့တော်မူပြီး အောက်ပါဂါထာဖြင့် ဟောကြားတော်မူ၏။

(၃၀၈) သေယျော အယောဂုဠော ဘုတ္တော၊
တတ္တော အဂ္ဂိသိခူပမော။
ယဉ္စေ ဘုဉ္ဇေယျ ဒုဿီလော၊
ရဋ္ဌပိဏ္ဍံ အသညတော။

(၃၀၈) အကျင့်သီလပျက်၍ ကိုယ်နှုတ်နှလုံး သုံးပါး လုံးကို မစောင့်စည်းသော ရဟန်းတို့သည် လူတို့သဒ္ဓါကြည်ဖြူ ပေးလှူသော ဆွမ်းကိုစားသုံးရခြင်းထက် မီးလျှံကဲ့သို့ ပူလောင်သော သံတွေခဲကိုစားရခြင်းသည် သာ၍မြတ်သေး၏။

**ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြကုန်၏။**

(ဓမ္မပဒနိရယဝဂ်သုံးခုမြောက်ဝဂ္ဂမုဒ္ဒါမြစ်ကမ်းမှရဟန်းတို့ဝတ္ထုပြီး၏)

## ၂၂။ နိရယဝဂ်

## ၄။ သူတပါးသားမယား မစော်ကားနှင့်

## (ခေမသဌေးသားဝတ္ထု)

သူတပါး၏မယားကိုမှီဝဲသောသူသည်
အကြောင်းလေးပါးဖြင့် ငရဲခံရ၏။
အထိတ်တလန့်မှီဝဲရ၍
မွေ့လျော်ခြင်းမှာအနည်းငယ်မျှ
ခံရမည့်ဒုက္ခကား....

(စတ္တာရိ ဌာနာနိ) အစရှိသည့်ဒေသနာတော်ကို ဇေတဝန်ကျောင်း၌ ခေမသဌေးသားကိုအကြောင်းပြု၍ဟောတော်မူ၏။

ဝတ္ထုကြောင်းကား ဤသို့တည်း

အနာထပိဏ်သဌေးကြီး၏ တူဖြစ်သော သဌေးသား ခေမသည် အလွန်ရုပ်အဆင်းလှ၏၊များသောအားဖြင့် မိန်းမတို့သည် သဌေးသားခေမကိုမြင်လျှင် များစွာ တပ်မက် နှစ်သက်ကြ၏၊ သဌေးသားသည်လည်း သူတပါးသားသမီး သူတပါးဇနီး မယားတို့၌ အကြိမ်ကြိမ်အဖန်ဖန် ကျူးလွန်လေ့ရှိ၏။

မင်းချင်းတို့သည် သဌေးသားခေမကို ညဉ့်အခါ၌ ဖမ်း၍ မင်းကြီးထံ ပို့အပ်ကြ၏၊ မင်းကြီးသည်လည်း အနာထပိဏ်သဌေးကြီးမျက်နှာကိုထောက်ထား၍ လွှတ်လိုက်စေ၏၊ သဌေးသားခေမကား နောက်သို့မဆုတ်၊ ခေမ၏ရှေးဆုတောင်းကြောင့် မိန်းမတို့သည် သူ့နောက်သို့ အစဉ်အမြဲလိုက်ကြ၏၊ မင်းချင်းတို့သည် အကြိမ်ကြိမ်ဖမ်း၍ မင်းကြီးထံပို့၏၊ မင်းကြီးလည်း အနာထပိဏ်သဌေးမျက်နှာကိုထောက်ထား၍ လွှတ်စေပြန်၏။

အနာထပိဏ်သဌေးသည် ထိုအကြောင်းကို ကောင်းစွာသိရ၍ ခေမကိုခေါ်ပြီး မြတ်စွာဘုရားထံသွားရောက်၍ အကြောင်းစုံလျှောက်ထား၏၊ မြတ်စွာဘုရားသည် ခေမအား ထိတ်လန့်ဖွယ်ရာအဖြာဖြာဖြင့် သံဝေဂစကားတို့ကို ဟောကြားတော်မူပြီးနောက်-

(၁၀၉) စတ္တာရိ ဌာနာနိ နရော ပမတ္တော၊
အာပဇ္ဇတိ ပရဒါရူပသေဝီ။
အပုညလာဘံ န နိကာမသေယျံ၊
နိန္ဒံ တတိယံ နိရယံ စတုတ္ထံ။
(၁၁၀) အပုညလာဘော စ ဂတီ စ ပါပိကာ၊
ဘီတဿ ဘီတာယ ရတီစ ထောကိကာ။
ရာဇာ စ ဒဏ္ဍံ ဂရုကံ ပဏေတိ၊
တသ္မာ နရော ပရဒါရံ နသေဝေ။

(၁၀၉) မိုက်မဲတွေဝေစွာ သူတပါးမယားကို အတင့်ရဲစွာ မှီဝဲလေ့ရှိသူသည် အကုသိုလ်ရခြင်း၊ နှစ်ခြိုက်စွာမအိပ်ရခြင်း၊ တတိယ အကဲ့ရဲ့ခံရခြင်း၊ စတုတ္ထ ငရဲသို့ကျခြင်း၊

(၁၁၀) အကုသိုလ်လည်းဖြစ်ရ၏။ငရဲသို့လည်း လားရ၏။မိန်းမကလည်း အထိတ်တလန့်၊ယောကျ်ားကလည်းအထိတ်တလန့်မှီဝဲရခြင်းသည် မွေ့လျော်ခြင်းမှာ အနည်းငယ်မျှသာတည်း။ အကြင် အကြောင်းကြောင့် မင်းသည် ကြီးလေးသောအပြစ်ဒဏ်ကိုစီရင်၏။ ထို့ကြောင့် ယောကျ်ားသည် သူတပါးမယားကိုမမှီဝဲရာ။

ဒေသနာတော်၏အဆုံး၌ သဌေးသားခေမသည် သောတာပတ္တိဖိုလ်၌တည်၏။

(ဓမ္မပဒ နိရယဝဂ် လေးခုမြောက် သဌေးသားခေမဝတ္ထုပြီး၏။)

## ၂၂။ နိရယဝဂ်

### ၅။ ဆုံးမခက်သောရဟန်း

(ဒုဗ္ဗစရဟန်းဝတ္ထု)

မြက်ကိုဆုပ်ဆွဲ့ကိုယ့်လက်ကွဲရှ၊ ဖြစ်တတ်ကြ၏။
ရော့ရဲပေါ့တန်၊ ပြုမှုဟန်နှင့်၊ ညစ်နွမ်းကျင့်ကြံ
ယုံမှားပြန်က၊ ကျိုးမရတတ်။
ပြုလုပ်စရာရှိလေပါမူ(တိကျစွာသာ)ပြုလုပ်ပါလော့။
လုပ်သည့်အလုပ်မြဲမြဲကြိုးကုတ် အားထုတ်ပါလော့။
ရော့ရဲစွာသာ၊ပြုခဲ့ပါမူ၊ ကိလေသာမှု
ပို၍ထူတတ် သတိချပ်လော့။
ရဟန်းတိုသာ၊ဆိုလိုပါလည်း လူမှုရေးရာ
ပြုလုပ်ရာလည်း၊၊ ထိုသည့်နည်းသာ
ယူလေပါလော့။

(ကုသော ယထာ) အစလာသော ဒေသနာကို ဇေတဝန်ကျောင်းတော်၌ ဆုံးမခက်သော ရဟန်းတပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

#### ဝတ္ထုကြောင်းကား ဤသို့တည်း

ရဟန်း တပါးသည် အမှတ်မထင် မြက်တပင်ကို ဖြတ်မိ၍ သိက္ခာပုဒ်နှင့် ငြိငြင်းမည်လားဟု သံသယဖြစ်၍ အခြားရဟန်းထံ ချဉ်းကပ်မေးမြန်း၏၊ ထိုရဟန်းက''သင့်တွင် ဤသို့ထုတ်ဖော်

ပြောကြားပြီး၍ အာပတ်မှ လွတ်၏”ဟုပြောဆိုပြီး ထိုရဟန်းသည် လက်နှစ်ဖက်ဖြင့် မြက်ကို နှုတ်ဖြုတ်၍ယူ၏။ ထိုအကြောင်းကို ရဟန်းအပေါင်းတို့က မြတ်စွာဘုရားအား လျှောက်ထားကြ၏။ မြတ်စွာဘုရားသည် များစွာကဲ့ရဲ့တော်မူပြီးတရားတော်ကို ဟောကြားတော်မူလိုသောကြောင့်-

(၃၁၁) ကုသော ယထာ ဒုဂ္ဂဟိတော၊
ဟတ္ထမေဝါနုကန္တတိ။
သာမညံ ဒုပ္ပရာမဋ္ဌံ၊
နိရယာယုပကဍ္ဎတိ။

(၃၁၂) ယံကိဉ္စိ သိထိလံ ကမ္မံ၊
သံကိလိဋ္ဌဉ္စ ယံ ဝတံ။
သင်္ကဿရံ ဗြဟ္မစရိယံ၊
န တံ ဟောတိ မဟပ္ဖလံ။

(၃၁၃) ကယိရာ စေ ကယိရာထေနံ၊
ဒဠှမေနံ ပရက္ကမေ။
သိထိလော ဟိ ပရိဗ္ဗာဇော၊
ဘိယျော အာကိရတေ ရဇံ။

(၃၁၁) မခြကောင်းသဖြင့် ကိုင်အပ်သော သမန်းမြက်သည် (ကိုင်သော) လက်ကိုသာလျှင် ခွဲရှသကဲ့သို့ မကောင်းသဖြင့် ကျင့်အပ်သော ရဟန်းအဖြစ်သည် ငရဲသို့ဆွဲချ၏။

(၃၁၂) ပေါ့လျော့စွာ ပြုမှုသည်လည်းကောင်း၊ ညစ်နွမ်းသော အကျင့်သည်လည်းကောင်း၊ ယုံမှားတွေးတောဖွယ်ဖြစ်သော ရဟန်းအကျင့်သည်လည်းကောင်း၊အကျိုးမရှိသည်သာ ဖြစ်၏။

(၃၁၃) ပြုလုပ်စရာရှိသည်ကို(တိကျစွာ`ပြုလုပ်ရာ၏။ ထိုအလုပ်ကို မြဲမြံစွာ ကြိုးစားအားထုတ်ရာ၏။ရှော့ရဲစွာပြုအပ်သောရဟန်းအဖြစ်သည် လွန်စွာကိလေသာမြူကို ထပ်လောင်းကြဲဖြန့်တတ်၏။

(ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြ၏။ ထိုဆုံးမခက်သော ရဟန်းသည်စောင့်စည်းခြင်း၌ တည်မြဲ၍ နောက်အခါ ဝိပဿနာကို ပွား၍ အရဟတ္တဖိုလ်သို့ ရောက်လေ၏။)

(ဓမ္မပဒ နိရယဝဂ်ငါးခုမြောက် ဒုဗ္ဗစရဟန်းဝတ္ထုပြီး၏။။)

၂၂။ နိရယဝဂ်

၆။ မကောင်းမှုမှာ နောင်အခါပူရ၏

(ငြူစူခြင်းနှိပ်စက်သောမိန်းမ)

မကောင်းမှုပြုခြင်းသည်
နောင်အခါ ပူပန်စေတတ်၏။
ကောင်းမှုပြုခြင်းသည် မြတ်၏။

(အကတံ ဒုက္ကဋံ သေယျော) အစရှိသော ဓမ္မဒေသနာတော်ကို မထင်ရှားသော မိန်းမတယောက်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ဝတ္ထုကြောင်းကား ဤသို့တည်း

မိန်းမတယောက်သည် မိမိယောကျ်ား အိမ်စေနှင့်ပေါင်းဖက်နေသဖြင့် စိတ်တွင်း၌ငြူစူခြင်း နှိပ်စက်သောကြောင့် ထိုအိမ်စေမိန်းမကို လက်ခြေတို့ တုတ်နှောင်ပြီး နား နှာခေါင်းကိုဖြတ်ပြီး လျှို့ဝှက်သော တိုက်ခန်းတွင်း၌ တံခါးကိုလုံစွာပိတ်၍ထား၏၊ မိမိယောကျ်ားပြန်လာသောအခါ ထိုအကြောင်းကို မသိ

စေရန် ကျောင်းတော်သို့ သွား၍ တရားနာ ကြမည်ဟု လင်ကို ခေါ်၍ ကျောင်းသို့သွားကာ တရားနာနေကြ၏။ ထိုအိမ်ရှင်မ ၏ ဆွေမျိုးတို့ အိမ်ကိုလာရောက်ရာ အတွင်းမှ အသံကြား၍ တံခါးကိုဖွင့်ကြည့်လျှင် အစေခံမ၏ အဖြစ်ကိုမြင်ရသဖြင့် ကြိုး တို့ကိုဖြည်၍ လွှတ်လိုက်ကြ၏၊ ထိုအိမ်ကျွန်မသည် ကျောင်း တော်သို့သွားရောက်၍ ပရိသတ်အလည်မှ မြတ်စွာဘုရားအား လျှောက်ကြား၏၊ မြတ်စွာဘုရားသည် ကြားသိတော်မူ၍-

"မကောင်းသောအကျင့်ဟူသည် သူတပါးတို့ မသိ ကုန်ဟု ထင်ပြီး အနည်းငယ်မျှပင်မပြုအပ်၊ တပါးသူမသိ သော်လည်း ကောင်းသော အကျင့်ကိုသာ ပြုအပ်၏၊ တိတ်တဆိပ် ပြုသော မကောင်းသော အကျင့်မျိုးမှာ နောက်၌ ထပ်ကာတံလဲလဲ ပူပန်ရ၏" ဟု အောက်ပါ ဂါထာကို ဟောကြားတော်မူ၏။

(၃၁၄) အကတံ ဒုက္ကဋံ သေယျော၊
ပစ္ဆာ တပ္ပတိ ဒုက္ကဋံ။
ကတဉ္စ သုကတံ သေယျော၊
ယံ ကတွာ နာနုတပ္ပတိ။

(၃၁၄) မကောင်းမှုကို မပြုခြင်းသည်မြတ်၏၊ မကောင်းမှုသည် နောက်တခါပူပန်ရ၏၊ ကောင်းမှုကိုပြုခြင်းသည်မြတ်၏၊ ကောင်းမှုကိုပြု ခြင်းကြောင့် မပူပန်ရပေ။

ဒေသနာတော်၏အဆုံး၌ ဥပါသကာနှင့် အိမ်ရှင်မတို့သည် သောတာပတ္တိဖိုလ်၌တည်၏၊ အိမ်ကျွန်မသည် ကျွန်အဖြစ်မှလွတ် ၍ တရားကျင့်သူအဖြစ်ရောက်၏၊

(ဓမ္မပဒ နိရယဝဂ် ခြောက်ခုမြောက် ငြူစူသောမိန်းမဝတ္ထုပြီး၏)

## ၂၂။ နိရယဝဂ်

# ၇။ ကိုယ့်ကိုယ်ကိုသာ လုံခြုံစေရာ

### (များစွာသော ရဟန်းတို့ဝတ္ထု)

ဓိမိကိုယ်ကို အတွင်းအပြင်လုံခြုံအောင်
စောင့်ရှောက်ကြ ကုန်လော့။
တခဏမျှ အချိန်ကိုမကုန်လွန်စေရာ။

(နဂရံ ယထာ) အစလာသော ဒေသနာကို ဇေတဝန်ကျောင်းတော်၌ အာဂန္တုက ရဟန်းတို့ကိုအကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

များစွာသော ရဟန်းတို့သည် တိုင်းစွန်ပြည်ဖျား မြို့တမြို့၌ ဝါကပ်ဆိုတော်မူကြ၏၊ ပထမဝါလ၌ ချမ်းသာစွာ နေကြရ၏၊ အလယ်ဖြစ်သော ဝါလမှစ၍ ဒမြ သူခိုးတို့ ဆွမ်းခံရွာကို တိုက်ခိုက်လုယက် ဖျက်ဆီးပြီး လူတချို့ကို သုံ့ပန်းအဖြစ် ခေါ်၍ သွားကြ၏၊ လူတို့သည် မြို့ကို လုံခြုံအောင်ပြုပြင်စီရင် နေကြရသဖြင့် ရဟန်းတို့ကို လုပ်ကျွေးခြင်းမပြုနိုင်ကြ၊ ထိုရဟန်းတို့သည် ဝါကျွတ်သော် မြတ်စွာဘုရားကို ဖူးမျှော်ရန် သာဝတ္ထိပြည်သို့ သွားကြ၏၊ မြတ်စွာဘုရားသည် အာဂန္တုက ရဟန်းတို့ကို ဝါလပတ်လုံးချမ်းသာစွာ နေရပါ၏လောဟု မေးတော်မူလျှင် ရဟန်း

တို့က ပထမဝါလ၌သာ ချမ်းသာစွာနေရပြီး ထိုနောက်၌ချမ်းသာစွာ မနေရကြောင်း အကြောင်းစုံ လျှောက်ကြား၏၊ ထိုအခါ မြတ်စွာဘုရားက–

ချစ်သားတို့ ဤအတွက် ကြံစည်စိုးရိမ်ခြင်းမရှိကြနှင့်၊ အမြဲမပြတ် ချမ်းသာစွာ နေရခြင်းဟူသည်မှာ ရခဲလှပေသည်။ ဟုမိန့်တော်မူပြီး–

(၃၁၅) နဂရံ ယထာ ပစ္စန္တံ၊ ဂုတ္တံ သန္တရဗာဟိရံ။
ဧဝံ ဂေါပေထ အတ္တာနံ၊ ခဏော ဝေါ မာ ဥပစ္စဂါ။
ခဏာတီတာ ဟိ သောစန္တိ၊ နိရယမှိ သမပ္ပိတာ။

(၃၁၅) တိုင်းစွန်ပြည်ဖျား၌ တည်သောမြို့ကို အတွင်းအပြင်လုံခြုံစေသကဲ့သို့ မိမိကိုယ်ကို (အတွင်းအပြင်လုံခြုံအောင်) စောင့်ရှောက်ကုန်လော့။ သင်တို့ကို(သာသနာတော်တွင်း၌) အခွင့်အခါကောင်းသည် မလွန်ပါစေလင့်၊ အခွင့်အခါကောင်းကို လွန်အပ်သော သူတို့သည် ငရဲ၌ ကျရောက်သည်ဖြစ်၍ စိုးရိမ်ကြရကုန်၏။

(ဒေသနာတော်၏အဆုံး၌ အာဂန္တုကရဟန်းတို့သည် သောတာပတ္တိ ဖိုလ်၌ တည်ကုန်၏။)

(နိရယဝဂ်ခုနစ်ခုမြောက် ကိုယ့်ကိုယ်ကို သာလုံခြုံစေရာဝတ္ထုပြီး၏)

ိ ိ ိ

## ၂၂။ နိရယဝဂ်

## ၈။ ရှက်စရာကို မရှက်တတ်သူများ

## (နိဂဏ္ဌဝတ္ထု)

ရှက်စရာကို မရှက်တတ်
မရှက်သင့်ရာ ရှက်ပြီး
အယူမှားလျှင်
မကောင်းသောဘဝ ရောက်ရ၏။

(အလဇ္ဇိတာ ယေ လဇ္ဇန္တိ) အစရှိသောဒေသနာကိုဇေတဝန်ကျောင်းတွင် အယူမှားတိတ္ထိတို့၏ တပည့်များအား အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ရဟန်းတို့သည် နိဂဏ္ဌတို့ကိုတွေ့မြင်၍ ငါ့ရှင်တို့ နိဂဏ္ဌတို့မှာ ရှေ့တနေရာမှာ ဖုံးလွှမ်းဖော်ရသေး၍ အရှက်ရှိသေးသည်။ အဝတ်လုံးလုံးမဝတ်သော (အစေလက) တက္ကတွန်းတို့ထက် တော်သေးသည်ဟု ပြောဆိုသံကြားလျှင် နိဂဏ္ဌတို့က ရှက်လို့ ဖုံးသည်မဟုတ်၊ မြေမှုန့်မြူမှုန့်တို့မှာလည်း ပုဂ္ဂိုလ်တို့ပင်ဖြစ်ကြသည်။ အသက်ရှိကြသည်၊ ဤမြေမှုန့်မြူမှုန့်တို့ ဆွမ်းခွက်တွင်းသို့ မကျရန်ဖုံးလွှမ်းခြင်းဖြစ်သည်ဟု ပြောဆိုကြကုန်၏။

မြတ်စွာဘုရားအထံတော် ရောက်လျှင် ဤအကြောင်းကို လျှောက်ကြ၏။ မြတ်စွာဘုရားသခင်ကတရားတော်ကိုဟောကြားတော်မူလိုသောကြောင့်-

(၃၁၆) အလဇ္ဇိတာယေ လဇ္ဇန္တိ၊ လဇ္ဇိတာယေ န လဇ္ဇရေ။
မိစ္ဆာဒိဋ္ဌိသမာဒါနာ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။

(၃၁၇) အဘယေ ဘယဒဿိနော၊ ဘယေ စာဘယဒဿိနော၊
မိစ္ဆာဒိဋ္ဌိသမာဒါနာ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။

(၃၁၆) ရှက်သင့်ရာ၌မရှက်၊ မရှက်သင့်ရာ၌ ရှက်စရာဟုအယူမှားသူတို့သည် မကောင်းသောဘဝသို့ ရောက်ရကုန်၏။

(၃၁၇) ကြောက်သင့်ရာ၌မကြောက်၊ မကြောက်သင့်ရာ၌ကြောက်စရာဟု အယူမှားသူတို့သည် မကောင်းသောဘဝသို့ ရောက်ရကုန်၏။

(ဒေသနာတော်၏အဆုံး၌ များစွာသော နိဂဏ္ဌတို့သည် ထိတ်လန့်သောစိတ်ရှိကုန်သည်ဖြစ်၍ ရဟန်းပြုကြ၏။

(ဓမ္မပဒ နိရယဝဂ် ရှစ်ခုမြောက် နိဂဏ္ဌတို့ဝတ္ထု ပြီး၏။)

# ၂၂။ နိရယဝဂ်

## ၉။ အပြစ်ကို အပြစ်ဟုသိပါ

(တိတ္ထိတို့၏ တပည့်များဝတ္ထု)
အပြစ်ကို အပြစ်ဟုမမြင်
အပြစ်မဟုတ်သည်ကို အပြစ်ဟုမြင်လျှင်
မကောင်းသောဘဝရောက်မည်။

(အဝဇ္ဇေ ဝဇ္ဇမတိနော) အစရှိသော ဒေသနာ တော်ကို ဇေတဝန်ကျောင်းတော်၌ တိတ္ထိ၏တပည့်များကိုအကြောင်းပြု၍ ဟောတော်မူ၏။

သာသနာတော်အပြင်မှ အယူခြားနား၊ တိတ္ထိများ၏တပည့် များက မိမိတို့သားငယ်များအား ဗုဒ္ဓဘာသာ ကလေးများနှင့် အပေါင်းအသင်း ဖြစ်နေသည်ကိုတွေ့လျှင် သာကီဝင်မင်းသား ရဟန်းများကို ရှိမခိုးနှင့်၊ ရဟန်းတို့ကျောင်းသို့မဝင်နှင့်ဟု ခြိမ်း ခြောက်ထား၏။ တနေ့တွင် ဇေတဝန်ကျောင်းရှေ့၌ ကစား ကြယင်း ရေဆာကြ၏။ တိတ္ထိများ၏ သားငယ်တယောက်က ဗုဒ္ဓဘာသာကလေးငယ်ကို သင်ရေသွားသောက်လျှင်ငါ့ဖို့တခွက် ခပ်ခဲ့ပါဟု မှာကြား၏။ ထိုသားငယ်သည် ကျောင်းသို့သွား၍ မြတ်စွာဘုရားကို ရှိခိုးဦးချပြီး ရေကိုသောက်၍ ထိုအကြောင်းကို လျှောက်ကြား၏။ မြတ်စွာဘုရားက သင်သာရေသောက်၍သွား ပါ၊ ရေသောက်လိုသူတို့ကို လာ၍သောက်ကြပါစေဟု မိန့်တော် မူ၏။

တိတ္ထိတပည့်များ၏ သားငယ်တို့သည် ကျောင်းသို့ဝင်၍ ရောက်ကြ၏။ မြတ်စွာဘုရားသည် ထိုသူငယ်တို့ကိုခေါ်တော်မူ၍ သင့်လျော်သော တရားစကားကို ဟောကြားတော်မူလျှင် သူငယ်တို့မှာ ကြည်ညိုခြင်း ရှိသည်ကိုတွေ့၍ သရဏဂုံ၌လည်းကောင်း၊ သီလတို့၌လည်းကောင်း တည်စေ၏။ အိမ်ပြန်ရောက်၍ မိဘတို့သိလျှင် "ငါတို့သားအယူလွဲရှာပြီ၊ ပျက်စီးပါပြီ" ဟု ငိုကြွေးကြတော့၏။ အိမ်နီးချင်းတို့သည် လာရောက်ဖျောင်းဖျ ပြောကြ၏၊ ရှင်းပြကြ၏။ တိတ္ထိတပည့်များသည် အိမ်နီးချင်း ပြောစကားအရ၊ သားတို့ကို ရဟန်းဂေါတမထံ အပ်နှံတော့မည်ဟုများစွာသောဆွေမျိုးအပေါင်းနှင့်တကွ ကျောင်းတော်သို့ သွားကြ၏။မြတ်စွာဘုရားသည် ထိုသူတို့၏အလိုကို ကြည့်ရှုတော်မူ၍ တရားတော်ကို ဟောကြားသည်မှာ-

(၃၁၈) **အဝဇ္ဇေ ဝဇ္ဇမတိနော၊ ဝဇ္ဇေ စာဝဇ္ဇဒဿိနော။**
**မိစ္ဆာဒိဋ္ဌိ သမာဒါနာ၊ သတ္တာဂစ္ဆန္တိ ဒုဂ္ဂတိံ။**

(၃၁၉) **ဝဇ္ဇဉ္စ ဝဇ္ဇတော ဉတွာ၊ အဝဇ္ဇဉ္စ အဝဇ္ဇတော၊**
**သမ္မာဒိဋ္ဌိသမာဒါနာ၊ သတ္တာဂစ္ဆန္တိ သုဂ္ဂတိံ။**

(၃၁၈) အပြစ်မဟုတ်သည်ကို အပြစ်ဟုအယူရှိ၊ အပြစ်ကိုမူ အပြစ်မဟုတ်ဟု ထင်လေ့ရှိကြကုန်သူတို့သည် မကောင်းသောဂတိသို့လားရ၏။

(၃၁၉) အပြစ်ကို အပြစ်မှန်းသိပြီး၊ အပြစ်မဟုတ်သည်ကို အပြစ်မဟုတ်ဟု သိကြကုန်သောသူတို့သည် ကောင်းသောသုဂတိသို့ လားရ၏။

ဒေသနာတော်၏အဆုံး၌ ထိုသူတို့သည် သရဏဂုံသုံးပါး၌ တည်ကြပြီး နောက်ခါဆက်လက် တရားတော်ကို နာကြားကြလျက် သောတာပတ္တိဖိုလ်၌တည်ကြကုန်၏။

(ဓမ္မပဒ နိရယဝဂ် ကိုးခုမြောက် တိတ္ထိတို့၏တပည့်များဝတ္ထု ပြီး၏)

(နိရယဝဂ် ပြီး၏)

# {၂၃} နာဂဝဂ်

## ၁။ ယဉ်ကျေးခြင်း၏ ရလဒ်

(အတ္တဒန္တ ဝတ္ထု)

ဆင်ပြောင်ကြီးသည် စစ်မြေပြင်၌
ကျလာသမျှ မြားတို့ကို
မတုန်မလှုပ် ခံဘိသကဲ့သို့
လွန်ကျူးစော်ကားသော စကားများကို
သည်းခံနိုင်သော သူသည်
ကိုယ်စိတ်နှစ်ပါးကို
ဆုံးမ ယဉ်ကျေးပြီးသူ ဖြစ်၍
လူတို့တွင် အမြတ်ဆုံးဖြစ်၏။

(အဟံ နာဂေါဝ) အစရှိသော ဂါထာတော်ကို မြတ်စွာဘုရားသခင်သည် ဇေတဝန် ကျောင်းတော်၌ မိမိကိုယ်တော်ရှင် မြတ်ကိုပင် အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

ဤခေတ်မီ ဓမ္မပဒဝတ္ထုတော်ကြီး ပထမတွဲ အပမာဒဝဂ်၏ အစ ကောသမ္ဗီပြည်မှ ဇာတ်လမ်းရှည်ကြီး အဖြစ် ဖေါ်ပြသော သာမာဝတီဝတ္ထု သတ္တမပိုင်း စာမျက်နှာ ၂၄၅၊ မာဂဏ္ဍီ၏ရန်ငြိုးတွင် ဖေါ်ပြခဲ့သည့်အတိုင်း ဥဒေနမင်းကြီးကို မာဂဏ္ဍီသည်ကုန်းချော၍ မရလေသော အခါ လူမိုက် တို့ကို ငှား၍ မြတ်စွာဘုရားသခင်နှင့် သံဃာတော်များ ဆွမ်းခံကြွရာသို့ ရှေ့မှ တည့်တည့် အမျိုးမျိုးပင် စွပ်စွဲ ဆဲရေးကြကုန်၏။ အရှင် အာနန္ဒာသည် အခြား အရပ်သို့ သွားရန် လျှောက်၏။ ဘုရားသခင်က ထိုအခြားအရပ်မှ တဖန်ဆဲပြန်သော် အဘယ်သို့ သွားမည်နည်းဟု မေးတော်မူ၏၊ အရှင်အာနန္ဒာက အခြားအရပ်မှ ဤသို့ဆဲရေးကြသည်ရှိသော် အခြားအခြားသော အရပ်သို့ တဖန်သွားပါအံ့ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားက "အာနန္ဒာ ဤသို့ပြုခြင်းငှာ မသင့် ဤအရပ်၌ အဓိကရုဏ်းသည်ဖြစ်၏၊ ထိုအဓိကရုဏ်း ငြိမ်းမှ အခြားအရပ်သို့ သွားခြင်းငှာ သင့်၏"ဟု မိန့်တော်မူပြီး-

"အာနန္ဒာ အဘယ်သူတို့သည်သင့်အားဆဲရေးကုန်သနည်း" ဟု မေးတော်မူ၏။

"အရှင်ဘုရား သေသောက်ကြူးသော ကျွန်အမှုလုပ်တို့ကို အစပြု၍ လူအများသည် ဆဲရေးကြပါသည်"ဟု လျှောက်၏။

အာနန္ဒာ ငါသည် စစ်မြေပြင်သို့ ဆင်းသော ဆင်ပြောင်နှင့်တူ၏။ အရပ်လေးမျက်နှာမှလာသော မြားတို့ကို ကြံ့ကြံ့ခံခြင်းငှာ ငါ၏တာဝန်တည်း၊ ထို့အတူ သီလမရှိသောများစွာသော သူတို့၏ဆဲရေးစကားတို့ကို သည်းခံခြင်းသည် ငါ့တာဝန်တည်း"

ဟု မိန့်တော်မူပြီး အောက်ပါ ဂါထာတော်တို့ကို ဟောကြားတော်မူ၏။

(၃၂၀) အဟ နာဂေါဝ သင်္ဂါမေ၊
စာပတော ပတိတံ သရံ။
အတိဝါကျ တိတိက္ခိဿံ၊
ဒုဿီလော ဟိ ဗဟုဇ္ဇနော။

(၃၂၁) ဒန္တံ နယန္တိ သမိတိံ၊ ဒန္တံ ရာဇာဘိရူဟတိ။
ဒန္တော သေဋ္ဌော မနုဿေသု၊
ယောတိဝါကျံ တိတိက္ခတိ။

(၃၂၂) ဝရမဿတရာ ဒန္တာ၊ အာဇာနီယာ စ သိန္ဓဝါ။
ကုဉ္ဇရာ စ မဟာနာဂါ၊ အတ္တဒန္တော တတော ဝရံ။

(၃၂၀) ဆင်ပြောင်ကြီးသည် စစ်မြေပြင်၌ ကျရောက်လာသော မြားတို့ကို မတုန်မလှုပ်ခံသကဲ့သို့ ငါဘုရားသည် ကျူးလွန်စော်ကား သမျှ စကားကို သည်းခံအံ့၊ များစွာသော လူတို့သည် သီလမရှိကြသည်သာတည်း။

(၃၂၁) ယဉ်ကျေးပြီးသော ဆင် မြင်း စသည်ကိုသာ လူစုလူဝေး ရှိရာပွဲသဘင်သို့ ဆောင်ကုန်၏၊ ယဉ်ကျေးပြီးသော ဆင်မြင်းစသည်ကိုသာ မင်းသည်စီး၏၊ စော်ကားသမျှစကားကို သည်းခံနိုင်သော သူသည် ယဉ်ကျေးပြီးဖြစ်၍ လူတို့တွင် အမြတ်ဆုံးဖြစ်၏။

(၃၂၂) အဿတိုရ်မြင်း၊ အာဇာနည်မြင်း၊ သိန္ဓောမြင်းနှင့် ဆင်ပြောင်ကြီးတို့သည် ယဉ်ကျေးမှသာလျှင်မြတ်ကုန်၏၊ ကိုယ်စိတ်နှစ်ပါးကို ဆုံးမယဉ်ကျေးပြီးသူသည် ထိုမြင်းကောင်းဆင်ကောင်းတို့ထက် မြတ်၏။

(ဒေသနာတော်၏ အဆုံး၌ ငွေ့ရ၍ လှမ်းဆုံ လမ်းမမှ ဆဲရေးကြသော လူအပေါင်းတို့သည် သောတာပတ္တိ စသည်ကို့သို့ ရောက်ကုန်၏၊)

(နာဂဝဂ် ရှေးဦးဆုံးသော အတ္တဒန္တဝတ္ထုပြီး၏)

# ၂၃။ နာဂဝဂ်

## ၂။ မိမိစိတ်ကို ယဉ်ကျေးစေပါ

### (ဆင်ဆရာဟောင်း ရဟန်းဝတ္ထု)

ဆင်ယာဉ် မြင်းယာဉ်တို့ဖြင့်
နိဗ္ဗာန်သို့ မရောက်နိုင်
မိမိစိတ်ကို ကောင်းစွာဆုံးမ
ယဉ်ကျေးပြီးသူမှသာ
နိဗ္ဗာန်သို့ ရောက်နိုင်၏။

(နပဟိ ဧတေဟိ) အစရှိသည့် ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ ဆင်ဆရာ ဖြစ်ခဲ့ဘူးသော ရဟန်းတပါးကို အကြောင်းပြု၍ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

အစိရဝတီမြစ်ဆိပ်ကမ်းသို့ ရဟန်းတို့ ရောက်လာသောအခါ မြစ်ဆိပ်၌ဆင်တကောင်ကို ချွန်းအုပ်၍ မရနိုင်သော ဆင်ဆရာ တယောက်၏အဖြစ်ကို မြင်ကြရ၏။ ရဟန်းတော်များထဲမှ ဆင်ဆရာဖြစ်ခဲ့ဘူးသော ရဟန်းတပါးက အခြားသောရဟန်းတော်များအား ဤဆင်ကိုထိုသို့သောနေရာ၌ ချွန်းနှင့်ပေါက်၍ ဆုံးမလျှင် ဤဆင်သည်မြန်မြန်လိမ္မာမည်ဖြစ်သည်ဟု ပြောဆို၏။

ဤသို့အချင်းချင်း ပြောဆိုသောစကားကိုကြား၍ ဆင်ထိန်းသည် ဤအတိုင်းပြုလုပ်သော် ဆင်ကိုနိုင်နင်းစွာ ဆုံးမနိုင်လေ၏။

ကျောင်းတော်သို့ရောက်လျှင် ရဟန်းတို့ လျှောက်ကြား၍ မြတ်စွာဘုရား ကြည့်ရှုတော်မူသဖြင့် ထိုရဟန်းကို ခေါ်တော်မူ စေ၍မေးမြန်းပြီးနောက် ကဲ့ရဲ့တော်မူ၍-

အသင့်အား ဆင်ယာဉ်ဖြင့် လည်းကောင်း၊ အခြား ယာဉ်ဖြင့် လည်းကောင်း၊ မရောက်ဖူးသော နိဗ္ဗာန်သို့ သွားနိုင်မည်မဟုတ်၊ မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ ခြင်းဖြင့်သာလျှင် နိဗ္ဗာန်သို့ သွားနိုင်မည် ဖြစ်၏။ ထို့ ကြောင့် ကိုယ့်ကိုယ်ကိုသာ ဆုံးမလေတော့ဟု မိန့်ကြား တော်မူပြီး-

(၃၂၃) နဟိ ဧတေဟိ ယာနေဟိ၊ ဂစ္ဆေယျ အဂတံ ဒိသံ။
ယထာတ္တနာ သုဒန္တေန၊ ဒန္တော ဒန္တေန ဂစ္ဆတိ။

(၃၂၃) ဆင်ယာဉ် မြင်းယာဉ်တို့ဖြင့် မရောက်ဖူးသော နိဗ္ဗာန်သို့ မရောက်နိုင်၊ ကောင်းစွာဆုံးမအပ်သော ယဉ်ကျေးသော မိမိကိုယ်ဖြင့် မရောက်ဖူးသောနိဗ္ဗာန်သို့ မုချရောက်နိုင်၏။ ယဉ်ကျေးပြီးသောသူသည် ယဉ်ကျေးခြင်းဖြင့် မရောက်ဖူးသောနိဗ္ဗာန်သို့သွား၏။

(နာဂဝဂ် နှစ်ခုမြောက် ဆင်ဆရာဟောင်းရဟန်းဝတ္ထု ပြီး၏။)

## ၃။ မိဘလုပ်ကျွေးသော နေပါလဆင်မင်း

(ပုဏ္ဏားအိုနှင့် သားလေးယောက်ဝတ္ထု)

သားကလေးတွေမွေးလာလို့ ဝမ်းသာရ၊
သားကလေးတွေ ကြီးပွားပါစေလို့ တောင့်တရ၊
အခုတော့ ဒီသားကလေးတွေက၊
သူတို့မယားတွေနဲ့ တိုင်ပင်ပြီး....။

(နေပါလေ) အစရှိသော ဒေသနာတော်ကို သာဝတ္ထိပြည်၌ ပုဏ္ဏားအိုကြီး၏သားတို့ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်မှ ပုဏ္ဏားတယောက်သည် အသပြာ ရှစ်သိန်းကြွယ်ဝ၏။ အရွယ်ရောက်သော သားလေးယောက်တို့ကို တဦးလျှင် အသပြာတသိန်းစီခွဲ၍ အိမ်ထောင် ချပေးလိုက်ပြီးနောက် အသပြာလေးသိန်း ကျန်ရှိ၏။ ကာလကြာသော် ပုဏ္ဏားကြီး၏ ဇနီး ကွယ်လွန်၏။

ထိုအခါ သားလေးယောက် တိုင်ပင်ကြ၏။ ဖခင်ကြီးသည် အခြားပုဏ္ဏေးမတယောက်ကိုယူ၍ သားသမီးများ ပွားများလာလျှင် လက်ကျန်အသပြာလေးသိန်းကို ငါတို့မရ ပျောက်ပျက်တော့မည်ဟု တိုင်ပင်ပြီး ဖခင်ကြီးအိမ်သို့ မပြတ်သွားရောက်၍

ခြေဆုပ်လက်နယ်ပြုယင်း အသက်ကြီးမှအိမ်ထောင်ပြု၍ ဒုက္ခများ ရမည့်အကြောင်းတို့ကို နားဝင်အောင် ပြောကြား၏။ သားတို့ အိမ်တွင် တလှည့်စီစားသောက်နေထိုင်သွားပါဟု ပြောကြ၏။

ပုဏ္ဏားကြီးသည် သားလေးယောက်အား လက်ကျန်အသပြာ လေးသိန်းကို တသိန်းစီနှင့် ပစ္စည်းကြီးငယ်တို့ကို လေးပုံပုံ ခွဲဝေ ပေးပြီးနောက် သားတို့အိမ်၌တလှည့်စီ နေမည်ဟုပြောကာ သား ကြီးအိမ်သို့လိုက်၍နေ၏။

ရက်လ အတန်ကြာသော် ချွေးမအကြီးက ငြိုငြင်လာ၏။ ရေချိုး၍ ပြန်လာသော ပုဏ္ဏားကြီးကို ချွေးမက တံခါးဝမှ ရပ်လျက်–

“သားအကြီးဆိုပြီး တပြားတချပ် ပိုမပေးပါပဲ၊ ဒီလောက် ရက်ရှည်အောင် အမြိုင့်သား ထိုင်စားနေရသလား၊ တခြားသား တို့ရဲ့နေတဲ့အိမ်ကို မသိလေရော့သလား”ဟု ပြောဆို၏။ပုဏ္ဏား ကြီးသည် ချွေးမကိုစိတ်ဆိုး၍ထွက်ခဲ့ပြီး သားလတ်အိမ်၌ သွား၍ နေ၏။

ဤသို့ဖြင့်သားလေးယောက်လုံးတွင် မယားတို့၏ ကုန်းစကား ဖြင့် သားတို့ပါ အဖေအိုကြီးအပေါ် မလိုတမာ ဖြစ်လာ၏။ ချွေးမတို့က နှင်ထုတ်ကြ၏။

ပုဏ္ဏားကြီးသည် ထမင်းတလုပ်အတွက် သက်နှင်းကိုပတ်ပြီး၊ အလှူတ်ရဟန်းအဖြစ် ဆွမ်းခံစားရင်း ရက်လကြာရှည်စွာ အိုမင်း ရင့်ရော်ခြင်းသို့ရောက်ရ၏။ အစား ဆင်းရဲခြင်း၊ အအိပ်အနေ ဆင်းရဲခြင်းတို့ကြောင့် ကိုယ်လက်ကိုက်ခဲနာကျင်သော ဘဝသို့ ရောက်၏။ ခိုကိုးရာ မမြင်သောအခါ တောင်ဝှေးကိုဆွဲလျက် မြတ်စွာဘုရားထံ သွားလေ၏။

မြတ်စွာဘုရားသည် ပုဏ္ဏားကြီးနှင့် ပဋိသန္ထာရစကား ပြောကြားယင်း သားလေးယောက်နှင့် ချွေးမတို့၏ နှင်ထုတ်ခံရ၍ ဆင်းရဲလှသည့်အကြောင်းကို လျှောက်ထားလျှင် မြတ်စွာဘုရားက....

"အသင်ပုဏ္ဏားကြီး ဤဂါထာတို့ကိုသင်ကြား၍သွားလော့၊ လူတို့စုစည်းမိသောအရပ်တွင် သင်၏သားတို့ ရောက်လာသည့်အခါ ဤဂါထာကိုရွတ်ဆိုလော့"ဟု သင်ကြား၍ ပေးလိုက်၏။ ပုဏ္ဏားကြီးသည် လူစုစည်းရာအရပ်သို့ မိမိသားများ ဝတ်ကောင်းစားလှဆင်ယင်၍ လာကြသည်ကိုမြင်လျှင် မြတ်စွာဘုရား သင်ကြားပေးသော ဂါထာတို့ကို အစည်းအဝေး၌ ရွတ်ဆိုလေ၏။ ထိုဂါထာတို့၏ အဓိပ္ပါယ်ကား–

(၁) သားကလေးတွေ မွေးလာလို့ ငါ့မှာ ဝမ်းသာလိုက်ရတာ၊ သားကလေးတွေ ကြီးပွားပါစေလို့ တောင့်တ လိုက်ရတာ၊ အခုဒီသားတွေက သူ့မယားတွေနဲ့ တိုင်ပင်ကြပြီး ခွေးတွေကဝက်ကို အိမ်ထဲက မောင်းထုတ်သလို မောင်းထုတ်လိုက်ကြတယ်။

(၂) သူတော်မဟုတ်ယုတ်မာတယ်ဆိုကြတဲ့ ရက်စက်တွေဟာ သားတွေယောင်ဆောင်ပြီး ငါ့ကိုအဖေ၊ အဖေလို့ ခေါ်ကြတယ်၊ ဒီ သား တွေ က အ ရွယ် လွန် ကာ သေကာနီးသည့်ငါ့ကို စွန့်ပစ်လိုက်ကြတယ်။

(၃) အိုမင်းသွားလို့ အသုံးချမရတဲ့မြည်းကို အစာမကျွေးကြသလို ငါ့ကို နှင်ထုတ်ကြတယ်၊ သားမိုက်တို့ရဲ့ အဖေဖြစ်တဲ့ငါ့မှာတော့ အိုကြီးအိုမ အိမ်ပေါက်စေ့မှာ တောင်းစားနေရတယ်။

(၄) ငါ့သားတွေက ငါ့ကိုမရှိသေကြ၊ ငါ့တောင်ဝှေးက သာလျှင်နွားဆိုးကိုလဲ မောင်းနိုင်တယ်၊ ခွေးဆိုးကိုလဲ မောင်း နိုင် တဲ့ အ တွက် ငါ့ တောင် ဝှေးက မြတ်ပါ သေးတယ်။

(၅) တောင်ဝှေးက အမှောင်ထဲမှာ သူကရှေ့ကိုသွားတယ်၊ ရေထဲသွားရင် အတိမ်အနက် စမ်းလို့ရတယ်၊ ခြေ ချော် လို့ ရှိရင် တောင် ဝှေး ရဲ့ အ စွမ်း ကြောင့် ထောက်တည်ရာ ရတယ်။

ပုဏ္ဏားကြီး ဤသို့ရွတ်ဆိုလိုက်ခြင်းကြောင့် ထိုခေတ်ထိုအခါက လူတို့သည် အမိအဖပစ္စည်းကို စားသောက်ပြီး အမိအဖတို့ကို မလုပ်ကျွေးလျှင် သတ်သင့်သတ်ထိုက်သည်ဟူသော အစဉ်အလာ ရှိသောခေတ်ဖြစ်၍ ထိုဂါထာကို ကြားရသော သားတို့သည် ပုဏ္ဏားကြီး၏ခြေကိုဖက်၍ အသက်ချမ်းသာပေးပါဟု တောင်းပန်ကြသည်၊ လူတို့ကလည်း သင်တို့ ယနေ့မှစ၍ အဖေအိုကြီးကို မလုပ်ကျွေးမပြုစုပါက ငါတို့သတ်မည်ဟုပြောဆိုကြကုန်၏။

သားတို့သည် ဖခင်ပုဏ္ဏားကြီးအား အိမ်သို့ကောင်းစွာ ခေါ်ဆောင်ပြီး မယားတို့အား ကြိမ်းမောင်းလျက် ဆီလိမ်းနှိပ်နယ်ပေးကြပြီး ကောင်းစွာသော အစာအာဟာရတို့ဖြင့် ပြုစုကြ၍ ပုဏ္ဏားကြီးမှာချမ်းသာစွာနေရလေတော့၏။

ပုဏ္ဏားကြီးသည် လေးငါး ရက်ကြာလျှင် မိမိကိုယ်ကိုပြန်ကြည့်ပြီး၊ဤစည်းစိမ်ချမ်းသာသည် ရဟန်းဂေါတမကို အမှီပြု၍ရပေသည်ဟု စဉ်းစားပြီး ပုဆိုးတစုံကိုယူ၍ မြတ်စွာဘုရားထံသွားရောက် ကပ်လှူ၍၊ မြတ်စွာဘုရားသည် အလှူခံတော်မူပြီး

ပုဏ္ဏားကြီးအား တရားဟောသည်နှင့် ပုဏ္ဏားကြီးသည် သရဏဂုံ၌ တည်လေ၏။ ထိုနောက် ပုဏ္ဏားကြီးက-

"အရှင်မြတ်ဘုရား။ သားတို့သည် ယခုအခါ လေးမျိုးကုန်သော စားဖွယ်တို့ဖြင့် အမြဲမပြတ် လုပ်ကျွေးကြပါ၏။ ထိုလေးမျိုးအနက်မှ အရှင်ဘုရားတို့အား နှစ်မျိုးပေးလှူပါ၏၊ နေ့စဉ်ကြွရောက်အလှူခံပါ"ဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားက "ပုဏ္ဏားကြီး၊ ကောင်းလှပေ၏။ ငါဘုရားတို့သည် နှစ်သက်သောအချိန်မှ နှစ်သက်သောအရပ်သို့ သွားလေ့ရှိသည် မိန့်တော်မူ၏။

## သားလေးယောက်အား တရားဟောခြင်း

ပုဏ္ဏားကြီးသည်အိမ်သို့ရောက်လျှင် နှစ်မျိုးသော အာဟာရဖြင့် လှူဒါန်းရန် မြတ်စွာဘုရားအား ပင့်ခဲ့ကြောင်း ပြော၏။ သားတို့က ဝန်ခံ၏။ ဘုရားသည် နောက်တနေ့မှစ၍ သားကြီးအိမ်နှင့် သားလေးယောက်စလုံးအိမ်သို့ တလှည့်စီ ကြွသွား၏။ သားတို့သည် ပူဇော်သမှုပြုကြ၏။

တနေ့၌ သားကြီးသည် မင်္ဂလာအလှူကို ပြုလို၏ဟု ဖခင်ကို တိုင်ပင်၏။ ရဟန်းဂေါတမကို ပင့်ရန် ဖခင်ကပြော၏။ ဖခင်အား ရဟန်းငါးရာနှင့်တကွ ပင့်ခိုင်း၏။ နောက်တနေ့တွင် မြတ်စွာဘုရားသည် ရဟန်းငါးရာနှင့်အတူတကွ ကြွသွားပြီး ဆွမ်း အနုမောဒနာတွင် အမိအဖတို့ကို လုပ်ကျွေးခြင်းမှာ ရှေးပညာရှိတို့၏ အစဉ်အလာပေတည်းဟု မိန့်တော်မူပြီး-

ကောဒသာက နိပါတ်၊ မာတုပေါသက ဆင်မင်းဇာတ်ကို အကျယ်ဟောကြားတော်မူ၏။

မိခင်ကို လုပ်ကျွေးသော မာတုပေါသက ဆင်မင်းဇာတ်ကို အကျယ် ဟောကြားတော်မူပြီးနောက်-

(၃၂၄) ဓနပါလော နာမ ကုဉ္ဇရော၊
ကဋုကဘေဒနော ဒုန္နိဝါရယော။
ဗဒ္ဓေါ ကဗဠံ န ဘုဉ္ဇတိ
သုမရတိ နာဂဝနဿ ကုဉ္ဇရော။

(၃၂၄) နှိမ်နင်းရန် ခဲယဉ်းသော ပြင်းထန်စွာ အမုန်ရစ်သည့် ဓနပါလ မည်သောဆင်သည် အဖမ်းအဆီး ခံရသဖြင့် အစာကို မစားပဲ မိမိနေရာ ဆင်တောကိုသာ အောက်မေ့၍ နေ၏။

ထိုပုဏ္ဏားသားလေးယောက်တို့သည် နူးညံ့သောနှလုံး ရှိပြီ ဖြစ်ကြ၍ မြတ်စွာဘုရားက လျှောက်ပတ်သည်ကို သိ၍ သစ္စာ တရားကို ပြ၍ တရားဟောတော်မူ၏။

(ဒေသနာတော်၏ အဆုံး၌ သားတို့သည် လည်းကောင်း ချွေးမတို့သည် လည်းကောင်း၊ မ ယား သည် လည်းကောင်း သောတာပတ္တိဖိုလ်၌ တည်၏။)

(ဓမ္မပဒ နာဂဝဂ် သုံးခုမြောက် ပုဏ္ဏားကြီးဝတ္ထုပြီး၏။)

၀၄ ၀၄ ၀၄

## ၂၃။ နာဂဝဂ်

# ၄။ အစားကြူးလျှင် တရားထူးနှင့်ဝေး

## (ပသေနဒီကောသလဝတ္ထု)

အစားကြီးပြီး ဝက်ကြီးကဲ့သို့
ငိုက်မျဉ်းလျက်နေသူသည်
တရားထူးကို မရနိုင်။

(မိဒ္ဓီယဒါ) အစဖြာသော ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ ပသေနဒီကောသလမင်းကြီးကို အကြောင်းပြု၍ ဟောတော်မူသည်။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ဤဝတ္ထုကြောင်းကို သုခဝဂ် ပသေနဒီကောသလမင်းကြီး (စတုတ္ထတွဲ)တွင် ဖော်ပြခဲ့ပြီး ဖြစ်၏။ ဝတ္ထုကြောင်းကား အစားကြီးသော ပသေနဒီကောသလမင်းသည် ဘုရားရှင်ရှေ့၌ထမင်းဆိပ်တက်ကာ ငိုက်နေ၏။ ထိုအခါ မြတ်စွာဘုရားက အစားကြီးသူတို့၏ဒုက္ခကို မိန့်တော်မူ၍-

(၃၂၅) မိဒ္ဓီယဒါ ဟောတိ မဟဂ္ဃသော စ၊
နိဒ္ဒါယိတာ သမ္ပရိဝတ္တသာယီ။
မဟာဝရာဟောဝ နိဝါပပုဋ္ဌော၊
ပုနပ္ပုနံ ဂဗ္ဘမုပေတိ မန္ဒော။

(၃၂၅) များစွာအစားကြီး၍ ငိုက်မျဉ်းသူသည် အစာဝသော ဝက်ကြီးကဲ့သို့ အအိပ်ကြီးပြီး တပြောင်းပြန်ပြန် လူးလည်း၍ အိပ်၏။ ထိုပညာနည်းသောသူသည် (အနိစ္စ) စသော လက္ခဏာတို့ကို မဆင်ခြင်နိုင်သောကြောင့် အဖန်တလဲလဲ အမိဝမ်းတိုက်၌ ပဋိသန္ဓေနေရ၏။

(ဒေသနာတော်၏ အဆုံး၌ ပသေနဒီ ကောသလမင်းကြီးသည် ကျေးဇူးများသည် ဖြစ်၏။)

(ဓမ္မပဒ နာဂဝဂ် လေးခုမြောက် ပသေနဒီကောသလမင်းကြီး ဝတ္ထုပြီး၏။)

၍ ၍ ၍

## ၂၃။ နာဂဝဂ်

## ၅။ ချွန်းကိုင်သောဆင်ထိန်း

(သာနုသာမဏေဝတ္ထု)

မုန်ရစ်သောဆင်ကို ဆင်ထိန်းသည်
ချွန်းဖြင့် နှိပ်ကွပ်ဆုံးမသကဲ့သို့
စိတ်ဆင်ရိုင်းကို ဆုံးမလော့။

(ဣဒံ ပုရေစိတ္တမစာရိ စာရိကံ) အစရှိသောဒေသနာတော်ကို ဇေတဝန်ကျောင်း၌ သာနုသာမဏေကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

သာနုသာမဏေသည် ဥပါသိကာမတဦး၏တယောက်တည်းသောသား ဖြစ်၏။ ငယ်စဉ်ကပင် ရှင်သာမဏေပြုစေ၏၊ သာနု

သည် သီလကို ထိန်း၏၊ ဆရာတို့၏ဝတ်၊ ညှော်သည် ရဟန်းတို့၏ ဝတ်တို့ကိုပြု၏၊ ဥပုသ်နေ့များ၌ နံနက် စောစောထ၍ တရား တင်းကုတ်ကို တံမြက်လှည်း နေရာခင်း ဆီမီးထွန်းပြီး တရား နာရန် ကြွေးကြော်လေ့ရှိ၏၊ ရဟန်းတို့သည် သာနုသာမဏေ၏ အစွမ်းကို သိ၍ ဝတ်ရွတ်စဉ်ကို ရွတ်ဆိုစေ၏၊ သာနုသည် တရား စင်သို့ တက်ပြီး ဟောကြား၏၊ တရားဟောပြီး ငါ၏မိခင်ဖခင် တို့အား ဤသို့ပြုရသော ကုသိုလ်၏အဖို့ကို အမျှပေးဝေပါ၏ဟု အမျှဝေ၏။

## ရှေးဘဝက မိခင်ဘီလူးမ

သာနုသာမဏေ အမျှဝေသည်ကို ယခုဘဝ မိဘတို့မသိကြ၊ အခြားဘဝမှ မိခင်ဖြစ်ခဲ့ဘူးသောသူသည် ဘီလူးမဖြစ်နေ၏၊ ထိုဘီလူးမသည် နတ်တို့နှင့်အတူ လာရောက်တရားနာ၍ သာနု သာမဏေအမျှပေးဝေသည်ကို ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်ဆိုရ၏။

သီလနှင့်ပြည့်စုံသောရဟန်းတို့ကိုနတ်တို့သည် လည်းကောင်း၊ လူအပေါင်းတို့သည်လည်းကောင်း မြတ်နိုးကြ၏၊ သာနုသာမ ဏေအား ရှိသေခြင်းဖြင့် နတ်တို့သည်၊ မိခင်ဖြစ်ခဲ့ဘူးသော ဘီလူးမကိုအလေးအမြတ် ပြုကြ၏။ ထိုဘီလူးမ တရားနာသော အခါ အစည်းအဝေး စသည်တို့၌ သာနု၏ မိခင်ပေတည်းဟု ဘီလူးမအားရှေ့ဆုံးမှ နေရာပေး၏။ တန်ခိုးကြီးသော ဘီလူး တို့ပင် ဘီလူးမကိုမြင်လျှင် ထိုင်နေရာမှထ၍ အရိုအသေပေး၏။ လမ်းတွင်တွေ့လျှင် လမ်းဘေးသို့ ဖယ်၍ပေးကြ၏။

## သာနုသာမဏေ လူထွက်လိုခြင်း

သာမဏေသည် အရွယ်ရောက်သဖြင့် ရင့်ကျက်သော အိန္ဒြေရှိ၏။ သာသနာ့ဘောင်၌ မပျော်မွေ့၊ ငြီးငွေ့စိတ် ဝင်လာ၏။

ထို့ကြောင့် တပါးတည်း သပိတ်သင်္ကန်းကိုယူ၍ မိခင်အိမ်သို့သွား၏၊ လူထွက်လိုသည်ဟုပြော၏။ မိခင်ဥပါသိကာမကြီးသည် လူ့ဘောင်၏ အပြစ်တို့ကို ပြ၍အမျိုးမျိုး ဆုံးမပါသော်လည်းမရသဖြင့် အချိန်ဆွဲရန် ယာဂုကလေးသောက်ပြီးအောင် ဆိုင်းပါဦးဟု ယာဂုကိုကပ်၏။ ထပ်မံအချိန်ဆွဲလို၍ဆွမ်းကလေးစားပြီးမှ လူထွက်ပါဟု တောင်းပန်ပြီး ဆန်ကိုဆေးနေ၏။

မိခင်ဟောင်းဘီလူးမသည် သာမဏေတွင် ဆွမ်းအဟာရရပါ၏လောဟု ဆင်ခြင်ကြည့်လေသော် လူထွက်ရန်ထိုင်နေသည့် အဖြစ်ကို သိမြင်၍သာမဏေလူထွက်လျှင် တန်ခိုးကြီးသောနတ်တို့အကြား၌ ငါ့အားရှက်စရာဖြစ်တော့မည်။ ငါသွား၍ သာမဏေ လူမထွက်အောင် ကြံဆောင်အံ့ဟု သာမဏေ၏ ကိုယ်၌ ပူးဝင်ပြီး လည်ကို ရှေ့နောက် လည်စေ၍ ပါးစပ်မှ အမြှုပ်တစီစီထကာ မြေ၌လဲကျစေ၏။

ဥပါသိကာမကြီးသည် သားအဖြစ်ကိုမြင်၍ ငိုကြွေးပြီး ရင်ခွင်သို့ပွေ့ယူ၏။ အိမ်နီးချင်းတို့လည်း ဝိုင်းဝန်းလာကြ၏။ မယ်တော်သည် ငိုကြွေးယင်း

"ဥပုသ်နေ့များ၌ရှစ်ပါးသီလစောင့်ကြ၏။ ထိုသူတို့ကိုဘီလူးတို့သည် ပူးဝင်ကြည်စယ် ကစားခြင်းမပြုကြကုန်၊ ဤသို့ရဟန္တာသူတော်ကောင်းတို့၏စကားကို ကြားဘူးပါသည်၊ ယခုငါသည် သာနုဟူသောသားကြောင့် ဘီလူးတို့ ပူးဝင်ကြည်စယ် ကစား

သည်ကို မြင်ရပြီ'' ဟုပြောဆို၏။ ထိုစကားကိုဘီလူးမ ကြားသောအခါ-

ရဟန္တာအရှင်မြတ်တို့ ပြောစကား မှန်ပါ၏။ သာနု သတိရလာလျှင် ဘီလူးတို့ မှာကြားသော စကားကို ပြောကြားပါလော့။

''ရှေ့တွင်၌လည်းကောင်း၊ကွယ်ရာ၌လည်းကောင်း၊ယုတ်မာသော မကောင်းမှုကို ယခုပင်ပြုပြု၊ နောင်မှပင်ပြုပြု၊ ပြုလုပ်လျှင် အသင်သည်ကောင်းကင်၌ပင် ပုန်းအောင်းနေပါစေ၊ ဘီလူးညှဥ်းဆဲခြင်းဒုက္ခမှလွတ်မြောက်မည်မဟုတ်''ဟုပြော ကြားပြီး ဘီလူးမသည်ထွက်ခွါ၍သွား၏။

သာနုသည်သတိရ၍ ကြည့်လျှင် ဆံပင်ဖရိုဖရဲနှင့် ငိုကြွေးနေသောမိခင်ကိုလည်းကောင်း ဝိုင်း၍ကြည့် နေကြသော ရွာသူရွာသားတို့ကိုလည်းကောင်း မြင်၏။ မိမိသတိ မေ့လျော့သွားသော အဖြစ်ကို မသိ၍-

''အမေ။ ။လူများသေမှငိုကြသည်၊ယခုအသက်ရှင်လျက်ရှိသော ငါ့ကိုမြင်ရပါလျက် အဘယ့်ကြောင့် ပြင်းစွာငိုကြွေးနေရပါသနည်း'' ဟုမေး၏။ ထိုအခါ မယ်တော်က ''ချစ်သား။ ။အသက်သေသူအတွက် မိဘဆွေမျိုးတို့ ငိုကြွေးကြရ၏။ ထိုနည်းတူရဟန်းဘောင်မှ လူ့ဘောင်သို့ထွက်လာသူသည် အသက်ရှင်လျက် သေသည်နှင့် မခြားပါပင်တည်း ၊သို့အတွက် ငိုကြွေးကြရပါသည်''ဟုပြောလျက် ထိုနောက်တဖန်ဆက်လက်၍''ချစ်သား။ ။ငါသည်မီးလောင်နေသော အိမ်ကြီးမှ ဥစ္စာ

ပစ္စည်းကိုဆွဲ၍ ထုတ်လိုက်သကဲ့သို့ သားကိုလူ့ဘောင်မှ ထုတ်၍သာသနာ့ဘောင်သို့သွင်းခဲ့၏၊ ဟခုတဖန်သားသည် မီးလောင်ခံရန် ပြန်လာ၏၊ ဘီလူးတို့သည် ငါတို့အား လူ့ထွက်ရန်စောင့်ရှောက်ပါဟုမှာကြားပြီးထွက်သွားကြ၏။ လူထွက်လိုသောသားနှင့် ညှဥ်းပမ်း နှိပ်စက်မည့် ဘီလူးတို့အကြားတွင် ငါသည် ဘယ်သူ့ကို အပြစ်တင်ရမည်နည်း''ဟုပြော၏။

ထိုစဉ် သာနုသာမဏေသည် မိခင်စကားကို နားထောင်၍ လူမထွက်တော့ပါဟု ပြောဆို၏။ မိခင်က အားရဝမ်းသာ မွန်မြတ်သော အာဟာရများဖြင့် ကျွေးမွေး၍ အသက်ပြည့်ပြီဖြစ်သဖြင့် ရဟန်းပြုပေး၏။ မြတ်စွာဘုရားသည်သာနုရဟန်းအား စိတ်ကို နှိပ်ကွပ် ဆုံးမ၍တရားအားထုတ်ခြင်းဖြစ်စေရန်အောက်ပါဂါထာကိုဟောကြားတော်မူ၏။

(၃၂၆) ဣဒံ ပုရေ စိတ္တမစာရိစာရိကံ၊
ယေနိစ္ဆကံ ယတ္ထကာမံ ယထာသုခံ။
တဒဇ္ဇဟံ နိဂ္ဂဟေဿာမိ ယောနိသော၊
ဟတ္ထိပ္ပဘိန္နံ ဝိယ အင်္ကုသဂ္ဂဟော။

(၃၂၆) ဤစိတ်သည် ဘဝသံသရာ ရှေးရှေးခါက ကောင်းရာသုခတွင် လှည့်လည်ကျက်စားခဲ့လေပြီ။ ချွန်းကိုင်သောဆင်ထိန်းသည် အမုန်ရစ်သောဆင်ကို နှိပ်ကွပ်ဆုံးမသကဲ့သို့ ငါသည် ယနေ့မှစ၍ ထိုစိတ် ကို ကောင်းစွာဆင်ခြင်၍ အခွင့်သင့်စွာ အားထုတ်ခြင်းကို ပြုအပ်သည်သာတည်း။

(ဒေသနာတော်၏အဆုံး၌ သာနုနှင့်တကွတရားနာ ရဟန်းတော်များ သစ္စာလေးပါး တရားကို သိမြင်၍ အကျွတ်တရားရကြ၏။)

အရှင်သာနုသည် ပိဋကတ်သုံးပုံကို သင်ယူ၍ မြင့်မြတ်သော ဓမ္မကထိက ပုဂ္ဂိုလ်အဖြစ် သက်တော် တရာ့နှစ်ဆယ် ပတ်လုံး တည်နေတော်မူပြီး၊ ဇမ္ဗူဒိပ် ကျွန်းအလုံးကို ချောက်ချားစေ၍ ပရိနိဗ္ဗာန် ပြုတော်မူ၏။

(ဓမ္မပဒ နာဂဝဂ်ငါးခုမြောက်သာနုသာမဏေဝတ္ထုပြီး၏။)

## ၂၃။ နာဂဝဂ်

## ၆။ နွံထဲမှ ရုန်းထွက်ကြလော့

(ပါဝေယျက ဆင်ဝတ္ထု)

ကိလေသာညွန်ပျောင်းမှ
မိမိကိုယ်ကိုလွတ်မြောက်အောင်
ရုန်းထွက်ကြလော့။

(အပ္ပမာဒရတာ)အစဖြာသောဒေသနာတော်ကို ဇေတဝန် ကျောင်းတော်၌ ပါဝေယျကဆင်ကို အကြောင်းပြု၍ ဟော ကြားတော်မူ၏။

ဝတ္ထုကြောင်းကား ဤသို့တည်း

ကောသလမင်းကြီး၏ ပါဝေယျကမည်သော တိုက်ဆင်သည် ငယ်စဉ်က အလွန်ခွန်အားရှိ၏၊ အရွယ်အိုသောအခါ အားအင် ကုန်ခမ်းလာ၏၊ တနေ့တွင် အိုင်တခုသို့သက်ဆင်းရာ ညွန်၌နစ် လေ၏၊ အားအင်မရှိ၍ ရုန်းမထွက်နိုင်ပဲ ဖြစ်လေ၏၊ မင်းကြီး

သည် ဆင်ဆရာကိုခေါ်၍ ညွှန်ကြား၏၊ ဆင်ဆရာသည် အိုင်ရှေ့၌ စစ်ဦးကိုပြ၍ စစ်စည်ကိုတီး၊ စစ်ခရာကိုမှုတ်စေ၏၊စစ်စည်သံကိုကြားရသောအခါ ပါဝေယျကသည် မာန်တက်ကြွ၍ အားကုန်ရုန်းထွက်သဖြင့် ကုန်းပေါ်သို့ရောက်လေ၏။

ရဟန်းတို့သည် ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြားလေလျှင် မြတ်စွာဘုရားက–

(၃၂၇) အပ္ပမာဒရတာ ဟောထ၊ သစိတ္တမနုရက္ခထ။
ဒုဂ္ဂါဥဒ္ဓရထ'တ္တာနံ၊ ပင်္ကေ သန္နောဝ ကုဉ္ဇရော။

(၃၂၇) သတိနှင့်ယှဉ်၍ မမေ့မလျော့ခြင်း၌ မွေ့လျော်ကြကုန်လော့၊ မိမိစိတ်ကိုစောင့်ရှောက်ကြကုန်လော့၊ ညွှန်ပျောင်း၌ နစ်သောဆင်သည် မိမိကိုယ်ကိုရုန်းထွက်သကဲ့သို့ ထို့အတူ သင်တို့သည် ကိလေသာညွှန်ပျောင်းမှ မိမိကိုယ်ကို ထုတ်ဆောင်ကြကုန်လော့။

(ဓမ္မပဒ နာဂဝဂ် ခြောက်ခုမြောက် ပါဝေယျကဆင်ဝတ္ထု ပြီး၏)

## ၂၃။ နာဂဝဂ်

## ၇။ အဆွေခင်ပွန်းကောင်း

### (ရဟန်းများစွာတို့ဝတ္ထု)

**အဆွေခင်ပွန်းကောင်းကိုမရလျှင်**
**တယောက်ထီးတည်းကျင့်ရာ၏။**

(သစေ လဘေထ) အစရှိသောဒေသနာတော်ကို မြတ်စွာဘုရားသည်ပါလိလေယျကတောအုပ်၌နေတော်မူလျက် များစွာသောရဟန်းတို့ကိုအကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကားဤသို့တည်း

ဤခေတ်မီ ဓမ္မပဒ ပထမတွဲ ယမကဝဂ် စာမျက်နှာ ၅၅-ကောသမ္ဗိက ရဟန်းတို့ ဝတ္ထုတွင် မြတ်စွာဘုရား သခင်သည် ပါလိလေယျကတော၌ ဝါကပ်တော်မူ၍ ဝါကျွတ်လျှင် အရှင်အာနန္ဒာနှင့် ရဟန်းငါးရာတို့သွားရောက်၍ ဘုရားသခင်အားပင့်ကြရာမှ ဘုရားသခင်အား အရှင်ဘုရားတို့သည် ဝါတွင်းသုံးလပတ်လုံး တပါးတည်း နေထိုင်ရသည်မှာ ခဲယဉ်းလှပေ၏ ဟုလျှောက်ကြလေလျှင် မြတ်စွာဘုရားက ပါလိလေယျကဆင်သည် အလုံးစုံသောကိစ္စတို့ကို ဆောင်ရွက်ပေ၏၊ ဤသို့သောသဘောရှိသော အဆွေခင်ပွန်းကောင်းကိုရသဖြင့် တပါးတည်းနေခြင်းငှာ သင့်၏ဟု အောက်ပါဂါထာတို့ကိုဟောတော်မူ၏။

(၃၂၈) သစေ လဘေထ နိပကံ သဟာယံ။
သဒ္ဓိံ စရံ သာဓုဝိဟာရိဓီရံ။
အဘိဘုယျ သဗ္ဗာနိ ပရိဿယာနိ၊
စရေယျ တေန'တ္တမနော သတီမာ။

(၃၂၉) နော စေ လဘေထ နိပကံ သဟာယံ၊
သဒ္ဓိံ စရံ သာဓုဝိဟာရိဓီရံ။
ရာဇာဝ ရဋ္ဌံ ဝိဇိတံ ပဟာယ၊
ဧကော စရေ မာတင်္ဂ'ရညေဝ နာဂေါ။

(၃၃၀) ဧကဿ စရိတံ သေယျော၊
နတ္ထိ ဗာလေ သဟာယတာ။
ဧကော စရေ န စ ပါပါနိ ကယိရာ
အပ္ပေါဿုက္ကော မာတင်္ဂ'ရညေဝ နာဂေါ။

(၃၂၈) ပညာရင့်သော အတူတကွကျင့်ဖော်ဖြစ်သော ကောင်းစွာနေလေ့ရှိသော တည်ကြည်သော သမာဓိရှိသော အဆွေခင်ပွန်းကောင်းကို အကယ်၍ရခဲ့မူ၊ ထိုအဆွေခင်ပွန်းနှင့်အတူ ဘေးရန်အလုံးစုံကို နှိမ်နင်း၍ အတူတကွ ဝမ်းမြောက်ဝမ်းသာ သတိရှိစွာကျင့်ရာ၏။

(၃၂၉) ပညာရင့်သော အတူတကွကျင့်ဖော်ဖြစ်သော ကောင်းစွာနေလေ့ရှိသော တည်ကြည်သော၊ သမာဓိရှိသော အဆွေခင်ပွန်းကောင်းကို အကယ်၍မရငြားအံ့၊ အောင်ပြီးသောနိုင်ငံကိုစွန့်၍ ထွက်သောမင်းကဲ့သို့လည်းကောင်း၊ မာဒင်္ဂဆင်မင်းသည် တောဗြဲတကောင်တည်းလှည့်လည်သကဲ့သို့ လည်းကောင်း၊ တယောက်ထီးတည်း ကျင့်ရာ၏။

(၃၃၀) တယောက်ထီးတည်း ကျင့်ခြင်းသည် မြတ်၏၊ လူမိုက်၌ အဆွေခင်ပွန်းဟူသည်မရှိ၊ မာဒင်္ဂဆင်မင်းသည် တောဗြဲတကောင်တည်း နေသကဲ့သို့ တယောက်ထီးတည်း ကြောင့်ကြမဲ့ကျင့်ရာ၏။ မကောင်းမှုတို့ကိုမပြုရာ။

(ဒေသနာတော်၏အဆုံး၌ ရဟန်းငါးရာတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။)

(ဓမ္မပဒ နာဂဝဂ် ခုနစ်ခုမြောက် ရဟန်းတို့ဝတ္ထုပြီး၏)

ဝ ဝ ဝ

## ၂၃။ နာဂဝဂ်

## ၈။ သုခမျိုးစုံ အဖုံဖုံ

(မာရ်နတ်မင်းဝတ္ထု)

အရေးပေါ်လျှင် အဆွေခင်ပွန်းရှိခြင်း၊
ရသမျှနှင့်ရောင့်ရဲခြင်း၊
အမိအဖကိုလုပ်ကျွေးခြင်း၊
ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ သံဃာတို့ကို
လုပ်ကျွေးခြင်း၊
သဒ္ဓါတရားခိုင်မြဲခြင်း၊ ပညာကိုရခြင်း
မကောင်းမှုကိုမပြုခြင်းတို့သည်
ချမ်းသာကြောင်းများဖြစ်၏။
သီလရှိခြင်းသည်၊ အိုသည့်တိုင်အောင်ချမ်းသာ၏။
ကောင်းမှုရှိခြင်းသည် သေကာနီး၌ချမ်းသာ၏။

(အတ္ထမှို၊ ဇာတမှို)အစရှိသော ဒေသနာတော်ကို ဟိမဝန္တာတောကျောင်း၌ သီတင်းသုံးတော်မူစဉ် မာရ်နတ်မင်းကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

ထိုအခါကာလ၌ မင်းတို့သည် နိုင်ငံနေလူတို့ကို နှိပ်စက်ညှဉ်းပမ်းကြ၏၊ မြတ်စွာဘုရားသည် တရားမဲ့သောမင်းတို့၏ နှိပ်စက်ခံရသောလူတို့ကို မြင်တော်မူ၍ သနားကြင်နာတော်မူသော စိတ်ဖြင့် ဤသို့ကြံစည်တော်မူ၏၊ လူတို့ဒုက္ခကို ကယ်တင်ခြင်းငှာ ငါသည် မင်းအဖြစ်ပြုခြင်းငှာ တတ်နိုင်မည်လောဟု ကြံစည်တော်မူ၏၊ ထိုသို့ ကြံစည်မိသည်နှင့် တပြိုင်နက် မာရ်နတ်သည် သိ၍ မြတ်စွာဘုရားထံချဉ်းကပ်ပြီး မင်းအဖြစ်ပြုတော်မူပါရန် လျှောက်၏၊ မြတ်စွာဘုရားက သင်မာရ်နတ်သည် အဘယ်အကြောင်းကိုမြင်၍ ဤသို့မင်းပြုရန် လျှောက်သနည်းဟုမေး၏။

မာရ်နတ်ကအရှင်ဘုရားသည်လေးပါးသောဣဒ္ဓိပါဒ်တို့ဖြင့် အလိုရှိတော်မူလျှင် ဟိမဝန္တာတတောင်လုံးကို ရွှေတုံးရွှေခဲကြီး ဖြစ်အောင်ဖန်ဆင်းပြီး ထိုရွှေဖြင့်ပြုအပ်သမျှကိစ္စတို့ကိုပြုအံ့၊ ဤသို့ဖြင့် တရားသောမင်းအဖြစ်ကို ပြုနိုင်ပါ၏ဟု လျှောက်၏၊ ထိုအခါ မြတ်စွာဘုရားက မာရ်နတ်အား-

"ဟယ်မာရ်နတ်။ အကြင်သူသည် ဝဋ်ဆင်းရဲအပေါင်းကို မြင်သောကြောင့် ဝတ္ထုအာရုံ ကာမဂုဏ်တို့၌ အဘယ်ကြောင့် စိတ်ညွတ်ရမည်နည်း၊ လောက၌ ကာမဂုဏ်ဟူသောဥပဓိတရားကို ကပ်ငြိတတ်၏ဟူ၍သိသဲဖြင့် လူသည် ထိုကာမဂုဏ်တို့ကို ပယ်ဖျောက်ခြင်းငှာ ကျင့်ရာ၏။

ဟယ်မာရ်နတ်။ သင်၏စကားတို့မှာ အခြားတပါးပင်တည်း၊ ငါဘုရား၏အဆုံးအမသြဝါဒစကားကား အခြားတပါးတည်း၊ သင်မာရ်နတ်နှင့်ငါသည် တရားစကားမပြောကြားနိုင်၊ငါဘုရားသည် ဤသို့ဆုံးမဒပေအံ့"ဟု မိန့်တော်မူပြီး-

(၃၃၁) အဇ္ဈတ္တမှိ ဓာတမှိ သုခါ သဟာယာ၊
တုဋ္ဌိ သုခါ ယာ ဣတရီတရေန။
ပုညံ သုခံ ဇီဝိတသင်္ခယမှိ၊
သဗ္ဗဿ ဒုက္ခဿ သုခံ ပဟာနံ။

(၃၃၂) သုခါ မတ္တေယျတာ လောကေ၊
အထော ပေတ္တေယျတာ သုခါ။
သုခါ သာမညတာ လောကေ၊
အထော ဗြဟ္မညတာ သုခါ။

(၃၃၃) သုခံ ယာဝ ဇရာ သီလံ၊
သုခါ သဒ္ဓါ ပတိဋ္ဌိတာ။
သုခေါ ပညာယ ပဋိလာဘော၊
ပါပါနံ အကရဏံ သုခံ။

(၃၃၁) အကြောင်းရှိက ဆောင်ရွက်တတ်သော အဆွေခင်ပွန်းကို ရခြင်းသည် ချမ်းသာ၏၊ ရသမျှဖြင့် ရောင့်ရဲခြင်းသည် ချမ်းသာ၏၊ ကုသိုလ်ကောင်းမှုရှိခြင်းသည် သေကာနီး၌ ချမ်းသာ၏၊ အလုံးစုံသော ဆင်းရဲကိုပယ်ခြင်းသည် ချမ်းသာ၏။

(၃၃၂) လောက၌ အမိကို လုပ်ကျွေးသောသူသည် ချမ်းသာ၏၊ ထို့အပြင် အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောက၌ရဟန်းတို့ကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ ထို့ထက် မကောင်းမှုမှအပပြုပြီးသူ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့ကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်းဖြစ်၏။

(၃၃၃) သီလရှိခြင်းသည် အိုမင်းသည့် တိုင်အောင် တင့်တယ် ချမ်းသာ၏၊ သဒ္ဓါတရားခိုင်မြဲခြင်းသည် ချမ်းသာ၏၊ ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကိုမပြုခြင်းသည် ချမ်းသာ၏။

(ဒေသနာတော်၏ အဆုံး၌ များစွာသော နတ်တို့သည်သစ္စာတရားတို့ကို သိကုန်ကြ၏။)

(ဓမ္မပဒနာဂဝဂ် ရှစ်ခုမြောက် မာရ်နတ်မင်း၏ဝတ္ထုပြီး၏)

(နာဂဝဂ်ပြီး၏။)

# {၂၄} တဏှာဝဂ်

## ၁။ စိုးရိမ်ကင်းဝေး နေနိုင်ရေး

(ကပိလငါးဝတ္ထု)

တဏှာကို ငြင်းဆန်နိုင်ခဲ့မှု
ထိုပုဂ္ဂိုလ်သည် စိုးရိမ်ကြောင့်ကြမှုတို့လျှောကျ၏။
တဏှာ၏အမြစ်အရင်းကို တူးပစ်ကြကုန်လော့။

(မနုဇဿ) စသော ဒေသနာ တော်ကို ဇေတဝန်ကျောင်းတော်၌ ကပိလအမည်ရှိသော ငါးကိုအကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ကဿပဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် ညီအစ်ကို နှစ်ယောက်တို့သည် ရဟန်းတော်တို့ထံ၌ ရဟန်းပြုကြသည် သာဂတနှင့် ကပ္ပိလအမည်ရှိ၏၊ မိခင်သည် သာဓနီအမည်ရှိ၍ နှမငယ်သည်

တာပနာအမည်ရှိ၏။ မိခင်နှင့်နှမတို့သည်လည်း ရဟန်းမိန်းမတို့ ထံ၌ ရဟန်းပြုကြ၏။

အစ်ကိုကြီး သာဂတသည် ကမ္မဋ္ဌာန်းကိုသင်ယူပြီး ကြိုးစား အားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ရောက်၏၊ ညီငယ် ကပ္ပိလ ကား ငါသည် သေးငယ်၏၊ နောက်မှ ဝိပဿနာကိုကျင့်မည်ဟု ပိဋကတ် သုံးပုံကို သင်ယူ၏၊ ထိုကပ္ပိလ ရဟန်းသည် ပိဋကတ် သုံးပုံကို တတ်မြောက်၍ ကြီး ကျယ် များပြားသော အခြံအရံ ရှိ၏၊ လာဘ်လာဘ ပေါများ၏၊ ကျော်စော ထင်ရှား၏၊ ထို သောအခါ ကပ္ပိလရဟန်းသည် မာန်မာနတက်လာ၏၊ မိမိကိုယ် ကို အလွန်ပညာရှိသည်ဟု အောက်မေ့၍ သူတပါးတို့က အပ် သည်ဟု ပြောသောအရာကို မအပ်ဟုဆို၏။ အပြစ်ရှိသောအရာ ကို အပြစ်မရှိဟုဆို၏၊ သီလကိုမြတ်နိုးသောရဟန်းတို့က ကပ္ပိလ အား ညွှန်ပြပြောဆို တားမြစ်ကြ၏၊ ကပ္ပိလက အသင်တို့ ဘာ သိသနည်းဟု နှုတ်လှန်ပြောဆိုကဲ့ရဲ့၏။

ထိုအခါ ရဟန်းတို့သည် ကပ္ပိလ၏အစ်ကိုဖြစ်သော သာဂ တ မထေရ်ကို လျှောက်ကြ၏။ သာဂတ မထေရ် ဆုံးမသည်ကို ညီကပ္ပိလက မနာခံ၊ ကပ္ပိလသည် မိမိအခြံအရံနှင့် ထင်ရှားပြု သဖြင့် ကဿပမြတ်စွာဘုရား၏ ပရိယတ္တိသာသနာကို ဆုတ်ယုတ် စေ၏။

နောင်တော် သာဂတ မထေရ်သည် ပရိနိဗ္ဗာန် ပြုတော်မူ သည်၊ ကပ္ပိလရဟန်းသည် အဝီစိငရဲကြီး၌ ဖြစ်လေ၏၊ မိခင် နှင့် နှမတို့သည် ကပ္ပိလနှင့် အလိုတူဖြစ်ကြ၍ ငရဲပင်ကျလေ၏

## ခိုးသား ငါးရာတို့အကြောင်း၊

ကဿပ ဘုရားလက်ထက်၌ ခိုးသား ငါးရာတို့သည် ရွာကို လုယက်ဖျက်ဆီးကြ၏၊ ရွာသူတို့လိုက်ကြသော် ထွက်ပြေးကြပြီး ပုန်းအောင်းရာမရှိ၍ တောကျောင်းနေ ရဟန်းတပါးထံ သွားရောက် တောင်းပန်ကြ၏၊ ရဟန်းက အသင်တို့တွင် သီလသာ လျှင် ကိုးကွယ်ရာရှိ၏ဟူ၍ ငါးပါးသောသီလကို ပေး၏၊ ဤ ငါး ပါး သီ လ ကို အသက် သဘ်မည် ဟု ဆိုသည့် တိုင်အောင် မဖေါက်ဖျက်နှင့် စိတ်ဖြင့်ပင်မပြစ်မှားနှင့်ဟု ဆုံးမ၏၊ ခိုးသား ငါးရာတို့လည်း ဝန်ခံကြကုန်၏။

လူတို့သည် လိုက်၍ရှာယင်း ခိုးသားတို့ကိုတွေ့၏၊ ခိုးသားတို့ သည် သီလကို မကျိုးပေါက်အောင် စောင့်ရှောက်၍ သည်းခံ ကြသဖြင့် ခိုးသားငါးရာတို့သည် သေလွန်ကြ၏၊ သီလ တန်ခိုး ကြောင့် ငါးရာစလုံး နတ်ပြည်၌ဖြစ်၏၊ လူ့ပြည် နတ်ပြည် တို့၌ ကျင်လည်ခံစား၍ ဂေါတမဘုရားရှင် လက်ထက်တွင် သာဝတ္ထိ ပြည်အနီး တံငါရွာကြီး၌ တပိုင်နက်ပဋိသန္ဓေစွဲနေဖွားမြင်၍ ငါးရာသောတံငါတို့သည် ဖြစ်ကုန်၏။

## ရွှေငါးကပိလ

ထိုသူငါးရာတို့သည် လုလင်ပျိုအဖြစ် ရောက်ကြလျှင် ပိုက် ကွန်တို့ဖြင့် ငါးဖမ်းကြ၏။ ရွှေအဆင်းရှိသော ငါးကိုဖမ်းမိကြ၍ အားရဝမ်းသာကြွေးကြော်ကြ၏၊ ငါးကိုလှေငယ်၌ ထည့်၍ လှေငယ်ကို မင်းကြီးထံ ဆက်၏၊ ရွှေအဆင်းကဲ့သို့ မြတ်နိုးဖွယ် အဆင်းရှိသောငါးကို မင်းကြီးမြင်သဖြင့် လှေငယ်နှင့်တကွမြတ် စွာဘုရားထံ သွားရောက်၏၊ ငါးသည် ခံတွင်း ဖွင့်ကာ မျှဖြင့်

ဇေတဝန်တကျောင်း လုံး အပုပ်နံ့ လွှမ်းသွား၏၊ မင်းကြီးသည် မြတ်စွာဘုရားအား လျှောက်၏။

"ဤ ရွှေအဆင်းရှိသောငါးသည် အဘယ်ကြောင့် ခံတွင်းမှ ရွံရှာဖွယ်ရာ အပုပ်နံ့ ဖြစ်ပါသနည်း" ဟု မေး လျှောက် ၏၊ မြတ်စွာဘုရားက ကပိလရဟန်း၏ အတိတ်ဇာတ်ကို ဟောကြားတော်မူပြီး ကပိလငွေငါးအား မေးမြန်းတော်မူ၏၊ ထိုငါးသည် ဇာတိဿရဉာဏ် ရသည်ဖြစ်၍ "နောင်တော်ကြီးသာဂတသည် ပရိနိဗ္ဗာန်ပြုပါပြီ၊ တပည့်တော်သည် အဝီစိငရဲမှလာခဲ့ရပါသည် မိခင်နှင့် နှမတို့သည် အဝီစိငရဲကြီး၌ ရှိနေပါသည်၊ တပည့်တော်သည်လည်း ငရဲသို့ ပြန်လည်သွား ရပါမည်ဟု နှလုံး မသာယာခြင်း၊ နှိပ်စက် အပ်သည်ဖြစ်၍ လှေကို ဦးခေါင်းနှင့် တိုက်ကာ ငိုကြွေးယင်းသေဆုံး၍ ငရဲ၌ဖြစ်လေ၏။

မြတ်စွာဘုရားက ထိုကပိလသည် ရဟန်းဘဝက မြတ်စွာဘုရား၏ တရားတော်ကိုပို့ချ၏၊ ဂုဏ်ကျေးဇူးတော်တို့ကိုလည်း ရွတ်ဆိုဟောပြော၏၊ ထိုအကျိုးဆက် တို့ကြောင့် ရွှေအဆင်းရှိသည်ဖြစ်၏၊ ထို ကပိလသည် ရဟန်းတို့ကို ဆဲရေးသည်၏ အကြောင်းကြောင့် ခံတွင်းမှ အပုပ်နံ့တို့သည် လှိုင်၏ဟု မိန့်ကြားတော်မူရာ များစွာသော သူအပေါင်းတို့သည် ထိတ်လန့်ခြင်းဖြင့် ကြက်သီးမွေးညှင်း ထကြကုန်သည်ဖြစ်၏။

ထိုနောက် တရားတော်ကို ဟောကြားတော်မူလို၍—

(၃၃၄) မနုဇဿ ပမတ္တစာရိနော၊ တဏှာ ဝဍ္ဎတိ မာလုဝါ ဝိယ။
သော ပ္လဝတိ ဟုရာဟုရံ၊ ဖလမိစ္ဆံဝ ဝနသ္မိ ဝါနရော။

(၃၃၅) ယံ ဧသာ သဟတေ ဇမ္မီ၊ တဏှာ လောကေ
ဝိသတ္တိကာ။
သောကာ တဿ ပဝဍ္ဎန္တိ၊ အဘိဝဋ္ဌံ ဝ ဗီရဏံ။

(၃၃၆) ယော စေတံ သဟတေ ဇမ္မိံ၊ တဏှံ လောကေ
ဒုရစ္စယံ။
သောကာ တမှာ ပပတန္တိ၊ ဥဒဗိန္ဒုဝ ပေါက္ခရာ။

(၃၃၇) တံ ဝေါ ဝဒါမိ ဘဒ္ဒံ ဝေါ၊ ယာဝန္တေတ္ထ သမာဂတာ
တဏှာယ မူလံ ခဏထ၊ ဥသီရတ္ထောဝ ဗီရဏံ။
မာ ဝေါ နဠံဝ သောတောဝ၊ မာရော ဘဉ္ဇိ
ပုနပ္ပုနံ။

(၃၃၄) သတိလက်လွတ် မေ့မေ့လျော့လျော့ကျင့် သောပုဂ္ဂိုလ်သည်မာလော(ပေါက်)နွယ်ကဲ့သို့တဏှာသည်တိုးပွား၏။ ထိုပုဂ္ဂိုလ်သည် သစ်သီးကိုအလိုရှိသောမျောက်သည် တပင်မှတပင်သို့ ခုန်ကူးသည့်နည်းတူ ထိုတဏှာတိုးပွားသူသည် ဘဝမှဘဝသို့ ပြေးလွှားနေရ၏။
(၃၃၅) လောက၌ ကပ်ငြိတွယ်တာ ယုတ်မာသော တဏှာ၏ ညှဉ်းဆဲခံရသူကား မိုးရွာသောအခါ ကြီးပွားသော ပြိတ်မြက်သည် ကြီးပွားလှယ်သကဲ့သို့ စိုးရိမ်ခြင်းတို့သည် ကြီးပွားကြကုန်၏။
(၃၃၆) အကြင်ပုဂ္ဂိုလ်သည် လောက၌စွန့်လွှတ်နိုင်ခဲသောယုတ်မာသည့် ဟိုတဏှာကို မိမိကညှဉ်းဆဲနိုင်ခဲ့မူ ကြာရွက်မှမိုးပေါက်တို့လျှောကျရသကဲ့သို့ ထိုပုဂ္ဂိုလ်၌ စိုးရိမ် ကြောင့်ကြခြင်းတို့သည် လျှောကျကြကုန်၏။

(၃၃၇) ထို့ကြောင့် သင်တို့အား ငါဘုရားသည် ကောင်းသောစကားကိုဟောအံ့။ ပန်းရင်းခေါ်သော ပြိတ်မြက်၏အမြစ်ကို အလိုရှိသူသည် ပြိတ်မြက်အပင်ကိုတူးရသကဲ့သို့ တဏှာ၏အမြစ်အရင်းကိုတူးကြကုန်လော့။ ရေအလျင်သည် ကျူပင်ကိုအမြစ်မကျန်တိုက်လှန် ဖျက်ဆီး

သကဲ့သို့ ကိလေသာမာရ်သည် သင်တို့ကို အဖန်တလဲလဲ မဖျက်ဆီးပါစေလင့်။

(ဒေသနာတော်၏အဆုံး၌တံငါသည်ငါးရာတို့သည် ထိတ်လန့်ခြင်းဖြင့်ရဟန်းပြုကြလျက် နိဗ္ဗာန်ကိုအာရုံပြုကာ အားထုတ်ကြကုန်၏။)

(တဏှာဝဂ် ရှေးဦးစွာသော တံငါသည်ငါးရာဝတ္ထုပြီး၏။)

## ၂၄။ တဏှာဝဂ်

## ၂။ ရေသောက်မြစ်ကဖြတ်

(ဝက်မငယ်ဝတ္ထု)

တဏှာကို ရေသောက်မြစ်မှ နှုတ်လေ့။
ရာဂနှင့်စပ်သော အကြံအစည်

အောက်မေ့ခြင်း၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း တို့သည်
ပဋိသန္ဓေနေခြင်း၊ အိုခြင်းသို့ မုချရောက်ရမည်။
တဏှာဖြင့် ဝိုင်းဝန်းခြံရံကုန်သော သတ္တဝါတို့သည်
ကျော့ကွင်း၌မိသော ယုန်ကဲ့သို့
ကြောက်ရွံ့ထိတ်လန့် နေကြရကုန်၏။

(ယထာပိ မူလေ) အစရှိသော ဒေသနာတော်ကို ဝေဠုဝန်ကျောင်း၌ ညစ်ပေသော ဝက်မကိုအကြောင်းပြု၍ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံကြွတော်မူယင်း မစင်တို့ဖြင့်လိမ်းကျံညစ်ပေသော ဝက်မငယ်ကိုမြင်၍ ပြုံးတော်မူ၏။ အရှင်အာနန္ဒာ မေးလျှောက်သော် ဤဝက်မငယ်သည် ကကုသံဘုရားလက်ထက်၌ ဆွမ်းစားဇရပ်အနီး၌ ကြက်မဖြစ်၏။ တရားတော်သံကိုကြားရ၍ ကြက်မဘဝမှစုတေ့သော် ဥပရိမည်သော မင်းသမီးဖြစ်၏။ ထိုမင်းသမီးသည် ရေအိမ်သို့သွားယင်း ပိုးလောက်တို့ကိုမြင်၍မိမိ၏ကိုယ်၌ဆင်ခြင်မိသဖြင့် ပထမဈာန်ကို ရ၏။ ထိုဘဝမှစုတေ သော် ဗြဟ္မာပြည်၌ဖြစ်၏။ ထိုဗြဟ္မာပြည်မှ စုတေ့သည်ရှိသော် ဂတိ၏ရှုပ်ထွေးသော အကြောင်းကြောင့် ဤယခု ဝက်မဖြစ်လာ၏။ ထို့ကြောင့်ငါဘုရားသည် ပြုံးရယ်ခြင်းပြုသည်ဟု မိန့်ကြားတော်မူပြီး ခရီးလမ်းမ၌ရပ်တည်လျက် သာ အောက်ပါဂါထာတို့ကို ဟောကြားတော်မူ၏။

(၃၃၈) ယထာပိ မူလေ အနုပဒ္ဒဝေ ဒဠှေ၊
ဆိန္နောပိ ရုက္ခော ပုနရေဝ ရူဟတိ။
ဧဝမ္ပိ တဏှာနုသယေ အနူဟတေ၊
နိဗ္ဗတ္တတိ ဒုက္ခမိဒံ ပုနပ္ပုနံ။

(၃၃၉) ယဿဆတ္တိံသတိ သောတာ၊ မနာပသဝနာ
ဘုသာ။
မဟာဝဟန္တိ ဒုဒ္ဒိဋ္ဌိံ၊ သင်္ကပ္ပါ ရာဂနိဿိတာ။

(၃၄၀) သဝန္တိ သဗ္ဗဓိ သောတာ၊ လတာ ဥပ္ပဇ္ဇ တိဋ္ဌတိ။
တဉ္စ ဒိသွာ လတံ ဇာတံ၊ မူလံ ပညာယ ဆိန္ဒထ။

(၃၄၁) သရိတာနိ သိနေဟိတာနိ စ၊
သောမနဿာနိ ဘဝန္တိ ဇန္တုနော။
တေ သာတသိတာ သုခေသိနော၊
တေ ဝေ ဇာတိဇရူပဂါ နရာ။

(၃၄၂) တသိဏာယ ပုရက္ခတာ ပဇာ၊
ပရိသပ္ပန္တိ သသောဝ ဗန္ဓိတော။
သံယောဇန သင်္ဂသတ္တကာ၊
ဒုက္ခမုပေန္တိ ပုနပ္ပုနံ စိရာယ။

(၃၄၃) တသိဏာယ ပုရက္ခတာ ပဇာ၊
ပရိသပ္ပန္တိ သ သောဝ ဗန္ဓိတော။
တသ္မာ တသိဏံ ဝိနောဒယေ၊
အာကင်္ခန္တ ဝိရာဂမတ္တနော။

(၃၃၈) သစ်ပင်ကိုရေသောက်မြစ်ရမှဖျက်ဆီးခဲ့သော်အခက်အရွက်တို့ ပြန်လည်ပေါက်သကဲ့သို့၊ ဤအတူ တဏှာကိုအမြစ်မှ မဖျက်ဆီးအပ်သေးလျှင် ဤပဋိသန္ဓေနေရခြင်းစသော ဆင်းရဲသည် အဖန်ဖန်ထပ်၍ဖြစ်၏။

(၃၃၉) အကြင်ပုဂ္ဂိုလ်အား နှစ်သက်ဖွယ်ရာအာရုံတို့ စီးကုန်သော သုံးဆယ့်ခြောက်ပါးသော တဏှာရေအလျဉ်သည် ရှိကုန်၏။ မှားသော အယူရှိသောထိုသူကို ရာဂကို မှီ၍ဖြစ်သော အကြံအစည် တို့သည် အားကြီးစွာ ဆောင်ယူသွားကြကုန်၏။

(၃၄၀) အာရုံခြောက်ပါးတို့၌ တဏှာတည်းဟူသော ရေအလျဉ်တို့သည်မပြတ်ယိုစီးကုန်၏တဏှာတည်းဟူသောနွယ်သည်ဒွါရခြောက်ပါး၌ ဖြစ်ပေါ်၍ အာရုံခြောက်ပါး၌တည်၏။ ထိုတဏှာတည်း ဟူသော နွယ်ကိုမြင်၍ အမြစ်ရင်းကို မဂ်ပညာဖြင့် ဖြတ်ကြကုန်လော့။

(၃၄၁) သတ္တဝါတို့အား အောက်မေ့ခြင်း၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်းတို့သည် ဖြစ်ကုန်၏၊ ထိုသတ္တဝါတို့သည် သာယာနှစ်သက်ခြင်း၌မှီ၍ ကာမချမ်းသာကိုရှာမှီးကြကုန်သည်ဖြစ်၍ ပဋိသန္ဓေ နေခြင်း၊ အိုရခြင်းတို့ မုချကပ်ရောက်ကြရကုန်၏။

(၃၄၂) တဏှာဖြင့်ဝိုင်းရံထားအပ်သော သတ္တဝါတို့သည် မုဆိုးကျော့ကွင်း၌မိသော ယုန်ကဲ့သို့ ထိတ်လန့်နေကြကုန်၏။ သံယောဇဉ်အမျှင်ဖြင့်ကပ်စွဲငြိနေကြရသောလူတို့သည် အဖွန့်ရှည်စွာ အဖန်တလဲလဲ ပဋိသန္ဓေနေရခြင်း အစရှိသောဆင်းရဲသို့ ကပ်ရောက်ကြရ၏။

(၃၄၃) တဏှာဖြင့် ရစ်ပတ်ခြံရံအပ်သော သတ္တဝါတို့သည် ကျော့ကွင်း၌မိသောယုန်ကဲ့သို့ ထိတ်လန့်ကြောက်ရွံ့ကြရ၏၊ ထို့ကြောင့် မိမိ၏ ရာဂကင်းခြင်းကို အလိုရှိသောသူသည် ထိုတဏှာကို အရဟတ္တမဂ်ဖြင့် ပယ်ဖျောက်ရာ၏။

**(ဒေသနာတော်၏ အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။)**

(တဏှာဝဂ်နှစ်ခုမြောက် ဝက်မယ်ဝတ္ထုပြီး၏။)

၂၄။ တဏှာဝဂ်

# ၃။ လွတ်ပြီးမှ ထွက်ပြေးသူ

(လူထွက်ရဟန်းဝတ္ထု)

**အိမ်ယာထောင်မှု တဏှာတောမှ လွတ်ပြီး ထိုတဏှာတောသို့ပင် ပြေးဝင်သူကို ရှုကြကုန်လော့။**

(ယောနိဗ္ဗန ထော) အစရှိသော ဒေသနာတော်ကို ဝေဠု ဝန်မင်းကျောင်း၌ စံပယ်တော်မူစဉ် လူထွက်သွားသော ရဟန်း တပါးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

ထိုရဟန်းသည် အရှင်မဟာကဿပ၏ အတူနေတပည့် ဖြစ်၍ သမထဖြင့် လေးပါးသောဈာန်ကို ရရှိ၏၊ဆွမ်းခံယင်း ဦးရီးဖြစ် သော ရွှေပန်းတိမ်သည်၏အိမ်၌ မြင်သောမိန်းမကို စွဲလန်း၍ လူထွက်၏၊ထိုနောက်အလုပ်မလုပ်ပဲ ပျင်းရိသောရဟန်းလူထွက် ကို အိမ်မှနှင်ထုတ်ကြကုန်၏။

ထိုရဟန်းလူထွက်သည် လူမိုက်တို့နှင့် ပေါင်းမိ၍ သူခိုးဖြစ် သွား၏။ တနေ့တွင် ထိုသူခိုးကို ဖမ်း၍ လက်ပြန်ကြိုးတည်းကာ ခရီးလမ်းဆုံ၌ ကြာပွတ်တို့ဖြင့် ရိုက်နှက်ပြီး လူသတ်ကုန်းသို့ ယူ ဆောင်သွားကြ၏။

အရှင်မဟာကဿပသည် ဆွမ်းခံလှည့်ယင်း ထိုအကြောင်းကိုမြင်၍ ရဟန်းလူထွက် သူခိုးနောက်သို့ လိုက်သွားပြီး ချည်နှောင်သောကြိုးတို့ကို လျော့လျော့ပြုစေပြီး "အသင်ရှိသော ကမ္မဋ္ဌာန်းတို့ကို ယခုတဖန် ထပ်မံဆင်ခြင်လော့"ဟု မိန့်တော်မူ၏။ ရဟန်းလူထွက်လည်း သတိရ၍ တဖန်စတုတ္ထဈာန်ကို ဖြစ်စေ၏။ လူသတ်ကုန်းသို့ ရောက်လျှင် တံကျင်လျှိုရန် ပက်လက်အိပ်စေ၏။ ရဟန်းလူထွက်သည် မကြောက်မရွံ့ မတုန်လှုပ်၊ ဤသည်ကို မြင်၍ အာဏာသားတို့သည်အံ့သြကြပြီး မင်းကြီးထံ သွားရောက် လျှောက်ထား၏။ မင်းကြီးလည်း သူခိုးကို လွှတ်စေပြီး မြတ်စွာဘုရားထံသွားရောက်လျှောက်ကြား၏၊ မြတ်စွာဘုရားသည် ကိုယ်ရောင်တော်ကို ဖြန့်၍ ထိုရဟန်း လူထွက်အား တရားဟောတော်မူ၏။

(၃၄၄) ယော နိဗ္ဗနထော ဝနာဓိမုတ္တော၊
ဝနမုတ္တော ဝနမေဝ ဓာဝတိ။
တံ ပုဂ္ဂလမေထ ပဿထ၊
မုတ္တော ဗန္ဓနမေဝ ဓာဝတိ။

(၃၄၄) အကြင်သူသည် တဏှာတည်းဟူသော တောမှ ထွက်ပြီး တဏှာတည်းဟူသော တောသို့ တဖန်ပြန်ဝင်ခဲ့၏၊ တဏှာတည်းဟူသော တောမှ လွတ်မြောက်ပြီးလျှက် တဏှာတည်းဟူသော တောသို့သာလျှင် တဖန်ပြေးသွားပြန်၏။ လာ၍ ကြည့်ကြကုန်လော့၊ ထိုပုဂ္ဂိုလ်သည် အိမ်ယာထောင်မှုအနှောင်အဖွဲ့မှ လွတ်ပြီးဖြစ်လျှက် အနှောင်အဖွဲ့သို့သာလျှင် ပြေးသွား၏။

ဒေသနာတော်၏ အဆုံး၌ ထိုရဟန်းလူထွက်သည် လူသတ်သမားတို့၏ အကြား တံကျင်ပေါ်၌ပင် ဖြစ် ပျက် မှန်စွာ။

ဥဒယဗ္ဗယကမ္မဋ္ဌာန်းကို ထင်မြင်စေ၍ လက္ခဏာရေး သုံးပါးကို တင်ပြီး သင်္ခါရတရားတို့ကို သုံးသပ်လျက် သောတာပတ္တိဖိုလ်သို့ ရောက်၍ သမာပတ်ချမ်းသာကို အစဉ်ခံစားလျက် ကောင်းကင် ခရီးဖြင့် မြတ်စွာဘုရားအထံတော်သို့ သွားရောက်ရှိခိုးပြီး တဖန် ရဟန်းပြု၍ မင်းနှင့်တကွသောပရိသတ်၏အလယ်၌ပင် အရဟတ္တ ဖိုလ်သို့ ရောက်လေ၏။

(တဏှာဝဂ် သုံးခုမြောက် လူထွက်သောရဟန်း ဝတ္ထုပြီး၏)

## ၂၄။ တဏှာဝဂ်

## ၄။ အနှောင်အဖွဲ့များ

(ဗန္ဓနာဂါရဝတ္ထု)

သံခြေချင်း၊ ထိတ်တုံး၊ လျှော်၊ကြိုး
စသောအနှောင်အဖွဲ့တို့သည်
အနှောင်အဖွဲ့ဟု ပညာရှိတို့မဆိုကုန်။
ရတနာပစ္စည်း၊ သားသမီး ခင်ပွန်း မယား
တို့၌ ပြင်းစွာနှစ်သက်ခြင်းသာ
အနှောင်အဖွဲ့အစစ်ဟူ၍
ဘုရားအစရှိသော ပညာရှိတို့သည်
မိန့်ဆိုကြ၏။

(န တံ ဒဠှံ ဗန္ဓနမာဟု ဓီရာ)အစလာသော ဒေသနာတော် ကို ဇေတဝန်ကျောင်း၌ နှောင်အိမ်သွင်းခြင်းကို အကြောင်း ပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

အခါတပါး၌ လမ်းခရီးတွင် လုယက် သတ်ဖြတ်ကုန်သော ဒမြသူခိုးတို့ကို နှောင်အိမ်သံခြေချင်းတို့ဖြင့် ချုပ်ထားယူဆောင်၍ ကောသလမင်းကြီးအား တင်ပြကြ၏။

မြတ်စွာဘုရားထံဖူးမြော်ရန် လာကြသောရဟန်းတို့သည်ထို နှောင်အိမ်ထည်းမှသူခိုး ဒမြတို့ကိုမြင်ခဲ့၏။နောက်တနေ့သာဝတ္ထိ မြို့တွင်းသို့ ဆွမ်းခံကြွကြသောအခါလည်း ထပ်မံမြင်ရပြန်၏။

ညနေချမ်းအခါ မြတ်စွာဘုရားထံ ဖူးမြော်ရင်းနှောင်အိမ်၌ နှောင်ဖွဲ့ထားသော ဆင်းရဲကြီးစွာ ခံစားနေကြရသည့် သူခိုးဒမြများကို မြင်တွေ့ခဲ့ရကြောင်း လျှောက်ထားလေလျှင် မြတ်စွာဘုရားသည် တရားတော်ကို ဟောကြားတော်မူလိုသောကြောင့် အတိတ်ကို ဆောင်၍ ဟောကြားတော်မူသည်မှာ-

### ဘုရားလောင်း၏အတိတ်ဇာတ်

ရှေးလွန်လေ ပြီးသောအခါ ဗြဟ္မဒတ်မင်းကြီးသည် ဗာရာဏသီပြည်၌ မင်းပြု၏၊ ဘုရားလောင်းသည် ဆင်းရဲသားမျိုး၌ ဖခင်သေလွန်သော် မိခင်ကို ပြုစုလုပ်ကျွေး၏။မိခင်သည် ဘုရားအလောင်း အလိုမရှိပဲ အမျိုးသမီးတဦးနှင့် ထိမ်းမြားပေးပြီး မကြာမီပင် သေလွန်လေ၏။ ဘုရားလောင်း၏ မယားဝမ်း၌ ကိုယ်ဝန်တည်၏။

မိခင်မရှိလျှင် မယားထံ ရဟန်းပြုခွင့် တောင်း၏၊ မယားက ဖွားမြင်ပြီးမှ ရဟန်းပြုပါဟု တောင်းပန်၏။ သားဖွားပြီးလျှင် ရဟန်းပြုရန် ခွင့်တောင်းပြန်၏။ သားငယ် နို့ပြတ်သည်အထိ ဆိုင်းငံ့ပါဟု တောင်းပန်၏။ထိုအတွင်းနောက်ထပ်တဖန် ကိုယ်ဝန်တည်ပြန်၏။ ထိုအခါဘုရားလောင်းသည် မယားထံ ခွင့်ပန်

မနေတော့ပဲ တိတ်တဆိတ်ထွက်ပြေး၍ တခုသော တောအရပ်၌ ရသေ့ရဟန်းပြုကာ အားထုတ်သဖြင့် အဘိညာဉ် သမာပတ်တို့ကို ရ၍ စျာန်တို့ဖြင့် မွေ့လျော်ကာ စံပယ်လျက် နေတော်မူ၏။

ထိုအခါ ဘုရားလောင်းရသေ့သည် ကိလေသာ အနှောင်အဖွဲ့ကို ငါသည် ဖြတ်တောက်နိုင်ခဲ့သည်ဟု ဥဒါန်း ကျူးရင့်လေ၏။ မြတ်စွာဘုရားသည် အတိတ်ဇာတ်ကို ဟောကြားတော်မူပြီး ထိုရသေ့ ကျူးရင့်သော ဥဒါန်းကို ပြလိုတော်မူသောကြောင့်–

(၃၄၅) နတံ ဒဠှံ ဗန္ဓန မာဟုဓီရာ၊
ယဒါယသံ ဒါရုဇ ပဗ္ဗဇဉ္စ။
သာရတ္တရတ္တာ မဏိကုဏ္ဍလေသု၊
ပုတ္တေသု ဒါရေသု စ ယာ အပေက္ခာ။
(၃၄၆) ဧတံ ဒဠှံ ဗန္ဓန မာဟု ဓီရာ၊
ဩဟာရိနံ သိထိလံ ဒုပ္ပမုဉ္စံ။
ဧတမ္ပိ ဆေတွာန ပရိဗ္ဗဇန္တိ၊
အနပေက္ခိနော ကာမသုခံ ပဟာယ။

(၃၄၅) (၃၄၆) သံခြေချင်းထိတ်တုံး၊ ကြိုးစသော အနှောင်အဖွဲ့မျိုးကို ခိုင်မြဲသောအနှောင်အဖွဲ့ဟု ပညာရှိတို့မဆိုကြကုန်၊ ပတ္တမြားနားတောင်း စသော ရတနာတို့၌လည်းကောင်း၊ သားသမီး၊ မယားတို့၌လည်းကောင်း အလွန်နှစ်သက် ငဲ့ကွက်သော တဏှာ အနှောင်အဖွဲ့များသာလျှင် ခိုင်မြဲသောအနှောင်အဖွဲ့ဟု ပညာရှိတို့ဆိုကြကုန်၏၊ ပညာရှိတို့သည် ယုတ်နိမ့်ရာသို့ဆွဲဆောင်တတ်သော အနှောင် အဖွဲ့ကို မသိပဲ လျော့ရဲဟန်ရှိသော်လည်း လွတ်မြောက်နိုင်ရန် ခဲယဉ်းသော ဤတဏှာ တည်းဟူသော အနှောင်အဖွဲ့ကိုရှုန်းဖြတ်၍ မငဲ့ကွက်ပဲ ကာမဂုဏ်ချမ်းသာကိုပယ်၍ တောထွက်ကြကုန်၏။

(ဓမ္မပဒတဏှာဝဂ်လေးခုမြောက် ဗန္ဓနာဂါရဝတ္ထုပြီး၏)

## ၂၄။ တဏှာဝဂ်

### ၅။ တဏှာကွန်ရက်

(ခေမာ မိဖုရားဝတ္ထု)

ပင့်ကူသည် မိမိယက်လုပ်သော
ပင့်ကူ အိမ်ထဲတွင် အစဉ်ကျနေသကဲ့သို့
ကာမတဏှာ မက်မောရှာသူတို့သည်
တဏှာကွန်ရက်တွင်းမှ ရုန်းမထွက်နိုင်အောင်
ဖြစ်ကြရ၏။

(ယေရာဂရတ္တာ) အစလာသော ဒေသနာတော်ကို ဝေဠုဝန်မင်းကျောင်း၌ ခေမာမိဖုရားကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ခေမာမိဖုရား၏ အတိတ်ဇာတ်မှာ ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တွင် အဂ္ဂသာဝကဖြစ်သော သုဇာတ မထေရ်ကို ကတွတ်မုန့် သုံးခု ပေးလှူပြီး ထိုနေ့၌ပင် မိမိ၏ ဆံပင်တို့ကို ဖြတ်တောက်ပြီး သုဇာတ မထေရ်အား ပေးလှူ၍ နောင် ပွင့်လတံ့သောဘုရားထံ၌ အရှင်ဘုရားတို့ကဲ့သို့ ကြီးကျယ်မြင့်မြတ်သော ပညာရှိဖြစ်ရပါလို၏ဟု ဆုတောင်းပြီး မမေ့မလျော့ ကောင်းမှု ကုသိုလ်ကို ပြုစုအားထုတ်၍ ကမ္ဘာတသိန်း ပတ်လုံး နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်၏။

ကဿပမြတ်စွာဘုရား လက်ထက်တွင် ကိကီမင်းကြီး၏သမီးတော် ခုနစ်ယောက်အနက် တယောက်ဖြစ်၍ အနှစ်တသောင်းပတ်လုံး ဗြဟ္မာစရိယအကျင့်ကို ကျင့်၍ ညီမခုနစ်ဖော်ကို မြတ်စွာဘုရား၏ ကျောင်းတော်ပရိဝုဏ်ကို ပြုစုစေပြီး နတ်ပြည်လူ့ပြည်တို့၌ ကျင်လည်လျက် ဂေါတမ မြတ်စွာဘုရား ပွင့်တော်မူသောအခါ မဒ္ဒတိုင်း သာဂလမြို့ဝယ် ခေမာ မင်းသမီး အဖြစ်တကိုယ်လုံး ရွှေရည်ဖြင့် သွန်းလောင်းသော ဥဒေါင်းမြီးအဆင်းကဲ့သို့ ရှိသည်ဖြစ်၍ အလှအပတွင် ကျော်ကြား၏၊ အရွယ်ရောက်လျှင် ရာဇဂြိုဟ်ပြည့်ရှင်ဘုရင် ဗိမ္ဗိသာရ၏ အဂ္ဂမဟေသီမိဖုရားကြီးဖြစ်၏။

## မြတ်စွာဘုရားနှင့် ခေမာမိဖုရား

ခေမာမိဖုရားသည် မြတ်စွာဘုရားထံ မရောက်၊ ရုပ်အဆင်းလှပခြင်းကို အပြစ်ပြောတတ်သည်ဟု ကြားထား၏၊ ဗိမ္ဗိသာရမင်းကြီးသည် ခေမာမိဖုရားမှာ မိမိရုပ်အဆင်းလှပခြင်းကို ယစ်မူးနေသည်ဟုသိ၍ ဝေဠုဝန်ကျောင်း၏ သာယာပုံ တေးသီချင်းများကိုစပ်စေ၍ သီဆိုကပြစေ၏၊ ခေမာသည် ဝေဠုဝန်ဥယျာဉ်တော်၏ သာယာမှုကိုစိတ်ဝင်စား၍ ဥယျာဉ်တော်ကို ရှုကြည့်ရန် ထွက်ခဲ့၏။

မြတ်စွာဘုရားသည် ခေမာ မိဖုရားကြီး ထွက်လာချိန်ကို သိတော်မူသောကြောင့် အဆင်းလှသော မိန်းမတယောက် အားယပ်ခတ်၍ နေစေ၏၊ ခေမာသည် ထိုအမျိုးသမီး၏ အဆင်းကိုမြင်လျှင် ငါ၏အလှသည် ထိုမိန်းမ၏အလှကို တဆယ့်ခြောက်စိပ် စိပ်၍ တစိပ်မျှပင်မမှီနိုင်ဟု သဘောပေါက်၍၊အလှန်အဆင်း

လှသော ထိုမိန်းမကိုသာ စိမ်းစိမ်း ကြည့်နေစဉ် ထိုမိန်းမသည် တစတစ အိုမင်းရင့်ရော်၍ တဖြည်းဖြည်း အရိုးပြိုင်းပြိုင်းမှ လဲကျကာ သေလွန်ပြီး ပုတ်ပွဖူးရောင် ပိုးလောက်ကောင်တို့ စားသောက်၍ အရိုးမျှကြွင်းကျန်သည်ကို တန်ခိုးတော်ဖြင့် အဆင့်ဆင့် မြင်စေ၏။

ခေမာ မိဖုရားသည် တမဟုတ်ချင်းပင် လှပရုပ်ဆင်းတင့်တယ်ခြင်း၏ အနှစ်သာရ မရှိသော အဖြစ်ကို သိ၍ မြတ်စွာဘုရားသခင်က-

''အိုခေမာမိဖုရား၊ အနာ ရောဂါ တို့ဖြင့် နာကျင် ထိုးကျင့်သော စက်ဆုတ်ဖွယ် ကောင်းသော ပုတ်သိုး ဆွေး မြေ့ သောများ မြောင် သော အရိုး တို့ဖြင့် စိုက်ထောင်ထား အပ်သော၊ အထက်သို့ဆန်တက် ပျို့ အန်ထသော၊ အောက်သို့ဒီးဒီးယိုစီးကျသော ဤရုပ်ကိုစေ့ စေ့ တွေးပါလော့၊ ပုထုဇဉ် အမိုက်သားတို့ အဖန်တလဲလဲ မြတ်နိုးတောင့်တ အပ်သော ဤရုပ်ကိုရှုလော့''
ဟု ဟောကြားသည်၏ အဆုံး၌ ခေမာမိဖုရားကြီးသည် သောတာပတ္တိဖိုလ်၌ တည်လေ၏၊ ထိုနောက် ဆက်လက်၍ဟောကြားသည်မှာ-

(၃၄၇) ယေ ရာဂရတ္တာ နုပတန္တိ သောတံ၊
သယံ ကတံ မက္ကဋကောဝ ဇာလံ။
ဧတမ္ပိ ဆေတွာန ဝဇန္တိ ဓီရာ။
အနပေက္ခိနော သဗ္ဗဒုက္ခံ ပဟာယ။

(၃၄၇) ရာဂ၌တပ်မက်ကုန်သော အကြင်သတ္တဝါတို့သည် မိမိပြုအပ်သော ပင့်ကူအိမ်တွင် အစဉ်ကျရောက်နေရသော ပင့်ကူကဲ့သို့ မိမိတို့ပင် ပြုလုပ်အပ်သော တဏှာရေယဉ်အတွင်းသို့ ဆင်းရကုန်၏၊ ပညာ

ရှိတို့သည် တဏှာကိုဖြတ်၍ အလုံးစုံသောဆင်းရဲကို အရဟတ္တ မဂ် ဖြင့် ပယ်စွန့်၍ သွားကြကုန်၏။

ဒေသနာတော်၏အဆုံး၌ ခေမာ မိဖုရားသည် အရဟတ္တဖိုလ်၌ တည်၏။ များစွာသော လူအပေါင်း အားလည်း အကျိုးရှိ၏။

## လက်ျာတော်ရံ အဂ္ဂသာဝက

မြတ်စွာဘုရားသည် ဗိမ္ဗိသာရမင်းကြီးကို ခေမာမိဖုရားအား ပရိနိဗ္ဗာန်စံဝင်စေမည်လော၊ ရဟန်းပြုစေမည်လောဟုမေးတော်မူ၏။ ဗိမ္ဗိသာရမင်းကြီးက ရဟန်းပြုပေးပါဟုလျှောက်ထား၏။ ခေမာမိဖုရားသည်ရဟန်းပြု၍ မြတ်စွာဘုရား၏ လက်ျာတော်ရံ အဂ္ဂသာဝက ထူးမြတ်သောတပည့်မဖြစ်ရလေ၏။

(ဓမ္မပဒ တဏှာဝဂ် ငါးခုမြောက် ခေမာထေရီဝတ္ထု ပြီး၏။)

## ၂၄။ တဏှာဝဂ်

## ၆။ တဏှာကို စွန့်လော့

## (ဥဂ္ဂသေနဝတ္ထု)

**ပစ္စုပ္ပန်ခန္ဓာ အတိတ်အနာဂတ် ခန္ဓာတို့၌**
**တဏှာ ကိုစွန့်လျှင်**
**တဖန် အိုခြင်းနာခြင်းသို့မရောက်နိုင်။**

(မုဉ္စ ပုရေ မုဉ္စပစ္ဆတော) အစရှိသောဒေသနာကို ရာဇဂြိုဟ်ပြည်၌ ဥဂ္ဂသေနကချေသည်ကိုအကြောင်းပြု၍ ဟောကြားတော်

## ဝတ္ထုကြောင်းကား ဤသို့တည်း

ဘုရင်ဗိမ္ဗိသာရလက်ထက် ရာဇဂြိုဟ်ပြည်၌ အနုပညာရှင် အတုလကာရီကလေးသည် လှပချောမွေ့၍ ခုန်ပျံပေါ့လွှား ကျွမ်းကစားရာတွင် ဝါးလုံးထိပ်၌ က,ခုန်ကစား သီဆို၍သွား သည်ကို ပရိသတ်တို့သည် တအံ့တသြစွဲမက်၍နေကြကုန်၏။

## ဥဂ္ဂသေန သဌေးသား

ထိုပရိသတ်တွင် ဥဂ္ဂသေနသဌေးသားသည် အတုလကာရီ ကချေသည်မကလေးကို အလွန်အကျူးစွဲလန်း၍ ထိုကချေသည် မမှ မရလျှင် သေရပါတော့မည်ဟု မိဘတို့အားပြောကြားသည်။ မိဘတို့ကပစ္စည်းရှိသော အခြားသမျိုးသမီးကို ဆောင်ယူပါဟု ပြော၏။ ဥဂ္ဂသေနသည်ထိုကချေသည်မကလေးမှမရလျှင် သေရ ပါမည်ဟုအိပ်ရာ၌ပင်နေ၏။ ဖခင်သည်ဥဂ္ဂသေန၏ သူငယ်ချင်း များကိုခေါ်၍ အသပြာတထောင်နှင့်ဇာတ်ဆရာကြီးထံတောင်း ပါချေဟု စေလွှတ်၏။

## မင်းသမီးနောက်လိုက် ဥဂ္ဂသေန

ဇာတ်ဆရာကြီးသည် သမီးကလေးအားမပေးနိုင်၊ ဤသမီး ကလေးနှင့်လုပ်ကိုင်စားသောက်နေရသည်၊ ဥဂ္ဂသေန သေမည်စိုး လျှင် ဇာတ်နောက်ကိုလိုက်ခဲ့ပါ သမီးနှင့်ပေးစားပါမည်ဟုပြော လိုက်၏။ ဥဂ္ဂသေနသည် မိဘတို့တားမြစ်သည့်ကြားမှ ဇာတ် နောက်သို့လိုက်၏။ ဇာတ်ဆရာကြီးသည် သမီးနှင့်ပေးစား၏။ ဥဂ္ဂသေနသည် အနုပညာဘာတခုမျှ မတတ်သောကြောင့် ဇာတ် သမားများ၏ အထုတ်အပိုးကိုသယ်၊ ထင်းခွဲ၊ ရေခပ်၊ လှည်း မောင်း နွားကျောင်းအလုပ်ဖြင့်ပင်ပန်းကြီးစွာလုပ်ရ၏။ အတုလ

ကာရီတွင် သားတယောက်ရ၏။ သားငို၍ ကချေသည်မသည် သားကိုချော့ရာတွင်–

ဖါထမီထမ်း၊ ပေါ့ပေါ့သွမ်း
လူစွမ်းလူစမရှိသူ၏ သားကလေးရယ်
နေကုန်သွားကျောင်း ကြိမ်းမောင်းခံရ
လူ့အန္တရဲ့ သားကလေးရယ်။
အနုပညာ ဘာမှမသိ၊
လူ့ငုံးတိရဲ့ သားကလေးရယ်။

စသည်ဖြင့် သီချင်းဆိုလျှင် ဥဂ္ဂသေနက မိမိကိုရည်ညွှန်း၍ မိမိမယားက ဆိုသောအဖြစ်ကို သိ၍မေး၏။ "အသင့်ကိုပင် ရည်ညွှန်း၍ဆိုပါသည်"ဟု ပြောလျှင် "ငါ့ကို ဤသို့အထင်သေး က ငါမနေတော့ သွားတော့မည်"ဟု ပြန်ပြော၏။ ကချေသည်မ ကလေးသည် မိမိ၏ရုပ်ရည်နှင့် မိမိပညာအားကိုး၍ "သင်ထွက် သွားခြင်းဖြင့်လည်းကောင်း၊ သင်ရှိနေခြင်းဖြင့် လည်းကောင်း၊ ငါ့မှာ အဘယ်အကျိုးရှိမည်နည်း"ဟု ပြော၏။ ဥဂ္ဂသေနက ဤမိန်းမသည် မိမိအတတ်ပညာမာနနှင့် ငါ့ကို နှိပ်ကွပ်သည်ဟု စိတ်ထဲမှကြံစည်၍ ဇာတ်ဆရာကြီးထံတောင်းပန်၍ အတတ်ကို သင်၏။

## ဝါးတိုင်ထက်မှ ရဟန္တာဖြစ်ခြင်း

ရာဇဂြိုဟ်ပြည်သို့ရောက်လျှင် ဥဂ္ဂသေနသည် အတောင် ခြောက်ဆယ်ရှိသော ဝါးလုံးထိပ်၌ အတတ်ပညာကို ပြအံ့ဟု သတင်းလွှင့်၏။ လူတို့သည် သောင်းသောင်းဖြဖြ စုဝေးလာ ရောက်ကြ၏။

ထိုနေ့မိုးသောက်ယံ၌ မြတ်စွာဘုရားသည် လောကသုံးပါးကို ကြည့်ရှုသည်ရှိသော် ဥဂ္ဂသေနသည် ထိုနေ့တွင် အရဟတ္တဖိုလ်၌ တည်၍ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့အကျွတ်တရား ရလတံ့ဟု မြင်တော်မူ၏။ မြတ်စွာဘုရားသည်ဆွမ်းခံရန်မြို့တွင်းသို့ ကြွဝင်တော်မူ၏။ ဥဂ္ဂသေနသည် မြတ်စွာဘုရား မြို့တွင်းသို့ ဝင်တော်မူဆဲ အတောင် ခြောက်ဆယ် သော ဝါးလုံးထိပ်၌ နေလျက် ကောင်းကင်၌အပြန်ပြန်အလှန်လှန်လှည့်လည်၍နေ၏။

မြတ်စွာဘုရားသည် ပရိသတ်တို့ ဥဂ္ဂသေနကို မကြည့်ရှုပဲ မိမိကိုယ်တော်ကိုသာ ကြည့်ကြစေရန် အဓိဋ္ဌာန် ပြုတော်မူ၏။ ထိုအဖြစ်ကို ဥဂ္ဂသေနမြင်လျှင် ငါသင်ထားသမျှ ပညာသည် အချည်းနှီးဖြစ်ရပေပြီဟု စဉ်းစား၏။ မြတ်စွာဘုရားသည် ဥဂ္ဂသေန၏ အကြံကိုသိတော်မူ၍ အရှင်မောဂ္ဂလာန်အားဥဂ္ဂသေနထံ ကောင်းကင်ယံသို့စေလွှတ်၍ အတတ်ပညာကိုပြမြဲပြစေ၏။ ဥဂ္ဂသေနသည် အရှင်မောဂ္ဂလာန်အား ဝမ်း မြောက် ဝမ်း သာ လျှောက်ထား၍ ဝါးလုံးထက်မှ ကောင်းကင်သို့ ပြန်တက်၍ တဆယ့်လေးကြိမ်တိုင်တိုင်ကျွမ်းထိုးပြီး ဝါးလုံးထိပ်၌ပဖ်ရပ်နေ၏။ ထိုအခါ မြတ်စွာဘုရားသခင်က ဥဂ္ဂသေနကို တရားဟောတော်မူလို၍-

(၃၄၈) မုဉ္စ ပုရေ မုဉ္စ ပစ္ဆတော၊
မဇ္ဈေ မုဉ္စ ဘဝဿ ပါရဂူ။
သဗ္ဗတ္ထ ဝိမုတ္တမာနသော၊
န ပုနံ ဇာတိဇရံ ဥပေဟိသိ။

(၃၄၈) အတိတ်ဖြစ်သောခန္ဓာ၌ စွဲမက်ခြင်း တဏှာကိုစွန့်လော့၊ နောက်၌ဖြစ်မည့်ခန္ဓာ၌ စွဲမက်ခြင်း တဏှာကိုစွန့်လော့၊ အလယ်ဖြစ်သော

ပစ္စုပ္ပန်ခန္ဓာစုံမက်ခြင်းတဏှာကိုစွန့်လော့၊ အလုံးစုံသောခန္ဓာ၌တဏှာကို စွန့်သောစိတ်ရှိလျက် ဘဝသုံးပါး၏ အဆုံးသို့ ရောက်သည်ဖြစ်၍ တဖန် အိုခြင်းနာခြင်းသို့ မကပ်လေလင့်။

ထိုဒေသနာတော်ကိုကြားရသည်နှင့် ဥဂ္ဂသေနသည်ဝါးလုံး၏ အထက်၌နေလျက်သာ ပဋိသမ္ဘိဒါနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၍ ဝါးလုံး၏အထက်မှ ဆင်းသက်ပြီး မြတ်စွာဘုရားကို ထိခြင်းငါးပါးဖြင့်ရှိခိုးပြီးသော် ရဟန်းအဖြစ်ကိုတောင်းပန်၏။ မြတ်စွာဘုရားသည် လကျ်ာလက်မောင်းတော်ကို ဆန့်တန်းတော် မူ၍ ဧဟိဘိက္ခုဟု ခေါ်တော်မူလျှင် ဥဂ္ဂသေနသည် ပရိက္ခရာ ရှစ်ပါးကို လွယ်လျက် ယူ အသွင်ဖျောက်ကာ ဝါတော်ခြောက် ဆယ်ရ မထေရ်ကြီးကဲ့သို့ ဖြစ်လေ၏။

## ဥဂ္ဂသေန၏ အတိတ်ဇာတ်

ထို့နောက်မြတ်စွာဘုရားသည် ဥဂ္ဂသေန၏ အတိတ်ဇာတ်ကို ရဟန်းတို့အား ဟောကြားတော်မူ၏။

ရှေးအခါက ကဿပမြတ်စွာဘုရားကိုယ်စားတော် ရွှေစေတီ ကြီးကို တည်ထားကြ၏။ ဗာရာဏသီပြည်၌ နေကြသူတို့သည် ခဲဖွယ်ဘောဇဉ်တို့ကို လှည်းယာဉ်၌တင်၍စေတီတော်သို့လုပ်အား ပေးရန် သွားကြ၏။ ထိုခရီးလမ်းအကြား၌ ဆွမ်းခံကြွသော မထေရ်တပါးကို အမျိုးသမီးတယောက်တွေ့မြင်၍ မိမိအရှင်လင် အား ရဟန်းတော်ထံမှသပိတ်ကို ခွင့်ပန်တောင်းယူခဲ့ပါလော့ဟု လင်ယောကျ်ားကိုပြော၏။ လင်ယောကျ်ားသည်လည်း လှည်း ထက်မှဆင်းကာ သပိတ်ကိုယူ၍ဆွမ်းတို့ဖြင့်ပြည့်စေပြီး မထေရ်သို့ ဆက်ကပ်ပြီးနောက်-

''အရှင်မြတ်ဘုရား။ တပည့်တော် တပည့်တော်မ ဇနီးမောင်နှံတို့သည် အရှင်မြတ်တို့သိမြင်အပ်သောတရား ကို သိမြင်နိုင်သည် ဖြစ်ရပါလို၏။''

ဟု ဆုတောင်း၏။ ထိုမထေရ်သည် ရဟန္တာဖြစ်၍ ထိုဇနီး ခင်ပွန်းတို့ ဆုတောင်းပတ္ထနာ၏ ပြည့်စုံမည့်အဖြစ်ကို သိတော်မူ သောကြောင့် ပြုံးတော်မူ၏။ ထိုသို့မထေရ်ပြုံးသည်ကို ဇနီးဖြစ် သူက ဤအလှူခံသောအရှင်သည် ပြုံးခြင်းကိုပြုသည်မှာ ကချေ သမားဖြစ်ပေလိမ့်မည်ဟု ပြစ်မှားပြောဆိုမိ၏။ လင်ဖြစ်သူက လည်း သင်ပြောသည့်အတိုင်းဖြစ်ပေလိမ့်မည်ဟုပြော၍ ခရီးဆက် ကြ၏။ ဤသို့သောအကြောင်းကား ကချေသည် ဖြစ်ရခြင်း၏ အကြောင်းတည်း။

ထိုဇနီးခင်ပွန်းသည်စုတေကြသော် နတ်ပြည်၌ဖြစ်ကြသည်။ နတ်ပြည်မှစုတေသော် မိန်းမသည် ရဟန္တာအရှင်မြတ်အားပြော မိသောစကားကြောင့် ကချေသည်ဖြစ်ရ၏။ ဥဂ္ဂသေနသည်မိန်းမ ၏စကားကို ဟုတ်ပေလိမ့်မည်ဟု တုံ့ပြန်မိသောကြောင့်ကချေ သည်တို့အထံ ရောက်ရ၏။

ရဟန္တာမထေရ်အား လှူအပ်သော ဆွမ်းကောင်းမှုကြောင့် အရဟတ္တဖိုလ်သို့ ရောက်ရ၏။ ဇနီးဟောင်းအတုလကာရီကချေ သည်မသည်လည်း ရဟန်းမိန်းမတို့ထံ၌ရဟန်းပြု၍ အရဟတ္တဖိုလ် ၌ တည်လေ၏။

(ဓမ္မပဒ တဏှာဝဂ်ခြောက်ခုမြောက် ဥဂ္ဂသေန ဝတ္ထုပြီး၏။။)

* * *

## ၂၄။ တဏှာဝဂ်

## ၇။ သူခိုး ဒါးရိုးကမ်းသောမိန်းမ

### (စူဠဓနုဂ္ဂဟ ပဏ္ဍိတဝတ္ထု)

ကာမဂုဏ်အကြောင်းကို အဖန်ဖန် စဉ်းစားသူအား
တဏှာသည် တိုးပွါး၏၊
ဤသူသည် မာရ်နတ်၏ ချုပ်နှောင်ခြင်းကို
ခိုင်မြဲအောင်ပြုခြင်းဖြစ်၏။

(ဝိတက္က မထိ) စသည့်ဒေသနာတော်ကို ဇေတဝန်ကျောင်း၌ စူဠဓနုဂ္ဂဟပဏ္ဍိတ ဖြစ်ခဲ့ဘူးသော ရဟန်းကိုအကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကားဤသို့တည်း

ပျိုမြစ်နုနယ်ရဟန်းငယ်တပါးသည် စာရေးတံချသော အလှူဇရပ်၌စာရေးတံယာဂုကို အလှူခံပြီး ဆွမ်းစားဇရပ်၌ ယာဂုကို သောက်၏၊ယာဂုကိုသောက်ပြီး ရေမရှိသောကြောင့် အိမ်တအိမ်သို့ကြွသွား၏။ ထိုအိမ်မှ မိန်းမပျိုသည် ရဟန်းငယ်ကို မြင်လျှင် ချစ်ခင်စိတ်ဖြစ်ပေါ်၍ ပြုံးပြုံးရယ်ရယ်နှင့် နောက်တကြိမ် အလိုရှိလျှင် ဤအိမ်သို့ကြွလာပါဟု လျှောက်ထား၏။

ရဟန်းငယ်သည် သောက်ရေအလိုရှိလျှင် မိန်းမပျို အိမ်သို့သွား၏။

ဤသို့ဖြင့် မိန်းမပျိုနှင့် ရင်းနှီး၍၊ တနေ့၌ ဆွမ်းကိုပေးလှူပါအံ့ဟု ရဟန်းပျိုကို အိမ်၌ ထိုင်နေစေ၏။ သတို့သမီးသည် ရဟန်းပျိုအပေါ်၌ပင်ထိုင်နေ၍ "အရှင်ဘုရား၊ ဤအိမ်၌ လိုလေသေးမရှိပါ၊ သို့သော် တပည့်တော်မတို့ကို စီမံခန့်ခွဲ ပေးမည့်သူ မရှိပါ" ဟုပြော၏။ ရဟန်းပျိုသည် မိန်းမပျို၏ စကားကိုသာ ကြားယောင်၍ လူထွက်လိုစိတ်ဖြစ်လာ၏။ ရဟန်းတို့သိ၍ မြတ်စွာဘုရားထံ ခေါ်သွား၏။ မြတ်စွာဘုရားကစီစစ်မေးမြန်းတော်မူပြီး–

"ဤမိန်းမ ဤသို့ပြုခြင်းမှာ အံ့သြဘွယ်မရှိ။ ရှေးဘဝက ပညာရှိယောကျာ်းကို ဖောက်ပြားစွန့်ပစ်၍ ခဏမျှ တွေ့ရသော တယောက်သောခိုးသားယောကျာ်းကို စွဲလမ်းနှစ်သက်ပြီးပညာရှိမြတ် ငယ်ပေါင်းယောကျာ်းကို သေစေခဲ့ပေပြီ" ဟု မိန့်တော်မူ၏။ ရဟန်းတို့တောင်းပန်အပ်သောကြောင့် အတိတ်ဇာတ်ကို ဟောကြားတော်မူ၏။

## သူခိုးဓါးရိုးကမ်း ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မာဒတ် မင်းကြီးမင်းပြု၏။ ဘုရားအလောင်းတော်သည် သိကြားမင်းဖြစ်၏။ ယခု ရဟန်းပျိုသည် ဗာရာဏသီပြည်သား ပုဏ္ဏားဘဝ စူဠဓနုဂ္ဂဟ ပဏ္ဍိတဖြစ်၍တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာထံအတတ်ကိုသင်ယူ၏။ ဒိသာပါမောက္ခဆရာကြီးသည် ငါနှင့်တပ်တူပင် ပညာရှိပေသည် ဟု သမီးကိုဆောင်နှင်းပေးအပ်၏။

စူဠဓနုဂ္ဂဟ ပဏ္ဍိတသည် လက်ထပ်ထိမ်းမြား ဇနီးမယားကို ခေါ်ယူ၍ ဗာရာဏသီပြည်သို့ အသွား ခရီးအကြား၌ ကြမ်း

ကြုတ်သော ဆင်ကိုမြားတစင်းတည်းဖြင့် ပစ်သတ်ခဲ့၏။ မြား သည် လေးဆယ့်ကိုးခု ကျန်၏။

နောက်တောအုပ်တခုသို့အဝင်တွင် ငါးဆယ်သော ခိုးသား တို့နှင့်တွေ့၍ မြားဖြင့်တိုက်ခိုက်ပစ်သတ်၏။ မြားတို့ကုန်ခဲ့၍ ခိုးသူ အကြီးအမှူးတယောက် ကျန်သဖြင့် ထိုခိုးသူအကြီးအမှူးကို ဝင် ရောက်လုံးထွေး မြေ၌ကျစေ၍ မယားအား "သံလျက်ကို ယူခဲ့ လော့"ဟု ပြောဆို၏။

ထိုမိန်းမပျိုသည် ရုတ်တရက် တွေ့မြင်ရသော ခိုးသူ အကြီး အမှူးကို စွဲလန်းမိသဖြင့်သံလျက်ကိုယူ၍ ခိုးသူ၏ဘက်၌ သံလျက် ရိုးကိုထား၍ အသွားကို လင်ဘက်၌ ပေး၏။ ခိုးသူသည်သံလျက် ကိုရ၍ စူဠဓနုဂ္ဂဟပဏ္ဍိတကို သတ်ပြီး ထိုမိန်းမကို ဆောင်၍ သွား၏။

ခိုးသူသည် ဤသို့ကြံ၏။ လင်ယောကျ်ားကို သတ်စေသော မိန်းမသည် အခြားယောကျ်ားတွေ့က ငယ်ပေါင်းလင်ကို သတ် စေဘိသကဲ့သို့ ငါ့ကိုလည်း သတ်စေလိမ့်မည်၊ ဤမိန်းမဖြင့်ငါ့ အား အဘယ်အကျိုးရှိအံ့နည်းဟု ကြံ၍ လမ်းခရီးအကြား၌မြစ် တခုကို တွေ့လေလျှင် ထိုမိန်း၏ ဥစ္စာဘဏ္ဍာတို့ကိုယူ၍ "ငါသည် ဤပစ္စည်းတို့ကို တဘက်ကမ်းသို့ပို့ဆောင်ပြီး သင့်ကို လာခေါ် မည်" ဟုပြောဆိုပြီး ပစ္စည်းများနှင့် တကွ တဘက်ကမ်းသို့ကူး သွားပြီး ထိုမိန်းမကိုထားကာခရီးဆက်၏။

တဘက်ကမ်းမှ ထိုမိန်းမသည် ထိုအဖြစ်ကို မြင်၍ "ငါ့ကို ပြန်ခေါ်ပါ တဘက်ကမ်းကိုရောက်အောင် ဆောင်ကျဉ်းပါ" ဟုအော်ဟစ်တောင်းပန်၏။ ခိုးသားယောကျ်ားက "အိုမိန်းမ။ သင်သည် တကြိမ်တခါသာတွေ့ဘူးသော ငါ့အားပေါင်းသင်း

လိုသဖြင့် ငယ်ပေါင်းလင်၏ အသက်နှင့် လဲလှယ်၍ ယူဘိ၏။ အသင့်ကို ငါပေါင်းသင်းနေသဖြင့် နောက်ထပ်တဖန် အခြားသော ယောကျ်ားကို တွေ့ပြန်ပါက ငါ့အသက်ကို သတ်ဖြတ်ကြံရွယ် လဲလှယ်၍ ယူပြန်မည်ကို ငါကြောက်သဖြင့် သင်နှင့် ဝေးကွာသောအရပ်သို့ ပြေးသွားတော့အံ့''ဟု လက်ဝတ်တန်ဆာ ဥစ္စာ ပစ္စည်းတို့ကို ယူ၍ ထွက်ပြေး၏။ ထိုမိန်းမမိုက်သည် အလွန် အလိုရမက်ကြီးသည့်ဖြစ်သောကြောင့် ဤသို့ဖျက်ဆီးခံရ၍ ထိုင်၍သာ ငိုကြွေးနေ၏။

## မိန်းမယုတ်အား သိကြားမင်းဆုံးမခြင်း

ထိုအခါ၌ သိကြားမင်းသည်ထိုမိန်းမအဖြစ်ကိုမြင်၏။ အလွန်အလိုရမက်ကြီး၍လင်ကြီးလည်းဆုံး၊ လင်ငယ်လည်းဆုံး၊ယူကျုံးမရငိုကြွေးနေသော ထိုမိန်းမကို ဆုံးမရန် မာတလိ နတ်သားကိုမြစ်အတွင်းမှ ငါးအဖြစ်ဆောင်စေ၍ ပဥ္စသိခ်နတ်သားအားငှက်အဖြစ်ဆောင်စေ၏။ သိကြားမင်းသည်မြေခွေးအဖြစ်ဆောင်၍သိကြားမင်းမြေခွေးသည်အမဲတုံးကို ကိုက်လျက် ထိုမိန်းမ၏ရှေ့သို့ရောက်လျှင် မာတလိငါးသည် ရေမှခုန်တက်၍ မြေခွေး၏ရှေ့သို့ကျ၏။ မြေခွေးသည် ခုန်တက်လာသောငါးကို အလိုရမက်ကြီး၍ ပါးစပ်မှအမဲတုံးကိုချပြီး ငါးကိုဖမ်းရန် ပြေး၏။ ငါးသည်ရေထဲသို့ ခုန်၍ချ၏။ သိကြားမင်းမြေခွေးသည် အမဲတုံးလည်းဆုံး ငါးလည်း ဆုံး၍ မသာယာသော မျက်နှာ ဖြစ်၍နေ၏။

ထိုမိန်းမသည် မြေခွေး၏အဖြစ်ကိုမြင်၍ အလိုရမက်ကြီး၍ ပျက်စီးသောမြေခွေးသည် အမဲတုံးကိုလည်းမရ၊ငါးကိုလည်းမရ

ဟု မြင်းထန်စွာရယ်ရှင်လေ၏၊ထိုရယ်သံကိုကြား၍ သိကြားမင်း မြေခွေးက''အိုရှင်မ။အသင်သည် လင်ကြီးလင်ငယ်နှစ်သွယ်စလုံး ဆုံးရှုံးစိတ်ငြို ငိုသင့်သောအချိန်မှာ အဘယ်ကြောင့် ပြင်းစွာ ရယ်ဘိသနည်း''ဟု မေး၏။ ထိုမိန်းမက'' ဟယ်မြေခွေး သင်သည် အဆင်အခြင်ပညာမရှိ၍ ငါးကိုလည်းဆုံး၊ အမဲတုံးကိုလည်းဆုံး၍ စိုးရိမ်ငေးမှိုင်နေရပေသည်တကား''ဟု ပြောဆို၏။ ထိုအခါ မြေခွေးက ''ယုတ်မာသော ဟယ်မိန်းမ၊ ကိုယ့်ကိုယ်ကို မမြင် သူတပါး၏အပြစ်ကို ကဲ့ရဲ့စဖွယ် မြင်လွယ်လှချေတကား၊ အသင်သည်သာ မိဘထိမ်းမြားလင်ယောကျ်ားကိုလည်းကောင်း လမ်း၌တွေ့မြင်ရသောလင်ငယ်ကိုလည်းကောင်း နှစ်ဦးစလုံး ဆုံးရှုံးရသည်ဖြစ်၍ ငါ့ထက်ပင် သင်က အဆတရာတောင်ပိုပြီး စိုးရိမ်ငေးမှိုင်သင့်သည်''ဟု ပြောဆို၏။

ထိုမိန်းမသည် မြေခွေး၏စကားကိုကြား၍ ''အသင်မြေခွေး သင်ပြောသည်မှာမှန်ပေ၏။ အကယ်စင်စစ် ငါ၏ခင်ပွန်း အရှင်လင်ယောကျ်ားကို ရခဲ့သည်ရှိသော် ထိုလင်ကြီး၏နောက်သို့ ထက်ချပ်မကွာလိုက်ပါလိုတော့သည်''ဟု ပြောဆို၏။ ထိုအခါ သိကြားမင်း မြေခွေးက ''ဟယ်-ယုတ်မာသော အကျင့်ရှိသော သီလကင်းမဲ့သောမိန်းမယုတ်၊ အကြင်သူသည် အဖိုးမတန်သော မြေအိုးမြေခွက်ကိုခိုးသေးလျှင် ထိုသူသည် အဖိုးထိုက်တန်သော ရွှေခွက်ငွေခွက်ကိုလည်း မရရအောင် ကြံဆောင် ခိုးဝှက်တော့မည်သာတည်း၊ သင်သည် ယုတ်မာသောမကောင်းမှုကို ပြုပြီးခဲ့ပြီး၊ ဤသို့ယုတ်ယုတ်မာမာပြုခဲ့ဘူးသဖြင့် နောက်ထပ် အကြိမ်ကြိမ်သာ ဤသို့သောမကောင်းမှုကို ရဲရဲရင့်ရင့် ပြုမည်သာ ဖြစ်

တော့သည်ဟု ပြောဆို၍ ထိုမိန်းမကို အရှက်ရစေပြီး မိမိစံရာ တာဝတိံသာနတ်ပြည်သို့ ပြန်သွား၏။

"ချစ်သားရဟန်း၊ ထိုအခါ၌ အသင်သည် စူဠဓနုဂ္ဂဟပဏ္ဍိတ ဖြစ်ခဲ့ဘူးပြီ၊ ထိုမိန်းမယုတ်သည် ယခုအခါ၌ ဤသို့သောမိန်းမ ပျိုဖြစ်ပြီး မြေခွေးအသွင်ဖြင့် ထိုမိန်းမကို နှိပ်ကွပ်ဆုံးမသော သိကြားမင်းသည် ငါဘုရားပင်တည်း"ဟု ဇာတ်တော်ကိုပေါင်း တော်မူ၏။

"ချစ်သားရဟန်း၊ ထိုမိန်းမကိုအကြောင်းပြု၍ ဖြစ်သော ဘဝတဏှာကို ဖြတ်တောက်၍နေလေလော့"ဟု ထိုရဟန်းပျိုကို ဆုံးမတော်မူပြီး တရားတော်ကိုဟောတော်မူလိုသောကြောင့်-

(၃၄၉) ဝိတက္ကမထိတဿ ဇန္တုနော၊
တိဗ္ဗရာဂဿ သုဘာနုပဿိနော။
ဘိယျော တဏှာ ပဝဍ္ဎတိ၊
ဧသ ခေါ ဒဠှံ ကရောတိ ဗန္ဓနံ။

(၃၅၀) ဝိတက္ကူပသမေ စ ယော ရတော၊
အသုဘံ ဘာဝယတေ သဒါ သတော။
ဧသ ခေါ ဗျန္တိ ကာဟိတိ၊
ဧသ ဆေစ္ဆတိ မာရဗန္ဓနံ။

(၃၄၉) ကာမဝိတက် နှိပ်စက်ထသော ရာဂထူပြောသော တင့်တယ်သည်ကိုသာမြင်တတ် ကြည့်တတ်သောသူအား တဏှာသည် အလွန် တိုးပွား၏။ ထိုသူသည် တဏှာအနှောင်အဖွဲ့ကို မြဲမြံအောင်ပြု၏။

(၃၅၀) အကြင်ရဟန်းသည် မိစ္ဆာဝိတက်ချုပ်ငြိမ်းရာ အသုဘ ဘာဝနာကိုပွားများခြင်း၌ ပထမစျာန်၌မွေ့လျော်၏။ အမြဲတန်းသတိ ရှိသည်ဖြစ်၍ အသုဘစျာန်တိုးပွားစေ၏။ ဤရဟန်းသည် တဏှာ၏ကင်း ခြင်းကိုပြု၏။ ဤရဟန်းသည် မာရ်နတ်၏အနှောင်အဖွဲ့ကိုဖြတ်၏။

(ဒေသနာတော်၏အဆုံး၌ ထိုရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။)

(မေ့ပဒ တဏှာဝဂ် ခုနစ်ခုမြောက် စူဠဓနုဂ္ဂဟပဏ္ဍိတဝတ္ထုပြီး၏)

ဉ ဉ ဉ

## ၂၄။ တဏှာဝဂ်

## ဂ။ ယောကျ်ားမြတ်

### (အရှင်ရာဟုလာနှင့် မာရ်နတ်ဝတ္ထု)

**တဏှာကင်းသော စွဲလမ်းခြင်းမရှိသော**
**ထိုပုဂ္ဂိုလ်ကို ယောကျ်ားမြတ်ဟူ၍ခေါ်အပ်၏။**

(နိဋ္ဌာဂတော) အစရှိသော ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ မာရ်နတ်ယုတ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

တနေ့သောအခါ၌ များစွာသောမထေရ်တို့သည် ဇေတဝန်ကျောင်းတော်၌ ကျောင်းတွင်းသို့ ကြွဝင်ကြ၍ ဘုရားရှင်၏သားတော် ရာဟုလာသာမဏေအား "ရဟန်းတော်တို့သည် လူ သာမဏေတို့နှင့်အတူတကွ နှစ်ညဉ့်သုံးညဉ့်ထက် အလွန်အိပ်ခွင့်မရ"ဟု ပြောပြ၍ အရှင်ရာဟုလာကို ကျောင်းမှ ထွက်သွားစေကုန်၏။

အရှင်ရာဟုလာသည် အခြားအရပ်၌ နေစရာဌာန မတွေ့ရသောကြောင့် မြတ်စွာဘုရား၏ ဂန္ဓကုဋီတံခါးဝ၌ ကိန်းအိပ်တော်မူ၏။

ထိုအဖြစ်အပျက်ဖြစ်သောအချိန်ကား အရှင်ရာဟုလာသည် ရှစ်နှစ်သားအရွယ်နှင့် အရဟတ္တဖိုလ်သို့ရောက်ပြီးဖြစ်၏။

မာရ်နတ်သည် ဝသဝတ္တီနတ်ပြည်၌နေယင်း ဂန္ဓကုဋီမုခ်ဦး၌ ကိန်းအိပ်တော်မူသော အရှင်ရာဟုလာကိုမြင်၍

"ရဟန်းဂေါတမ၏ လက်ချောင်းနှင့်တူသော သားငယ်ကလေးသည် အပြင်ဘက်၌အိပ်စက်၍ နေရရှာသည်၊ ဖခင်ဖြစ်သူက ဂန္ဓကုဋီအတွင်း၌အိပ်နေ၏၊ လက်ချောင်း လက်ထိပ်ကို နှိပ်စက်လျှင် ရဟန်းဂေါတမ ကိုယ်တိုင်ကို နှိပ်စက်သည်သာ ဖြစ်ပေလတံ့"ဟုကြံပြီး ကြီးစွာသော ဆင်ပြောင်အသွင် ဖန်ဆင်း၍ အရှင်ရာဟုလာ၏ ဦးခေါင်းကိုရစ်ပတ်ပြီး ကြီးစွာသော အသံဖြင့် အော်မြည်၏။

မြတ်စွာဘုရားသည် ဂန္ဓကုဋီအတွင်း၌ သီတင်းသုံးတော်မူလျက်ပင် မာရ်နတ်၏အဖြစ်ကို သိတော်မူသောကြောင့်-

"ဟယ်မာရ်နတ်ယုတ်၊ အသင်ကဲ့သို့သောသူ တသိန်းမျှဖြင့်လည်း ငါဘုရား၏သားတော်အား ကြောက်ရွံ့ခြင်းကို မဖြစ်စေနိုင်၊တဏှာကင်းပြတ်ပြီးသော ကြီးကျယ်မြင့်မြတ်သောဝီရိယနှင့် ပညာရှိသော ငါဘုရား၏ သားတော်သည် တုန်လှုပ် ထိတ်လန့်ခြင်းမရှိ"ဟု မိန့်တော်မူပြီး

(၃၅၁) နိဋ္ဌင်္ဂတော အသန္တာသီ၊ ဝီတတဏှော အနင်္ဂဏော။
အစ္ဆိန္ဒိ ဘဝသလ္လာနိ၊ အန္တိမောယံ သမုဿယော။

(၃၅၂) ဝီတတဏှော အနာဒါနော၊ နိရုတ္တိပဒကောဝိဒေါ။
အက္ခရာနံ သန္နိပါတံ၊ ဇညာ ပုဗ္ဗာပရာနိ စ။
သ ဝေ အန္တိမသာရီရော။
မဟာပညော မဟာပုရိသောတိ ဝုစ္စတိ။

(၃၅၁) ရဟန်းကိစ္စ ပြီးဆုံးခြင်းသို့ ရောက်ပြီးသူသည် ထိတ်လန့်တုန်လှုပ်ခြင်းမရှိ၊ တဏှာကင်း၏၊ ကိလေသာကင်း၏၊ ဘဝသို့ရောက်ကြောင်း ရာဂစသော ငြောင့်တံသင်းတို့ကိုဖြတ်ပြီးဖြစ်၏။ ဤခန္ဓာကိုယ်သည် အဆုံးစွန်သာတည်း။

(၃၅၂) တဏှာကင်းသော စွဲလမ်းခြင်း မရှိသော နိရုတ္တိအစလေးဝသောပဋိသမ္ဘိဒါတို့၌ လိမ္မာသောအက္ခရာတို့၏ ရှေ့နောက် အစီအစဉ်ကိုသိသော အဆုံးစွန်သောကိုယ်ခန္ဓာရှိသော ထိုပုဂ္ဂိုလ်ကို စင်စစ်ကြီးသောပညာရှိသူ ယောကျ်ားမြတ်ဟု ဆိုအပ်၏။

ဒေသနာတော်၏အဆုံး၌ မျာ‌းစွာသောသူတို့သည် သောတာပတ္တိဖိုလ်သို့ ရောက်ကြ၏။ ယုတ်မာသော မာရ်နတ်သည် ငါ့ကို ရဟန်းဂေါတမသိလေပြီဟု ထိုအရပ်၌ပင် ကွယ်ပျောက်၏။)

(တဏှာဝဂ် ရှစ်ခုမြောက် မာရ်နတ်မင်းဝတ္ထုပြီး၏)

## ၂၄။ တဏှာဝဂ်

## ၉။ ဆရာမကူ သယမ္ဘူ။

### (ဥပက အာဇီဝကဝတ္ထု)

မြတ်စွာဘုရားသည်
ကိုယ်တိုင် ထူးသောဉာဏ်ဖြင့်သိ၍
ညွှန်ပြရမည့် ဆရာမရှိ။

(သဗ္ဗာဘိဘူ သဗ္ဗဝိဒူ ဟမသ္မိ) အစရှိသော ဤဓမ္မဒေသနာတော်ကို မိဂဒါဝုံခရီးအကြား တွေ့မြင်သော ဥပကအာဇီဝက အား ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

မြတ်စွာဘုရားသခင်သည် သဗ္ဗညုတဉာဏ်တော်သို့ရောက်ပြီး လေးဆယ့်ကိုးရက်ကိုလွန်မြောက်၍ သပိတ်သင်္ကန်းကိုဆင်မြန်းယူတော်မူပြီး ဓမ္မစကြာဒေသနာတော်ကို ဟောဖော်တော်မူခြင်းငှာ တဆယ့်ရှစ်ယူဇနာရှိသော ဗာရာဏသီပြည်သို့ ကြွသွားရာ ဥပကအာဇီဝက တက္ကတွန်း ကို မြင်တော်မူ၏။ ဥပကသည် မြတ်စွာဘုရား၏အသရေတော်တို့ကို ချီးမွမ်း၍ "အသင်ဘယ်သူ့ကိုရည်မှန်း၍ ရဟန်းပြုသနည်း၊ အသင်၏ဆရာကား အဘယ်သူနည်း"ဟု မေး၏။ ထိုအခါ မြတ်စွာဘုရားက အောက်ပါဂါထာတော်ကို ဟောကြားတော်မူ၏။

(၃၅၃) သဗ္ဗာဘိဘူ သဗ္ဗဝိဒူ ဟမသ္မိ၊
သဗ္ဗေသု ဓမ္မေသု အနူပလိတ္တော၊
သဗ္ဗဉ္ဇဟော တဏှက္ခယေ ဝိမုတ္တော၊
သယံ အဘိညာယ ကမုဒ္ဒိသေယျံ။

(၃၅၃) ငါသည် အလုံးစုံကိုအောင်သည်၊ အလုံးစုံသောတရားကို သိတော်မူပြီ။ အလုံးစုံသောတရားတို့၌ ငြိကပ်တွယ်တာခြင်းမရှိ။ အလုံးစုံသော တေဘူမကတရားတို့ကိုစွန့်သည်၊ တဏှာကုန်ခမ်းရာအရဟတ္တဖိုလ်၌ ကိလေသာမှလွတ်၏၊ မိမိအလိုကိုသာလျှင် အလုံးစုံသောတရားတို့ကို ထူးသောဉာဏ်ဖြင့်သိ၍ မည်သူ့ကို ငါ၏ဆရာဟု ညွှန်ပြရအံ့နည်း။

(ဒေသနာတော်၏အဆုံး၌ ဥပကအာဇီဝကသည်စကားတော်ကို နှစ်လည်းမနှစ်သက်၊ ပြစ်လည်း မပြစ်ပယ်ပဲ ဦးခေါင်းကို လှုပ်၍ အံ့အားသင့်စွာ လျှာကိုထုတ်ပြီးသော် မထင်ရှားသော မှဆိုး၏နေရာအရပ်သို့ သွားလေ၏။)

(ဓမ္မပဒ တဏှာဝဂ် ကိုးခုမြောက် ဥပကအာဇီဝကဝတ္ထု ပြီး၏။)

## ၂၄။ တဏှာဝဂ်

## ၁၀။ အမြတ်ဆုံးတရားလေးပါး

### (သိကြားမင်း မေးလျှောက်သော ဝတ္ထု)

ဒါနအားလုံးတွင်
ဓမ္မဒါနသည် မြတ်၏။
အရသာအားလုံးတွင်
တရားအရသာသည် မြတ်၏။
မွေ့လျော်ခြင်း ဟူသမျှတွင်
တရားဖြင့် မွေ့လျော်ခြင်းသည် မြတ်၏။
ဒုက္ခအပေါင်းတွင်
တဏှာကုန်ရာ အရဟတ္တဖိုလ်သည် မြတ်၏။

(သဗ္ဗဒါနံ) အစခံသော ဒေသနာတော်ကိုဇေတဝန်ကျောင်း၌သိကြားနတ်လျှောက်ထားချက်ကိုအကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

တချိန်သောအခါ တာဝတိံသာနတ်ပြည်ဝယ် နတ်အပေါင်းတို့သည် စည်းဝေးကြ၍ လေးခုသော အမေးပုစ္ဆာများ ပေါ်ပေါက်နေကြ၏၊ ထိုအမေးပုစ္ဆာတို့ကို မည်သူမျှဖြေဆိုခြင်းငှာ မစွမ်းနိုင်၊ နတ်တပါးမှ နတ်တပါးသို့ အဆင့်ဆင့်သော တဆယ့်နှစ်နှစ်ကာလပတ်လုံး ကြာမြင့်သည့်တိုင် အနက်အဓိပ္ပာယ်ကို မထင်မြင်နိုင်ကြ၍ နတ်မင်းကြီးလေးဦးထံသွားရောက် မေးမြန်း

ကြ၏၊ နတ်မင်းကြီးလေးဦးလည်း မသိ၍ သိကြားမင်းထံသွန်၏၊ သိကြားမင်းလည်း ထိုမေးခွန်းကိုဖြေဆိုခြင်းငှာ မစွမ်းနိုင်၍ မြတ်စွာဘုရားထံ သိကြားမင်းနှင့် နတ်အပေါင်းတို့ သွားရောက်ကြ၏၊ ညဉ့်ကာလ၌ ဇေတဝန်ကျောင်းတော်ကို ထွန်းလင်းတောက်ပစေ၏၊ သင့်တင့်သောအရပ်၌ တည်နေသောသိကြားမင်းကို မြတ်စွာဘုရားကမေးတော်မူ၏၊ သိကြားမင်းက တကာတော်တို့အား အမေးပုစ္ဆာလေးချက်၏အနက်ကို မထင်မြင်နိုင်ပါသဖြင့် အနက်ကိုထင်ရှားပြတော်မူပါဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားက အောက်ပါဂါထာဖြင့် မိန့်တော်မူ၏။

(၃၅၄) **သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊**
**သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။**
**သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊**
**တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။**

(၃၅၄) ဓမ္မဒါနတည်းဟူသော တရားအလှူသည် အလှူအားလုံးကို အောင်နိုင်၏၊ အရသာအားလုံးတွင် တရားအရသာသည် အောင်နိုင်၏၊ မွေ့လျော်ဘွယ်ရာဟူသမျှတွင် တရားမွေ့လျော်ခြင်းသည် အောင်နိုင်၏။ တဏှာကုန်ရာ အရဟတ္တဖိုလ်သည် အလုံးစုံသောဆင်းရဲကို အောင်နိုင်၏။

## အမျှပေးဝေရန် မမေ့လေနှင့်

သိကြားမင်းသည် တရားစကားကို ဤသို့ကြားနာရလျှင် မြတ်စွာဘုရားသခင်ကို ရှိခိုး၍ ထပ်မံလျှောက်ကြား၏။

"အရှင်မြတ်ဘုရား၊ ဤသို့ကြီးကျယ်မြင့်မြတ်သော တရားဟောပြ ဓမ္မဒါနကို ပေးလှူရာ၌ တကာတော်တို့

အား အဘယ်ကြောင့် အဖွိဘာဂအမျှမဝေငှပါသနည်း၊ ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား၊ ယနေ့အခါမှစ၍ ရဟန်းအပေါင်းအား ကုသိုလ်၏ အဖွိဘာဂကို ဝေငှပေးကမ်းပါစေကုန်လော့''

ဟု လျှောက်ထား၏။

မြတ်စွာဘုရားသည် ရဟန်းအပေါင်းကို စည်းဝေးစေပြီးလျှင်-

''ချစ်သားတို့ ယနေ့မှအစပြု၍ ကြီးစွာသောတရားနာခြင်းကိုလည်းကောင်း၊ ရိုးရိုးတရားနာခြင်းကိုလည်းကောင်း၊ အချင်းချင်း နီးနီးကပ်ကပ် နေထိုင် ပြောဆိုသော စကားကို လည်းကောင်း၊ အနိမ့်ဆုံးအားဖြင့် အလှူဝတ္ထု ကြည့်ရှုချီးမြှောက်သောတရားစကားမျှကိုလည်းကောင်း ဟောကြားတိုင်း အလုံးစုံသောသတ္တဝါတို့အား ဓမ္မဒါနအဖွိဘာဂကို အမျှပေးဝေကြကုန်လော့''ဟု မိန့်တော်မူ၏။

**တရားစကား ဟောကြားရွတ်ဆို**
**ပြောဆိုသမျှ အဝဝကို**
**အမျှပေးဝေ မမေ့လေနှင့်။**

(ဒေသနာတော်၏အဆုံး၌ ရှစ်သောင်း လေးထောင် ကုန်သော သတ္တဝါတို့သည် အကျွတ်တရားရသည်ဖြစ်၏။)

(ဓမ္မပဒ တဏှာဝဂ် ဆယ်ခုမြောက် သိကြားမင်း မေးလျှောက်သော ဝတ္ထုပြီး၏။)

၂၄ ၀ ၀

## ၂၄။ တဏှာဝဂ်

# ၁၁။ ဥစ္စာကိုစွဲ ရေဲသူိလား

## (အပုတ္တကသဌေးဝတ္ထု)

ပညာမဲ့ သူသည်
ဥစ္စာ၌ တပ်မက်ခြင်းဖြင့်
သူတပါးကိုလည်း ဖျက်ဆီး၏၊
မိမိကိုယ်ကိုလည်း ဖျက်ဆီး၏။

(ဟနန္တိ ဘောဂါ) အစလာသော ဒေသနာတော်ကို ဇေတဝန်ရှေကျောင်းတော်၌ အပုတ္တကသဌေးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ပသေနဒီကောသလမင်းကြီးသည် နံနက်စာ ပွဲတော်တည်ပြီးလျှင် မြတ်စွာဘုရားရှေ့တော်သို့ရောက်လာမြဲဖြစ်၏၊ ထိုနေ့တွင်မူ အချိန်နောက်ကျ နေမွန်းတည့်ချိန်မှ ရောက်လာ၍ မြတ်စွာဘုရားက မေးတော်မူသော်-

''ယနေ့သည် သာဝတ္ထိပြည်၌ သဌေးကြီးတဦး သေလွန်ပါသည်၊ အမွေခံသားသမီး တစုံတယောက်မျှမရှိ၍ သဌေးကြီး၏ ဥစ္စာပစ္စည်းများကို မင်းဘဏ္ဍာအဖြစ်သိမ်းယူနေရ၍ နောက်ကျရပါသည်''ဟု လျှောက်ထား၏။ ထို့ခနောက် ပသေနဒီကောသလမင်းကြီးက-

"အရှင်မြတ်ဘုရား။ ထိုသဌေးကြီးသည် ပစ္စည်းဥစ္စာများပြားစွာရှိသော်လည်း အစားအစာကိုစားရာ၌ ကောင်းသောအရသာရှိသော အစားအစာကိုမစား၊ ဆန်ကွဲထမင်းနှင့် ပဇုံးရည်ဟင်းသာလျှင်စား၏၊ အဝတ်တွင်လည်း အကြမ်းတကာ့အကြမ်းဆုံးချည်ဖြင့် ယက်ထားသောပုဆိုးကြမ်းကိုသာဝတ်၏၊ ကောင်းမွန် မြင့်မြတ် ရွှေဘီးတပ်သောရထားကိုစီးနိုင်ပါလျက် ဟောင်းနွမ်းဆွေးမြေ့သော ရထားငယ်နှင့်သာသွားလာပါ၏၊ ရွှေထီးကိုဆောင်းနိုင်ပါလျက် သစ်ရွက်ထီးကိုဆောင်းနေပါ၏။

ယခုတမူ သဌေးကြီးမသုံးရက်မစားရက် ထားခဲ့သမျှ အမွေစားအမွေခံမရှိလေသဖြင့် မင်း၏ဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်ရပါသည်" ဟု လျှောက်ထားလေလျှင်၊ မြတ်စွာဘုရားသည် သဌေးကြီး၏ ရှေးကပြုခဲ့ဘူးသောကံကို ဟောကြားတော်မူလေ၏။

## အပုတ္တကသဌေး၏ အတိတ်ဝတ္ထု

ရှေးအခါက ထိုသဌေးကြီးသည် တဂရသိခီအမည်ရှိသော ပစ္စေကဗုဒ္ဓါကို ဆွမ်းလုပ်ကျွေး၏။ သဒ္ဓါတရားမရှိသော ထိုသဌေးကြီးသည် "ဤရဟန်းအား ဆွမ်းကို ပေးလှူလော့"ဟု ပြောဆို၍ထွက်သွား၏၊ သဌေးကတော်သည် သဒ္ဓါတရားရှိ၏၊ ကြည်ညိုခြင်းရှိ၏၊ သဌေးကြီး၏နှုတ်မှ "ပေးလှူလော့" ဟူသော စကားကို ဤတခါသာကြားရဘူးပေ၏ဟု ဝမ်းမြောက် ဝမ်းသာ ပစ္စေကဗုဒ္ဓါ၏သပိတ်တော်တွင် မွန်မြတ်သောဘောဇဉ်ဖြင့် အပြည့်လှူ၏။

သဌေးသည် ခရီးလမ်း၌ ပစ္စေကဗုဒ္ဓါကိုမြင်၍ သပိတ်တော်ကိုဖွင့်၍ ကြည့်၏၊ မွန်မြတ်သောဘောဇဉ်အပြည့်ဖြင့်မြင်၍ စိတ်

နှလုံး၌ မသာယာခြင်းဖြစ်၏၊ "ဤမျှခသောက် ကောင်းသော ဆွမ်းကို ငါ့ကျေးငါ့ကျွန်တို့ စားရလျှင် ငါ့အလုပ်ကိုပို၍ လုပ်ပေးကြလိမ့်မည်၊ ဤရဟန်းသည် ဤဆွမ်းကိုယူပြီး တနေရာသို့ သွားရောက်စားသောက်ပြီး အိပ်လတံ့၊ ငါ၏ထမင်းတို့သည် အလဟဿဖြစ်ပြီ"ဟု စိတ်ထဲ၌ ဖြစ်ပေ၏။

ထိုသဌေးကြီးသည် အစ်ကိုကြီး၏ တယောက်တည်းသော သားထံမှ ဥစ္စာပစ္စည်းတို့ကိုရလို၍ သတ်ဖြတ်ခဲ့သည်။

ထိုသဌေးသည် ပစ္စေကဗုဒ္ဓါကို "ဆွမ်းလှူကြကုန်လော့" ဟု ဆွမ်းလှူသော ကောင်းမှုကံကြောင့် ခုနစ်ကြိမ်တိုင် နတ်ပြည်၌ ဖြစ်ရ၏။ ထိုကောင်းမှုကံ၏အကျိုးအကြွင်းဖြင့် သာဝတ္ထိပြည်၌ ခုနစ်ကြိမ်တိုင် သဌေးဖြစ်ခဲ့၏။

ထိုသဌေးသည် ပေးလှူပြီးနောက်"ဤဆွမ်းကို ငါ၏ကျွန်များစားရမူကား မြတ်သေး၏" ဟု နှလုံးမသာယာခြင်း စေတနာခေါင်းပါးခြင်းဖြစ်၏၊ ထိုမကောင်းမှုကံကြောင့် ထိုသဌေးကြီးသည် မွန်မြတ်သောဘောဇဉ်ထမင်းကိုစားခြင်းငှာ စိတ်မပါနိုင်၊ ကောင်းသောအဝတ်၊ ကောင်းသော ယာဉ်တို့ကို အသုံးပြုရန်စိတ်မပါနိုင်၊ အစ်ကို၏ တယောက်တည်းသောသားကို သတ်ခဲ့ခြင်းမကောင်းမှုကံကြောင့် ငရဲ၌ အနှစ်တသိန်းတို့ပတ်လုံး ကျရောက်ခံစားရပြီးမှ ထိုမကောင်းမှုကံ အကျိုးကြွင်းအဖြစ် သားသမီးမရရှိပဲ ဤဥစ္စာပစ္စည်းတို့ကို မင်းဘဏ္ဍာအဖြစ် ထားခဲ့ရသည် ဖြစ်၏။

ထိုသဌေးကြီးအား ရှေး၌ပြုခဲ့သော ကုသိုလ်ဟောင်းလည်း ကုန်ခမ်းခဲ့လေပြီ၊ နောက်အတွက် ကုသိုလ်သစ်ကိုလည်း မပြုလုပ်

ခဲ့၊ ယခုအခါ၌ ထိုသင်္ဘေးကြီးသည် မဟာရောဇဝရဲကြီး၌ ကျရောက် ခံစားနေရ၏ဟု မိန့်တော်မူ၏။

ထိုအခါ မင်းကြီးက "အရှင်မြတ်ဘုရား၊ ဤမျှလောက်ချမ်းသာပါလျက် အရှင်ဘုရားကဲ့သို့သော မြတ်စွာဘုရားသည် သီတင်းသုံးစံနေတော်မူလျက် ကုသိုလ်ကောင်းမှုကို မပြုလုပ်ခဲ့ပါပေတကား"ဟု လျှောက်ကြား၏။

မြတ်စွာဘုရားက "တကာတော်မင်းမြတ်၊ ပညာကင်းမဲ့သောပုဂ္ဂိုလ်တို့သည် စည်းစိမ်ဥစ္စာ ရရှိပေါများ သော်လည်း ချုပ်ငြိမ်းရာအမှန် နိဗ္ဗာန်ကိုမရှာမှီးကြ၊ ထိုဥစ္စာပစ္စည်းတို့ကို စွဲလန်းတပ်မက်သော တဏှာသည်ကား ထိုပုဂ္ဂိုလ်ကို အပါယ်သို့ ဆွဲချတော့သည်"ဟု မိန့်တော်မူပြီး-

(၃၅၅) ဟနန္တိ ဘောဂါ ဒုမ္မေဓံ၊
နော စပါရဂဝေသိနော။
ဘောဂတဏှာယ ဒုမ္မေဓော၊
ဟန္တိ အညေဝ အတ္တနံ။

(၃၅၅) ဥစ္စာပစ္စည်းတို့သည် ပညာမဲ့သောသူကိုအပါယ်ငရဲသို့ ဆွဲချ၏၊ နိဗ္ဗာန်တည်းဟူသော တဘက်ကမ်းကို ရှာမှီးသူတို့ကားမဖျက်ဆီးနိုင်ကုန်၊ ပညာမဲ့သူသည် ဥစ္စာပစ္စည်းတို့ကို စွဲလန်းတပ်မက်ခြင်းကြောင့် သူတပါးကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးကြ၏။

(ဤအပုတ္တက သင်္ဘေးကို ဇာတ်အဋ္ဌကထာတို့၌ အာဂန္တုက သင်္ဘေးဟု မိန့်ဆိုဖွင့်ပြတော် မူကုန်၏။

(တဏှာဝဂ် တသယ်ခြောက်ခုမြောက်အပုတ္တကသင်္ဘေးဝတ္ထုပြီး၏)

⁂ ⁂ ⁂

## ၂၄။ တဏှာဝဂ်

## ၁၂။ အကျိုးကြီးသော ပေးလှူခြင်း

(အင်္ကုရ နတ်သားဝတ္ထု)

ရာဂကင်းသော ပုဂ္ဂိုလ်
ဒေါသကင်းသော ပုဂ္ဂိုလ်
မောဟကင်းသော ပုဂ္ဂိုလ်
အလိုရမက်ကင်းသော ပုဂ္ဂိုလ်တို့ကို
ပေးလှူရခြင်းသည် အကျိုးကြီး၏။

(တိဏဒေါသာနိ ခေတ္တာနိ) အစရှိသော ဒေသနာတော်ကို တာဝတိံသာ နတ်ပြည်၌ အင်္ကုရနတ်သားကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ဝတ္ထုကြောင်းကား ဤသို့တည်း

(ဤအင်္ကုရနတ်သားနှင့် ဣန္ဒကနတ်သားတို့၏ အကြောင်းကို ခေတ်မီ ဓမ္မပဒဝတ္ထုစတုတ္ထတွဲ မြတ်စွာဘုရား တာဝတိံသာသို့ ကြွတော်မူခန်းတွင် အကျယ်တဝင့် ဖော်ပြခဲ့ပါပြီ)

ဣန္ဒကနတ်သား၏ အရှင်အနုရုဒ္ဓါမထေရ်အား ဆွမ်းတဇွန်းတယောက်မ လှူဒါန်းရသောအကျိုးမှာ၊ အင်္ကုရနတ်သားအနှစ်တသောင်းတိုင် တဆယ့်နှစ်ယူဇနာရှည်သော မီးဖိုကြီးဖြင့်လှူသောအလှူထက် အင်အားကြီးသည်ဖြစ်၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် အင်္ကုရနတ်သားအား-

"အလှူကို ရွေးချယ်စိစစ်၍ လှူသင့်၏၊ ဤသို့စိစစ်၍ လှူ

သော အလှူသည် မြေဩဇာကောင်း၌ စိုက်သောမျိုးစေ့ကဲ့သို့ အကျိုးများ၏၊ သင်၏အလှူသည် ထိုသို့မဖြစ်။

“အင်္ဂုရ ဤလောက၌ မြတ်သောအလှူကိုခံထိုက်ကုန်သော ပုဂ္ဂိုလ်တို့သည် ရှိကြကုန်၏၊ ထို့ကြောင့် ရွေးချယ်စိစစ်၍လှူခြင်းကို မြတ်စွာဘုရားတို့သည် ချီးမွမ်းကြကုန်၏” ဟု မိန့်တော်မူ၍ ထို့ထက်အလွန် တရားကို ဟောတော်မူလိုသော ကြောင့် မြတ်စွာဘုရားသည် ဤဂါထာတော်တို့ကိုဆက်လက်ဟောကြားတော်မူ၏။

(၃၅၆) တိဏဒေါသာနိ ခေတ္တာနိ၊
ရာဂ ဒေါသာအယံပဇာ။
တသ္မာဟိ ဝီတရာဂေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။
(၃၅၇) တိဏ ဒေါသာနိ ခေတ္တာနိ၊
ဒေါသ ဒေါသာ အယံပဇာ။
တသ္မာ ဟိဝီတ ဒေါသေသု၊
ဒိန္နံ ဟောတိ မဟာပ္ဖလံ။
(၃၅၈) တိဏဒေါသာနိ ခေတ္တာနိ၊
မောဟဒေါသာ အယံပဇာ။
တသ္မာ ဟိဝီတမောဟေသု၊
ဒိန္နံ ဟောတိမဟပ္ဖလံ။
(၃၅၉) တိဏဒေါသာနိ ခေတ္တာနိ၊
ဣစ္ဆာဒေါသာ အယံပဇာ။
တသ္မာ ဟိဝိဂတိစ္ဆေသု၊ ဒိန္နံ ဟောတိမဟပ္ဖလံ။
(တိဏ ဒေါသာနိ ခေတ္တာနိ၊
တဏှာ ဒေါသာ အယံပဇာ။
တသ္မာဟိဝီ တတဏှေသု၊
ဒိန္နံ ဟောတိ မဟပ္ဖလံ။)

(၃၅၆) လယ်ယာတို့ကို ပေါင်းမြက်တို့သည် ဖျက်ဆီးကုန်၏၊ ဤသတ္တဝါအပေါင်းကို အတွင်း၌ ဖြစ်သော ရာဂသည် ဖျက်ဆီး၏၊ ထို့ကြောင့် ရာဂကင်းသောပုဂ္ဂိုလ်တို့၌ ပေးလှူခြင်းသည် အကျိုးကြီး၏။

(၃၅၇) လယ်ယာတို့ကို ပေါင်းမြက်တို့သည် ဖျက်ဆီးကုန်၏၊ ဤသတ္တဝါအပေါင်းကို အတွင်း၌ဖြစ်သော ဒေါသသည် ဖျက်ဆီး၏၊ ထို့ကြောင့် ဒေါသကင်းသော ပုဂ္ဂိုလ်တို့၌ ပေးလှူခြင်းသည် အကျိုးကြီး၏။

(၃၅၈) လယ်ယာတို့ကို ပေါင်းမြက်တို့သည် ဖျက်ဆီးကုန်၏။ ဤသတ္တဝါ အပေါင်းကို အတွင်း၌ ဖြစ်သော မောဟသည် ဖျက်ဆီး၏၊ ထို့ကြောင့် မောဟကင်းသော ပုဂ္ဂိုလ်တို့၌ ပေးလှူခြင်းသည် အကျိုးကြီး၏။

(၃၅၉) လယ်ယာတို့ကို ပေါင်းမြက် တို့သည် ဖျက် ဆီး ကုန်၏။ ဤသတ္တဝါအပေါင်းကို အတွင်း၌ဖြစ်သော အလိုရမက်သည် ဖျက်ဆီး၏၊ ထို့ကြောင့် အလိုရမက်ကင်းသော ပုဂ္ဂိုလ်တို့၌ ပေးလှူခြင်းသည် အကျိုးကြီး၏။

(လယ်ယာတို့ကို ပေါင်းမြက်တို့သည် ဖျက်ဆီးကုန်၏၊ ဤသတ္တဝါ အပေါင်းကို တဏှာသည် ဖျက်ဆီး၏၊ ထို့ကြောင့် တဏှာကင်းသော ပုဂ္ဂိုလ်တို့၌ ပေးလှူခြင်းသည် အကျိုးကြီး၏။)

(ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သတ္တဝါတို့သည် အကျိုးရှိကြသည် ဖြစ်ကုန်၏။)

(ပဏှာဝဂ် ဆယ့်နှစ်ခုမြောက် အင်္ဂုရနတ်သားဝတ္ထုပြီး၏)

(တဏှာဝဂ်ပြီး၏)

※ ※ ※

# {၂၅} ဘိက္ခုဝဂ်

## ၁။ ငါးပါးအာရုံကာမဂုဏ်

(ရဟန်းငါးပါးဝတ္ထု)

ငါးပါးအာရုံ ကာမဂုဏ်ကို
ရှောင်တုံ့ပယ်လတ် ရဟန်းမြတ်တို့
နိဗ္ဗာန်သို့သာ ကြွမြန်းရာ၏။

(စက္ခုနှာ သံဝရော) အစရှိသော ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ ရဟန်းတော်ငါးပါးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ထိုရဟန်းငါးပါးတို့သည် စက္ခုဒွါရ၊ မနောဒွါရ စသည်ဖြင့် အာရုံငါးပါးကို တပါးစီ အဓိဋ္ဌာန်ပြု၍ မပေါက်မကျိုးအောင် စောင့်ရှောက်ကြ၏၊ တနေ့တွင် မည်သူ စောင့်ရှောက်သည်က မြတ်သည်ဟု အငြင်းပွား၍ မြတ်စွာဘုရားထံ ရောက်ကြ၏။ မြတ်စွာဘုရားသည် မည်သူက သာသည် ညံ့သည်ဟု မဆိုမူ၍-

ရဟန်းတို့ ဤအာရုံငါးပါးတို့သည် အားလုံး စောင့်ရှောက်နိုင်ခဲကုန်သည်သာ ဖြစ်၏။ အသင်တို့သည် ယခုအခါ၌သာ ငါးပါးစလုံးသော အာရုံတရားတို့ကို မစောင့်စည်းကြ ကုန်သည် မဟုတ်သေး၊ ရှေးအခါ၌လည်း ဤသို့ မစောင့်စည်းသည့်အဖြစ်ကြောင့် ပညာရှိတို့၏ အဆုံးအမ၌ မတည်ပဲ အသက်ကုန်ခဲ့ရဘူးပြီဟု မိန့်တော်မူ၏။ ထိုရဟန်းတို့က အဘယ်အခါပါနည်း ဟောကြားတော်မူပါဟု တောင်းပန်အပ်သောကြောင့် အတိတ်ဇာတ်ကို ဟောကြားတော်မူ၏။

## ငါးပါးအာရုံကာမဂုဏ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး၌ သားတော်ပေါင်းတရာရှိ၏၊ ဘုရားအလောင်းတော်သည်အငယ်ဆုံးသော သားတော်ဖြစ်၏။ ထိုမင်းသား သိကြားလိမ္မာသော အရွယ်သို့ ရောက်လာ၏။ ထိုအခါက မင်းကြီး၏ နန်းတော်၌ ပစ္စေကဗုဒ္ဓါ တို့သည် ဆွမ်းဘုဉ်းပေးကြသည်၊ ဘုရားလောင်း မင်းသားငယ်သည် ပစ္စေကဗုဒ္ဓါတို့၏ အမှုကြီးငယ်တို့ကို ပြုလုပ်ဆောင်ရွက်၏။

ဘုရားလောင်းမင်းသားငယ်သည် "ငါ့၌နောင်တော်တို့သည် များစွာရှိကုန်၏။ငါသည် မင်းအဖြစ်ကို ရနိုင်အံ့လော၊ မရနိုင်အံ့လော"ဟု စိတ်တွင်ပေါ်လာ၏။အရှင်ပစ္စေကဗုဒ္ဓါတို့ကို မေးလျှောက်လျှင် ကောင်းမည်ဟု အကြံဖြစ်၏။

နှစ်ရက်မြောက်သောနေ့၌ ပစ္စေကဗုဒ္ဓါတို့ ကြွလာလေလျှင် သောက်ရေ သုံးရေတို့ကိုစစ်ပြီး ပစ္စေကဗုဒ္ဓါတို့၏ခြေတော်တို့ကို ဆေးပြီး ဆီဖြင့် ပွတ်သပ်လိမ်းကျံ၍ ဆွမ်းမဘုဉ်းပေးမီအကြား မိမိစဉ်းစားမိသည်တို့ကို လျှောက်ကြားမေးမြန်း၏။

ပစ္စေကဗုဒ္ဓါတို့က ''သင်သည် ဤတိုင်းပြည်၌ မင်းအဖြစ်ကို ရမည်မဟုတ်၊ ဤမြို့မှ ယူဇနာ တရာ့နှစ်ဆယ်အလွန်တွင် ဂန္ဓရ တိုင်း တက္ကသိုလ်ပြည်သည် ရှိ၏။ ထိုတက္ကသိုလ်ပြည်သို့ သွားနိုင် လျှင် ယနေ့မှ စ၍ ခုနစ်ရက်မြောက်သောနေ့၌ မင်းအဖြစ်ကို ရလတံ့''ဟု မိန့်ကြား၏။ မင်းသားသည် သွားပါမည်ဟု ဝန်ခံ၏။

အရှင်ပစ္စေကဗုဒ္ဓါတို့က''လမ်းခရီးအကြား၌ တောအုပ်ကြီး ရှိ၏။ ထိုတောအုပ်တွင်းမှ ဖြတ်သွားလျှင် ယူဇနာငါးဆယ်သာ ရှိ၏။ထိုတောအုပ်ကို ကွေ့ဝိုက်သွားရလျှင် ယူဇနာတရာ ရှိမည် ဖြစ်၏။သို့သော် ထိုတောအုပ်သည် အသားစားကြူး ဘီလူး ပေါများလှ၏။ ထိုတောအုပ်မှ ဘီလူးမတို့သည် ငါးပါးသော အာရုံကာမဂုဏ်တို့ဖြင့် ဖျားယောင်းလေ့ရှိ၏။ထိုကာမဂုဏ်တို့၌ ငြိစွန်းသူတို့အား အသွေးအသားပါမကျန် ကိုက်ဖြတ် စား သောက်၏။ အသင်မင်းသားသည် စက္ခုအာရုံ၊ သောတအာရုံ စသော ငါးပါးသော အာရုံတို့ကို ထိန်းသိမ်းလျက် ထိုဘီလူးမ တို့ကို မငဲ့ငြားမကြည့်ရှုပဲ သတိကို ထင်ဟပ်လျက် သွားနိုင်ခဲ့ လျှင် ခုနစ်ရက်မြောက်နေ့၌ တက္ကသိုလ်ပြည်တွင် မင်းအဖြစ်ကို ရလတံ့''ဟု မိန့်ဆိုတော်မူကုန်၏။

ဘုရားလောင်းမင်းသားသည်''အရှင်ဘုရားတို့ အဆုံးအမကို နာခံပါမည်'' ဟု လျှောက်ထား၍ အရှင်ပစ္စေကဗုဒ္ဓါတို့ ထံမှ ပရိတ်ရေ ပရိတ်သဲ၊ ပရိတ်ချည်၊ ပရိတ်ပန်းတို့ကို ယူဆောင်ပြီး ပစ္စေကဗုဒ္ဓါတို့ကို လည်းကောင်း၊ မယ်တော် ခမည်းတော်တို့ကို လည်းကောင်း ရှိခိုးပြီး မိမိနေအိမ်တော်သို့ သွား၏။

## မင်းသားငါးယောက်တို့၏အဖြစ်

ဘုရားလောင်း မင်းသားသည် အိမ်တော်သို့ ရောက်လျှင် တက္ကသိုလ်ပြည်သို့ သွားမည့်အကြောင်း ပြောကြားနှုတ်ဆက်၏။ အိမ်တော်မှအဖော်မင်းသားငါးယောက်တို့က "ကျွန်ုပ်တို့လည်း လိုက်ပါအံ့"ဟု ပြော၏။မင်းသားက"လမ်းခရီးတွင် အန္တရာယ်ကြီးမား၏။ ဘီလူးမတို့သည် အာရုံတို့ဖြင့် ဖြားယောင်း၍ စိတ်မခိုင်သောသူတို့အား ကိုက်စားသတ်ဖြတ်တတ်သည်"ဟု ပြောဆို တားမြစ်၏။အဖော်တို့က "အရှင်မင်းသားနှင့်အတူ သွားပါမည် ကျွန်ုပ်တို့လည်း ရူပါရုံ စသည်တို့ကို စောင့်ထိန်းပါမည်" ဟု ဆို၍ လိုက်ပါလာကြ၏။

## ရူပါရုံမင်းသား

တောအုပ်တွင်းသို့ လူသားတို့ ဝင်လာလျှင် ဘီလူးမတို့သည် ခမ်းနားသောအိမ် အစရှိသည်တို့ ဖန်ဆင်း၍ နတ်သမီးတမျှ လှပတင့်တယ်စွာ တန်ဆာဆင်ထားကြပြီး ဖော်ရွေပျူငှာ ဖိတ်ကြားကြကုန်၏။ ရူပါရုံ၌ တပ်မက်လေ့ရှိသော ယောကျ်ားသည် နတ်၏တမျှ လှသော ရူပါရုံဘွင် ခံမင်ငြိစွဲ လှသဖြင့် "ဤသို့သော အချောအလှနှင့် တကြိမ်တခါယှဉ်တွဲရလျှင် သေချင်သေပါစေတော့"ဟု စိတ်ထားနှင့် နောက်သို့ချန်၍နေခဲ့၏။ မင်းသားက စောင့်၍ ခေါ်၏။ သတိပေး၏။ "ကျွန်ုပ်သည် ခြေများနာကျင်လှပါသည်ကျွန်ုပ်၏ကံနှင့် ကျွန်ုပ်ရှိပါစေတော့" ဟု ပြောဆို၍ နေခဲ့၏။ ဘီလူးမတို့သည် မိမိတို့နှင့် အတူတကွ လွန်ကျူးသော အကျင့်ကို ပြုပြီး ထိုယောကျ်ားကို ထိုအရပ်၌ ပင်လျှင် ကိုက်ခဲစားသောက်လိုက်၏။

## သဒ္ဒါရုံ ခံမင်သူ

ထိုနောက် ဘီလူးမတို့သည် မင်းသားတို့ရှေ့မှ သွား၍ အိမ်နေရာစသည် ဇရပ်စသည်တို့ကို ဖန်ဆင်းပြီး ကခုန် သီဆိုဖျော်ဖြေကြကုန်၏။

သဒ္ဒါရုံ၌ ခံမင်စွဲလန်းသောယောကျ်ားသည် ကျန်ခဲ့၏၊ဘီလူးမတို့သည် ကိုက်ခဲစားသောက်ကြပြန်၏။

## ဂန္ဓာရုံ ခံမင်သူ

ထိုနောက် ဘီလူးမတို့သည် ရှေ့မှသွား၍ ရွာသဏ္ဌာန် ဖန်ဆင်း၍ အမွှေးအကြိုင် နံ့သာကြုတ်တို့ဖြင့် အိမ်ဈေးကိုဖြန့်ခင်း၍ နေထိုင်ကြပြီး အမွှေးနံ့သာတို့ကို ယူပါငင်ပါ ပူဇော်ခေါ်ငင်ကြ၏၊ ဂန္ဓာရုံ၌ ခံမင်စွဲလန်းသော ယောကျ်ားသည် ကျန်ခဲ့ပြန်၏၊ ဘုရားလောင်း တားမြစ်သည်ကို မနာခံ၍ အသက်ကုန်ခြင်းသို့ ရောက်ရပြန်၏။

## ရသာရုံ ခံမင်သူ

ထိုနောက် ဘီလူးမတို့ ရှေ့မှသွား၍ ရွာသဏ္ဌာန်ဖန်ဆင်းပြီး ထမင်းဆိုင်များတွင် အချောအလှအလေးများ ရောင်းချနေကြ၏၊ နတ်၌ဖြစ်သောဘောဇဉ်တို့ဖြင့် တည်ခင်းရောင်းချ ခေါ်ကြငင်ကြ စားပါသောက်ပါဟု ဆိုကြကုန်၏၊ ရသာရုံ၌ခံမင်သောယောကျ်ားသည် ကျန်ခဲ့ပြီး ဘီလူးမတို့ စားသောက်ခြင်းကိုခံရ၏။

## ဖောဋ္ဌဗ္ဗာရုံ ခံမင်သူ

ထိုနောက် ဘီလူးမတို့သည် ရှေ့မှသွား၍ ရွာသဏ္ဌာန်ဖန်ဆင်းပြီး ဖဲမွေ့ယာတို့ဖြင့် ဖြန့်ခင်း၍ထိုင်နေ၏၊ ဘုရားလောင်းနှင့်တကွသော အပေါင်းတို့ကို အတင်းဆွဲလှဲထိုင်စေ၏။

အတွေ့ထူးသောကြောင့် မေ့ရူးမတတ် ဖြစ်သွားသော တယောက်သော သူသည် ကျန်ခဲ့မြန်၏၊ ထိုယောကျ်ား ကိုလည်း ကိုက်ခဲစားသောက်ကြ ကုန်၏။

## ဘုရားလောင်းနောက် လိုက်သောမိန်းမ

အာရုံငါးပါးကို သတိဖြင့်ထိန်းချုပ်ခဲ့သော ဘုရားလောင်း တဦးတည်းသာ ကျန်တော့သဖြင့် တက္ကသိုလ်ပြည်သို့ခရီးဆက်၏၊ တဦးသောဘီလူးမသည် ဤယောကျ်ားကား အလွန်ထက်မြက်၏၊ အလွန်ခိုင်မာ၏၊ ငါသည် ဤယောကျ်ားကို ကိုက်ခဲစားသောက်ပြီးမှသာ ပြန်တော့အံ့ဟု ဘုရားလောင်း နောက်မှတကောက်ကောက် လိုက်တော့၏၊ ဘုရားအလောင်းသည် လှည့်၍မျှပင်မကြည့် သတိကိုမပြတ် ပွားများနေ၏။

တက္ကသိုလ်ပြည် အစသို့ရောက်လျှင် တွေ့မြင်သော သူတို့က လှုပ်လီလှုပ်လဲ့မူနွဲ့သောဟန်ဖြင့် နောက်မှလိုက်လာသောဘီလူးမကို မြင်လျှင် "ရှေ့မှသွားသော ယောကျ်ားသည် အသင်နှင့်မည်သို့ တော်စပ်ပါသနည်း"ဟု မေးကြ၏။ "ကျွန်မ၏လင်ယောကျ်ားပါတည်း"ဟု ပြောလေလျှင် တွေ့မြင်ရသူတို့က "ဤမျှ ရွှေကိုသွန်းလုပ်ထုလုပ်သော ရုပ်လုံးတမျှ လှပကျော့ရှင်းမယ်ယမင်းသည် သင့်ကိုအားကိုးကာ လိုက်ခဲ့ပါလျက် အဘယ်ကြောင့် ထိုသတို့သမီးကို တွဲချီဖေးမ ခေါ်ဆောင်ခြင်း မပြုပါသနည်း"ဟု မေးကြ၏။ ထိုအခါ ဘုရားလောင်းမင်းသားက "ဤမိန်းမငယ်သည်ကျွန်ုပ်၏မယားမဟုတ်ပါ၊ဘီလူးမပါတည်း ကျွန်ုပ်၏အဖော်ငါးယောက်ကို စားခဲ့ပြီးပါပြီ"ဟုပြန်လည်ပြောဆို၏။ ထိုအခါလူတို့က ယောကျ်ားတို့မည်သည် စိတ်ဆိုးသော

အခါ မိမိတို့မယားကို ဘီလူးမပြိတ္တာမ ဟူ၍ ပြောဆိုလေ့ရှိကြသည် သာတည်းဟု အမှက်မထင်နေကြကုန်၏။

## တက္ကသိုလ်ပြည့်ရှင်နှင့် ဘီလူးမ

တက္ကသိုလ်ပြည်သို့ရောက်လျှင် ဘုရားလောင်းသည်မြို့၏တံခါး ဇရပ်တခု၌ထိုင်နေ၏။ ဘီလူးမသည် ဘုရားလောင်း၏အာနုဘော်ဖြင့် ဇရပ်သို့မဝင်နိုင်၍ ဇရပ်အပြင်၌ထိုင်နေ၏။

တက္ကသိုလ်ပြည့်ရှင် ဘုရင်မင်းမြတ်သည် ဥယျာဉ်တော်သို့ထွက်လေလျှင် ဇရပ်အပြင်၌နတ်သမီးတမျှလှပသော ဘီလူးမကိုမြင်၍ တိမ်းညွတ်သောစိတ်ရှိသောကြောင့် လင်ရှိမရှိ မေးမြန်းလေ၏။ ဘီလူးမက "ဇရပ်ပေါ်က ကျွန်မလင်"ဟု ဆို၏။ အလောင်းတော်မင်းသားက "ဤမိန်းမသည် ကျွန်ုပ်၏ မယားမဟုတ် ဘီလူးမပေတည်း"ဟုဆို၏။ မင်းကြီးက "အရှင်မရှိသော ဘဏ္ဍာသည် မင်း၏ဘဏ္ဍာပင်တည်း"ဟု ထိုမိန်းမကို ကောက်ယူ၍သွား၏။

မင်းကြီးသည် ရေချိုးသုံးသပ်ကာ ညစာဥ့်ယံပွဲတော်တည်ပြီး အိပ်ယာထက်သို့တက်၏။ ဘီလူးမသည် ထူးထွေ ဆန်းပြားစွာ တန်ဆာဆင်လျက် မင်းကြီးနှင့်အတူအိပ်၏။

မင်းကြီးအိပ်ပျော်သောအခါ ဘီလူးမသည် ဘီလူးမြို့သို့သွား၍ဘီလူးတို့ကိုခေါ်ပြီးလျှင်သူမသည် မင်းကြီးကိုအရိုးမျှသာကြွင်းကျန်အောင်စား၍ အဆွေအမျိုးတို့သည် တံခါးမကြီးမှစ၍ နန်းအိမ်တော်အတွင်းရှိကြက်ခွေးမှ မကျန်ရအောင် ကိုက်ခဲစားသောက်ကြရာ အရိုးမျှသာကျန်ကြတော့၏၊

## အလောင်းတော်မင်းသားနန်းစံ

အလောင်းတော် မင်းသားသည် ထိုညဥ့်၌ ဇရပ်တွင်းတွင် ပရိတ်သဲကိုခေါင်းအုံး၍ပရိတ်ချည်ကိုဝန်းရံပြီး သံလျက်ကိုကိုင်စွဲလျက် အရုဏ်ကိုတက်စေ၏။

လူတို့သည်နံနက်လင်း၍ မင်းအိမ်တံခါး မဖွင့်သေးသည်ကို မြင်ကြ၍စောင့်စားကြည့်ရှုယင်း အတွင်းမှတစုံတရာ မကြားကြရသဖြင့် နန်းအိမ်တံခါးကို ရိုက်ခွဲဖျက်ဆီး ဝင်ရောက်ကြည့်ရှုကြလေရာ နန်းတွင်းတခုလုံး အရိုးများဖုံးလျက် သွေးအလိမ်းလိမ်းကိုသာ တွေ့မြင်ရ၏။

ထိုအခါမှလူတို့သည် ယမန်နေ့ကဇရပ်၌နေသောထိုယောကျ်ား ပြောဆိုသောစကားသည် ဟုတ်မှန်လေစွ၊ ငါတို့မင်းကြီးသည် အစဉ်းစားအဆင်ခြင်မရှိပဲ ဘီလူးမကိုသိမ်းပိုက်၍ အလုံးစုံသော လူအပေါင်းတို့ကို ကိုက်ခဲစားသောက်သွားသည်ဖြစ်လတံ့။ ထိုယောကျ်ားသည် မြဲမြံသောပညာသတိရှိ၏၊ အဆင်အခြင်ဥာဏ်နှင့် ပြည့်စုံ၏၊ ထိုယောကျ်ားကို မင်းအဖြစ်ပြုလျှင် နိုင်ငံအလုံးချမ်းသာခြင်းရှိပေကြမည်ဟု တိုင်ပင်၍ နန်းတော်တခုလုံး ဆေးကြောသန့်ရှင်း တန်ဆာဆင်ပြီး ဘုရားအလောင်းကို ပင့်ဆောင် အဘိသိက်သွန်း၍ မင်းအဖြစ်ကိုပြုကြလေ၏။

ဘုရားလောင်းသည် ထီးဖြူအောက်၌ မင်း၏အသရေဖြင့် စံတော်မူ၏။

မြတ်စွာဘုရားသည် ဤသို့အတိတ်ဇာတ်ကို ဟောပြတော်မူပြီး နောက် ချစ် သား ရ ဟန်း တို့၊ ထိုအခါက သင်တို့သည် ငါးယောက်သောသူတို့ဖြစ်ကြပေကုန်ပြီ၊ အာရုံငါးပါး၌မလိုက်

စား စောင့်စည်းချုပ်တည်း၍ ထိးနန်းကိုစိုးစံရသူသည်ငါဘုရား သာလျှင်တည်းဟု ဇာတ်တော်ကိုပေါင်းတော်မူ၍-

ချစ်သားရဟန်းတို့

ရဟန်းတို့မည်သည် အလုံးစုံသောဒွါရတို့ကို ပိတ်ပင်စောင့် စည်းအပ်ကုန်၏၊ ထိုသူတို့သည်သာလျှင် အလုံးစုံသော ဆင်းရဲ အပေါင်းမှ လွတ်မြောက်ကုန်၏ဟု မိန့်တော်မူပြီးနောက် တရား တော်ကိုဟောကြားတော်မူလိုသောကြောင့်-

(၃၆၀) **စက္ခုနာ သံဝရောသာဓု၊ သာဓုသောတေန သံဝရော။**

**ဃာနေန သံဝရောသာဓု၊ သာဓုဇိဝှါယ သံဝရော။**

(၃၆၁) **ကာယေန သံဝရော သာဓု၊ သာဓုဝါ စာယ သံဝရော။**

**မနသာ သံဝရောသာဓု၊ သာဓုသဗ္ဗတ္ထ သံဝရော။**

**သဗ္ဗတ္ထ သံဝုတောဘိက္ခု၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။**

(၃၆၀၊ ၃၆၁) စက္ခုဒွါရမျက်စိဖြင့်စောင့်ထိန်းခြင်းသည် ကောင်း ၏။ သောတဒွါရ၊ နားဖြင့်စောင့်ထိန်းခြင်းသည်ကောင်း၏။ ဃာနဒွါရ၊ နှာခေါင်းဖြင့် စောင့်ထိန်းခြင်းသည် ကောင်း၏။ ဇိဝှါဒွါရ၊ လျှာဖြင့် စောင့်ထိန်းခြင်းသည် ကောင်း၏။ ကာယဒွါရ၊ ကိုယ်ဖြင့်စောင့်ထိန်းခြင်း သည်ကောင်း၏။ ဝစီဒွါရ၊ နှုတ်ဖြင့်စောင့်ထိန်းခြင်းသည် ကောင်း၏။ မနောဒွါရ၊ စိတ်ဖြင့်စောင့်ထိန်းခြင်းသည်ကောင်း၏။ အာရုံခြောက်ပါး ဒွါရခြောက်ပါးလုံး စောင့်ထိန်းခြင်းသည် သာ၍ကောင်း၏။

အလုံးစုံသော ဒွါရခြောက်ပါးစလုံး စောင့်စည်းသော ရဟန်းသည် ဒုက္ခအပေါင်းမှ လွတ်မြောက်ရပေသည်။

(ဒေသနာတော်၏အဆုံး၌ရဟန်းတို့သည် သောတာပတ္တိဖိုလ် ၌ တည်ကုန်၏။)

(ဘိက္ခုဝဂ် ရှေးဦးစွာသော ရဟန်းငါးပါးဝတ္ထုပြီး၏။)

## ၂၇။ ဘိက္ခုဝဂ်

## ၂။ ရဟန်းအစစ် ဟူသည်ကား

(ဟသ်ာကိုသတ်သော ရဟန်းဝတ္ထု)

လက်ခြေနှုတ်တို့ စောင့်စည်း၏၊
ကမ္မဋ္ဌာန်း၌ မွေ့လျော်၏၊
တည်ကြည်၏၊
တပါးတည်း နေလေ့ရှိ၏။
ရောင့်ရဲ၏။
ထိုပုဂ္ဂိုလ်ကို ရဟန်းဟုဆိုကြကုန်၏။

(ဟတ္ထသံယ တော) အစရှိသော ဒေသနာတော်ကို ဇေတဝန်ကျောင်း၌ ဟသ်ာကိုသတ်သောရဟန်းတပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်မှ သူငယ်ချင်းနှစ်ယောက် ရဟန်း ပြုကြ၏။ အတူတကွသွားလာနေထိုင်၏၊ တနေ့၌ အစိရဝတီမြစ်တွင် ရေချိုးပြီး နေပူစာလှုံယင်း အသက်ထက်ဆုံး မှတ်သားအပ်သော စကားများကို ပြောဆိုလျက် နေကုန်၏၊ ထိုခဏ၌ ဟသ်ာ နှစ်ကောင်ပျံ၍လာ၏၊ ရဟန်းတပါးက ကျောက်ခဲကို ကောက်၍ ဟသ်ာမျက်စိကို မှန်အောင်ပစ်မည်ဟုပြော၏၊ ရဟန်းတပါးက သင်မှန်အောင်မပစ်နိုင်ပါဟု ပြော၏၊ ထိုအခါ ဒီဘက်မျက်လုံး

ကိုထားတော့ ဟိုဘက်မျက်လုံးကိုပစ်မည်ဟု ပြောပြန်၏၊တပါး
က မဖြစ်နိုင်တာဟုပြော၏၊ ကဲကြည့်ပေတော့ဟုဆိုပြီး၊ နောက်
ထပ်ကျောက်ခဲတလုံးကိုကောက်၍ ဟင်္သာ၏နောက်မှ ပစ်လိုက်
၏၊ ဟင်္သာသည် ကျောက်ခဲသံကြား၍ နောက်သို့လှည့်ကြည့်၏၊
လှည့်အကြည့်တွင် နောက်ကျောက်ခဲတလုံးဖြင့်ပစ်၏၊ကျောက်ခဲ
သည် ဟင်္သာ၏မျက်လုံးနှစ်လုံးစလုံးထွက်သွားစေပြီး ထိုရဟန်း
၏ခြေရင်း၌ကျ၏၊ အခြားရဟန်းတို့မြင်ကြလျှင် ရဟန်းနှစ်ပါး
ကိုခေါ်၍ မြတ်စွာဘုရားထံတိုင်ကြ၏၊မြတ်စွာဘုရားက စစ်မေး
လျှင် ဟုတ်မှန်ကြောင်းဝန်ခံ၍-

သင်တို့သည် ရဟန်းဖြစ်ပါလျက် အဘယ်ကြောင့်
ဤသို့ပြုလေဘိသနည်း၊ ရှေး၌ဖြစ်ကြသောပညာရှိတို့သည်
ဘုရားမပွင့်မီ လူ့ဘောင်၌နေပါလျက်
စိတ်အလိုကိုမလိုက်ကြ၊ အသင်သည်ကား သာသနာတော်၌
ရဟန်းပြုပါလျက် စိတ်ကိုချုပ်တည်းခြင်းမျှလည်း
မပြုလုပ်ချေ။

ဟူ၍ မိန့်တော်မူလျှင် ရဟန်းတို့ တောင်းပန်ကြသော ကြောင့်
အတိတ်ကို ဆောင်တော်မူ၍ ဂရုဓမ္မဇာတ်ကို ဟောကြားတော်
မူ၏။

မြတ်စွာဘုရားသည် ဇာတ်တော်ကို ဟောကြားတော်မူ
ပြီးနောက်-

"ချစ်သားရဟန်းတို့၊ ထိုအခါ၌ ပြည့်တန်ဆာမသည် ယခု
ဥပ္ပလဝဏ် မထေရီမဖြစ်၏၊ တံခါးဗိုလ်သည် ပုဏ္ဏ မထေရ်ဖြစ်
၏၊ မြေတိုင်း အမတ်သည် ကစ္စည်းမထေရ် ဖြစ်၏၊ တင်းခြင်
အမတ်သည် မောဂ္ဂလာန်မထေရ် ဖြစ်၏၊ သဌေးကြီးသည်

သာရိပုတ္တရာမထေရ်ဖြစ်၏၊ ရထားထိန်းသည် အနုရုဒ္ဓါမထေရ်၊ ပုရောဟိတ်ပုဏ္ဏားသည် ကဿပမထေရ်၊ အိမ်ရှေ့မင်းသည် အာနန္ဒာ၊ ပညာရှိ မိဖုရားကြီးသည် ရာဟုလာမယ်တော် ယသော်ဓယာ၊ မယ်တော် မိဖုရားသည် မာယာဒေဝီ၊ ဘုရားအလောင်း ကုရုမင်းသည် ငါဘုရားသာလျှင် ဖြစ်သည်'' ဟု ဇာတ်တော်ကိုပေါင်းတော်မူ၏။

ထိုနောက် တရားတော်ကို အရှည်ဟောတော်မူလို၍-

**(၃၆၂) ဟတ္ထသံယတော ပါဒသံယတော၊**
**ဝါစာသံယတော သံယတုတ္တမော။**
**အဇ္ဈတ္တရတော သမာဟိတော၊**
**ဧကော သန္တုသိတော တမာဟု ဘိက္ခုံ။**

(၃၆၂) အကြင်သူသည် လက်ကိုစောင့်စည်း၏၊ ခြေကိုစောင့်စည်း၏၊ နှုတ်ကိုစောင့်စည်း၏၊ တကိုယ်လုံးကိုစောင့်စည်း၏၊ ကမ္မဋ္ဌာန်းစီးဖြန်းမှု၌ မွေ့လျော်ကာ တည်ကြည်သောစိတ်ရှိ၏၊ တယောက်တည်းနေ၍ (ရသမျှဖြင့်) ရောင့်ရဲနိုင်၏၊ ထိုသူကို ရဟန်းဟု ဆိုကုန်၏။

(ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။)

(ဓမ္မပဒဘိက္ခုဝဂ် နှစ်ခုမြောက် ဟံသာကိုသတ်သောရဟန်းဝတ္ထုပြီး၏)

## ၂၅။ ဘိက္ခုဝဂ်

## ၃။ နှုတ်ထွက်မကြမ်းနှင့်

(ကောကာလိကရဟန်းဝတ္ထု)

**အကြင်ရဟန်းသည် နှုတ်ကိုစောင့်စည်း၏။**
**ပညာဖြင့်ဆင်ခြင်၍ ပြောဆိုလေ့ရှိ၏။**
**အဆိုအမိန့်သည် ချိုမြိန်သာယာ၏။**

(ယော မုခသံယတော) အစရှိသော ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ ကောကာလိကရဟန်းကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ဤကောကာလိကသည် ဒေဝဒတ်၏တပည့်ဖြစ်သော ကောကာလိကမဟုတ်၊ တပါးသော ကောကာလိကဖြစ်၏။

(မှတ်ချက်)

ဤကောကာလိကရဟန်းသည်ကောကာလိကတိုင်း၊ကောကာလိကမြို့မှ ကောကာလိကသဌေးသားဖြစ်၏၊ သာသနာ့ဘောင်သို့ဝင်လျက် မိမိဖခင်သဌေးကြီး ဆောက်လုပ်သော ကျောင်း၌နေ၏။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူ၏၊ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ အဂ္ဂသာဝကနှစ်ပါးတို့သည် နောက်ပါရဟန်းငါးရာတို့နှင့်အတူ ဒေသစာရီ လှည့်လည်ကြွမြန်းယင်း ဝါကပ်ချိန်နီးလျှင် ဆိတ်ငြိမ်စွာနေလိုကြသောကြောင့် နောက်ပါရဟန်းတို့ကို သာယာချောင်ပြောကြား စေလွှတ်လိုက်ပြီး ကောကာလိက ကျောင်းတိုက်သို့ အဂ္ဂသာဝကနှစ်ပါးကြွမြန်းကြကုန်၏။

ကောကာလိကအား အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့က ငါတို့သည် ဤကျောင်း၌ သုံးလပတ်လုံး ဝါကပ်ဆို၍ နေအံ့၊ တစုံတယောက်မျှ မသိပါစေနှင့်ဟု မှာကြားထား၏၊ ကောကာလိကသည် ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ပြု၏၊ သီတင်းကျွတ်လျှင် ပဝါရဏာပြုပြီး၍ ကောကာလိကကို ငါတို့သွားကုန်တော့အံ့ဟု ပန်ကြားကြ၏၊ နက်ဖြန်မှသွားပါ၊ ယနေ့တရက်ဆိုင်းပါဟု တားမြစ်လျှောက်ထား၏။

နောက်တနေ့၌ ကောကာလိကသည် မြို့သို့ကြွ၍ အဂ္ဂသာဝကတို့ ရောက်နေသည်၊ အသင်တို့ကျောင်း၌မြင်ရသောမထေရ် နှစ်ပါးသည် အဂ္ဂသာဝကတည်း၊လှူကြကုန်၊ တန်းကြကုန်ဟု ဖိတ်ကြား၏၊ ဒါယကာတို့သည် လျင်မြန်စွာစည်းဝေး၍ ထောပတ်တင်လဲ၊ သင်္ကန်းစသည်တို့ကိုယူဆောင်၍လာကြ၏၊ ကောကာလိက၏အကြံကား အဂ္ဂသာဝကတို့သည် အလွန့်အလွန် အလိုနည်းကုန်၏၊ နှုတ်မြွက်ပြော၍ ဖြစ်ပွားလာသော လာဘ်လာဘကိုမခံယူ၊ သို့အတွက် ကျောင်းနေရဟန်းအား ပေးလှူကုန်လော့ဟု ပြောဆိုပေလိမ့်မည်ဟု ထင်နေ၏၊ လူတို့သည် ထိုလှူဘွယ်ပစ္စည်းတို့ကိုယူ၍ မထေရ်တို့အထံသို့သွားကြ၏၊ မထေရ်တို့သည် လှူဖွယ်

ပစ္စည်းတို့ကိုတွေ့မြင်လျှင် ဤပစ္စည်းတို့သည် ငါတို့အား မသုံးဆောင်ထိုက်ကုန်၊ ကောကာလိကအားလည်း မသုံးဆောင်ထိုက်ကုန်ဟု ပယ်မြစ်တော်မူ၍ ကြွသွားတော်မူကြ၏။

## ကောကာလိက ရန်ငြိုးဖွဲ့ခြင်း

ကောကာလိကသည် မိမိတို့လည်းမခံယူ၊ငါ့အားလည်းမပေးလှူစေပဲ ကြွသွားကြသည်ဟု ရန်ငြိုးဖွဲ့လေ၏၊ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့သည် ဇေတဝန်ကျောင်းသို့ ရောက်၍ မြတ်စွာဘုရားကိုရှိခိုးပြီးသော် မိမိပရိသတ်ကို ခေါ်၍ ဒေသစာရီလှည့်လည်ပြန်ယင်း ကောကာလိကမြို့သို့တဖန်ရောက်လာပြန်၏။

မြို့နေလူတို့သည် အဂ္ဂသာဝကတို့ကို မှတ်မိကြ၍ မြို့၏အလယ်၌ မဏ္ဍပ်ဆောက်ပြီး ပရိက္ခရာတို့နှင့်လှူဒါန်းကြကုန်၏။ မထေရ်တို့က သံဃာတော်တို့အားဆောင်နှင်းစေကုန်၏။ ကောကာလိကသည် ဤအဖြစ်အပျက်ကိုမြင်လျှင် ဤမထေရ်တို့သည် ရှေးကအလိုနည်းကြ၏၊ ယခုမူယုတ်မာပျက်စီး အလိုကြီးသည်ကိုတွေ့ရ၏။ ယခင်အခါက ဟန်ဆောင်ခြင်းသာ ဖြစ်ပေမည်ဟု ကြံစည်စိတ်ကူးပြီး မထေရ်တို့အား သင်တို့သည် ရှေးကအလိုနည်းဟန်ဆောင်၍ ယခုမူကား ယုတ်မာသောရဟန်းတို့ ဖြစ်ပေသည်ဟုပြောဆိုပြီးသာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့သွားရောက်၍ မြတ်စွာဘုရားအားလျှောက်ကြား၏။ မြတ်စွာဘုရားက-

"ကောလာလိက ဤသို့မပြောဆိုလင့်၊ ကောကာလိကဤသို့မပြောဆိုလင့်။ သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့၌စိတ်ကိုကြည်ညိုစေလော့၊သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့သည် သီလကိုချစ်မြတ်နိုးသော သူတို့ပေတည်း။"

ဟုမိန့်တော်မူ၏။ ကောကာလိကသည် နှစ်ကြိမ်သုံးကြိမ်ရှေး နည်းအတူ ဆဲရေးစွပ်စွဲ လျှောက်ထား၏။ မြတ်စွာဘုရားသည် သုံးကြိမ်တိုင်အောင် တားမြစ်ဆုံးမတော်မူ၏။

ကောကာလိကသည် မြတ်စွာဘုရား မိမိလျှောက်ကြားသည် ကိုပင် တားမြစ်ဆုံးမတော်မူသည်ဟု ရှိခိုးပြီး နေရာမှထ၍သွား ၏။ မြတ်စွာဘုရားမျက်မှောက်လွတ်လောက်သော နေရာရောက် လျှင် ကောကာလိက ရဟန်းအား ပဲနောက်ပမာ ဖူးဖူးရောင် သောအသားအရေတို့သည်ဖြစ်လာ၏။ ဇေတဝန်ကျောင်းတော် အထွက်၌ အနာတို့သည်ပေါက်ကွဲကုန်လျက် သွေးပြည်တို့ကျကုန် ၏။ ရောဂါကိုခံစားလျက် သေ့လွန်ရပြီး အရိယာပုဂ္ဂိုလ်ကို ပြောဆိုစွပ်စွဲခြင်း၏အပြစ်ကြောင့် ပဒုမငရဲ၌ ကျရောက်လေ၏။

## ကောကာလိက၏ အတိတ်ဝတ္ထု

ထိုနေ့တရားသဘင်၌ ကောကာလိက၏အဖြစ်ကို ရဟန်းတို့ ပြောဆိုနေကြ၏။ မြတ်စွာဘုရားသည်ကြွလာတော်မူပြီး အဘယ် စကားဖြင့် ပြောကြားနေကြ ပါသနည်းဟု မေးတော်မူ၏။ ဤကောကာလိကအကြောင်းပါဟု လျှောက်ကြားသည်ရှိသော် ဤကောကာလိကသည် ယခုသာမဟုတ်သေး၊ ရှေးအခါကလည်း နှုတ်ကိုမစောင့်စည်း၍ ပျက်စီးခဲ့ရဘူးပေပြီဟု မိန့်တော်မူ၏။ ရဟန်းတို့လျှောက်ကြား၍ အတိတ်ကိုဟောကြားတော်မူ၏။

"ချစ်သားရဟန်းတို့၊ ရဟန်းမည်သည် နှုတ်ကိုစောင့် စည်းခြင်းရှိသဖြင့် သိမ်မွေ့ညက်ညော ငြိမ်သက်စွာကျင့် လေ့ရှိသဖြင့် ပျံ့လွင့်သောစိတ် ကင်းသည်ဖြစ်ပေရာ၏" ဟု မိန့်တော်မူပြီး-

**(၃၆၃) ယော မုခသံယတော ဘိက္ခု၊ မန္တဘာဏီ
အနုဒ္ဓတော။
အတ္ထံ ဓမ္မဉ္စ ဒီပေတိ၊ မဓုရံ တဿ ဘာသိတံ။**

(၃၆၃) အကြင်ရဟန်းသည် နှုတ်ကိုစောင့်စည်းခြင်းရှိ၏၊ ပညာဖြင့် ဆင်ခြင် ပြောဆိုလေ့ရှိ၏။ ပျံ့လွင့်သောစိတ် ကင်းဝေး၏၊ ယောင်လွှားခြင်းမရှိ၊ အနက်အဓိပ္ပါယ်ကိုလည်းကောင်း၊ တရားကိုလည်းကောင်း၊ ဟောပြတတ်၏။ ထိုရဟန်း၏ ဟောပြောသောစကားသည် သာယာချိုမြိန်လှပေ၏။

ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်သို့ ရောက်ကုန်၏။

(ဘိက္ခုဝဂ် သုံးခုမြောက် ကောကာလိကဝတ္ထုပြီး၏။)

# ၂၅။ ဘိက္ခုဝဂ်

## ၄။ ဘုရားကို ပူဇော်ရာအမှန်

### (ဓမ္မာရာမ မထေရ်ဝတ္ထု)

**ငါဘုရားအား ပူဇော်ခြင်းအစစ်မှာ**
**ကျင့်ဝတ်ပဋိပတ်ကို**
**အားထုတ်ခြင်းသာလျှင်ဖြစ်၏။**

(ဓမ္မာရာမော) အစရှိသော ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ ဓမ္မာရာမ မထေရ်ကိုအကြောင်းပြု၍ဟောတော်မူ၏။

**ဝတ္ထုကြောင်းကား ဤသို့တည်း**

မြတ်စွာဘုရားသည် လေးလလွန်လျှင် နိဗ္ဗာန်သို့ဝင်စံကြွသွားမည်ဟု မိန့်ဆိုတော်မူလေလျှင် များစွာသောရဟန်းအပေါင်းတို့သည် ဘုရားအနီးတွင်ပင် ဝိုင်းဝန်းခြံရံလျက် ပုထုဇဉ်ရဟန်းတို့သည် မျက်ရည်စက်လက်ဖြစ်ကြကုန်၏။ အဘယ်သို့ ပြုကြမည်နည်းဟု တီးတိုးစကားဆိုကြကုန်၏။ ရဟန္တာတို့သည်ကား ဓမ္မသံဝေဂသည်ဖြစ်၏။

ဓမ္မာရာမမည်သော ရဟန်းတော်တပါးမူကား မည်သူနှင့်မျှ စကားမပြော၊တပါးတည်းသာဆိတ်ငြိမ်ရာ၌နေလေ့ရှိ၏။ရဟန်းတို့သည်မြတ်စွာဘုရားအား လျှောက်ထားကြ၏။ မြတ်စွာဘုရားသည် ဓမ္မာရာမ မထေရ်ကိုခေါ်စေ၍ မေးတော်မူ၏။ ဓမ္မာရာမ မထေရ်က လျှောက်ထားသည်မှာ-

"ဘုန်းတော်ကြီးတော်မူသောအရှင်မြတ်ဘုရား၊ အရှင်ဘုရားတို့သည် လေးလလွန်မြောက်လျှင် ပရိနိဗ္ဗာန်စံဝင်တော်မူတော့မည်။ တပည့်တော်သည်အရှင်ဘုရားတို့ သက်တော်ထင်ရှား ရှိစဉ်ကပင် အရဟတ္တဖိုလ်သို့ရောက်အောင် ကျင့်ကြံအားထုတ်မည်ဟု ကြံစည်၍ အရှင်ဘုရားတို့ဟောကြားအပ်သော တရားတော်များကိုသာ ကြံစည်ဆင်ခြင် အောက်မေ့နှလုံးသွင်း နေခြင်းဖြစ်ပါသည်"ဟုလျှောက်ထား၏။

မြတ်စွာဘုရားသည် ဓမ္မာရာမအား "သာဓု-သာဓု"ဟု ကောင်းချီးကိုပေးတော်မူ၍-

"ချစ်သားရဟန်းတို့။ ငါဘုရား၌ ချစ်ခင်မြတ်နိုးကုန်သော ရဟန်းတို့သည် ဤဓမ္မာရာမကဲ့သို့သာ ဖြစ်ပေရာ၏။ ငါဘုရားအား ပန်းနံ့သာစသည်ဖြင့် ပူဇော်ခြင်းသည် စင်စစ် ငါဘုရားအား ပူဇော်ခြင်းမမည်။ ကျင့်ဝတ်ပဋိပတ်တရားကို အားထုတ် ဖြည့်ကျင့်သော ပုဂ္ဂိုလ်တို့သည်သာလျှင် စင်စစ် ငါဘုရားကို ပူဇော်သည်မည်ကုန်၏"ဟု မိန့်တော်မူပြီးလျှင်-

**(၃၆၄) ဓမ္မာရာမော ဓမ္မရတော၊ ဓမ္မံ အနုဝိစိန္တယံ။**
**ဓမ္မံ အနုဿရံ ဘိက္ခု၊ သဒ္ဓမ္မာ န ပရိဟာယတိ။**

(၃၆၄) တရား၌သာယာသော၊ တရား၌မွေ့လျော်သော၊ တရားကို အဖန်တလဲလဲ ကြံစည်လေ့ရှိသော၊ တရားကိုမပြတ်အောက်မေ့တတ်သောရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်။

(ဒေသနာတော်၏အဆုံး၌ ထိုဓမ္မာရာမရဟန်းသည် အရဟတ္တဖိုလ်၌ တည်လေ၏။)

(ဘိက္ခုဝဂ် လေးခုမြောက် ဓမ္မာရာမရဟန်းဝတ္ထုပြီး၏)

## ၂၅။ ဘိက္ခုဝဂ်

# ၅။ လာဘ်ကိုမျှော်သော ရဟန်း

(ဝိပက္ခသေဝက ရဟန်းဝတ္ထု)
မိမိရမည့် လာဘ်လာဘကို
မတရားရှာမှီးခြင်းဖြင့်
စက်ဆုတ်ဖွယ်ရာ မဖြစ်စေရာ။

(သလာဘံ နာတိမညေယျ) အစရှိသော ဓမ္မဒေသနာတော်ကို ဝေဠုဝန်ကျောင်း၌ မထင်ရှားသောရဟန်းကိုအကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ထိုရဟန်းသည် ဒေဝဒတ်၏အသင်းအပင်းဖြစ်သော ရဟန်းတပါးနှင့် ချစ်ကျွမ်းဝင်၏၊ တနေ့ဆွမ်းခံယင်း ဒေဝဒတ်၏အသင်းပါရဟန်းနှင့်တွေ့၍ ဤနေရာ၌ဆွမ်းကွမ်း လာဘ်လာဘပေါများ၏၊ နှစ်ရက်သုံးရက် ငါနှင့်အတူနေပါဟုဆို၏၊ထိုရဟန်းသည် ဒေဝဒတ်အသင်းအပင်း၌ နှစ်ရက်သုံးရက်နေပြီး ကျောင်းတော်သို့ပြန်သွား၏၊ ရဟန်းတော်တို့က မြတ်စွာဘုရား အား ဤရဟန်းသည် ဒေဝဒတ်ကို ရည်မှတ်လှူသော လာဘ်ပူဇော်သက္ကာရကိုစားသောက်သုံးဆောင်၏၊ ဤရဟန်းသည် ဒေဝဒတ်အသင်းဝင်ပါတည်းဟု မြတ်စွာဘုရားအား လျှောက်ထားကြ၏၊ မြတ်စွာဘုရားက ထိုရဟန်းကိုခေါ်တော်မူ၍ စစ်မေးတော်မူ၏၊ ထိုရဟန်းက မြတ်စွာဘုရားအား အဖော်ရဟန်းရှိ၍ ဒေဝ

ဒတ်အသင်းအပင်းတွင် နေမိသည်မှန်ပါ၏၊ ဒေဝဒတ်၏အယူ ဝါဒကို နှစ်သက်သည်မဟုတ်ပါဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားက သင်သည် အယူကို မနှစ်သက်သော်လည်း တွေ့မြင်တိုင်းသောသူတို့အား အယူကိုနှစ်သက်သကဲ့သို့ ဟန်ဆောင်လှည့်လည်၏၊ သင်သည် ယခုသာလျှင် ဤသို့ပြုလုပ်သည်မဟုတ်သေး၊ ရှေးအခါကလည်း ပြုလုပ်ခဲ့ဘူးပေပြီဟု မိန့်ကြား၏၊ ရဟန်းတော်တို့က လျှောက်ထားတောင်းပန်၍ အတိတ်ကိုဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း၊မင်းပြု၏။ ထိုမင်း၏မင်္ဂလာဆင်တော်သည် ဆင်မ၏မျက်နှာနှင့်တူသောကြောင့် 'မဟိုလာမုခ' အမည်ရှိ၏။ သီလရှိ၏၊ အကျင့်နှင့်ပြည့်စုံ၏၊ တစ်စုံတယောက်ကိုမျှမညှဉ်းဆဲ။

ညဉ့်အခါတွင် ခိုးသူတို့သည် မင်္ဂလာဆင်တော်၏ ဆင်တင်းကုတ်အနီး၌ထိုင်၍ ခိုးနည်းခိုးဟန်တိုင်ပင်ကြ၏။ ဤသို့ ခိုးမည်၊ ဤသို့ဖောက်မည်၊ ပစ္စည်းရှင်ကိုသတ်မည်၊ နှိပ်စက်မည် စသည်ဖြင့် မည်သူကမည်သို့ပြုလုပ်ရန်တိုင်ပင်ပြီး ထသွားကြ၏။ ဤသို့ပင် နေ့ပေါင်းများစွာ ဆင်တင်းကုတ်သို့လာရောက်၍ မည်သို့ရိုက်မည်၊ မည်သို့သတ်မည်ပြောဆိုကြသဖြင့်ဆင်သည် ငါ့ကိုသင်သည်ဟုအထင်ရှိပြီးလျှင် ဆင်ထိန်းကိုနှာမောင်းဖြင့် မြေကြီး၌ရိုက်ခတ်သတ်၏။ နေ့တိုင်းနေ့တိုင်း ဆင်ထိန်းတို့ကိုသတ်၏။ ဆင်တော်သည် ရူးသွပ်လေပြီဟု မင်းကြီးအားလျှောက်ကြ၏။

ဘုရားအလောင်းတော်သည် ထိုမင်း၏ ပညာရှိအမတ်ဖြစ်၏။ ဆင်တင်းကုတ်သို့သွား၍လေ့လာ၏။ တစုံတရာ ရောဂါမရှိသည်ကို သိရ၏။ သို့ဖြစ်၍ ဆင်ခြင်၏၊ အကြောင်းကို စူးစမ်းအံ့ဟု ညဥ့်အချိန်၌စုံစမ်းစေ၏။ ခိုးသူတို့ပြောစကားကြောင့် ဤသို့ဖြစ်သည်ဟုသိရ၍ ရဟန်းပုဏ္ဏားတို့ကို ဆင်တင်းကုတ်၌ ထိုင်စေ၍ အကျင့်သီလနှင့် စပ်သောစကားတို့ကို ပြောဟောစေ၏။ သီးခံခြင်း၊ ချစ်ခင်ခြင်း၊ အစဉ်သနားခြင်းပြုအပ်၏ဟု ပြောဆိုကြ၏။ ဆင်သည် ထိုအခါမှစ၍ သီလရှိသည် ဖြစ်၏။ မင်းကြီးသည် ''ဆင်သည်ပညာရှိတို့ကိုမှီ၍ ဂုဏ်ကျေးဇူး၌တည်ပေပြီ''ဟုဆို၏။

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာတော်ကို ဆောင်တော်မူပြီး ထိုအခါက 'မဟိလာမုခ' အမည်ရှိသော မင်္ဂလာဆင်တော်သည် ယခု ဝိပက္ခသေဝက ရဟန်းဖြစ်လာသည်။ ပြည့်ရှင်မင်းသည် အာနန္ဒာဖြစ်လာသည်။ ပညာရှိအမတ်ကား ငါဘုရားသာလျှင်တည်းဟု မိန့်တော်မူပြီး တရားတော်ကို ဟောကြားလိုသောကြောင့်-

(၃၆၅) သလာဘံ နာတိမညေယျ၊ နာညေသံ ပိဟယံ စရေ။
အညေသံ ပိဟယံ ဘိက္ခု၊ သမာဓိံ နာဓိဂစ္ဆတိ။

(၃၆၆) အပ္ပလာဘောပိ စေ ဘိက္ခု၊ သလာဘံ နာတိမညတိ။
တံ ဝေ ဒေဝါ ပသံသန္တိ၊ သုဒ္ဓါဇီဝိံ အတန္ဒိတံ။

(၃၆၅) မိမိအား ဖြစ်ပေါ်လာသော လာဘ်ကို မထိမဲ့မြင်မပြုရာ၊ သူတပါး၏လာဘ်ကို လိုချင်တောင့်တ၍လည်း မကျင့်ရာ။ သူတပါး၏ လာဘ်ကိုလိုချင်တောင့်တသော ရဟန်းသည် သမာဓိကိုမရနိုင်။

(၃၆၄) ရဟန်းသည် လာဘ်ပင် နည်းသော်လည်း မိမိလာဘ်ကို မထိမဲ့မြင်မပြုလျှင် ကောင်းသော အသက်မွေးခြင်းရှိသော မပျင်းမရိ လုံ့လရှိသော ထိုရဟန်းကို နတ်တို့သည်ချီးမွမ်းကုန်၏။

(ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်သို့ရောက်ကုန်၏။)

(ဘိက္ခုဝဂ် ငါးခုမြောက် ဝိပက္ခသေဝကရဟန်းဝတ္ထုပြီး၏။)]

ဤ ဤ ဤ

## ၂၅။ ဘိက္ခုဝဂ်

## ၆။ စွဲလမ်းမှု မရှိနှင့်

### (ငါးပါးအဦးကိုလှူသော ပုဏ္ဏားဝတ္ထု)

**ငါ–ငါ၏ဥစ္စာဟု**
**မြတ်နိုးစွဲလမ်းမှုမရှိ။**
**ထိုနာမ်ရုပ်ပျက်စီးသော်လည်း မစိုးရိမ်၊**
**ထိုပုဂ္ဂိုလ်သည် ဘိက္ခုအစစ်ဖြစ်၏။**

(သဗ္ဗသော) အစရှိသော ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ ပဉ္စဂ္ဂဒါယက အမည်ရှိသော ပုဏ္ဏားကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ထိုပုဏ္ဏားသည်လယ်မြေကိုသုတ်သင်သောအချိန်၌ လယ်ဦးအလှူ၊ ကောက်နယ်သောအချိန်၌ နယ်ဦးအလှူ၊ ကောက်နယ်

ပြီး ကျီသို့သွင်းစေ သာအချိန်၌ ကျီဦးအလှူ၊ အိုးခွက်၌ထည့်သော အခါ၌ အိုးခွက်ဦးအလှူ၊ ထမင်း၌ ထည့်သောအခါ၌ ခွက်ဦး အလှူဟူ၍အလှူငါးပါးကိုပေးလေ့ရှိသည်။ ရောက်လာသော သူအား မပေးပဲမစားခဲ့ဘူးချေ။

မြတ်စွာဘုရားသည် ထိုပုဏ္ဏားလင်မယား၌ သောတာပတ္တိ၊ သကဒါဂါမိ၊ အနာဂါမိဟုဆိုအပ်သောဖိုလ်သုံးပါးတို့အကြောင်း ကို မြင်တော်မူသောကြောင့် ပုဏ္ဏားထမင်းစားချိန်၌ ကြွသွား တော်မူ၍ အိမ်ရှေ့၌ရပ်တော်မူ၏၊ ပုဏ္ဏားသည် အိမ်ကိုကျောခိုင်း ၍ စားသောက်နေ၏၊ မြတ်စွာဘုရားကိုမမြင်၊ ပုဏ္ဏေးမသည်မြင် ၏၊ ပုဏ္ဏားကြီးမြင်လျှင် စားနေသည့်ထမင်းကို မုချပေးလှူလိမ့် မည်။ ငါတဖန်ပြန်၍မချက်နိုင်ဟု မြတ်စွာဘုရားကို ပုဏ္ဏားကြီး မမြင်စေရန် နောက်ကျောမှနေ၍ ကာကွယ်ထား၏။ မြတ်စွာ ဘုရားကြွသွားပြီလောဟု မျက်နှာကိုစောင်း၍ ကြည့်၏၊ မြတ်စွာ ဘုရား ရပ်တော်မူ၏၊ ကန်တော့ဆွမ်းပါဟုပြောလျှင် ပုဏ္ဏားကြီး သိမည်စိုး၍ မပွင့်မလင်းပင် ရှေ့သို့တိုး၍ကြွပါဟု ပုဏ္ဏားကြီးကို ပြောသလိုလိုနှင့်ပြော၏၊ မြတ်စွာဘုရားကဦးခေါင်းကိုရမ်းပြ၏၊ လူအပေါင်းတို့ရှိခိုးအပ်သောပုဂ္ဂိုလ်က ငါ့ခသွားဟု ဦးခေါင်း လှုပ်ရမ်းပြသည်ကို ပုဏ္ဏေးမမြင်လျှင် မအောင့်နိုင်ပဲ ရယ်လေ၏၊ မြတ်စွာဘုရားသည် ရောင်ခြည်တော်ကို လွှတ်၏၊ ပုဏ္ဏားကြီး သည် ရောင်ခြည်တော်၏အလင်းဖြင့် မြတ်စွာဘုရားကို မြင်လျှင် ပုဏ္ဏေးမအား အပြစ်တင်၍ စားလက်စ ထမင်းပန်းကန်ကို ယူသွားပြီး-

"အို-အရှင်ဂေါတမ၊ ကျွန်ုပ်သည် ငါးပါးသော အလှူဦးကို ပေးလှူ၍သာလျှင်စားပါ၏၊ဤထမင်းကိုထက်ဝက်ခွဲ၍သာစားပါ၊ တဝက်ကျန်ပါသေး၏၊ ဤထမင်းကို ခံယူပါမည်လော"ဟု မေး၏၊ မြတ်စွာဘုရားက-

"ဤထမင်းသည်လည်း ငါဘုရားအား လျှောက်ပတ်၏၊ အလယ်၌ခွဲ၍ တဝက်စားပြီးသော ထမင်းသည်လည်း ငါဘုရား အား လျှောက်ပတ်၏၊ လုံးဝစားပြီးကျန်သော ထမင်းခဲသည် လည်း ငါဘုရားအား လျှောက်ပတ်သည်သာတည်း။ အို- ပုဏ္ဏား ထိုစကားသည်မှန်၏၊ ငါဘုရားတို့သည် သူတပါးတို့ပေး ကမ်းသည်ကိုမှီ၍ အသက်ရှည်ကြရသော ပြိတ္တာနှင့်တူသည်"ဟု မိန့်ဆိုတော်မူပြီး-

နောက်တဖန်ဆက်လက်၍ "အို-ပုဏ္ဏား၊ သူတပါးတို့ ပေး ကျွေးသည်ကိုယူ၍ အသက်ရှင်ရသော ရဟန်းတို့သည် အဦးမှ လည်းကောင်း၊ အလည်မှလည်းကောင်း၊ အကြွင်းအကျန်မှ လည်းကောင်း၊ အကြင်ဆွမ်းကိုရကုန်ရာ၏။ ထိုဆွမ်းကိုနှစ်သက် ချီးမွမ်းခြင်းငှာ မထိုက်၊ နှိမ့်ချပြောဆို ခြင်းငှာလည်း မထိုက်၊ ထိုပုဂ္ဂိုလ်ကိုပညာရှိတို့သည် မုနိမည်၏ဟူ၍ ပြောကြားကုန်၏။ ထိုစကားကိုကြားလျှင်- ပုဏ္ဏားသည်အလွန်ကြည်ညိုလှ၍-

"အံ့ဩဖွယ်ကောင်းလှပါသည်၊တကျွန်းလုံး၏အရှင်ဟုဆိုအပ် သော သာကီဝင်မင်းသည် အသင်၏စားကြွင်းကို အလိုမရှိဟု မပြောဆိုပဲ ဤသို့ပြောကြားလေသည်"ဟု ချီးမွမ်း၍ ထပ်မံ လျှောက်မေးပြန်၏။

"အရှင်ဘုရား၊ မိမိတပည့်တို့ကိုအဘယ်အကြောင်းဖြင့် ဘိက္ခုဟု ခေါ်ထိုက်ပါသနည်း"ဟု မေးပြန်၏။

မြတ်စွာဘုရားသည် ဆင်ခြင်သည် ရှိသော် ထိုပုဏ္ဏားနှင့် ပုဏ္ဏေးမတို့သည် ကဿပဘုရားရှင်လက်ထက်၌ နာမ်တရား ရုပ်တရား ခွဲဝေဟောကြားသော ပုဂ္ဂိုလ်တို့၏ တရားကို နာကြားရဘူးပြီး နာမ်ရုပ်တို့ကိုမပယ်ပဲ တရားဟောကြားခြင်းငှာသင့်၏ဟု ဆင်ခြင်တော်မူ၍-

**(၃၆၇) သဗ္ဗသော နာမရူပသ္မိံ၊ ယဿ နတ္ထိ မမာယိတံ။**
**အသတာ စ န သောစတိ၊ သ ဝေ ဘိက္ခူတိ ဝုစ္စတိ။**

(၃၆၇) အကြင်ပုဂ္ဂိုလ်အား အလုံးစုံသော နာမ်ရုပ်တို့၌ ငါ၏ ဥစ္စာဟု စွဲလမ်းခြင်းမရှိ၊ မြတ်နိုးဖွယ် အထင်အရှား မရှိသောကြောင့်လည်း ထိုနာမ်ရုပ်တို့ ပျက်စီးသော်လည်းမစိုးရိမ်၊ ထိုပုဂ္ဂိုလ်ကို ဘိက္ခုအစစ်ဟူ၍ ဆိုအပ်၏။

(ဒေသနာတော်၏အဆုံး၌ ပုဏ္ဏားဇနီးမောင်နှံတို့အနာဂါမိဖိုလ်၌ တည်လေ၏။)

(ဘိက္ခုဝဂ် ငါးခုမြောက် ငါးပါးအဦးကိုလှူသော ပုဏ္ဏားဝတ္ထုပြီး၏)

## ၂၅။ ဘိက္ခုဝဂ်

## ၇။ နိဗ္ဗာန်သို့ ရောက်ရာအကြောင်းများ

### (တရားစောင့် ခိုးသားများ)

(မေတ္တာဝိဟာရီ) အစရှိသော ဒေသနာတော်ကို ဇေတဝန်ကျောင်း၌များစွာသော ရဟန်းတို့ကိုအကြောင်းပြု၍ဟောတော်မူ၏။)

### ဝတ္ထုကြောင်းကား ဤသို့တည်း

အရှင်မဟာကစ္စည်းမထေရ်သည် အဝန္တိတိုင်းရွာတို့၌အ မျိုးအိမ်ရှိရာမြို့ကိုအမှီပြု၍ ပဝတ္တတောင်၌ သီတင်းသုံးစဉ် ကောဋိကဏ္ဏသောဏ အမည်ရှိသော ဥပါသိကာသည် တရားတော်၌ ကြည်ညို၍ ရဟန်းပြုခွင့်တောင်း၏၊ မထေရ်က “ငါ့ရှင်သောဏ တသက်လုံးထမင်းတထပ်ကိုစားရသော၊ တခုတည်းသောအိပ်ရာ၌ အိပ်ရသော၊သာသနာတော်၏မြတ်သောအကျင့်သည် ခဲယဉ်းလှ၏”ဟု နှစ်ကြိမ်တိုင်တိုင် တားမြစ်၏၊ သုံးကြိမ်မြောက်မှ ရဟန်းပြုပေး၏။

ဒက္ခိဏပထတိုင်း၌ ရဟန်းအလွန်နည်းသဖြင့် သောဏရဟန်းသည် ရဟန်းအဖြစ် သုံးနှစ်ကြာမှ ဥပဇ္ဈာယ်ဆရာကို ပန်ကြားပြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားကို ဖူးမြင်ရ၏။

မြတ်စွာဘုရားသည် တခုတည်းသော ဂန္ဓကုဋီ၌သျှင် အတူ အိပ်ရန် သနားခွင့်ပြု၏။ မိုးသောက်အခါ၌ မြတ်စွာဘုရားက သောဏရဟန်းအားတိုက်တွန်း၍တဆယ့်ခြောက်ပါးသောဝဂ်၊ ရှစ်ပါးသောဝဂ် ရှိကုန်သော ဘုရားစကား တော်တို့ကို သရဘညဝတ်ဖြင့် ရွတ်ဆို၏။ မြတ်စွာဘုရားသည် အလွန် ဝမ်း မြောက်သဖြင့် သာဓုခေါ်တော်မူ၏။

မြတ်စွာဘုရား၏ သာဓုခေါ်သံကြောင့် နဂါး ဂဠုန်မှစ၍ ဗြဟ္မာပြည်တိုင်အောင် တပြိုင်နက် သာဓုခေါ်ကြ၏။ ယူဇနာ တရာ့နှစ်ဆယ်ဝေးကွာသောအရပ်မှ မိခင်၏နေအိမ်တွင် စောင့် သောနတ်သည်လည်း သာဓုခေါ်၏။ထိုအခါ ဥပါသိကာမသည် သာဓုခေါ်သံကြား၍ မေးမြန်း၏။ အိမ်စောင့်နတ်မှန်း သိ၍ အသင်သည် ရှေးက ငါ့ကို ကောင်းချီးမပေး၊ ယခုမှ အဘယ် ကြောင့်ပေးသနည်း'' ဟု မေး၏။ ''သင့်ကို ပေးသည်မဟုတ်၊ သင်၏သား သောဏမထေရ်အား ပေးခြင်းဖြစ်သည်။ သောဏ မထေရ်သည် မြတ်စွာဘုရားနှင့် အတူ သီတင်းသုံး၍ တရား ဟော၏။ မြတ်စွာဘုရားသည် ကောင်းချီး ပေးတော်မူ၏။ ထို့ကြောင့် ငါသည်လည်းသောဏမထေရ်ကို ကောင်းချီး ပေး ၏'' ဟု ပြော၏။

မိခင်သည် အလွန်အံ့ဩဝမ်းမြောက်စွာဖြင့်''အသင်နတ်မင်း မည်သို့ ပြောသနည်း၊ ကျွန်တော်မ၏ သားကို တရားဟော သလော''ဟု ထပ်၍မေး၏။ ''အသင်၏သားက မြတ်စွာဘုရား အား တရားဟောပါသည်''ဟု ပြောဆိုလျှင် မိခင်သည်တကိုယ် လုံး ပီတိဖြင့် ဖုံး၍သွား၏။ သားပြန်လာလျှင် တရားနာအံ့ဟု လည်း အားခဲ၍ထား၏။

သောဏာမထေရ်သည် နှစ်ရက်သုံးရက်မျှ မြတ်စွာဘုရားအထံ တော်၌နေပြီးဆရာဖြစ်သူအရှင်မဟာကစ္စည်းထံပြန်ခဲ့ပြီး မထေရ် နှင့်တကွ ဆွမ်းခံကြွ၏။မိခင်၏ အိမ်ရှေ့သို့ရောက်လျှင် သားကို မြင်၍ အလွန်ကြည်ညိုစွာ ကောင်းစွာလုပ်ကျွေးပြီး နတ်၏ ပြော စကားကို ပြန်ကြား၍ လျှောက်ထား၏။ မြတ်စွာဘုရားကိုပင် တရားဟောကြားသမျှကို ပြန်လည်ဟောကြားပါရန် တောင်း ပန်၏။ကျယ်ဝန်းသောနေရာ၌ မဏ္ဍပ်ဆောက်၍ တရားတော်ကို နာယူကြရန် စီစဉ်၏။

## မတုန်မလှုပ်တရားနာခြင်း

မိခင်ဥပါသိကာမသည် တရားနာအံ့သောငှာ အိမ်၌အစောင့် အမျိုးသမီး တယောက်ကိုသာ ထား၍ တအိမ်လုံး သွားကြ၏။ ထိုအခါ ကိုးရာမျှရှိသော ခိုးသူတို့သည် ဤဥပါသိကာမကြီး၏ အိမ်တွင် ခိုးယူရန် စောင့်နေသည်မှာ ကြာပြီဖြစ်၏။ ထိုဥပါ သိကာမကြီး၏အိမ်မှာ တိုက်အိမ်ဖြစ်၍အဖက်ဖက်မှ လုံခြုံသည်၊ ခိုးသူတို့သည် ဥမင်ကို တူး၍ မြေအောက်ဥမင် ဖောက်ပြီး ခိုးယူ ကြ၏။အကယ်၍ ဥပါသိကာမကြီးသိ၍ တရားနာရာမှ ပြန်လာ ခဲ့လျှင် ဥပါသိကာမကြီးကို သတ်ရန် ခိုးသူ အကြီးအမှူးသည် ဥပါသိကာမကြီး တရားနာရာအနီး၌ စောင့်နေ၏။

အိမ်မှအစောင့်အမျိုးသမီးသည် ခိုးသူတို့ငွေထားရာ အခန်း ကို ဝင်ရောက်ယူငင်သည်ကိုမြင်လျှင် ဥပါသိကာမကြီးတရားနာ ရာသို့ သွားရောက်၍ အကြောင်းကြား၏။ အမေသည် ပြတ်၏။ ''ပြန်သွား၊ ကုန်ပစေ တရားနာတာကို လာမနှောက်ယှက်နဲ့'' ဟု ပြောလိုက်၏။အမျိုးသမီးသည် ပြန်သွား၏။ ခိုးသူတို့သည်

ငွေထားရာ တိုက်ခန်းကို အကုန်အစင် ယူပြီးနောက် ရွှေထားရာ တိုက်ခန်းကို ဖောက်ကြပြန်၏။ အခစောင့်အမျိုးသမီးကဘဖန် တရားနာရာသို့ပြေးလာပြီး ရွှေတိုက်ကို ဖောက်နေပြီဟု ပြော၏။ အမေသည် တရားတော်၌သာ အာရုံရှိသည် "ယူချင်သလောက် ယူပါစေ"ဟု ပြော၍ လွှတ်လိုက်ပြန်၏။ "နောက်ထပ် လာ မပြောနှင့်"ဟု ခြိမ်းခြောက်ပြောဆို၍ လွှတ်လိုက်၏။

အိမ်သို့ ပြန်ထလိုက်လာပါက လမ်းတွင် သတ်မည်ဟု စောင့်နေသောခိုးသူ အကြီးအကဲသည် ထိုအကြောင်းအရာအားလုံးကို သိ၏။ မြင်၏။ ကြား၏။ ခိုးသူသည် တုန်လှုပ်လာ၏။ ဤသို့ တရားတော်၌ စွဲမြဲလှသူ၏ ပစ္စည်းကို ယူမိသူအား မိုးကြိုးစက်ကျ၍ ဦးခေါင်းကို ခွဲရာသည်ဟု ကြောက်လန့်တုန်လှုပ်လာ၏။ တပည့်ကိုးရာတို့ထံ အမြန်သွားရောက်၍ "ဤပစ္စည်းများကို နေရာတကျ ပြန်ထားပေတော့၊ ဤပစ္စည်းများကို ယူမိလျှင် မိုးကြိုးပစ်ခံရလိမ့်မည်"ဟု ပြောဆို၏။ ခိုးသူတို့သည် ယူပြီးပစ္စည်းများကို နေရာတကျ ပြန်ထားပေ၏။

ဤစကား မှန်၏။ "ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရိ"
ဟူသောတရားသည် တရားကို ကျင့်လေ့ရှိသောပုဂ္ဂိုလ်
တို့အား စောင့်ရှောက်ပေ၏ဟု ဟောတော်မူသတည်း။

ရှင်သောဏ မထေရ်သည် တညဉ့်ပတ်လုံး တရားတော်ကို ဟောကြား၍ မိုးလင်းခြင်းသို့ရောက်သော် တရားဟောပလ္လင်မှ ဆင်း၏။ ခိုးသူအကြီးအမှူးသည် အမေ၏ခြေရင်း၌ ဝပ်စင်း၍ တောင်းပန်၏။ ခိုးသူက "အမေ့အား သတ်ရန် ကြံမိပါသည် သည်းခံတော်မူပါ"ဟု ဆို၏။ အမေက "ငါသည်းခံပါ၏"ဟု ဝမ်းမြောက်ဝမ်းသာ ပြော၏။ ခိုးသူအကြီးအမှူးက "အမေ

သည်းခံပါလျှင် အမေ့သားထံ၌ ရဟန်းပြုကြရန် ခွင့်တောင်းပေးပါ”ဟု တောင်းပန်၏။ အမေသည် သားကို ရှိခိုး၍ ခိုးသူတို့အား ရဟန်းပြုပေးရန် တောင်းပန်၏။ သောဏမထေရ်သည် ခိုးသူတို့အား ရဟန်းပြုပေး၏။ ခိုးသူကိုးရာရဟန်းဖြစ်ပြီး တပါးတပါးစီကို အသီးသီးသောကမ္မဋ္ဌာန်းကို ပေး၏။ ရဟန်းကိုးရာတို့သည် တောင်တခုသို့တက်ပြီး သစ်ပင်တပင်၏အရင်း၌ တရားကို အားထုတ်ကြကုန်၏။

ယူဇနာ တရာ့နှစ်ဆယ်အထက်၌ရှိသော ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးလျက် ထိုရဟန်းတို့ကို ကြည့်ရှုတော်မူပြီး ထိုရဟန်းတို့၏ စရိုက်နှင့်လျော်စွာ တရားဒေသနာကို ပိုင်းခြားမှတ်သား၍ ကိုယ်ရောင်တော်ကို နှံ့စေလျက် မျက်မှောက်၌ ထိုင်၍ ဟောကြားတော် မူဘိသကဲ့သို့ ဟောကြားတော်မူသည်ကား-

(၃၆၈) မေတ္တာဝိဟာရီ ယော ဘိက္ခု၊
ပသန္နော ဗုဒ္ဓသာသနေ။
အဓိဂစ္ဆေ ပဒံ သန္တံ၊
သင်္ခါရူပသမံ သုခံ။

(၃၆၉) သိဉ္စ ဘိက္ခု ဣမံ နာဝံ၊
သိတ္တာ တေ လဟုမေဿတိ။
ဆေတွာ ရာဂဉ္စ ဒေါသဉ္စ၊
တတော နိဗ္ဗာနမေဟိသိ။

(၃၇၀) ပဉ္စ ဆိန္ဒေ ပဉ္စ ဇဟေ၊
ပဉ္စ စုတ္တရိ ဘာဝယေ။
ပဉ္စသင်္ဂါတိဂေါ ဘိက္ခု၊
“ဩဃတိဏ္ဏော”တိ ဝုစ္စတိ။

(၃၇၁) ဈာယ ဘိက္ခု မှာ ပမာဒေါ၊
မာ တေ ကာမဂုဏေ ရမေဿု စိတ္တံ။
မာ လောဟဂုဠံ ဂိလီ ပမတ္တော၊
မာ ကန္ဒိ "ဒုက္ခမိဒ"န္တိ ဍယှမာနော။

(၃၇၂) နတ္ထိ ဈာနံ အပညဿ၊
ပညာ နတ္ထိ အဈာယတော။
ယမှိ ဈာနဉ္စ ပညာ စ၊
သ ဝေ နိဗ္ဗာနသန္တိကေ။

(၃၇၃) သုညာဂါရံ ပဝိဋ္ဌဿ၊
သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတိ ဟောတိ၊
သမ္မာ ဓမ္မံ ဝိပဿတော။

(၃၇၄) ယတော ယတော သမ္မသတိ၊
ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတီ ပီတိပါမောဇ္ဇံ
အမတံ တံ ဝိဇာနတံ။

(၃၇၅) တတြာယမာဒိ ဘဝတိ၊
ဣဓ ပညဿ ဘိက္ခုနော။
ဣန္ဒြိယဂုတ္တိ သန္တုဋ္ဌိ၊
ပါတိမောက္ခေ စ သံဝရော။

(၃၇၆) မိတ္တေ ဘဇဿု ကလျာဏေ၊
သုဒ္ဓါဇီဝေ အတန္ဒိတေ။
ပဋိသန္ထာရဝုတျဿ၊
အာစာရကုသလော သိယာ။
တတော ပါမောဇ္ဇဗဟုလော၊
ဒုက္ခဿန္တံ ကရိဿတိ။

(၃၆၈) မေတ္တာတရား ပွားများလေ့ရှိသော သာသနာတော်၌ ကြည်ညိုသောရဟန်းသည် သင်္ခါရတို့၏ ချုပ်ငြိမ်းရာ အေးချမ်းသော နိဗ္ဗာန်ကိုရနိုင်၏။

(၃၆၉) အိုရဟန်း၊ ဤ (ခန္ဓာကိုယ်တည်းဟူသော) လှေမှ (မိစ္ဆာဝိတက်ဟူသောရေကို) ပက်ထုတ်လော့၊ ထိုသို့ ပက်ထုတ်ပြီးသောလှေသည် သံသရာတဖက်ကမ်းသို့ လျင်စွာသွားနိုင်လတံ့၊ ရာဂနှင့် ဒေါသကိုဖြတ်နိုင်လျင် နိဗ္ဗာန်သို့ဆိုက်လတံ့။

(၃၇၀) အောက်သံယောဇဉ် ငါးပါးကို ဖြတ်လော့၊ အထက်သံယောဇဉ်ငါးပါးကိုပယ်လော့၊ သဒ္ဓါစသော တရားငါးပါးကို ပွားလော့၊ လောဘစသော ငြိတွယ်ခြင်းငါးပါးမှ လွတ်မြောက်သော ရဟန်းကို သံသရာဝဲဩဃမှ လွတ်မြောက်ပြီးသူဟု ဆိုအပ်၏။

(၃၇၁) အိုရဟန်း။ ။(အနိစ္စ စသည်ဖြင့်) စျာန်ကိုရှုလော့၊ မမေ့မလျော့နှင့်၊ သင်၏စိတ်ကာမဂုဏ်၌ မမွေ့လျော်စေလင့်၊ မေ့လျော့၍ သံတွေခဲကိုမမျိုလင့်၊ (အပူမီးလောင်လျင်) ဆင်းရဲလှ၏ဟု မငိုကြွေးလင့်။

(၃၇၂) ပညာမရှိသောသူအား (သမာဓိ) စျာန်မရှိ၊ သမာဓိစျာန်မရှိသူအား ဝိပဿနာပညာမရှိ၊ အကြင်သူ၌ စျာန်သည်လည်းကောင်း၊ ဝိပဿနာပညာသည်လည်းကောင်းရှိ၏၊ ထိုသူသည် နိဗ္ဗာန်နှင့်အမှန်နီးတော့သည်။

(၃၇၃) ဆိတ်ငြိမ်ရာ အရပ်သို့ခိုဝင်၍ ကောင်းစွာတရားကို ရှုမှတ်သော ငြိမ်းအေးသော စိတ်ရှိထသော ရဟန်းတို့အား လူသာမန်တို့နှင့် မထိုက်သော မွေ့လျော်ခြင်းသည် ဖြစ်၏။

(၃၇၄) ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းကို သုံးသပ်ဆင်ခြင်တိုင်းဆင်ခြင်တိုင်း၊ ပီတိပါမောဇ္ဇ နှစ်သက်ဝမ်းမြောက်မှုကို ရ၏၊ ထိုနှစ်သက်ဝမ်းမြောက်မှုပင် တရားမှန်ကိုသိသောပညာရှိတို့အတွက် နိဗ္ဗာန်ရောက်ကြောင်းပင်တည်း။

(၃၇၅) ဤသာသနာတော်၌ ဣန္ဒြေကိုစောင့်ထိန်းခြင်း၊ ရောင့်ရဲခြင်း၊ ပါတိမောက္ခသံဝရသီလ၌ စောင့်စည်းခြင်းတို့သည် ပညာရှိရဟန်းအတွက် နိဗ္ဗာန်ရောက်ကြောင်းအကျင့်၏ အစပေတည်း။

(၃၇၆) စင်ကြယ်သောအသက်မွေးမှုရှိ၍ မပျင်းရိသော မိတ်ဆွေကောင်းတို့ကို ဆည်းကပ်လော့၊ အာမိသဓမ္မပဋိသန္ထာရ နှစ်ပါးတို့၌ ပြည့်စုံစေရာ၏၊ ကျင့်ဝတ်တို့၌ လိမ္မာရာ၏၊ ထိုအကြောင်း တို့ကြောင့် များစွာဝမ်းမြောက်ခြင်းဖြစ်၍ ဝဋ္ဋဆင်းရဲ၏အဆုံးကို ပြုလတံ့။

ဤဒေသနာတော်၏ တဂါထာ တဂါထာအဆုံး၌ တရာတရာသော ရဟန်းအပေါင်းတို့သည် ထိုင်နေရာထိုင်နေရာ အရပ်၌သာလျှင် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၍ ထိုရဟန်း တို့သည် ကောင်းကင်ခရီးဖြင့် ပျံတက်ကြပြီးသော် ယူဇနာတရာ့နှစ်ဆယ်ဝေးသော မြတ်စွာဘုရား၏ရှေ့တော်၌ရောက်၍ ခြေတော်ကိုရှိခိုးကုန်၏။

(ဘိက္ခုဝဂ် ခုနစ်ခုမြောက် ရဟန်းများစွာတို့ဝတ္ထုပြီး၏။)

## ၂၅။ ဘိက္ခုဝဂ်

## ၈။ မုလေးပန်းပမာ ကျင့်ဆောင်ရာ၏

(ရဟန်းငါးရာဝတ္ထု)

မုလေးပန်းများ ရင့်ရော်သွားသော်
မုလေးပန်းပင် စွန့်သည့်အင်သို့
ရာဂဒေါသ စသည့်အပြား ဤနှစ်ပါးကို
ပြတ်တောက်ကင်းစွာ စွန့်ကြပါလော့။

(ဝဿိ ကာဝိယ ပုပ္ဖါနိ) အစရှိသော ဒေသနာ တော်ကို ဇေတဝန် ကျောင်းတော်၌ ရဟန်းငါးရာအား အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ရဟန်းငါးရာတို့သည် မြတ်စွာဘုရားထံ ကမ္မဋ္ဌာန်းကို သင်ယူကြပြီး တော၌တရားအားထုတ်ကြယင်း၊ နံနက်အခါ ပွင့်လန်းစွာသောမုလေးပန်းတို့သည် ညနေချမ်းအခါ အညှာမှကျွတ်၍ ကြွေကုန်သည်ကို မြင်ကုန်၍ ရဟန်းတို့က အသင်တို့ အညှာမှ ကျွတ်လွှတ် ကြွေကျခြင်းထက်ဦးစွာငါတို့သည် ရာဂအစရှိသည် တို့မှ လွတ်မြောက်ကုန်အံ့ ဟု သတိ သံဝေဂ ဖြင့် မိမိတို့ ကိုယ်ကို ဆုံးမ၍ လုံ့လပြု ကာအားထုတ်ကြကုန်၏။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ ထိုင်တော်မူလျက်ပင် ရဟန်းတို့ထံ အလင်းရောင်ဖြန့်၍ ဟောကြားတော်မူသည်မှာ

(၃၇၇) ဝဿိကာဝိယ ပုပ္ဖါနိ၊ မဒ္ဒဝါနိ ပမုဉ္စတိ။
ဧဝံ ရာဂဉ္စ ဒေါသဉ္စ၊ ဝိပ္ပမုဉ္စေထ ဘိက္ခဝေါ။

(၃၇၇) ရဟန်းတို့ ၊မုလေးပန်းပင်တို့သည် ရင့်ရော်သောအပွင့်တို့ကို စွန့်လွှတ်ပြီး သကဲ့သို့ သင်တို့သည် ရာဂကို လည်းကောင်း၊ ဒေါသကို လည်းကောင်း၊ စွန့်လွှတ်ကြကုန်လော့။

(ဒေသနာတော်၏ အဆုံး၌ထိုရဟန်းအားလုံးတို့ အရဟတ္တဖိုလ်၌ တည်ကြကုန်၏။)

(ဓမ္မပဒ ဘိက္ခုဝဂ်ရှစ်ခုမြောက်ရဟန်းငါးရာဝတ္ထုပြီး၏။)

## ၂၅။ ဘိက္ခုဝဂ်

## ၉။ ငြိမ်သက်သောရဟန်း

(သန္တကာယမထေရ်ဝတ္ထု)

ရဟန်းတို့သည်၊ ကိုယ်နှုတ်နှလုံးတို့
တည်ကြည်ငြိမ်သက်စွာ
စောင့်ရှောက်ခြင်းဖြင့်
အတွင်းရာဂမီးငြိမ်းပြီးသည်ကြောင့်
ငြိမ်သက်သူဟု ဆိုအပ်၏။

(သန္တကာယော) အစရှိသော ဒေသနာတော်ကို ဇေတဝန်ကျောင်း၌ သန္တကာယမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

ထိုမထေရ်သည် လက်ခြေတို့လုံး၀ လှုပ်ခြင်းမရှိ၊ ငြိမ်သက်စွာ အမြဲ နေလေ့ရှိ၏။ ထိုအကြောင်း ကို မြတ်စွာ ဘုရား အား လျှောက်ထား၏။ ထိုအခါမြတ်စွာဘုရားက ရဟန်းမည်သည် ဤမထေရ်ကဲ့သို့ ကိုယ်အစရှိသည်တို့ ငြိမ်သက် သဖြင့်သာလျှင် ဖြစ်ပေရာ၏ဟု ဟောကြားတော်မူပြီးနောက်

(၃၇၈) သန္တကာယော သန္တဝါစော၊
သန္တဝါ သုသမာဟိတော။
ဝန္တလောကာမိသော ဘိက္ခု၊ ဥပသန္တောတိ ဝုစ္စတိ။

(၃၇၈) ကောင်းစွာတည်ကြည်သည် ဖြစ်၍ငြိမ်သက်သောကိုယ်၊ငြိမ်သက် သောနှုတ်၊ ငြိမ်သက်သောစိတ်ရှိသော လောကီစည်းစိမ် ဒဿရှိန် အစော် စသည်ကို ထွေးအန်ပြီးသော ရဟန်းကို ငြိမ်းအေးသောရဟန်း ဟူ၍ ဆိုအပ်၏။

(ဒေသနာတော်၏ အဆုံး၌ ထို သန္တကာယ မထေရ်သည် အရဟတ္တဖိုလ်၌တည်ပေ၏။)

(ဘိက္ခုဝဂ္ဂကိုးခုမြောက် သန္တကာယမထေရ်ဝတ္ထုပြီး၏)

## ၂၅။ ဘိက္ခုဝဂ်

# ၁၀။ ကိုယ့်ကိုယ်ကို စောင့်ရှောက်

## (နင်္ဂလမထေရ်ဝတ္ထု)

ကိုယ့်ကိုယ်ကိုစောင့်ရှောက်
ကိုယ့်ကိုယ်ကို နှိုးဆော်
ကိုယ့်ကိုယ်ကိုစုံစမ်း
ကိုယ့်ကိုယ်ကိုသာကိုးကွယ်ရာအရှင်၊
ကိုယ့်ကိုယ်ကိုသာ ခိုလှုံရာဖြစ်၏။

(အတ္တနာ စောဒယတ္တာနံ) အစခံသော ဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ နင်္ဂလ မထေရ် ကို အကြောင်းပြု၍ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကားဤသို့တည်း

အလွန်ဆင်းရဲ၍ သူတပါး အခစား အဖြစ် ပင်ပန်း ကြီးစွာ လုပ်ကိုင်ရသောသူတယောက်ကို ရဟန်းတော်တပါး တွေ့မြင်၍ ရဟန်းပြုရန်တိုက်တွန်းပြီး သူထမ်းလာသော ထွန်တုံးနှင့် တကွ ဇေတဝန်ကျောင်းတော်သို့ခေါ်ဆောင်ကာ မိမိလက်ဖြင့်ရေချိုး စေပြီးလျှင် ရဟန်းပြုပေး၏။

ထိုသူ၏ ပုဆိုးပိုင်းနှင့် ထွန်တုံးငယ်ကို ကျောင်းအပြင် သစ်ပင်၏ခွကြား၌တင်ထားလေ၏။ ထိုရဟန်းသည် နင်္ဂလမထေရ်

ဟုခေါ်တွင်၏။ များပြားသော လာဘ်လာဘ ပူဇော်သက္ကာရ ရရှိ၍ လူထွက်လိုစိတ်ပေါက်လာ၏။ လူထွက်လိုစိတ်ပေါက်လာ သောအခါ သစ်ပင်ရှိရာသွား၍ သစ်ပင်ခွကြားမှ ပုဆိုးပိုင်းနှင့် ထွန်တုံးငယ်ကို စေ့စေ့ကြည့်ပြီး -

"ဟယ်....အရှက်မရှိတဲ့သူ၊ ဟယ်.... အရှက်မရှိတဲ့သူ၊ ဒီပုဆိုး ပိုင်းကိုပြန်ဝတ် လူထွက်ပြီး ဒီထွန်တုံးကို ထမ်းသူတပါးအခစား ပြန်လုပ်ချင်သေးသလား" ဟု ကိုယ့်ကိုယ်ကိုဆုံးမ၍ ငြိမ်သက် သောစိတ်ရှိမှ ပြန်လာခဲ့၏။ နောက်ထပ်တဖန်ဤသို့လူထွက်လို စိတ် ပေါ်လာပြန်လျှင် ဤသို့ပင်ပုဆိုးပိုင်းဆီသို့သွား၍ထွန်တုံး ကိုကြည့်ကာ မိမိကိုယ်ကို ဆုံးမပြီး စိတ်ငြိမ်သက်မှပြန်လာခဲ့၏။

ဤသို့မကြာခဏ သွားသည်ကို ရဟန်းတို့ မြင်လျှင် "သင် အဘယ်သို့ သွားသနည်း" ဟု မေးကြ၏။ နင်္ဂလ မထေရ်က "တပည့်တော်၏ ဆရာထံသွားပါသည်"ဟုပြော၏။ ထို့နောက် တဖန် နင်္ဂလမထေရ် ထိုအရပ်သို့ သွားရောက် သည်ကို မတွေ့ လေလျှင် ရဟန်းတော်တို့က "အသင့်ဆရာထံ မသွားပြန် ဘူး လား"ဟု မေးကြ၏။ ထိုအခါ နင်္ဂလမထေရ်က"မှန်ပါ၏ ။ တပည့်တော်တွင်နှီးနှော ရောယှက်ခြင်း ပြတ်၍မသွားတော့ပါ" ဟုပြော၏။ ထိုအခါ ရဟန်းတို့က" နင်္ဂလမထေရ်သည်မဟုတ် မမှန် အရဟတ္တဖိုလ် စကားကိုပြောဆိုပါသည်" ဟု မြတ်စွာ ဘုရားအားလျှောက်ထား၏။

မြတ်စွာဘုရားသခင်က "ချစ်သား ဟုတ် မှန် ပေ၏၊ ငါ၏ သားတော်သည် မိမိသည်ပင် မိမိကိုယ်ကိုပြန်လည်ဆုံးမ၍ ရဟန်း ကိစ္စပြီးဆုံးလေပြီ"ဟု မိန့်ဆိုတော်မူပြီး တရားတော်ကို ဟော ကြားတော်မူလိုသောကြောင့်-

(၃၇၉) အတ္တနာ စောဒယတ္တာနံ၊ ပဋိမံသေထ အတ္တနာ။
သော အတ္တဂုတ္တော သတိမာ၊ သုခံ ဘိက္ခု ဝိဟာ
ဟိသိ။

(၃၈၀) အတ္တာ ဟိ အတ္တနော နာထော၊
(ကော ဟိ နာထော ပရော သိယာ)
အတ္တာ ဟိ အတ္တနော ဂတိ၊
တသ္မာ သံယမ မတ္တာနံ။ အဿံ ဘဒြံ ဝ ဝါဏိဇော

(၃၇၉) မိမိသည်သာလျှင် မိမိကိုယ်ကို တိုက်တွန်းနှိုးဆော်စေဘိလော့၊ မိမိသည်ပင်လျှင် မိမိကိုယ်ကို စုံစမ်းစစ်ဆေးစေဘိလော့၊ အသင်ရဟန်းသည့် ဤသို့ပြုသည်ရှိသော် မိမိကိုယ်သည်ပင် လုံခြုံသောသတိရှိသည် ဖြစ်၍ ချမ်းသာစွာနေရပေလတ့်။

(၃၈၀) မိမိကိုယ်သည်သာလျှင် မိမိ၏ ကိုးကွယ်ရာ ဖြစ်၏၊ မိမိမှတပါးသော အဘယ်သူသည်မှိုခိုရာဖြစ်ပါအံ့နည်း၊ မိမိကိုယ်ကိုသာမိမိခိုလှုံကိုးကွယ်ရာသည် ဖြစ်သောကြောင့် ကုန်သည်သည် ကောင်းမွန်သောမြင်းကို မပြတ်စောင့်ရှောက်သကဲ့သို့ အသင်သည်လည်း မိမိကိုယ်ကို မပြတ်စောင့်ရှောက်လေလော့။

(ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်၌တည်လေ၏။)

(ဘိက္ခုဝဂ် ဆယ်ခုမြောက် နင်္ဂလကုလမထေရ်ဝတ္ထု ပြီး၏။)

❋ ❋ ❋

## ၂၅။ ဘိက္ခုဝဂ်

## ၁၁။ နိဗ္ဗာန်ရောက်ကြောင်း အမှန်

## (ဝက္ကလိမထေရ် ဝတ္ထု)

သာသနာတော်၌ ကြည်ညိုသောရဟန်းသည်
ငြိမ်သက်အေးမြသော သင်္ခါရတရားတို့၏
ချုပ်ငြိမ်းရာ
နိဗ္ဗာန်သို့ ရောက်ရ၏။

(ပါမောဇ္ဇ ဗဟုလော) အစရှိသော ဒေသနာတော်ကို ဝေဠုဝန်ကျောင်းတော်၌ ဝက္ကလိမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်မှ ဝက္ကလိမည်သော ပုဏ္ဏားသည် မြို့တွင်းသို့ ဆွမ်းခံကြွလာသောဘုရားသခင်၏ကြန်အင်လက္ခဏာအဖုံဖုံပြည့်စုံခြင်းကိုတွေ့မြင်၍ ကြည်ညိုခြင်းဖြင့် မြတ်စွာဘုရားကို အမြဲမပြတ်ဖူးမြင်လိုသောဆန္ဒဖြင့်ရဟန်းပြု၏။

ရဟန်းတို့ပြုအပ်သော ပရိယတ်၊ ပဋိပတ်တို့ကို အားမထုတ်ပဲ ဘုရားကိုသာမပြတ်ဖူးမြော်၍ ကြည်ညိုသောစိတ်ဖြင့် နေခဲ့လေ၏။ မြတ်စွာဘုရားသည် ဝက္ကလိမထေရ်အား ရင့်ကျက်သည်အထိ စောင့်စားတော်မူပြီးမှ ယခုအခါ ဝက္ကလိမထေရ်အား တရားဟောချိန် တန်ပေပြီဟုသိတော်မူသောကြောင့်-

"ချစ်သားဝက္ကလိ၊ စက္ခုပသာဒဖြင့် ကြည့်မြင်တင့်တယ်သော ငါဘုရား၏အပုပ်ကောင်တည်းတူသောကိုယ်ဖြင့် သင့်အားအဘယ်အကျိုးရှိအံ့နည်း။

ချစ်သားဝက္ကလိ၊ စင်စစ် အကြင် ပုဂ္ဂိုလ်သည် ငါဘုရားဟောကြားသော တရားတော်ကို ပညာစက္ခုဖြင့် ထင်မြင်အောင် ကြည့်ရှုနိုင်မှသာ ငါဘုရားကို ကြည့်ရှုဖူးမြော်သည်မည်ပေ၏၊ အကြင်ပုဂ္ဂိုလ်သည် ငါဘုရား၏ ဟောကြားသောတရားတော်ကို အားမထုတ်၊ ထိုပုဂ္ဂိုလ်သည် ငါဘုရားကို ကြည့်ညိုသည်မမည်။"

ဟူ၍ မိန့်ဆိုဆုံးမတော်မူ၏။ သို့ပါသော်လည်း ဝက္ကလိသည် သဘောမပေါက်မနားယူ၊ ကြည့်ညိုမြဲတိုင်းသာ ကြည့်ညို၍ နေသဖြင့် ဤရဟန်းသည် ထိတ်လန့်ခြင်းမရပဲ သစ္စာလေးပါးတရားကို မသိမမြင်လတံ့ဟု သိတော်မူ၍ ရာဇဂြိုဟ်ပြည်သို့ ဝါကပ်ဆိုရန် ကြွတော်မူမည့်နေ့၌-

"ဝက္ကလိ၊ သွားလော့ အရပ်တပါးသို့ သွားလော့" ဟု နှင်ထုတ်၏၊ ဝက္ကလိသည် ဘုရားသခင်က မိမိကို ထားခဲ့လေပြီ၊ ဝါတွင်း သုံးလပတ်လုံး မြတ်စွာဘုရားအား မဖူးမြော်ရသည့်အတူ သေသည်ကကောင်းပါသေး၏ဟု ဂိဇ္ဈကုဋ်တောင်ထိပ်မှ ခုန်ချ၍ မိမိအသက်ကို အဆုံးစီရင်တော့မည်ဟု တောင်ထိပ်သို့ တက်လေ၏။

မြတ်စွာဘုရားသည် ဝက္ကလိမထေရ်၏ ပင်ပန်းနွမ်းနယ်သည့် အဖြစ်ကိုသိတော်မူ၍-

"ဤရဟန်းသည် သက်သာရာကို မရခဲ့သော် မဂ်ဖိုလ်သို့ရ ကြောင်း လမ်းကောင်းမှ ပျက်စီးပေရာ၏။"

ဟုကိုယ်တော်ကို ဖူးမြော်နိုင်ရန်ရည်သန်၍ ကိုယ်ရောင်တော်ကို လွှတ်တော်မူ၏။ ဝက္ကလိသည် ကြီးစွာသော သောကတို့ ပယ်ပျောက်လေ၏။ ခမ်းခြောက်သောနုတ်ခမ်းသို့ ရေသွင်းလိုက်သည့်ပမာ စိုပြေလန်းဆန်း၍လာ၏။ ထိုအခါမြတ်စွာဘုရားသည် ဤဂါထာကို ဟောကြားတော်မူ၏။

(၃၈၁) ပါမောဇ္ဇ ဗဟုလော ဘိက္ခု
ပသန္နော ဗုဒ္ဓသာသနေ။
အဓိဂစ္ဆေ ပဒံ သန္တံ၊ သင်္ခါရူပ သမံ သုခံ။

(၃၈၁) မြတ်စွာဘုရား၏ သာသနာတော်၌ ကြည်ညိုမြတ်နိုး၍ ဝမ်းမြောက်ခြင်းများသောရဟန်းသည်သင်္ခါရတို့၏ ငြိမ်းရာငြိမ်းသက်ချမ်းမြေ့သော နိဗ္ဗာန်ကိုရရာ၏။

မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော် မူပြီးနောက် ဝက္ကလိမထေရ်အားဆွဲလှမ်း၍ယူမည့်ဟန် လက်တော်ဆန့်တန်း၍-

"ဝက္ကလိ လာလော့၊ မကြောက်လင့်၊ ငါဘုရားကို ကြည့်လော့၊ ငါသည် သင့်ကို ညွန်မြောင်း၌ နစ်သော ဆင်ပြောင်ကြီးကဲ့သို့ ကိလေသာ ညွန်ပြောင်းမှ ထုတ်ဆယ်အံ့။

ဝက္ကလိ။ လာလှည့်မကြောက်လင့်၊ ငါဘုရားကို ဖူးမြင်လော့၊ ငါသည် သင့်ကို အသူရိန် ဖမ်းခံရသည့် နေမင်းကဲ့သို့ ကိလေသာ တည်းဟူသော ရာဟုအသူရိန် ဖမ်းခြင်းမှ လွှတ်စေအံ့။

ဝက္ကလိ လာလော့မကြောက်လင့်၊ ငါဘုရားကိုဖူးမြင်လော့၊ ငါသည် သင့်ကို ရာဟုအသူရိန်ဖမ်းသော လမင်းကဲ့သို့ ကိလေသာအသူရိန်ဖမ်းခြင်းမှ လွှတ်စေအံ့။"

ဤဂါထာတော်ကို ကြားရလေလျှင် ဝက္ကလိမထေရ်သည် ငါသည်မြတ်စွာဘုရားကို ဖူးမြင်ရပြီ၊ "လာလော့" ဟူသော ခေါ်ဝေါ်ခြင်းကိုလည်း ရပေပြီဟု အားကြီးသော ပီတိကိုဖြစ်ကာ ယခုအဘယ်သို့ သွားရမည်နည်းဟု ကြံစည်ပြီး သွားရမည့် ခရီးကို မထင်မြင်သောကြောင့် အားဆယ်ပါးသခင် ဘုရားရှင် မျက်မှောက်ဖြစ်သောကောင်းကင်၌ ကြွမြောက်ပျံတက်၍ ပထမ ခြေလှမ်းသည် တောင်ထိပ်၌ တည်လျက်ပင် ဟောကြားတော်မူသော တရားတော်ကိုဆင်ခြင်လျက် နှစ်သက်ခြင်းပီတိကို ဖြေလျက် ပဋိသမ္ဘိဒါနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော် မြတ်စွာဘုရားကို ရှိခိုးလျက်သာ ကောင်းကင်မှ သက်ဆင်း၍ မြတ်စွာဘုရား၏ ထံတော်၌ တည်နေ၏။

ထိုဝက္ကလိမထေရ်ကို မြတ်စွာဘုရားသည်ထိုအခါမှစ၍ သဒ္ဓါရှိခြင်းတွင် အထွဋ်အထိပ် အမြတ်ဆုံးဟူသော ဧတဒဂ်အရာ၌ ထားတော်မူ၏။

(ဘိက္ခုဝဂ် တဆယ့်တစ်ခုမြောက် ဝက္ကလိမထေရ်ဝတ္ထုပြီး၏။)

## ၂၅။ ဘိက္ခုဝဂ်

## ၁၂။ တန့်ခိုးထက်သည့် ခုနစ်နှစ်သား

### (သုမနသာမဏေဝတ္ထု)

အကြင်ရဟန်းသည် ငယ်ရွယ်၏၊
သာသနာတော်၌ လုံ့လဖြင့်အားထုတ်၏၊
ထိုရဟန်းသည် လောကကို ထွန်းလင်းတောက်ပစေ၏။

(ယောဟဝေ)အစရှိသော ဒေသနာတော်ကို ပုဗ္ဗာရုံကျောင်းတော်ကြီး၌ (သုမနသာမဏေ)ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

### (အရှင်အနုရုဒ္ဓါဒါနနှင့် သုမနသဒ္ဒေး အတိတ်ဇာတ်)

ဤဘဒ္ဒကမ္ဘာမှာ အထက်ကပ် တသိန်းမြောက် အကျတွင် အမျိုးသားတဦးသည် ပရိသတ်လေးပါး အလယ်၌ ဒိဗ္ဗစက္ခုအဘိဉာဉ်တွင် တေဒဂ်ဘွဲ့ထူးရသော ရဟန်းတော်ကို တွေ့မြင်၍ အထူးအားကျလျက် မြတ်စွာဘုရားနှင့် ရဟန်းတော် အပေါင်းအားပင့်၍ ခုနစ်ရက်ပတ်လုံး အလှူကြီးပေးပြီး-

"တပည့်တော်သည် နောင်အနာဂတ်၌ အရှင်ဘုရားကဲ့သို့သောဘုရားရှင်၏ သာသနာတော်၌ ဒိဗ္ဗစက္ခုအဘိဉာဉ်တွင် တေဒဂ်ရပါလို၏"ဟု ဆုတောင်းပတ္တနာပြု၏။

မြတ်စွာ ဘုရားသခင်သည် ကမ္ဘာတသိန်း ကာလကို ကြည့်တော်မူ၍ ဂေါတမဘုရားရှင် သာသနာ၌ ဒိဗ္ဗစက္ခုအဘိဉာဉ်ရကုန်သော ပုဂ္ဂိုလ်တို့တွင် အထွဋ်အမြတ် ဖြစ်သော "အနုရုဒ္ဓါ"အမည် ဖြစ်လတံ့ဟု မိန့်ကြားတော်မူ၏။

ထိုအမျိုးသားသည် ဝမ်းမြောက်လှ၍ ဘုရားသခင်ပရိနိဗ္ဗာန်စံဝင်လျက် ဒိဗ္ဗစက္ခု အဘိဉာဉ်ပရိကံကို မေးလျှောက်၍ ခုနစ်ယူဇနာရှိသော ရွှေစေတီကြီးကို ဆီမီးများပူဇော်၍ ထို ဘဝမှစုတေလျှင် နတ်ပြည်၌ဖြစ်၏။ နတ်ပြည်လူ့ပြည်တို့၌ ကျင်လည်၍ ဤဘဒ္ဒကမ္ဘာ၌ ဗာရာဏသီပြည်ဝယ် သုမနသဌေးကိုအမှီပြု၍ မြက်ထမ်းသမား ဖြစ်၍နေ၏။

## အန္နဘာရ မြက်ထမ်းသမား

အန္နဘာရ မြက်ထမ်းသမားဟု အမည်တွင်၏၊ သုမနသဌေးသည် အစဉ်မပြတ် ကြီးကျယ်သောအလှူကို ပေးလှူ၏၊တနေ့၌ ဥပရိဋ္ဌအမည်တော်ရှိ ပစ္စေကဗုဒ္ဓါသည် နိရောဓသမာပတ်မှထ၍ ချီးမြှောက်သင့်သူကို ကြံစည်တော်မူသော် အန္နဘာရအား မြင်တော်မူ၍ သပိတ်သကန်းကိုဆင်မြန်းလျက် အန္နဘာရ၏ ရှေ့၌ ရပ်တော်မူ၏။

အန္နဘာရသည် အရှင်ကို မြင်လျှင် မြက်ထမ်းကိုချ ရှိခိုး၍ "ခေတ္တရပ်တော်မူပါဦး"ဟု လျှောက်ထားပြီး အိမ်သို့ပြန်ပြေး၏၊ အိမ်သို့ပြေး၍ ထမင်းကိုယူပြီး သပိတ်တော်၌ လောင်းထည့်ဆက်ကပ်၍-

"အရှင်ဘုရား ယခုမြက်ထမ်းသမားဘဝမှ လျှင်လျှင်မြန်မြန်လွတ်မြောက်ရပါလို၏။ ဘဝဆက်တိုင်း မရှိ ဟူသော စကားကိုမကြားမသိရပါလို၏"ဟု ဆုတောင်း၏၊ ပစ္စေက ဗုဒ္ဓါအရှင်က

အသင် ဆုတောင်းပတ္တနာသည့်အတိုင်း ဖြစ်စေသတည်း'' ဟု မိန့်ဆို အနုမောဒနာပြု၍ ကြွသွားတော်မူ၏။

သုမနသဌေး၏ ထီး၌ စောင့်သော နတ်သည် သုံးကြိမ်တိုင် သာဓုခေါ်၏၊ သဌေးကြီးကြားသော် ''ဤသို့ကြာမျှ ငါသည် အလှူဒါနပေး၏၊ ယခုမှ သာဓု ခေါ်ရ သလော'' ဟု မေး၏၊ နတ်မင်းက ''သင့်အလှူအတွက်မဟုတ်၊ အနုဘာရသည် အရှင် ပစ္စေက ဗုဒ္ဓါအား ပေးလှူသောဆွမ်း၌ ကြည်ညိုသည် ဖြစ်၍ ငါသည် ဤသို့သာဓုခေါ်သည်''ဟု ပြောဆို၏။

**မြက်ထမ်းသမား သဌေးကြီးဖြစ်ခြင်း**

နတ်မင်း၏ စကားကိုကြားလျှင် သဌေးသည် များစွာ ဝမ်းမြောက်၍ အနုဘာရ မြက်ထမ်း သမားထံမှ အလှူကို ဝယ်၏၊ အသပြာတထောင်အထိ ပေး၏၊ အနုဘာရသည် ပစ္စေကဗုဒ္ဓါ ထံ အမှီလိုက်ကာ လျှောက်ထား၏၊ အရှင်ပစ္စေကဗုဒ္ဓါက-

''အိုပညာရှိ၊ အိမ်တရာရှိသော ရွာတွင် အိမ် တ အိမ် ဆီမီး ထွန်းညှိထား၏၊ ထိုအိမ်မှဆီမီးကို အိမ်ပေါင်းတရာ လာ၍ ညှိသော် ထိုအိမ်မှ ဆီမီးသည် အရောင်မှိန်၍ သွားသည်လော၊ ကုန်ပျောက်၍ သွားသည်လော''ဟု မေးတော်မူ၏၊ ထိုအခါ အနုဘာရက-

''အရှင်ဘုရား အရောင်ရှိသည်ဖြစ်ပါ၏''

''အိုပညာရှိ ဤဥပမာအတိုင်း တဇွန်း တယောက်မမျှသော ဆွမ်းအလှူပင် ဖြစ်စေကာမူ သူတပါးတို့အား ကုသိုလ်အဖို့ကို အမျှပေးဝေ၏၊ အဘယ်မျှ လောက်ပင် ပေးဝေစေကာမူ ပေးဝေသမျှကုသိုလ်သည် တိုးပွားတော့သည်သာတည်း၊ သဌေးကြီး အား အမျှပေးဝေလော့''

ဟု မိန့်ဆိုတော်မူ၏၊ အန္နဘာရသည် သဌေးကြီးထံပြန်သွား၍ သဌေးကြီးအား အမျှပေးစေ၏၊ အသပြာတထောင်ကိုပေးလျှင် လှူဒါန်းသောဆွမ်းကို ရောင်းချသည် မဟုတ်ပါ၊ သဒ္ဓါတရားဖြင့်သာ ပေးဝေပါ၏ဟု ပြော၏၊ သဌေးကြီးလည်းဝမ်းမြောက်လှ၍ "အသင်၏သဒ္ဓါတရားဖြင့် ပွားသော အဖို့အမျှကို ငါယူပါ၏၊ အသင့်အား ဤအသပြာ တထောင်ဖြင့် ပူဇော်ပါ၏၊ ယနေ့မှစ၍ အိမ်တဆောင်ကို ဆောက်၍ နေပါလော့ အမှုကြီးငယ်ကို မပြုပါနှင့် အသင်အလိုရှိသမျှ ဥစ္စာကို ငါ့ထံမှ ယူပါလော့"ဟု ဆို၏။

နိဂြောဓသေမာပါတ်မှ ထသောပစ္စေကဗုဒ္ဓါအား လှူရသည့် အကျိုးသည် နေ့ခြင်းပင်အကျိုးပေး၏၊ ပြည့်ရှင်မင်းသည် ထိုအကြောင်းကိုသိလျှင် အန္နဘာရထံမှ အမျှပေးဝေခြင်းပြုစေပြီးသော် သဌေး ကြီး အရာ၌ ချီးမြှောက်၏၊ သုမနသဌေးနှင့် အန္နဘာရ သဌေးတို့သည် တသက်လုံး ချစ်ကြည်စွာနေကြ၏။

## အနုရုဒ္ဓါမင်းသား ဖွားမြင်ခြင်း

အန္နဘာရသဌေးသည် ကုသိုလ်ကောင်းမှုတို့ကိုပြု၍ စုတေသော် လူ့ပြည်နတ်ပြည်တို့၌ ကျင်လည် ခံစားလျက် ဂေါတမဘုရား ပွင့်တော်မူသောအခါ ကပ္ပိလဝတ်ပြည်၌ သုဒ္ဓေါဒနမင်းကြီး၏ ညီတော်အရင်း အမိတောဒန သာကီဝင်မင်း၏ သားတော် အနုရုဒ္ဓါဖြစ်လာ၏။

အနုရုဒ္ဓါသည် အလွန်ဘုန်းကြီး၏၊ ကစားရာတွင်ပင် မုန့်များရှုံး၍ အိမ်သို့အကြိမ်ကြိမ်စေလွှတ်ရာ၊ မုန့်ကုန်သောအခါ ရွှေခွက်ကိုအုပ်၍ မရှိမုန့်ကို ပေးပို့စေ၏၊ ရွှေး ဆုတောင်းကြောင့်

နတ်တို့မနေသာ၍ နတ်၌ဖြစ်သော မုန့်တို့ကို ပေး၏၊ အနုရုဒ္ဓါသည် ထမင်း ဖြစ်ရာ ဌာနကိုပင် မသိ၊ မရှိစကား နားမှလေသံ မကြားဘူးချေ။

တနေ့တွင် အနုရုဒ္ဓါမင်းသား၏ နောင်တော် မဟာနာမက ထမင်းဖြစ်ပေါ်ရာကို သိစေခြင်းငှာ လယ်ကိုထွန်စေ၏၊ လှူဘောင်၌ ပြုဘွယ်ကိစ္စတို့ကို ညွှန် ပြ ပြော ဆို၏၊ အနုရုဒ္ဓါသည် လှူဘောင်ကို ကြောက်လန့်၍ ဘဒ္ဒိယမင်းသား အမှူးရှိသော ငါးဦးသော သာကီဝင် မင်းသားတို့နှင့်အတူ ရဟန်းပြု၏၊ကျင့်ဝတ် ပဋိပတ်ကို နေ့ညဥ့်မပြတ် အားထုတ်လျှက် အစဉ်အတိုင်း အားဖြင့် ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယ ဉာဏ်ဟု ဆိုအပ်သော သုံးပါးကုန်သော ဝိဇ္ဇာ တို့ကို မျက်မှောက်ပြုတော်မူရ၍ တနေရာ၌ထိုင်ယင်းပင် ဒိဗ္ဗစက္ခုအဘိဉာဉ်ဖြင့် တထောင်သော စကြာဝဠာကို ထုတ်ခြင်းခတ် မြင်နိုင်၏၊ ဤကား ပဒုမုတ္တရ ဘုရား ခြေတော်ရင်း၌ ဆုတောင်း ပတ္တနာခြင်းအကျိုးဆက်တည်း။

## သုမန သင်္ဃေးကို ရှာဖွေခြင်း

အရှင်အနုရုဒ္ဓါသည် အဘယ် ကောင်းမှုကံ ကြောင့် ဤသို့သော ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံခြင်းဖြစ်ရလေသနည်းဟု ကြည့်ရှုတော်မူသော် အန္နဘာရ မြက်ထမ်း သမားအဖြစ်ကို မြန်၍မြင်တော်မူ၏။ ငါ၏အဆွေခင်ပွန်း သုမနသင်္ဃေး အဘယ်အရပ်၌ဖြစ်လေသနည်းဟု ကြည့်ရှုတော်မူသော် မုဏ္ဍနိဂုံး၌ မဟာသုမန၊ စူဠသုမနတွင် အငယ်စူဠသုမန ဖြစ်သည်ကို မြင်တော်မူ၏၊ ထိုစူဠ

သုမနသည် သာသနာ၀န်ထမ်း ရဟန်းပြုလျက် ဆံရိတ်သည့် သင်မှုန်း၏အဆုံး၌ပင် အရဟတ္တဖိုလ်သို့ ရောက်တော်မူမည့်အကြောင်း ကောင်းစွာ သိမြင်တော်မူ၏။

သို့ဖြစ်၍ ၀ါကပ်ဆိုမည့် လပြည့်ကျော် တရက်နေ့တွင် ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူ၍ မဟာမုဏ္ဍဥပါသကာ၏ ရွာတံခါးအနီး၌ သက်ဆင်းတော်မူ၏။ မဟာမုဏ္ဍဥပါသကာ မြင်လျှင် သားကြီးမဟာသုမနကို အိမ်သို့ပင့်စေ၍ ၀ါတွင်း သုံးလပတ်လုံး ဤအိမ်၌သီတင်းသုံးပါရန် ခွင့်တောင်းလျှောက်ထား၏။ အနုရုဒ္ဓါမထေရ်လည်း သည်းခံတော်မူ၍ ၀ါတွင်း သုံးလပတ်လုံး သီတင်းသုံးတော်မူ၏။

## စူဠသုမန ရဟန်းပြုခြင်း

သီတင်းကျွတ်သော် မဟာမုဏ္ဍသည် အရှင်မြတ်အားသင်္ကန်းသုံးထည်နှင့်ဆီဆန်တင်လဲတို့ကို လှူဒါန်း၏။ "ငါမယူလိုဟု ငြင်းပယ်တော်မူ၏။ ၀ါကပ်ဆိုသော ပုဂ္ဂိုလ်တို့ ရသင့် ရထိုက်သော ၀ဿာ၀ါသိကလာဘ်ဖြစ်ပါ၍ အလှူခံထိုက်ပါသည်ဟုလျှောက်ထား၏။ ထိုအခါ အရှင်အနုရုဒ္ဓါက ငါ၌ ကပ္ပိယကာရကလည်း မရှိ၊ သာမဏေလည်း မရှိခြင်းကြောင့် မခံယူခြင်း ဖြစ်ပေသည်ဟု မိန့်၏။

ထိုသို့ဖြစ်လျှင် မဟာသုမနကို သာမဏေပြု၍ ခေါ်သွားပါဟု လျှောက်၏။ "မဟာသုမနကို ငါအလိုမရှိ"ဟု မိန့်တော်မူပြန်သော် "စူဠသုမနကို သာမဏေပြုပါလော့"ဟု လျှောက်ထား၏။ မထေရ်သည် "ကောင်းလှပြီ"ဟု ၀န်ခံ၍ စူဠသုမနကို သာမဏေပြုတော်မူ၏။ စူဠသုမနသည် ဆံရိတ်ယင်း သင်ကြားပေးထားသော တစပဉ္စက ကမ္မဋ္ဌာန်းကို နှလုံးသွင်းရာမှ ဆံရိတ်

ပယ်သုံးသင်ဝန်း၏အပြီးအဆုံး၌သာ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

## သုမနသာမဏေနှင့် ပန္နဂနဂါးမင်း တန်ခိုးပြိုင်ခြင်း

အနုရုဒ္ဓါမထေရ်သည် တဆယ့်ငါးရက်မျှ ထိုရွာ၌ သီတင်းသုံးပြီး မြတ်စွာဘုရားထံ ဖူးမြော်ရန် ကြံစည်၍ သုမနသာမဏေ၏ ဆွေမျိုးတို့ကို ခွင့်ပန်ကြားပြီး အနုရုဒ္ဓါမထေရ်နှင့် သုမနသာမဏေတို့သည် ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူကြ၏။

အရှင်အနုရုဒ္ဓါသည် အမြဲမပြတ် အားထုတ်အပ်သော ဝိရိယရှိသည့် ပုဂ္ဂိုလ်ပေတည်း၊ လမ်းခရီးတွင် ဟိမဝန္တာ အရပ်ဝယ်တောကျောင်း၌ သက်ဆင်းတော်မူ၍ နားနေတော်မူစဉ် တည့်ပတ်လုံး စင်္ကြံကြွ၍ အားထုတ်တော်မူရာမှ လေနာသည်ပြင်းစွာပေါ်ပေါက်၍ လာ၏။ မရှင်မလန်း ဝေဒနာ ခံစားရသော အရှင်ကိုမြင်၍ သုမနသာမဏေက လျှောက်မေးလေလျှင် "ငါ့အား ရင်၌ လေနာပြင်းစွာဖြစ်ပေါ်ပေ၏"ဟု မိန့်ဆိုတော်မူ၏။ "ယခင်က ဖြစ်ဘူးပါသလော"ဟု မေး၏။ "ဖြစ်ဘူးပေ၏"ဟု မိန့်တော်မူ၏။ "အဘယ်ဆေးဖြင့် ချမ်းသာပါသနည်း"ဟု မေးလျှောက်လျှင် "ငါ့ရှင် သာမဏေ အနောတတ္တအိုင်မှ ရေဖြင့် ချမ်းသာသည် ဖြစ်ပေ၏"ဟုဆိုလျှင် အရှင်ဘုရား အနောတတ္တအိုင်မှ ရေကိုတပည့်တော်ဆောင်ယူပါအံ့"ဟုလျှောက်လေလျှင် "ကောင်းလှပေပြီ၊ ထိုအနောတတ္တအိုင်မှ ပန္နဂနဂါးမင်းသည် ငါ့ကိုသိ၏။ နဂါးမင်းအားပြောကြား၍ ရေတအိုးကို ဆောင်ယူခဲ့လော့"ဟု မိန့်တော်မူ၏။ သာမဏေသည် ကောင်းကင်ခရီးဖြင့် ယူဇနာ ငါးရာ ကွာသော အနောတတ္တအိုင်ရှိရာ အရပ်သို့ ကြွသွား၏။

## နဂါးမင်းစိတ်ဆိုးခြင်း

ထိုနေ့သည် နဂါးမင်းသည် နဂါးမ ကချေသည်အပေါင်းနှင့် ရေကစား၍ ပျော်မြူးနေ၏။ ကောင်းကင်ခရီးဖြင့် လာသော သုမနသာမဏေကိုမြင်ရုံနှင့် အမျက်ထွက်၏။ အနောတတ္တအိုင်မှ ရေကိုယူရန်လာသည် ဖြစ်ပေလတံ့ ဟု ယူဇနာငါးဆယ် ရှိသော အနောတတ္တအိုင်ကို မိမိ၏ပါးပျဉ်းဖြင့် ဖုံးအုပ်၍ အိပ်နေ၏။ သာမဏေသည်နဂါးမင်း ငါ့ကို အမျက်ထွက်သည်ဟု သိတော်မူသောကြောင့်–

"လျှင်မြန်သောတန်ခိုးရှိသော ခွန်အား စွမ်းပကားရှိသော နဂါးမင်း ငါ၏စကားကို နားထောင်ပါဦးလော့။ဆေးအတွက် လာခဲ့သည်ဖြစ်ပါ၏။ရေတအိုးလောက် ငါ့အား ပေးပါလော့"

"သာမဏေ ဤအရပ်မှ အရှေ့အရပ်၌ ဂင်္ဂါမြစ်ကြီးသည် သမုဒ္ဒရာသို့ စီးဝင်နေ၏။ ထိုဂင်္ဂါမြစ်မှ အသင်သည်ရေကို ယူဆောင်လေလော့"

"နဂါးမင်း၊ ဤ အနောတတ္တအိုင်မှ သောက်ရေကိုသာ ငါသည်ယူဆောင်ပေအံ့။ဤအနောတတ္တရေဖြင့်သာ ငါ၏ဆရာ အလိုရှိသည် ဖြစ်ခဲ့၏။ သင်နဂါးမင်းသည် တန်ခိုးစွမ်းအင် အကယ်၍ ရှိခဲ့ပါလျှင် မယူနိုင်အောင် ကြံဆောင်လေလော့"

"မောင်ရှင်သာမဏေကလေး၊ သင့်အားရဲစွမ်းရှိလျှင် သင်၏ စကားကို ငါအလွန် နှစ်သက်ပါ၏။ ငါ၏ရေကို သင်သည် မရ ရအောင် ယူဆောင်လေလော့"

"ကောင်းပြီ နဂါးမင်း၊ သင်၏စကားကို ကောင်းစွာမှတ် သားပေလော့"ဟု သုံးကြိမ်တိုင်တိုင် ဝန်ခံမှုပဋိညာဉ်ကို ယူပြီး နောက် အာကာသဌနတ်တို့ထံ သွား၍လည်းကောင်း၊ လောက

ပါလနတ်မင်းလေးပါး၊သိကြားမင်း၊သုရာမနတ်၊သန္တုသိတနတ် မှစ၍ဗြဟ္မာပြည် တိုင်အောင်သွားရောက်ပြီး တမုဟုတ်ချင်းဖြင့်၊ လှည့်လည်၍-

"အနောတတ္တအိုင်၌ နဂါးမင်းနှင့် ငါစစ်ထိုးမည်။ လာရောက်၍ ကြည့်ရှုကြကုန်လော့"ဟု လှည့်လည် ပြောကြား၏။ နတ်ဗြဟ္မာအပေါင်းတို့သည် အနောတတ္တအိုင်အထက်၌အကြားမလပ်ပြည့်ကြပ်၍ ရောက်လာကြ၏။ ထိုအခါ သုမနသာမဏေသည် ကောင်းကင်၌နေ၍ နဂါးမင်းကို သုံးကြိမ်တိုင်တိုင် ယခင်အတိုင်းပြောကြား၏။ နဂါးမင်းက "သင်ယူနိုင်လျှင်ယူလော့" ဟု သုံးကြိမ်တိုင်တိုင် ပြန်ကြား၏။

သုမနသာမဏေသည် တဆယ့်နှစ်ယူဇနာ ရှိသော ဗြဟ္မာမင်းကြီးခန္ဓာကိုယ်ကို ဖန်ဆင်း၍ နဂါးမင်း၏ပါးပျဉ်းကိုနင်း၏၊ ပါးပျဉ်းသည် ရေအောက်သို့ ကျသွားလျှင် ပါးပျဉ်း၏အပေါ်သို့ ရေတို့သည် အံထွက်၍တက်လာ၏။သာမဏေသည် ကောင်းကင်မှပင် ရေအိုးကို ပြည့်စေ၏။ နတ်ဗြဟ္မာ အပေါင်းတို့သည် တပြိုင်နက် ကောင်းချီးပေးကြကုန်၏။

## နဂါးမင်းစိတ်ဆိုး၍လိုက်ခြင်း

နဂါးမင်းသည် ဤသာမဏေငယ်သည် နတ်ဗြဟ္မာအပေါင်းအလည်တွင် ငါ့ကို အရှက်ခွဲ၏။ငါ့ရေကို ယူသွားသည်။ သာမဏေငယ်ကိုဖမ်း၍ ခံတွင်း၌ ထည့်သွင်းပြီး ဂင်္ဂါမြစ်တဖက်သို့ ပစ်လွှင့်အံ့ဟု ကြံပြီး သာမဏေနောက်မှ အဟုန် ပြင်းစွာဖြင့် လိုက်၏။သာမဏေ၏တန်ခိုးကြောင့် နဂါးသည်လိုက်၍ မမှီ။

သုမနသာမဏေသည် ခုနစ်နှစ်သားအရွယ်နှင့်ပင် ဥပဇ္ဈာယ်ဆရာ၏လက်သို့ ရေကို ဆက်ကပ် လှူဒါန်း၏။ နဂါးမင်းသည်

နောက်မှလိုက်၍"အရှင်အနုရုဒ္ဓါ ဤသာမဏေသည် ငါမပေးပဲ ရေကို ယူ၍လာသည် သောက်တော် မမူပါနှင့်"ဟု ဟစ်အော် လျှောက်ထား၏။ အရှင်အနုရုဒ္ဓါက "ငါ့ရှင်သာမဏေ ဟုတ်မှန် ပေသလော"ဟု မေးတော်မူလျှင် "အရှင်ဘုရားသောက်တော် မူပါ။ ဤနဂါးမင်းက တပည့်တော်အား ဆောင်ယူနိုင်သော် ရေကို ယူပေတော့ဟု ပေးအပ်ပါသည်"ဟု လျှောက်၏။ အရှင် အနုရုဒ္ဓါသည် ရဟန္တာဖြစ်ပြီးသော သာမဏေမှာ မုသားပြော ဆိုခြင်း မရှိဟု သိတော်မူခြင်းကြောင့် ရေကို သောက်သုံးတော် မူသောခဏပင် ပြင်းစွာ တက်ကြွသောလေနာသည် ပျောက် ကင်းလေ၏။

## နဂါးမင်းကမိတ်ဖွဲ့ခြင်း

အရှင်အနုရုဒ္ဓါအား နဂါးမင်းက "အရှင်ဘုရား၊ ဤ သာမဏေငယ်သည် နတ်ပြဟ္မာတို့ အလယ်တွင် တပည့်တော်ကို အရှက်ခွဲပါသည်၊ တပည့်တော်သည် ထိုသာမဏေ၏ နှလုံးကို လည်းခွဲအံ့၊ ခြေတို့ကိုမူလည်းကိုင်ဆွဲ၍ ဂင်္ဂါမြစ် တဖက်ကမ်းသို့ ပစ်ချရန်ကြံစည်မိပါသည်"ဟု လျှောက်ထား၏။

"တကာတော်နဂါးမင်း၊ သာမဏေငယ်သည် ကြီးကျယ် မြင့်မြတ်သော အာနုဘော်ရှိ၏။ အသင်သည် မနိုင့်အနိုင်စစ်ပြိုင် ခြင်းငှာစွမ်းနိုင်မည်မဟုတ်၊ သာမဏေငယ်ကိုသည်းခံစေ၍ သွား လော့"ဟု မိန့်တော်မူ၏။

နဂါးမင်းကိုယ်တိုင် သာမဏေငယ်၏ တန်ခိုးကိုသိ၏။ ရှက်လှ ၍ နောက်ကလိုက်ခဲ့ခြင်းဖြစ်၏။ မထေရ်မိန့်ဆိုသော စကားဖြင့် သာမဏေငယ်အား သည်းခံစေ၍ အဆွေခင်ပွန်းအဖြစ် တရင်း တနှီးပြုပြီးနောက် "အရှင်ဘုရား၊ အနေသတပ္တရေကို ယနေ့မှ

စ၍ အလိုရှိပါလျှင် အရှင်ဘုရား မကြွလာပါနှင့်တော့၊ တပည့်တော်ထံအကြောင်းကြားပါလျှင် တပည့်တော်ယူဆောင်၍ ပေးလှူပါမည်''ဟု လျှောက်ထား၍ပြန်သွားလေ၏။

မြတ်စွာဘုရားက တန်ခိုးပြစေတော်မူခြင်း

အရှင်အနုရုဒ္ဓါသည် သုမနသာမဏေကိုခေါ်၍ကြွတော်မူ၏။ မြတ်စွာဘုရားသည် ပုဗ္ဗာရုံကျောင်းတော်၌ သီတင်းသုံးယင်း မထေရ်၏ ကြွလာခြင်းကို ကြည့်ရှုတော်မူ၏။ ရဟန်းတို့သည် အရှင်အနုရုဒ္ဓါအား ခရီးဦးကြိုဆိုလျက် သပိတ်သင်္ကန်းကို လှမ်း၍ယူကုန်၏။

ရဟန်းငယ်နှင့် သာမဏေများက သုမနသာမဏေအား ငယ်ရွယ်လှသည်ဟု ချစ်စနိုးဖြင့် ဦးခေါင်းကိုပုတ်၊ နားကိုဆွဲ၊ လက်ကိုဆွဲနှင့် နှုတ်ဆက်ကြ၏။ မြတ်စွာဘုရားသည် ထိုရဟန်းငယ်နှင့် သာမဏေတို့ကား အဆိပ်ရှိသောမြွေကို လည်ပင်းမှကိုင်သကဲ့သို့ ကိုင်ကြကုန်၏။ သုမနသာမဏေ၏တန်ခိုးကိုမသိကြ၊ ယခု သုမနသာမဏေ၏ ဂုဏ်ကျေးဇူးကိုထင်ရှားစေအံ့ဟု ကြံစည်တော်မူ၏။ အရှင်အနုရုဒ္ဓါနှင့် ပဋိသန္ဓာရကိုပြုပြီး အာနန္ဒာမထေရ်ကို-

''ချစ်သားအာနန္ဒာ။ အနောတတ္တ ရေအိုင်ရေဖြင့် ခြေတော်တို့ကို ဆေးကြောလိုသည်၊ သာမဏေတို့အားရေအိုးကိုအပ်၍ ရေကိုဆောင်ယူစေလော့''ဟု မိန့်တော်မူ၏။

အရှင်အာနန္ဒာသည် ကျောင်းတော်မှ ငါးရာခန့် မျှသော သာမဏေတို့ကို စုရုံးစည်ဝေးစေ၏၊ ထိုသာမဏေတို့တွင် သုမနသာမဏေသည် အားလုံးထက်အငယ်ဆုံးဖြစ်၏၊ အရှင်အာနန္ဒာသည် သာမဏေတို့အား ''မြတ်စွာဘုရား ခြေတော်ဆေးခြင်းငှာ အနောတတ္တအိုင်မှရေကို ဤရေအိုးဖြင့် ယူငင်၍ ဆောင်ယူစေ

လော့''ဟု မိန့်တော်မူ၏၊ သာမဏေအားလုံးက''တပည့်တော်တို့ မစွမ်းနိုင်ပါ''ဟုလျှောက်ကြ၏။

ဤသာမဏေအားလုံးတို့တွင် ရဟန္တာဖြစ်ပြီးသော သာမဏေတို့ပါရှိကြသော်လည်း ဤပန်းထုပ်သည် သုမနသာမဏေအတွက်သာ ရည် ရွယ် သောပန်းထုပ် ဟု သိတော်မူသောကြောင့် သွားရောက်ဆောင်ယူခြင်းပြုပါမည်ဟု မလျှောက်ထားကြခြင်း ဖြစ်ပေသည်၊ သုမနသာမဏေအလှည့်သို့ရောက်သော်'' တပည့်တော်ဆောင်ယူပါအံ့''ဟု ကျောင်းတွင်ရှိသော ပကတိ ရေအိုးအလုံးခြောက်ဆယ်မျှ ဆန့်ဝင်သည့် ရေအိုးကြီးကို တွဲလွဲဆွဲကိုင်၍ ကောင်းကင်သို့တက်ပြီး ဟိမဝန္တာသို့ ရှေ့ရှုကြွသွားတော်မူ၏။

နဂါးမင်းသည်သာမဏေကိုအဝေးမှမြင်လျှင် ခရီးဦးကြိုပြု၍ ရေအိုးကိုထမ်းယူပြီး ''တပည့်တော်ရှိပါလျက် အဘယ်ကြောင့် ကိုယ်တိုင် ကြွလာပါသနည်း၊ သတင်းစကား စေလွှတ်ပါက တပည့်တော်ကိုယ်တိုင်လာ၍ပို့ပါမည်''ဟု ရေအိုးကိုရေဖြင့် ခပ်ယူပြီး နဂါးမင်းကိုယ်တိုင်ထမ်း၍ ''အရှင်ဘုရား ရှေ့မှကြွပါ၊ တပည့်တော်ထမ်းခဲ့ပါမည်''ဟု ပြောဆို၏။

''မြတ်သောမင်းကြီး အသင်နေခဲ့လော့၊ ငါ့ကိုသာ မြတ်စွာဘုရားစေခိုင်းတော်မူပေသည်''ဟု ပြောဆို၍ ရေအိုးကို မျက်နှာဝဲ၌ လက်ဖြင့်ကိုင်ငင်ဆွဲယူ၍ ကောင်းကင်ခရီးဖြင့် ပြန်ကြွတော်မူ၏။

## ရဟန်းအဖြစ်ချီးမြှင့်ခြင်း

မြတ်စွာဘုရားသည် ရှေ့ရှုလာနေသော သုမနသာမဏေကို ကြည့်ရှုတော်မူပြီး ရဟန်းတို့ကိုခေါ်ကာ-

"ချစ်သားတို့ သုမနသာမဏေ၏ တင့်တယ်ခြင်းကို ကြည့်ရှုကြကုန်လော့၊ ကောင်းကင်၌ ဟင်္သာမင်းကဲ့သို့ အလွန်တင့်တယ်လှ၏" ဟု မိန့်တော်မူ၏။

သုမနသာမဏေသည် ရေအိုးကို သင့် လျော် ရာ ၌ ချထားပြီး မြတ်စွာဘုရား'အား ရှိခိုး၍နေ၏။ မြတ်စွာဘုရားက-

"ချစ်သား သုမန အသက်ဘယ်နှစ်နှစ် ရှိသနည်း" ဟု မေးတော်မူ၏။

"အသက်ခုနစ်နှစ် ရှိပါပြီဘုရား"

"ခုနစ်နှစ်ရှိလျှင် ချစ်သားသုမန ယနေ့မှစ၍ မြင့်မြတ်သောရဟန်းဖြစ်ပေလော့" ဟု မိန့်တော်မူ၍ ဒါရဇ္ဇအတွင်းပဉ္စင်းအဖြစ်ကိုပေးသနားတော်မူ၏။

ထိုနေ့ တရားသဘင်၌ သာမဏေ၏တန်ခိုးကို ချီးကျူး၍ "ဤသို့သော တန်ခိုးအာနုဘော်ကိုမမြင်ဘူးပေ" ဟု အံ့ဩဘနန်းရဟန်းတို့ပြောဆိုနေကြသည်ကို မြတ်စွာဘုရားသခင် ကြားတော်မူ၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်-

(၃၈၂) **ယော ဟဝေ ဒဟ ရော ဘိက္ခု၊ ယုဉ္ဇတိဗုဒ္ဓသာသနေ။ သောမံ လောကံ ပဘာသေတိ၊ အဗ္ဘာမုတ္တောဝ စန္ဒိမာ။**

(၃၈၂) အကြင်ရဟန်းသည် ငယ်ရွယ်သော်လည်း ဗုဒ္ဓသာသနာ၌ စင်စစ် လုံ့လကြိုးကုတ် အားထုတ်ပေ၏။ ထို ရ ဟန်း သည် တိမ်တိုက်မှလွတ်သောလမင်းကဲ့သို့ ဤလောကကို ထွန်းလင်း တောက်ပစေ၏။

(ဘိက္ခုဝဂ် တဆယ့်နှစ်ခုမြောက် သုမနသာမဏေဝတ္ထု ပြီး၏)

(ဘိက္ခုဝဂ် ပြီး၏။)

# {၂၆} ဗြာဟ္မဏဝဂ်

## ၁။ ကြည်ညိုသလို ခေါ်ကြပါစေ

### (ကြည်ညိုလွန်းသော ပုဏ္ဏားဝတ္ထု)

ကြည်ညိုသည့်အလျောက်
ခေါ်ဝေါ် ပြောဆိုရာ၌
ခံယူသော ရဟန်းတို့အား
ခေါ်ဝေါ်မှု၌ မသာယာလျှင်
အာပတ်မသင့်ချေ။

(ဆိန္ဒသောတံ) အစခံသော ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ ကြည်ညိုလွန်းသော ပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်မူပေ၏။

ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်မှ ပုဏ္ဏား တယောက်သည် မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရ၍ သာသနာ၌ အလွန်ကြည်ညို၏၊

မိမိ၏အိမ်၌ တဆယ့်ခြောက်ပါးကုန်သော ရဟန်းတော်တို့အား နေ့စဉ်မပြတ် ဆွမ်းဝတ်ကိုပြု၏၊ ကြွလာသော ရဟန်းတော်တို့ အား "အရှင်ရဟန္တာတို့ အရှင်ရဟန္တာတို့" ဟု အမြဲ ခေါ်ဝေါ် ပြောဆိုလေ့ရှိ၏။

ရဟန္တာဖြစ်ပြီးသောရဟန်းတို့သည် ဤပုဏ္ဏားကား ငါတို့၏ ရဟန္တာအဖြစ်ကို သိလေသည်ဟု ထိုအိမ်သို့ နောက်ထပ် မကြွပဲ နေကြကုန်၏၊ ပုထုဇဉ်ရဟန်းတို့ကလည်း ဤပုဏ္ဏားသည် ငါတို့ အား ရဟန္တာဟု ထင်နေသည်ဟု စိတ်မလုံပဲ ထိုအိမ်သို့မကြွပဲ နေကြ၏။

ပုဏ္ဏားသည် ရဟန်းများ ကြွတော်မမူသောကြောင့် စိတ် ဆင်းရဲ၍ ကျောင်းတော်သို့သွားပြီး မြတ်စွာဘုရားအားလျှောက် ကြား၏၊ မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍ မေး မြန်းလေလျှင် အကြောင်းစုံ လျှောက်ထားကြသဖြင့်-

"အသင်တို့သည် ပုဏ္ဏားကြည်ညို၍ ရဟန္တာဟုခေါ်ဆိုသော စကားကို သင်တို့နှစ်မြို့သာယာ ကြကုန်သလော" ဟု မေးတော် မူ၏။

"တပည့်တော်တို့ မသာယာပါကုန်" ဟု လျှောက်ထား၏။

"ဤသို့ဆိုလျှင် လူတို့၏ ဤသို့ခေါ်ဝေါ်ခြင်းသည် ကြည် ညို၍ ဆိုခြင်း သာတည်း၊ ဤသို့ ကြည်ညို၍ ဆိုခြင်းကြောင့် အာပတ်မသင့်ချေ၊ စင်စစ် ပုဏ္ဏားအား ရဟန္တာ ပုဂ္ဂိုလ် တို့၌ အလွန်ချစ်ခင်ခြင်းရှိ၏၊ ထို့ကြောင့်သင်တို့သည်လည်း တဏှာ ဟူသောအလျဉ်ကိုဖြတ်၍ အရဟတ္တဖိုလ်သို့ ရောက်ခြင်းသာလျှင် သင့်၏" ဟု မိန့်တော်မူပြီးနောက်-

**(၃၈၃) ဆိန္ဒ သောတံ ပရက္ကမ္မ၊ ကာမေ ပနုဒ ဗြာဟ္မဏ။**
**သင်္ခါရာနံ ခယံ ဉတွာ၊ အကတညူသိ ဗြာဟ္မဏ။**

(၃၈၃) မကောင်းမှုကို အပပြုပြီးသောရဟန်း၊ ဉာဏ်နှင့်ယှဉ်သော ဝီရိယဖြင့် လုံ့လပြု၍၊ တဏှာဟူသောအလျဉ်ကိုဖြတ်လော့။ ဝတ္ထုကိလေသာနှစ်ဖြာသော ကာမတို့ကို စွန့်ပယ်လော့၊ သင်္ခါရတို့၏ကုန်ရာကိုသိ၍ မပြုပြင်အပ်သော နိဗ္ဗာန်ကိုသိ၍ ရဟန္တာဖြစ်လေလော့။
(ဗြာဟ္မဏဝဂ် ရှေးဦးစွာသော ကြည်ညိုလွန်းသောပုဏ္ဏားဝတ္ထုပြီး၏။)

## ၂၆။ ဗြာဟ္မဏဝဂ်

## ၂။ သမထနှင့် ဝိပဿနာ

### (ရဟန်းများဝတ္ထု)

**သမထနှင့် ဝိပဿနာနှစ်ပါး၌**
**ထူးသောဉာဏ်ဖြင့် သိ၏။**
**ထိုအခါ၌ ထိုပုဂ္ဂိုလ်အား**
**သံယောဇဉ် ခပ်သိမ်းတို့သည်**
**ချုပ်ခြင်းသို့ ရောက်ကုန်၏။**

(ယဒါ ဒွယေသု) အစရှိသည့် ဒေသနာတော်ကို ဇေတဝန်ကျောင်း၌ များစွာသောရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

**ဝတ္ထုကြောင်းကား ဤသို့တည်း**

တနေ့၌ သုံးကျိပ်မျှလောက်သော ရဟန်းတို့သည် အရပ်မျက်နှာအသီးသီးမှ မြတ်စွာဘုရားကို ဖူးမြော်ရန် ရောက်လာကြကုန်

၏၊ ရှင်သာရိ ပုတ္တရာသည် ထိုရဟန်းတို့၏ အရဟတ္တဖိုလ်သို့ ရောက်နိုင်သည့် ဥပနိဿယကိုမြင်၍ မြတ်စွာဘုရားသို့ ချဉ်းကပ်၍ ရပ်လျက်ပင် "အရှင်ဘုရား နှစ်ပါးကုန်သော တရားတို့ဟူ၍ပြော ဆိုကြကုန်၏၊ ထိုနှစ်ပါးကုန်သော တရားတို့သည် အဘယ်သို့ပါ နည်း"ဟု အမေးပုစ္ဆာကို မေး လျှောက်၏၊ ထိုအခါ မြတ်စွာ ဘုရားသည် "သာရိပုတ္တရာ သမထ ဝိပဿနာ နှစ်ပါးတို့ကို ဆို အပ်ကုန်၏"ဟု မိန့်တော်မူ၍-

(၃၀၄) ယဒါ ဒွယေသု ဓမ္မေသု၊
ပါရဂူ ဟောတိ ဗြာဟ္မဏော။
အထဿ သဗ္ဗေ သံယောဂါ၊
အတ္ထံ ဂစ္ဆန္တိ ဇာနတော။

(၃၀၄) မကောင်းမှုကို အပပြုပြီးသော သူတော်ကောင်း သည် သမထ ဝိပဿနာတရားတို့၌ ဟာဘက်ကမ်းရောက်ကုန်၏၊ ထိုအခါတရား မှန်ကို သိသော ထိုသူတော်ကောင်းအား အလုံးစုံသော သံယောဇဉ်တို့ သည် ချုပ်ခြင်းသို့ ရောက်ကုန်၏။

ဒေသနာ တော်အဆုံး၌ ထိုရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်လေကုန်၏။

(ဗြာဟ္မဏဝဂ်နှစ်ခုမြောက် ရဟန်းများဝတ္ထုပြီး၏။)

※ ※ ※

## ၂၆။ ဗြာဟ္မဏဝဂ်

## ၃။ ဤဘက်ကမ်း၊ ထိုဘက်ကမ်း

## (မာရ်နတ်ဝတ္ထု)

အတွင်းအာယတနခြောက်ပါး
အပြင်အာယတနခြောက်ပါး
ဤနှစ်ပါးမရှိသောပုဂ္ဂိုလ်သည်
ပူပန်ခြင်းကင်း၍ ဗြာဟ္မဏဟုဆိုအပ်၏။

(ယဿ ပါရံ) အစရှိသော ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ မာရ်နတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

တနေ့၌ မာရ်နတ်သည် မထင်ရှားသော ယောကျ်ား ဟန်ဆောင်၍ "အရှင်ဘုရား ပါရ-အပါရတရားနှစ်ပါးသည် အဘယ်ပါနည်း" ဟု မေးလျှောက်၏၊ ဘုရားသခင်သည် မာရ်နတ်၏ဖန်ဆင်းသောအဖြစ်ကို သိတော်မူသောကြောင့်

"ဟယ် မာရ်နတ်ယုတ်၊ အသင့်အား "ပါရ" ဖြင့် လည်းကောင်း၊ "အပါရ" ဖြင့် လည်းကောင်း သိ၍ အဘယ်အကျိုးရှိမည်နည်း၊ ထိုစကားမှန်၏။ ထိုပါရသို့ ရဟန္တာပုဂ္ဂိုလ်တို့သည် ရောက်အပ်၏" ဟု မိန့်တော်မူ၍ ဤဂါထာကိုဟောတော်မူ၏။

(၃၈၅) ယဿ ပါရံ အပါရံ ဝါ၊ ပါရာပါရံ န ဝိဇ္ဇတိ။
ဝီတဒ္ဒရံ ဝိသံယုတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

(၃၈၅) အကြင်ပုဂ္ဂိုလ်အား ပါရံဝါ၊ ဤမှာဘက်ကမ်းတည်းဟူသော စက္ခုစသော အတွင်းအာယတန ခြောက်ပါးသည်လည်းကောင်း၊ အပါရံဝါ၊ ထိုမှာဘက်ကမ်းတည်းဟူသော ရူပါရုံစသည့် အပြင်အာယတန ခြောက်ပါးသည် လည်းကောင်း၊ ပါရာပါရံဝါ၊ အတွင်းအပြင်တည်းဟူသော ဤမှာဘက်ကမ်း ထိုမှာဘက်ကမ်းသည် လည်းကောင်း။ စွဲလမ်းခြင်းမရှိ၊ ပူပန်ခြင်းကင်း၍ ကိလေသာတို့နှင့်မယှဉ်သောထိုပုဂ္ဂိုလ်ကိုမကောင်းမှုကို အပပြုပြီးသောသူ ဗြာဟ္မဏဟူ၍ ငါဘုရားဟောတော်မူ၏။

(ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်သို့ ရောက်ကြကုန်၏။)

(ဓမ္မပဒ ဗြာဟ္မဏဝဂ် သုံးခုမြောက် မာရ်နတ်ဝတ္ထု ပြီး၏)

၃၉ ၀၀ ၀၀

၂၆။ ဗြာဟ္မဏဝဂ်

## ၄။ မထင်ရှားသောပုဏ္ဏားဝတ္ထု

(ဗြာဟ္မဏဟူသည် ဇာတ်အနွယ်မဟုတ်၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသူသာဖြစ်၏)

(ဈာယိံ ဝိရဇံ မာသီနံ) အစရှိသော ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ ပုဏ္ဏားတဦးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

မြတ်စွာဘုရားသည် မိမိ၏တပည့်တို့ကို ဗြာဟ္မဏဟုဆို၏၊ ငါသည်လည်း ဇာတ်အနွယ်အားဖြင့် ဗြာဟ္မဏပုဏ္ဏားဖြစ်၏၊ ငါ့ကိုလည်း ဘုရားဆိုလိုသည့် ဗြာဟ္မဏဟု ခေါ်နိုင်ပါမည်လောဟု ထိုပုဏ္ဏားကကြံစည်ပြီး ဘုရားထံမှောက်သွားရောက် လျှောက်ထား၏၊ ထိုအခါ မြတ်စွာဘုရားက“ငါဘုရားသည် ဇာတ်အနွယ်ဖြင့် ဗြာဟ္မဏဖြစ်သည်ဟုမဆို၊ မြတ်သောသဘောရှိသော အရဟတ္တဖိုလ်သို့ အစဉ်ရောက်သောသူကိုသာလျှင် ဗြာဟ္မဏဟုဆို၏၊ ဟူ၍ ဤဂါထာကို ဟောတော်မူ၏။

**(၃၈၆) ဈာယိံ ဝိရဇမာသီနံ၊ ကတကိစ္စမနာသဝံ။**
**ဥတ္တမတ္ထမနုပ္ပတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။**

(၃၈၆) အနိစ္စစသော လက္ခဏာကိုရှု၍ကိလေသာမြူ ကင်းလျက် (တကိုယ်တည်း) နေလေ့ရှိသော ရဟန်းကိစ္စပြီးပြီးသော အာသဝေါကင်း၍ အရဟတ္တဖိုလ်သို့ရောက်သောပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရား ဟောတော်မူ၏။

(ဒေသနာတော်၏အဆုံး၌ ထိုပုဏ္ဏားသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။)

(ဓမ္မပဒ ဗြာဟ္မဏဝဂ်လေးခုမြောက်မထင်ရှားသောပုဏ္ဏားဝတ္ထုပြီး၏။)

## ၂၆။ ဗြာဟ္မဏဝဂ်

## ၅။ နှိုင်းဆမရှိ တင့်တယ်အိ

(အာနန္ဒာမထေရ်ကြည်ညိုခြင်းဝတ္ထု)
နေမင်း လမင်း လူမင်းတို့ထက်
မြတ်စွာဘုရားသာ ပိုမိုတင့်တယ်၏။

(ဒိဝါ တပတိ) အစရှိသော ဒေသနာတော်ကို ပုဗ္ဗာရုံကျောင်းတော်၌ အရှင်အာနန္ဒာကိုအကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

သီတင်းကျွတ်လပြည့်နေ့ နေအဝင် လအထွက် ညချမ်းအချိန်တွင် ပသေနဒီကောသလမင်းကြီးသည် မင်း၏တန်ဆာတင့်တယ်စွာဖြင့် ဝတ်စားဆင်ယင်၍ မြတ်စွာဘုရားထံဖူးမြော်ရန် ရောက်လာ၏၊ ဖွားဘက်တော်ကာဠုဒါယီမထေရ်သည် စျာန်ကို ဝင်စားတော်မူ၍ပရိသတ်အစွန်၌ ထိုင်နေတော်မူရာ ဝင်းလက် ထိန်လင်း ရွှေအဆင်းကဲ့သို့ နှစ်သက်ဖွယ်ရာ တောက်ပ၍နေ၏။

အာနန္ဒာမထေရ်သည် ဝင်လုဆဲနေမင်းကို လည်းကောင်း၊ ထွက်ပေါ်လာသောလမင်းကိုလည်းကောင်း၊ တင့်တယ်စွာဝတ်ဆင်လာသော ပသေန ဒီကောသလမင်းကြီးကို လည်းကောင်း၊ စျာန်ဝင်စား၍ ကြည်လင် တောက်ပနေသော ကာဠုဒါယီမထေရ်ကိုလည်းကောင်း၊ မြတ်စွာဘုရားသခင်ကို လည်းကောင်း

တလှည့်စီတလှည့်စီကြည့်ရှုလေရာ မြတ်စွာဘုရား၏အရောင်တော်သည် ပို၍ပို၍တင့်တယ်ထွန်းတောက်သည်ကို တွေ့မြင်ရလေသာဖြင့် ရင်ထဲတွင် မထားနိုင်ပဲ ဘုရားသခင်အား လျှောက်ထား၍ အောက်ပါဂါထာကို မိန့်ကြားတော်မူ၏။

(၃၈၇) ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိ'မာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ။

(၃၈၇) နေမင်းသည် နေ့၌တင့်တယ်၏။ လမင်းသည် ညဉ့်၌တင့်တယ်၏။ လူမင်းသည် အဝတ်တန်ဆာပြည့်စုံစွာဆင်ယင်မှ တင့်တယ်၏။ ရဟန္တာသည်ဈာန်ဝင်စားသော် တင့်တယ်၏။ ထို့ထက် နေ့ရော ညဉ့်ပါ အလုံးစုံသောအခါ၌ မြတ်စွာဘုရားသည် တန်ခိုးတော်အရောင်ဖြင့် တင့်တယ်၏။

(ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်သို့ ရောက်ကုန်၏။)

(ဓမ္မပဒ ဗြာဟ္မဏဝဂ် ငါးခုမြောက် အာနန္ဒာမထေရ် ဝတ္ထု ပြီး၏။)

## ၂၅။ ဗြာဟ္မဏဝဂ်

### ၆။ ပဗ္ဗဇိတဟူသမျှ

### (မထင်ရှားသောပုဏ္ဏားဝတ္ထု)

မကောင်းမှုမှအပပြုသူသာ
ဗြာဟ္မဏမည်၏။

(ဗာဟိတ ပါပေါတိ) အစရှိသောဒေသနာတော်ကို ဇေတဝန်ကျောင်း၌ ပုဏ္ဏားတဦးကိုအကြောင်းပြု၍ဟောကြားတော်မူ၏။)

### ဝတ္ထုကြောင်းကား ဤသို့တည်း

ပုဏ္ဏားတဦးသည် သာသနာပြင်ဘက်မှ သက်န်းကိုဝတ်၏။ ရဟန်းဂေါတမသည် မိမိ၏တပည့်တို့ကို ပဗ္ဗဇိတဟူ၍ဆို၏။ ငါသည်လည်း ရဟန်းပြု၏၊ ငါ့ကိုလည်း ပဗ္ဗဇိတဟု ခေါ်သင့်သည်ဟု စိတ်အကြံဖြစ်၍ မြတ်စွာဘုရားထံသွားရောက် မေးလျှောက်၏၊မြတ်စွာဘုရားက ပဗ္ဗဇိတဟူသည်ကို အောက်ပါဂါထာဖြင့် ဟောကြားတော်မူ၏။

(၃၈၈) ဗာဟိတပါပေါတိ ဗြာဟ္မဏော၊
သမစရိယာ ''သမဏော'' တိ ဝုစ္စတိ။
ပဗ္ဗာဇယမတ္တနော မလံ၊
တသ္မာ ''ပဗ္ဗဇိတော'' တိ ဝုစ္စတိ။

(၃၈၈) မကောင်းမှုကို အပပ္ပုပြီးဖြစ်သောကြောင့် ဗြာဟ္မဏဟု ခေါ်ဆိုအပ်၏။ မကောင်းမှုကို ငြိမ်းစေတတ်သောအကျင့်ရှိသောကြောင့် သာမဏဟု ခေါ်ဆိုအပ်၏။ မိမိ၏ကိလေသာအညစ်အကြေးကို ထုတ်ပယ်သောကြောင့် ပဗ္ဗဇိတဟု ခေါ်ဆိုအပ်၏။

(ဒေသနာတော်၏ အဆုံး၌ · များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။)

(ဓမ္မပဒ ဗြာဟ္မဏဝဂ် ခြောက်ခုမြောက် မထင်ရှားသောပုဏ္ဏားဝတ္ထု ပြီး၏)

✽ ✽ ✽

## ၂၆။ ဗြာဟ္မဏဝဂ်

## ၇။ သည်းခံခြင်းအပြည့်အဝ

### (ရှင်သာရိပုတ္တရာဝတ္ထု)

သူတော်ကောင်းကို မပုတ်ခတ်နှင့်၊
သူတော်ကောင်းသည်
ပုတ်ခတ်သူအား အမျက်မထွက်သင့်၊
သူတော်ကောင်းကို ပုတ်ခတ်ခြင်းသည်
စက်ဆုပ်ဖွယ်ဖြစ်၏။
ပုတ်ခတ်သူအား၊ အမျက်ထွက်သူမှာ
သာ၍ စက်ဆုပ်ဖွယ်ဖြစ်၏။

(နဗြာဟ္မဏဿ)စသည့် ဒေသနာတော်ကို ဇေတဝန်ကျောင်း၌ ရှင်သာရိပုတ္တရာအား အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

အရှင်သာရိပုတ္တရာမထေရ်သည် အလွန်သည်းခံတော် မူနိုင်သော ခွန်အားနှင့်ပြည့်စုံတော်မူသည်ဟု ကျော်ကြား၏၊ မိစ္ဆာတိဋ္ဌိပုဏ္ဏားတယောက်သည် သည်းခံနိုင်စွမ်း ရှိ မရှိ စမ်းမည်ဟု ဆွမ်းခံကြွလာသော သာရိပုတ္တရာမထေရ်နောက်မှ လိုက်သွား၍ ကျောကုန်းကို လက်ဝါးဖြင့် ပြင်းထန်သောအသံမြည်အောင် ရိုက်၏၊ ရှင်သာရိပုတ္တရာသည် စောင်းငဲ့၍မှ ကြည့်တော်မမူပဲ ကြွမြဲတိုင်းကြွသွားတော်မူ၏၊ ပုဏ္ဏားသည် ရပ်၍ကြည့်ယင်း တုန်လှုပ်လာ၏၊ အမှိုလိုက်၍ခြေတော်ရင်း၌ ဝပ်စင်းပြီး သည်းခံတော်မူပါရန် တောင်းပန်လျှောက်ထား၏။

မထေရ်က "ဘာကိုသည်းခံရမည်နည်း" ဟု မိန့်တော်မူ၏။ "အရှင်မြတ် သည်းခံနိုင်စွမ်း ရှိ မရှိ စုံစမ်းလို၍ နောက်မှရိုက်မိပါသည်"ဟု လျှောက်၏၊ "ရှိပါစေလော့ အသင့်အား သည်းခံ၏"ဟု မိန့်တော်မူ၏။ ပုဏ္ဏားက"အရှင်သည်းခံပါလျှင် ကျွန်ုပ်အိမ်၌ထိုင်တော်မူ၍ ဆွမ်းကိုခံတော်မူပါ" ဟု မထေရ်၏သပိတ်ကို လှမ်းယူ၏၊ မထေရ်လည်း သပိတ်ကို ပေးသနားတော်မူ၏၊ ပုဏ္ဏားသည် မထေရ်ကို အိမ်သို့ပင့်ဆောင်၏။

ရှင်သာရိပုတ္တရာ အရိုက်ခံရသောသတင်းကိုကြားရ၍ လူတို့သည် အမျက်ထွက်ကာ ပုဏ္ဏားကိုရိုက်နှက်သတ်ဖြတ်မည်ဟု ခဲ တုတ်တို့ကိုလက်ဆွဲလျက် ပုဏ္ဏားအိမ်သို့လာကြ၏၊ အရှင်သာရိပုတ္တရာကို ထိုအိမ်၌မြင်ကြလျှင်"အရှင်မြတ်ဘုရား ကြွတော်မူပါ၊ အရှင်မြတ်အား စော်ကားသော ထိုပုဏ္ဏားကို တပည့်တော်တို့ ဆုံးမပါအံ့"ဟု လျှောက်ကြ၏။

အရှင်သာရိပုတ္တရာက "အသို့ပေနည်း၊ ဤပုဏ္ဏားသည် အသင်တို့ကို ထုရိုက်ပုတ်ခတ်ပေသလော၊ ငါ့ကို ထုနှက်ပုတ်ခတ်ပေသလော့"ဟု မေးတော်မူ၏။

"အရှင်မြတ်ကို ထုရိုက်ပုတ်ခတ်သည်ဖြစ်ပါ၏"

"သို့ဖြစ်လျှင် ဤပုဏ္ဏားသည် ငါ့ကိုထုရိုက်ပုတ်ခတ်၍အမှား ကိုသိသဖြင့် သည်းခံစေဘိ၏၊ အသင်တို့ပြန်သွားကြကုန်လော့" ဟု မိန့်တော်မူသဖြင့် လူအပေါင်းတို့ပြန်သွားကြ၏၊မထေရ်သည် လည်း ဆွမ်းခံ၍ အစဉ်အတိုင်း ကျောင်းတော်သို့ ကြွသွား၏။

ကျောင်းတော်တွင် ရဟန်းတို့က မထေရ်မြတ်ကို ကဲ့ရဲ့ကြ၏၊ မထေရ်သည် မိမိအားရိုက်နှက်သော ပုဏ္ဏား၏အိမ်မှ ဆွမ်းခံ၍ သာ ပြန်ကြွလာ၏၊ ဤပုဏ္ဏားသည် အဘယ်သူအား ကြောက် တော့မည်နည်း၊ ရဟန်းတို့ကိုထပ်မံ၍ ရိုက်နှက်ပေလတံ့ဟု ပြော ဆိုကြကုန်၏။

မြတ်စွာဘုရားကြွလာတော်မူ၍ အဘယ်အကြောင်းကိုပြော ဆိုကြသနည်းဟု မေးတော်မူသဖြင့် ပြန်လည်လျှောက်ကြားလေ လျှင် မြတ်စွာဘုရားက ဤဂါထာကိုဟောကြားတော်မူ၏။

(၃၈၉) န ဗြာဟ္မဏဿ ပဟရေယျ၊
နာဿ မုဉ္စေထ ဗြာဟ္မဏော။
ဓိ ဗြာဟ္မဏဿ ဟန္တာရံ၊
တတော ဓိ ယဿ မုဉ္စတိ။

(၃၉၀) န ဗြာဟ္မဏဿေ'တဒကိဉ္စိ သေယျော၊
ယဒါ နိသေဓော မနသော ပိယေဟိ။
ယတော ယတော ဟိံသမနော နိဝတ္တတိ၊
တတော တတော သမ္မတိမေဝ ဒုက္ခံ။

(၃၇၉) သူတော်ကောင်း(ဗြာဟ္မဏ) ကို မပုတ်ခတ်ရာ၊ သူတော်ကောင်းသည် မိမိပုတ်ခတ်သောထိုသူအား အမျက်မထွက်ရာ၊ သူတော်ကောင်းအားပုတ်ခတ်ခြင်းသည် စက်ဆုပ်ဖွယ်ဖြစ်၏။ ပုတ်ခတ်သူအား အမျက်ထွက်သူသည် ထို့ထက်သာ၍ပင် စက်ဆုပ်ဖွယ်ဖြစ်၏။

(၃၈၀) ရဟန္တာဖြစ်သော သူတော်ကောင်းအား အကြင်တုန့်ပြန်ဆဲရေးခြင်းအားလုံးသည် နည်းနည်းမျှပင်မဖြစ်၊ ချစ်ခင်နှစ်သက်သော စိတ်ကိုမဆုံးမ၊ မတားမြစ်ခြင်းသည် နည်းနည်းမျှပင် မဖြစ်၊ အကြင်အကြင်သို့သော သင်းရဲမှုသည် ငြိမ်းသည်သာ ဘည်း။

(ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။)

(ဓမ္မပဒ ဗြာဟ္မဏဝဂ် ခုနစ်ခုမြောက် ရှင်သာရိပုတ္တရာဝတ္ထုပြီး၏။)

✤ ✤ ✤

၂၆။ ဗြာဟ္မဏဝဂ်

## ၈။ မဟာပဇာပတိဂေါတမီဝတ္ထု

အကြင်သူ၌
ကိုယ်စိတ်နှုတ်တို့ဖြင့်
မကောင်းပြုခြင်းမရှိ
စောင့်ထိန်း၏။
ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ခေါ်၏။

(ယဿ ကာယေန ဝါစာယ)စသည့်ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ မိဒေထွေးတော် ဂေါတမီကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကားဤသို့တည်း

ဤကမ္ဘာအထက် ကပ်တသိန်းဝယ် ပဒုမုတ္တရဘုရား လက်ထက် ဟံသာဝတီပြည်ဝယ် မဟာပဇာပတိ ဂေါတမီလောင်းလျာသည်မြတ်စွာဘုရားတရားတော်ကိုနာကြားနေစဉ် ဘိက္ခုနီမတဦးအား ညဉ့်အပိုင်းအခြားကို သိကုန်သော တပည့်မတို့တွင် အထွဋ်အမြတ်တေဒဂ်ထားသည်ကို ကြားသိဖူးမြင်ရ၍ ပဒုမုတ္တရဘုရားသခင်ထံတွင် အလှူဒါနကိုယ်နှုတ်ဆုံးမ သီလစောင့်ရှောက်၍ ထိုဘဝမှနတ်ပြည်၌ဖြစ်၏၊ ဘုရားတဆူအကြားတွင် နတ်ပြည်မှစုတေ ခဲ့၍ ဗာရာဏသီပြည်၌ ငါးရာသော ကျွန်မိန်းမတို့၏ အကြီးအမှူးဖြစ်လေ၏။

## အတိတ်ဘဝကျွန်မဝတ္ထု

ထိုအခါ ပစ္စေကဗုဒ္ဓါငါးပါးတို့သည် ဝါကပ်ချိန်နီး၍ နန္ဒမူလတောင်ဝှမ်းမှကြွတော်မူကြပြီး မိဂဒါဝုန်တော၌သက်ဆင်း၍ မြို့၌ဆွမ်းခံပြီး မိဂဒါဝုန်သို့ပင်ကြွသွားတော်မူ၍ ဝါကပ်ဆိုရန်ကျောင်းအတွက် ဆောက်လုပ်မည့်သူများကို တောင်းမည်ဟုကြံစည်ကုန်၏။

ဤစကား၌ ဝါကပ်ဆိုရန်ကျောင်းအတွက် အဘယ်ကြောင့်ရှာကြံစီစဉ်ရသနည်း’ဟူမူ-

(ဘိက္ခဝေချစ်သားရဟန်းတို့။ ။အသေနာသနိကေန၊ ဝါကပ်ဆိုရာကျောင်းမရှိပဲ၊ ဝါ၊ ကျောင်းမရှိသော ရဟန်းသည်။ ဝဿံ၊ မိုးလပတ်လုံး သီတင်းသုံးသောဝါသို့။ နဉပဂန္တဗ္ဗံ၊ မကပ်ရောက်မနေအပ်။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ဥပဂစ္ဆေယျ၊ ကပ်ရောက်ခဲ့ငြားအံ့။ သောဘိက္ခု၊ ထိုရဟန်းသည်။

ဒုက္ခဋ္ဌသာ၊ ဒုက္ခဋ္ဌအာပတ်သို့။ အာပတ္တိ၊ ရောက်ခြင်းသည် ဟောတိ၊ ဖြစ်၏ဟူ၍ ပညတ်တော်မူချက်ရှိသဖြင့်တည်း။)

ထို့ကြောင့် (ဝါကပ်ဆိုရန်နီးလျှင် ဝါဆိုကျောင်းကိုရရှိခဲ့သော် ကောင်းလှပေ၏၊ အကယ်၍မရရှိလျှင် လက်အမှုကိုရှာမှီး၍ ပြုအပ်၏၊ မရသော် မိမိကိုယ်တိုင် ပြုလုပ်အပ်၏၊ ကျောင်းမရှိပဲ မိုးလေးလပတ်လုံးဝါဆိုမကပ်ရောက် မနေအပ်၊ ဤကားရဟန်းတို့အစဉ်အလာအမြဲဓမ္မတာဖြစ်ပေ၏။)

ထို့ကြောင့် ပစ္စေကဗုဒ္ဓါအရှင်တို့သည် လက်အမှုလုပ်ကိုတောင်းကုန်အံ့ဟု သဌေး၏နေအိမ်တံခါး၌ ရပ်တည်တော်မူကုန်၏။ အကြီးအမှူးဖြစ်သော ကျွန်မသည် ရေအိုးကိုယူ၍ ရေဆိပ်သို့သွားစဉ် အရှင်ပစ္စေကဗုဒ္ဓါတို့ကိုတွေ့မြင်လိုက်၏။

သဌေးက ပစ္စေကဗုဒ္ဓါတို့အား လက်အမှုလုပ်အတွက် ငြင်းဆိုလိုက်သဖြင့် တောသို့ပြန်ကြွကြ၏၊ လမ်းတွင် အကြီးအမှူးဖြစ်သော ကျွန်မနှင့်တွေ့၍ ရေအိုးကိုခေါင်းထက်မှချကာ ရှိခိုးဦးညွတ် မျက်နှာကိုပင့်မော့လျက် လျှောက်ထား မေးမြန်း၏၊ ကျောင်းဆောက်ရန် လက်အမှုလုပ်တို့မရသေးကြောင်းသိလျှင်၊ ''ဆင်းရဲသားများ ဤအမှုကို ပြုအပ်ပါသလော'' ဟု မေး၏။ ''မည်သူမဆိုပြုနိုင်ပါသည်''ဟု မိန့်ဆိုတော်မူကြ၏။

## ကျောင်းဆောက်လှူဒါန်းကြခြင်း

ကျွန်မ အကြီးအမှူးသည် ပစ္စေက ဗုဒ္ဓါတို့အား မနက်ဖြန်အတွက် ဆွမ်းပင့်လိုက်၏။ လမ်းတွင်တွေ့သမျှ ကျွန် အပေါင်းကို ဤနေရာ၌ ရပ်၍ စောင့်ပါဟု တွေ့သမျှ မှာကြားပြီး နက်ဖြန်သင်တို့၏ လင်ယောကျ်ားတို့ကို တနေ့မျှလောက် လက်စိုက်၍ အလှူပေးပါဟုပြောပြရန် အကျိုးအကြောင်းပြောပြ တောင်းခံ

၏။ ကျွန်မတို့က ကောင်းပါပြီဟုဝန်ခံကြ၏။ နောက်နေ့တွင် ကျွန်ယောကျ်ားတို့သည် တောသို့ဝင်၍ ကျောင်းပရိဝုဏ်သျောင် စောင်းအင်းပျဉ်၊သောက်ရေ၊သုံးရေ လိုလေသေးမရှိ ပြုပြင်စီမံ၍ ဆောက်လုပ်လှူဒါန်းကြသည်။

ကျွန်ယောကျ်ား ကျွန်မိန်းမတို့သည် ဝါတွင်း သုံးလပတ်လုံး အလှည့်ကျ ဆွမ်းလုပ်ကျွေးကြ၏။ အလှည့်ကျ၍ ချက်စရာမရှိ သောသူအား အကြီးအမှူးကျွန်မသည် မိမိအိမ်မှထုတ်၍ပေး၏။ ဝါတွင်းသုံးလပြည့်လျှင် ကျွန်မတယောက်ကို တထည်စီ၊အဝတ် ပုဆိုးတထည်စီ စီရင်စေ၏။ ကြမ်းတမ်းသော အဝတ်ပုဆိုးတို့ကို နူးညံ့သောပုဆိုးတို့ဖြင့် လဲလှယ်၍ပစ္စေကဗုဒ္ဓါတို့အားလှူကြ၏။ ပစ္စေကဗုဒ္ဓါအရှင်တို့သည် ထိုမိန်းမတို့ ရှေ့၌ပင် ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒန တောင်သို့ ကြွတော်မူကြ၏။ အလုံးစုံသော ထိုမိန်းမတို့သည် နတ်ပြည်၌ဖြစ်ကြ၏။

## အတိတ်ဘ၀ ရက်ကန်းသည်မ

ကျွန်မအကြီးအမှူးဖြစ်ခဲ့သော ပဇာပတိဂေါတမီ လောင်း လျာသည် နတ်ပြည်မှ စုတေ့ခဲ့၍ဗာရာဏသီပြည် အနီးရက်ကန်း ရွာကြီးရှိရက်ကန်းသည်အကြီးအမှူးအိမ်၌ဖြစ်လေ၏။ တနေ့တွင် ပဒုမဝတီ မိဖုရား၏ သားတော် ဖြစ်ကုန်သော အရှင်ပစ္စေက ဗုဒ္ဓါငါးရာတို့သည် ဗာရာဏသီမင်းပင့်၍ ကြွလာကြ၏။ တစုံ တယောက်မျှမတွေ့မြင်ရ၍ ပြန်ကြွကြစဉ် ရက်ကန်းသည်ရွာသို့ ရောက်၏၊ဂေါတမီအလောင်းမိန်းမသည်အရှင်ပစ္စေကဗုဒ္ဓါတို့ကို ရှိသေစွာဆွမ်းအလှူကြီးပေး၏။စုတေ သော်နတ်ပြည် လူ့ပြည် တို့၌ဖြစ်၍ ဂေါတမဘုရား ပွင့်တော်မူမည့်ကာလတွင် ဒေဝဒဟ ပြည် မဟာသုပ္ပဗုဒ္ဓမင်းကြီး၏ သမီးတော်ဂေါတမီဖြစ်လာသည်။

## မိထွေးတော်ဂေါတမီဘဝ

ဂေါတမီ မင်းသမီးသည် မဟာမာယာ မင်းသမီး၏ ညီမတော်အရင်းဖြစ်၏။ ထိုညီအစ်မနှစ်ဦးသည်ကပိလဝတ်ပြည်ဘုရင်သုဒ္ဓေါဒနမင်းနှင့် စုံဖက်ကြ၏။ မယ်တော်မာယာသည် ဘုရားအလောင်းတော်ကို ဖွါးမြင်ပြီး ခုနစ်ရက်မြောက်၌ သေဆုံး၍ တုသိတာ နတ် ပြည်၌ ဖြစ် လေ၏။ ထို အ ချိန် တွင် ပဇာပတိဂေါတမီသည် နန္ဒမင်းသားကို ဖွါးမြင်၏။ သားတော်ရင်း နန္ဒမင်းသားကို နို့ထိမ်းတို့လက်အပ်၍ အစ်မတော် မဟာမာယာ၏သား ဘုရားအလောင်းတော်ကို ကိုယ်တိုင်ပိုက်ထွေး နို့ချိုတိုက်ကျွေး၏။

ဘုရားအလောင်းတော် တောထွက်ပြီးနောက် သဗ္ဗ ညုတဘုရားရှင်အဖြစ်သို့ ရောက်ပြီးသော် အစဉ် အတိုင်း အားဖြင့်ကပ္ပိလဝတ်ပြည်သို့ ရောက်ရှိ၍ ခမည်းတော် သုဒ္ဓေါဒနသည်လမ်းခရီးအကြား၌သာ တရားစကား ကြားနာရ၍ သောတာပန်ဖြစ်လေ၏။ နန်းတော်၌ တရားစကား နာရလျှင်မိထွေးတော်ဂေါတမီသည် သောတာပန်ဖြစ်၍ ခမည်းတော်သည် သကဒါဂါမ် ဖြစ်လေ၏။ နောက်နှစ်ရက်မြောက်၌ နန္ဒမင်းသားရဟန်းပြုတော်မူ၏။ ခုနစ်ရက်မြောက်နေ့၌ ရာဟုလာမင်းသားရဟန်းပြုတော်မူ၏။ မြတ်စွာဘုရားထံမှ မဟာဓမ္မပါလဇာတ်ကိုကြားနာပြီးအဆုံး၌ သုဒ္ဓေါဒနမင်းကြီးသည် အနာဂါမိဖိုလ်၌ တည်သော အနာဂါမ်ဖြစ်လေ၏။ ကာလကြာမြင့်သော် သုဒ္ဓေါဒနမင်းကြီးသည်အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ ပရိနိဗ္ဗာန်စံဝင်တော်မူ၏။

## မိထွေးတော် ဂေါတမီ ရဟန်းပြုရန်တောင်းပန်ခြင်း

သုဒ္ဓေါဒနမင်း၏အလောင်းကိုသင်္ဂြိုဟ်ပြီးနောက် မဟာပဇာပတိ ဂေါတမီသည် သာသနာတော်၌ ရဟန်းပြုလိုစိတ် ပြင်းစွာဖြစ်၏။ ဘုရားရှိရာ သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းသို့အရောက်သွား၍ ရဟန်းပြုခွင့်တောင်း၏။ မြတ်စွာဘုရားက ပယ်ရှားတော်မူ၏။ သုံးကြိမ်တိုင်အောင် တောင်းပန်သော်လည်း မရသဖြင့် ငိုကြွေးပြီး ပြန်လာခဲ့ရ၏။

ဒုတိယအကြိမ် ဘုရားသခင် ဝေသာလီပြည်အနီး မဟာဝုန်တောဝယ် သီတင်းသုံးတော်မူခိုက် ငါးရာသော သာကီဝင်မင်းသမီးတို့သည် မဟာပဇာပတိ ဂေါတမီထံသွား၍ ရဟန်းပြုရန်တောင်းပန်ကြ၏။ အားလုံးတို့သည် ဆံပင်တို့ကို ရိတ်ဖြတ်၍ဖန်ရည်စွန်းသောအဝတ်ဖြင့် ဝေသာလီပြည်သို့ လိုက်သွားကြရာဖူးဖူးရောင်သောခြေ၊မြူမှုန်လိမ်းကပ်သော ကိုယ်တို့ဖြင့်ဝေသာလီပြည် မဟာဝုန်တောကျောင်း တံခါးမုခ်ဝသို့ ရောက်ကြ၏။ အာနန္ဒာမထေရ်ကို တွေ့မြင်ရသော် ငိုကြွေးလျှောက်ထားကြ၏။

ရှင်အာနန္ဒာသည်မြတ်စွာဘုရားအားလျှောက်ကြား တောင်းပန်၏။ အာနန္ဒာ၏ ရှည်လျားစွာ လျှောက်ထားမှုကြောင့်ရှစ်ပါးကုန်သော ဂရုဓမ္မတို့ကို ခံယူ၍ ရဟန်းပဉ္စင်းဖြစ်စေ၏။

မိထွေးတော် ဂေါတမီနှင့် သာကီဝင် မင်းသမီးငါးရာတို့ရဟန်းပဉ္စင်းဖြစ်ကြပြီးမြတ်စွာဘုရားထံတွင် ချဉ်းကပ်ရှိခိုးကြ၏။ ဘုရားသခင်သည် တရားတော်ကို ဟောကြားတော်မူ၏။ ဂေါတမီသည် ဘုရားအထံ၌ ကမ္မဋ္ဌာန်းကို ယူ၍ အရဟတ္တဖိုလ်သို့ရောက်လေ၏။ ငါးရာသောဘိက္ခုနီမတို့သည် နန္ဒကောဝါဒသုတ်အဆုံး၌ အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။ နောက်အဖို့၌ဇေတ

ဝန်ကျောင်းတော်တွင် မဟာပဇာပတိဂေါတမီကို ညဥ့်အပိုင်း အခြားကို သိကုန်သော ဘိက္ခုနီမတို့တွင် အထွဋ်အမြတ်တေဒဂ် အရာ၌ထားတော်မူ၏။

## အပြစ်တင်ခံကြရပုံ

ထိုမဟာပဇာပတိဂေါတမီသည်ဂရုဓမ္မရှစ်ပါးကိုပန်းကုံးကဲ့သို့ ခံယူ၍ မညှိုးမနွမ်းရအောင် ကျင့်ကြ၏၊ အခါတပါး၌ ရဟန်း တို့က "မဟာပဇာပတိဂေါတမီသည်၊ မိမိလက်ဖြင့် ဖန်ရည်စွန်း သောအဝတ်တို့ကို ယူငင်ဝတ်ဆင်သူ ဖြစ်သည် ဥပဇ္ဈာယ်ဆရာ မရှိ"ဟု မဟာပဇာပတိ ဂေါတမီနှင့်အတူ ဥပုသ်ကံကို မပြုကြ ကုန်၊ ပဝါရဏာကံမပြုကြကုန်။ ထို့ကြောင့် မြတ်စွာဘုရားကို သွားလျှောက်ထားကြ၏။ မြတ်စွာဘုရားသည် ရဟန်းမိန်းမတို့ လျှောက်ကြားသောစကားကို ကြားတော်မူ၍-

"မဟာပဇာပတိဂေါတမီအား ရှစ်ပါးသော ဂရုဓမ္မ တို့ကို ပေးအပ်ခဲ့၏။ ငါဘုရားသည်သာ မဟာပဇာပတိ ဂေါတမီ၏ဥပဇ္ဈာယ်တည်း။ ကာယဒုစရိုက် စသည်တို့မှ ကင်းစင်ကုန်သော အာသဝေါကုန်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်တို့၌ သံသယမရှိအပ်ပေ"ဟု မိန့်တော်မူပြီး တရား တော်ကို ဟောကြားတော်မူလိုသောကြောင့်-

(၃၉၁) ယဿ ကာယေန ဝါစာယ၊ မနသာ နတ္ထိ ဒုက္ကဋံ။
သံဝုတံ တီဟိ ဌာနေဟိ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

(၃၉၁) အကြင်ပုဂ္ဂိုလ်အား ကိုယ်ဖြင့် လည်းကောင်း၊ နှုတ်ဖြင့် လည်းကောင်း၊ စိတ်ဖြင့် လည်းကောင်း၊ မကောင်းမှုပြုခြင်း မရှိ၊

ကိုယ်နှုတ်စိတ် သုံးပါးတို့ဖြင့်စောင့်ရှောက်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟောတော်မူ၏။

(ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်၌တည်လေ၏။)

(ဗြာဟ္မဏ ဝဂ်ရှစ်ခုမြောက် မဟာပဇာပတိဂေါတမီဝတ္ထု ပြီး၏။)

၂၉ ၂၉ ၂၉

## ၂၆။ ဗြာဟ္မဏဝဂ်

## ၉။ ဆရာကိုကြည်ညို ရှိခိုးသူ

(သာရိပုတ္တရာမထေရ် ဝတ္ထု)

ဗုဒ္ဓ၏ တရားတော်များကို
သင်ကြားသောဆရာအား
အမြဲမပြတ် ရှိခိုးအပ်၏။

(ယမှာ ဓမ္မံ) အစရှိသော ဒေသနာတော်ကို ဇေတဝန်ကျောင်း၌ သာရိပုတ္တရာမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ဝတ္ထုကြောင်းကား ဤသို့တည်း

ဓမ္မသေနာပတိဟု ထင်ရှားသော အရှင်သာရိပုတ္တရာသည် ပဉ္စဝဂ္ဂီငါးပါးတွင် တပါးဖြစ်သောအဿဇိမထေရ်၏ထံမှ "ယေ ဓမ္မာ ဟေတုပ္ပဘဝါ" အစလာသော ဂါထာကို ကြားနာရ၍ သောတာပတ္တိဖိုလ်သို့ ရောက်သောကာလမှစ၍ ဆရာဖြစ်သော

အဿဇိမထေရ် ရှိသည်ဟု ကြားရသောအရပ်သို့ မျက်နှာမူ၍ လက်အုပ်ကိုမြှောက်ချီရှိခိုး၏။ အဿဇိမထေရ်သီတင်းသုံးရာအရပ်သို့ ဦးခေါင်းပြုအိပ်၏။ ရဟန်းတို့က သာရိပုတ္တရာ မထေရ်သည် မိစ္ဆာဒိဋ္ဌိအယူဖြစ်သော အရပ်မျက်နှာတို့ကိုလှည့်၍ ရှိခိုးဆဲပင်ရှိ၏ဟု ကဲ့ရဲ့ကြပြီး မြတ်စွာဘုရားထံ လျှောက်ထားကြ၏။ မြတ်စွာဘုရားက ရှင်သာရိပုတ္တရာအား ခေါ်တော်မူ၍ မေးတော်မူ၏။

"တပည့်တော် အရပ်မျက်နှာတို့ကို ရှိခိုးသည် ဟုတ်မဟုတ် မြတ်စွာဘုရားသာ သိတော်မူပါသည်"ဟု လျှောက်၏။ မြတ်စွာဘုရားက "သာရိပုတ္တရာသည် မိမိဆရာ အဿဇိမထေရ်ရှိရာအရပ်ကိုရှိခိုးဘိသည်"ဟုမိန့်တော်မူပြီး တရားတော်ကိုဟောကြားတော်မူလိုသောကြောင့်-

**(၃၉၂) ယမှာ ဓမ္မံ ဝိဇာနေယျ၊ သမ္မာသမ္ဗုဒ္ဓ ဒေသိတံ။**
**သက္ကစ္စံ တံ နမဿေယျ၊ အဂ္ဂိဟုတ္တံဝ ဗြာဟ္မဏော။**

(၃၉၂) အကြင်ဆရာထံမှ မြတ်စွာဘုရား ဟောကြားအပ်သော တရားကိုသိခဲ့၏၊ ပုဏ္ဏားသည် မီးကိုပူဇော်သကဲ့သို့ ထိုဆရာကိုရှိခိုးရာ၏။

(ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်သို့ ရောက်ကုန်၏။)

(ဗြာဟ္မဏဝဂ် ကိုးခုမြောက် သာရိပုတ္တရာမထေရ်ဝတ္ထုပြီး၏။)

၃၉ ၆ ၆

## ၂၆။ ဗြာဟ္မဏဝဂ်

## ၁၀။ ထိုးထွင်းသိမှ ဗြာဟ္မဏ

### (ဇဋိလပုဏ္ဏား ဝတ္ထု)

(နဇဋာဟိ) အစရှိသော ဒေသနာတော်ကို ဇေတဝန်ကျောင်း၌ ဇဋိလပုဏ္ဏားကိုအကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ဇဋိလမည်သောပုဏ္ဏားသည်နှစ်ဘက်မိဘမျိုးရိုးစစ်စစ်ဗြာဟ္မဏဖြစ်၏။ တနေ့တွင် စဉ်းစားမိယင်းက ရဟန်းဂေါတမသည် မိမိတပည့်များကို ဗြာဟ္မဏဟုခေါ်၏။ စင်စစ်ငါသည်လည်း မျိုးရိုးစစ်စစ်ဗြာဟ္မဏဖြစ်၏၊ ငါ့ကိုလည်း ဗြာဟ္မဏဟု ခေါ်ဆိုသင့်ပေသည်ဟုမြတ်စွာဘုရားရှေ့တော်မှောက်တွင်မိမိ၏အကြံကိုလျှောက်ထား၏။ မြတ်စွာဘုရားသခင်က-

''အို-ပုဏ္ဏား။ ငါဘုရားသည် ဆံကျစ်ရှိကာ အမျိုးအနွယ်စစ်ကာမျှဖြင့်ဗြာဟ္မဏဟုမခေါ်ဆို။သစ္စာလေးပါးတို့ကို ထိုးထွင်းသိမြင်မှ ဗြာဟ္မဏဟု ခေါ်ဆိုပေ၏ဟု မိန့်ဆိုတော်မူပြီး-

(၃၉၃) န ဇဋာဟိ န ဂေါတ္တေန၊ **န ဇစ္စာ** ဟောတိ ဗြာဟ္မဏော။
**ယမှိ သစ္စဉ္စ ဓမ္မော စ၊ သော သုစီ သော စ ဗြာဟ္မဏော။**

(၃၉၃) ဆံကျစ်ထုံးခြင်း တို့ဖြင့် လည်းကောင်း၊ အနွယ်အားဖြင့်လည်းကောင်း၊ ဇာတ်အားဖြင့်လည်းကောင်း၊ ဗြာဟ္မဏမဖြစ်နိုင်၊ သစ္စာ

ဉာဏ်နှင့် လောကုတ္တရာတရား ရှိသူသည်သာ စင်ကြယ်သူလည်းဖြစ်၏။ ဗြာဟ္မဏလည်းဖြစ်၏။

(ဒေသနာတော်၏ အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။)

(ဗြာဟ္မဏဝဂ် တစ်ဆယ်ခုမြောက်ဇဋိလပုဏ္ဏားဝတ္ထုပြီး၏။)

※ ※ ※

## ၂၆။ ဗြာဟ္မဏဝဂ်

## ၁၁။ တွင်းပြင်နှစ်တန် စင်ကြယ်ရန်

### (စဉ်းလဲသောပုဏ္ဏားဝတ္ထု)

**အပြင်အပကိုသာ သုတ်သင်၍**
**အတွင်း၌တော ချုံအတိ**
**ဖြစ်နေလျှင် အဘယ်အကျိုးရှိအံ့နည်း**

(ကိံတေ ဇဋာဟိ)အစရှိသော ဒေသနာတော်ကို **ဝေသာ** လီပြည်၊ မဟာဝုန်တော၌ သီတင်းသုံးခိုက် စဉ်းလဲသော ပုဏ္ဏား တယောက်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

**ဝတ္ထုကြောင်းကား ဤသို့တည်း**

ဝေသာလီပြည် မြို့တံခါး အနီး၌ ပုဏ္ဏား တယောက်သည် ရေခံတက်ပင်သို့ တက်၍လင်းနို့ များ ကဲ့သို့ ခြေထောက် နှစ်ချောင်းကို သစ်ကိုင်းတို့၌ချိတ်လျက် ကိုယ်ကို ဇောက်ထိုးပြု၍

နေယင်း "ငါ့အား နွားနက်တရာ အသပြာနှင့် အလုပ်အကျွေးတို့ ကိုပေးကြ။ မပေး၍ဤသစ်ပင်မှပြုတ်ကျသေလွန်ခဲ့သော်တမြို့လုံး ပျက်စီးစေအံ့ " ဟု ပြောဆို၍ နေ၏။ လူ အပေါင်း တို့ ကြောက်ကြ၍ တောင်းဆိုသည်ကိုစုဆောင်းပေးကြ၏။ ရဟန်း တော်တို့ ကြားသိတွေ့မြင်ရသမျှ မြတ်စွာဘုရားအားလျှောက် ထားကြ၏။ မြတ်စွာဘုရားသခင်က "ဤပုဏ္ဏားသည် ယခုမှ သာမဟုတ်။ ရှေးယခင် ကလည်း လှည့်ပတ်ခဲ့ဘူးပြီ၊သို့သော် ပညာရှိသောသူတို့ကိုမူလှည့်ပတ်ခြင်းငှာမစွမ်းနိုင်" ဟု မိန့်တော် မူပြီး ဤရဟန်းတော် တို့တောင်းပန်အပ်သောကြောင့် အတိတ် ဇာတ်ကိုဟောကြားတော်မူ၏။

(ဖွတ်မင်းနှင့် ပုဏ္ဏားစဉ်းလဲဝတ္ထု)

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း သည် မင်းပြုသည်ရှိသော် ရွာတရွာကို အမှီပြု၍ ကောက်ကျစ် စဉ်းလဲသောရသေ့သည်နေ၏။ ထိုရသေ့စဉ်းလဲကိုအိမ်တအိမ်မှ ကိုးကွယ်၏။ ရွာရသမျှခဲ ဘွယ်ဘောဇဉ်၏ တစုကို ပေးလှူ၏၊ တနေ့၌ဖွတ်သားကိုရ၍ချက်ပြုတ်ပြီးရသေ့စဉ်းလဲအားပေးလှူ၏ ဖွတ်သား၏ အရသာကိုခံမင်၍ ဆွမ်းခံသွားယင်း ထောပတ်၊ ရှိန်းခို၊ ဇီယာ၊ ဂျင်း၊ ကြက်သွန်၊ငြုပ်၊ ပိတ်ချင်းတို့ကို ရှာဖွေပြီး သူ၏သစ်ရွက်မိုးကျောင်းသို့ ယူဆောင်၍ တခုသောအစွန်အဖျား၌ ထား၏။

ရသေ့စဉ်းလဲကျောင်း၏ မနီးမဝေး တောင်ပို့တခု၌ ဘုရား လောင်းဖွတ်မင်းသည်နေ၏၊တခါတရံဖွတ်မင်းသည်ရသေ့ကိုရှိခိုး ရန် လာလေ့ရှိ၏၊ ဖွတ်သားအရသာကို စားရပြီးသော ရသေ့က ဖွတ်လာလျှင်သတ်မည်ဟုကြံ၍ တုတ်လုံးတို့ကိုမမြင်အောင်ထားပြီး

တောင်ပို့အနီး၌ထိုင်ရက် အိပ်ပျော်ဟန် ဆောင်နေ၏။ ဖွတ်မင်းသည် တောင်ပို့မှထွက်၍ ရသေ့ကိုမြင်လျှင် ''ယနေ့ဆရာရသေ့၏ အပြုအမူကိုမနှစ်သက်''ဟု စိတ်ထဲမှစဉ်းစား၏၊ ထိုနေရာမှ ပြန်လှည့်ထွက်သွား၏။ ဖွတ်မင်း ပြန်ထွက် သွားလျှင် ရသေ့သည် နောက်မှတုတ်လုံတို့နှင့်ပစ်ခတ်၏၊ သတိရှိသော ဖွတ်မင်းကိုမထိ၊ ဖွတ်မင်းသည် တောင်ပို့လိုဏ်ခေါင်း အတွင်းသို့ပြေးဝင်၍ ထိုလိုဏ်ခေါင်းမှ ဦးခေါင်းကိုထုတ်ပြီးလျှင် ရသေ့စဉ်းလဲကို-

''အို-သီလကြောင်ရသေ့၊ သင့်ကိုရသေ့ထင်၍ငါဆည်းကပ်၏၊ သင်သည် ငါ့အား တုတ်ဖြင့်ပစ်၏၊ ပညာနည်းသောရသေ့ သင့်အားဆံကျစ်ထုံးထား၍အဘယ်အကျိုးရှိမည်နည်း။ သင့်အား သစ်နက်ရေ အဝတ်ကိုဝတ်ခြင်းဖြင့် အဘယ်အကျိုး ရှိမည်နည်း၊ သင်၏ကိုယ်တွင်း၌ ကိလေသာတောရှိ၏၊ အပြင်၌ ဖြူစင်၏။''

ဤသို့ဖွတ်မင်းပြောသော စကားကိုကြားလျှင် ရသေ့သည် ဖျားယောင်းလို၍ ''ဖွတ်မင်းပြန်လာခဲ့ပါ၊ သလေးထမင်းကိုစားပါ၊ ငါ့မှာ ဆီ၊ ဆား၊ ပိတ်ချင်းသီးအများကြီးရှိ၏''ဟုပြော၏။

ထိုအခါ ဖွတ်မင်းက-

''သင်အမျိုးမျိုး ပြောသမျှ ငါပြေးချင်စိတ်သာ ရှိ၏။ ငါတွင်းနက်ထဲသို့ ဆင်းတော့မည်၊ သင်ရသေ့က ဆီ ဆား ရှိသည်ဟုဆို၏၊ ငါ့အား စပ်သောပိတ်ချင်းသီးနှင့် မသင့်ပါ''ဟု ပြောဆို၍ နက်စွာသောလိုဏ်တွင်းသို့ ဝင်သွား၏။

မြတ်စွာဘုရားသည် ဤသို့ အတိတ်ဇာတ်ကို ဟောတော်မူ၍ ထိုအခါက စဉ်းလဲသောရသေ့သည် ယခုဤပုဏ္ဏားဖြစ်၏၊ ဖွတ်မင်းကား ငါဘုရားသာတည်းဟု ဇာတ်တော်ကိုပေါင်းပြီး ရသေ့

စဉ်းလဲအား ဆိုးမဘူးသော အကြောင်းကို ပြလိုတော် မူသော ကြောင့်–

**(၃၉၄) ကိံ တေ ဇဋာဟိ ဒုမ္မေဓ၊ ကိံ တေ အဇိနသာဋိယာ၊**
**အဗ္ဘန္တရံ တေ ဂဟနံ၊ ဗာဟိရံ ပရိမဇ္ဇသိ။**

(၃၉၄) ပညာနည်းသောရသေ့၊သင့်အား ဆံကျစ်ထုံးခြင်းတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ သင့်အား သစ်နက်ရေအဝတ်ကို ဝတ်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ သင်၏ကိုယ်တွင်း၌ ကိလေသာတော ရှိသည်၊ ပြင်ပ၌ ဖြူစင်၏။

(ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူ တို့ သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။)

(ဗြာဟ္မဏဝဂ် တဆယ့်တစ်ခုမြောက် စဉ်းလဲ့သောပုဏ္ဏားဝတ္ထု ပြီး၏။)

## ၂၆။ ဗြာဟ္မဏဝဂ်

## ၁၂။ ပံ့သုကူသင်္ကန်းဆောင် ဘိက္ခုနီမ

(ကိသာဂေါတမီဝတ္ထု)

ပံ့သုကူသင်္ကန်းကိုဆင်မြန်းသော
တော၌တယောက်ထီးတည်းကျင့်သော
ချောနဝင်စားလေ့ရှိသော
ထိုပုဂ္ဂိုလ်သည်
ဗြာဟ္မဏဖြစ်၏။

(ပံသုကူလ ဓရံ) အစခံသော ဒေသနာတော်ကိုရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌နေတော်မူစဉ်ကိသာဂေါတမီကိုအကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသိုတည်း

ရှေးယခင်ဆုတောင်းကြောင့်မြူမှုံ့လိမ်းကျံပံ့သုကူသင်္ကန်းကို ဆင်မြန်းရာ၌ တေဒင်္ဂဘွဲ့ထူးချီးကျူးမြှောက်စား ပေးသနားခြင်း ခံရသောကိသာဂေါတမီကား သဟဿဝဂ် ကိသာဂေါတမီဝတ္ထု တွင် ဖော်ပြခဲ့သည့်အတိုင်း သားသေသည့် သူဆင်းရဲမ၊ သားကို ပိုက်၍ မုံညှင်းဆံရှာရာမှ ရဟန္တာမ ဖြစ်ခဲ့သော ကိသာဂေါတမီ မထေရ်မကိုမြတ်စွာဘုရားသခင်က-

"ချစ်သားရဟန်းတို့၊ ငါဘုရား၏တပည့်မ ဖြစ်ကုန် သော ခေါင်းပါ ညှစ်နွမ်းရှုံ့ရင်း ကြုမ်းတမ်းသော

သက်န်းကို ဆောင်ကြသူတို့တွင် အကြင်ကိသာဂေါတမီ
သည် အလွန်မြတ်၏၊’’

ဟု မိန့်တော်မူခဲ့၏။

## သိကြားမင်းနှင့်ကိသာဂေါတမီ

တနေ့တွင် သိကြားမင်းသည် ပထမယမ်အဆုံး၌ နတ်ပရိသတ်နှင့် မြတ်စွာဘုရားထံ တရားနာနေ၏။ ထိုအခိုက်ကိသာဂေါတမီ မထေရ်မသည် မြတ်စွာဘုရားကို ဖူးမြင်ရန် ကောင်းကင်ခရီးဖြင့် ကြွလာစဉ် သိကြားမင်းကိုမြင်၍ ပြန်လည်၍သွား၏။ သိကြားမင်းက ထိုမထေရ်မသည် အဘယ်အမည်ရှိပါသနည်းဟု မြတ်စွာဘုရားကို မေးလျှောက်၏။ မြတ်စွာဘုရားက ဤမထေရ်မသည် ပံသုကူသက်န်းကိုဆောင်ကုန်သောမထေရ်မတို့တွင်အထွဋ်အမြတ်ဖြစ်သော ငါဘုရား၏သမီးတော် ကိသာဂေါတမီတည်းဟု မိန့်ဆိုပြီးနောက်-

(၃၉၅) ပံသုကူလ ဓရံ ဇန္တုံ၊ ကိသံ ဓမနိ သန္ထတံ။
ဧကံ ဝနသ္မိံ ဈာယန္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

(၃၉၅) ပံ့သုကူသက်န်းကို ဆောင်သော ကြုံလှီ၍ အကြောပြိုင်းပြိုင်းထသော တယောက်ထီးတည်းတောထဲ၌ ဈာန်ဝင်စားလေ့ရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

(ဗြာဟ္မဏဝဂ် တဆယ့်နှစ်ခုမြောက် ကိသာဂေါတမီ မထေရ်မဝတ္ထုပြီး၏။)

၀ ၀ ၀

## ၂၆။ ဗြာဟ္မဏဝဂ်

### ၁၃။ ပုဏ္ဏားတယောက်ဝတ္ထု

(နစာဟံ ဗြာဟ္မဏံ ဗြူမိ) အစရှိသော ဒေသနာ တော်ကို ဇေတဝန်ကျောင်း၌ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ပုဏ္ဏားတယောက်က သူသည် ဗြာဟ္မဏဖြစ်ပါသည်ဟူ မြတ်စွာဘုရားကို လျှောက်ထားသဖြင့် မြတ်စွာဘုရားသည် ဗြာဟ္မဏ အစစ်၏ အဓိပ္ပါယ်ကို အောက်ပါဂါထာဖြင့် ဟောကြားတော်မူ၏။

(၃၉၆) နစာဟံ ဗြာဟ္မဏံ ဗြူမိ၊ ယောနိဇံ မတ္တိသမ္ဘဝံ။
ဘောဝါဒိနာမ သောဟောတိ၊
သစေ ဟောတိ သကိဉ္စနော။
အကိဉ္စနံ အနာဒါနံ၊ တမဟံ ဗြူမိဗြာဟ္မဏံ။

(၃၉၆) ပုဏ္ဏား မျိုး၌ ဖြစ်သော ပုဏ္ဏေးမမှ ဖြစ်သော သူကို ဗြာဟ္မဏဟု ငါဘုရားမဟောလို၊ ထိုပုဏ္ဏားသည် ရာဂစသော ကြောင့်ကြမှုကိလေသာ ရှိခဲ့မူ ဘောဝါဒီအမည်ရှိ၏၊ ကြောင့်ကြမှု ကိလေသာ လည်းမရှိ၊ စွဲလန်းမှုလည်းမရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရား ဟော၏။

(ဗြာဟ္မဏဝဂ် တဆယ့်သုံးခုမြောက် ပုဏ္ဏားတယောက်ဝတ္ထုပြီး၏)

## ၂၆။ ဗြာဟ္မဏဝဂ်

## ၁၄။ ဥဂ္ဂသေန မထေရ်ဝတ္ထု

(သဗ္ဗသံယောဇနံ ဆေတွာ) အစရှိသော ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ ဥဂ္ဂသေနမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကားဤသို့တည်း

ဥဂ္ဂသေန သဌေးသားဝတ္ထုကို တဏှာဝဂ်ခြောက်ခုမြောက်တွင် ရဟန္တာဖြစ်သည်အထိ ဖေါ်ပြခဲ့ပြီးပါပြီ။

ဥဂ္ဂသေနသဌေးသား ရဟန္တာ ဖြစ်ပြီးနောက် ဇေတဝန်ကျောင်းတော်၌ ရဟန်းတို့က ဥဂ္ဂသေနသည် "မကြောက်"ဟူ၍ မဟုတ်မမှန် အရဟတ္တဖိုလ်ကို ကြားယောင် ခဲ့ပါသည်ဟု လျှောက်ကြားသဖြင့် မြတ်စွာဘုရားက-

"ချစ်သားတို့ ငါ့သားတော်နှင့် တူကုန်သော၊ ဖြတ်ပြီးသောသံယောဇဉ်ရှိကုန်သော၊ သူတို့သည် မကြောက်ကုန်သာလျှင်တည်း"ဟု မိန့်တော်မူပြီး-

(၃၉၇) သဗ္ဗသံ ယောဇနံ ဆေတွာ၊
ယော ဝေ န ပရိတဿတိ။
သင်္ဂါတိဂံ ဝိသံယုတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

(၃၉၇) အကြင်ပုဂ္ဂိုလ်သည် အနှောင်အဖွဲ့ သံယောဇဉ်အားလုံးကိုဖြတ်၍ ထိတ်လန့်ပူပန်မှုမရှိ၊ ကပ်ငြိတတ်သည့် ကိလေသာကိုလွန်သော ကိလေသာနှင့် မယှဉ်သော ထိုပုဂ္ဂိုလ်ကိုဗြာဟ္မဏဟု ငါဘုရားဟော၏။

(ဗြာဟ္မဏဝဂ်တဆယ့်လေးခုမြောက် ဥဂ္ဂသေနမထေရ်ဝတ္ထုပြီး၏။)

## ၂၆။ ဗြာဟ္မဏဝဂ်

# ၁၅။ ကြိုးတို့ကိုဖြတ်

### (ပုဏ္ဏားနှစ်ယောက်ဝတ္ထု)

ဒေါသနှောင်ကြိုး၊ တဏှာလွန်ကြိုး
အယူမှားသည့် ထုံးကြိုး
တို့ကို ဖြတ်လေလော့။

(ဆေတွာ နဒ္ဓိံ ဝရတ္တဉ္စ) အစရှိသော ဒေသနာတော် ကို ဇေတဝန်ရွှေကျောင်း၌ ပုဏ္ဏားနှစ်ဦးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

ပုဏ္ဏား တယောက်တွင် စူဠရောဟိတ အမည်ရှိသော နွား၊ အခြားပုဏ္ဏားတယောက်တွင် မဟာရောဟိတအမည်ရှိသောနွား တို့ရှိကြ၏၊ တနေ့တွင် သူ့နွားက ခွန်အားကြီးသည်၊ ငါ့နွားက ခွန်အားကြီးသည်ဟု အငြင်းအခုန် ဖြစ်ကြရာ၊ နွားနှစ်ကောင် ပြိုင်ပွဲကျင်းပရန် ချိန်း၍ အစိရဝတီမြစ်ကမ်း၌ လှည်းတွင် သဲအပြည့်တင်ပြီး နွားတို့ကို မောင်းနှင်ကြ၏၊ နွားနှစ်ကောင် စလုံး မရုန်းနိုင်၊ အနည်းငယ်မျှ မရွေ့ရှား၊ နွားများ တအားရုန်း၍ လှည်း၌ ချီထားသော ကြိုးတို့သာပြတ်ကုန်၏။

ထိုအဖြစ်အပျက်ကို အစိရဝတီ မြစ်ကမ်းသို့ ရေသုံးသပ်ရန် လာကြသော ရဟန်းတော်တို့တွေ့မြင်ရ၍ မြတ်စွာဘုရားအား လျှောက်ထားရာ မြတ်စွာဘုရားသည် တရားတော်ကို ဟော တော်မူလိုသောကြောင့်-

(၃၉၈) ဆေတွာ နန္ဒိံ ဝရတ္တဉ္စ၊ သန္ဒာနံ သဟ နုက္ကမံ။
ဥက္ခိတ္တပလိဃံ ဗုဒ္ဓံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

(၃၉၈) (ဒေါသတည်းဟူသော) နှောင်ကြိုးကို လည်းကောင်း၊ (တဏှာတည်းဟူသော) နှောင်ကြိုးကိုလည်းကောင်း၊ (ကိန်းအောင်းနေသော ကိလေသာနှင့်တကွသော) မိစ္ဆာဒိဋ္ဌိ ခြောက်ဆယ့်နှစ်ပါးတည်းဟူသော ထူးကြိုးကိုလည်းကောင်း ဖြတ်၍ အဝိဇ္ဇာတံခါး ကျည်မင်းတုပ်ကို နှုတ်ပယ်ပြီးလျှင် သစ္စာလေးပါးကိုသိသော ထိုပုဂ္ဂိုလ်ကိုဗြာဟ္မဏဟု ငါဘုရားဟော၏။

(ဒေသနာတော်၏အဆုံး၌ ငါးရာကုန်သော ရဟန်းတို့သည် သောတာပတ္တိဖိုလ်သို့ ရောက်ကြကုန်၏။)

(ဗြာဟ္မဏ ဝဂ် တဆယ့် ငါးခုမြောက်ပုဏ္ဏားနှစ်ယောက်ဝတ္ထုပြီး၏။)

## ၁၆။ သည်းခံခြင်း ခွန်အား

(ဘာရဒွါဇ ပုဏ္ဏားဝတ္ထု)
ဆဲရေးခြင်း နှိပ်စက်ခြင်းတို့ကို
အမျက်မထွက် သည်းခံသည့်ခွန်အားရှိမှ
ဗြာဟ္မဏဟု ခေါ်နိုင်၏။

(အက္ကောသံ °ဝဓဗန္ဓဉ္စ) အစရှိသောဒေသနာကို ဝေဠုဝန် ကျောင်း၌ နေတော်မူစဉ် အက္ကောသက အနွယ် ဘာရဒွါဇ ပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

အက္ကောသက ဘာရဒွါဇပုဏ္ဏား၏ အစ်ကိုကြီး ဖြစ်သော ဘာရဒွါဇ ပုဏ္ဏား၏ဇနီး ဓနဉ္စာနီပုဏ္ဏေးမသည် ဘုရား ရှင်၏ တပည့်မအစစ်၊သောတာပတ္တိမဂ်ဖိုလ်သို့ရောက်ပြီးသောသောတာ ပန်အရိယာ ဒါယိကာမဖြစ်ပေ၏၊ ဓနဉ္စာနီသည် နှာချေသော် လည်းကောင်း၊ အမှတ်မထင် တစုံတခုဖြစ်လျှင်သော်လည်း ကောင်း၊ "နမော တဿ ဘဂဝတော၊ အရဟတော သမ္မာ သမ္ဗုဒ္ဓဿ"ဟု သုံးကြိမ်ရွတ်ဆိုလေ့ရှိ၏၊ ဘာရဒွါဇသည်မိစ္ဆာ ဒိဋ္ဌိဖြစ်၏၊ ဘုရားတရားသံဃာ အသံနားမှပင် မကြားနိုင် ကြမ်း တမ်းခက်ထန်၏၊ ပုဏ္ဏားသည် အလှူပြုလျှင် ပုဏ္ဏား ငါးရာတို့ အားပင့်ဖိတ်၍ ရေမရောသောနို့ဓမ်းဖြင့် ကျွေးမွေးလှူဒါန်း၏။

ပုဏ္ဏေးမသည် လင့်အလိုကိုလိုက်၍ မဇ္ဈရိယ တရား ပယ်ရှားပြီး ကိုယ်တိုင် ပုဏ္ဏားအလှူကို ကူညီပြုစုကျွေးမွေးလှူဒါန်း၏၊ ရဟန်းတို့ကို ပုဏ္ဏေးမ ဆွမ်းပင့်၍ကျွေးလျှင် ပုဏ္ဏားသည် ထိုနေ့၌ စောစောကပင် နေအိမ်မှထွက်သွားလေ့ရှိ၏။

တနေ့တွင်လင်ပုဏ္ဏားကပုဏ္ဏားငါးရာကိုဖိတ်၍ ကျွေးမွေး၏။ မယားကသဘောထားကြီးစွာပြုစုလုပ်ကျွေး၏။ ထိုစဉ်ခြေချော်၍လဲမည်အပြု ဓနဥ္စနီပုဏ္ဏေးမသည်မြတ်စွာဘုရားရှိရာ ဝေဠုဝန်ကျောင်းတော်သို့လက်အုပ်ချီ၍ "နမောတဿ"ကို သုံးကြိမ်ရွတ်၏။ ထိုအခါ ပုဏ္ဏားတို့သည် စိတ်နှလုံးထိခိုက်ပြီး စားဆဲသောဘောဇဉ်တို့ကို စွန့်ပစ်ထွေးပစ်၍ဘာရဒွါဇပုဏ္ဏားကို ဆဲရေးပြီး ထွက်သွားကြ၏။

ပုဏ္ဏားသည် မယားကိုဒေါသဖြစ်၍-

"သူယုတ်မာ၊ သင့်ဆရာ ဦးပြည်းရဟန်းတို့ အယူဝါဒကို မေးမြန်း၍ ကဲ့ရဲ့ပြစ်တင်မည်"ဟုဆို၏။ ထိုအခါပုဏ္ဏေးမက-

"အရှင်ပုဏ္ဏား၊ မြတ်စွာဘုရားအားစကားဆန့်ကျင် အပြစ်တင်နိုင်သည့်ပုဂ္ဂိုလ်ကိုငါမတွေ့ဘူးပါ၊ သင်ယခုသွား၍ သင်မေးလိုရာ ခက်ခဲသည့်ပုစ္ဆာကို မေးမြန်းပါချေ"ဟု တိုက်တွန်း၏။ ပုဏ္ဏားသည် မြတ်စွာဘုရားထံတော်သွား၏၊ ရောက်လျှင် ရှိမခိုးပဲ မေးမြန်း၏။

"ရှင်ဂေါတမ။ (တစ်) ဘယ်အရာကိုဖြတ်တောက်ပါမှမပင်မပန်း ချမ်းချမ်းသာသာ နေရပါသနည်း။ (နှစ်) ဘယ်အရာကို ဖြတ်တောက်ပါမှ စိုးရိမ်ကြောင့်ကြ မဖြစ်ရပါသနည်း။ (သုံး) အဘယ်မည်သော တခုသောတရားကို တပ်မက်ခြင်းငှာနှစ်သက်ပါသနည်း"

"အိုပုဏ္ဏား။ (တစ်)အမျက်ထွက်ခြင်းကို ဖြတ်တောက်ပါမူ မပင်မပန်းချမ်းချမ်းသာသာနေရပါ၏။ (နှစ်)အမျက်ထွက်ခြင်းကို ဖြတ်တောက်မူ စိုးရိမ်ကြောင့်ကြမဖြစ်ရပါ။ (သုံး) အညွန့်အဖျားမှာချို၍အမြစ်ရင်းတွင် ပြင်းထန်သော အဆိပ်ရှိသော အမျက်ထွက်ခြင်းကို သတ်သောသူကိုသူတော်ကောင်းတို့သည် ချီးမွမ်းကုန်၏၊ အမျက်ထွက် ခြင်းကိုဖြတ်တောက်ခြင်းကြောင့် စိုးရိမ်ကြောင့်ကြ မပူပန်ရပေ။

ဤသို့မြတ်စွာဘုရား ဖြေကြားဟောပြသည့်အဆုံး၌ ဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားအား အလွန်အမင်းကြည်ညိုခြင်း ပြင်းလှသဖြင့် ရဟန်းအဖြစ်သို့တောင်းပန်၍ရဟန်းအဖြစ်ကိုရပြီး အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ညီအငယ်ဖြစ်သော အက္ကောသကဘာရဒွါဇ ပုဏ္ဏားသည် အစ်ကိုကြီး ရဟန်းပြုသည်ကြားသော် အမျက်ပြင်းစွာထွက်၍ မြတ်စွာဘုရားကိုယ်တော်ကို ကြမ်းကြုတ်သောစကားဖြင့်ဆဲရေး၏၊ ထိုအက္ကောသကဘာရဒွါဇအား မြတ်စွာဘုရားသည် တရားဟောပြ၍ကြည်ညိုလှပြီး ရဟန်းပြုကာအရဟတ္တဖိုလ်သို့ရောက်ပြန်၏၊ ထို့နောက်တဖန် ညီအငယ်များဖြစ်ကြသော သုန္ဒရိကဘာရဒွါဇနှင့် ဗိလင်္ဂိကဘာရဒွါဇ ညီအစ်ကိုနှစ်ယောက်တို့သည်လည်း မြတ်စွာဘုရားကိုဆဲရေးယင်းမှ ဆုံးမစကားနာကြားရ၍ ရဟန်းပြုကာ အရဟတ္တဖိုလ်သို့ရောက်ကြပြန်၏။

တနေ့သောတရားသဘင်ဝယ် ရဟန်းတို့က "အရှင်ဘုရား၏ ဂုဏ်ကျေးဇူးတော်ကိုကား အံ့ဩချီးမွမ်းဖွယ် ကောင်းလေစွ၊

ပုဏ္ဏားညီနောင်လေးယောက်တို့၏ဆဲရေးခြင်းကို သည်းခံလျက် တရားတော်ကို ဟောပြောခြင်းဖြင့် ထိုသူတို့သည် သာသနာ တော်သို့ ရောက်ရှိလာကြကုန်၏''ဟုပြောဆိုကြ၏၊ မြတ်စွာဘုရား ကြွလာတော်မူသော် အဘယ်စကားကို ပြောကြားကြသနည်းဟု မေးတော်မူ၍ ဤအကြောင်းကိုလျှောက်ထားကြလျှင်-

"ချစ်သားရဟန်းတို့။ ငါဘုရားသည်သည်းခံခြင်းခွန်အားနှင့် ပြည့်စုံသည့်အဖြစ်ကြောင့် ပြစ်မှားကုန်သောသူတို့အား ပြန်လှန် ပြစ်မှားခြင်း မပြုသောကြောင့် လူများအပေါင်း၏ အားကိုး ထောက်တည်ရာ ဖြစ်တော့သည်''ဟု မိန့်တော်မူပြီး-

**(၃၉၉) အက္ကောသံ ဝဓဗန္ဓဉ္စ၊ အဒုဋ္ဌော ယော_ တိတိက္ခတိ။**
**ခန္တီဗလံ ဗလာနီကံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။**

(၃၉၉) အကြင်ပုဂ္ဂိုလ်သည် ဆဲရေးခြင်း၊ ပုတ်ခတ်ညှဉ်းဆဲခြင်း၊ နှောင်ဖွဲ့ခြင်းကို အမျက်မထွက်ပဲ သည်းခံ၏။ သည်းခံခြင်း အားတည်း ဟူသော စစ်သည်ဗိုလ်ပါရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရား ဟော၏ဟူ၍ ဟောကြားတော်မူ၏။

(ဗြာဟ္မဏဝဂ် တဆယ့်ခြောက်ခုမြောက် အက္ကောသကဘာရဒွါဇ ဝတ္ထုပြီး၏)

# ၁၇။ ရဟန္တာတို့သည် အမျက်မထွက်

## (သာရိပုတ္တရာမထေရ် ဝတ္ထု)

(အင်္ကောဓနံ) အစခံသော ဒေသနာတော်ကို ရာဇဂြိုဟ်ပြည် ဝေဠုဝန် မင်းကျောင်း၌ သာရိပုတ္တရာမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

သာရိပုတ္တရာ မထေရ်သည် ငါးရာသောရဟန်းတို့နှင့် ဆွမ်းခံယင်း နာလကရွာ၌ မယ်တော်သာရိပုဏ္ဏေးမ၏အိမ်သို့ ကြွတော်မူ၏။ မယ်တော်သည်ထိုင်စေ၍ လုပ်ကျွေးယင်း ဆဲရေး၏။

"စားကြွင်းစားတဲ့သာရိပုတ္တရာ။ သူများအိမ်ကစားကြွင်းကို မရလို့ တခြားအိမ်တွေမှာ ယောက်ချိုဖျားနှင့်မွှေတဲ့ ပုန်းရည်ဟင်းကို စားရဖို့ ကုဋေရှစ်ဆယ်ကိုစွန့်ပြီး ရဟန်းပြုသည်၊ ကဲ-စားပေတော့" ဟု ရေရွတ်ယင်း ပေးလှူ၏၊ ရဟန်းငယ်တို့အားလည်းဤသို့ပင်ပြော၍ထည့်ပေး၏။ ရှင်သာရိပုတ္တရာသည်ဆွမ်းကို ခံယူ၍ ကျောင်းသို့သာကြွသွားတော်မူ၏။

ကျောင်းသို့ရောက်လျှင် အရှင်ရာဟုလာသည် မြတ်စွာဘုရားကို မိမိခံယူခဲ့သော ဆွမ်းဖြင့်ပြန်ကြား၏။ မြတ်စွာဘုရားက "ချစ်သားရာဟုလာ။ အသင်တို့အဘယ်အရပ်သို့ သွားရောက်ကြသနည်း"

"အရှင်မြတ်ဘုရား။ အဖွားမ၏ရွာသို့ သွားကြပါသည်"

"အသင်၏အဖွားမသည် သင်၏ဥပဇ္ဈာယ်ဆရာကိုအဘယ်သို့ ပြောဆိုဘိသနည်း"

"အရှင်ဘုရား။ အဖွားမသည် တပည့်တော် ဥပဇ္ဈာယ်ဆရာကို အမျက်ထွက်ပါသည်"

"အဘယ်ကိုဆို၍ အမျက်ထွက်သနည်း"

"အရှင်မြတ်ဘုရား။ ဤအမည်ရှိသော စကားကိုပြောကြားလျက် အမျက်ထွက်ပါသည်"

"သင်၏ ဥပဇ္ဈာယ်ဆရာသည် အဘယ်သို့ပြန်၍ ပြောဆိုသနည်း"

"အရှင်ဘုရား။ တစုံတခုသောစကားကိုမျှ ဆိုတော်မမူပါ၊ ဆိတ်ဆိတ်သာနေပါသည်"

ဤသို့အရှင်ရဟုလာ လျှောက်ထားသော စကားကိုကြားရ၍ တရားသဘင်၌ရဟန်းတို့က ရှင်သာရိပုတ္တရာ၏ သည်းခံသော အကြောင်းကိုပြောဆိုကြ၏။ မြတ်စွာဘုရား ကြွလာတော်မူသော်-

"ချစ်သားရဟန်းတို့ အာသဝေါကုန်ပြီးသော ရဟန္တာတို့သည် အမျက်မထွက်ကုန်သည်"ဟု မိန့်တော်မူပြီး၍-

(၄၀၀) အက္ကောဓနံ ဝတဝန္တံ။
သီလဝန္တံ အနုဿဒံ။
ဒန္တံ အန္တိမသာရီရံ၊
တမဟံဗြူမိ ဗြာဟ္မဏံ။

(၄၀၀) အမျက်မထွက်၊ (ဓုတင်) အကျင့်လည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၍ တဏှာပြန့်ပြောခြင်းလည်း မရှိ၊ ယဉ်ကျေး၍ အဆုံးစွန်သော ကိုယ်ရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

(ဒေသနာတော်၏ အဆုံး၌များစွာကုန်သောရဟန်းတို့သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။)

(ဗြာဟ္မဏဝဂ်တဆယ့်ခုနစ်ခုမြောက် သာရိပုတ္တရာမထေရ်ဝတ္ထုပြီး၏။)

※ ※ ※

၂၆။ ဗြာဟ္မဏဝဂ်

## ၁၈။ ပိန္နဲ့ကြာဖက်တွင် ရေမတင်

(ဥပ္ပလဝဏ္ဏာထေရီမဝတ္ထု)

ပိန်းကြာရွက်တွင် ရေမတင်သကဲ့သို့
ပွတ်ဆောက်ဖျားတွင် မုံညှင်းစေ့
မတည်သကဲ့သို့
ကာမဂုဏ်တို့၌မလိမ်းကျံသူကို
ဗြာဟ္မဏဟူ၍ ဆိုအပ်၏။

(ဝါရိ ပေါက္ခရပတ္တေဝ) စသော ဒေသနာကို ဇေတဝန် ကျောင်း၌ ဥပ္ပလဝဏ္ဏာထေရီမကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ဥပ္ပလဝဏ္ဏာထေရီမ၏ အကြောင်းဝတ္ထုကို ဗာလဝဂ် ဆယ်ခု မြောက်၌ ဖော်ပြခဲ့ပါပြီ။ ထိုအကြောင်းနှင့်ပတ်သက်၍ အခါ

တပါး၌ လူအပေါင်းတို့သည် တရားသဘင်တွင် ထိုစကားကို ပြောကြား၏။

"ရဟန္တာတို့သည်လည်း ကာမဂုဏ်ချမ်းသာကို သာယာကြ ဟန်ရှိ၏။ ကာမဂုဏ်ကို မှီဝဲကြကုန်၏။ အဘယ်ကြောင့် မမှီဝဲပဲ နေမည်နည်း၊ ဤရဟန်းတို့သည် အဆီအစေး မရှိသောသစ်ပင် မဟုတ်ကြ၊ တောင်ပို့လည်း မဟုတ်ကြ။ ခန္ဓာကိုယ် စိုပြေ လျက်ရှိကြသဖြင့် ရဟန္တာတို့သည်လည်း ကာမဂုဏ် ချမ်းသာကို သာယာကြ၏"

ဤသို့ ပြောကြားနေကြစဉ် မြတ်စွာဘုရား ကြွလာ၍ မေး မြန်းတော်မူသည်ရှိသော် ဤစကားကို ကြားသိရ၍-

"ချစ်သားတို့ ရဟန္တာတို့သည် ကာမဂုဏ်ချမ်းသာကို မမှီဝဲ မသာယာကုန်။ ကြာရွက်၌ ရေမတင်သကဲ့သို့ပင် ဖြစ်၏ဟု တရား တော်ကို ဟောတော်မူလိုသောကြောင့်-

(၄၀၁) ဝါရိပေါက္ခရပတ္တေဝ၊
အာရဂ္ဂေရိဝ သာသပေါ။
ယော န လိမ္ပတိ ကာမေသု၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

(၄၀၁) ကြာဖက်၌ ရေမတင်သကဲ့သို့ လည်းကောင်း၊ (ပွတ် ဆောက်) စူးဖျား၌ မုန်ညင်းစေ့မတည်နိုင်သကဲ့သို့လည်းကောင်း၊ ကာမ တို့၌ မလိမ်းကျံ မကပ်ငြိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရား ဟော၏။

(ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်၌ တည်၏။)

(ဗြာဟ္မဏဝဂ်ပါဠိဆယ့်ရှစ်ခုမြောက် ဥပ္ပလဝဏ္ဏာထေရီမဝတ္ထု ပြီး၏)

## ၁၉။ မထင်ရှားသောပုဏ္ဏားဝတ္ထု

(ယော ဒုက္ခသ)အစရှိသောဒေသနာကို ဇေတဝန်ကျောင်း၌ တော်၌ မထင်ရှားသောပုဏ္ဏားကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

မထင်ရှားသော ပုဏ္ဏားတယောက်၏ ကျွန်တယောက်သည် ကျွန်ဘဝမှ ထွက်ပြေးလာပြီး သာသနာ့ဘောင်၌ ရဟန်းပြု၍ နေ၏။ ထိုစဉ်ကာလက ပိုင်ရှင်ခွင့်မပြုသော သူတပါးကျေးကျွန်ကို ရဟန်းပြုလုပ်၍ မပေးအပ် ဟူသော သိက္ခာပုဒ်တော်ကို မပညတ်မီကာလဖြစ်၍ ရဟန်းအဖြစ် ခွင့်ရပြီး တရားတော်ကို အားထုတ်၍ အရဟတ္တဖိုလ်သို့ရောက်၏။

တနေ့၌မြတ်စွာဘုရားနှင့်အတူဆွမ်းခံကြွလာသော ထိုရဟန်းကို ကျွန်ရှင်ပုဏ္ဏားတွေ့မြင်၍ သင်္ကန်းကိုမြဲစွာဖမ်းယူကိုင်စွဲ၏။

မြတ်စွာဘုရားသည်ပြန်လှည့်လာ၍ အကြောင်းကို မေးတော်မူ၏။ "အရှင်ဂေါတမ၊ ဤသူကား ကျွန်ုပ်၏ ကျေးကျွန်ပါတည်း"ဟုပြောဆို၏။ အို-ပုဏ္ဏား ဤရဟန်းသည် ခန္ဓာဝန်ကို ပယ်ချပြီး ဖြစ်ပေသည်"ဟု မိန့်ဆိုတော်မူလျှင် ပုဏ္ဏားသည် "ရဟန္တာပေတည်း"ဟုသိ၍၏။ ထို့ကြောင့် ပုဏ္ဏားက "အို-ရှင်ဂေါတမ၊ ခန္ဓာဝန်ပယ်ချအပ်ပြီးသည်ဟုတ်မှန်ပါသလော"

ဟု မေးမြန်းပြောဆို၏။ မြတ်စွာဘုရားက "ဟုတ်မှန်ပေ၏"ဟု ပြောဆိုပြီး–

(၄၀၂) ယော ဒုက္ခဿ ပဇာနာတိ၊ ဣဓေဝ ခယမတ္တနော။
ပန္နဘာရံ ဝိသံယုတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

(၄၀၂) အကြင်ပုဂ္ဂိုလ်သည် ဤဘဝ၌ပင် မိမိဆင်းရဲ၏ ကုန်ရာဖြစ်သောနိဗ္ဗာန်ကိုသိ၏။ ချအပ်သောခန္ဓာဝန်ရှိ၍ ကိလေသာနှင့်မယှဉ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

(ဒေသနာတော်၏ အဆုံး၌များစွာကုန်သောရဟန်းတို့သည် သောတာပတ္တိဖိုလ်၌တည်လေ၏။)

(ဗြာဟ္မဏဝဂ် တဆယ့်ကိုးခုမြောက် မထင်ရှားသော ပုဏ္ဏားဝတ္ထု ပြီး၏။)

## ၂၆။ ဗြာဟ္မဏဝဂ်

# ၂၀။ ခေမာ ဘိက္ခုနီမဝတ္ထု

(ဂမ္ဘီရပညံ) အစခံသောဒေ သနာကိုရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ် တောင်၌ ခေမာဘိက္ခုနီမကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကားဤသို့တည်း

တနေ့သောအခါပထမယာမ်၏အခြားမဲ့၌သိကြားမင်းသည် ပရိသတ်နှင့်တကွလာ၍ တရားတော်ကိုနာလျက်နေ၏။ ထိုခဏ၌ ခေမာအမည်ရှိသော ဘိက္ခုနီမသည် မြတ်စွာဘုရားကို ဖူးမြင်ရန် ကောင်းကင်ခရီးဖြင့်လာ၏။ သိကြားမင်းနှင့် ပရိသတ်ကိုတွေ့ မြင်လျှင် ကောင်းကင်၌ တည်လျက်သာလျှင် ရှိခိုးပြန်၏။ သိကြားမင်းက ထိုရဟန်းမိန်းမသည် မည်သူပါနည်းဟု မေး လျှောက်၏၊ မြတ်စွာဘုရားက ဤရဟန်းမိန်းမကား ငါ၏သမီး တော်ဖြစ်သော ခေမာဖြစ်၏၊ ကြီးသောပညာရှိ၏၊ အကြောင်း ဟုတ်သည် မဟုတ်သည်၌လိမ္မာ၏။ ဤသို့မိန့်တော်မူပြီးနောက်-

(၄၀၃) ဂမ္ဘီရပညံ မေဓာဝိံ၊ မဂ္ဂါမဂ္ဂဿ ကောဝိဒံ။
ဥတ္တမတ္ထ မနုပ္ပတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

(၄၀၃) နက်နဲသော ပညာရှိသော ထက်မြက်သော ပညာရှိသော လမ်းဟုတ်သည်မဟုတ်သည်၌ လိမ္မာကုန်သော အရဟတ္တဖိုလ်သို့ ရောက် ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

(ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် အရဟတ္တဖိုလ်၌တည်လေ၏၊)

(ဗြာဟ္မဏဝဂ် နှစ်ဆယ်ခုမြောက် ခေမာဘိက္ခုနီမဝတ္ထု ပြီး၏။)

# ၂၁။ တောင်ဝှမ်းနေ တိဿမထေရ်ဝတ္ထု

## သီလစင်ကြယ်သော ရဟန်းတို့အား နတ်တို့မညှဉ်းဆဲနိုင်ကုန်

(အသံသဋ္ဌံ)အစရှိသောဒေသနာတော်ကိုဇေတဝန်ကျောင်း၌ တိဿမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

ထိုတိဿမထေရ်သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းကိုသင်ယူပြီး တောင်ဝှမ်းတခုရှိ လိုဏ်ခေါင်းတခုကိုတွေ့လျှင် ဤနေရာမှ ရဟန်းကိစ္စပြီးအောင် ကျင့်ကြံအားထုတ်နိုင်အံ့ဟု ကြံ၍ ထိုလိုဏ်ခေါင်း၌နေ၏။ထိုလိုဏ်၌အမြဲစောင့်သော နတ်သမီးသည် သီလရှိသော ရဟန်းဖြစ်သည်ကိုသိ၍ ဤတညမျှဟု ထင်ပြီး သားတို့ကိုခေါ်၍ အပြင်၌နေ၏။

နောက်တနေ့နံက်ရွာသို့ဆွမ်းခံဝင်ရာဥပါသိကာမတယောက်က အိမ်သို့ပင့်၍ဆွမ်းကျွေးပြီး ကြည်ညိုလှသဖြင့် ဝါတွင်းသုံးလပတ်လုံး ကြွရောက်ရန်တောင်းပန်၏။ တိဿမထေရ်လည်း ထိုဒါယိကာမကိုအမှီပြု၍ ဘဝမှလွတ်မြောက်နိုင်မည်ဟု သာယာသောနှလုံးဖြင့် လိုဏ်ဂူသို့ပြန်ကြွ၏။

လိုဏ်ဂူစောင့်သော နတ်သမီးသည် ဤရဟန်းတော်ကား ဝါတွင်းသုံးလပတ်လုံးနေမည့်ဟန်ရှိသည်၊ ငါသည် သားသမီး

တို့နှင့်တကွ ဤဌာနေ၌နေရခြင်းငှာ ဆင်းရဲပေလိမ့်မည်၊ ရဟန်းကိုပြောဆိုနိုင်ထုတ်ရန်လည်း သီလနှင့်ပြည့်စုံသော ရဟန်းဖြစ်၍ နှင်ထုတ်ခြင်းငှာမတတ်ကောင်း၊ ဤရဟန်း၌ သီလချွတ်ယွင်းမှု တစုံတရာရှိသလောဟု ပဥ္စင်းခံ၍သိမ်ထွက်သော အချိန်မှစပြီး ထိုရဟန်း၏ သီလချွတ်ယွင်းခြင်း မမြင်သောကြောင့် ထိုရဟန်းအား တစုံတခုကိုပြော၍ အကျော်အစောမဲ့ကို ဖြစ်စေအံ့ဟု ကြံပြီး ထိုရဟန်း၏ ဥပါသိကာမအိမ်သို့သွား၏။

ဥပါသိကာမ၏သားကြီးကိုယ်၌နတ်သမီးသည်ပူးဝင်၍အမျိုးမျိုးပြုလုပ်၏။ဥပါသိကာမကြီးသည်ငို၏၊နတ်သမီးက "ငါသည် ဤသူကိုဖမ်းစား၏၊ ငါ့အား ပူဇော်ခြင်းအလိုမရှိ၊ သင်တို့ဆရာဖြစ်သောမထေရ်ထံမှနွယ်ချိုကိုတောင်း၍ ထိုနွယ်ချိုဖြင့် ဆီချက်၍ ဤသူငယ်အားနှာနှပ်ပေးလော့"ဟုဆို၏။

ဥပါသိကာမက "ငါ၏သား ပျက်စီးချင်လည်း ပျက်စီးပါစေ၊ သေမူလည်းသေပါစေ၊ ငါသည်အရှင်ထံမှ နွယ်ချိုတောင်းခြင်းငှာ မတတ်နိုင်ပါ"ဟုပြော၏။ နတ်သမီးက "ဤသို့ဆိုလျှင် ထိုသူငယ်၏နှာခေါင်း၌ ရှိန်းခိုမှုန့်ထည့်ပေးရန်လျှောက်ထားလော့"ဟုပြော၏။ "မလျှောက်ဝံ့ပါ"ဟု ဥပါသိကာမ ပြန်ပြောလျှင် နတ်သမီးက "ဤသို့ဆိုလျှင် မထေရ်ထံမှခြေဆေးရေကိုတောင်း၍ ဦးခေါင်းမှ သွန်းလောင်းလော့"ဟု ပြောဆိုပြန်၏။ ဥပါသိကာမက "ဤမျှလောက်ဟော့ ဖြစ်ပါသည်"ဟု ဝန်ခံ၏။

ဆွမ်းခံချိန်ရောက်၍ မထေရ်ကြွလာလျှင် ဆွမ်းမဘုဉ်းပေးမီ အကြား မထေရ်၏ခြေကိုဆေး၍ ရေကိုယူ၍ "အရှင်ဘုရား ဤရေကိုသူငယ်၏ဦးခေါင်း၌သွန်းလောင်းပါအံ့"ဟုတောင်းပန်

၏၊ မထေရ်က "သွန်းလောင်းလေလော့"ဟုခွင့်ပြု၏။ သူငယ်သည် အကောင်းပကတိဖြစ်သွား၏၊ နတ်သမီးသည် လိုဏ်ဝ၌သွားရောက်စောင့်နေ၏။

မထေရ်သည်ဆွမ်းစားပြီး ထိုအိမ်မှထလျက် မစွန့်လွှတ် အပ်သော ကမ္မဋ္ဌာန်းရှိသဖြင့် ဒွတ္တိံသကာယကို နှလုံးသွင်းလျက် ကြွ၏။ လိုဏ်တံခါးသို့ရောက်သော် နတ်သမီးက "အို- ဆေးဆရာကြီး ဤလိုဏ်သို့မဝင်ပါနှင့်"ဟု တားမြစ်၏၊ မထေရ်က "အသင်မည်သူနည်း"ဟု မေးတော်မူ၏၊ "အကျွန်ုပ်သည် ဤလိုဏ်ဂူ၌စောင့်သော နတ်သမီးတည်း"ဟုလျှောက်၏။

ထိုအခါမထေရ်က ငါဆေးကုခြင်းအမှုကို ပြုမိလေသလောဟု သိမ်ထွက်သည်မှစ၍ ဆင်ခြင်ကြည့်၏၊ မိမိ၏သီလ၌ နှမ်းတစေ့မျှ မည်းနက်ခြင်းကို မမြင်သောကြောင့်-

"ငါသည် ဆေးကုခြင်းအမှုကို ပြုဘူးသည်ဟု မမြင်မိပေ အဘယ်ကြောင့် သင်ဤသို့ဆိုသနည်း"

နတ်သမီးက ဥပါသိကာမ၏သားအား ခြေဆေးရေဖြင့် ဦးခေါင်းမှသွန်းလောင်း၍ ဆေးကုခဲ့သည်ဟုဆို၏၊ မထေရ်စဉ်းစား၏၊ "ငါသည်ဘုရား၏အဆုံးအမကိုကောင်းစွာကျင့်ခဲ့ပေပြီ၊ နတ်သမီးသည် ငါ၏သီလ၌ နှမ်းစေ့မျှညစ်နွမ်းသည်မမြင်သောကြောင့် ဤခြေဆေးရေသွန်းလောင်းမှုသာ ပြောနိုင်ရှာ၏"ဟု မိမိ၏သီလ စင်ကြယ်မှုအပေါ် အားကြီးသောပီတိဖြစ်၏။

ထိုပီတိကို ခွါ၍ ခြေတလှမ်းမျှမကြွပဲနှင့် ထိုနေရာ၌ပင် အရဟတ္တဖိုလ်၌ တည်တော်မူ၍ နတ်သမီးအား ဆုံးမစကား ပြောကြား၍နတ်သမီးထွက်ခွါပေး၏။ မထေရ်သည် စိတ်ကြည်သန့်

ရှင်းစွာ ထိုလိုဏ်ဂူ၌ ဝါတွင်းသုံးလပတ်လုံး နေတော်မူပြီး ဝါကျွတ်မှ မြတ်စွာဘုရားထံ ရောက်လာဖူးမြော်၏။

ရဟန်းအပေါင်းတို့က ပဋိသန္ထာရစကားမေးမြန်းပြောဆိုကြ စဉ်နတ်သမီးနှင့် တွေ့ရသော အဖြစ်အပျက်တွင် "ငါ့ရှင်သည် နတ်သမီးကဤသို့ပြောဆိုသောအခါ အမျက်မထွက်သလော" ဟုမေး၏။ မထေရ်က "အမျက်မထွက်ပါ" ဟုဆို၏၊

ရဟန်းတို့သည် ထိုအကြောင်းကိုမြတ်စွာဘုရားကို လျှောက်ကြလေ၏။ မြတ်စွာဘုရားက ကြားတော်မူ၍ တရားကိုဟော ကြားတော်မူလိုသောကြောင့်

**(၄၀၄) အသံသဋ္ဌံ ဂဟဋ္ဌေဟိ၊ အနာဂါရေဟိ စူဘယံ။**
**အနောကသာရိ မပ္ပိစ္ဆံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။**

(၄၀၄) လူတို့နှင့်လည်းကောင်း၊ ရဟန်းတို့နှင့်လည်းကောင်း၊ နှစ်ပါးစုံသောသူတို့နှင့်မရောယှက်သောတဏှာကင်းကြောင်း အကျင့်ရှိသည် ဖြစ်၍ အလိုနည်းသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟုငါဘုရားဟော၏။

ဒေသနာတော်၏ အဆုံး၌ ရဟန်းများစွာတို့သည်သောတာ ပတ္တိဖိုလ်၌တည်လေ၏။

(ဗြာဟ္မဏဝဂ်နှစ်ဆယ့်တစ်ခုမြောက် တောင်ဝှမ်းနေ တိဿမထေရ် ဝတ္ထုပြီး၏။)

၉ ၉ ၉

## ၂၂။ ရဟန်းတပါးဝတ္ထု

(နိဓာယ ဒဏ္ဍံ) အစခံသောဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ ရဟန်းတော်တပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ရဟန်းတော်တပါးသည် ကမ္မဋ္ဌာန်းကိုသင်ယူ၍ တော၌နေကာ အားထုတ်ပါသဖြင့် အရဟတ္တဖိုလ် သို့ရောက်၍ မြတ်စွာဘုရားထံလျှောက်ကြားရန်တောမှလာ၏။

ထိုအခိုက် ရွာတရွာတွင် လင်မယားနှစ်ယောက် စကားများ၍ရန်ဖြစ်ကြ၏။ လင်ထွက်သွားခိုက် မယားသည် အမျိုးများအိမ်သို့ သွားတော့အံ့ဟု အိမ်မှထွက်လာ၏၊ တောလမ်း ခရီး၌ ရှေ့မှမထေရ်ကိုမြင်သဖြင့် မထေရ်ကို အမှီပြု၍သွား တော့အံ့ဟု နောက်မှလိုက်ခဲ့၏။ မထေရ်သည် ထိုမိန်းမကို မမြင်မိ။

လင်ယောကျ်ားအိမ်ပြန်အရောက် မယားပျောက်၍ ထိုတောအုပ်ခရီးမှလိုက်လေသော် မှီ၍မယားကိုပြန်ခေါ်၏၊ ဤတောအုပ်တွင်းသို့ ဤမိန်းမတယောက်တည်း သွားဝံ့စရာအကြောင်းမရှိ၊ အဖော်တယောက်တော့ပါရမည်ဟု ကြည့်ရှုလျှင် မထေရ်ကိုမြင်၍ ဤရဟန်းသည် ငါ့မိန်းမကိုခေါ်၍ ထွက်သွားသည်ဟု မထေရ်ကိုကြိမ်းမောင်း၏၊ မိန်းမက "မဟုတ်ပါ၊ အထင်မလွဲပါနှင့်"ဟု တားမြစ်၏၊ မယားကတားကာမှ ပို၍ဒေါသဖြစ်လွှာ

ပြီး မိန်းမအပေါ် ထားသောရန်ငြိုးဖြင့် မထေရ်အား ထောင်း ထုရိုက်ပုတ်ပြီး မိန်းမကိုခေါ် သွား၏၊ မထေရ်၏ တကိုယ်လုံး သည် ဒဏ်ရာဒဏ်ချက်ဖြင့် ရောင်ရမ်းနေ၏။

ကျောင်းတော်သို့ မထေရ်ရောက်လျှင် ရဟန်းတော်တို့သည် အာဂန္တုကဝတ်ဖြင့် မထေရ်အား နှိပ်နယ်ခြင်းပြုကြရာမှ တကိုယ် လုံးဒဏ်ရာဒဏ်ချက် အပိန့်အဖုတို့ကိုမြင်၍ မေးကြကုန်၏၊မထေရ် သည် ထိုရဟန်းတို့အား အကြောင်းစုံပြောပြ၏၊ ရဟန်းတို့က "ထိုယောကျ်ား ဤသို့ရိုက်နှက်သည့်အချိန်တွင် သင်ကအဘယ် သို့ပြောဆိုသနည်း၊ အမျက်ထွက်ခြင်းဖြစ်သလော" ဟု မေး၏၊ မထေရ်က "ငါ့ရှင်တို့ ငါ့အား အမျက်ထွက်ခြင်းမဖြစ်ပါ" ဟု ပြန်ကြား၏။

ထိုအကြောင်းကို မြတ်စွာဘုရားထံ လျှောက်ကြားကြလျှင် မြတ်စွာဘုရားက

(၄၀၅) နိဓာယ ဒဏ္ဍံ ဘူတေသု၊
တသေသု ထာဝရေသု စ။
ယော န ဟန္တိ န ဃာတေတိ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

(၄၀၅) အကြင်ပုဂ္ဂိုလ်သည် ထိတ်လန့်တတ်သော (ပုထုဇဉ်သေက္ခ) ပုဂ္ဂိုလ်တို့၌လည်းကောင်း၊ မကြောက်မလန့် တည်တံ့သော (ရဟန္တာ) ပုဂ္ဂိုလ်တို့၌လည်းကောင်း၊ တုတ်လက်နက်ကို ပယ်ချထားပြီးဖြစ်၍ မိမိ လည်းမသတ်၊ သူတပါးကိုလည်းမသတ်စေ၊ ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

(ဒေသနာတော်၏ အဆုံး၌ များစွာသောသူတို့ သောတာ ပတ္တိဖိုလ်၌တည်လေ၏။)

(ဓမ္မပဒ ဗြာဟ္မဏဝဂ် နှစ်ဆယ့်နှစ်ခုမြောက် ရဟန်းကာပါးဝတ္ထုပြီး၏။)

## ၂၃။ သာမဏေကျော်လေးပါးဝတ္ထု

(အဝိရုဒ္ဓံ)အစရှိသော ဒေသနာတော်ကို ဇေတဝန်ကျောင်း၌ သာမဏေကျော်လေးပါးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ပုဏ္ဏေးမတယောက်သည် ရဟန်းလေးပါးစာအတွက် ဆွမ်းကိုစီရင်ပြီး ပုဏ္ဏားအား ကျောင်းသို့သွား၍ အသက်အရွယ်ကြီးသော ပုဏ္ဏားလေးယောက်ပင့်ခဲ့ချေပါဟု စေခိုင်း၏၊ ထိုခေတ်ထိုအခါက မြင့်မြတ်သူများကို "ဗြာဟ္မဏ သို့မဟုတ် ပုဏ္ဏား"ဟု အသိအမှတ်ပြုထားကြ၏၊ မိစ္ဆာဒိဋ္ဌိလည်း မဟုတ်သော သမာဒိဋ္ဌိလည်းမဟုတ်သော ကြားနေသူတို့က ရဟန်းတော်မြတ်များကိုပင် မြင့်မြတ်ခြင်းအယူအဆဖြင့် ဗြာဟ္မဏ သို့မဟုတ် ပုဏ္ဏားဟုပင် ခေါ်ဝေါ်ကြ၏။

ပုဏ္ဏားသည် ကျောင်းတော်သို့ သွားရောက်၍ ရဟန်းလေးပါးပင့်ဖိတ်၏၊ ကျောင်းတော်၏အစဉ်အလာကား ရဟန်းတော်တို့အား ဆွမ်းပင့်ဖိတ်လျှင် သံဃာတော်တို့ကို အလှည့်ကျအစဉ်အတိုင်း ခွဲဝေလေ့ရှိ၏၊ သို့ဖြင့် ယခုအလှည့်တွင် (သံကိစ္စသာမဏေ၊ ပဏ္ဍိတသာမဏေ၊ သောပါကသာမဏေ၊ ရေဝတသာမဏေ) လေးပါးတို့၏ အလှည့်ကျ၏၊ ထိုသာမဏေလေးပါးကား

ခုနစ်နှစ်သားအရွယ်မျှရှိ၍ အာသဝေါကုန်ခမ်း ရဟန္တာတို့ဖြစ်ပြီးသောသာမဏေကျော်လေးပါးပင်ဖြစ်၏။

ပုဏ္ဏေးမသည် အရွယ်မမြောက်သေးသော သာမဏေ လေးပါးကိုရသဖြင့် ဒေါသဖြစ်လျက် ပုဏ္ဏားအား မလောက်လေး မလောက်စား သူငယ်လေးယောက်ကို ခေါ်၍လာခဲ့ရသလောဟု သာမဏေ လေးပါးကို ခင်းထားအပ်သောနေရာ၌ မထိုင်စေပဲ နိမ့်သောနေရာ၌ အင်းပျဉ်ကိုခင်းပြီးပေး၏၊ ထို့နောက် ပုဏ္ဏားအား အရွယ်ရှိသော အိုမင်းသောပုဏ္ဏားတို့ကို ကြည့်၍ပင့်ခဲ့ဟု စေခိုင်းပြန်၏၊ ပုဏ္ဏားသည် ကျောင်းသို့သွား၍ ရှင်သာရိပုတ္တရာမထေရ်ကိုတွေ့မြင်သဖြင့် ပင့်ဆောင်ခဲ့၏၊ အရှင်သာရိပုတ္တရာ ထိုအိမ်သို့ရောက်လျှင် သာမဏေတို့ကို တွေ့မြင်ရသဖြင့် “ဆွမ်းကိုရအပ်ပြီလော”ဟု မေးတော်မူရာ မရသေးကြောင်း လျှောက်ထား၍ ဤအိမ်၌လေးပါးစာမျှသာ ရည်ရွယ်ထားကြောင်း သိသဖြင့် ရှင်သာရိပုတ္တရာသည် ပြန်လည်ကြွသွား၏၊ ထို့နောက် ပုဏ္ဏေးမစေခိုင်းသဖြင့် ပုဏ္ဏားကအရှင်မောဂ္ဂလာန်ကိုပင့်ခဲ့ပြန်၏၊ ရှင်မောဂ္ဂလာန်လည်း သာမဏေတို့ကိုမြင်လျှင် ဆွမ်းကိုမခံယူပဲ ပြန်၍ကြွသွား၏၊ ပုဏ္ဏေးမသည် ထိုပုဏ္ဏားအိုတို့မှာ မစားလို၍ ပြန်ကြသည်ဟုအထင်ရှိပြီး နောက်ထပ်ပုဏ္ဏားအိုတဲယောက်ပင့်ခဲ့ရန် စေလွှတ်ပြန်၏။

## သိကြားမင်းမနေနိုင်

သာမဏေလေးပါးမှာ နံနက်ကတည်းက ဘာမျှမဘုဉ်းပေးရသေးသောကြောင့် ဆာလောင်နေကြ၏၊ ဘုန်းကံကြောင့် သိကြားမင်း မြကျောက်ဖျာတင်း၏၊ သိကြားမင်းကြည့်ရှုသော် သာမဏေငယ်တို့ ပင်ပန်းသောအဖြစ်ကိုသိ၍ ပုဏ္ဏားအိုအယောင်

ဖန်ဆင်းပြီး ထိုအိမ်သို့လာခဲ့၏၊ ပုဏ္ဏေးမသည် ပုဏ္ဏားအိုကိုမြင်လျှင် အားရဝမ်းသာ အထွဋ်အမြတ်နေရာသို့ ပင့်ဆောင်၏၊ သိကြားမင်းပုဏ္ဏားအိုသည် သာမဏေလေးပါးတို့ကို ငါးပါးသောထိခြင်းဖြင့်ရှိခိုး၍ သာမဏေငယ်တို့၏ နေရာအစွန် မြေ၌ထိုင်၍နေ၏၊ ထိုအခါ ပုဏ္ဏေးမက မြေးလောက်ရှိသော သူငယ်ဘို့ကို ရှိခိုးရကောင်းလားဟု စိတ်ဆိုး၍ လင်ပုဏ္ဏားအား ပုဏ္ဏားအိုကြီးကိုဆွဲ၍ ထုတ်ခိုင်း၏၊ ပုဏ္ဏားအိုကြီးက မထသောအခါ လင်မယားနှစ်ယောက် တယောက်တဘက်စီဆွဲ၍ ကျောကုန်းကိုရိုက်ပြီး အပြင်သို့ရောက်အောင်တွန်းထုတ်ကြ၏၊ သိကြားမင်းသည် ထိုနေရာ၌ပင် ထိုင်နေ၏၊ လင်မယားနှစ်ယောက် သည်ကြောက်လန့်ထိတ်လန့်၍အော်ဟစ်ကြ၏၊ သိကြားမင်းက သိကြားအဖြစ်ကိုသိစေပြီးနောက် သာမဏေတို့အား ဆွမ်းအလှူကိုပေးစေ၏။

## သာမဏေတို့တန်ခိုးတော်

သာမဏေတို့သည် ဆွမ်းအာဟာရကို ခံယူပြီး တပါးသည် နေအိမ်၏အမိုးအလည်မှဖေါက်ထွက်၍ကြွသွား၏၊ တပါးသော သာမဏေသည် အမိုး၏ရှေ့ဘက်မှဖေါက်ထွက်၍ တပါးသော သာမဏေသည် အမိုး၏နောက်ဘက်၌ ဖေါက်ထွက်၏၊ တပါးသောသာမဏေသည် မြေ၌ငုတ်လျှိုး၍ကြွသွား၏၊ သိကြားမင်းသည် တနေရာမှထွက်သွား၏၊ အိမ်၌ အပေါက်ကြီးငါးပေါက်ဖြစ်၍ကျန်ခဲ့သတည်း။

သာမဏေတို့ ကျောင်းသို့ ပြန်ရောက်လျှင် ရဟန်းတော်တို့ မေးမြန်းကြ၏၊ ပုဏ္ဏေးမ၏ သာမဏေတို့အပေါ် အထင်သေး၍ ပြုမူပုံအဆင့်ဆင့်ကို ပြောပြကြ၏၊ သိကြားမင်း လာရောက်မှု

ဆွမ်းစားရကြောင်း ပြောကြား၏၊ ရဟန်းတို့က "ဤသို့ပြုလုပ်ချိန်၌ အသင်တို့အမျက်မထွက်ကြသလော" ဟု မေးပြန်သဖြင့် "တပည့်တော်တို့အမျက်မထွက်ကြပါ"ဟု ပြောကြား၏။

ထိုအကြောင်းကို ဘုရားသခင်ကြားသိ၍ ဒေသနာတော်ကို ဟောကြားတော်မူလိုသောကြောင့်-

(၄၀၆) အဝိရုဒ္ဓံ ဝိရုဒ္ဓေသု၊
အတ္တဒဏ္ဍေသု နိဗ္ဗုတံ။
သာဒါနေသု အနာဒါနံ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

(၄၀၆) ဆန့်ကျင်ဘက်ပြုသူတို့၌ မဆန့်ကျင်သော၊ ဓားတုတ် ရှိသောသူတို့၌ ဓားတုတ်ချထားပြီးသည်ဖြစ်၍ ရန်ငြိမ်းသော၊ စွဲလန်းအပ်သောတရားတို့၌ စွဲလန်းခြင်းမရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

(ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။)

(ဓမ္မပဒ ဗြာဟ္မဏဝဂ် နှစ်ဆယ့်သုံးခုမြောက် သာမဏေကျော် လေးပါးဝတ္ထုပြီး၏)

# ၂၆။ ဗြာဟ္မဏဝဂ်

## ၂၄။ မဟာပန် မထေရ်ဝတ္ထု

(ယဿရာ ဂေါ စ) စသော ဒေသနာတော်ကို ဝေဠုဝန်ကျောင်း၌ မဟာပန္ထကမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

မဟာပန္ထကနှင့်ညီတော်စူဠပန္ထကမထေရ်တို့ဝတ္ထုကိုအပ္ပမာဒဝဂ်၌ အကျယ်ဖော်ပြခဲ့ပြီးပါပြီ။ ညီဖြစ်သူ စူဠပန္ထကမထေရ်သည် ဂါထာတပုဒ်ကို လေးလတိုင် ကျက်မှတ်၍ မရနိုင်သဖြင့် မဟာပန္ထကက ကျောင်းမှနှင်ထုတ်၍ တံခါးကို ပိတ်ထားသည့်ကိစ္စနှင့်ပတ်သက်၍ ရဟန်းတို့က "အာသဝေါကုန်ပြီးသော ရဟန္တာတို့တွင် အမျက်ဒေါသရှိသေး၏"ဟုပြောဆိုသောစကားကို မြတ်စွာဘုရားသိရသဖြင့်–

"ချစ်သားတို့။ အာသဝေါကုန်ပြီးသော ရဟန္တာတို့တွင် ကိလေသာမရှိကုန်။ သားတော်မဟာပန္ထကသည် အကျိုးစီးပွားကိုရှေ့ရှု၍လည်းကောင်း၊တရားတော်ကိုရှေ့ရှု၍လည်းကောင်း၊ ဤသို့ပြုလုပ်ခြင်း ပြောဆိုခြင်း ဖြစ်ပေသည်"ဟု မိန့်တော်မူ၏။

(၄၀၇) ယဿ ရာဂေါ စ ဒေါသော စ၊
မာနော မက္ခော စ ပါတိတော။
သာသပေါရိဝ အာရဂ္ဂါ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

(၄၀၇) မုန်ညှင်းစေ့သည် (ပွတ်ဆောက်) စူးဖျားမှလျောကျ သကဲ့သို့ စွဲမက်မှုရာဂ၊ အမျက်ထွက်မှုဒေါသ၊ ထောင်လွှားမှု မာန၊ သူတပါး၏ ဂုဏ်ကိုဖျက်ဆီးမှုမက္ခတို့ကင်းပလျောကျပြီးသောထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

(ဗြာဟ္မဏဝဂ် နှစ်ဆယ့်လေးခုမြောက် မဟာပန်မထေရ်ဝတ္ထု ပြီး၏)

※ ※ ※

## ၂၆။ ဗြာဟ္မဏဝဂ်

## ၂၇။ ပိလိန္ဒဝစ္ဆမထေရ် ဝတ္ထု

(အကက္ကသံ) အစခံသော ဒေသနာတော်ကို ဝေဠုဝန် ကျောင်း၌ ပိလိန္ဒဝစ္ဆမထေရ်ကိုအကြောင်းပြု၍ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ပိလိန္ဒဝစ္ဆမထေရ်သည် ပဒုမုတ္တရမြတ်စွာဘုရား လက်ထက် တွင် နတ်တို့ချစ်ခင်နှစ်သက်သောအရာ၌ တေဒင်ရာထူးချီးကျူး မြှောက်စားခြင်းခံရသောရဟန်းတပါးကိုတွေ့မြင်ရ၍ ထိုရာထူး ကိုတောင့်တပြီး ကောင်းမှုကိုပြုသဖြင့် ဂေါတမဘုရားရှင် လက် ထက်၌ ရဟန်းပြုဝိပဿနာပွား၍ အရဟတ္တဖိုလ်သို့ ရောက်တော် မူ၏။

အရှင်ပိလိန္ဒဝစ္ဆသည် "သူယုတ်မာလာလှည့်၊ သူယုတ်မာ သွားတော့"ဟု ပြောဆိုလေ့ရှိ၏၊ ရဟန်းတို့သည် မြတ်စွာဘုရား အား အရှင်ပိလိန္ဒဝစ္ဆသည် ရဟန်းတို့ကို (သူယုတ်မာ) ဟု အမြဲ

ခေါ်ပါသည်ဟု လျှောက်ကြကုန်၏၊ မြတ်စွာဘုရားက ခေါ်ယူမေးမြန်းပြီးနောက် အရှင်ပိလိန္ဒဝစ္ဆ၏ရှေးရှေးဘဝ ပေါင်းများစွာကို နှလုံးသွင်းတော်မူပြီး "ချစ်သားရဟန်းတို့ ငါ၏သားတော် ဝစ္ဆသည် ဒေါသဖြင့်ပြစ်မှားမောင်းမဲလို၍ သူယုတ်မာဟု ခေါ်ဝေါ်ပြောဆိုသည်မဟုတ်၊ ဝစ္ဆသည် ဘဝငါးရာပတ်လုံး ပုဏ္ဏားမျိုး၌ဖြစ်၍ ထိုသို့ "သူယုတ်မာ" ဟု ပြောဆိုခြင်း အလေ့အကျင့်ဖြစ်လာခဲ့၍ ပြောဆိုခေါ်ဝေါ်ခြင်းသာဖြစ်သည်ဟု မိန့်တော်မူပြီး–

(၄၀၈) အကက္ကသံ ဝိညာပနိံ၊ ဂိရံ သစ္စံ မုဒီရယေ။
ယာယ နာဘိသဇေ ကဉ္စိ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

(၄၀၈) နူးညံ့ပြေပြစ်၍ သဘောအဓိပ္ပါယ် ပေါ်လွင်စေသော မှန်သောစကားကိုပြောဆိုရာ၏။ မည်သည့်တစုံတယောက်ကိုမျှ အမျက်ဒေါသဖြင့် မထိခိုက်မငြိစွမ်းစေရာ၊ ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ပိတ်ချင်းသီးက ကြွက်ချေးဖြစ်

ထိုနောက်တနေ့တွင် ပိလိန္ဒဝစ္ဆမထေရ်သည် ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံဝင်စဉ် ပိတ်ချင်းသီးများကို ခွက်အပြည့်ကိုင်၍လာသော ယောကျ်ားတဦးအား သူယုတ်မာ သင့်ခွက်ထဲ၌ ဘာတွေပါသနည်းဟု မေး၏။ ထိုယောကျ်ားသည် စောစောစီးစီးအမေးခံရ၍ အန္တဲ့တိုက်ပြီး "ကြွက်ချေးများပါ" ဟု ပြန်လျှောက်၏။ မထေရ်က "သင်ပြောသည့်အတိုင်းဟုတ်မှန်ပေလိမ့်မည်" ဟု ပြန်ကြားပြောဆို၍ကြွသွား၏။

ထိုယောကျ်ားသည် ပိတ်ချင်းသီးများကို ကြည့်သော အခါ တကယ်ပင်ကြွက်ချေးများဖြစ်နေ၏။ လှည်းသို့သွား၍ ကြည့်ပြန်

သောအခါ လှည်းတစီးလုံးရှိ ပိတ်ချင်းသီးတို့သည်လည်း ကြွက်ချေးများသာဖြစ်ကုန်၏။ ထိုယောကျ်ားသည် ရင်ကိုမဲ၍ မထေရ်သွားရာအရပ်ကိုစုံစမ်းပြီး အရေးတကြီး သုတ်သီးသုတ်ပျာရှာဖွေ၏။ အခြားသော ယောကျ်ားတဦးကတွေ့၍ မေးမြန်းရာ ဖြစ်သမျှအကြောင်းပြောကြား၏။ ထိုယောကျ်ားက "အသင်သည် ပိတ်ချင်းသီးခွက်ကိုယူ၍ မထေရ်ရှေ့၌နေလော့၊ မထေရ်မေးလျှင် ပိတ်ချင်းသီးများပါဟု ပြောလော့" ဟု နည်းပေးညွှန်ကြားလိုက်၏။ ထိုယောကျ်ားသည် လမ်း၌တွေ့သောသူ အကြံပေးသည့်အတိုင်း ပြုလုပ်၏။ ပိတ်ချင်းသီးအားလုံးသည် မူလအတိုင်းပြန်ဖြစ်လာ၏။

## နတ်တို့ချစ်သောမထေရ်

ပိလိန္ဒဝစ္ဆမထေရ်ကို နတ်တို့ချစ်ကြ၏။ မြတ်စွာဘုရား ပွင့်တော်မမူမီ ရှေးကာလက စကြဝတေးမင်းဖြစ်၍ လူတို့ကို ငါးပါးသီလတည်စေသဖြင့် နတ်ပြည်၌သာဖြစ်ကြကုန်၏။ နတ်ပြည်ခြောက်ထပ်အလုံး အနှံ့အပြားရှိသောနတ်တို့သည် မိမိတို့ ဤစည်းစိမ်ချမ်းသာကို အဘယ်သို့ရသနည်းဟု ကြည့်သော် စကြာဝတေးမင်းဖြစ်သော ထိုမထေရ်၏အဆုံးအမကြောင့် ဤစည်းစိမ်ချမ်းသာကိုရသည်ဟု သိမြင်ကြသောကြောင့် ဤမထေရ်ကို နေ့ညဉ့်ပတ်လုံးရှိခိုးဦးခိုက်ကြကုန်၏။ နောက်ကာလ၌ မြတ်စွာဘုရားသည် ပိလိန္ဒဝစ္ဆမထေရ်ကို နတ်တို့ ချစ်ခင်နှစ်သက်သည့်ပုဂ္ဂိုလ်တို့တွင် အထွဋ်အမြတ်ရာထူးချီးကျူးမြှောက်စား တေဒဂ်ထားတော်မူသတည်း။

(ဓမ္မပဒ ဗြာဟ္မဏဝဂ် နှစ်ဆယ့်ငါးခုမြောက် ပိလိန္ဒဝစ္ဆမထေရ်ဝတ္ထုပြီး၏ )

## ၂၆။ မထင်ရှားသော မထေရ်ဝတ္ထု

(ယောဓဒီဃံ) အစခံသော သုတ္တံဒေသနာကို ဇေတဝန်ကျောင်း၌ မထင်ရှားသောမထေရ်မြတ်တပါးကိုအကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်၌ မိစ္ဆာဒိဋ္ဌိပုဏ္ဏားတယောက်သည် တကိုယ်လုံး အနာများပေါက်၍ ရွဲရွဲစိုသောပြည်စေးတို့ဖြင့် ကပ်ငြိနေသည့် အပေါ်ရုံပုဆိုးကို ကိုယ်မှခွာပြီး အစွန်းတခု၌ချထား၍ အိမ်တံခါးဘက်သို့မျက်နှာမူကာထိုင်နေ၏။

ထိုအခါ အာသဝေါကုန်ပြီးသောရဟန္တာတပါးသည် ဆွမ်းစားပြီး ကျောင်းသို့ပြန်အကြွတွင် ပုဆိုးကိုတွေ့မြင်၍ ပိုင်ရှင်ကို ဟိုမှသည်မှုကြည့်ရှုသော်လည်းမမြင်၍ ပိုင်ရှင်မဲ့ပစ္စည်းပေတည်းဟု ပံ့သုကူအဖြစ် ဆောက်တည်၍ ကောက်ယူတော်မူ၏။ ပုဏ္ဏားသည် မထေရ်ကောက်ယူသည်မြင်လျှင် ဆဲရေး ရေရွတ်လျက် ပြန်တောင်း၏။ မထေရ်က ပိုင်ရှင်ကို မတွေ့မြင်သောကြောင့် ပံ့သုကူအမှတ်ဖြင့် ကောက်ယူမိပါသည်ဟု ပြောကာ ပြန်ပေး၏။

ကျောင်းသို့ ရောက်သော် စကားစပ်မိ၍ ထိုအကြောင်း ကို ပြောဆိုမိလေလျှင် ရဟန်းတို့က ကြီစယ်သော သဘောဖြင့်

"ငါ့ရှင် ထိုပုဆိုးသည်ရှည်သလော တိုသလော၊ထူသလောကြမ်းသလော"ဟု မေးကြ၏၊ မထေရ်က "ရှည်သည်ဖြစ်စေ တိုသည်ဖြစ်စေ၊ ကြမ်းတမ်းသည်ဖြစ်စေ၊နူးညံ့သည်ဖြစ်စေ၊ပုဆိုး၌ တွယ်တာကပ်ငြိခြင်းမရှိ ပံ့သုကူပုဆိုးအမှတ်ဖြင့်သာငါကောက်ယူမိပေသည်"ဟုပြောဆို၏၊ ရဟန်းတို့ကမြတ်စွာဘုရားအား ဤရဟန်းသည် မဟုတ်မမှန် အရဟတ္တဖိုလ်စကားကို ပြောကြား ပါသည်ဟု လျှောက်ထားကြသည်၊ မြတ်စွာဘုရားက "ဤ ရဟန်းသည်ဟုတ်မှန်သည်ကို ပြောဆိုပေ၏"ဟု မိန့်တော်မူပြီး-

(၄၀၉) ယောဓ ဒီဃံ ဝ ရဿံ ဝါ၊
အဏုံ ထူလံ သုဘာသုဘံ။
လောကေ အဒိန္နံ နာဒိယတိ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

(၄၀၉) လောက၌ ပိုင်ရှင်မပေးသောဥစ္စာကို ရှည်သည် ဖြစ်စေ၊ တိုသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ၊ -မကောင်းသည် ဖြစ်စေ မခိုးယူသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

(ဒေသနာတော်၏ အဆုံး၌ များစွာသော ရဟန်းတို့သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။)

(ဗြာဟ္မဏဝဂ် နှစ်ဆယ့်ခြောက်ခုမြောက် မထင်ရှားသော မထေရ်ဝတ္ထုပြီး၏။)

၀ ၀ ၀

# ၂၇။ ရှင်သာရိပုတ္တရာ မထေရ်ဝတ္ထု

(အာသာယဿ) အစရှိသော ဒေသနာတော်ကို ဇေတဝန် ကျောင်းတော်၌ သာရိပုတ္တရာ မထေရ်မြတ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

ရှင်သာရိပုတ္တရာ မထေရ်သည် ရဟန်းငါးရာနှင့် ရွာတရွာ၌ ဝါကပ် ဆိုတော်မူ၏၊ ဝါမှ ထမြောက်လျှင် ရွာနေ သူတို့က ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ရန် စီစဉ်ကြ၏၊ ရှင်သာရိပုတ္တရာ သည် မြတ်စွာဘုရားထံ ဖူးမြော်ရန် သွားရောက်လိုလှ၍ အလှူ တိုင်အောင် မစောင့်နိုင်သဖြင့် ရဟန်းသာမဏေတို့အား "ငါ၏ အဖို့ရသမျှကို ငါ့ထံသို့ စေလွှတ်ပေးပို့ နိုင်သော် ပေးပို့စေ၊မပေး ပို့နိုင်သော် နေရာတကျထား၍ အကြောင်းကြားပါ" ဟု မှာ ထားခဲ့၏။

ကျောင်းတော်သို့ရောက်၍ ထိုအကြောင်းကို ရဟန်းတို့ သိ လျှင် ရှင်သာရိပုတ္တရာသည် ကပ်ငြိသော တဏှာ ရှိသေး ဘန် တကား"ဟု ပြောဆိုကဲ့ရဲ့ကြကုန်၏။ မြတ်စွာဘုရား မေး မြန်း တော်မူ၍ ဤအကြောင်းကို ပြောဆိုကြပါသည်ဟု လျှောက် ထားသော် မြတ်စွာဘုရားက-

ချစ်သား ရဟန်းတို့ ငါ၏ သားတော် သာရိပုတ္တရာအား တဏှာသည်မရှိ၊ လူတို့အားကောင်းမှုမှုလည်းကောင်း ပဥ္စင်းငယ် သာမဏေငယ်တို့အား တရားနှင့် လျော်သောလာဘ်မှဆုတ်ယုတ် ခြင်းမဖြစ်ရန် နှလုံးသွင်း၍ ပြောဆိုခြင်းသာ ဖြစ်ပေသည်ဟု မိန့် တော်မူ၍-

(၄၁၀) အာသာ ယဿ န ဝိဇ္ဇန္တိ၊ အသ္မိံ လောကေ ပရမှိ စ။
နိရာသာသံ ဝိသံယုတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

(၄၁၀) အကြင်ပုဂ္ဂိုလ်ကား တဏှာတို့သည် မရှိကုန်၊ ဤလောက၌ လည်းကောင်း၊ တမလွန်ဘဝ၌ လည်းကောင်း တဏှာနှင့်ကင်း၏၊ ကိလေ သာနှင့်မယှဉ် ထိုသူကို ငါဘုရားသည် ဗြာဟ္မဏဟူ၍ဆို၏။)

(ဗြာဟ္မဏဝဂ် သာရိပုတ္တရာမထေရ်ဝတ္ထုပြီး၏)

## ၂၆။ ဗြာဟ္မဏဝဂ်

## ၂၈။ ရှင်မောဂ္ဂလာန် မထေရ်ဝတ္ထု

(ယဿာလယာ) အစလာသော ဒေသနာကို ဇေတဝန် ကျောင်းတော်၌ မဟာမောဂ္ဂလာန် မထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ဝတ္ထုကြောင်းကား ဤသို့တည်း

အထက် ၂၇ အရှင်သာရိပုတ္တရာ ဝတ္ထုကဲ့သို့ပင် အရှင် မောဂ္ဂလာန်သည် ဝါကပ်ဆိုပြီး အလှူကို မစောင့်နိုင်ပဲ မြတ်စွာ

ဘုရားထံတော်မှောက် လာခဲ့ပြီး ရဟန်းငယ်နှင့် သာမဏေတို့ထံမှ ရရှိသောပစ္စည်း ခွဲခြားထား၍၊ သို့မဟုတ် သတင်းစကားမှာကြားရန် ပြောကြားခဲ့သည်။

ဇေတဝန်ကျောင်းတော်တွင် ရဟန်းတို့က ယခင်အကိုင်းပင်ရှင်မဟာမောဂ္ဂလာန်သည် လာဘ်လာဘ၌ ကပ်ငြိခြင်း မကင်းသေးဟု ပြောဆိုကြခြင်းကို မြတ်စွာဘုရားသခင်က ရှင်းလင်းဖြေကြားပြီးနောက်-

(၄၁၁) ယဿာလယာ န ဝိဇ္ဇန္တိ၊
အညာယ အကထံ ကထီ။
အမတောဂဓ မနုပ္ပတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

(၄၁၁) အကြင်ပုဂ္ဂိုလ်အား တဏှာတို့သည် မရှိကုန်၊ အကြောင်းရှစ်ပါးတို့ကို ဟုတ်မှန်စွာဆို၍ ရှစ်ပါးသောယုံမှားခြင်းမရှိ၊ သေခြင်းမရှိသောနိဗ္ဗာန်သို့အစဉ်ရောက်၏ထိုသူကိုဗြာဟ္မဏဟူ၍ငါဘုရားဟော၏။

(ဗြာဟ္မဏဝဂ် နှစ်ဆယ့်ရှစ်ခုမြောက် မဟာမောဂ္ဂလာန်မထေရ်ဝတ္ထု ပြီး၏)

## ၂၉။ ရေဝတမထေရ်ဝတ္ထု

(ယောဓ ပုညဉ္စ) ဓမ္မဒေသနာကို ပုဗ္ဗါရုံ ကျောင်းတော်၌ ရေဝတမထေရ်ကို အကြောင်းပြု၍ ဟောကြားတော် မူသည်။

ဝတ္ထုကြောင်းကား ဤသို့တည်း

အရှင်သာရိပုတ္တရာ၏ ညီအငယ်ဆုံး တောကျောင်းနေ ရှင်ရေဝတမထေရ်၏ အကြောင်းကိုယခင်ကအကျယ်တဝင့်ဖော်ပြခဲ့ပါပြီ။ မြတ်စွာဘုရား ကြွလာတော်မူလျှင် အထွဋ်တက်သော ကျောင်းငါးရာတို့ကို ပြုလုပ်စီမံနိုင်ခြင်းအတွက် ရေဝတသာမဏေ၏ ရှေးကကောင်းမှု ဘုန်းကံအာနုဘော်နှင့် လာဘ်လာဘပြန့်ပြောခြင်းကို တအံ့တဩ ရဟန်းတို့ ပြောကြားသည့် စကားကြားတော်မူလျှင်-

ချစ်သားရဟန်းတို့ ငါဘုရား၏ သားတော်အား ကောင်းမှုကုသိုလ်မရှိ၊ မကောင်းမှုဟူသော အကုသိုလ်မရှိ၊ ထိုငါ့သားရေဝတသည် ကုသိုလ် အကုသိုလ် နှစ်ပါးလုံး ပယ်အပ်ပြီဟု မိန့်တော်မူပြီး-

(၄၁၂) ယောဓ ပုညဉ္စ ပါပဉ္စ၊ ဥဘော သင်္ဂ မုပစ္စဂါ။
အသောကံ ဝိရဇံ သုဒ္ဓံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

(၄၁၂) ဤလောက၌ အကြင်ပုဂ္ဂိုလ်သည် ကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကိုလည်းကောင်း၊ နှစ်ပါးစလုံးကို စွန့်၍ ကပ်ငြိခြင်းကိုလွန်ပြီး စိုးရိမ်ခြင်းလည်းမရှိ၊ ရာဂစသောမြူမှကင်း၏၊ ကိလေသာကင်း၍စင်ကြယ်၏၊ ထိုပုဂ္ဂိုလ်ကို ငါဘုရားသည် ဗြာဟ္မဏဟုဆို၏။

(ဗြာဟ္မဏဝဂ် နှစ်ဆယ့်ကိုးခုမြောက်ရေဝတမထေရ်ဝတ္ထုပြီး၏)

## ၂၆။ ပြာဟ္မဏဝင်

## ၃၀။ စန္ဒာဘ မထေရ်ဝတ္ထု

(စန္ဒံ ဝ) စသည့်ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ စန္ဒာဘမထေရ်ကိုအကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ရှေးလွန်လေ ပြီးသောအခါ ဗာရာဏသီပြည်၌ ကုန်သည်တယောက်သည် တိုင်းပြည်၏ အစွန်အဖျား တောရွာသို့သွား၍ စန္ဒကူးနံ့သာကို ရှာဖွေရန် လှည်းငါးရာဖြင့် အဝတ်တန်ဆာတို့ကို တင်၍ သွား၏။ ရွာတံခါးအနီးတွင် လှည်းများကို ထားခဲ့ပြီး တယောက်တည်း တောအုပ်သို့သွားကာ နွားကျောင်းသူငယ်တို့အား "ဤရွာမှ တောင်ခြေသို့ တက်သောသူ ရှိပါသလား"ဟု မေး၏။သူငယ်တို့က ရှိပါ၏ဟု ဆိုသော် ထိုသူ၏အမည်နာမ သားသမီး သားမယားတို့၏အမည်နှင့် အကြောင်းအရာ အစုံအလင်ကို မေးမြန်းပြီး ပြန်လာ၍ လှည်းယာဉ်ဖြင့် ထိုလူ၏အိမ်တွင် ရပ်၍ မိန်းမ၏အမည်ကို တရင်းတနှီးခေါ်၏။ ထိုမိန်းမသည် ငါတို့ဆွေမျိုးများလားဟု အလျှင်အမြန်ပင် နေရာခင်းပေး၏။ "ငါ့မိတ်ဆွေ ဘယ်မှာနည်း"ဟု မေး၏။ တောသို့ထွက်သွားပါသည်ဟု ပြော၏။

ထိုနောက် သားသမီးတို့အမည်ကို ခေါ်၍"ငါ့သားငါ့သမီးတွေအတွက် အဝတ်အစား ဟောဒါက ငါ့ခယ်မအတွက်၊ ဟောဒါက ငါ့သူငယ်ချင်းအတွက်"ဟု ပြောဆိုပြီး အဝတ်

အစားလက်ဆောင်ပစ္စည်း များစွာပေးကမ်း၏။ ထိုမိန်းမသည် ဝမ်းမြောက်ဝမ်းသာ ရှိသေကောင်းမွန်စွာ ဝတ္တရားကျေအောင် ပြုစု၏။ လင်ယောကျ်ား ပြန်လာသောအခါ အားရဝမ်းသာ ပြောပြ၏။ ထိုယောကျ်ားသည် ကျေးဇူးတင်စွာ တရင်းတနှီး စကားပြော၏။ ထို့နောက် ကုန်သည်က ထိုယောကျ်ားအား "တောင်ပေါ်၌ အဘယ်အပင်မျိုး များစွာ တွေ့သနည်း" ဟု မေး၏။ရွာသားက အခက်နီမြန်းသော သစ်ပင်တို့ကို များစွာ တွေ့ပါသည်"ဟု ပြော၏။ကုန်သည်က ထိုသစ်ပင်တို့ကို ပြပါဟု တောသို့လိုက်သွား၏။စန္ဒကူးနီပင်တို့ကိုတွေ့လျှင် ဖြတ်တောက်၍ လှည်းတို့တွင် အပြည့်တင်ပြီး ယူဆောင်သွား၏။

ထိုရွာသားကို "အသင်သည် ဗာရာဏသီပြည်သို့ လာလျှင် ဤအပင်နီတို့ကို ဆောင်ယူခဲ့ပါလော့"ဟု ပြောဆို မှာထားပြီး နေရာအရပ်တို့ကို ညွှန်ကြားခဲ့၏။ထိုယောကျ်ားကိုလည်းများစွာ သောပစ္စည်းတို့ကို ပေးကမ်းခဲ့၏။ ထိုယောကျ်ားသည် ရံဖန်ရံခါ ထိုကုန်သည်အိမ်သို့ စန္ဒကူးနီများကို လှည်းဖြင့် တင်ဆောင်၍ သွားရောက်၏။ ကုန်သည်ကလည်း များစွာသော ပစ္စည်းတို့ကို ပေးကမ်း၏။

## မောင်လပြည့်ဝန်း

အချိန်ကြာမြင့်သော် ကဿပမြတ်စွာဘုရား၏ ဓာတ်တော်များ ဌာပနာထားသည့် ရွှေစေတီကြီးကို ပူဇော်ရန် ရွာသားယောကျ်ားယူလာသော စန္ဒကူးများကိုသွေး၍ ခွက်ကို ပြည့်စေပြီး ရွှေစေတီ တည်ဆောက်နေသည့် အရပ်သို့ ခေါ်သွား၏။ ကုန်သည်၏ မိတ်ဆွေ ရွာသားသည် စေတီတော်၏ ဝမ်းတိုက်၌ စန္ဒကူးနံ့သာဖြင့်လိမ်းကျံ ထုံမွှန်းလဝန်းကဲ့သို့ ပြုလုပ်ပူဇော်၏။

ထိုကောင်းမှုကြောင့် ထိုရွာသားသည် နတ်ပြည်၌ဖြစ်၍ တဆူသောဘုရားရှင် အကြားကာလပတ်လုံးနတ်စည်းစိမ်ကို ခံစားပြီး ဂေါတမဘုရား ပွင့်တော်မူသောအခါ ရာဇဂြိုဟ်ပြည်၌ အမျိုးမြတ်သော ဗြာဟ္မဏမဟာသာရ သဌေးမျိုး၌ဖြစ်၏။ ထိုသူငယ်၏ ချက်ဝမ်းမှ လပြည့်ဝန်းနှင့် တူသော အရောင်သည် တောက်ပြောင်ထွန်းလင်း၍ နေ၏။ အချို့သူတို့က ဤလပြည့်ဝန်းပုဏ္ဏားကို ခေါ်၍ လူအပေါင်း တို့ကို လှည့်ပတ် ဖျား ယောင်း ကြကုန်၏။

"မည်သူမဆို ဤသူငယ်၏ကိုယ်ကို လက်ဖြင့် သုံးသပ်သူသည် ဤသို့ သဘောရှိသည်မည်သော အစိုးရခြင်း စည်းစိမ်ချမ်းသာကို ရမည်"ဟု ဆို၍ လှည့်ပတ် သွားလာကုန်၏။ လူတို့သည် အသပြာ တရာ တထောင် စသည်ပေး၍ ထိုပုဏ္ဏား၏ ကိုယ်ကို လက်ဖြင့် သုံးသပ်ကြ၏။

ဤသို့ဖြင့် သာဝတ္ထိပြည်သို့ ရောက်၍ ဇေတဝန်ကျောင်း အကြား၌ တည်းခိုနေကြ၏။ သာဝတ္ထိပြည်မှ ငါးကုဋေမျှရှိသော အရိယာသာဝကတို့သည် နံနက်အခါ အလှူပေး၍ နေလွဲသောအခါ နံ့သာ ပန်း သက်န်းလျှော ဆေး စသည်တို့ကို ကိုင်ဆောင်လျက် တရားနာခြင်းငှာ ဇေတဝန် ကျောင်းသို့ သွားကြ၏။ ပုဏ္ဏားတို့က "သင်တို့ ဘယ်သို့ သွားကြမည်နည်း"ဟု မေးလျှင် "မြတ်စွာဘုရားအထံတော်သို့ သွားကြမည်"ဟု ပြောကြ၏။ အသင်တို့သည် စန္ဒာဘာသပုဏ္ဏား၏တန်ခိုးနှင့် တူသော တန်ခိုးကြီးသည် မရှိ။ ထိုပုဏ္ဏား၏ကိုယ်ကို ထိတွေ့သူတိုင်း စည်းစိမ်ချမ်းသာအမျိုးမျိုးကို ရကြ၏။ စန္ဒာဘာပုဏ္ဏားကို ဖူးမြင်ကြ

လေ့”ဟု တိုက်တွန်း၍ စန္ဒာဘ၏ ချက်ဝန်းမှ အရောင်ကို ပြကြ၏။

လူတို့က စန္ဒာဘပုဏ္ဏား၏ အာနုဘော်မှာ မပြောပလောက်ပါ၊ မြတ်စွာဘုရားသာလျှင် ကြီးကျယ်သော တန်ခိုးရှိန်စော် အာနုဘော် ရှိသည်ဟု ပြောဆိုကြ၏။ ပုဏ္ဏားတို့သည် မြတ်စွာဘုရား၏တန်ခိုးအာနုဘော်ကို ကြည့်မည်ဟု တိုင်ပင်ပြီး ပြိုင်ဆိုင်ရန် စန္ဒာဘပုဏ္ဏားကို ခေါ်ဆောင်၍ ကျောင်းတော်သို့ သွားကြ၏။

မြတ်စွာဘုရားရှေ့သို့ ရောက်လျှင်ပင် စန္ဒာဘ၏ချက်ဝန်းမှ အရောင်သည် ကွယ်ပျောက်၏။ စန္ဒာဘကို အစွန်အဖျားတနေရာသို့ ခေါ်သွားသောအခါ ချက်ဝန်းမှ အရောင်သည် ပြန်ထွက်လာ၏။ ဘုရားရှေ့သို့ ခေါ်သွားသောအခါ ပျောက်သွားပြန်၏။ ဤသို့ သုံးကြိမ်သုံးခါ စမ်းသပ်ပြီး နောက် “ဤရဟန်းသည် အရောင်ကို ကွယ်ပျောက်စေသော မန္တန်ကို တတ်ပေလိမ့်မည်ဟု ကြံစည်၍ စန္ဒာဘပုဏ္ဏားက-

“ကျွန်ုပ်၏ကိုယ်ရောင်ကို ကွယ်ပျောက်စေနိုင်သော မန္တန်ကို တတ်ပါသလား”ဟု မေး၏။ မြတ်စွာဘုရားက-

“ဪ ငါတတ်ပါ၏”ဟု ဝန်ခံ၏။ စန္ဒာဘက မန္တန်ကို အရတောင်း၏။ မြတ်စွာဘုရားက “ရဟန်းမဟုတ်သောသူအား ပေးခြင်းငှာ မစွမ်းနိုင်”ဟု မိန့်တော်မူ၏။

စန္ဒာဘသည် အဖော်တို့နှင့် တိုင်ပင်၏။ ဤမန္တန်ကို ရလျှင် ငါသည် ဇမ္ဗူဒိပ်၌ အကြီးအမှူးဖြစ်ပေအံ့၊ အသင်တို့ တည်းခိုအိမ်မှ စောင့်နေကြ ငါရဟန်းပြုပြီး နှစ်ရက်သုံးရက်ဖြင့်မန္တန်ကို

သင်ယူမည်ဟု ပြောဆိုပြီးနောက် မြတ်စွာဘုရားထံတွင် ရဟန်းအဖြစ် တောင်းပန်၍ ရဟန်းပြု၏။

မြတ်စွာဘုရားသည် ရဟန်း ပြုပေးပြီးနောက် ဒွိတ္တိံသာကာယကို မိန့်ကြားတော်မူ၏။ မြတ်စွာဘုရားက မန္တန်မသင်မီ အဖန်ဖန် အားထုတ်ရသော ဤပရိကံကို သရဇ္ဈာယ်ရသည်ဟု မိန့်တော်မူ၏။ အဖော်ပုဏ္ဏားတို့သည် ခဏခဏလာ၍ “မန္တန်ကို ရပြီလား”ဟု မေးကြ၏။ စန္ဒာဘက အပြီးတိုင် မသင်ရသေးဟု ပြော၏။

ထိုစန္ဒာဘရဟန်းသည်နှစ်ရက် သုံးရက်ဖြင့်သာလျှင်အရဟတ္တဖိုလ်သို့ရောက်၍ ပုဏ္ဏားတို့ လာမေးသောအခါ “အသင်တို့ ပြန်ကြကုန်လော့။ ယခုအခါ၌ ငါသည် ပြန်မလာသော သဘောရှိသည်ဖြစ်လေပြီ”ဟု ပြောဆို၏။

ရဟန်းတို့က ထိုစကားကို မြတ်စွာဘုရားအားလျှောက်ထားကြသောအခါ–

“ရဟန်းတို့ငါ၏ သားတော် စန္ဒာဘသည်ရဟန္တာဖြစ်လေပြီ။ ဤစန္ဒာဘ ရဟန္တာသည် ဟုတ်မှန်သော စကားကိုသာ ပြောဆိုသည်”ဟု မိန့်တော်မူပြီး–

(၄၁၃) စန္ဒံ ဝ ဝိမလံ သုဒ္ဓံ၊
ဝိပ္ပသန္န မနာဝိလံ။
နန္ဒီဘဝ ပရိက္ခီဏံ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

(၄၁၃) အညစ်အကြေးကင်းသော လမင်းကဲ့သို့ ကိလေသာမရှိ၍ စင်ကြယ်သော၊အထူးသဖြင့် ကြည်လင်သောနောက်ကျုခြင်းမှကင်းလျက် ဘဝတို့၌ နှစ်သက်တတ်သည့် တဏှာကုန်ခမ်းသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏ ဟု ငါဘုရားဟော၏။

(ဗြာဟ္မဏဝဂ် သုံးဆယ်မြောက် စန္ဒာဘာရဟန်း ဝတ္ထုပြီး၏။ )

## ၂၆။ ဗြာဟ္မဏဝဂ်

## ၃၁။ သီဝလိမထေရ်ဝတ္ထု

(ယောမံ) အစခံသော သုတ္တံဒေသနာကို ကုဏ္ဍကောလိယ မည်သော မြို့အနီး ကုဏ္ဍဓါနမည်သော တောအုပ်၌ စံတော်မူစဉ် တေဒဂ်ရ သီဝလိမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

သီဝလိမထေရ်၏ မယ်တော် သုပ္ပဝါသကောလိယ မင်းသမီးသည် အရှင်သီဝလိကို ခုနစ်နှစ်တိုင် ပဋိသန္ဓေလွယ်ခဲ့ရပြီး မွေးဖွားကာနီး၌ ခုနစ်ရက်တိုင်တိုင် ပြင်းစွာသော ဝေဒနာခံစားနေရခိုက်တွင် မြတ်စွာဘုရားဂုဏ်တော်တို့ကို ဆင်ခြင်အောက်မေ့၍-

(၁) အကြင်မြတ်စွာဘုရားသည် ဤသို့သောဒုက္ခဆင်းရဲကို ပယ်ခြင်းငှာ တရားတော်ကိုဟောကြားတော်မူပေ၏။

(၂) ထိုမြတ်စွာဘုရားသည်တရားတော်အားလုံးကို အကုန်အစင် ကိုယ်တော်တိုင် သိမြင်တော်မူပါပေ၏။
(၃) တပည့်သား သံဃာတော်တို့သည် ဤသို့သော ဒုက္ခဆင်းရဲကို ပယ်ခြင်းငှာ အားထုတ် ဖြည့်ကျင့်တော်မူပေ၏။ ထိုမြတ်စွာဘုရား၏တပည့်သား သံဃာတော်တို့သည် စင်ကြယ် ကောင်းမြတ်သော အကျင့်ရှိသည် ဖြစ်ပေစွတကား။
(၄) အကြင် နိဗ္ဗာန်သည် ဤသို့ သဘောရှိသော ဆင်းရဲအစုတို့သည် မရှိပေ၊ ထိုနိဗ္ဗာန်သည် အလွန် ချမ်းသာလေစွတကား။

ဤသို့မေးဖွားရသော ဒုက္ခဝေဒနာကို ခံစားယင်းအမြဲမပြတ် ဆင်ခြင်၍ ထိုဆင်းရဲမှုကို သည်းခံလျက် ခင်ပွန်း အရှင်လင်ယောကျ်ားကို မြတ်စွာဘုရားထံ စေလွှတ်၏။ ထိုအရှင် လင်ယောကျ်ားသည် သုပ္ပဝါသ မှာကြားသောစကားကို လျှောက်ထား၏။ မြတ်စွာဘုရားက-

"သုပ္ပဝါသမင်းသမီးသည် ကိုယ်စိတ်နှစ်ဖြာချမ်းသာသည်ဖြစ်စေသတည်း။
သုပ္ပဝါသမင်းသမီးသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ၍ အနာရောဂါမရှိသောသားကို ဖွားမြင်စေသတည်း"

ဟု မိန့်တော်မူသော ခဏ၌ပင် လွယ်ကူစွာ ဖွားမြင်ပြီးနောက် မြတ်စွာဘုရားအမှူးရှိသော ရဟန်းအပေါင်းကို ပင့်၍ ခုနစ်ရက်လုံး ကြီးစွာသော အလှူကြီးကို ပေး၏။ ထိုဖွားမြင်သော သားငယ်သည် ရဟန်းပြု၍ အရှင်သီဝလိအဖြစ် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

အရဟတ္တဖိုလ်သို့ ရောက်ပြီးနောက်ကား ရဟန်းတို့က "ဤသို့ အရဟတ္တဖိုလ်သို့ ရောက်ရန် အကြောင်းပြည့်စုံသောပုဂ္ဂိုလ်သည် ပင်လျှင် ဤမျှသော ကာလပတ်လုံး မိခင်ဝမ်း၌ ကိန်းအောင်း၍ ဆင်းရဲဒုက္ခခံစားနေရသေးလျှင် အခြားသောသူတို့မှာ အဘယ် ဆိုဘွယ်ရာရှိတော့အံ့နည်း" ဟု ပြောဆိုကြ၏။

မြတ်စွာဘုရား ကြွလာတော်မူ၍ မေးမြန်းသော် ဤသို့သော စကားပြောဆိုပါသည်ဟု လျှောက်ကြားကြလျှင်-

"ချစ်သားရဟန်းတို့ ဟုတ်မှန် လှပေ၏။ ငါ၏ သားတော်သည် ဤမျှ အတိုင်းအရှည်ရှိသော ဆင်းရဲတို့မှ လွတ်မြောက်ခဲ့ပြီး ယခုအခါ နိဗ္ဗာန်ကိုမျက်မှောက်ပြု၍ နေရလေ၏" ဟု မိန့်တော်မူ၍-

(၄၁၄) ယောမံ ပလိပထံ ဒုဂ္ဂံ၊
သံသာရံ မောဟ မစ္စဂါ။
တိဏ္ဏော ပါရဂ် တော ဈာယီ၊
အနေဇော အကထံ ကထီ။
အနုပါဒါယ နိဗ္ဗုတော၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

(၄၁၄) အကြင်ပုဂ္ဂိုလ်သည် ရာဂတည်းဟူသော ဘေး ကိုလည်းကောင်း၊ ကိလေသာတည်း ဟူသော အသွား ခက်သည့် ခရီးကိုလည်းကောင်း၊ သံသရာဟူသော အကူးခက်သည့် သမုဒ္ဒရာကိုလည်းကောင်း၊ မောဟတည်းဟူသော အမိုက်မှောင်ကိုလည်းကောင်း၊ လွန်မြောက်ပြီး ဩဃလေးပါးကိုကူးမြောက်ပြီးဖြစ်၍နိဗ္ဗာန်တည်းဟူသော ကမ်းတဘက်သို့ရောက်၏၊ ကိလေသာတို့ကို ရှု့မြိုက်လေ့ရှိ၏၊ တဏှာကင်း၍ သို့လော သို့လော ယုံမှားတော့မှုမရှိ အစွဲအလန်းကင်း၍ ငြိမ်းအေး၏၊ ထိုပုဂ္ဂိုလ်ကို ငါ ဗြာဟ္မဏဟူ၍ ဘုရားဟော၏။

(ဗြာဟ္မဏဝဂ် သုံးဆယ့်ဘစ်ခုမြောက် သီဝလိ မထေရ်ဝတ္ထု ပြီး၏)

## ၂၆။ ဗြာဟ္မဏဝဂ်

## ၃၂။ ရသာတဏှာ မက်မောမှုဗ္ဗ

### (သုန္ဒရသမုဒ္ဒမထေရ်ဝတ္ထု)

(ယောဓကောမေ)အစရှိသော ဒေသနာကို ဇေတဝန်ကျောင်းတော်၌ သုန္ဒရသမုဒ္ဒမည်သော မထေရ်ကိုအကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်မှ သုန္ဒရသမုဒ္ဒမည်သော သဌေးသား သည် ကုဋေလေးဆယ် ကြွယ်ဝသော သဌေးကြီး မိဖတို့မှ မွေးဖွားခဲ့သူဖြစ်၏။ တနေ့တွင် သာဝတ္ထိပြည်မှ လူအပေါင်းတို့သည် ထုံးစံအတိုင်း ပန်းနံ့သာ လက်စွဲလျက် ဇေတဝန် ကျောင်းတော်ကို တရားနာရန် သွားရောက်ကြသည်ကိုမြင်၍ အားကျပြီး လိုက်ပါသွား၏၊ မြတ်စွာဘုရားသည် သုန္ဒရသမုဒ္ဒ သဌေးသား၏ အလိုအာသရကို သိမြင်တော်မူ၍ အစဉ်အတိုင်းသော တရားစကားကို ဟောကြားတော်မူ၏၊ တရားအဆုံး၌ သုန္ဒရသမုဒ္ဒသည် လူ့ဘောင်ပယ်ခွာ ရဟန်းပြုခြင်းငှာ အလွန်စိတ်ထက်သန်၍ ရဟန်းပြုခွင့်တောင်း၏၊ "အမိအဖနှစ်ဦးတို့ အနုးအညွတ် ခွင့်မလွှတ်သောသားကို ငါဘုရားတို့ ရဟန်းမပြုကုန်" ဟု မိန့်ကြားတော်မူ၏။

## ရဟန်းပြုခွင့် ရရန်အရေး

သုန္ဒရသမုဒ္ဒသည် အိမ်သို့ပြန်ရောက်လျှင် မိဘတို့ထံ ရဟန်းပြုရန် ခွင့်တောင်းသည်၊ မိဘတို့က တဦးတည်းသောသားဖြစ်၍ ဤစည်းစိမ်ချမ်းသာကို ခံစား၍ နေပေါ၊ အလှူဒါန ပြု ပါ ဟု တိုက်တွန်းပြီး ရဟန်းပြုခွင့် မပေးခဲ့ချေ။

သုန္ဒရသမုဒ္ဒသည် ရဟန်းပြုခွင့်မရလျှင် အသက်ကို အသေခံတော့အံ့ဟု အစာမစား၊ ရေမသောက်ပဲ အခန်းတွင်းမှမထွက်ပဲ အိပ်နေသည်၊ မိဘတို့အမျိုးမျိုး ဖျောင်းဖျ ကျေးမွေးသော်လည်းမရ၊ ရဟန်းပြုရမှ အစာရေစာ စားမည်ဟုဆိုသဖြင့် သေသည်ထက် ရဟန်းအဖြစ်မြင်ရသေးလျှင် တော်သေး၏ဟုမိဘတို့က ခွင့်ပြုလိုက်ရ၏။

## ရဟန်းပြုခွင့် ရပြန်တော့

မြတ်စွာဘုရားထံ ရဟန်းအဖြစ်ကိုရပြီးနောက် ငါသည် ဤအရပ်၌နေလျှင် တရားတော်ကို အားထုတ်ရမည် မဟုတ်၊ မိဘတို့က မကြာခဏ လာရောက်လိမ့်မည်ဟု မြတ်စွာ ဘု ရား ထံခွင့်တောင်းပြီး ရာဇဂြိုဟ်ပြည်သို့ ထွက်ခွာခဲ့၏။

သာဝတ္ထိပြည် ကြီးဝယ် ကြီးမားသော ပွဲသဘင် ဖြစ်လေရာ သုန္ဒရသမုဒ္ဒ၏ သူငယ်ချင်းတို့သည် ပွဲသဘင်၌ ရှင် လန်း မြူး ကြွ အမျိုးမျိုးအဖုံဖုံ ပျော်ပါးကြသည်ကို မြင်ကြရသောအခါ အမိအဖတို့မှာ ငါ့သားသည် ဤသို့ ပျော်ပါးမြူးတူး ရခြင်းမရှိရာပြီ ဟု ပြောကြားယင်း ငိုကြွေးကြကုန်၏။

## ခွေးမလောင်းအဖြစ်

ထိုအိမ်၌ ငိုကြွေးနေကြသည်ကို ပျိုမြစ်နုနယ် ငယ်ရွယ်လှပသော ပြည့်တန်ဆာမ တယောက်သည် တွေ့မြင်လေလျှင် ငိုကြွေးကြသည့် အကြောင်းရင်းကို စုံစမ်း၍ သိရှိလေသောအခါ ပြည့်တန်ဆာမက "ရဟန်းဘောင်မှ လူထွက်အောင် လုပ်ပါလား" ဟု ပြောကြား၏၊ မိဘတို့က "ငါတို့သား သာဝတ္ထိမှာမရှိ၊ ရာဇဂြိုဟ်ပြည်သို့ ပြောင်းရွှေ့သွားပြီ"ဟု ပြောကြ၏။

ထိုပြည့်တန်ဆာမက "အကယ်၍ အရှင်တို့သားလူထွက်လျှင် ကျွန်တော်မအား အဘယ်ဆုကို ပေးမည်နည်း"ဟု မေးမြန်း၏၊ သဌေးလင်မယားတို့က "ငါတို့သား လူ့ဘောင်သို့ ရောက်လာလျှင် အသင်နှင့်ပေးစား၍ ဤစည်းစိမ် ချမ်းသာ အားလုံး ပေးအပ်ပါမည်"ဟု ဝမ်းမြောက်ဝမ်းသာ ပြောဆိုကြ၏၊ ထိုအခါ "ဤသို့ဆိုလျှင် ကျွန်တော်မအား ပစ္စည်းဘဏ္ဍာရိက္ခာလုံလောက်စွာပေးပါ၊ ရာဇဂြိုဟ်ပြည်သို့ သွားရောက်၍ လူ မ ထွက် ထွက်အောင် ဆောင်ရွက်ပါမည်"ဟု ပြောဆို၏၊ မိဘတို့က "ဖြစ်မြောက်အောင်သာ ဆောင် ရွက် ပါ လို လေ သေး မရှိအောင် ငွေကြေးဘဏ္ဍာ ထုတ်ပေးပါမည်"ဟု ပြောဆို၏။

ထိုအမျိုးသမီးသည် အခြွေအရံ များနှင့် ရာဇဂြိုဟ်ပြည်သို့ သွားရောက်ပြီး သုန္ဒရသမုဒ္ဒမထေရ် ဆွမ်းခံကြွရာ လမ်းခရီးကို မှတ်သား၍ ထိုလမ်းခရီး၌ ခမ်းနား ထယ် ဝါ သော အိမ် ကြီး တဆောင်ကို ဆောက်လုပ်၍နေ၏၊ သုန္ဒရမထေရ် ဆွမ်းခံကြွချိန်၌ လှပမွေ့ကြိုင်စွာ တန်ဆာဆင်ယင်၍ ဆွမ်းကို ကိုယ်တိုင်ထွက်၍ လောင်းလှူ၏၊ သာဝတ္ထိပြည်မှ အမိအဖတို့ မှာကြားသည့်အတိုင်း မထေရ်ကြိုက်တတ်သော ဟင်းလျာတို့ကိုချက်ပြုတ်၏။

နှစ်ရက်သုံးရက်ကြာလျှင် "အရှင်ဘုရား ဤအိမ်၌ကြွရောက်၍ ဆွမ်းဘုဉ်းပေးတော်မူပါ"ဟု ပင့်လျှောက်ပြီး မထေရ်၏လက်ကိုလက်ချင်း တမင်ထိကာ သပိတ်ကိုယူ၍၊ အိမ်တွင်း၌ဆွမ်းကို ပြုစုလုပ်ကျွေး၏၊ နှစ်ရက်သုံးရက်မျှ ကိုယ်တိုင်ထွက် ပင့်ဖိတ်၍ သပိတ်ကိုယူပြီး အိမ်ဦး၌ပင်ဆွမ်းကျွေး၏၊ မထေရ်သည်မိမိလူ့ဘဝက နှစ်သက်သော အဟာရ ဟင်းလျာမျိုးကို တွေ့၍ အရသာ၌တပ်ငြိ၏။

နှစ်ရက်သုံးရက်ကြာလျှင် ကလေး သူငယ်တို့အား ခေါ်၍ မုန့်ကျွေးပြီး "မထေရ်ကြွလာသောအခါ ငါတားမြစ်သော်လည်း ဤနေရာသို့လာ၍ ဖုံထအောင် ဆော့ကြ ကစားကြ"ဟု မှာထား၏၊ ကလေးသူငယ်တို့သည် ဆွမ်းဘုဉ်းပေးချိန်၌ထိုမိန်းမ မှာသည့်အတိုင်း ဆော့၍ မြူဖုံတို့ထစေ၏၊ တားမြစ်တောင်းပန်သော် မရသဖြင့် အိမ်တွင်းသို့ကြွ၍ ဆွမ်းဘုဉ်းပေးပါဟု အိမ်တွင်းသို့ ပင့်၏၊ မထေရ်လည်း သဘောရိုးဖြင့် ထင်မှတ်၍ အိမ်တွင်း၌ ဆွမ်းဘုဉ်းပေး၏။

## ရသတဏှာမှတဆင့်တက်၍

နှစ်ရက်သုံးရက်ကြာလျှင် ကလေးသူငယ်တို့အား မုန့်ပေး၍ "မထေရ်ဆွမ်းစားချိန်၌ ကျယ်ကျယ်လောင်လောင် အသံပြု၍ ဟစ်အော်ကစားကြ၊ ငါတားမြစ်သော်လည်းဆက်သာလုပ်ကြ" ဟုမှာထား၏။ မထေရ်ကြွလာလျှင် အိမ်တွင်း၌ ဆွမ်းကပ်လေလျှင် ကလေးတို့၏ဆူဆူညံညံအသံကိုနားမခံသာ၍တောင်းပန်ပါသော်လည်းမရသည့်ဟန်ဖြင့် မထေရ်အား အပေါ်ထပ်သို့ကြွရန် ပင့်လျှောက်၏။ မထေရ်လည်း သည်းခံတော်မူ၍ လိုက်ပါကြွသွားခဲ့၏။

ဤသို့ဖြင့် ထိုမိန်းမ၏အကြံအတိုင်း ဘုံခုနစ်ဆင့် ရောက် အောင်ပင့်၏။ မထေရ်သည် အိမ်စဉ်လှည့်လည်ဆွမ်းခံသော သပ ဒါနစာရိက ဓုတင်ဆောင်ပုဂ္ဂိုလ်ဖြစ်ပါလျက် ရသာတဏှာ ဖွဲ့ နှောင်သည်ဖြစ်၍ပြည့်တန်ဆာ၏ ပြောကြားသော စကားဖြင့် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်အပြင်ဘက်သို့ပင် ရောက်ရှိလေ၏။ ပြည့်တန်ဆာမသည် မိန်းမတို့မာယာကို အစွမ်းကုန်သုံးပြီးမထေရ် အားလှုထွက်ရန်ဖျားယောင်းတော့သည်။ မထေရ်အား အပိုင်စီး ရန် အတင်းချဉ်းကပ်တော့၏။

## ဘုရားကိုတရပြီ

ထိုအခါ၌မထေရ်သည် မိမိအမှားကိုသိမြင်၍ ကြီးစွာသော ထိတ်လန့်တုန်လှုပ်ခြင်းသည် ဖြစ်လာ၏။ သတိသံဝေဂကိုဖြစ် စေလျက် တရားကိုရှုမြင်သုံးသပ်၍ တဏှာကျော့ကွင်းမှ ရုန်း ထွက်နေရရှာ၏။

မြတ်စွာဘုရားသည် လေးဆယ့်ငါးယူဇနာ ဝေးကွာသော ဇေတဝန်ကျောင်းတော်၌ ထိုင်နေတော်မူလျက်ပင် ဤဖြစ်အင် ကိုမြင်တော်မူ၍ ပြုံးတော်မူ၏။ ထိုအခါ အာနန္ဒာ မထေရ်က ပြုံးတော်မူခြင်းအကြောင်းကို မေးလျှောက်ရာ-

"ချစ်သားအာနန္ဒာ။ ရာဇဂြိုဟ်ပြည်၌ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်အပြင်ထက်၌ သုန္ဒရ သမုဒ္ဒ ရဟန်းနှင့် ပြည့်တန်ဆာမ တို့ သူနိုင်ငါနိုင် စစ်ပြိုင်နေခြင်းကို မြင်တော် မူသောကြောင့် ပြုံးတော်မူခြင်းဖြစ်၏"ဟုမိန့်တော်မူ၏။

"အရှင်မြတ်ဘုရား။ အဘယ်သူသည်နိုင်၍ အဘယ်သူသည် ရှုံးပါမည်နည်း"ဟုမေးလျှောက်၏။

"သုန္ဒရသမုဒ္ဒမထေရ်သာ အောင်နိုင်ခြင်း ဖြစ်လိမ့်မည်"ဟု မိန့်တော်မူပြီး ထိုနေရာ၌ ထိုင်နေသီတင်းသုံးတော်မူလျက်ပင် ရာဇဂြိုဟ်ပြည်၏ခုနစ်ဆင့်သော ဘုံပြာသာဒ် အပြင်တွင် ကိုယ်ရောင်တော်ကို ပြန့်နှံ့စေ၍

ချစ်သားရဟန်း။ ဝတ္ထုကိလေသာ နှစ်ဖြာသော ကာမဂုဏ်တို့ကို ပယ်ဖျောက်၍မတပ်မက်မငဲ့ကွက်ပဲစွန့်ပြစ်လေလော့" ဟုမိန့်တော်မူပြီး

**(၄၁၅) ယောဓ ကာမေ ပဟန္တွာန၊ အနာဂါရော ပရိဗ္ဗဇေ။**
**ကာမဘဝ ပရိက္ခီဏံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။**

(၄၁၅) ဤလောက၌ အကြင်ပုဂ္ဂိုလ်သည် ကာမတို့ကို ပယ်၍ အိမ်ယာမထောင်ပဲ ရဟန်းပြု၏။ ကုန်ပြီးသော ကာမ၊ ကုန်ပြီးသော ဘဝရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

ဟူ၍ ဟောကြားတော်မူသံကို ကြားနာရ၏။

## ဒေသနာတော်၏ အကျိုးအာနိသင်

ဒေသနာတော်၏ အဆုံး၌ သုန္ဒရသမုဒ္ဒမထေရ်သည် အရဟတ္တဖိုလ်သို့ရောက်၍တန်ခိုး၏အစွမ်းဖြင့်ကောင်းကင်သို့ကြွတက်ပြီးသော် ပြာသာဒ်အမိုးကို ဖေါက်ထွက်လျက် မြတ်စွာဘုရားကိုယ်တော်ကို ချီးမွမ်းထောပနာလျက် ကောင်းကင်ခရီးဖြင့်ပင် မြတ်စွာဘုရားထံ ရောက်ရှိကြည်လင်ညွတ်ကျိုး ရှိခိုး၏။

တရားသဘင်၌ ရဟန်းတို့က တအံ့တသြပင်"မြတ်စွာဘုရားသည် ရသာရုံကို ခံစားလိုသော သုန္ဒရသမုဒ္ဒမထေရ်၏ ဆောက်

တည်မှီခိုရာ ဖြစ်တော့သည်''ဟု ပြောဆိုကြ၏။ ထိုစကားကို မြတ်စွာဘုရား ကြားသိတော်မူလျှင် သုန္ဒရ သမုဒ္ဒမထေရ်သည် ယခုအခါ၌သာ ရသတဏှာစွဲမက်ရာမှ ကယ်တင်ခဲ့သည် မဟုတ်သေး၊ ရှေးကလည်းကယ်တင်ခဲ့ဘူးပြီဟုမိန့်ကြား၏။ရဟန်းတော်တို့ လျှောက်ကြားတောင်းပန်၍ အတိတ်ဇာတ်ကို ဟောကြားတော်မူ၏။

## နိကာရသမင်ပျို့ဝတ္ထု

ရှေးသရောအခါ ဗာရာဏသီပြည်၌ဗြဟ္မဒတ်မင်း၏ဥယျာဉ်မှူးသည် သဉ္စယအမည်ရှိ၏။ တနေ့တွင် သမင်ပျို့တကောင်သည် ဥယျာဉ်တော်သို့ရောက်လာ၏။ ဥယျာဉ်မှူးကိုမြင်သော်လျှင်စွာထွက်ပြေး၏။ ဥယျာဉ်မှူးက မခြောက်လှန့် နှင်မထုတ်သဖြင့် မကြာခဏလာ၍ ကျင်လည်ကျက်စား၏။ ဥယျာဉ်မှူးသည် မင်းကြီးအား သမင်ပျို့တကောင် ဥယျာဉ်သို့လာရောက်ကြောင်း လျှောက်ထားလျှင် ထိုသမင်ပျို့ကို ဖမ်းယူစေ၏။ ဥယျာဉ်မှူးက ပျားရည်များ တောင်းခံ၏။

## ရသတဏှာ

ဥယျာဉ်မှူးသည် သမင်ပျို့ကျက်စားရာအရပ်၌ မြက်ပင်တို့ကို ပျားရည်ဖြင့် ပက်ဖျန်း၍ထား၏။ သမင်ပျို့သည် ပျားရည်ဖြင့် လိမ်းကျံသောမြက်ကို စားရသဖြင့် အခြားအရပ်သို့ မသွားတော့ပဲ ရသတဏှာ စွဲလန်း၍ ဥယျာဉ်တော်သို့သာလာ၏၊ ဥယျာဉ်မှူးသည် သမင်ပျို့ကို ရင်းနှီးအောင်ပြုသဖြင့်အကျွမ်းဝင်ကြ၏။ နောက်တွင် ဥယျာဉ်မှူးက လက်ထဲ၌ပျားရည်လူးသော မြက်ကိုကျွေး၏။ သမင်ပျို့က လာစား၏။ ဤသို့ဖြင့် ပျားရည်လူးသောလက်ဖြင့်မြှား၍ နန်းတော်တွင်းသို့ ရောက်

အောင်ခေါ်သွား၏။ သမင်ပျို သည် ရသာတဏှာ၌ မက်မော၍ နန်းတော်တွင်းသို့ ရောက်၏။ တံခါးတို့ကို လုံခြုံစွာပိတ်ထားလိုက်၏။ သမင်ပျိုသည် သေရတော့မည်ဟု ကြောက်ရွံ့တုန်လှုပ်လျက် ထိုမှဤမှ လှည့်လည်ပြေးနေ၏။ မင်းကြီး မြင်တော်မူလျှင် ဘုရားလောင်းပညာရှိအမတ်ကို မေးတော်မူ၏။ "သမင်ပျိုတို့မည်သည် လူတို့မြင်သာသောအရပ်သို့ခုနစ်ရက်မျှပင်သွားလာခြင်း မရှိ။ တောချုံ ပိတ်ပေါင်းတွင်သာ နေလေ့ ရှိသော သမင်သည် ရသာ တဏှာကြောင့် နန်းတော်တွင်းသို့ရောက်ခဲ့ရှာ၏။ အကြောင်းအသို့နည်း"ဟု မေး၏။ ဘုရားလောင်းအမတ်က-

"အရှင်မင်းမြတ်။ လောက၌ အရသာ၌ တပ်မက်သော တဏှာအောက် ယုတ်မာသောအရာသည် စင်စစ် မရှိတော့ချေ။ အထူးသဖြင့်ယုတ်မာလှပေ၏။ ဤသမင်ပျို၏ အဖြစ်ကိုရှုတော်မူပါလော့" ဟုလျှောက်ထားပြီး သနားဖွယ်ရာ ကောင်းသော သမင်ပျိုကိုတောသို့သာလျှင်လွှတ်စေ၏။

ဤဝါတမိဂဇာတ်ကို ဟောပြတော်မူပြီး ဤသုန္ဒရ သမုဒ္ဒရဟန်းသည် ထိုအခါ၌ သမင်ပျို ဖြစ်ဖူးပြီ၊ ထိုသမင်ပျိုကို တောသို့ ပြန်လည် စေလွှတ် ပေးသော ပညာရှိအမတ်ကား ငါဘုရားသာတည်းဟု ဇာတ်တော်ကိုပေါင်းတော်မူ၏။

(မြာဟ္မဏဝဂ်ခုသုံးဆယ့်နှစ်ခုမြောက် သုန္ဒရ သမုဒ္ဒမထေရ်ဝတ္ထု ပြီး၏။)

❖ ❖ ❖

## ၃၃။ ဇင္ဂိလမထေရ်ဝတ္ထု

(ယောဓတက်ို) အစခံသော ဒေသနာတော်ကို ဝေဠုဝန်ကျောင်း၌ ဇင္ဂိလမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

(ဇင္ဂိလမထေရ်၏အကြောင်းသည် ဇောတိကသဌေးနှင့် မကင်းသဖြင့် အဋ္ဌကထာဆရာသည် ဇင္ဂိလမထေရ်၏ အကြောင်းကိုဖေါ်ပြရာ၌ ဇောတိကသဌေး၏ အကြောင်းကို ရှေးဦးစွာမိန့်ဟဖေါ်ပြတော်မူ၏။)

### ဝတ္ထုကြောင်းကား ဤသို့တည်း

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ သူကြွယ်ညီအစ်ကိုနှစ်ဦးတို့သည် ကြံခင်းကိုကြီးကျယ်စွာ စိုက်ပျိုးကြ၏။ တနေ့တွင်ညီသူကြွယ်သည် ကြံနှစ်ချောင်းဖြတ်၍ ထမ်းလာ၏။ တချောင်းကား အစ်ကိုအတွက် တချောင်းကား မိမိအတွက်ဟု ရည်ရွယ်၍ ကြံကိုအရည်မထွက်အောင် အရင်းတွင် အဝတ်စည်း၍ယူလာခဲ့၏။ ထိုခေတ်အခါက ကြံတို့သည်စက်ဖြင့်အရည်ညှစ်ရန်မလို၊ဖြတ်၍မြှောက်ထားရုံနှင့် ကြံရည်သည် အလိုလိုစီး၍ ကျ၏။

စေတနာကံ

လမ်းတွင် ပစ္စေကဗုဒ္ဓါကိုတွေ့၍ ကုန်းမြင့်တွင်ပုဆိုးခင်းပြီး သီတင်းသုံးပါရန်ပင့်လျှောက်ကာ သပိတ်တော်ကိုယူပြီး အရင်း

၌ စည်းနှောင်ထားသည်ကိုဖြေ၍ ကြံချောင်းကို သပိတ်ပေါ်သို့ ထောင်ထား၏။ ကြံရည်သည် သပိတ်ကိုပြည့်စေ၏။ ပစ္စေကဗုဒ္ဓါ အရှင်သည် ကြံရည်ကို သုံးဆောင်တော်မူသော် များစွာဝမ်း မြောက်၍နောက်ထပ်လှူလိုသောသဒ္ဓါပြင်းပြလာ၍ အစ်ကိုကြီး အတွက် ကြံကိုလှူမည်၊ မကြေနပ်၍ ကြံကိုလိုလျှင် ကြံဘိုးကို ပေးမည်။ ကုသိုလ်လိုလျှင် ကုသိုလ်အဖို့ကိုပေးမည်ဟု စဉ်းစား ၍ နောက်ကြံတချောင်းမှ အရည်ကိုကျစေပြီး ဆက်ကပ်၏။ ပစ္စေကဗုဒ္ဓါအရှင်သည် သပိတ်တော်ပြည့်မျှသော ကြံရည်ကို အခြားသော ပစ္စေကဗုဒ္ဓါအရှင်တို့နှင့်အတူတကွ ခွဲ၍ဘုဉ်းပေး သုံးဆောင်တော်မူလိုသဖြင့် ကြံရည်ကိုမသုံးဆောင်ပဲ ထိုင်နေ တော်မူ၏။ သူကြွယ်သည်ရိပ်မိ၍အရှင်မြတ်အား ငါးပါးသော ထိခြင်းဖြင့် ရှိခိုးပြီးနောက်-

"အရှင်ဘုရား၊ ဤမွန်မြတ်သော အရသာရှိသော ကြံရည်ကို ပေးလှူရသော ကောင်းမှုကုသိုလ်၏ အကျိုး ဆက် အာနိသင်ဖြင့် နတ်ပြည်လူ့ပြည်တို့၌ ဖြစ်သော စည်းစိမ်ချမ်းသာကို အစဉ်ပျော်ပါး စံစားသုံးဆောင်၍ နောင်အခါကာလ၌ အရှင်ဘုရားတို့သိမြင်သော တရား ကို သိမြင်၍ နိဗ္ဗာန်ထုတ်ချောက် ရောက်ရပါလို၏"ဟု ဆုတောင်း၏။

**အစ်ကိုကြီး၏ဆုတောင်း**

ပစ္စေကဗုဒ္ဓါအရှင်သည်"အသင်ဆုတောင်းတိုင်း ပြည့်စုံစေ သတည်း"ဟု အနုမောဒနာကို ပြုတော်မူ၍ ကြွသွားတော်မူပြီး "ထိုသူကြွယ်သည်မျက်ဝါးထင်ထင်တွေ့မြင်နိုင်စေ သတည်း"ဟု အဓိဋ္ဌာန်ပြု၍ ကောင်းကင်ခရီးမှ ဂန္ဓမာဒနတောင်သို့ရောက်လျှင်

အရှင်ပစ္စေကဗုဒ္ဓါငါးရာတို့အား ကြံရည်ကိုပေးလှူ၏။ သူကြွယ်သည် ဤသို့ထူးခြားသော တန်ခိုးပြာဋိဟာကိုမြင်၍ အစ်ကိုကြီးထံသွားရောက်ပြီးလျှင် အကြောင်းစုံကို ပြောကြားပြီးနောက်-

"အကျွန်ုပ်၏ကြံမှ ကြံရည်ကိုသောက်သုံးဘုဉ်းပေး၍ အစ်ကိုကြီးအတွက် ကြံမှုကြံရည်တို့ကို ပေးလှူရသောအခါ ကြံရည်သပိတ်ဖြင့်ကြွသွား၍ အရှင်ပစ္စေကဗုဒ္ဓါငါးရာတို့အား ပေးလှူခြင်းကိုဖူးတွေ့ရပါ၏။ အစ်ကိုသည် ကြံကိုလိုသော် ကြံဖိုးကိုပေးပါအံ့။ ကုသိုလ်ကိုလိုသော် ကုသိုလ်ကိုယူပါ"ဟု ပြောကြားသော် အစ်ကိုကြီးသည် အလွန် နှစ်သက်သောပီတိ ဝမ်းမြောက်သောစိတ်ဖြင့်-

"ထိုကောင်းမှုကြောင့် ငါသည် ပစ္စေကဗုဒ္ဓါအရှင်တို့ သိမြင်အပ်သော တရားကိုသာလျှင် ရရှိသိမြင်ရပါလို၏"ဟု တမျိုးတည်းသောဆုကိုသာတောင်း၏။

ညီငယ်ကား သုံးပါးကုန်သော စည်း စိမ် ချမ်းသာ တို့ကို ဆုတောင်းခဲ့သည်ဖြစ်၏။

## ဝိပဿီဘုရားလက်ထက်

ထိုသူကြွယ်နှစ်ဦးသည် နတ် ပြည် ၌ဖြစ် ၍ ဝိပဿီဘုရား ပွင့်တော်မူလျှင်နတ်ပြည်မှစုတေ သည်ရှိသော်ညီအစ်ကိုနှစ်ဦးပင် ဖြစ်ကြပြီး အစ်ကိုကြီးမှာသေနအမည်ရှိ၍ ညီငယ်မှာအပရာဇိတအမည်ရှိ၏။ အရွယ်ရောက်သော် ပစ္စည်းဥစ္စာ ချမ်းသာတိုးပွားကြ၏။

တနေ့တွင် ဓမ္မဃောသက ယောကျ်ားက ကြွေးကြော်၏။

"လောက၌ ဘုရားရတနာသည် ဖြစ်ပေါ်လာသည်၊ တရား ရတနာသည် ဖြစ်ပေါ်လာသည်၊ သံဃာတော်ဟူသော ရတနာသည် ဖြစ်ပေါ်လာသည်။ မြတ်နိုးကော်ရော် ပူဇော်ကြကုန်လော့။ ကုသိုလ်ကောင်းမှုတို့ကိုပြုလုပ်ကြကုန်လော့၊ ယနေ့ကား ဥပုသ်နေ့ဖြစ်သည်၊ ဥပုသ်စောင့်ကြကုန်လော့၊တရားတော်ကို ကြားနာကြကုန်လော့"ဟု ရှစ်ရက်ဥပုသ်နေ့တိုင်း ကြွေးကြော်၏။

ထိုကြွေးကြော်သံကိုကြား၍ နံနက်တွင်အလှူပေး၊ ညချမ်းတွင် တရားနာသွားကြသောသူတို့ကိုတွေ့မြင်၍ သေနသူကြွယ်သည် တရားတော်ကိုနာကြားရန် လိုက်ပါသွား၏။ ထိုနောက် သဒ္ဓါတရားတက်ကြွ၍ ရဟန်းပြုရန်ဘောင်းပန်၏။ မြတ်စွာဘုရားက "ခွင့်တောင်းထိုက်သူကို ခွင့်တောင်းပြီးမှ လာခဲ့ပေလော့"ဟု မိန့်တော်မူ၏။

အစ်ကိုကြီးဖြစ်သော သေနသူကြွယ်သည် ညီငယ်ထံပြန်သွားပြီး ဥစ္စာပစ္စည်းအလုံးစုံကို ညီငယ်အားလွှဲပေး၍ ရဟန်းပြုမည်ဟု ပြောဆို၏။ ညီငယ်ကတောင်းပန်၏။ "ငါ့ကိုခွင့်ပြုလော့" ဟုပြောဆိုပြီး မြတ်စွာဘုရားထံ ရဟန်းပြု၍ မကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ရောက်လေ၏။

## သုံးပါးဆုတောင်းသည့်ညီ

ညီငယ်အပယောဇိတသူကြွယ်လည်း အစ်ကိုရဟန်းပြု၍ ခုနစ်ရက်ပတ်လုံး အလှူကြီးကိုပေး၏။ထိုနောက်နောင်တော်မထေရ်ကို ရှိခိုးပြီး "အရှင်ဘုရား၊ အရှင်ဘုရားက ဘဝလွတ်မြောက်ရာကို ပြုနိုင်ပေပြီ၊ အကျွန်ုပ်ကား ကာမဂုဏ်တို့ ဖွဲ့ချီထား၍

ရဟန်းပြုခြင်းငှာမစွမ်းနိုင်ပါ၊ နေ့အိမ်၌နေလျက် ကြီးမြတ်သော ကုသိုလ်ပြုနိုင်ရန် မိန့်ကြားတော်မူပါ''ဟုလျှောက်၏။

ထိုအခါမထေရ်က ''အို-ပညာရှိကောင်းပေစွ၊ ကောင်းပေစွ မြတ်စွာဘုရား သီတင်းသုံးရန် ဂန္ဓကုဋိကို ပြုလုပ်လေလော့''ဟု မိန့်ဆိုတော်မူ၏။ ညီငယ်အပရာဇိတသူကြွယ်လည်း ခမ်းနားကြီးကျယ်သော ဂန္ဓကုဋိကိုဆောက်လုပ်လှူဒါန်း၏။

## တူမောင် အပရာဇိတ

ထိုသူကြွယ်တွင် အပရာဇိတဟူသော တူတယောက် ရှိ၏။ ထိုတူက ကျောင်းဆောက်ရာတွင် ပါဝင်လှူဒါန်းပါရစေဟုဆို၏။ သူကြွယ်က ''ငါတဦးတည်းသာ ဆောက်မည်''ဟုဆို၏။ အကြိမ်ကြိမ်တောင်းပန်သော်သည်း ထည့်ခွင့်မရသောကြောင့် ဂန္ဓကုဋိရှေ့မှ ဆင်ဝင်ဇရပ်ကို ရတနာခုနစ်ပါးတို့ဖြင့် တခဲနက် ဆောက်၏။ ထိုတူငယ်ဖြစ်သော သူကြွယ်သည် ဤ ဂေါတမ မြတ်စွာဘုရားလက်ထက်၌ မေဏ္ဍကသဌေးကြီးဖြစ်လာ၏။

## ရတနာဖြင့်ပြည့်သော ဂန္ဓကုဋိ

အပရာဇိတ ကျောင်းတော်ကြီးကား ရတနာတို့ဖြင့် တခဲနက် ပြည့်မျှ ဆောက်ထား၏။ သူကြွယ်သည် ကျောင်းပရိဝုဏ်အပြည့်မျှ ဒူးဆစ်မြုပ်ရုံမျှ ရတနာခုနစ်ပါးတို့ ကြဲဖြန့်ထား၏။ ဆောက်လုပ်ပြီးစီး၍ နောင်တော်အား မြတ်စွာဘုရားကို ပင့်ပေးပါရန် လျှောက်ထား၏။ မြတ်စွာဘုရားကြွလာရာ ဂန္ဓကုဋိသို့ မဝင်ပဲ တံခါးမုခ်၌သာလျှင် ရပ်နေတော်မူ၍ ကြွဝင်တော်မူပါရန်

သုံးကြိမ်တိုင်လျှောက်ထား၏။ ဘုရားရှင်သည် သုံးကြိမ်မြောက်၌ သူကြွယ်၏နှောင်တော်မထေရ်ကို စောင်း၍ ကြည့်ရှုတော်မူ၏။

ထိုအခါမထေရ်က ညီငယ်ဖြစ်သောသူကြွယ်ကို-

"အမောင်ဒါယကာ။ လာလှည့်လော့၊ ကျွန်ုပ်၏ အစောင့်အရှောက်သာလျှင်ဖြစ်ပါမည်၊ အရှင်ဘုရားတို့သည်ချမ်းသာစွာ သီတင်း သုံးတော်မူပါ"ဟု လျှောက်လော့ဟု သင်ပြ၏။ နှောင်တော်မထေရ်သင်ပြသည့်အတိုင်း သူကြွယ်သည် မြတ်စွာဘုရားကို လျှောက်ထား၏။

"အရှင်မြတ်ဘုရား။ ခရီးသွားသူသည် သစ်ပင်ရင်း၌ ဝင်၍ နေပြီး ငဲ့ကွက်စရာမရှိပဲထသွားကုန်သကဲ့သို့၊ မြစ်ကိုကူးသောသူသည် မြစ်ကိုကူးပြီး ဖေါင်ကို ငဲ့ကွက်စရာမရှိပဲ စွန့်ခွာသွားသကဲ့သို့၊ ငဲ့ကွက်ခြင်း မရှိပဲသာလျှင် သီတင်းသုံးတော်မူပါ"ဟု လျှောက်ထား၏။ ထိုအခါမှ ဘုရားသခင်သည် ကြွဝင်တော်မူ၏။

[ အဌကထာဆရာမြတ်ကမြတ်စွာဘုရားဂန္ဓကုဋိသို့ အစဉ်အတိုင်း ကြွဝင်တော်မမူပဲ ရပ်နေတော်မူသည့်အကြောင်းကို ဤသို့ မိန့်တော်မူ၏။ မြတ်စွာဘုရား၏စိတ်အကြံတော်တွင် နံနက်အခါ ညနေချမ်းအခါ ဘုရားရှင်ထံ များစွာသောသူတို့လာရောက်ကြသည်။ ထိုသူတို့သည် ရတနာများကိုယူ၍သွားကြသော် တားမြစ်ခြင်းငှာ မတတ်ကောင်းချေ။ ပရိစုဏ်တွင်း၌ ခင်းထားသော ဤရတနာတို့ကို ဘုရားရှင်၏ ဒါယကာ ဒါယိကာမတို့ယူဆောင်သွားသည်ကို မဟားမြစ်ကောင်းလားဟု သူကြွယ်သည် ဘုရားအပေါ်၌ အာဃာတထားမိသည်ရှိသော်အပါယ်ဘုံသို့ကျရောက်မည်ဟု စိတ်အကြံတော် ဖြစ်သောကြောင့် ရပ်တန့်တော်မူခြင်း ဖြစ်၏ဟု မိန့်တော်မူ၏။

သူကြွယ်သည် ကျောင်းပရိဝုဏ်တွင် အစောင့်အရှောက်များ ချထား၏။ အစောင့် အရှောက် များအား မှာကြားထားသည်မှာ ဤရတနာတို့ကို တောင်းနှင့်အိပ်နှင့်ယူမှ တားမြစ်ကြကုန်။ လက်တဆုပ်စာ၊ လက်နှစ်ဆုပ်စာ ကောက်ယူ သွားကြလျှင် မတားမြစ်ကုန်ကြလင့်ဟုမှာကြားထား၏။ ဤစကားအတိုင်းပင် မြို့သို့လှည့်၍ပြောကြားစေ၏။ (ဘုရားသခင်ထံ မလာရောက်ဖူးသူများ လိုချင်၍လာကြယင်း တရားတော်ကိုကြားနာရ၍ ဘဝဆင်းရဲမှ လွတ်မြောက်စေလိုသော စေတနာကြောင့် မြို့တွင်း၌ ပြောကြားစေခြင်းဖြစ်၏ဟု အဋ္ဌကထာဆရာမြတ်က မှတ်ချက်ပြု၏။)

လူအပေါင်းတို့သည် ကျောင်း တော် သို့ လာရောက် ယင်း တရားလည်းနာရ၍ ရတနာတို့ကိုလည်း တဆုပ်စီယူသွားကြ၏။ သူကြွယ်သည် သုံးကြိမ်တိုင်အောင် သလုံးမြင်းခေါင်း၊ ဒူးဆစ်အထိ ရတနာတို့ကို တပ်မံကြဲဖြန့်စေပြန်၏။ စေတနာ တစက်မကွက်ပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၏။

## လောဘကြီးသောပုဏ္ဏား

မြတ်စွာဘုရား၏ ခြေတော်ရင်း၌ သခွားသီးခန့်မျှ ရှိသော အဖိုး အတိုင်းမသိ ထိုက်တန်သော ပတ္တမြားရတနာကို ထား၏။ အပရာဇိတ သူကြွယ်သည် မြတ်စွာဘုရား၏ကိုယ်မှ ထွက်သော ရွှေအဆင်းကဲ့သို့ရောင်တော်ကို ဤပတ္တမြားအရောင်ဖြင့် ညီညွတ်စေ၍ ဖူးမြင်ရသူတိုင်းအား မရောင့်ရဲနိုင်အောင် ကြံဆောင်ထားခြင်းဖြစ်၏။ တနေ့တွင် မိစ္ဆာဒိဋ္ဌိပုဏ္ဏားတယောက်သည် မြတ်စွာဘုရားခြေတော်ရင်းမှ ပတ္တမြားရတနာကို ခိုးယူရန် လာ၏။

ပရိသတ်ကြားမှ ဝပ်တွား၍ဝင်သွား၏။ သူကြွယ်က ခိုးယူရန် သွားသည်ကိုရိပ်မိ၏။(မခိုးယူပါစေနှင့်)ဟု စိတ်ထဲမှ ဆုတောင်း၏။ ပုဏ္ဏားသည် မြတ်စွာဘုရားကိုရှိခိုးဟန်ပြု၍ ခြေတော်ရင်းမှ ပတ္တမြားလုံးကြီးကို အောက်ပိုးကျိုက်ပုဆိုးအတွင်း သွင်းညှပ်၍ ယူသွား၏။ သူကြွယ်သည် ထိုပုဏ္ဏား၌စိတ်ကို ကြည်လင်စေခြင်းငှာ မစွမ်းနိုင်အောင်ဖြစ်၏။

## သူတပါးမယူနိုင်အောင်

မြတ်စွာဘုရား တရားဟောအပြီး၌ သူကြွယ်သည် မြတ်စွာဘုရားသို့ချဉ်းကပ်၍ "တပည့်တော်သည် သုံးကြိမ် တိုင်တိုင် ဒူးဆစ်မြင်းခေါင်းအထိ ရတနာခုနစ်ပါးတို့ကို ကြဲဖြန့်ခင်းထားခဲ့ပါ၏။ ကောက်ယူသွားသော သူတို့အား တပည့်တော်စိတ်၌ သဒ္ဓါတိုးပွားကာ ကြည်လင်သည်သာဖြစ်ပါ၏။ ယနေ့ပတ္တမြား ယူသွားသော ပုဏ္ဏားအား စိတ်မကြည်လင်ပါ၊ (မယူနိုင်လျှင် ကောင်းလေစွ)ဟု တောင့်တမိပါသည်"ဟု လျှောက်ထား၏။

မြတ်စွာဘုရားက "ဒါယကာ။ ။မိမိ၏ ပစ္စည်းဥစ္စာကို သူတပါးတို့ မယူဆောင်နိုင်ခြင်းကို ပြုခြင်းငှာ တတ်နိုင်သည် မဟုတ်လော"ဟု မေး၏။

သူကြွယ်သည် မြတ်စွာဘုရားပေးအပ်သော နည်း၌တည်၍ မြတ်စွာဘုရားကို ရှိခိုး၍-

"ယနေ့မှအစပြု၍ ဘုရားတပည့်တော်၏ ဥစ္စာပစ္စည်းတို့ကို မိစ္ဆာချည်မျှင်မျှကိုလည်း မင်းတို့သည်လည်းကောင်း၊ ခိုးသူတို့သည်လည်းကောင်း၊ ယူခြင်းငှာ မစွမ်းနိုင်ပါစေသတည်း။ တပည့်တော်၏ ပစ္စည်းဥစ္စာများကို မီးသည်လည်း မလောင်မြိုက်

ပါစေသတည်း။ ရေသည်လည်းမလွှမ်းမိုး၊ မမျှောချ နိုင်ပါစေသတည်း''ဟု ဆုတောင်းပတ္တနာပြု၏။

မြတ်စွာဘုရားသည် ထိုသူကြွယ်အား ''ဤသို့ ဒါယကာ တောင်းသည့်အတိုင်း ပြည့်စေလော့''ဟု အနုမောဒနာပြုလေ၏ သူကြွယ်သည် ဂန္ဓာကုဋိကျောင်း ပူဇော်ပွဲကို ခြောက်သန်း ရှစ်သိန်းရှိသော ရဟန်းတော်တို့အား ကိုးလပတ်လုံး အလှူကြီး ကိုပေးပြီး နောက်ဆုံးနေ့၌ ရဟန်းတော် အားလုံးတို့အား သုံးထည်သော သင်္ကန်းကိုပေးလှူ၏။ ဝါအငယ်ဆုံးဖြစ်သော သံဃာတော်၏ သင်္ကန်းလျာသည်ပင် အဖိုးတသိန်းထိုက်၏။

နောင်တော်ဖြစ်သော သေနမထေရ်သည် ပရိနိဗ္ဗာန်စံဝင် တော်မူ၏။

## ဇောတိကသဌေးဘဝ

ထိုအပရာဇိတ သူကြွယ်သည် နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်၍ ဂေါတမဘုရား လက်ထက်တော်အခါ ရာဇဂြိုဟ်ပြည်၏ သဌေးတဦး၌ ပဋိသန္ဓေ တည်နေ၏။

ထိုသူငယ်မွေးဖွားသောနေ့တွင် တမြို့လုံးရှိ လက်နက်တို့သည် အလျှံပြောင်ပြောင် တောက်ကုန်၏။ လူတိုင်း လူတိုင်း ကိုယ်၌ ဝတ်ဆင်ထားသော တန်ဆာတို့သည် အလျှံ ပြောင်ပြောင် အရောင်ထွက်ကြသည် ရာဇဂြိုဟ်တမြို့လုံး ထွန်းလင်း၏။

''သူဌေးကြီးပြည့်ရှင်မင်းထံနံနက်စောစော၌အခစားဝင်၏။ ပြည့်ရှင်မင်းက ယနေ့ လက်နက်တို့သည် အလျှံတောက်ကုန်၏။ မြို့သည် တပြိုင်နက်သော အလင်းရောင်ဖြစ်၏။ ဤသို့ ဖြစ်ရာ၌ အကြောင်းကို သိပါ၏လော'' ဟု မေးတော်မူ၏။

သဌေးကြီးက "သိပါ၏။ ယနေ့ အကျွန်ုပ်၏အိမ်၌ သူငယ် ဖွားမြင်ပါသည်၊ ထိုသူငယ်၏ အာနုဘော်ကြောင့် သာလျှင် ဖြစ်ပါ၏"

ဘုရင်မင်းမြတ်က "မည်သို့ပေနည်း။ ထိုသူငယ်သည် ခိုးသူ လူဆိုး ဖြစ်မည်လော"

"အရှင်မင်းမြတ်။ ထိုသူငယ်သည် ကောင်းမှုကို ပြုခဲ့သော ဆုတောင်းပတ္တနာရှိသောသူငယ်ဖြစ်ပါသည်"ဟု တင်လျှောက် လျှင် ပြည့်ရှင်မင်းသည် ဝမ်းမြောက်၍ သူငယ်၏နို့ဖိုးအတွက် နေ့တိုင်းနေ့တိုင်း အသပြာတထောင်ကို ဆုလာဘ်တော်အဖြစ် ချီးမြှင့်လေ၏။

ထိုသူငယ်ကို အမည် မှည့်အံ့သောနေ့၌ တမြို့လုံးတပြိုင်နက် အလင်းရောင် ထွန်းပြောင်တောက်ပသောကြောင့် (ဇောတိက) ဟု မှည့်ကြ၏။

## ရှေးဘုန်းရှေးကံ

သူငယ်အရွယ်ရောက်၍ သူငယ်အတွက် နေအိမ်ကိုဆောက်ရန် မြေကိုရှင်းလင်းကြလျှင် သိကြားမင်းမနေသာ၍ "ဤမြေသည် ဇောတိကအတွက် မသင့်လျော်သေးချေ"ဟု လက်သမား ယောင်ဆောင်ပြီးထိုသူတို့အား ဤအရပ်သည်ဇောတိကအတွက် နေလောက်မည်မဟုတ်ဟု တဆယ့်ခြောက်မင်း ပယ်ကျယ်ပြန့် သောမြေအရပ်ကို ညွှန်ပြ၏။ သိကြားမင်း ညွှန်ပြရာမြေသည် သန့်ပြန့်ညီညွတ်၏။ သိကြားမင်း၏အကူအညီဖြင့် ထိုမြေနေရာမှ မြေကြီးကို ဖောက်ခွဲ၍ ရတနာ ခုနစ်ပါးဖြင့် အတိပြီးသော ဘုံ ခုနစ်ဆင့်ရှိသော ပြာသာဒ်ကြီး တံငိုင်းခုနစ်ထပ်ဝန်းရံ၍ ပေါ်

ပေါက်စေ၏။ တံတိုင်းတို့၏ အဆုံးစွန်အဆုံးစွန်၌ ပဒေသာပင်တို့သည် ထွက်ပေါက်ကုန်၏။

ပြာသာဒ်၏ ထောင့်လေးခု၌ ရွှေအိုးကြီးလေးလုံးနှင့် ထောင့်လေးခု၌ ထန်းပင်ပျိုလုံး ပမာဏရှိသော ကြံချောင်းတို့ ပေါက်ကုန်၏။ ကြံချောင်းတို့သည် ပတ္တမြားဖြင့်ပြီး၍ အရွက်တို့သည် ရွှေစင်အတိသာ ဖြစ်ကုန်၏။

ခုနစ်ထပ်သောတံတိုင်း၏ တံခါးမုခ်တို့၌ ဘီလူးခုနစ်ဦးတို့ စောင့်ရှောက်ကြ၏။

## မြောက်ကျွန်းသူ

ဗိမ္ဗိသာရမင်းကြီးသည် သဌေးတို့ အဆောင်အရွက်ဖြစ်သော ထီးကို ပေးပို့စေလွှတ်ခြင်းဖြင့် ထိုနေ့မှစ၍ ဇောတိကလုလင်သည် ဇောတိကသဌေး ဖြစ်၏။

ဇောတိကသဌေးနှင့် ဘဝစဉ်ဆက် ဒါန အတူ ပြုခဲ့သော ခင်ပွန်းမိန်းမသည် ဥတ္တရကုရုမြောက်ကျွန်း၌ဖြစ်၍ နတ်တို့သည် မြောက်ကျွန်းသူကို ယူဆောင်၍ ပြာသာဒ်ထက်၌ နေစေ၏။ ထိုမြောက်ကျွန်းသူနှင့်အတူ တကွမ်းစားသောဆန်နှင့် ဇောတိပါသာဏမည်သော ပတ္တမြားကျောက် ဖိုခနောက် သုံးလုံးကိုလည်း ယူဆောင်ခဲ့၏။ မြောက်ကျွန်းသူ၏ တကွမ်းစားဆန်ဖြင့် ပတ္တမြားဖိုခနောက်ပေါ်တင်၍ ချက်လျှင် တင်ကာမျှဖြင့် အလျှံတောက်၍ ထမင်းကျက်လျှင် အလျှံအလိုအလျောက် ငြိမ်း၏။ ဟင်းချက်ရာ၌ ထိုနည်းအတိုင်းပင်တည်း။

ပြာသာဒ်တခုလုံး ပတ္တမြားအလင်းရောင်ဖြင့် နေကြကုန်၏။ မီးအရောင် ဆီမီးအရောင်ကို မသိကြ။

ဇောတိကာ၏စည်းစိမ်ချမ်းသာသည် ဇမ္ဗူဒိပ်ကျွန်း၌ ကျော်ကြား၍ လူများစွာတို့ ယာဉ်များနှင့်လာ၍ ကြည့်ကြ၏။ လာတိုင်း လာတိုင်းသော သူတို့အား မြောက်ကျွန်းမှ တကွမ်းစားဆန်ဖြင့် ထမင်းကို ချက်၍ကျွေး၏။ ကျွေး၍မကုန်နိုင်။ ပဒေသာပင်တို့မှ အဝတ်နှင့် အဆင်တန်ဆာတို့ကို ယူလော့၊ ရွှေအိုးကြီးတို့မှ မျလောက်ရုံယူလော့ဟု စေခိုင်း၏။ လာသမျှ ယူကြသော်သည်း ရွှေအိုးကြီး၌ လက်တလုံးမျှလောက်ပင် မယုတ်လျော့၊ ဤကား ရှေးကုသိုလ်၏အကျိုးဆက်တည်း။

## ဗိမ္ဗိသာရမင်းကြီးလာရောက်ခြင်း

ဤမျှသတင်းကြီး၍ လူအပေါင်းတို့ အုံးအုံးသဲသဲ လာရောက် ကြည့်ရှုနေကြ၍ ဗိမ္ဗိသာရမင်းကြီးသည် ကြည့်ရှုခွင့်မရပေ၊ ကာလအတန်ကြာ၍ ပရိသတ်စဲမှ လာရောက်ကြည့်ရှု၏။ ဗိမ္ဗိသာရမင်းကြီးအား ဇောတိကနှင့် ဥတ္တရကုရုမြောက်ကျွန်းသူတို့ ပြုစုကျွေးမွေးခြင်းကား အံ့မခန်းဖြစ်တော့၏။

## ဇဋိလသဌေးကြီးဝတ္ထု

ဝိပဿိဘုရားသက်ထက် ဇောတိကအလောင်း အပရာဇိတ သူကြွယ်ကျောင်းအလှူတော်ကြီးတွင် ပါဝင်မရ၍ ဆင်ဝင်ဇရပ် လှူဒါန်းသော တူဖြစ်သူ အပရာဇိတသည်ကား-

ဗာရာဏသီပြည်မှ သဌေးသမီးတယောက်သည် လွန်အဆင်း လှ၏။ တဆယ် ငါးနှစ်ခြောက်နှစ်အရွယ်ရောက်သောအခါ မိဘတို့က လုံခြုံစွာစောင့်ရှောက်ရန် အခြွေအရံကျွန်မတယောက်နှင့် ဘုံခုနစ်ဆင့်ပြာသာဒ်၌ ထား၏။ တနေ့တွင် သဌေးသမီးသည် ဘုံခုနစ်ဆင့်မှပြတင်းကိုဖွင့်လှစ်အပြင်သို့ထွက်ကြည့်ခိုက် ကောင်း

ကင်ခရီးဖြင့်လာသော ဝိဇ္ဇာဓိုရ်တယောက်က တွေ့မြင်၍ ချစ်ခင်နှစ်သက်သဖြင့် ထိုပြတင်းမှဝင်၍ သဒ္ဓေးသမီးနှင့် ချစ်ကျွမ်းဝင်ကြ၏။ မကြာမြင့်မီပင် သဒ္ဓေးသမီး၌ ကိုယ်ဝန်ရ၏။ အဖော်ကျွန်မကမြင်၍ မေးလျှင် မည်သူမှ မသိပါစေနှင့်ဟု တား၏။ မိမိမစောင့်ရှောက် နိုင်မှုကြောင့် အပြစ်ဖြစ်မည်ကို ကြောက်၍ ဆိတ်ဆိတ် နေ၏။ အချိန်ကျရောက်လျှင် သားငယ်တယောက် ဖွားမြင်၏။အိုးသစ်တွင် ထိုသူငယ်ကိုထည့်ပြီး ဂင်္ဂါမြစ်၌ မျှောစေ၏။

မြစ်၏ အောက်ဖက်တွင် ရေချိုးနေသော မိန်းမနှစ်ယောက်သည် မျှောလာသောအိုးကိုမြင်ကြ၍ တယောက်က "ထိုအိုးသည် ငါ့အိုး"ဟု ဆို၏။တယောက်က "အိုးတွင်းမှပစ္စည်းသည် ငါ့ပစ္စည်း"ဟု ဆို၏။ အိုးကို ဆယ်ယူ၍ ကြည့်ကြလျှင် ချစ်ဖွယ်ကလေးကိုလိုချင်၍ အငြင်းပွားကြ၏။ ခုံရုံးအဆင့်ဆင့်သို့ရောက်ပြီး ဆုံးဖြတ်ခြင်းကို မကြေနပ်၍ ပြည့်ရှင်မင်းထံ ရောက်၏။ ပြည့်ရှင်မင်းက "အိုးကို သတ်မှတ်သူသည်အိုးကိုယူလော့၊အတွင်းပစ္စည်းကို သတ်မှတ်သူသည် သူငယ်ကိုယူလော့"ဟု ပေး၏။

ထိုသူငယ်၏ ဆံပင်တို့သည် ထုံးဖွဲ့ကျစ်မာ၍ (ဇဋိလ) ဟု အမည်ပေး၏။

## ရှင်မဟာကစ္စည်းထံအပ်ခြင်း

ကလေးကို ရသောမိန်းမသည် ရှင်မဟာကစ္စည်းမထေရ်၏ ဥပါသိကာမတည်း။ ဆွမ်းခံကြွစဉ် ထိုအိမ်၌ ထိုသူငယ်ကိုမြင်လျှင် မေးမြန်းတော်မူ၏။ ဥပါသိကာမက "ဤသူငယ်ကို အရှင်ဘုရားတို့ထံ ရဟန်းပြုရန် ရည်ရွယ်၍ မွေးမြူပါသည်" ဟု လျှောက်၏။

ရှင်မဟာကစ္စည်းသည် "ဤသူငယ်ကား လူတို့၏ စည်းစိမ်ချမ်းသာခံစားရန် ရေးကောင်းမှုကံ ရှိသလော"ဟု ကြည့်ရှုတော်မူသော် "ဤသူငယ်သည် ကြီးကျယ်သော စည်းစိမ်ချမ်းသာကို အစဉ်ခံစားရမည်"ဟု မြင်တော်မူသောကြောင့် ဉာဏ်ပညာ ရင့်ကျက်ခြင်းသို့ မရောက်သေး၍ ဇဋိလကို ခေါ်ယူပြီး တက္ကသိုလ်ပြည်၌ တပည့်ဥပါသကာ တဦးထံအပ်၏။ "ဤသူငယ်သည် ရဟန်းပြုရန် ဖြစ်၏။ ငယ်လှသေး၍ အသင် ဥပါသကာ စောင့်ရှောက် မွေးမြူလော့"ဟု အပ်နှံ၏။ ကောင်းလှပါပြီဟု ဝန်ခံပြီး သားအရာ၌ ထား၏။

ရေးဘဝကံစွမ်း

ထိုအိမ်၌ ဆယ့်နှစ်နှစ်ပတ်လုံးရောင်းနိုင်လောက်သော ကုန်ပစ္စည်းတို့ရှိ၏။အိမ်၌ ဆိုင်တည်ခင်း၍ ထား၏။ ဥပါသကာ ခရီးထွက်စရာရှိ၍ ဇဋိလအား ရောင်းစရာပစ္စည်းတို့ တန်ရာတန်ဖိုး ပြောဆိုမှာထား၍ အိမ်ဆိုင်၌ ဈေးရောင်းစေပြီး ခရီးထွက်သွား၏။ဇဋိလဈေးရောင်းလျှင် မြို့စောင့်နတ်တို့သည် ဈေးဝယ်လိုသူတို့အား ထိုအိမ်သို့သာ သွားစေ၏။ တဆယ့်နှစ်နှစ်စာရောင်း၍ မကုန်နိုင်သောကုန်ပစ္စည်းတို့သည် တနေ့ချင်းပင် ကုန်သွား၏။

ဥပါသကာ အိမ်ပြန်လာလျှင် ကုန်ပစ္စည်းတို့မတွေ့၍ မေးမြန်း၏။ ဇဋိလကရောင်းချရသော ပစ္စည်းအမျိုးအမည်နှင့်တကွ တန်ဘိုးတို့ကို ပေးအပ်၏။ဥပါသကာသူကြွယ်သည် ဝမ်းမြောက်အံ့သြလှ၍ ဇဋိလ၏ အစွမ်းအစကို နှစ်သက်သဖြင့် သမီးနှင့်ပေးစား၍ အိမ်ခွဲ၍ဆောက်စေပြီး အိုးအိမ်သစ်၌ ထား၏။ ဇဋိလ ထိုအိမ်သစ်သို့ တက်၍ လှေကားခုံကို နင်းမိကာမျှနှင့် အိမ်အနောက်ဖက်တွင် ရွှေတောင်ကြီး ပေါ်ပေါက်လာ၏။

ထိုရွှေတောင် ပေါက်ကြောင်း ပြည့်ရှင်မင်း ကြားသိ၍ အဆောင် အယောင်နှင့် တကွ ဇဋိလသဌေးကြီးအဖြစ် ပေး သနား၏။

## ငါနှင့်တူတဲ့ချမ်းသာသူ

ဇဋိလသဌေးသည် သားသုံးယောက်ရရှိ၏။ သားတို့ အရွယ် ရောက်လျှင် ရဟန်းပြုရန် စိတ်ကူး၏။ "ငါနှင့် တူမျှသော ချမ်း သာသည့်သဌေးသည် ဤဇမ္ဗူဒိပ်ကျွန်း၌ရှိလျှင် ငါသည်ရဟန်း ပြုအံ့၊ ငါနှင့်တန်းတူသော သဌေးမရှိလျှင် ရဟန်းမပြုသေး"ဟု စိတ်ကူးပြီး တမန် ယောကျ်ားတို့အား ရွှေစင်အုတ်ကိုလည်း ကောင်း၊ ရွှေစင်နှင်တံကိုလည်းကောင်း၊ ရွှေစင်ခြေနင်းကိုလည်း ကောင်း ပေးအပ်၍ "ဇမ္ဗူဒိပ်ကျွန်း၌ ငါကဲ့သို့ ချမ်းသာသော သဌေး ရှိမရှိ လှည့်လည်ကြည့်ရှုလော့"ဟု ပြောဆိုစေလွှတ်၏။ ထိုသူတို့သည် ဘဒ္ဒိယမြို့ရောက်၍ မေဏ္ဍကသဌေးအိမ်ရောက်၏။ သဌေးကြီး၏ ရွှေစင်အတိပြီးသော ဆိတ်ရုပ်တို့ကိုတွေ့မြင်၍ ပြန် သွားကြပြီး ဇဋိလသသူဌေးအား "အရှင်၏ စည်းစိမ်ချမ်းသာ သည် မပြောပလောက်ပါ၊ မေဏ္ဍကသဌေး၏ စည်းစိမ်ချမ်းသာ သည် ဤ၍ ဤမျှ ရှိပါသည်"ဟု ပြောပြ၏။ ဇဋိလသဌေးသည် ဝမ်းမြောက်ဝမ်းသာဖြစ်၏။

## ဇောတိကသဌေးထံရောက်ပြန်ခြင်း

အခြား ရှိသေးသလောဟု သိလိုပြန်၍ အသပြာတသိန်း ထိုက်သောကမ္ဗလာကိုပေး၍ စေလွှတ်ပြန်၏။ ထိုသူတို့ ရာဇဂြိုဟ် မြို့သို့ရောက်၍ ဇောတိကသဌေး သတင်းကို ကြားသိရ၏။

ဟုတ်မဟုတ် စုံစမ်းရန်နေအိမ်အနီးတွင်ထင်းတို့ကိုမီးဖို့၍ထား၏။ ဇောတိကသဌေး တွေ့မြင်၍ မေးမြန်းရာ ''ဤအသပြာတသိန်း ထိုက်သောကမ္ဗလာကို ဝယ်ယူမည့်သူမရှိ၊ သူခိုးတို့ရန်ကြောက်၍ မီးရှို့ရန် စီစဉ်ကြပါသည်''ဟု ပြောလျှင် ဇောတိကသဌေးက အသပြာဘသိန်းကို ပေးစေ၍ ရောင်းချသောသူတို့ကိုပင် ''ရွှေ့တံခါးဝ၌ အမှိုက်လှည်းပြီးသွန်ရသော ကျွန်မကို ပေးလိုက်ပါ'' ဟု ပြော၏။

ထိုကျွန်မသည် ကမ္ဗလာကိုကိုင်၍ ငိုကြွေးပြီး သဌေးထံလာ၍ ''အရှင် ကျွန်တော်မမှာ အပြစ်ရှိလျှင် ရိုက်၍ဆုံးမပါ၊ ဤမျှကြမ်းတမ်းသော ကမ္ဗလာကို အဘယ်သို့ ခြုံနိုင်ပါအံ့နည်း''ဟု ပြောဆို၏။ ထိုအခါ ဇောတိကသဌေးက ''သင့်ကို ဝတ်ရုံရန် ထိုကမ္ဗလာကို ပေးသည်မဟုတ်၊ သင်၏အိပ်ရာခြေရင်း၌ ထား၍ အိပ်သောအခါဝယ် နံ့သာရည်တို့ဖြင့် ဆေးပြီးသော သင်၏ ခြေကို သုတ်စေရန် ပေးပို့စေသည်၊ ဤကမ္ဗလာကို ခြေသုတ်ခြင်းမျှ မပြုနိုင်ပြီလော''ဟု မေး၏။

ထိုအခါ ကျွန်မက-

''ခြေသုတ်ခြင်း လောက်တော့ ပြုနိုင်ပါ၏''ဟု ယူငင်၍ ပြန်သွား၏။

ထိုယောကျ်ားတို့သည် ပြန် သွား ကြ ၍ ဇဋိလသဌေးအား အရှင်၏ စည်းစိမ်ချမ်းသာသည် မပြောပလောက်ပါ ရာဇဂြိုဟ်ပြည်မှ ဇောတိကသဌေး၏စည်းစိမ်ချမ်းသာသည် ဤမျှသဘော ရှိ၏''ဟု တွေ့ကြုံကြားသိရသမျှ ပြောပြလေလျှင် ဝမ်းမြောက်လှစွာဖြင့် ယခုအခါ၌ ရဟန်း ပြုသင့်ပေပြီဟု ပြည့်ရှင်မင်းထံ

ရဟန်းပြုခွင့် တောင်း၏။ ပြည့်ရှင်မင်းကလည်း ခွင့်ပေးတော်မူ၏။

## သားသုံးယောက်တို့ ကံတရား

ဇင္ဒိလသဌေးသည် သားတို့ကို ခေါ်ပြီး ရွှေအရိုး တပ်သည့် ဝဇီရစိန်အသွားရှိသော ပေါက်တူးကို ယူစေပြီး အိမ်အနောက်ဖက် ရွှေတောင်ကို ပေါက်ခဲ့စေ၏၊ ကျောက်ဖျာကို ပေါက်ရသကဲ့သို့ ရွှေတောင်မှ တစွန်းတစပဲ ရှထွက်မလာ သားအလတ်ကို တဖန် ပေါက်စေပြန်၏။ ထိုနည်းအတူပင် ကျောက်တောင် ကျောက်ဖျာကို ပေါက်ရသကဲ့သို့ ပဲ့မထွက်။ အငယ်ဆုံး သားကို ပေါက်စေသည့်အခါ လောလောဆယ် ပုံထားသည့် မြေစိုင်ကို တူးဆွသောသဘောဖြင့် ရွှေတောင်မှရွှေတို့သည် အလွယ်ပါ၍ လာ၏။

ဇင္ဒိလသဌေးကြီးက သားအကြီး နှစ်ယောက်အား "ဤရွှေတောင်သည် အသင်တို့အတွက် ဖြစ်ပေါ်လာသည်မဟုတ်၊ငါနှင့် သင့်ညီငယ်တို့ အတွက်သာ ဖြစ်ပေါ်လာ၏။ ညီငယ်နှင့်အတူ ပူးပေါင်း၍ သုံးဆောင်ကြကုန်လော့"ဟု မှာထားပြောဆို၏။

## ဇင္ဒိလရေချခံရခြင်းအတိတ်ကံနှင့် ရွှေတောင်သည် ဇင္ဒိလနှင့် သားငယ်အတွက် ပေါ်ရသည့်အတိတ်ဇာတ်လမ်း

ကဿပဘုရား ရွှေစေတီကို ပြုလုပ်စဉ် ရဟန္တာတပါးက ရွှေစေတီ၏ မြောက်မျက်နှာမုခ်၌ ရွှေအုတ်များ မစီရသေးသည်ကို မေးမြန်းရာ ရွှေစင်များမလောက်၍ဟု လျှောက်ထား၏၊ ပန်းရံတို့အား ခေတ္တစောင့်စေပြီး မြို့သို့ကြွ၍ တာဝန်ယူထားကြသော တကာတကာမတို့အား အကြောင်းကြား၏။ ထိုနောက် ရွှေပန်းတိမ်သည်၏အိမ်သို့ ကြွသွား၏။

ထိုစဉ်က ရွှေပန်းတိမ်သည် လင်မယားတို့ ရန်ဖြစ်ပြီးစအချိန် ဖြစ်၏။ ရဟန္တာမထေရ်မြတ်က ရွှေပန်းတိမ်သည်အား ''အသင်တို့ တာဝန်ယူသောဘက်၌ ရွှေမလုံလောက်ဖြစ်နေသည်''ဟု မိန့်ဆို တော်မူ၏။ ရွှေပန်းတိမ်သည်မှာမယားအပေါ်ဒေါသမပြေသော အချိန်ဖြစ်၍-

''အရှင်မြတ်တို့ဘုရားကို ရေထဲသာ မျှောလိုက်ပါတော့''ဟု ပြောဆို၏။ ထိုအခါ မယားက အသင့်သည် မပြစ်မှားကောင်း သောအရာ၌ ပြစ်မှား၏၊ ငါ့အပေါ်ဒေါသဖြစ်လျှင် ငါ့ကိုရိုက် ပါ၊အဘယ်ကြောင့် ဘုရားရှင်တို့အပေါ်အမျက်ထွက်၍ ရန်ပြုရ သနည်း''ဟု ပြောဆို၏။

ရွှေပန်းတိမ်သည်သည် ချက်ချင်းပင် ထိတ်လန့်၍ ရဟန္တာ အရှင်မြတ်ခြေတော်၌ ဝပ်၍ ''တပည့်တော်အားသည်းခံတော် မူပါ''ဟု လျှောက်ကြား၏။ရဟန္တာအရှင်မြတ်က အသင်သည် ငါ့အား တစုံတရာပြောဆိုသည် မဟုတ်၊ မြတ်စွာဘုရားကိုသာ ကန်တော့ဝန်ချသည်းခံစေဘိလော့''ဟုမိန့်တော်မူ၏။''အဘယ် သို့ ကန်တော့ဝန်ချ ရပါမည်နည်း''ဟု မေး၏။ ''ရွှေပန်းအိုး သုံးလုံးကို ပြုလုပ်၍ ရွှေစေတီအတွင်း ဘုရားရှင်၏ ဓာတ်တော် များ ဌာပနာရာတိုက်ခန်း၌ ထည့်သွင်းပြီး စိုစွတ်သောအဝတ်၊ စိုစွတ်သော ဆံပင်နှင့် ကန်တော့ ဝန်ချတောင်းပန်လော့''ဟု မိန့်ဆိုတော်မူ၏။

## သားသုံးယောက်၏ အတိတ်ကံ

ရွှေပန်းတိမ်သည်သည် သားကြီးအား ရွှေပန်းအိုးတို့ အမြန် ပြီးစေရန် ငါနှင့်အတူ ရွှေပန်းအိုးပြုလုပ်ပါဟု ပြော၏။ သား ကြီးက ကျွန်ုပ်သည် မြတ်စွာဘုရားကို ပြစ်မှားသည် မဟုတ်၍

ကန်တော့ရန် အကြောင်းမရှိ၊ ဖခင်သာပြစ်မှားမိ၍ ကိုယ်တိုင် လုပ်ပါဟု ပြော၏။ သားလတ်ကို တဖန်အကူအညီ တောင်းပြန်၏။ သားလတ်ကလည်း ထိုနည်းတူ ဆိုပြန်၏။

သားငယ်ကိုခေါ်၍ ပြောပြန်သော် “အဖေ့ တာဝန်သည် သား၏တာဝန်သာ ဖြစ်ပေသည်”ဟု ဖခင်နှင့်အတူ ရွှေပန်းအိုး သုံးလုံးပြီး၍ ခတ်တော်ရှိရာ ဌာပနာရာ တိုက်ခန်းတွင်းသို့ ဝင်ပြီး၊ စိုစွတ်သောအဝတ်၊ စိုစွတ်သော ဆံပင်တို့ဖြင့် မြတ်စွာဘုရားအား ကန်တော့ဝန်ချ သည်းခံစေ၏။

ဝစီဘေဒကံ

ဇင်္ဂလသဋ္ဌေးသည် ဤသို့နှုတ်မှပြောဆိုသောကံကြောင့် ခုနစ်ဘဝတိုင်တိုင် မွေးစ၌ ရေသို့ မျှောချခြင်းခံခဲ့ရ၏။

ဤဘဝကား နောက်ဆုံးဘဝပေတည်း။

ရွှေပန်းအိုး ပြုလုပ်ရာ သားကြီးနှစ်ယောက်တို့သည် ကုသိုလ်ရကြောင်း အပေါင်းအဖော်မဖြစ်ခဲ့၊ သားငယ်သည် တပေါင်းတစည်းတည်း ဖခင်နှင့်အတူ ကုသိုလ်ကောင်းမှု ပြုလုပ်သည်၏ အပြစ်ကြောင့် ရွှေတောင်သည် ဇင်္ဂလသဋ္ဌေးနှင့် သားငယ်တို့ အတွက်သာ ပေါ်ပေါက်ခဲ့၏။

ဇင်္ဂလရဟန္တာဖြစ်ခြင်း

ဇင်္ဂလသဋ္ဌေးကြီးသည် သားတို့တို့ ဆုံးမပြီး မြတ်စွာဘုရားထံ၌ ရဟန်းပြု၍ နှစ်ရက်သုံးရက်ဖြင့်ပင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

တချိန်၌ မြတ်စွာဘုရားသည် ရဟန်းငါးရာနှင့် သွမ်းခံကြွ၏။ ဇင်္ဂလသဋ္ဌေးသားတို့သည် ဆယ့်ငါးရက်ပတ်လုံး ဆွမ်းအဟာရကို ပေးလှူကြကုန်၏။

ရဟန်းတော်တို့သည်တရော သဘာင်၌ဇဋိလမထေရ်အား မေး မြန်းကြ၏။

"ငါ့ရှင်ဇဋိလ။ ယနေ့အထိ သင်သည် အတောင်ရှစ်ဆယ် ရှိသော ရွှေတောင်ကိုလည်းကောင်း၊ ရင်သွေးဖြစ်သော သား တို့ကိုလည်းကောင်း၊ သံယောဇဉ်ရှိသေးသလော"ဟု မေးကြ၏။ "ငါ့၌ သံယောဇဉ်သည်လည်းကောင်း၊ ပစ္စည်းမာနသည်လည်း ကောင်း မရှိတော့ပြီ"ဟု ပြန်ကြားပြောဆိုသည်။ ထိုစကားကို မြတ်စွာဘုရားအား လျှောက်ထားကြသော် မြတ်စွာဘုရားသခင် သည် တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်-

(၄၁၆) ယော'ဓ တဏှံ ပဟန္တွာန၊
အနာဂါရော ပရိဗ္ဗဇေ။
တဏှာဘဝ ပရိက္ခီဏံ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

(၄၁၆) ဤလောက၌ အကြင်ပုဂ္ဂိုလ်သည် တဏှာကိုပယ်၍ အိမ် ယာမထောင်ပဲ ရဟန်းပြု၏။ ကုန်ပြီးသော တဏှာ ကုန်ပြီးသော ဘဝ ရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

(ဗြာဟ္မဏဝဂ် သုံးဆယ့်သုံးခုမြောက် ဇဋိလမထေရ်ဝတ္ထုပြီး၏။)

၃ ၀ ၃

## ၂၆။ ဗြာဟ္မဏဝဂ်

# ၃၄။ ဇောတိကမထေရ်ဝတ္ထု

(ယောဓ တဏှံ)အစရှိသောဒေသနာကို ဝေဠုဝန်ကျောင်း၌ ဇောတိကမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ဇောတိကသဌေးကြီးအဖြစ် ရောက်ကြောင်း ဖော်ပြခဲ့ပါပြီ၊ ရဟန်းပြုရသောအကြောင်းသည် အဇာတသတ်နှင့် ပတ်သက်၍ အဇာတသတ်မင်းအကြောင်းကို အကျဉ်းမျှ ဖော်ပြပါအံ့။

အဇာတသတ်မင်းသည် ဇောတိကသဌေး၏စည်းစိမ်ချမ်းသာတို့ကို သိမ်းယူအံ့ဟု စစ်တပ်ကြီးချီ၍ အပြင်းလာ၏။ ဇောတိက၏ ပတ္တမြားဖြင့်ပြီးသော တံတိုင်း၌ မိမိ၏စစ်သည်တို့ အရိပ်ကို မြင်လျှင် တဖက်မှဇောတိကသဌေးကြီး၏ စစ်တပ်ကြီး မျက်နှာခြင်းဆိုင် ချီတက်လာပြီဟု ရှေ့သို့မတိုးဝံ့ပဲ ရပ်တန့်၍ နေ၏။ ထိုအခိုက် ယမကောဠိ အမည်ရှိသော ဘီလူးသည် မိမိအခြံအရံနှင့်တကွ ခြိမ်းခြောက်ဖမ်းယူဟန် လိုက်ကုန်၏။ အဇာတသတ်မင်းနှင့် စစ်တပ်သည် ဖရိုဖရဲ ကြောက်လန့်တကြား ပြေးရတော့၏။

ဇောတိကသဌေးသည် ထိုနေ့တွင် ဥပုသ်စောင့်သည် ဖြစ်၍ နံနက်စောစောကပင် ကျောင်းတော်သို့သွား၍ တရားတော်ကို

နာကြားလျက် ထိုင်နေ၏။ အဇာတသတ်မင်းသည် ပြေးယင်း ဘုရားကျောင်းဆောင်သို့ ရောက်သွား၏။ ဇောတိကသည် အဇာတသတ်ကို မြင်လျှင်-

"အရှင်မင်းမြတ်။ အဘယ်သို့ ဖြစ်လာသနည်း"

"သဌေးကြီး ဘယ်သို့နည်း၊ အသင်သည် မိမိအစေအပါး တို့ကို ငါနှင့်စစ်ထိုးစေရန် စေခိုင်းခဲ့ပြီး တရားနာဟန်ဆောင်၍ ဤမှာ ထိုင်နေသနည်း"

"ဘယ်လိုပါနည်း၊ အကျွန်ုပ်၏အိမ်ကို သိမ်းယူရန် ကြွသွားတော်မူသလော"

"သွားရောက်ခဲ့သည်။ မှန်ပေ၏"

"အရှင်မင်းမြတ် အကျွန်ုပ်မပေးလိုလျှင် အကျွန်ုပ်၏အိမ်ကို တထောင်သောမင်းတို့ပင် သိမ်းယူခြင်းငှာ မစွမ်းနိုင်ပါ"

"မည်သို့နည်း၊ အသင်က မင်းပေလော" ဟု ပြောဆို၍ အမျက်ထွက်တော်မူ၏။ ဇောတိကသဌေးက-

"အကျွန်ုပ်မင်းမဟုတ်ပါ၊ အကျွန်ုပ်မပေးလိုခဲ့လျှင် အကျွန်ုပ်၏ မိစ္ဆာချည်မျှင်မျှကိုလည်း မင်းသည်လည်းကောင်း ၊ခိုးသူတို့သည်လည်းကောင်း မလုယက်မယူငင်နိုင်ပါ"

"အလို၊ သင်ခွင့်ပေးမှ ငါယူရမည်လော"

"အရှင်မင်းမြတ်၊ ဤသို့ဆိုလျှင် ကျွန်ုပ်၏လက်ဆယ်ချောင်း၌ လက်စွပ်နှစ်ဆယ်ရှိပါသည်။ ထိုလက်စွပ်တို့ကို အကျွန်ုပ်မပေးပါ။ အရှင်မင်းမြတ် ယူနိုင်လျှင် ချွတ်၍ယူပါဟု ဆို၏။

အဇာတသတ်မင်းသည် မြေကြီး၌ ဆောင့်ကြောင့် ထိုင်၍ ခုန်လျှင် တဆယ့်ရှစ်တောင် မြင့်၏။ ရပ်၍ ခုန်လျှင် အတောင်ရှစ်ဆယ်အထိ မြင့်တက်အောင် ခုန်နိုင်၏။ ဤမျှခွန်အားရှိသူ

ဖြစ်ပါလျက် ဇောတိကသူဌေးကြီး၏ လက်မှ လက်စွပ်တို့ကို အားသွန်ခွန်စိုက် ဆွဲချွတ်သော်လည်း မရပေ။

ထိုအခါ ဇောတိကသူဌေးကြီးက-

''အရှင်မင်းမြတ် ပုဆိုးကို ဖြန့်တော်မူပါလော့''ဟု လက်ဆယ်ချောင်းတို့ကို လှုပ်၍ ချပေးလျှင် နှစ်ဆယ်မျှသောလက်စွပ်တို့သည် ပုဆိုးထည်းသို့ ကျလာ၏။ ထိုနောက် သူဌေးကြီးက ''အရှင်မင်းမြတ် ဤသို့လျှင် ကျွန်ုပ်၏ဥစ္စာပစ္စည်းများကို ကျွန်ုပ်မပေးလိုလျှင် မယူနိုင်ပါ''ဟု ပြောဆို တင်လျှောက်၏။

ထိုနောက် ဇောတိကသူဌေးသည် အဇာတသတ်၏အပြုအမူတို့၌ ထိတ်လန့်တုန်လှုပ်၍ မင်းကြီးထံ ရဟန်းပြုခွင့် တောင်း၏။ အဇာတသတ်မင်းသည် ဇောတိကသူဌေးကြီး ရဟန်းပြုခဲ့သော် မပင်ပန်းပဲ ပြာသာဒ်နှင့်တကွ ပစ္စည်းဥစ္စာရတနာတို့ကို သိမ်းယူအံ့ဟု ကြံစည်၍ တခွန်းတည်းလျှောက်ထားရုံနှင့် ခွင့်ပြု၏။

ဇောတိကသူဌေးကြီးသည် ရဟန်းပြုပြီးမကြာမီပင် အရဟတ္တဖိုလ်သို့ရောက်၍ ဇောတိကမထေရ် ဖြစ်လေ၏။

ဇောတိကမထေရ် အရဟတ္တဖိုလ်သို့ရောက်သည်နှင့် ပြာသာဒ်နှင့်တကွ အလုံးစုံသောပစ္စည်းဘဏ္ဍာတို့သည် ကွယ်ပျောက်လေ၏။ အတုလကာရီကို နတ်တို့သည် မြောက်ကျွန်းသို့ ပြန်လည်ပို့ဆောင်ကြ၏။ တနေ့သောအခါ ရဟန်းတို့က ဇောတိကမထေရ်ကို ထိုပြာသာဒ်၌ လည်းကောင်း၊ ထိုမိန်းမ၌ လည်းကောင်း တပ်မက်ခြင်းတဏှာ ရှိသေး၏လောဟု မေးကြ၏။

"မရှိတော့ပေပြီ" ဟု ပြောဆိုသော် မြတ်စွာဘုရားအား လျှောက်ကြား၏။ မြတ်စွာဘုရားက-

"ချစ်သားရဟန်းတို့။ ငါဘုရား၏ သားတော် ဖြစ်သော ဇောတိကအား ထိုပြာသာဒ်နှင့် ဇနီး၌ တပ်ငြိသောတဏှာ မရှိတော့သည်သာတည်း" ဟု မိန့်ဆိုတော်မူပြီး-

(၄၁၇) ယော’ဓ တဏှံ ပဟန္တွာန၊
အနာဂါရော ပရိဗ္ဗဇေ။
တဏှာဘဝပရိက္ခီဏံ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

(၄၁၇) ဤလောက၌ အကြင်ပုဂ္ဂိုလ်သည် တဏှာကိုပယ်၍ အိမ်ယာမထောင်ရပဲ ရဟန်းပြု၏။ ကုန်ပြီးသောတဏှာ ကုန်ပြီးသောဘဝ ရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏ဟု ဟောကြားတော်မူ၏။

(ဗြာဟ္မဏဝဂ်သုံးဆယ့်လေးခုမြောက် ဇောတိကသဌေးဝတ္ထုပြီး၏)

## ၃၅။ နာဋပုတ္တကမထေရ်ဝတ္ထု

(ဟိတွာ မာနုသကံ)အစခံသောဒေသနာတော်ကို ဝေဠုဝန်ကျောင်း၌ စံတော်မူစဉ် နဋပုတ္တကမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ကချေသည်၏သားတဦးသည် အထူးထူးလှည့်လည်ကပြခြင်း အလုပ်ကို လုပ်ယင်း မြတ်စွာဘုရားတရားတော်ကို နာကြားရ၍ ရဟန်းပြုရာ အရဟတ္တဖိုလ်သို့ ရောက်၏။

တခါင်တွင် မြတ်စွာဘုရားသည် ရဟန်းတော်တို့နှင့် အတူ ဆွမ်းခံလှည့်လည်ရာ လမ်း၌ ကချေသည်ယောကျ်ားတဦး ကပြနေသည်ကို ကြုံကြိုက်၍ ရဟန်းတို့က ကချေသည်သား မထေရ်အား "ဤသူဤသို့ ကနေသည်ကို မြင်သောအခါ သင်သည် ကချင်စိတ် မပေါ်ပါသလော"ဟု မေး၏။ "ငါ့တွင် နှစ်သက်ခြင်းမရှိတော့ပြီ"ဟု ပြောဆို၏။ ထိုစကားကို မြတ်စွာဘုရားကြား၍ ကျောင်းတော်သို့ ရောက်လျှင် "ချစ်သား ရဟန်းတို့ ငါဘုရား၏သားတော်သည် အလုံးစုံသောယောဂတို့ကို လွန်ပြီ" ဟု မိန့်တော်မူ၍-

(၄၁၇) ဟိတွာ မာနုသကံ ယောဂံ၊
ဒိဗ္ဗံ ယောဂံ ဥပစ္စဂါ။
သဗ္ဗယောဂဝိသံယုတ္တံ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

(၄၁၈) အကြင်ပုဂ္ဂိုလ်သည် လူ့ဌ်ဖြစ်သော အစီးအပွားကို ပယ်စွန့်၍ နတ်ဌ်ဖြစ်သောအစီးအပွားကို လွန်မြောက်၏။ အလုံးစုံအစီးအပွားနှင့်မယှဉ်သော ယိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

(ဗြာဟ္မဏဝဂ် သုံးဆယ့်ငါးခုမြောက် နဋပုတ္တကမထေရ်ဝတ္ထု ပြီး၏)

※ ※ ※

## ၂၆။ ဗြာဟ္မဏဝဂ်

## ၃၆။ နဋပုတ္တကမထေရ်ဝတ္ထု

(ဟိတွာ ရတိံ) စသော ဓမ္မဒေသနာကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ကချေသည်ဖြစ်ခဲ့သောရဟန်းကိုအကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

အထက်ပါ ဝတ္ထုကြောင်း အတိုင်းပင် ကချေသည်သားရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်ပြီးနောက် ဆွမ်းခံကြွစဉ် ကချေသည် တဦးကို ရဟန်းတို့ တွေ့မြင်ကြ၍ မေးမြန်းကြရာ မြတ်စွာဘုရားသည် အောက်ပါ ဂါထာကို ဟောကြားတော်မူ၏။

(၄၁၉) ဟိတွာ ရတိံ စ အရတိံ စ၊
သီတိဘူတံ နိရူပဓိံ။
သဗ္ဗလောကာဘိဘုံ ဝီရံ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

(၄၁၉) ကာမဂုဏ်၌ မွေ့လျော်ခြင်း၊ ဆိတ်ငြိမ်ရာ၌ မမွေ့လျော်ခြင်းကို ပယ်စွန့်၍ ငြိမ်းအေးပြီးသော ဥပဓိမရှိသော အလုံးစုံသော လောကကို လွှမ်းမိုး၍ တည်သော ရဲရင့်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

(ဗြာဟ္မဏဝဂ်သုံးဆယ့်ခြောက်ခုမြောက် နဋပုတ္တကမထေရ်ဝတ္ထုပြီး၏)

၂၆။ ဗြာဟ္မဏဝဂ်

## ၃၇။ ဝင်္ဂီသမထေရ်ဝတ္ထု

(စုတိံ ယော ဝေဒိ) အစရှိသော ဒေသနာကို ဇေတဝန်ကျောင်း၌ ဝင်္ဂီသမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ဝတ္ထုကြောင်းကား ဤသို့တည်း

ရာဇဂြိုဟ်ပြည်၌ ဝင်္ဂီသအမည်ရှိ ပုဏ္ဏားတယောက်သည် (သေသူတို့၏ ဦးခေါင်းခွံကို ခေါက်၍ လားရာဂတိကို ပြောနိုင်၏)ဟု အရပ်တကာလှည့်၍ အဖွဲ့နှင့်ဟောပြ၏။ သေသူတို့၏ ဆွေမျိုးတို့က တဆယ်နှစ်ဆယ် တရာ စသည့် အသပြာပေး၍ မေးကြ၏။ ငရဲ၌ဖြစ်သည် တိရစ္ဆာန်ဖြစ်သည် နတ်ပြည်၌ဖြစ်သည် စသည်ဖြင့် ဟောပြော၏။

ဝင်္ဂီသနှင့် ပုဏ္ဏားအဖွဲ့သည် အစဉ်အတိုင်း လှည့်လည်လာယင်း သာဝတ္ထိပြည်သို့ရောက်၍ ဇေတဝန်ကျောင်းတော်၏ မနီး

မဝေးအရပ်၌ ဇရပ်တခုတွင် နားပြီး နံနက်စာထမင်းစားကြ၏၊ ထိုအချိန်တွင် လူအပေါင်းတို့သည် ကျောင်းတော်သို့နံ့သာပန်း စသည်ကိုင်၍ တရားနာသွားကြသည်ကို မြင်လျှင် ပုဏ္ဏားတို့က မေးမြန်းကြ၏။

ပုဏ္ဏားတို့က ထိုအရပ်သို့ သွားမနေပါနှင့် ဝင်္ဂီသပုဏ္ဏား သည် လူတို့၏ လားရာဂတိကို ဟောပြောနိုင်သည်၊ အတုမရှိ လာ၍မေးကြဟု တိုက်တွန်း၏။ လူတို့က "ငါတို့ မြတ်စွာဘုရား သည် သိတော်မူ၊ မြင်တော်မူသောအရာမှာ အတုမရှိ"ဟု ပြန် ပြောကြ၏။ ဝင်္ဂီသပုဏ္ဏားနှင့် အဖော်တို့သည် မခံရပ်နိုင်၍ ကျောင်းသို့လိုက်သွားကြ၏။

မြတ်စွာဘုရားသည် ပုဏ္ဏားတို့ လာမည်ကို ကြိုတင်သိမြင်၍ ငရဲ၌ ဖြစ်သောသူ၊ တိရစ္ဆာန်၌ ဖြစ်သောသူ၊ နတ်ပြည်၌ ဖြစ် သောသူ၊ လူ့ပြည်၌ဖြစ်သောသူတို့၏ ဦးခေါင်းခွံ လေးလုံးနှင့် နိဗ္ဗာန်ဝင်ပြီးသော ရဟန္တာအရှင်၏ ဦးခေါင်းခွံတလုံး၊ ပေါင်း ၅ လုံးကို စီစဉ်ထား၏။ ဝင်္ဂီသပုဏ္ဏားတို့ ရောက်လာလျှင် ဦးခေါင်းခွံ ၅ လုံးတို့ကို ဟောကြားစေ၏။ ပထမလေးလုံး တို့၏လားရာဂတိကို ဟောနိုင်သော်လည်း ရဟန္တာဦးခေါင်းခွံ၏ လားရာဂတိကို မဟောနိုင်ပဲရှိ၏။

မြတ်စွာဘုရားက ဝင်္ဂီသကို "မသိနိုင်တော့ပြီလော" ဟု မေးမြန်းတော်မူ၏။ ဝင်္ဂီသပုဏ္ဏားက "မသိနိုင်ကြောင်း" ဝန်ခံ လျှောက်ထား၏။ "ငါဘုရားသိ၏"ဟူ၍ မိန့်တော်မူ၏။ ထိုအခါ ဝင်္ဂီသသည် "ဤမန္တန်ကို သင်ကြား ပေးတော်မူပါ" ဟု လျှောက်၏။ "ရဟန်းမဟုတ်သူအား မပေးနိုင်"ဟု မိန့်တော် မူသော် ဝင်္ဂီသပုဏ္ဏားသည် ဤမန္တန်ကို ရလျှင် ဇမ္ဗူဒီပါ

ကျွန်းလုံး၌ ငါသည် အကြီးမြတ်ဆုံး ဖြစ်ပေလိမ့်မည်ဟု ကြံစည်ပြီး အဖော်ပုဏ္ဏားတို့ကို ဇေတဝန်ကျောင်းတော် အနီးအပါး၌ တည်းခိုရှိနေကြလော့၊ ငါသည်ရဟန်းပြု၍ မန္တန်ကို သင်အံ့ဟု ရဟန်းပြုရန် ခွင့်တောင်းလျက် ပဉ္စင်းအဖြစ်ကိုရပြီး ဒွတ္တိံသကမ္မဋ္ဌာန်းကို ပေး၍ "မန္တန်၏ ပရိကံအဖြစ် လေ့ကျင့်လော့"ဟု ပေး၏။

ထိုအကြားအကြား၌ အဖော်ပုဏ္ဏားတို့ လာမေးသော် ရလုပါပြီ၊ နှစ်ရက် သုံးရက် စောင့်ပါဟု ပြောကြား၏။ ဝင်္ဂီသမထေရ်သည် အရဟတ္တဖိုလ်သို့ရောက်၍ ရဟန္တာဖြစ်၏။ အဖော်ပုဏ္ဏားတို့ လာရောက်မေးသည့်အခါ "ငါသည် ရဟန်းဘောင်မှ ထွက်သွားခြင်းငှာ မထိုက်တော့"ဟု ဆို၏။

ရဟန်းတို့က ထိုစကားကို ကြား၍ မြတ်စွာဘုရားအား "ဝင်္ဂီသမထေရ်သည် အရဟတ္တဖိုလ်ကို ပြောကြားပါသည်"ဟု လျှောက်ကြား၏။ မြတ်စွာဘုရားက "ချစ်သားတို့ ငါ၏သားတော်သည် စုတေ၌လည်းကောင်း၊ ပဋိသန္ဓေ၌ လည်းကောင်း လိမ္မာလေပြီ"ဟု ဤဂါထာတို့ကို ဟောတော်မူ၏။

(၄၂၀) စုတိံ ယော ဝေဒိ သတ္တာနံ၊
ဥပပတ္တိဉ္စ သဗ္ဗသော။
အသတ္တံ သုဂတံ ဗုဒ္ဓံ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

(၄၂၁) ယဿ ဂတိံ န ဇာနန္တိ၊
ဒေဝါ ဂန္ဓဗ္ဗမာနုသာ။
ခီဏာသဝံ အရဟန္တံ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

(၄၂၀) အကြင် ပုဂ္ဂိုလ်သည် သတ္တဝါတို့၏ သေခြင်းကိုလည်း ကောင်း၊ ပဋိသန္ဓေ နေခြင်းကိုလည်းကောင်း အလုံးစုံအားဖြင့် သိ၏။ ကပ်ငြိတွယ်တာခြင်း မရှိသော သူတော်ကောင်းအကျင့်ကို ကောင်းစွာ ကျင့်၍ သစ္စာလေးပါးကို သိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရား ဟော၏။

(၄၂၁) အကြင်ပုဂ္ဂိုလ်၏ လားရာဂတိကို နတ်၊ ဂန္ဓဗ္ဗနတ်၊ လူတို့သည် မသိကုန်၊ အာသဝေါကုန်ခမ်း၍ ရဟန္တာဖြစ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

(ဗြာဟ္မဏဝဂ် သုံးဆယ့်ခုနစ်ခုမြောက် ဝဂ်ိသမထေရ်ဝတ္ထုပြီး၏)

၂၆။ ဗြာဟ္မဏဝဂ်

## ၃၈။ ဓမ္မဒိန္နာမထေရီမဝတ္ထု

(ယဿ ပုရေ စ ပစ္ဆာစ)အစရှိသောဒေသနာတော်ကိုဝေဠုဝန်ကျောင်း၌ ဓမ္မဒိန္နာမထေရီမတပါးကိုအကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

တနေ့သ၌ ဝိသာခါ အမည်ရှိသော ယောကျ်ား တယောက်သည် မြတ်စွာဘုရားအထံတော်၌ တရားနာ၍ အနာဂါမိဖိုလ်သို့ ရောက်၏။ ပစ္စည်းဥစ္စာအားလုံးကို ဇနီးဖြစ်သူ ဓမ္မဒိန္နာကိုပေး၍ ရဟန်းပြုတော့မည်ဟု စိတ်အကြံဖြစ်၍ ကျောင်းတော်မှ ပြန်လာခဲ့၏။ ဇနီးဓမ္မဒိန္နာသည် လင်ဝိသာခါကို အပြင်သွားလျှင်

ပြူတင်းပေါက်မှ မျှော်လေ့ရှိ၏။ တယောက်ကို တယောက် မြင်သောလျှင် ပြုံးတူ ပြုံးကြ၏။ ယနေ့ ကျောင်းမှအပြန် ထို ယောက်ျားသည် ဇနီးကို မကြည့်ပဲ လာ၏။ မြင်သော်လည်း မပြုံးပဲနေ၏။

ဓမ္မဒိန္နာက ဘယ်လိုလဲဟု စဉ်းစား၏။

ထမင်း ခူးခပ်ကျွေးသောအခါ စကားမပြောပဲ စား၏။ အနားသို့ ကပ်လာသောဇနီးကိုပင် နှုတ်မဆက်။ အခါတိုင်းဆို လျှင် လာပါ အတူတူစားပါဟု အတင်းခေါ်လေ့ရှိ၏။ ယနေ့မှ တမူထူးခြား၏၊ ငါ့ကိုစိတ်ဆိုးနေသည်ဟု ထင်၏။

အတန်ကြာလျှင် ဓမ္မဒိန္နာကိုခေါ်၍ ဤအိမ်၌ ရှိသမျှ စည်း စိမ်ချမ်းသာ အားလုံးကို ယူပေတော့ဟု ပြော၏။ ဓမ္မဒိန္နာက စိတ်ဆိုးလျှင်လည်း ဤပစ္စည်းတွေကို မပေးတန်ရာ၊ ဘယ်လိုပါ လိမ့်ဟု စဉ်းစားပြီး–

"အရှင့်သားက ဘယ်ကိုသွားမှာနည်း"

"ငါသည်ယနေ့မှစ၍ လူမှုကိစ္စကိုတစုံတခုမျှမပြုလုပ်တော့"

"အရှင်ထွေးခဲ့သော တံတွေးပေါက်ကို ကျွန်မ မမြိုလိုပါ၊ ကျွန်မအားလည်း ရဟန်းပြုခွင့်ပေးပါ"ဟု ပြန်ပြော၏။

"ကောင်းလှပေပြီ"

ဟုပြောဆိုကြ၍ ပူဇော်ဘွယ်တို့ဖြင့် ရဟန်းမိန်းမတို့၏ ကျောင်း တွင် ရဟန်းပြုစေ၏။ ဓမ္မဒိန္နာထေရီမအဖြစ် ထင်ရှား၏၊ ဓမ္မဒိန္နာ ထေရီမသည် ဆိတ်ငြိမ်ရာကျောင်း၌ နေလိုသဖြင့် ရဟန်းမိန်းမ တို့နှင့်အတူ ရွာတရွာသို့သွား၍နေ၏၊မကြာမြင့်မီပင် ပဋိသမ္ဘိဒါ တို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၏။ "ငါ့ကိုအမှီပြုပြီး ဆွေ

မျိုးတို့သည် ကောင်းမှုကို ပြုကြရတော့မည်''ဟု ရာဇဂြိုဟ်သို့ ပြန်လာခဲ့၏။

လင်ဖြစ်သောဝိသာခါ ဒါယကာသည် ဓမ္မဒိန္နာ ဆောက်လာကြောင်းကြား၍ ဘာကြောင့်ပြန်လာသနည်းဟု ရဟန်းမိန်းမတို့ကျောင်းသို့သွား၍ ဓမ္မဒိန္နာကို ရှိခိုး၍ သင့်တင့်သော အရပ်၌နေပြီး (လူထွက်လို၍ ပြန်လာသလားဟု မေးခြင်းငှာ မသင့်၊ အမေးပုစ္ဆာကိုသာမေးအံ့)ဟု ကြံပြီး သောတာပတ္တိမဂ်၌အမေးပုစ္ဆာကိုမေး၏၊ဓမ္မဒိန္နာမထေရ်မသည် ထက်လှစွာသော သံလျက်ဖြင့် ကြာရိုးကို ဖြတ်ဘိသကဲ့သို့ ထိုအမေးပုစ္ဆာကို ဖြေဆို၏။

ဝိသာခါဥပါသကာသည် ကြွင်းသောမဂ်တို့၌ မေးလျှောက်၏၊ မထေရ်မသည် ဖြေ၏။

ဝိသာခါဥပါသကာသည် မိမိရောက်သော အနာဂါမိမဂ်မှ လွန်၍ အရဟတ္တမဂ်၏ အမေးပုစ္ဆာကို မေးမြန်းသောအခါ ဓမ္မဒိန္နာထေရီက-

''ဒါယကာဝိသာခါ အသင့်အရာကို ကျော်လွန်၍ သွားပြီ သိလိုသော် မြတ်စွာဘုရားကို မေးလျှောက်လော့''ဟု ဆို၏။

ဝိသာခါဥပါသကာသည် ထေရီကို ရှိခိုး၍ မြတ်စွာဘုရားထံ သွားရောက်ပြီး ဓမ္မဒိန္နာမထေရ်မနှင့် အမေးပုစ္ဆာ မေးသည့်အကြောင်းကို လျှောက်၏။မြတ်စွာဘုရားသခင်က-

''ငါ၏သမီးတော်ဖြစ်သော ဓမ္မဒိန္နာသည်ကောင်းစွာဖြေဆိုအပ်၏၊ ငါဘုရားဖြေဆိုရသော် သမီးတော်ဓမ္မဒိန္နာ ဖြေဆိုသကဲ့သို့ပင် ဖြေဆိုရာ၏''ဟု မိန့်တော်မူ၍-

(၄၂၂) ယဿ ပုရေ စ ပစ္ဆာ စ၊
မဇ္ဈေ စ နတ္ထိ ကိဉ္စနံ။
အကိဉ္စနံ အနာဒါနံ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

(၄၂၂) အကြင်ပုဂ္ဂိုလ်အား အတိတ်ခန္ဓာ၌လည်းကောင်း၊ အနာဂတ်ခန္ဓာ၌ လည်းကောင်း၊ ပစ္စုပ္ပန်ခန္ဓာ၌ လည်းကောင်း ကြောင့်ကြမှု မရှိ၊ ကြောင့်ကြမှုမရှိသော စွဲလမ်းမှုကင်းသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏ ဟုဟောကြားတော်မူ၏။

## ဇာတက်ရဓမ္မဒိန္နာ

နှောင်အခါ ဝယ်မြတ်စွာဘုရားသခင်သည်ဇေတဝန်ကျောင်းတော်၌ အစဉ်အတိုင်းအားဖြင့် ရဟန်းမိန်းမတို့ကို ဇာတက်ရာထူး ချီးကျူးမြှောက်စားရာတွင် ဝိသာခါ ဥပါသကာ မေးလျှောက်၍ ဓမ္မဒိန္နာ ဖြေကြားသော စူဠဝေဒလ္လသုတ်ကိုပင် အကြောင်းပြု၍ ဓမ္မဒိန္နာမထေရီမကို တရားဟောပြဓမ္မကထိကရဟန်းမိန်းမတို့တွင် အထွဋ်အမြတ် ဇာတက်ရာထူး ချီးကျူးမြှောက်စားတော်မူ၏။

## ဓမ္မဒိန္နာမထေရီမ၏အတိတ်ဇာတ်

ဓမ္မဒိန္နာ မထေရီမသည် ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက် ဟံသာဝတီပြည်၌အစေအပါးအမျိုးတွင်ဖြစ်၍ ပဒုမုတ္တရမြတ်စွာဘုရား၏ အဂ္ဂသာဝက သုဇာတမထေရ်ကို ကတွတ်မုန့်သုံးခုပေးလှူပြီး ထိုနေ့၌ပင် မိမိဆံပင်ကို ဖြတ်၍ ရောင်းချ မထေရ်ကို ပေးလှူပြီးသော်-

"ပွင့်တော်မူလတံ့သော ဘုရားတို့လက်ထက် ဧတဒဂ်ရာထူး ချီးကျူးမြှောက်စားခံရပါလို၏" ဟု ဆုတောင်းခဲ့၏၊ ထိုဘဝမှ စုတေ၍လူ့ပြည်၊နတ်ပြည် ကျင်လည်ခဲ့၏။

ဤကမ္ဘာမှအထက် ကိုးဆယ့်နှစ်ကမ္ဘာထက် ဖုဿမြတ်စွာ ဘုရားလက်ထက်တွင် ဘုရားရှင်နှင့်အဖေတူ အမေကွဲ ဖြစ်သော ဂေါတမဘုရားရှင်လက်ထက် ဥရုဝေလမထေရ်လောင်း မင်းညီ နောင်သုံးပါးတို့ ဖုဿဘုရားအား အလှူကြီးပေးလှူရာ ဓမ္မ ဒိန္နာအလောင်းသည် သူကြွယ်၏ဇနီးဖြစ်၍ ယောကျ်ားက တခု လှူခိုင်းလျှင် နှစ်ခုလှူ၏။ဤသို့ ပိုမိုလှူပြီး နတ်ပြည်၊လူ့ပြည် ကျင်လည်ကာ ထိုဆယ့်နှစ်ကမ္ဘာကို လွန်မြောက်၍ ဤဘဒ္ဒ ကမ္ဘာတွင် သုံးဆူမြောက် ကဿပမြတ်စွာဘုရား လက်ထက်၌ ကိကီမင်းကြီး၏ သမီးတော် ခုနစ်ပါးတွင် ငါးပါးမြောက် ဓမ္မာ မည်သောသမီးတော်ဖြစ်ခဲ့၏၊ ကိကီမင်းကြီး၏ သမီးတော်ခုနစ် ယောက်ကား ဂေါတမဘုရားရှင်လက်ထက်တွင်-

(၁) ခေမာထေရီအလောင်းသမနီမင်းသမီး၊
(၂) ဥပ္ပလဝဏ်ထေရီအလောင်း သမဏဂုတ္တာမင်းသမီး၊
(၃) ပဋာစာရီထေရီအလောင်း ဘိက္ခုနီမင်းသမီး၊
(၄) ဂေါတမီထေရီလောင်း ဘိက္ခုဒါယိကာမင်းသမီး၊
(၅) ဓမ္မဒိန္နာထေရီလောင်း ဓမ္မာမင်းသမီး၊
(၆) မဟာမာယာမိဖုရားအလောင်း သုဓမ္မာမင်းသမီး၊
(၇) ဝိသာခါဒါယိကာမအလောင်းသံဃဒါယီမင်းသမီး၊

တို့ ဖြစ်ကြ၏။ထိုဓမ္မာမင်းသမီးသည် အနှစ် နှစ်သောင်းတို့ ကာ လပတ်လုံး အိမ်ယာနှောင်ဖွဲ့ခြင်း မပြုပဲ ရဟန်းတော်တို့အား ကျောင်းပရိဝုဏ် ဆောက်လုပ်လှူဒါန်းလျက် အထပ်ထပ်သော

ကုသိုလ်ကောင်းမှုကို ပြုလုပ်ခဲ့၍ ထိုဘဝမှတဆူသော ဘုရားရှင်အကြား လူ့ပြည်၊နတ်ပြည်တို့၌ ကျင်လည်ခဲ့၏။

### ဝိသာခါသဌေး

ဂေါတမ ဘုရားရှင် လက်ထက်တွင် သဌေးသမီးဖြစ်၍ ဗိမ္ဗိသာရမင်းကြီး၏ ငယ်ကျွမ်းဆွေဖြစ်သော ဝိသာခါသဌေး၏ဇနီးဖြစ်လာ၏၊ ရာဇဂြိုဟ်ပြည်သို့ မြတ်စွာဘုရား ပထမဆုံး ကြွလာတော်မူစဉ်ပင် ဝိသာခါသဌေးသည် ဗိမ္ဗိသာရမင်းကြီးနှင့်အတူ တရားတော်ကို နာကြားရ၍ သောတာပတ္တိဖိုလ်၌ တည်သော သော်တာပန်ဖြစ်၏။ နောင်အခါဝယ် အနာဂါမိဖိုလ်သို့ရောက်၏။

(ဗြာဟ္မဏဝဂ် သုံးဆယ့်ရှစ်ခုမြောက် ဓမ္မဒိန္နာထေရီဝတ္ထုပြီး၏။)

✿ ✿ ✿

## ၂၆။ ဗြာဟ္မဏဝဂ်

## ၃၉။ အင်္ဂုလိမာလမထေရ်ဝတ္ထု

(ဥသဘံ ပဝရံ ဝီရံ) အစခံသော သုတ္တန်တော်ကို ဇေတဝန်ကျောင်းတော်၌ အင်္ဂုလိမာလမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

အင်္ဂုလိမာလမထေရ်၏အကြောင်းကို လောကဝဂ် ခြောက်ခုမြောက်၌လည်းကောင်း၊ ဆယ်ခုမြောက် အဿဒိသဒါနဝတ္ထု၌လည်းကောင်း ဖော်ပြခဲ့ပါပြီ။

ထိုပသေနဒီ ကောသလမင်းကြီး၏ အဿဒိသ အလှူကြီး၌ ရဟန်းငါးရာအထက်တွင် ထီးဖြူတော်ငါးရာကို ဆင်ငါးရာဖြင့် ဆောင်းမိုးစေကုန်၏။ ထိုဆင်ငါးရာတွင် ကြမ်းတမ်းသော ဆင်ပေါက်တစီး ပါလာ၍အင်္ဂုလိမာလမထေရ်ကို ထီးတော်ဆောင်းပေး၏။

အလှူကြီးပြီး၍ကျောင်းတော်သို့ပြန်ရောက်လျှင် ရဟန်းတော်တို့က အင်္ဂုလိမာလမထေရ်အား "ဤဆင်ကြမ်းကို မကြောက်လော"ဟု မေး၏။ "ငါသည်မကြောက်ရှိပေ"ဟု ဖြေကြား၏။ ထို့ကြောင့် မြတ်စွာဘုရားသခင်က–

"ချစ်သားတို့ ငါ့သားတော် ဖြစ်သော အင်္ဂုလိမာလသည် မကြောက်ရှိ့ပေ၊ ထိုစကား မှန်၏။ အာသဝေါ ကုန်ပြီးသော ရဟန္တာဥဿဘတို့၏အတွင်း၌ အကြီးအမြတ်ဖြစ်သော ငါဘုရား၏သားတော် အင်္ဂုလိမာလနှင့် တူကုန် သော ရဟန်းတို့သည် မကြောက်ကုန်"ဟု မိန့်ဆိုတော်မူပြီး-

(၄၂၃) ဥသဘံ ပဝရံ ဝီရံ၊
မဟေသိံ ဝိဇိတာဝိနံ။
အနေဇံ နှာတကံ ဗုဒ္ဓံ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

(၄၂၃) ရှေ့ဆောင် နွားလားဥဿဘနှင့်တူသော မြတ်၍လုံ့လရှိသော သီလက္ခန္ဓစသည်ကို ရှာမှီးလေ့ရှိသော မာရ်သုံးပါးကို အောင်သော တဏှာကင်းသော ကိလေသာအညစ်အကြေးကို ဆေးလျှော်ပြီးသော သစ္စာလေးပါးကို သိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

(ဗြာဟ္မဏဝဂ်သုံးဆယ့်ကိုးခုမြောက် အင်္ဂုလိမာလမထေရ်ဝတ္ထုပြီး၏။)

## ၂၆။ ဗြာဟ္မဏဝဂ်

## ၄၀။ ဒေဝဟိတပုဏ္ဏားဝတ္ထု

(ပုဗ္ဗေ နိဝါသံ) အစခံသော ဒေသနာတော်ကို ဇေတဝန်ကျောင်း၌ ဒေဝဟိတပုဏ္ဏားကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ဒေဝဟိတ ပုဏ္ဏားသည် မီးဖိုကြီးများဖြင့် အိုးစရည်းကြီးများဖြင့် ရေပူရေနွေးရောင်း၏၊ သာဝတ္ထိပြည်၌နေသူတို့ ရေနွေးဖြင့် ရေချိုးလိုလျှင် ထိုနေရာ၌ ရေချိုးပြီး ပန်းနံ့သာလိမ်းကျံ ပန်ဆင်သွားကြ၏၊ အခကြေးငွေ ပေးကြရ၏။

မြတ်စွာဘုရားသခင်သည်လေနာနှိပ်စက်၍ဥပဝါဏမထေရ်ကို ရေနွေးဆောင်ယူစေရန် ဒေဝဟိတပုဏ္ဏားထံ စေလွှတ်၏။ ပုဏ္ဏားလည်း အားရဝမ်းသာဖြင့် ငါ့ထံဘုရားကိုယ်တိုင် သုံးဆောင်ရန် ရေနွေးယူဖို့ စေလွှတ်ပေ၏ဟု ရေနွေးတထမ်းကို ယောကျ်ားတယောက်ကို ထမ်းစေ၍ လေနာ ပျောက်စေသော တင်လဲတထုပ်ကို ဥပဝါဏမထေရ်အား လှူလိုက်၏။ မြတ်စွာဘုရားသည် ရေနွေးဖြင့် ရေချိုး၍ တင်လဲကို ရေနွေးဖြင့်ဖျော်၍ ဥပဝါဏမထေရ်က ကပ်လှူ၏၊ လေနာသည် ငြိမ်း၏။

ပုဏ္ဏားသည် စိတ်ကူးမိ၏၊ "အဘယ် ပုဂ္ဂိုလ်အား ပေးလှူသောအလှူသည် အကျိုးကြီးပါသနည်း"ဟု မြတ်စွာဘုရားထံ မေးလျှောက် အံ့ဟု မြတ်စွာဘုရားထံ ချဉ်းကပ်၍ လျှောက်ထား၏။

"အရှင်ဘုရား အဘယ်ပုဂ္ဂိုလ်၌အလှူဝတ္ထုကို ပေးလှူ အပ်သနည်း၊ အဘယ်ပုဂ္ဂိုလ်၌ ပေးလှူသော ကောင်းမှုသည် အကျိုးကြီးသနည်း၊ အဘယ်သို့ လှူရမည်နည်း၊

အဘယ်သို့သော အကြောင်းဖြင့် လှူဒါန်းသော အလှူသည် ပြည့်စုံသနည်း"။

ထိုအခါ မြတ်စွာဘုရားသည် ပုဏ္ဏားအား ဤသို့သဘော ရှိသည်ဖြစ်သော မကောင်းမှုကို အပပြုပြီးသော ဗြာဟ္မဏအား ပေးလှူအပ်သောအလှူသည် အကျိုးကြီးသည် ဖြစ်ပေသည်ဟု မိန့်တော်မူပြီး-

(၄၂၄) ပုဗ္ဗေ နိဝါသံ ယော ဝေဒိ၊
သဂ္ဂါပါယဉ္စ ပဿတိ။
အထော ဇာတိက္ခယံ ပတ္တော၊
အဘိညာ ဝေါသိတော မုနိ။
သဗ္ဗ ဝေါသိတ ဝေါသာနံ၊
တ မဟံ ဗြူမိ ဗြာဟ္မဏံ။

(၄၂၄) အကြင်ပုဂ္ဂိုလ်သည် ရှေး၌ ဖြစ်ဘူးသော ခန္ဓာအစဉ်ကိုသိ၏၊ နတ်ပြည်၊ ငရဲပြည်ကိုလည်း မြင်၏။ ပဋိသန္ဓေကုန်ရာ အရဟတ္တဖိုလ်သို့ ရောက်၏။ ထူးသောဉာဏ်ဖြင့် သိ၍ နိဗ္ဗာန်သို့ ရောက်ပြီးသော ရဟန်းဖြစ်၏။ အလုံးစုံသောကိလေသာတို့၏ ကုန်ကြောင်းအကျင့်ကို ကျင့်သုံး

အပ်ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏ ဟူ၍ ဟောတော်မူ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။ ဒေဝဟိတပုဏ္ဏားသည် ကြည်ညိုလှ၍ သရဏဂုံ၌ တည်၍ ရတနာသုံးပါးကို ဆည်းကပ်တတ်သော ဥပါသကာအဖြစ် ကြားလျှောက်၏။

(ဗြာဟ္မဏဝဂ် လေးဆယ်ခုမြောက် ဒေဝဟိတ ပုဏ္ဏားဝတ္ထု ပြီး၏။)

(နှစ်ဆယ့်ခြောက်ခုမြောက် ဗြာဟ္မဏဝဂ်ပြီး၏)

ပဥ္စမတွဲပြီး၏။

(ဤတွင် ဓမ္မပဒ ဂါထာတော် ၄၂၄ ပုဒ်နှင့် အကျယ်ဝတ္ထု ၃၀၅ ပုဒ် အစ အဆုံးပြီးပါပြီ)

# {၂၁} ပကိဏ္ဏကဝဂ်-အဆက်

အောက်ပါ ကေဝိဟာရိမထေရ်ဝတ္ထုသည် စာမျက်နှာ (၁၂၃)တွင် ကျန်ခဲ့ပါ၍ စာမျက်နှာ (၁၂၃) အဆုံးမှ ဖြည့်စွက်ဖတ်ရှုပါရန်။

## ၉။ တပါးတည်းသာ နေသင့်ရာ

### (ကေဝိဟာရိမထေရ်ဝတ္ထု)

တော၌ ပျော်မွေ့သည်ဖြစ်၍
တယောက်ထီးတည်း နေခြင်း အိပ်ခြင်း
မပျင်းမရိ လုံ့လရှိခြင်းဖြင့်
မိမိကိုယ်ကို ဆုံးမလျက်
မွေ့လျော်သည်သာ ဖြစ်ရာ၏။

(ကောသနံ) အစခံသော ဒေသနာကို ဇေတဝန်ကျောင်းတော်၌ မထေရ်တပါးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ထိုမထေရ်သည် တပါးတည်းသာ အိပ်၏၊ တပါးတည်းသာ ထိုင်၏၊ တပါးတည်းသာ စင်္ကြံသွား၏၊ တပါးတည်းသာ ရပ်၏။ ဤသို့ဖြင့် ထင်ရှား၏။ ရဟန်းတို့က ထိုမထေရ်၏အကြောင်းကို မြတ်စွာဘုရားအား လျှောက်၏။ မြတ်စွာဘုရားသည် သာဓု

ခေါ်၍ ထိုမထေရ်အား ကောင်းချီးပေးတော်မူပြီးသော် ရဟန်းမည်သည် ဆိတ်ငြိမ်သဖြင့် ဖြစ်အပ်၏ဟု အစဉ် ဟောတော်မူပြီး၍-

**(၃၀၅) ဧကာသနံ ဧက သေယျ၊**
**ဧကော စရ မတန္ဒိတော။**
**ဧကော ဒမယမတ္တာနံ၊**
**ဝနန္တေ ရမိတော သိယာ။**

(၃၀၅)၊ တပါးတည်းနေခြင်း၊ တပါးတည်းအိပ်ခြင်းတို့ကို ကျင့်ရာ၏။ လုံ့လရှိသည်ဖြစ်၍ တပါးတည်းသာလျှင်ကျင့်လျက် တပါးတည်းသာလျှင်ဖြစ်၍ မိမိကိုယ်ကို ဆုံးမလျက် တောဌ်သာလျှင် မွေ့လျော်သည် ဖြစ်ရာ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်သို့ ရောက်ကုန်၏။ ထိုအခါမှ စ၍ လူတို့သည် တယောက်ထီးတည်းနေခြင်းသာ တောင့်တကြလေ၏၊

(ဓမ္မပဒ ပကိဏ္ဏကဝဂ် ကိုးခုမြောက် ဧကဝိဟာရိမထေရ်ဝတ္ထုပြီး၏)
ပကိဏ္ဏကဝဂ်ပြီး၏။

# နိဂုံး

ဤသို့ဖြင့် ဝဂ်ပေါင်း နှစ်ဆယ့်ခြောက်ဝဂ်တွင် ဂါထာတော်ပေါင်း ၄၂၄ ဂါထာ၊ ဝတ္ထုတော်ပေါင်း ၃၀၅ ဝတ္ထုတို့ဖြင့် တန်ဆာဆင်အပ်သော ဓမ္မပဒဝတ္ထုတော်ကြီးကို လူတိုင်းဖတ်ရှုနိုင်ရန် ခေတ်မီအဖြစ် ပြုပြင်စီမံ ရေးသားခဲ့ရာ ဤတွင် ပြီးဆုံးအောင်မြင်ခဲ့ပါပြီ။

မိမိသည် ပညာရှိကြီးတယောက် မဟုတ်ပါပဲလျက် မိမိသိသမျှတို့ကို မိမိကဲ့သို့ မသိသေးသော သိလိုသော ရှင်လူရဟန်းတို့ အလွယ်တကူသိရှိ ကြည်ညိုသဒ္ဓါပွားစေလိုသော စေတနာကို အရင်းခံလျက် ဖြည့်ကျင့်ဆည်းပူးကာ ရေးသားပြုစုပြီးစီးသော အချိန်၌ မိမိ၏ဝမ်းမြောက်မှုတို့ကား အတိုင်းမသိပါပေတည်း။

မိမိလူ့ဘဝ တသက်တာတွင် လူဖြစ်ရကျိုးနပ်ပေပြီဟု ယူဆမိပါသည်။ မိမိပြုစုသော ဤခေတ်မီဓမ္မပဒသည် နှောင်းသော ကာလတွင် သားစဉ်မြေးဆက် အဓွန့်ရှည်စွာ ထပ်မံရိုက်နှိပ်၍ လူအပေါင်းတို့အား အကျိုးစီးပွား ပွားများနိုင်ကြပါစေဟုလည်း ဆုတောင်းမိပါသည်။

ဤသို့သာသနာတော်၏ အဓွန့်ရှည်ရာအကြောင်းအထောက်အကူဖြစ်သော ဤကောင်းမှုကြောင့် လျှင်မြန်သော ဉာဏ်အဟုန်ဖြင့် သစ္စာလေးပါးတရားတို့ကို ထိုးဖောက်သိမြင် ကျွတ်ကြံအားထုတ်နိုင်သော ခွန်အားစွမ်းပကားကို ရရှိပြီး ရက်တို့နှင့် နိဗ္ဗာန်မဂ်ဖိုလ် ရလိုပါ၏ဟု ဆုတောင်းပတ္တနာ ပြုအပ်ပါကြောင်း။

၁၃၄၁ ခုနှစ်၊တပေါင်းလဆန်း ၁၃ ရက်။ လှခင် (ဆန်းညွန့်ဦး)
၁၉၈၀ ခု၊ ဖေဖော်ဝါရီလ ၂၇ ရက်။

# ခေတ်မီ 'ဓမ္မပဒ' ဝတ္ထုတော်ကြီး

## တတိယတွဲ

ဘုရားရှင်သည် ၄၅-ဝါတိုင်တိုင် ကျွတ်ထိုက်သူတို့အား ဟောဖော်ညွှန်ပြတော်မူခဲ့သော ဒေသနာ ဂါထာဘော် အစုစုတို့ကို ရွေးချယ် တူညီရာ ပေါင်းစပ်စီကုံးထားခြင်း ဖြစ်သည်။

## တရားအရေ၊ တရားညွှန့်ပေါင်း

ဂါထာတော်ပေါင်း ၄၂၄-ဂါထာ၊ ဝတ္ထုပေါင်း ၃၀၅ ပုဒ် ပါရှိပါသည်၊

## အခြေခံတရား အဆီအနှစ်များ

ဒေသနာပေါင်းချုပ် ဂါထာတော် အပိုဒ်တိုင်းတွင် သိလွယ် မြင်လွယ်သော ဥပမာအသွယ်သွယ်ဖြင့် လောကီ-လောကုတ် အကျိုးစီးပွားများကို ညွှန်ပြထားပြီး။ ဗုဒ္ဓဘာသာ၏အခြေခံတရား အဆီအနှစ်များဖြင့် ပြည့်လျှမ်းနေသဖြင့် ... ဘာသာပေါင်း များစွာ ပြန်ဆိုခဲ့သော ဓမ္မပဒ ဖြစ်ပါသည်

## နိဗ္ဗာန်ပေါက် ကျင့်စဉ်များ

ဓမ္မပဒတွင် နိဗ္ဗာန်ပေါက်ကျင့်စဉ်များကို အလွယ်ဆုံးအရ... ဘုရားရှင်ကိုယ်တိုင် ညွှန်ပြထား၍ အားထုတ်သော ပုဂ္ဂိုလ်သည် "သဒ္ဓါ သီလ ဝီရိယ"တို့ကို အရင်းစိုက်ရုံမျှဖြင့် ရဟန္တာအဖြစ် ဆိုက်ရောက်သွားကြသော ပုဂ္ဂိုလ်ပေါင်းများစွာ တို့၏ အကြောင်းများကို တွေ့မြင်ဖတ်ရှုနိုင်ပေမည်။

## လောကီအကျိုးစီးပွား

ဓမ္မပဒသည် ကိုယ်ကျင့်တရား ကောင်းမွန်စေမှု ထကြွလုံ့လရှိစေမှု။ မိမိကိုယ်ကို အားကိုးစေမှု။ စိတ်ဓာတ်ကြံ့ခိုင်မှု။ အကျင့်စာရိတ္တ ကောင်းမွန်စေမှု အတွေးအခေါ် တိုးတက် ကောင်းမွန်စေမှု သည်းခံနိုင်မှု။ ခွင့်လွှတ်နိုင်မှု တို့ကို ကျင့်သုံး ခြင်းဖြင့် လောကီစီးပွား တိုးတက်ရန် လမ်းညွှန်ချက်များကို ပေးထားသည်။

## သောက ကင်းဝေး နေနိုင်ရေး

စိတ်ဆင်းရဲတိုင်း၊ ဒုက္ခရောက်တိုင်း၊ ဤကျမ်းကို ဖတ်ပါလျှင် ကောန်မုချ စိုးရိမ်ကင်းပျောက် ချမ်းသာ ရောက်စေမည်။

## ခေတ်မီ ဓမ္မပဒ

ဤမျှ အဖိုးထိုက် အဖိုးတန်"ဓမ္မစေတီ"ထိုက်သော ဓမ္မပဒကျမ်းကြီးကို မကျဉ်းလွန်း၊ မကျယ်လွန်း အတိုလည်း မချုံး။အနှစ်ပွါယ်လိုရင်းကို မပျက်ပြယ်စေပဲ လူတိုင်းအိမ်တိုင်းဖတ်ရှုနိုင်ကြစေရန် ခေတ်အရေးအသားအဖိုးနည်း ဝန်ပါစီစဉ်ထားရှိပါသည်။